UN-REDD
PROGRAMME

# မြန်မာနိုင်ငံ REDD+ လမ်းပြမြေပုံ

UN-REDD အစီအစဉ်

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

နော်ဝေနိုင်ငံအစိုးရ၊ DFID နှင့် UN-REDD တို့၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ရေးသားပြုစုသည်။

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AAC | နှစ်စဉ်ခွင့်ပြုတောထွက် |
| AIPP | အာရှဒေသဌာနေလူမျိုးစုများဆိုင်ရာသဘောတူညီချက် |
| BANCA | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်း |
| CBNA | စွမ်းဆောင်ရည်မြှင့်တင်ရန်လိုအပ်ချက်ဆန်းစစ်ခြင်း |
| CCVFV | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ |
| CDM | သန့်စင်သော ဖွံ့ဖြိုးမှုနည်းစနစ်များ |
| CF | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (လုပ်ငန်း) |
| CFI | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များ |
| COP | အဖွဲ့ဝင်နိုင်ငံများ |
| CSO | လူမှုအဖွဲ့အစည်းများ |
| DGTTF | ဒီမိုကရက်တစ် နည်းလမ်းတကျ စီမံအုပ်ချုပ်မှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ |
| DNA | အမျိုးသားအဆင့် CDM ဆိုင်ရာ ကြီးကြပ်သူများအဖွဲ့ |
| DZGD | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ |
| ECD | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| EFDB | ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှု ညွှန်းကိန်း အချက်အလက်ရင်းမြစ် |
| EIA | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း |
| EITI | တွင်းထွက်သယံဇာတတူးဖော်ခြင်းလုပ်ငန်း ပွင့်လင်းမြင်သာမှုအစီအစဉ် |
| ETWG | ပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ |
| FAO | ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ |
| FD | သစ်တောဦးစီးဌာန |
| FDI | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| FLEGT | သစ်တောဥပဒေအကျိုးသက်ရောက်မှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုအဖွဲ့ |
| FPIC | ကောင်းစွာကြိုတင် အသိပေးထားသည့် လွတ်လပ်သော သဘောထားဆန္ဒ |
| FRA | သစ်တောသယံဇာတလေ့လာဆန်းစစ်ခြင်း |
| FREDA | သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုအသင်း |
| FRI | သစ်တောသုတေသနဌာန |
| FSWG | စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ |
| GHG | ဖန်လုံအိမ်ဓါတ်ငွေ့များ |
| GIS | မြေပြင်သတင်းအချက်အလက်စနစ် |

| | |
|---|---|
| ICIMOD | အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန |
| ICS | စွမ်းအားမြှင့်မီးဖိုများ |
| INC | အမျိုးသားအဆင့် ကနဦးဆက်သွယ်ဆောင်ရွက်ခြင်း အစီအစဉ် |
| IPCC | ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရဌာနများ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ |
| ITTO | အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သောအဖွဲ့ |
| JICA | ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| KFS | ကိုရီးယားသစ်တောစီမံအုပ်ချုပ်မှုဌာန |
| KOICA | ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| LULUCF | မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍ |
| MERN | မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည် ထူထောင်ရေး ကွန်ယက် |
| MNPED | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| MoAI | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| MoECAF | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| MoEP | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| MoF | ဘဏ္ဍာရေးဝန်ကြီးဌာန |
| MoFA | နိုင်ငံခြားရေးရာဝန်ကြီးဌာန |
| MoFRL | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| MoHA | ပြည်ထဲရေးဝန်ကြီးဌာန |
| MoI | စက်မှုဝန်ကြီးဌာန |
| MoM | သတ္တုတွင်းဝန်ကြီးဌာန |
| MRV | တိုင်းတာခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် အတည်ပြုခြင်း |
| MTE | မြန်မာ့သစ်လုပ်ငန်း |
| NAPA | အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းစီမံချက် |
| NECC | အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ |
| NFI | နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း |
| NFMP | အမျိုးသားအဆင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပင်မစီမံကိန်း |
| NFMS | နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာရေးစနစ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NORAD | နော်ဝေဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ |
| NSDS | အမျိုးသားအဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ |
| PFE | အမြဲတမ်းသစ်တောနယ်မြေ |

| | |
|---|---|
| PLR | မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ |
| PSD | စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန |
| RECOFTC | အာရှ-ပစိဖိတ်ဒေသအဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း ဆိုင်ရာ လေ့ကျင့်ရေးဗဟိုဌာန |
| REDD+ | သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန် ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်း ကာကွယ် ခြင်း၊ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောကာဗွန် ရင်းမြစ်များ ပိုမိုတိုးမြင့် စေခြင်း လုပ်ငန်းစဉ်များ |
| REL | ကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ |
| RL | ရည်ညွှန်းပမာဏ/အဆင့် |
| RS | အဝေးမှစူးစမ်းလေ့လာခြင်း |
| SD | မြေတိုင်းဦးစီးဌာန |
| SFM | စဉ်ဆက်မပြတ်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု |
| SIS | လုံခြုံမှုဆိုင်ရာ သတင်းအချက်အလက်ဖြန့်ဝေခြင်းစနစ် |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| TF | လုပ်ငန်းအထောက်အကူပြုအဖွဲ့ |
| ToR | တာဝန်နှင့်လုပ်ပိုင်ခွင့်များ |
| TWG | နည်းပညာလုပ်ငန်းအဖွဲ့ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| UNEP | ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် |
| UNFCCC | ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကွန်ဗင်းရှင်း |
| UN-REDD | ကုလသမဂ္ဂ REDD+ ဆိုင်ရာ အစီအစဉ် (UNDP, FAO နှင့် UNEP) |
| WCS | သားငှက်ထိန်းသိမ်းရေးအဖွဲ့ |
| WWF | ကမ္ဘာ့တောရိုင်းတရိစ္ဆာန်များရန်ပုံငွေအဖွဲ့ |

## သမ်းပြမြေပုံအကျဉ်းချုပ်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change – UNFCCC) သို့ ၁၉၉၂ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုး ဝင်ရောက်ခဲ့ပြီး၊ ကွန်ဗင်းရှင်း သဘောတူညီချက်များကို ၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင်လည်းကောင်း၊ ကွန်ဗင်းရှင်းမှ ချမှတ်ခဲ့သည့် ကျိုတိုသဘောတူညီချက် (Kyoto Protocol) ကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း သဘောတူလက်မှတ်ရေးထိုးခဲ့၍ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိကာလတွင် နိုင်ငံတော် အနေဖြင့် စီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မူဝါဒများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း၊ အခြားတစ်ဖက်တွင်မူ ကွန်ဗင်းရှင်း သဘောတူညီချက်များနှင့်အညီ နိုင်ငံ၏ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုပမာဏကို လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊ မြေဆီလွှာ ပြန်လည်တိုးတက်ကောင်းမွန်လာစေခြင်း၊ ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝ အဆင့်မြှင့်တင်ခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေဖြစ်စေခြင်းစသည့် အစိမ်းရောင်ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်မည့် REDD+ လုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်လာခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့်အလျောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံအတွင်းရှိ စွမ်းအင်ကဏ္ဍ၊ သတ္တုတူးဖော်ခြင်း ကဏ္ဍများနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖိတ်ခေါ်လျက်ရှိရာ စနစ်တကျ စီမံခန့်ခွဲမှုမရှိပါက သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များအပေါ် ဆိုးရွားသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ တစ်ဖက်မှလည်း ရာသီဥတု ပြောင်းလဲမှုနှင့်အတူ သဘာဝဘေးအန္တရာယ် ကျရောက်မှုဖြစ်စဉ်များသည် နိုင်ငံ၏ လူမှုစီးပွားရေး တိုးတက်မှု အခြေအနေများကို ခြိမ်းခြောက်လျက်ရှိပါသည်။ လက်ရှိကာလတွင် နိုင်ငံတော် အစိုးရအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ ဘေးထွက်ဆိုးကျိုးများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခြိမ်းခြောက်မှုများကို သတိပြုဆင်ခြင်လာပြီး၊ သစ်တောကဏ္ဍသည် နိုင်ငံ၏ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားပေးလျက်ရှိသော အဓိက ကဏ္ဍတစ်ခုဖြစ်ကြောင်း ပိုမိုလက်ခံ ကျင့်သုံးဆောင်ရွက်လာပါသည်။ အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံသည် REDD+ လုပ်ငန်းစဉ်များမှတဆင့် သစ်တောကာဗွန် ထုတ်လွှတ်မှုလျှော့ချခြင်း၊ သစ်တောကာဗွန်ရင်းမြစ်များ ရေရှည်အုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများဖြင့် ပြည့်စုံလျက်ရှိသည့် နိုင်ငံတစ်ခု ဖြစ်ပါသည်။

### *လမ်းပြမြေပုံတွင် ပါဝင်သည့် ကဏ္ဍများအကျဉ်း*

မြန်မာနိုင်ငံသည် UN-REDD အစီအစဉ်၏ မိတ်ဖက်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ပါဝင်ခဲ့ပြီး၊ REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ REDD+ လမ်းပြမြေပုံတွင် အဓိကအားဖြင့် လုပ်ငန်းစဉ် (၆) ရပ်ပါဝင်ပြီး၊ မြန်မာနိုင်ငံ၏ REDD+ ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်တို့ကို အသေးစိတ် ရေးသားဖော်ပြထားပါသည်။ **လုပ်ငန်းစဉ်(၁) "REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စီမံအုပ်ချုပ်မှု"** ကဏ္ဍတွင် မြန်မာနိုင်ငံ၏ REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို စီမံဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းအုပ်ချုပ်မှုစနစ်တစ်ခုအား တည်ထောင် သွားမည်ဖြစ်ပါသည်။ ထိုသို့ တည်ထောင်ရာတွင် လမ်းပြမြေပုံရေးဆွဲခြင်းကာလတွင် ဖွဲ့စည်းခဲ့သည့် အဖွဲ့များ၏ ဖွဲ့စည်းအုပ်ချုပ်မှုပုံစံကို အခြေခံ၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းစဉ်(၁) တွင် REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များ စီမံအုပ်ချုပ်ရာတွင် ပါဝင်ဆောင်ရွက်မည့် အဖွဲ့များ၏ အဓိက အခန်းကဏ္ဍများနှင့် လိုအပ် သည့် ထောက်ပံ့မှုများ ပါဝင်မည်ဖြစ်ပါသည်။ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လက်ရှိ ဖွဲ့စည်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်လျက်ရှိသော အမျိုးသားအဆင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် "REDD+ လုပ်ငန်း အထောက်အကူပြုအဖွဲ့" (Task Force) ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ REDD+ လုပ်ငန်းအထောက်အကူပြုအဖွဲ့အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အဖွဲ့၏ လုပ်ငန်းများကို အထောက်အကူပြုစေရန် "နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့" (Technical Working Groups) (၆) ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းအထောက်အကူပြု အဖွဲ့၏ ပုံမှန်လုပ်ငန်း များ၊ ပညာဆိုင်ရာများနှင့် အခြားသော စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပံ့ပိုးဆောင်ရွက် နိုင်ရန်အတွက် REDD+ Task Force ရုံးအဖွဲ့ကို သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်း ဌာန၌ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လမ်းပြမြေပုံ ရေးဆွဲခြင်းကာလ များနှင့် အမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခဲ့သည့် အဓိက ဆက်စပ်ပတ်သက်သူများအား "အမျိုးသားအဆင့် REDD+ ဆက်စပ်ပတ်သက် သူများကွန်ယက်" (National REDD+ Stakeholder Network) အဖြစ် ဖွဲ့စည်းတည်ထောင်၍ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ဆွေးနွေးတိုင်ပင် ခြင်းများကို ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဖွဲ့ဝင်များအကြား သတင်း အချက်အလက်များ ဖလှယ်နိုင်ရန်အတွက် လုပ်ငန်းအထောက် အကူပြုအဖွဲ့ အစည်းအဝေး များတွင် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ ဖိတ်ကြား တက်ရောက် စေခြင်းဖြင့် လည်းကောင်း၊ ဆက်စပ်ပတ်သက်သူများ ကွန်ယက်တွင် နည်းပညာဆိုင်ရာ

လုပ်ငန်းအဖွဲ့ဝင်များအား ပါဝင်စေခြင်းဖြင့် လည်းကောင်း ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လုပ်ငန်းစဉ်(၂) "ဆက်စပ်ပတ်သက်သူများ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း"** ကဏ္ဍတွင် အမျိုးသားအဆင့် REDD+ ဆက်စပ်ပတ်သက်သူများ ကွန်ယက် (National Stakeholder Network)၏ အဖွဲ့ဝင်များ ပိုမိုကိုယ်စားပြု ပါဝင်လာစေရန် အတွက် ဆက်စပ်ပတ်သက်သူများ ပြန်လည်သုံးသပ်ခြင်း (Stakeholder Analysis and Review) လုပ်ငန်းစဉ်များကို ဆက်စပ်ပတ်သက်သူများ တိုင်ပင်ဆွေးနွေးခြင်းနှင့် လုံခြုံမှု စနစ်များဆိုင်ရာ လုပ်ငန်းအဖွဲ့မှဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကွန်ယက်အဖွဲ့ဝင်များ၌ သက်ဆိုင်ရာ လူမှုအဖွဲ့ အစည်းများ ပါဝင်နိုင်ရေးနှင့် အမျိုးသမီးများနှင့် ဒေသခံလူမျိုးစုများ၏ ကိုယ်စားပြုအဖွဲ့ဝင် များ ပါ ဝင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် "အမျိုးသားအဆင့် REDD+ ကြိုတင် ပြင်ဆင်ခြင်းဆိုင်ရာ ဆက်စပ်ပါဝင်သူများ တိုင်ပင် ဆွေးနွေးခြင်း လမ်းညွှန်နှင့် လုပ်ငန်းစီမံချက်" ကို အောက်ဖော်ပြပါ တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းများမှတဆင့် ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်-

(၁) နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေးများ ကျင်းပခြင်း၊
(၂) နည်းပညာလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်နိုင်သည့် REDD+ Task Force အစည်းအဝေးများ ကျင်းပခြင်း၊
(၃) အမျိုးသားအဆင့် ဆက်စပ်ပတ်သက်သူများကွန်ယက် အဖွဲ့ဝင်များအကြား တယ်လီဖုန်း သို့မဟုတ် အီးမေးလ်မှတဆင့် ဆက်သွယ်ဆွေးနွေးခြင်း၊
(၄) ကွန်ယက်အဖွဲ့ဝင်များပါဝင်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့်
(၅) ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ဆွေးနွေးပွဲများ အပါအဝင် အမျိုးသား အဆင့် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း။

ဆက်လက်၍ ဒေသခံများ၏ မိရိုးဖလာ ဆုံးဖြတ်ချက်ချမှတ်ခြင်း စနစ်များအပေါ် အခြေခံ၍ အမျိုးသားအဆင့် ကောင်းစွာကြိုတင်အသိပေး၍ သဘောတူဆန္ဒရယူခြင်း လမ်းညွှန် (National Guidelines on Free, Prior and Informed Consent-FPIC) ကို ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ FPIC လမ်းညွှန်ချက်များကို REDD+ ရှေ့ပြေးစီမံကိန်းများ မစတင်မီ သို့မဟုတ် စတင်ဆောင်ရွက်သည့် အချိန်တွင် ကွင်းဆင်း၍ လက်တွေ့ စမ်းသပ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လုပ်ငန်းစဉ်(၃) "REDD+ မဟာဗျူဟာများရေးဆွဲခြင်းနှင့် ရွေးချယ်ဆောင်ရွက်ခြင်း"** ကဏ္ဍတွင် REDD+ မဟာဗျူဟာများကို သစ်တောကဏ္ဍနှင့် သစ်တောကဏ္ဍ ပြင်ပဟူ၍ ခွဲခြားလေ့လာဖော်ထုတ်ခြင်း၊ ဦးစားပေး မဟာဗျူဟာများ ရွေးချယ်ခြင်းနှင့် ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ ဤလမ်းပြမြေပုံ

ရေးဆွဲခြင်း ကာလတွင် ရွေးချယ်ဖော်ထုတ်ထားသည့် ပဏာမ မဟာဗျူဟာများကို ထပ်မံ လေ့လာတွေ့ရှိချက်များ၊ ပြန်လည်သုံးသပ်ချက်များအပေါ် အခြေခံ၍ ပြင်ဆင်ရေးဆွဲ သွားမည်ဖြစ်ပါသည်။ သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်း ဆိုင်ရာ တွန်းအားအသီးသီး၏ ကာဗွန်ထုတ်လွှတ်မှုနှင့် ကာဗွန်ရင်းမြစ်များ လျော့ကျစေမှု ပမာဏများကို တိုင်းတာတွက်ချက်ခြင်းနှင့် အနာဂတ် ကာဗွန်ထုတ်လွှတ်နိုင်မှု အလားအလာ ခန့်မှန်းတွက်ချက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ဆက်လက်၍ သစ်တောကဏ္ဍ ဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်မှုပုံစံနှင့် လက်ရှိအခြေအနေကို လေ့လာဆန်းစစ်ခြင်း၊ သစ်တော ကဏ္ဍပြင်ပရှိ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်းနှင့် UN-REDD အကျင့်ပျက်ခြစားမှုအန္တရာယ်ဆန်းစစ်ခြင်းတို့မှတဆင့် မူလရွေးချယ်ထားသည့် ပဏာမ မဟာဗျူဟာများကို ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ပါသည်။ ထို့အပြင် ပဏာမ ရွေးချယ်ထားသည့် မဟာဗျူဟာများ၏ အကျိုးအမြတ် တွက်ချက်ခြင်း နှင့်အတူ လက်ရှိ သစ်တောအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစီမံကိန်းများနှင့် ရန်ပုံငွေ ရရှိမှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်းများမှ တဆင့် REDD+ ကြိုတင်ပြင်ဆင်ခြင်း ကာလ၌ ရေ့ပြေးစမ်းသပ်ဆောင်ရွက်မည့် မဟာဗျူဟာများကို ရွေးချယ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထိုမှတဆင့် REDD+ မဟာဗျူဟာ ရှေ့ပြေး စမ်းသပ်လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရန် စီမံချက်များ ရေးဆွဲသွားမည်ဖြစ်ပါသည်။

**လုပ်ငန်းစဉ်(၄) "လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမူဘောင်နှင့် လုံခြုံမှု စနစ်များ"** ကဏ္ဍတွင် REDD+ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အဖွဲ့အစည်း များ၊ မူဝါဒများ၊ ဥပဒေများနှင့် ရန်ပုံငွေဆိုင်ရာ မူဘောင်များ ရေးဆွဲဖော်ထုတ်သွားမည် ဖြစ်ပါသည်။ REDD+ ဖွဲ့စည်းအုပ်ချုပ်မှုစနစ်တွင် ပါဝင်သည့် ကဏ္ဍများ အလိုက် ဆက်စပ် ပတ်သက်သူများအတွက် ကနဦး စွမ်းဆောင်ရည်မြှင့်တင်ခြင်း မူဘောင်တစ်ခု ရေးဆွဲချမှတ် သွားမည် ဖြစ်ပါသည်။ ဆက်လက်၍ အဆိုပါချမှတ်ထားသော မူဘောင်အပေါ် အခြေခံ၍ စွမ်းဆောင်ရည် မြှင့်တင်ရန် လိုအပ်ချက်ဆန်းစစ်ခြင်း (Capacity Building Needs Assessment-CBNA) လုပ်ငန်းကို သင်တန်းများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ CBNA နှင့် ဆက်စပ်သင်တန်းများကို REDD+ ဖွဲ့စည်းအုပ်ချုပ်မှုပုံစံအား ကြားဖြတ်သုံးသပ်ခြင်းနှင့် အပြီးသတ်သုံးသပ်ခြင်း ကာလများ၌ ထပ်မံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဆက်စပ်ပတ်သက်သူများ တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာပြီး ထိရောက်သည့် သတင်းအချက်အလက် ဖလှယ်ခြင်းနည်းစနစ်များ ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် REDD+ ဆိုင်ရာ ဆက်သွယ် ဆောင်ရွက်ခြင်း မဟာဗျူဟာတစ်ခုကို ရေးဆွဲချမှတ်သွားမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိ သတင်းအချက်များ အပေါ် ပြန်လည်သုံးသပ်ပြုစုထားသည့် REDD+ ဆိုင်ရာ သတင်းအချက်အလက် ဖြန့်ချိခြင်းများလည်း ပါဝင်မည်ဖြစ်ပါသည်။

မူဝါဒဥပဒေဆိုင်ရာ မူဘောင်ရေးဆွဲရာတွင် REDD+ နှင့် ဆက်စပ်ဆောင်ရွက်မည့် မူဝါဒများနှင့် ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်သုံးသပ်၍ တွေ့ရှိချက်များကို အခြေခံကာ ရေးဆွဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ရေးဆွဲရာတွင် REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုစေနိုင်သော လက်ရှိ တည်ဆဲ မူဝါဒများ၏ ပြင်ဆင်ရန်လိုအပ်ချက်များကို အမျိုးသားအဆင့် ကနဦးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ ရလာဒ်များကို ပြန်လည်သုံးသပ်၍ အမှန်တကယ် ပြင်ဆင်ရန်လိုအပ်သည့် အချက်များ၊ ထပ်မံဖြည့်စွက်လိုသည့် အချက်များကို သုံးသပ်အတည်ပြု ရန် ဒုတိယအကြိမ် အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးပွဲများ ကျင်းပ၍ မူဝါဒ ဥပဒေများ၏ အခြေခံကျသော ရေရှည်ပြောင်းလဲမှုများကို အလေးထား ဆွေးနွေး ဖော်ထုတ် သွားမည် ဖြစ်ပါသည်။

REDD+ ငွေကြေးဆိုင်ရာ မူဘောင်အား ရေးဆွဲရာတွင် လက်ရှိ ငွေကြေးစီမံခန့်ခွဲမှု စနစ်များနှင့် ရန်ပုံငွေခွဲဝေခြင်းစနစ်များအပေါ် အခြေခံ၍ ရေးဆွဲသွားမည်ဖြစ်ပါသည်။ ထိုသို့ရေးဆွဲ ရာတွင် REDD+ မှ ရရှိနိုင်မည့် ဝင်ငွေများကို စီမံခန့်ခွဲရန်နှင့် အကျိုးအမြတ် မျှတစွာ ခွဲဝေနိုင်စေရန်အတွက် ရန်ပုံငွေစီမံခန့်ခွဲမှု နည်းစနစ်တစ်ခုကို ဖော်ထုတ်ချမှတ် သွားမည် ဖြစ်ပါသည်။ ထို့အပြင် Cancun လုံခြုံမှုစနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့် တည်ဆဲမူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို အခြေခံ၍ REDD+ လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံမှုစနစ် (REDD+ Social and Environmental Safeguard System) တစ်ခုကို ရေးဆွဲချမှတ်သွားမည်ဖြစ်ပါသည်။ ထိုသို့ ရေးဆွဲရာတွင် ပွင့်လင်းမြင်သာသည့် သတင်းအချက်အလက် ဖလှယ်ခြင်းစနစ်နှင့် ကြီးကြပ်ဆောင်ရွက်ခြင်းစနစ်များကိုပါ ထည့်သွင်း ရေးဆွဲသွားမည်ဖြစ်ပြီး၊ ရေးဆွဲထားသည့် အဆိုပြု လုံခြုံမှုစနစ်များနှင့် မကျေနပ်ချက်များ တိုင်တန်းဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့် ဖြေရှင်းဆောင်ရွက်ခြင်းစနစ်များ (National REDD+ Grievance Mechanism) ကို နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်များမှတဆင့် ထပ်ဆင့် အတည်ပြုသွားမည် ဖြစ်ပါ သည်။

**လုပ်ငန်းစဉ်(၅)** တွင် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် **"သစ်တောကာဗွန်ထုတ်လွှတ်ခြင်း ရည်ညွှန်းပမာဏ အဆင့်များ(RELs/RL)"** ကို သတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့် ရည်ညွှန်းပမာဏ အဆင့်များကို အနာဂတ်တွင် သစ်တောကာဗွန် ထုတ်လွှတ်ခြင်းလျှော့ချနိုင်မှု ပမာဏအား တိုင်းတာရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်ကာလမြေအသုံးချမှု ပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊ နိုင်ငံအဆင့် မြေအသုံးချမှု ပြောင်းလဲခြင်းဆိုင်ရာ ဖြစ်စဉ်များကို ဆန်းစစ်လေ့လာခြင်းနှင့် အဆိုပါလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားနိုင်ရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများကို ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လုပ်ငန်းစဉ်(၆) “နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာခြင်းစနစ်”** တည်ထောင်ခြင်း လုပ်ငန်းစဉ်တွင် REDD+ လုပ်ငန်းဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာခြင်း၊ တိုင်းတာခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် အတည်ပြုခြင်း (Measurement, Reporting and Verification-MRV) လုပ်ငန်းစဉ်များ ထည့်သွင်း၍ ရေးဆွဲသွားမည်ဖြစ်ပါသည်။ စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းများမှတဆင့် ရလာဒ်အခြေပြု REDD+ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ MRV လုပ်ငန်းစဉ်များမှတဆင့် REDD+ လုပ်ငန်းစဉ်များ၏ ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်သည့် ပမာဏများအပေါ် ဆန်းစစ်ခြင်းနှင့် UNFCCC သို့ အစီရင်ခံတင်ပြခြင်းများ ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

***လုပ်ငန်းအစီအစဉ်များနှင့် ရန်ပုံငွေလိုအပ်ချက်အကျဉ်းချုပ်***

| **နိုင်ငံအဆင့် စီမံကိန်းလုပ်ငန်းစဉ်များ** | **ရန်ပုံငွေ လျာထားချက် (၄ နှစ်)** |
|---|---|
| လုပ်ငန်းစဉ် (၁)။ REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ စီမံအုပ်ချုပ်မှု | |
| ရလာဒ် (၁-၁) နိုင်ငံအဆင့် REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စီမံအုပ်ချုပ်မှု စနစ် ဖွဲ့စည်းတည်ထောင်နိုင်ခြင်း။ | ၁၀၀,၀၀၀ |
| ရလာဒ် (၁-၂) REDD+ လုပ်ငန်းအထောက်အကူပြုအဖွဲ့ ရုံးခန်းဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းများစတင် လည်ပတ်ခြင်း။ | ၄,၄၂၀,၀၀၀ |
| ရလာဒ် (၁-၃) REDD+ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့နှင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များအား ထောက်ပံ့ပေးနိုင်ခြင်း။ | ၁,၃၀၀,၀၀၀ |
| လုပ်ငန်းစဉ် (၁) စုစုပေါင်း | ၅,၈၂၀,၀၀၀ |
| လုပ်ငန်းစဉ် (၂) ဆက်စပ်ပါဝင်သူများ ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း | |
| ရလာဒ် (၂-၁)။ ဆက်စပ်ပါဝင်သူများ ကိုယ်စားပြုနိုင်ခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပိုမိုတိုးတက်လာစေခြင်း။ | ၂၀၀,၀၀၀ |
| ရလာဒ် (၂-၂) နိုင်ငံအဆင့် FPIC လမ်းညွှန်ချက်များ ရေးဆွဲပြဌာန်းနိုင်ခြင်း။ | ၅၀၀,၀၀၀ |
| လုပ်ငန်းစဉ် (၂) စုစုပေါင်း | ၇၀၀,၀၀၀ |
| လုပ်ငန်းစဉ် (၃) REDD+ မဟာဗျူဟာများ ရေးဆွဲခြင်းနှင့် ရွေးချယ်ဆောင်ရွက်ခြင်း | |
| ရလာဒ် (၃-၁) သစ်တောကဏ္ဍပြင်ပတွင် ဆောင်ရွက်မည့် ပထာမရွေးချယ်ထားသည့် အဆိုပြု မဟာဗျူဟာများ အတည်ပြုနိုင်ခြင်း။ | ၉၀၀,၀၀၀ |
| ရလာဒ် (၃-၂) ပထာမရွေးချယ်ထားသည့် မဟာဗျူဟာများ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်းနှင့် အထောက်အကူပြု လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးခြင်း။ | ၅,၅၀၀,၀၀၀ |
| ရလာဒ် (၃-၃) REDD+ မဟာဗျူဟာများ စမ်းသပ်ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်နိုင်ခြင်း။ | ၈၀၀,၀၀၀ |

| နိုင်ငံအဆင့် စီမံကိန်းလုပ်ငန်းစဉ်များ | ရန်ပုံငွေ လျာထားချက် (၄ နှစ်) |
|---|---|
| လုပ်ငန်းစဉ် (၃) စုစုပေါင်း | ၇,၂၀၀,၀၀၀ |
| လုပ်ငန်းစဉ် (၄) အကောင်အထည်ဖော် ဆောင်ရွက်မည့် မူဘောင်များနှင့် လုံခြုံမှုအစီအမံများ | |
| ရလာဒ် (၄-၁) အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်းများ ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ | ၁,၀၂၀,၀၀၀ |
| ရလာဒ် (၄-၂) ဥပဒေမူဘောင်များ ရေးဆွဲချမှတ်ခြင်းနှင့် တောင့်တင်းခိုင်မာစေခြင်း၊ | ၂၀၀,၀၀၀ |
| ရလာဒ် (၄-၃) ရန်ပုံငွေရရှိ/သုံးစွဲမှုဆိုင်ရာ မူဘောင်များ ရေးဆွဲပြဋ္ဌာန်းခြင်း၊ | ၂၆၀,၀၀၀ |
| ရလာဒ် (၄-၄) REDD+ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံမှုစနစ်များ ချမှတ်ခြင်း၊ | ၄၀၀,၀၀၀ |
| လုပ်ငန်းစဉ် (၄) စုစုပေါင်း | ၁,၈၈၀,၀၀၀ |
| လုပ်ငန်းစဉ်(၅) နိုင်ငံအဆင့် သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏများ သတ်မှတ်ခြင်း | |
| ရလာဒ် (၅-၁) နိုင်ငံအဆင့် သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ သတ်မှတ်ခြင်း နည်းစနစ်များ ပြန်လည်သုံးသပ်ခြင်း။ | ၂၃၀,၀၀၀ |
| ရလာဒ် (၅-၂) နိုင်ငံအဆင့် ခေတ်အဆက်ဆက် မြေအသုံးချမှုပြောင်းလဲခြင်းများအား လေ့လာဆန်းစစ်ခြင်း။ | ၇၅,၀၀၀ |
| ရလာဒ် (၅-၃) နိုင်ငံအဆင့် သက်ဆိုင်ရာအခြေအနေများကို ပြန်လည်သုံးသပ်ခြင်းနှင့် အချက်အလက် စုဆောင်းခြင်း။ | ၁၅၀,၀၀၀ |
| ရလာဒ် (၅-၄) နိုင်ငံအဆင့် ကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏအား စမ်းသပ်ခြင်းနှင့် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ရန် နေရာများရွေးချယ်ခြင်း | ၆၂၀,၀၀၀ |
| လုပ်ငန်းစဉ် (၅) စုစုပေါင်း | ၁,၀၇၅,၀၀၀ |
| လုပ်ငန်းစဉ် (၆) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် တည်ထောင်ခြင်း | |
| ရလာဒ် (၆-၁) စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာခြင်းစနစ် တည်ထောင်ရေးလုပ်ငန်းစီမံချက် ရေးဆွဲခြင်း၊ | ၂,၉၆၂,၀၀၀ |
| ရလာဒ် (၆-၂) ဂြိုလ်တုစနစ်သုံး မြေယာစောင့်ကြည့်လေ့လာခြင်းစနစ် ထူထောင်ခြင်း နှင့် အကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊ | ၁,၀၂၀,၀၀၀ |
| ရလာဒ် (၆-၃) ဘက်စုံသုံး အမျိုးသား သစ်တောသယံဇာတ စာရင်းကောက်ယူရန် စီမံချက် ချမှတ်ခြင်းနှင့် စမ်းသပ် ဆောင်ရွက်ခြင်း၊ | ၈၄၂,၀၀၀ |
| ရလာဒ် (၆-၄) သစ်တောကဏ္ဍ မြေအသုံးချမှုနှင့် မြေအသုံးချမှု ပြောင်းလဲခြင်း ကဏ္ဍများအတွက် ဖန်လုံအိမ်ဓါတ်ငွေ့ လေ့လာ စာရင်းကောက်ယူခြင်းဆိုင်ရာ နိုင်ငံအဆင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ | ၁၆၆,၀၀၀ |

| **နိုင်ငံအဆင့် စီမံကိန်းလုပ်ငန်းစဉ်များ** | **ရန်ပုံငွေ လျာထားချက် (၄ နှစ်)** |
|---|---|
| ရလာဒ် (၆-၅) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းဆိုင်ရာ သုတေသန လုပ်ငန်းများအား ထောက်ပံ့ပေးခြင်း၊ | ၁၃၀,၀၀၀ |
| လုပ်ငန်းစဉ် (၆) စုစုပေါင်း | ၅,၁၂၀,၀၀၀ |
| **လုပ်ငန်းစဉ် (၁) မှ (၆) အထိ စုစုပေါင်း** | ၂၁,၇၉၅,၀၀၀ |
| **စီမံခန့်ခွဲမှုအသုံးစရိတ်များနှင့် အထွေထွေအသုံးစရိတ် (၇%)** | ၁,၅၂၅,၆၅၀ |
| **REDD+ ကြိုတင်ပြင်ဆင်ခြင်းစီမံကိန်း (၄) နှစ်အတွက် စုစုပေါင်းကုန်ကျစရိတ်** | ၂၃,၃၂၀,၆၅၀ |

# နိဒါန်း

## မြန်မာနိုင်ငံဆိုင်ရာအချက်အလက်များ

### *တည်နေရာ၊ နယ်နိမိတ်နှင့် စီမံအုပ်ချုပ်မှုဒေသများ*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အရှေ့တောင်အာရှဒေသတွင် တည်ရှိပြီး မြောက် လတ္တီတွဒ် ၉ ဒီဂရီ ၃၂ မိနစ် နှင့် ၂၈ ဒီဂရီ ၃၁ မိနစ်အကြား၊ အရှေ့လောင်ဂျီကျု ၉၂ ဒီဂရီ ၁၀ မိနစ်နှင့် ၁၀၁ ဒီဂရီ ၁၀ မိနစ် အကြားတွင် တည်ရှိပါသည်။ ဧရိယာ အကျယ်အဝန်းမှာ စုစုပေါင်း ၅၇၆,၅၇၇ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး၊ အရှေ့မှ အနောက်သို့ ၉၃၆ ကီလိုမီတာနှင့် မြောက် မှ တောင်သို့ ၂,၀၅၁ ကီလိုမီတာ ရှည်လျားပါသည်။




မြန်မာနိုင်ငံသည် နယ်နိမိတ်အားဖြင့် မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အလျား ၂,၁၉၂ ကီလို မီတာ၊ အရှေ့ဘက်တွင် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် အလျား ၂၃၅ ကီလိုမီတာ၊ အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံနှင့် အလျား၂,၀၉၆ ကီလိုမီတာ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် အလျား ၁,၃၃၁ ကီလိုမီတာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အလျား ၂၅၆ ကီလိုမီတာတို့ အသီးသီး ထိစပ်လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်း ကမ်းရိုးတန်း အရှည်မှာ ၂,၈၃၂ ကီလိုမီတာဖြစ်ပြီး အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်နှင့် အနောက် တောင်ဘက်တွင် ကပ္ပလီ ပင်လယ်ပြင်တို့ တည်ရှိပါသည်။ မြန်မာနိုင်ငံ ၏ မြေမျက်နှာ သွင်ပြင်ကို

ယေဘုယျအားဖြင့် အရှေ့ဘက်ကုန်းမြင့် ဒေသ၊ အလယ်ပိုင်း ချိုင့်ဝှမ်းဒေသနှင့် အနောက်ဘက် တောင်တန်းဒေသဟူ၍ သုံးပိုင်းခွဲခြားနိုင်ပါသည်။ မြန်မာနိုင်ငံရှိ အဓိက မြစ်ဝှမ်းဒေသများမှာ ဧရာဝတီ မြစ်ဝှမ်းဒေသ၊ ချင်းတွင်း မြစ်ဝှမ်း ဒေသနှင့် စစ်တောင်း မြစ်ဝှမ်းဒေသတို့ ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှု စနစ်တွင် ပြည်နယ် (၇) ခု၊ တိုင်းဒေသကြီး (၇) ခုနှင့် ပြည်ထောင်စု နယ်မြေ(၁)ခု၊ စုစုပေါင်း အုပ်ချုပ်မှုနယ်မြေ (၁၅) ခု ခွဲခြား၍ စီမံအုပ်ချုပ်လျက်ရှိပါသည်။ ပြည်နယ် (၇) ခုမှာ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ် တို့ဖြစ်ပြီး၊ တိုင်းဒေသကြီး (၇) ခုမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့ဖြစ်ပါသည်။ ပြည်ထောင်စုနယ်မြေအဖြစ် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တည်ရှိသော နေပြည်တော်တိုင်း ဒေသကြီးအားသတ်မှတ်၍ ပြည်ထောင်စု အစိုးရအဖွဲ့မှ တိုက်ရိုက် စီမံအုပ်ချုပ်လျက် ရှိပါသည်။

### *ရာသီဥတု*

မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေများကို အနောင်တောင်နှင့် အနောက်မြောက် မုန်သုန် များမှ အဓိက လွှမ်းမိုးလျက်ရှိပါသည်။ အဓိက ရာသီဥတုကြီး (၃) မျိုးရှိရာ ၎င်းတို့မှာ နွေဥတု၊ မိုးဥတုနှင့် ဆောင်းဥတုတို့ဖြစ်ကြပါသည်။ ပုံမှန်အားဖြင့် နှစ်စဉ် မတ်လ မှ ဧပြီလ ကုန် အထိကာလမှာ နွေဥတု၊ မေလဆန်း မုတ်သုန်စတင် ဝင်ရောက်ချိန်မှစ၍ အောက်တို ဘာလ ကုန်ချိန်အထိမှာ မိုးဥတုနှင့် နိုဝင်ဘာလမှ ဖေဖော်ဝါရီ လကုန်အထိမှာ ဆောင်းဥတုတို့ ဖြစ်ကြပါသည်။ မိုးရေချိန်မှာ ကမ်းရိုးတန်းဒေသများ၌ တစ်နှစ်လျှင် ၅၀၀၀ မီလီမီတာခန့် ရွာသွန်းသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသများ၌ တစ်နှစ်လျှင် ပျမ်းမျှ မိုးရေချိန် ၇၅၀ မီလီမီတာ အောက်တွင်သာ ရွာသွန်းလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပူချိန်မှာ ၁၀ ဒီဂရီ စင်တီဂရိတ်မှ ၃၂ ဒီဂရီ စင်တီဂရိတ်အကြားတွင်ရှိပြီး ပျမ်းမျှအပူချိန်မှာ မြေနိမ့်ဒေသများတွင် ၂၁ ဒီဂရီစင်တီဂရိတ်ခန့် ဖြစ်ပါသည်။ ကုန်းမြင့်ဒေသများတွင် အပူချိန် သုညဒီဂရီစင်တီဂရိတ် သို့မဟုတ် သုည ဒီဂရီစင်တီဂရိတ်၏ အောက်သို့ ကျရောက်တတ် သော်လည်း ကမ်းရိုးတန်းဒေသများတွင် အမြင့်ဆုံး အပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်ခန့်နှင့် အပူပိုင်းဒေသများတွင် အမြင့်ဆုံး အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ် အထက်သို့ ရောက်ရှိတတ် ပါသည်။

### *လူဦးရေ*

မြန်မာနိုင်ငံ၏ လူဦးရေမှာ ၂၀၁၈ ခုနှစ်တွင် ၅၇.၅ သန်းခန့် ရှိသည်ဟု ခန့်မှန်းသိရှိရပြီး၊ လူဦးရေတိုးပွားမှုနှုန်းမှာ ၂.၀၂ ရာခိုင်နှုန်းခန့်ဖြင့် တိုးပွားလျက် ရှိပါသည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀% ခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်လျက် ရှိကြပါသည်။ လူဦးရေ အထူထပ်ဆုံး မြို့များမှာ ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့ ဖြစ်ကြပြီး၊ လူဦးရေ ထူထပ်စွာ

နေထိုင်လျက်ရှိသော ပြည်နယ်/ တိုင်းဒေသကြီးများမှာ မန္တလေး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသား ပေါင်းစုံ စုစည်းနေထိုင်လျက်ရှိသော နိုင်ငံတစ်ခု ဖြစ်သည်။ အဓိကတိုင်းရင်းသား လူမျိုးစု (၈) မျိုးရှိပြီး၊ ၎င်းတို့မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ ဖြစ်ကြသည်။ အဆိုပါ လူမျိုးစုများ အနက် ဗမာ လူမျိုးမှာ အများဆုံး ဖြစ်ပြီး၊ နိုင်ငံရှိ စုစုပေါင်း လူဦးရေ၏ ၆၉% ခန့် နေထိုင်လျက်ရှိပါသည်။ အဓိက ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာ ဖြစ်ပြီး၊ အခြားအရေးပါသော ဘာသာများမှာ ခရစ်ယာန်၊ ဟိန္ဒူ၊ မူစလင်နှင့် အခြား နတ်ကိုးကွယ်မှု ဘာသာများ တို့ ဖြစ်ကြပါသည်။

### *စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ*

မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်မှာ ၁၉၈၈ ခုနှစ်မှစ၍ လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်သို့ ဦးတည်ပြောင်းလဲခဲ့ပါသည်။ နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်မှာ ၁၉၈၈ ခုနှစ်တွင် ၃ % မှ ၂၀၀၇ ခုနှစ်တွင် ၁၃ % အထိ တိုးတက်လာခဲ့ပါသည်။ နိုင်ငံတော်၏ အဓိက စီးပွားရေးကဏ္ဍများမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍတို့ဖြစ်ပြီး၊ စုစုပေါင်း ပြည်တွင်းထုတ်ကုန်၏ ၅၀ % ခန့်နှင့် စုစုပေါင်း နိုင်ငံခြား ဝင်ငွေ၏ ၃၀% ခန့်ကို နှစ်စဉ် ထောက်ပံ့ပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍသည် နှစ်စဉ် ပြည်တွင်းထုတ်ကုန် စုစုပေါင်း၏ ၁ ရာခိုင်နှုန်း အောက်တွင်သာရှိသော်လည်း နိုင်ငံခြား တင်ပို့မှု စုစုပေါင်း၏ ၁၀ % ခန့်ကို ထုတ်လုပ်တင်ပို့လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံလူဦးရေ၏ ၇၀% ခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိရာ အများစုမှာ သစ်တောထွက်ပစ္စည်းများအပေါ်တွင် အဓိက မှီခိုလျက်ရှိသဖြင့် သစ်တောကဏ္ဍသည် တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေး အခြေအနေများကို များစွာအထောက်အပံ့ပေးလျက်ရှိပါသည်။

### *မြန်မာနိုင်ငံ၏ REDD+ လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ နောက်ခံအကြောင်းအရာ*

မြန်မာနိုင်ငံ၏ REDD+ လမ်းပြမြေပုံကို FCPC/UN-REDD တို့မှ ပြဋ္ဌာန်းထားသည့် ကြိုတင် ပြင်ဆင်ခြင်း အဆိုပြုလွှာ (Readiness Preparation Proposal (R-PP) ကို အခြေခံ၍ ရေးသားပြုစုထားပါသည်။ ထိုသို့ရေးသားပြုစုရာတွင် မြန်မာနိုင်ငံနှင့် ရေမြေသဘာဝ ယဉ်ကျေးမှုချင်းတူညီသည့် အာရှ-ပစိဖိတ် ဒေသတွင်းမှ နိုင်ငံအချို့၏ အတွေ့အကြုံများကို ရယူကာ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် နည်းလမ်းများကို ဖော်ထုတ်ရေးဆွဲချမှတ်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အဆိုပြုလွှာများကို မှီငြမ်းကိုးကား၍ ရေးသားပြုစုခဲ့ပါ သည်-

- လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ REDD+ ကြိုတင်ပြင်ဆင်ခြင်း အဆိုပြုလွှာ (၂၀၁၀ ခုနှစ်၊ ဩဂုတ်လ)၊

- ကမ္ဘောဒီးယားနိုင်ငံ၏ REDD+ ကြိုတင်ပြင်ဆင်ခြင်းစီမံချက်အဆိုပြုလွှာ (ကမ္ဘောဒီးယား REDD+ လမ်းပြမြေပုံ) (၂၀၁၁ ခုနှစ်၊ မတ်လ)၊
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ REDD+ ကြိုတင်ပြင်ဆင်ခြင်းလမ်းပြမြေပုံ (၂၀၁၂ ခုနှစ်၊ ဧပြီလ)

REDD+ လမ်းပြမြေပုံကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လုပ်ငန်းစဉ် အဆင့် (၃) ဆင့်ဖြင့် ခွဲခြားဆောင်ရွက်သွားမည် ဖြစ်ပါသည်-




**ပုံ - UNFCCC မူဘောင်တွင် ပါဝင်သည့် REDD+ လုပ်ငန်းစဉ်အဆင့် (၃) ဆင့်**

REDD+ ကြိုတင်ပြင်ဆင်ခြင်းကာလ (REDD+ Readiness) တွင် လုပ်ငန်းစဉ် အဆင့်(၁) နှင့် အဆင့် (၂) တို့ ပါဝင်ပြီး၊ အဆိုပါကာလများအတွင်း စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ ဆောင်ရွက်မည့် နည်းလမ်းများကို ရှေ့ပြေးစမ်းသပ်မည့် ဒေသများတွင် စမ်းသပ်ဆောင်ရွက်ခြင်း၊ ရလာဒ်များအပေါ် မူတည်၍ ပြန်လည်ဆန်းစစ် ပြင်ဆင်ခြင်းစသည်တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ လက်တွေ့ အမှန်တကယ် အကောင်အထည်ဖော်ရာတွင် အထက်ဖော်ပြပါ လုပ်ငန်းစဉ် (၃) ဆင့်မှာ သီးခြားစီ ဆောင်ရွက်ရခြင်းမျိုး မဟုတ်ဘဲ ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်ပါသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံသည် REDD+ လုပ်ငန်းစဉ် အဆင့် (၁) ၏ အစောပိုင်းကာလ၌ ရှိနေပါသည်။ ထို့ကြောင့် ကနဦးစွမ်းဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်းစဉ်များ၊ REDD+ စီမံကိန်း ရေးဆွဲခြင်းများနှင့် မဟာဗျူဟာ ရေးဆွဲချမှတ်ခြင်းများစသည့် လုပ်ငန်းစဉ်များကို ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာဗျူဟာများကို လက်ရှိရေးဆွဲနေသည့် REDD+ ကြိုတင် ပြင်ဆင်ခြင်း လမ်းပြမြေပုံ (REDD+ Readiness Roadmap) တွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။

**လုပ်ငန်းစဉ်အဆင့်-၁ (ကြိုတင်ပြင်ဆင်ခြင်း)**။ လမ်းပြမြေပုံရေးဆွဲခြင်း အဆင့်ဖြစ်ပါသည်။ အဆိုပါကာလအတွင်း REDD+ လုပ်ငန်းစဉ်များ နိုင်ငံအဆင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်မည့် မူဘောင်များ၊ စွမ်းဆောင်ရည်များ၊ အဖွဲ့အစည်းများ အဆင်သင့်ဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤအဆင့်တွင် သစ်တောကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှု အသားတင် လျော့ချနိုင်ရန် အလားအလာရှိမည့် နည်းလမ်းများ (ပဏာမ မဟာဗျူဟာများ) သတ်မှတ်ဖော်ထုတ်ခြင်းများလည်း ပါဝင်မည်ဖြစ်ပါသည်။ ဤအဆင့်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရမှ လမ်းပြမြေပုံအား အတည်ပြုလျှင်

ပြုခြင်း စတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းစဉ်ကာလမှ စုစုပေါင်း(၄)နှစ် ဖြစ်ပြီး ဆောင်ရွက်မည့် ရန်ပုံငွေများကို နိုင်ငံခြားအထောက်အပံ့များမှ ရယူ ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားပါသည်။

**လုပ်ငန်းစဉ်အဆင့်-၂ (အကောင်အထည်ဖော်ဆောင်ရွက်ခြင်း)။** ဤအဆင့်တွင် ပဏာမ ရွေးချယ် ထားသည့် မဟာဗျူဟာများအနက်မှ REDD+ လုံခြုံမှုစနစ် (Safeguards)များကို လိုက်နာပြီး၊ နိုင်ငံအဆင့်တွင် အကျိုးသက်ရောက်မှု အများဆုံးနှင့် ကုန်ကျစရိတ် တွက်ခြေ ကိုက်မှု အရှိဆုံးဖြစ်သော မဟာဗျူဟာများကို ရွေးချယ် ချမှတ်နိုင်ရန် လက်တွေ့သရုပ်ပြ စမ်းသပ်ခြင်းများ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထို့အပြင် ဤအဆင့်၌ စွမ်းဆောင်ရည် မြင့်တင်ခြင်းနှင့် မူဝါဒဥပဒေ အသစ်များ ရေးဆွဲချမှတ်ခြင်းလုပ်ငန်းများလည်း ပါဝင်မည် ဖြစ်ပါသည်။ သရုပ်ပြ ရှေ့ပြေး လုပ်ငန်းစဉ်အချို့အား လုပ်ငန်းစဉ် အဆင့်-၁ ကြိုတင်ပြင် ဆင်ခြင်း လုပ်ငန်းများ တစ်နိုင်ငံလုံး အဆင့်အထိ အပြီးသတ် ရေးဆွဲဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် ကာလအတွင်းမှာပင် အချို့ နေရာများ၌ စတင်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။ လုပ်ငန်းစဉ် အဆင့်-၂ ပါလုပ်ငန်းများ အားလုံးကို လမ်းပြမြေပုံ ရေးဆွဲပြီးချိန်မှစ၍ ၂ နှစ်အကြာ၊ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်ကာလ၌ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းစဉ် အဆင့်-၂ ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပြည်ပ ရန်ပုံငွေထောက်ပံ့မှု စီမံကိန်းများ၊ ပြည်တွင်း၌ ထူထောင် ထားသည့် ရန်ပုံငွေများနှင့် ဈေးကွက်တွင် ကာဗွန် ရောင်းချခြင်းမှ ရရှိလာမည့် ရန်ပုံငွေ များဖြင့် ဆောင်ရွက်သွားရန် မျှော်မှန်းထားပါသည်။

**လုပ်ငန်းစဉ်အဆင့်-၃ (ရလာဒ်အခြေပြု ပေးချေခြင်းများ)။** မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းစဉ်များကို လုပ်ငန်းစဉ် အဆင့် (၃)ကာလမှသာ 'နိုင်ငံအဆင့် ရလာဒ်အခြေခံသည့် အကျိုးအမြတ် ခွဲဝေခြင်းစနစ်'ကို အခြေခံ၍ စတင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ် အဆင့်(၃) ကို ဆောင်ရွက်မည့် ကာလမှာ UNFCCC မှ ချမှတ်မည့် REDD+ ဆိုင်ရာ ဆုံးဖြတ်ချက်များ အပေါ်တွင် အဓိက မူတည်လျက် ရှိပြီး လုပ်ငန်းများကို ပြည်တွင်း၌ ထူထောင်ထားသည့် ရန်ပုံငွေများနှင့် ကာဗွန်ဈေးကွက်တွင် ရောင်းချခြင်းမှ ရရှိလာမည့် ရန်ပုံငွေများကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လမ်းပြမြေပုံသည် အချိန်ကာလမရွေး 'ပြန်လည်ပြင်ဆင်နိုင်သည့်ပြဋ္ဌာန်းချက်' (Living document) တစ်ခုဖြစ်ပါသည်။ လမ်းပြမြေပုံတွင်ပါဝင်သည့် REDD+ ကြိုတင်ပြင်ဆင် ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပုံသေသတ်မှတ် လိုက်နာဆောင်ရွက်ရန် ရည်ရွယ်ထားခြင်း မျိုး မဟုတ်ဘဲ နိုင်ငံအတွင်းဖြစ်ပေါ်လာသည့် အခြေအနေများ၊ အတွေ့အကြုံများနှင့် စွမ်းဆောင်ရည်များအပေါ် အခြေခံ၍လည်းကောင်း၊ နိုင်ငံတကာမှ REDD+ ဆိုင်ရာ နည်းစနစ်များ၊ နည်းလမ်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအပေါ် အခြေခံ၍လည်းကောင်း ပုံမှန် ပြန်လည်သုံးသပ်၍ အဆင့်မြင့်တင် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ REDD+ ပြင်ဆင်ခြင်းဆိုင်ရာ လမ်းပြမြေပုံ ရေးဆွဲခြင်းလုပ်ငန်းများကို နော်ဝေနိုင်ငံအစိုးရနှင့် UN-REDD အစီအစဉ်တို့မှ ရန်ပုံငွေထောက်ပံ့ခဲ့ပါသည်။ နည်းပညာဆိုင်ရာ အထောက်အပံ့များကို UN-REDD အစီအစဉ်၊ RECOFTC နှင့် လမ်းပြမြေပုံ မူကြမ်း ရေးဆွဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အခြားသော အစိုးရဌာန အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပါသည်။

'မြန်မာ့ REDD+ လမ်းပြမြေပုံ' တွင် အောက်ဖော်ပြပါ အခန်း (၆) ခန်းကို ရေးဆွဲဖော်ပြထားပါသည်-

(၁) REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စီမံအုပ်ချုပ်ခြင်း၊
(၂) ဆက်စပ်ပါဝင်သူများ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်လာစေခြင်း၊
(၃) REDD+ မဟာဗျူဟာများ ရေးဆွဲခြင်းနှင့် ရွေးချယ်ဆောင်ရွက်ခြင်း၊
(၄) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု မူဘောင်များနှင့် လုံခြုံမှုစနစ်များ ချမှတ်ခြင်း၊
(၅) နိုင်ငံအဆင့် ကာဗွန်ထုတ်လွှတ်မှုနှင့် ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ သတ်မှတ်ခြင်း၊
(၆) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် တည်ထောင်ခြင်း။

## အခန်း (၁) REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စီမံအုပ်ချုပ်ခြင်း

**အခြေခံအကြောင်းအရာ။** မြန်မာနိုင်ငံရှိ REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ မည်ကဲ့သို့ ပူးပေါင်း စီမံအုပ်ချုပ်သွားမည် ဟူသော အချက်ကို အဓိကဖော်ပြထားပါသည်။

***အဓိကပါဝင်သည့်အခန်းများ***

- REDD+ လုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက်ရှိသော ကဏ္ဍများ (သစ်တောကဏ္ဍ၊ ပတ်ဝန်းကျင်ရေးရာကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှုနှင့် မြေယာစီမံခန့်ခွဲမှုကဏ္ဍ) တွင် လက်ရှိဖွဲ့စည်းထားသည့် အစိုးရဌာနများနှင့် ဆက်စပ်ပါဝင်သူများအကြား ပူးပေါင်း အကောင်အထည်ဖော်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ။
- REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ လက်ရှိ တည်ထောင်ပြီး အဖွဲ့အစည်းများနှင့် REDD+ လမ်းပြမြေပုံအကောင်အထည်ဖော် ဆောင်ရွက်ရန်ရာတွင် ပူးပေါင်း ဆောင်ရွက်ရန် အလားအလာရှိသည့် အဖွဲ့အစည်းများ။
- REDD+ ကြိုတင်ပြင်ဆင်ခြင်း အဆင့်တွင် ဖြေရှင်းဆောင်ရွက်ရမည့် လက်ရှိ REDD+ စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များနှင့် အားနည်းချက်များ။
- အဆိုပြု REDD+ ကြိုတင်ပြင်ဆင်ခြင်း စီမံအုပ်ချုပ်မှုပုံစံများ - REDD+ လုပ်ငန်း အထောက်အကူပြုအဖွဲ့ (REDD+ Task Force)၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့ ရုံးခန်း၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ၊ အမျိုးသား REDD+ ကွန်ယက်စနစ် အစရှိသည့် REDD+ ဆိုင်ရာ အဓိကအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ။
- ဆောင်ရွက်မည့် လုပ်ငန်းအချိန်ဇယားနှင့် ရန်ပုံငွေတွက်ချက်မှုများ။

### ၁-၁ REDD+နှင့် သက်ဆိုင်သည့် သစ်တောကဏ္ဍနှင့် မြေယာစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ တည်ဆဲ အဖွဲ့အစည်း များ

#### *၁-၁-၁ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန*

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (MoECAF) သည် မြန်မာနိုင်ငံရှိ အမြဲတမ်း သစ်တောနယ်မြေများနှင့် အခြားသစ်တောနယ်မြေများ အပါအဝင် သစ်တောဖုံးလွှမ်းလျက်ရှိသည့် ဧရိယာများကို စီမံအုပ်ချုပ်ရန် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဌာနတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် သစ်တောမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းခြင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများ လေ့လာသုံးသပ်ခြင်း၊ ရေးဆွဲ ပြဋ္ဌာန်းခြင်းများကို သက်ဆိုင်ရာ ဆက်စပ်ပါဝင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC) သို့ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဆက်သွယ်ရေး တာဝန်ခံအဖြစ် ဆောင်ရွက်လျက်ရှိပြီး၊ ကွန်ဗင်းရှင်း၏

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် ဆက်သွယ်ပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်ပြီး၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေး ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental and Social Impact Assessment (ESIA) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းအုပ်ချုပ်ပုံအား ပုံ (၁-၁) တွင် ဖော်ပြထားပါသည်။




ပုံ (၁-၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ

**(က) သစ်တောဦးစီးဌာန။** သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများပါဝင်သည့် အမြဲတမ်းသစ်တောနယ်မြေများကို စီမံအုပ်ချုပ်ရန် အဓိကတာဝန်ရှိသည့် ဌာနဖြစ်ပြီး၊ သစ်တော ဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေများ စီမံခန့်ခွဲမှုကိုလည်း တာဝန်ယူဆောင်ရွက်ရပါသည်။ ထို့အပြင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်ရေးတို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာနတွင် အောက်ဖော်ပြပါ ဌာနခွဲများဖြင့် ဖွဲ့စည်းထားပါသည်-

(၁) စီမံခန့်ခွဲရေးဌာန၊

(၂) စီမံကိန်းနှင့်စာရင်းအင်းဌာန၊

(၃) သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန၊

(၄) ဘဏ္ဍာရေးဌာန၊

(၅) သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊
(၆) ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန၊
(၇) စစ်ဆေးရေးဌာန၊
(၈) တိုးချဲ့ပညာပေးရေးဌာန၊
(၉) တိရစ္ဆာန်ဥယျာဉ်များဌာန၊
(၁၀) သစ်တောတက္ကသိုလ်၊
(၁၁) သစ်တောသုတေသနဌာန၊
(၁၂) ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ ညွှန်ကြားရေးမှူးရုံး (၁၅) ရုံးနှင့် ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ သို့မဟုတ် ခရိုင်သစ်တောအရာရှိရုံး (၆၄) ရုံး (*ခရိုင်သစ်တောအရာရှိရုံးများ အသီးသီးတွင် မြို့နယ်သစ်တောဦးစီး အရာရှိရုံးများအဆင့်ဆင့် တည်ထောင် ဖွဲ့စည်းထား ပါသည်။*)

**(ခ) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန။** မြန်မာနိုင်ငံ အလယ်ပိုင်းရှိ အပူပိုင်းဒေသများ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးတို့အတွက် ပျက်စီးပြုန်းတီးနေသော သစ်တောမြေများတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်စေရေး ထင်းအစားထိုးလောင်စာ အသုံးပြုရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာနကို အောက်ဖော်ပြပါ ဌာနခွဲများဖြင့် ဖွဲ့စည်းထားပါသည်-

(၁) စီမံခန့်ခွဲရေးဌာန
(၂) စီမံကိန်းရေးဆွဲရေးဌာန
(၃) အင်ဂျင်နီယာဌာန
(၄) စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းစသည့် တိုင်းဒေသကြီး(၃) ခုတွင် တိုင်းဦးစီးဌာနရုံး၊ ခရိုင်ဦးစီးဌာနရုံးနှင့် မြို့နယ်ဦးစီးဌာနရုံးများ

**(ဂ) မြေတိုင်းဦးစီးဌာန။** မြန်မာနိုင်ငံ၏ နယ်နိမိတ်ဆိုင်ရာ UTM မြေပုံများ ရေးဆွဲထုတ်လုပ်ခြင်းနှင့် မြေတိုင်းတာခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်ရသည့် ဌာနဖြစ်ပါသည်။ မြေတိုင်းဦးစီးဌာနတွင် အောက်ဖော်ပြပါ ဌာနခွဲများဖြင့် ဖွဲ့စည်းထား ပါသည်-

(၁) စီမံကိန်းနှင့် စီမံခန့်ခွဲရေးဌာန၊
(၂) လေ့ကျင့်သင်ကြားရေးဌာန၊
(၃) နယ်နိမိတ်တိုင်းတာရေးနှင့် မြို့ပြဆောက်လုပ်ရေးဌာန၊
(၄) ကောင်းကင်မြေတိုင်းဌာန၊

(၅) ဓါတ်ပုံဌာန၊
(၆) မြေပုံထုတ်လုပ်ရေးဌာန၊

**(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။** နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်လေ့လာခြင်း၊ ကြီးကြပ်စစ်ဆေး ဆောင်ရွက်ခြင်းနှင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC) ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အဓိကတာဝန်ယူ ဆောင်ရွက်ရသည့် ဌာနဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို အောက်ဖော်ပြပါဌာနခွဲများဖြင့် ဖွဲ့စည်းထားပါသည်-

(၁) စီမံခန့်ခွဲရေးဌာန၊
(၂) မူဝါဒရေးရာ၊ နိုင်ငံတကာဆက်သွယ်ရေး၊ လေ့ကျင့်ရေးနှင့် သုတေသနရေးရာဌာန၊
(၃) လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဌာန၊
(၄) သယံဇာတထိန်းသိမ်းကာကွယ်ရေးနှင့် EIA ဌာန၊
(၅) ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်းနှင့် တနင်္သာရီစသည့် တိုင်းဒေသကြီး (၅) ခုရှိ ညွှန်ကြားရေးမှူး ရုံးများ။

**(င) စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန။** ဝန်ကြီးဌာနအတွင်းရှိ ဦးစီးဌာနအသီးသီး၏ မူဝါဒ ရေးရာများတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများတွင် အဓိကတာဝန်ယူ ဆောင်ရွက်ရသည့်ဌာန ဖြစ်ပါသည်။ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနတွင် အောက်ဖော်ပြပါ ဌာနခွဲများ ပါဝင်ဖွဲ့စည်းထားပါသည်-

(၁) မူဝါဒနှင့် စီမံကိန်းရေးဆွဲရေးဌာန၊
(၂) စီးပွားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန၊
(၃) ပတ်ဝန်းကျင်ရေးရာဌာန၊

**(စ) မြန်မာ့သစ်လုပ်ငန်း။** သစ်ထုတ်လုပ်ခြင်း၊ ခွဲစိတ်ခြင်းနှင့် အချောထည်ပြုလုပ်ခြင်း၊ ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းများကို အဓိကတာဝန်ယူ ဆောင်ရွက်ရသည့် ဌာနဖြစ်ပါ သည်။ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာန လက်အောက်တွင် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီး၌ ရုံးခွဲများ ဖွင့်လှစ်ထားပြီး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ရုံးများကို သစ်ထုတ်လုပ်ငန်း အများစုရှိသော ဒေသများတွင်သာ ဖွင့်လှစ်ထားပါသည်။

အထက်ဖော်ပြပါ ဌာနများအနက် သစ်တောအုပ်ချုပ် လုပ်ကိုင်ခြင်းများနှင့် တိုက်ရိုက်ပတ်သက်လျက်ရှိသည့် ဌာနများမှာ သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ဖြစ်ကြပါသည်။

အဆိုပါ ဌာနကြီး (၄) ခု ရှိ ဝန်ထမ်းအင်အားမှာ ဝန်ကြီးဌာန၏ သစ်တောစီမံအုပ်ချုပ်ခြင်း ကဏ္ဍတွင် ခန့်အပ်ထားသည့် ဝန်ထမ်းအင်အားကို ကိုယ်စားပြုသည်ဟု ဆိုနိုင်ပါသည် (ဇယား ၁-၁)။

**ဇယား ၁-၁** သစ်တောထိန်းသိမ်းရေးကဏ္ဍတွင် ခန့်အပ်ထားသည့် ဝန်ထမ်းအင်အားစာရင်း

| စဉ် | ဌာန/အဖွဲ့အစည်း | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ပြည်ထောင်စုဝန်ကြီးရုံး | ၁၆ | ၁၉ | ၃၅ |
| ၂။ | စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန | ၄၂ | ၁၀၅ | ၁၄၇ |
| ၃။ | သစ်တောဦးစီးဌာန | ၅၆၇ | ၁၄,၈၆၂ | ၁၅,၄၂၉ |
| ၄။ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | ၁၃၇ | ၃,၀၉၄ | ၃,၂၃၁ |
| ၅။ | မြန်မာ့သစ်လုပ်ငန်း | ၁,၁၃၁ | ၄၅,၂၈၀ | ၄၆,၄၁၁ |
| ၆။ | မြေတိုင်းဦးစီးဌာန | ၆၃ | ၄၂၀ | ၄၈၃ |
| | **စုစုပေါင်း** | **၁,၉၅၆** | **၆၃,၇၈၀** | **၆၅,၇၃၆** |

*ရင်းမြစ်။ စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန ("Forestry in Myanmar"၊ အောက်တိုဘာ ၂၀၁၁)*

သစ်တောကဏ္ဍနှင့် သက်ဆိုင်သည့် ပညာရေး၊ လေ့ကျင့်ရေးနှင့် သုတေသန လုပ်ငန်းစဉ်များကို သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ စီမံအုပ်ချုပ်လျက်ရှိသော ဇယား (၁-၂) ပါ ဌာန အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

**ဇယား (၁-၂)** သစ်တောကဏ္ဍဆိုင်ရာ ပညာရေး၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနများ

| ဌာန/အဖွဲ့အစည်း | အဓိက လုပ်ငန်းများ |
|---|---|
| ***သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော ဌာနများ*** | |
| သစ်တောတက္ကသိုလ် | နေပြည်တော်တိုင်းဒေသကြီး၊ ရေဆင်းတွင် တည်ရှိပြီး၊ သစ်တော ပညာရပ်ဆိုင်ရာ သိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့များကို သင်ကြား ပေးလျက် ရှိပါသည်။ နှစ်စဉ် ဘွဲ့ကြိုကျောင်းသားဦးရေ ၁၀၀ မှ ၂၀၀ အထိ ခေါ်ယူလျက်ရှိပြီး၊ စုစုပေါင်း ဝန်ထမ်းအင်အား ၁၈၀ ခန့် ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ |
| သစ်တောသုတေသနဌာန | ၁၉၇၈ ခုနှစ်မှ စ၍ တည်ထောင်ဖွဲ့စည်းခဲ့ပြီး၊ အဓိကဌာနခွဲ သုံးခု ဖွဲ့စည်း၍ ဆောင်ရွက်လျက် ရှိပါသည်။ ယင်းဌာနခွဲသုံးခုမှာ သစ်တော ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနနှင့် သစ်အသုံး ချရေးဌာနတို့ ဖြစ်ပါသည်။ သုတေသနပညာရှင် ၅၃ ဦး အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၇၃ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ |
| မြန်မာနိုင်ငံ သစ်တောကျောင်း | ပြင်ဦးလွင်မြို့တွင် တည်ရှိပါသည်။ ဌာနတွင်း ခန့်အပ်ထားသည့် ဘွဲ့ရ သစ်တောဝန်ထမ်းငယ်များအား သစ်တောစီမံအုပ်ချုပ်ခြင်း ပညာရပ်များ ကို လေ့ကျင့်သင်ကြား ပေးလျက်ရှိပါသည်။ တနည်းအားဖြင့် နိုင်ငံ၏ သစ်တော အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအရေးပါသည့် ဝန်ထမ်းများ မွေးထုတ်ပေး |

| ဌာန/အဖွဲ့အစည်း | အဓိက လုပ်ငန်းများ |
|---|---|
| | လျက်ရှိသော ကျောင်းတစ်ကျောင်း ဖြစ်ပါသည်။ |
| ဇာဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု သင်တန်းကျောင်း | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် ၁၉၉၀ ခုနှစ်မှ စတင် တည်ထောင် ခဲ့ပါသည်။ မကြာသေးမီကာလအတွင်း သင်တန်းကျောင်းခွဲ တစ်ခုကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ထပ်မံဖွင့်လှစ် ခဲ့ပြီး၊ ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများနှင့် ဒေသခံပြည်သူ ပူးပေါင်းပါဝင်ရေး လုပ်ငန်းများကို အဓိကသင်ကြားလျက်ရှိပါသည်။ |
| ***မြန်မာ့သစ်လုပ်ငန်းမှ စီမံခန့်ခွဲလျက်ရှိသော ဌာနများ*** | |
| သင်တန်းကျောင်း အမှတ်(၁) | ၁၉၈၀ ခုနှစ်တွင် နန်ချွန်၌ စတင်တည်ထောင်ခဲ့ပြီး၊ တစ်နှစ်လျှင် သင်တန်းသား ၂၀ မှ ၂၅ ဦးအထိ သင်ကြားပေးလျက် ရှိပါသည်။ သစ်ထုတ်လုပ်ခြင်း၊ သစ်ထုတ်ဆင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကွင်းဆင်းလုပ်ငန်းများနှင့် ရုံးလုပ်ငန်းစနစ်များ ဆောင်ရွက်ခြင်း စသည့် ဘာသာရပ်များကို အဓိက သင်ကြားပေးလျက် ရှိပါသည်။ |
| သင်တန်းကျောင်း အမှတ် (၂) | နေပြည်တော်တွင် တည်ထောင်ထားရှိပြီး၊ နှစ်စဉ် သင်တန်းသား ၂၅ ဦးမှ ၃၀ ဦးခန့် သင်ကြားပေးလျက်ရှိပါသည်။ သစ်ထုတ်ယန္တရားများ ကိုင်တွယ် မောင်းနှင်ခြင်းဆိုင်ရာ သင်ခန်းစာများကို အဓိက သင်ကြား ပေးလျက် ရှိပါသည်။ |
| သင်တန်းကျောင်း အမှတ် (၃) | ရန်ကုန်မြို့တွင် တည်ရှိပြီး၊ နှစ်စဉ် သင်တန်းသား ၂၅ ဦးခန့် သင်ကြား ပေးလျက် ရှိပါသည်။ သစ်ခွဲစိတ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ တင်ပို့ ရောင်းချခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များကို အဓိက သင်ကြားပို့ချလျက် ရှိပါသည်။ |

*ရင်းမြစ်။ စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန ("Forestry in Myanmar"၊ အောက်တိုဘာ ၂၀၁၁)*

### *၁-၁-၂ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန*

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စိုက်ပျိုးမြေများ စီမံခန့်ခွဲခြင်းတို့တွင် အဓိက တာဝန်ရှိသည့် ဌာန တစ်ခုဖြစ်ပြီး၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဌာနတစ်ခု လည်းဖြစ်ပါသည်။ ဤဝန်ကြီးဌာန၏ မူဝါဒ ရည်မှန်းချက်များမှာ-

- ဒေသခံပြည်သူများ၏ စားနပ်ရိက္ခာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊
- ပိုလျှံသည့် စိုက်ပျိုးရေးထုတ်ကုန်များကို တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့် ရှာဖွေရန်၊
- စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းမှတဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေး ကို အထောက်အကူပြုစေရန်တို့ ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာမြောက် လုပ်ငန်းစဉ် (၅) ရပ်မှာ-

- စိုက်ပျိုးမြေ သယံဇာတဖော်ထုတ်အသုံးချရေး၊
- စိုက်ပျိုးရေ သယံဇာတဖော်ထုတ်အသုံးချရေး၊
- စက်စွမ်းအား တိုးမြှင့်အသုံးချရေး၊
- စိုက်ပျိုးရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊
- မျိုးကောင်းမျိုးသန့်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြောင်းလဲအသုံးပြုရေး၊

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အောက်ဖော်ပြပါ ဌာနများဖြင့် ဖွဲ့စည်း ထားပါသည်-

(က) ဆည်မြောင်းဦးစီးဌာန၊
(ခ) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊
(ဂ) စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊
(ဃ) စိုက်ပျိုးရေးသီးနှံဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
(င) စက်မှုလယ်ယာဦးစီးဌာန၊
(စ) ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊
(ဆ) စိုက်ပျိုးရေးတက္ကသိုလ်၊
(ဇ) မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်၊

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် 'လယ်ယာမြေဥပဒေ'နှင့် 'မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ' တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ရှိသည့် ဝန်ကြီးဌာန ဖြစ်သည့်အလျောက် အသေးစားနှင့် အကြီးစား စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတက်မှုလုပ်ငန်းများအတွက် မြေယာများ (သစ်တောနယ်မြေပြင်ပရှိ သစ်တောဖုံးလွှမ်းလျက်ရှိသော မြေများအပါအဝင်) စီမံခွဲဝေရာတွင်လည်း အဓိက တာဝန်ရှိ သည့် ဌာနဖြစ်ပါသည်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် မြေစာရင်းများ၊ ယာမြေ/လယ်မြေများ အပါအဝင် မြေအသုံးချမှု စာရင်းများ စိစစ်ပြင်ဆင်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်း လုပ်ငန်းများကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ အသစ်ပြန်လည်ပြင်ဆင် ပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေအရ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်လုပ်ကိုင်ရန် လျှောက်ထားလာသူများကို စိစစ်ခြင်း၊ လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက် ရရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်း စသည်တို့တွင် အဓိကတာဝန်ရှိသည့် ဌာန ဖြစ်လာပါသည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (Farmland Administration Body-FAB) သည် ယခင် မြေယာ ကော်မတီများကို အစားထိုး၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ဖွဲ့စည်း

ဆောင်ရွက်ခဲ့သည့် အဖွဲ့ဖြစ်ပါသည်။ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများမှ အကြီးအမှူးများက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းထားပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးများ အဆင့် တွင် ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်/ တိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အကြီးအမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင် ဖွဲ့စည်းထားရှိပြီး၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန အကြီးအမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းတည်ထောင် ဆောင်ရွက်ပြီး အခြားသော မြေနှင့် ဆက်စပ်လျက်ရှိသည့် ဌာနဆိုင်ရာများမှ အကြီးအမှူးများက အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်/ တိုင်းဒေသကြီး အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိသော်လည်း ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကိုမူ လယ်ယာမြေဥပဒေ အပိုဒ် ၁၇ တွင် အောက်ပါအတိုင်း ထည့်သွင်းဖော်ပြထားပါသည်-

(က) လယ်ယာမြေ လုပ်ကိုင်ခွင့် လျှောက်ထားလာခြင်းများကို စိစစ်သုံးသပ်ခြင်း၊
(ခ) လယ်ယာမြေ တရားဝင်လုပ်ကိုင်ခွင့်အား အသိအမှတ်ပြုခြင်း၊
(ဂ) လယ်ယာမြေ တရားဝင်လုပ်ကိုင်ခွင့် ထောက်ခံချက်အား မှတ်ပုံတင်ရန် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ ပေးပို့ခြင်း၊
(ဃ) လယ်ယာမြေ အခွန်ကောက်ခံရန်နှင့် လျော်ကြေးငွေများ ပေးအပ်ရာတွင် နစ်နာမှု မရှိစေရန် မြေယာတန်ဖိုးတွက်ချက်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊
(င) စည်းကမ်းမလိုက်နာသူများအား သတိပေးခြင်း၊ ပြစ်ဒဏ်သတ်မှတ်ပေးခြင်းနှင့် တရားဝင် လုပ်ကိုင်ခွင့် ပြန်လည်ရုတ်သိမ်းခြင်းများ ဆောင်ရွက်ခြင်း၊
(စ) လယ်ယာမြေ ခွဲဝေအသုံးချမှုများတွင် အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဖြေရှင်း ဆောင်ရွက် ပေးရန်။

### ***၁-၁-၃ အခြားဆက်စပ်ဌာနများ***

REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အဓိကတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ မြေအသုံးချမှု စီမံချက်များ ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်ခြင်းများတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဓိက တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ရာတွင် REDD+ လုပ်ငန်းစဉ်များ အုပ်ချုပ်လုပ်ကိုင်ရာတွင် ဇယား ၁-၃ တွင် ဖော်ပြထားသည့် ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများ ရယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**ဇယား ၁-၃** REDD+ ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ပါဝင်ပတ်သက် လျက်ရှိသော ဆက်စပ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ အခန်းကဏ္ဍများ

| ဝန်ကြီးဌာနများ | REDD+ တွင် ပါဝင်ပတ်သက်သည့် အခန်းကဏ္ဍများ |
|---|---|
| **အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီး ဌာန (MNPED)** | - ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ညှိနှိုင်း ဆောင်ရွက်ခြင်း၊<br>- အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပြည့်မီစေရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (ဥပမာ- ဆင်းရဲမွဲတေမှုလျှော့ချရေး ရည်မှန်းချက်များ စသည်)<br>- အမျိုးသားအဆင့်နှင့် ဒေသအဆင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ဆက်စပ်ဆောင်ရွက်ပေးခြင်း၊<br>- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီမံအုပ်ချုပ်ရေးနှင့် ပိုမိုတိုးမြင့်စေရေး ဆောင်ရွက်ခြင်း၊ |
| **နိုင်ငံခြားရေးဝန်ကြီး ဌာန (MoFA)** | - UNFCCC တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊<br>- အာဆီယံနိုင်ငံများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊ |
| **ပြည်ထဲရေး ဝန်ကြီး ဌာန (MoHA) နှင့် ရှေ့နေချုပ်ရုံး (AG)** | - တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>- ပြည်နယ်/တိုင်းဒေသကြီးများအား စီမံအုပ်ချုပ်ခြင်း၊ |
| **ဘဏ္ဍာရေးဝန်ကြီး ဌာန (MoF)** | - ရန်ပုံငွေခွဲဝေချထားပေးခြင်းနှင့် ကြီးကြပ်ထိန်းချုပ်ခြင်း၊<br>- နိုင်ငံတော်ရန်ပုံငွေသုံးစွဲမှုများနှင့် ပြည်ပအထောက်အပံ့များအား စာရင်း စစ်ဆေးခြင်း၊ |
| **သတ္တုတွင်း ဝန်ကြီးဌာန (MoM)** | - သတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများအား ကြီးကြပ်ဆောင်ရွက်ခြင်း၊ |
| **လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန** | - ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကြီးကြပ်ဆောင်ရွက် ခြင်း |
| **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန** | - ဒီရေတောများအတွင်း ငါးသယံဇာတများ စီမံအုပ်ချုပ်ခြင်း၊<br>- သစ်တောဧရိယာများအတွင်းရှိ မြစ်ချောင်းများ စီမံအုပ်ချုပ်ခြင်း၊<br>- ဒီရေတောဒေသများတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်ခြင်း၊ |
| **စက်မှုဝန်ကြီးဌာန (MoI)** | - ကုန်ကြမ်းများ ထုတ်လုပ်ရန်အတွက် စက်မှုကုန်ကြမ်း စိုက်ခင်းများ တည်ထောင်ခြင်း၊<br>- ဇီဝလောင်စာ ဆိုင်ရာ မူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း |

### *၁-၁-၄ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ*

မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးအဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် (National Commission for Environmental Affairs –NCEA) ကို ၁၉၉၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အကြံပြုပေးရန်၊ ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးစေသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်တို့ဖြစ်ပါသည်။ ကော်မရှင်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ (National Environmental Conservation Committee- NECC) ကို ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၀၄) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက် နေ့တွင် NECC ကို အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၁) ဖြင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက် ရည်ရွယ်၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီသည် ယေဘုယျအားဖြင့် နိုင်ငံတော်၏ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပြဿနာများကို အမျိုးသားအဆင့် ဖြေရှင်းဆောင်ရွက်ရန် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး၊ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအပါအဝင် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းစဉ်များကို ဆက်စပ်ဌာနများအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ (NECC) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- (က) သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး၊ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် တာဝန်ယူ ဆောင်ရွက်ရန်၊
- (ခ) စီမံကိန်းနှင့် အစိုးရလုပ်ငန်းများကြောင့်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများကြောင့်ဖြစ်စေ၊ ပုဂ္ဂလိကတစ်ဦးချင်းကြောင့်ဖြစ်စေ ထိခိုက်မည့်အခြေအနေရှိပါက ယင်းထိခိုက်မှုနှင့်အညီ အခြားသင့်လျော်သည့်နေရာတွင် ပြန်လည် ပြုပြင်ပေးစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊
- (ဂ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်ရန်၊
- (ဃ) မြို့ပြဒေသ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းအစီအစဉ်များကို အတည်ပြုချက် ပေးရန်၊

(င) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းပေးရန်၊
(စ) ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အထူးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရန်၊
(ဆ) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန်၊

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ (NECC) ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လိုအပ်သော ပညာပေးစည်းရုံးမှုများ၊ လှုပ်ရှားမှုများ ဆောင်ရွက်နိုင်သည်။
(ခ) ကျောင်းသင်ခန်းစာများတွင် ပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလိုပြင်ဆင် ဖြည့်စွက်နိုင်ရေး အကြံပြုနိုင်သည်။
(ဂ) ပြည်တွင်းပြည်ပမှ အလှူငွေများ၊ ထောက်ပံ့ငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်းနှင့် ယင်းငွေနှင့်ပစ္စည်းများကို ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် လိုအပ်သလို စီမံခန့်ခွဲ အသုံးပြုနိုင်သည်။
(ဃ) သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ သင့်လျော်သည့် အကြံပြုချက်များ၊ တိုက်တွန်းချက်များ ပေးပို့နိုင်သည်။
(င) ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် မြှင့်တင်ရေးအတွက် လိုအပ်သော အဆိုပြုချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများထံ တောင်းခံနိုင်သည်။
(စ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ ထိခိုက်ပျက်စီးနိုင်သော အခြေအနေများဖြစ်ပေါ်လျှင်သော်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား တားမြစ်ခြင်းနှင့် လိုအပ်ပက ပြည်ထောင်စု အစိုးရအဖွဲ့သို့ မူဝါဒတောင်းခံခြင်းများ ဆောင်ရွက်နိုင်သည်။
(ဆ) ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒများနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ချမှတ်ဆောင်ရွက်နိုင် သည်။
(ဇ) ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို နိုင်ငံတော် သမ္မတ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက် နိုင်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီသည် ဗဟိုအဆင့်တွင် လုပ်ငန်း ကော်မတီများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ကြီးကြပ်ကွပ်ကဲမှု ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။ ကော်မတီတွင် ပါဝင်သည့် ဝန်ကြီးဌာနများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>အမှတ်(၁) စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>အမှတ်(၂) စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ထ) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(ဒ) ညွှန်ကြားရေးမှူးချုပ် စည်ပင်သာယာရေးဦးစီးဌာန — အဖွဲ့ဝင်
(ဓ) ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်
(န) ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန — အတွင်းရေးမှူး
(ပ) ညွှန်ကြားရေးမှူး
တွဲဖက်အတွင်းရေးမှူး
နိုင်ငံတော်သမ္မတရုံး

### ၁-၁-၅ အမျိုးသားအဆင့် CDM ဆိုင်ရာ ကြီးကြပ်သူများအဖွဲ့

မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (UNFCCC) သို့ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့ပြီး၊ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ထို့အတူ ကျိုတိုသဘောတူညီချက် (Kyoto Protocol) ကို ၂၀၀၃ ခုနှစ်တွင် non-Annex 1 party အဖြစ် အတည်ပြု ပါဝင်ခဲ့ပါသည်။ သန့်စင်သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ (Clean Development Mechanism - CDM) ဆိုင်ရာ အမျိုးသားအဆင့် ကြီးကြပ်သူများအဖွဲ့ (Designated National Authority) ကို CDM ဆိုင်ရာ မူဝါဒများ ချမှတ်ရန်နှင့် CDM စီမံကိန်း အဆိုပြုလွှာများကို ကြီးကြပ်စိစစ်ရန် ရည်ရွယ်၍ ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းသတ်မှတ်ခဲ့ပါသည်။ DNA တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌနှင့် ဒုတိယ ဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာန ၁၅ ခုမှ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်ရှိသော အဖွဲ့ဝင် ၂၂ ဦး ပါဝင်ဖွဲ့စည်းထားပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။

### ၁-၁-၆ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဗဟိုကော်မတီ (The Central Committee for the Management of Vacant, Fallow and Virgin Lands) ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ အပိုဒ် ၃ အရ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ဖြင့် အမျိုးသားအဆင့် ဝန်ကြီးဌာန အသီးသီးပါဝင်သည့် ကော်မတီအဖြစ် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ ကော်မတီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု

ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အဖွဲ့ဝင်အဖြစ် ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

ကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓါတ်သတ္တု တူးဖော်ခြင်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ခွင့်ပြုပေးခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခွင့်ရှိပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ စီမံအုပ်ချုပ်လျက်ရှိသော အမြဲတမ်းသစ်တောနယ်မြေများ ပါဝင်ခြင်း မရှိသော်လည်း ကြိုးဝိုင်းတောများ ပြင်ပ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော သစ်တောဖုံးလွှမ်း ဧရိယာများမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စာရင်းတွင် ပါဝင်ပါသည်။ ကော်မတီ၏ အဓိကတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပအတိုင်း ဖြစ်ပါသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့် လျှောက်ထားချက်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက် ရယူခြင်း၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်အား မြန်မာနိုင်ငံသားများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ လျှောက်ထားချက်များအား လက်ခံဆောင်ရွက်ခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့် လျှောက်ထားလာခြင်းအား အသုံးပြုခွင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းများ ပြုလုပ်ခြင်း၊

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်အား ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများ ပြုလုပ်ခြင်း၊

(င) သစ်တောမြေများ ပျက်ဆီးဆုံးရှုံးမှုများမှ ကာကွယ်ရန်နှင့် သဘာဝဂေဟစနစ်များ၊ ရေဝေရေလဲဒေသများ၊ သဘာဝငါးပေါက်ပွားခြင်းများကို ထိန်းသိမ်းကာကွယ်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအပါ အဝင် ဆက်စပ်ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာများအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပုံမှန်အစီရင်ခံတင်ပြခြင်း၊

(ဆ) အမျိုးသားမြေအသုံးချမှုမူဝါဒ ရေးဆွဲရေးကို အထောက်အကူပြု ဆောင်ရွက်ခြင်း၊

(ဓ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်အတွက် လိုအပ်သော အာမခံကြေး များ သတ်မှတ်ပေးခြင်း၊
(ဈ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ နှစ်စဉ်မြေခွန် နှုန်းထားများနှင့် မြေခွန်ကင်းလွတ်ခွင့်ကာလ သတ်မှတ်ပေးခြင်း၊
(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးတွင် သီးခြား အဖွဲ့များနှင့် လုပ်ငန်းအဖွဲ့ များ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊
(ဋ) အသုံးပြုခွင့်ရရှိသူက နည်းပညာနှင့် ရန်ပုံငွေများစသည့် ပံ့ပိုးမှုများ တောင်းခံလာ ပါ က လိုအပ်သလို ကူညီပံ့ပိုးခြင်း၊
(ဌ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်နှင့် စပ်လျဉ်းသည့် အငြင်း ပွားမှုများကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဖြေရှင်းပေးခြင်း။

### ၁-၁-၇ မြေယာစီမံခန့်ခွဲရေးဆိုင်ရာ အစိုးရအဖွဲ့နှင့် လွှတ်တော်အဆင့် ကော်မတီ/ကော်မရှင်များ

အစိုးရအဖွဲ့၏ ဥပဒေပြုရေးနှင့် တရားစီရင်ရေးရာ တာဝန်ရှိသူများသည် မြေအသုံးချမှု အမျိုးအစားများ ခွဲခြားသတ်မှတ်ခြင်း၊ မြေယာပိုင်ဆိုင်ခွင့်များနှင့် အခြားမြေယာအငြင်းပွား မှု ပြဿနာများကို ဖြေရှင်းခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ ကော်မတီ တစ်ခုနှင့် ကော်မရှင် တစ်ခုတို့ကို ဖွဲ့စည်းပေးခဲ့ပါသည်။

#### ၁-၁-၇-၁ အမျိုးသားအဆင့် မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီ

အမျိုးသားအဆင့် မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် အစိုးရအဖွဲ့အဆင့် ကော်မတီအဖြစ် ဖွဲ့စည်းခဲ့ပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ် ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီ၏ အဓိက လုပ်ငန်းစဉ်များမှာ အမျိုးသားအဆင့် မြေအသုံးချမှု မူဝါဒရေးဆွဲခြင်း၊ မြေအသုံးချမှု စီမံချက်များ ရေးဆွဲခြင်းနှင့် စိုက်ပျိုးရေးစီမံကိန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း များအတွက် မြေယာစိစစ် ခွင့်ပြုပေးခြင်းတို့ ဖြစ်ပါသည်။ ကော်မတီအနေဖြင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် မြေအသုံးချမှု အကြံပေးကော်မတီ များကိုလည်း ဖွဲ့စည်းတည်ထောင်သွားရန် ရည်ရွယ်ထားရှိပြီး လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများမှ ကိုယ်စားလှယ်များကိုပါ ထည့်သွင်းဖွဲ့စည်းသွားမည် ဖြစ်ပါသည်။

#### ၁-၁-၇-၂ မြေယာသိမ်းဆည်းမှုစုံစမ်းစစ်ဆေးရေးကော်မရှင်

လွှတ်တော်အဆင့် မြေယာသိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ တွင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် နိုင်ငံတော်အစိုးရ၏ လိုအပ်ချက်ကြောင့် မြေယာ သိမ်းဆည်းမှုများ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ

စိစစ်ခြင်း၊ သိမ်းဆည်းထားသော မြေယာများကို မူလရည်ရွယ်ချက်အတိုင်း အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် မြေယာသိမ်းဆည်းခံရသူများအား လုံလောက်သော နစ်နာကြေး လျော်ကြေးငွေ ပြန်လည်ပေးဆောင်ခြင်း ရှိ/မရှိ စိစစ်ခြင်းတို့ကို အလေးထား ဆောင်ရွက်ပါသည်။ REDD+ ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးလုံခြုံမှုစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မကျေနပ် ချက်များ တိုင်ကြားခြင်းနှင့် အရေးယူ ဖြေရှင်းဆောင်ရွက်ခြင်းစနစ် (Grievance and Redress Mechanism) တည်ထောင်ရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များမှ အတွေ့ အကြုံများ ရယူနိုင်မည် ဖြစ်ပါသည်။

## ၁-၂ ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်သည့် တည်ထောင်ပြီးအဖွဲ့အစည်းများနှင့် ကွန်ယက်များ

### *၁-၂-၁ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့*

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (Environmental Thematic Working Group- ETWG) ကို ၂၀၀၉ ခုနှစ်၊ မေလတွင် UNDP မှ ဦးဆောင်၍ ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့တွင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်/ ကောလိပ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ နိုင်ငံတကာမှ အထောက်အပံ့ ပေးသည့် အဖွဲ့အစည်းများ၊ သံရုံးများနှင့် သတင်းမီဒီယာများပါဝင်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များသည် UNDP ၏ အကူအညီဖြင့် တစ်လလျှင် တစ်ကြိမ် တွေ့ဆုံ ဆွေးနွေးကြပါသည်။ အချို့သော လုပ်ငန်းအဖွဲ့ဝင်များသည် နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းတည်ထောင်ထားသည့် ကွန်ယက်များတွင်လည်း (ဥပမာ- အဖွဲ့အစည်း ၅၃ ဖွဲ့ ပါဝင်ဖွဲ့စည်းထားသည့် စားနပ်ရိက္ခာ ဖူလုံရေးလုပ်ငန်းအဖွဲ့) အဖွဲ့ဝင်များအဖြစ် ပါဝင်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများအကြား သတင်း အချက်အလက်များနှင့် အတွေ့အကြုံ ဗဟုသုတများ မျှဝေနိုင်သည့် နေရာတစ်ခုဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လုပ်ငန်းအဖွဲ့ကို UNDP မှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ FAO မှ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ပြီး၊ နိုင်ငံတော်မှ အလားတူ အဖွဲ့များ တရားဝင် ဖွဲ့စည်း ဆောင်ရွက်ခြင်း မပြုမီကာလအတွင်း သက်ဆိုင်ရာ ဆက်စပ် ပါဝင်သူများအကြား ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်နိုင်သည့် အဖွဲ့အဖြစ် ရပ်တည်လျက်ရှိမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်မည့် ကွန်ယက်အား နိုင်ငံတော်မှ တရားဝင်ဖွဲ့စည်းရာတွင် သစ်တောဦးစီးဌာနသည် အဓိက ဆောင်ရွက်သည့် အစိုးရအဖွဲ့အစည်း (Focal Government Agency) အဖြစ် ဆောင်ရွက်မည် ဖြစ်ပါသည်။

### ၁-၂-၂ စားနပ်ရိက္ခာဖူလုံမှုလုပ်ငန်းအဖွဲ့

စားနပ်ရိက္ခာဖူလုံမှု လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် တိုက်ရိုက်ပါဝင် ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလများမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပါဝင် ဖွဲ့စည်းထားသော ကွန်ယက်တစ်ခုဖြစ်ပါသည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း စားနပ်ရိက္ခာပြဿနာနှင့် အဓိကရင်ဆိုင်နေရသော ဒေသခံပြည်သူများ၏ ပြဿနာများကို ဖြေရှင်းနိုင်မည့် သုတေသနလုပ်ငန်းများ၊ ဆွေးနွေးပွဲများနှင့် မူဝါဒရေးရာ အကြံပြုချက်များနှင့် သက်ဆိုင်သည့် အချက်များကို ဖော်ထုတ်နိုင်ရန် လိုအပ်သော စွမ်းဆောင်ရည်နှင့် အသိပညာများကို အဖွဲ့ဝင်များအကြား မြှင့်တင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ စားနပ်ရိက္ခာဖူလုံမှုလုပ်ငန်းအဖွဲ့တွင် ဗဟိုမြေယာအဖွဲ့ (Land Core Group) ကို ဖွဲ့စည်းထားရှိပါသည်။ စားနပ်ရိက္ခာဖူလုံမှုလုပ်ငန်းအဖွဲ့၏ မူဝါဒရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စားနပ်ရိက္ခာဖူလုံမှုအစီအစဉ်များ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန် အဖွဲ့ဝင်များ ၏ စွမ်းဆောင်ရည် မြှင့်တင်သွားရန်၊

(ခ) မြန်မာနိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုကို အဓိက သက်ရောက်လျက်ရှိသော ပြဿနာရပ်များကို မဟာဗျူဟာမြောက် ဖြေရှင်းနိုင်မည့် အသိပညာများ၊ အချက်အလက်များနှင့် နည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် သက်ဆိုင်သည့် ဆက်စပ်ပါဝင်သူများအကြား တွေ့ဆုံဆွေးနွေးခြင်း၊ ငြင်းခုံခြင်းနှင့် မူဝါဒရေးရာ ညှိနှိုင်းအဖြေရှာခြင်းများ ပိုမို ဖွံ့ဖြိုးလာစေရန်၊

(ဃ) အဖွဲ့၏ စီမံအုပ်ချုပ်မှုစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းများ ပိုမိုကောင်းမွန်လာစေရန်။

### ၁-၂-၃ မြန်မာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကွန်ယက်

မြန်မာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကွန်ယက် (The Myanmar Environmental Rehabilitation-conservation Network-MERN) သည် ဒီရေတောသယံဇာတများ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေးတို့အတွက် အရေးပါသည့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသည့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်မှု မြန်ဆန်စေရန် ရည်ရွယ်တည်ထောင်ထားသည့် ကွန်ယက်တစ်ခုဖြစ်ပါသည်။ MERN

ကွန်ယက်တွင် အဖွဲ့ဝင်အဖြစ် အသင်းအဖွဲ့ ၁၆ ဖွဲ့မှ ဝင်ရောက်ပါဝင်လျက်ရှိပြီး၊ အဖွဲ့၏ အဓိက ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်ဝန်းကျင်ရေရှည်တည်တံ့စေမှု ပိုမိုဖွံ့ဖြိုးလာစေရန်၊

(ခ) ဒေသခံပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်မှ ရင်ဆိုင်ဖြေရှင်းနိုင်မှု တိုးမြင့်လာစေရန်၊

(ဂ) ဆင်းရဲမွဲတေမှုနှင့် ဒီရေတောများအပေါ် မှီခိုမှုပြဿနာများ လျော့နည်းလာစေရန်၊

(ဃ) ပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုစနစ်များ ပိုမိုဖွံ့ဖြိုးလာစေရန်။

## ၁-၃ REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သော တည်ထောင်ပြီး အဖွဲ့အစည်းများ

### *၁-၃-၁ A/R CDM နှင့် REDD+ ဆိုင်ရာဌာနတွင်း ပင်မလုပ်ငန်းအဖွဲ့ (Core Unit) များ*

သစ်တောဦးစီးဌာနသည် CDM လုပ်ငန်းများဆိုင်ရာ ဌာနတွင်းပင်မလုပ်ငန်းအဖွဲ့ (CDM Core Unit) ကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့် CDM လုပ်ငန်းဆိုင်ရာ ကြီးကြပ်သူများအဖွဲ့ (CDM-Designated National Authority) ၏ လုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းအဖွဲ့တွင် သစ်တောပညာရပ်ဆိုင်ရာများဖြစ်သည့် သစ်တောပြုစုပျိုးထောင်ခြင်း၊ ကာဗွန်ပမာဏ ခန့်မှန်းတွက်ချက်ခြင်း၊ ကြီးထွားနှုန်းနှင့် တောထွက် ပမာဏတွက်ချက်ခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း၊ တိုးချဲ့ပညာပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း၊ အဝေးမှ စူးစမ်းလေ့လာခြင်း၊ မြေပြင်သတင်း အချက်အလက်နည်းစနစ်နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများစသည့် ပညာရပ်နယ်ပယ်ပိုင်းတွင် ကျွမ်းကျင်သူ ပညာရှင် ၂၁ ဦးကို ပါဝင် ဖွဲ့စည်းထားပါသည်။ ပင်မအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဝန်ကြီးဌာနအတွင်းနှင့် ဆက်စပ်ဌာနများမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းများ၊ သစ်တောပြန်လည် ပြုစုပျိုးထောင်ခြင်းဆိုင်ရာ သန့်စင်သည့် ဖွံ့ဖြိုးမှုနည်းလမ်းများ၊ REDD+ လုပ်ငန်းစဉ်များ၊ စီမံကိန်းအဆိုပြုလွှာ ရေးဆွဲခြင်း နည်းစနစ်များ၊ သုတေသနနှင့် တိုးချဲ့ပညာရေးလုပ်ငန်းစဉ်များ၊ REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ အထောက်အကူပြု လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ပင်မအဖွဲ့သည် သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုအောက်၌ သယံဇာတ စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များနှင့် မူဝါဒလုပ်ငန်းစဉ်များတွင် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဌာနအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားစေခြင်း လုပ်ငန်းများကို စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် အစည်းအဝေးများမှတဆင့် အထောက်အကူပြု ပံ့ပိုးလျက်ရှိပါသည်။ ပင်မအဖွဲ့ကို သီးသန့်အဖွဲ့အဖြစ် ဖွဲ့စည်းထားခြင်းမျိုး မဟုတ်သဖြင့် အဖွဲ့ဝင်များအနေဖြင့် REDD+ တွင် မပါဝင်သည့်

မိမိတို့၏ ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များ အသီးသီးကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပင်မအဖွဲ့၏ အဖွဲ့ဝင် အများစုမှာ REDD+ လမ်းပြမြေပုံရေးဆွဲခြင်း နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (၃) ဖွဲ့ (the three Roadmap Technical Working Groups- TWG) တို့၏ အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

### *၁-၃-၂ REDD+ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များ*

REDD+ ကြိုတင်ပြင်ဆင်ခြင်း လမ်းပြမြေပုံရေးဆွဲသည့် လုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် REDD+ ဆိုင်ရာဆက်စပ်ပါဝင်သူများ အလုပ်ရုံဆွေးနွေးပွဲ၌ စတင်ဆောင်ရွက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၏ ရလာဒ်တစ်ခုမှာ REDD+ လမ်းပြမြေပုံရေးဆွဲရာတွင် ပါဝင်သည့် ကဏ္ဍများအလိုက် တာဝန်ယူ ရေးသားရန်အတွက် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများ ပါဝင်သည့် လုပ်ငန်းအဖွဲ့ (၃) ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ပါသည်။ အထူးသဖြင့် ဆက်စပ်ပတ်သက်သူများ ဆွေးနွေးတိုင်ပင်ခြင်းနှင့် လုံခြုံမှုအစီအမံများဆိုင်ရာ လုပ်ငန်းအဖွဲ့ (Stakeholder Consultation and Safeguards TWG) ကို အမျိုးသားအဆင့် လမ်းပြမြေပုံမူကြမ်းအား စေ့စပ်ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ရမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဆိုပြုတင်သွင်းခဲ့ပြီး၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းမှုနှင့် သက်ဆိုင်ရာအဖွဲ့ အလိုက် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲချမှတ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဖွဲ့စည်းခဲ့သည့် လုပ်ငန်းအဖွဲ့ (၃) ဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်-

- တွန်းအားများနှင့် မဟာဗျူဟာများ ဖော်ထုတ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့၊
- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်စစ်ဆေးခြင်းစနစ်နှင့် နိုင်ငံအဆင့် သစ်တော ကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏအဆင့် သတ်မှတ်ခြင်း လုပ်ငန်းအဖွဲ့၊
- ဆက်စပ်ပတ်သက်သူများ တိုင်ပင်ဆွေးနွေးခြင်းနှင့် လုံခြုံမှုအစီအမံများ ဆိုင်ရာ လုပ်ငန်းအဖွဲ့။

#### *၁-၃-၂-၁ တွန်းအားများနှင့် မဟာဗျူဟာများ ဖော်ထုတ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့*

**ရည်ရွယ်ချက်။** မြန်မာနိုင်ငံရှိ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းကို ဖြစ်စေသည့် အဓိကတွန်းများအားနှင့် ယင်းတို့ကို ဖြစ်စေသည့် အခြေခံအကြောင်းအရင်းများ ဖော်ထုတ်သတ်မှတ်ရန်၊ တွန်းအားများအလိုက် ပမာဏ တွက်ချက်ရန်နှင့် ဖြေရှင်းနိုင်ရန် အလားအလာ ရှိသည့် မဟာဗျူဟာများ ဖော်ထုတ်သတ်မှတ်ရန်၊

| တွန်းအားများနှင့် မဟာဗျူဟာများ ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ |
|---|
| စီမံကိန်းနှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန |
| ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန |
| မြန်မာ့သစ်လုပ်ငန်း |
| စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန |
| သစ်တောသုတေသနဌာန |
| မြန်မာ့ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကွန်ယက် (MERN) |
| EcoDev |
| SPECTRUM |
| UNDP |

***၁-၃-၂-၂ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်နှင့် နိုင်ငံအဆင့် သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏအဆင့် သတ်မှတ်ခြင်း လုပ်ငန်းအဖွဲ့***

**ရည်ရွယ်ချက်။** REDD+လုပ်ငန်းစဉ်များအတွက် နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာခြင်းစနစ် (National Forest Monitoring System-NFMS) တည်ထောင်ရာတွင် လိုအပ်သော သစ်တောစောင့်ကြည့်ခြင်း၊ တိုင်းတာ စစ်ဆေးခြင်း၊ အစီရင်ခံ တင်ပြခြင်းနှင့် အတည်ပြုခြင်း (M&MRV) လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် နည်းစနစ်များနှင့် ဆောင်ရွက် နိုင်မည့် အဖွဲ့အစည်းတို့ကို နိုင်ငံအဆင့် လေ့လာဆန်းစစ်ရန်နှင့် မြန်မာ့ သစ်တောကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏအဆင့် (RELs/RLs) များ သတ်မှတ်နိုင်ရန် ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများ ဖော်ထုတ်ရေးဆွဲရန်၊

| နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာခြင်းစနစ်နှင့် နိုင်ငံအဆင့် သစ်တောကာဗွန် ထုတ်လွှတ်မှု ရည်ညွှန်း ပမာဏအဆင့် သတ်မှတ်ခြင်း လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ |
|---|
| သစ်တောသုတေသနဌာန (၃ ဦး) |
| သစ်တောဦးစီးဌာန (၇ ဦး) |
| အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန |
| သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) |
| ပုဂ္ဂလိကလုပ်ငန်းရှင် (Royal Tree Service) |

### *၁-၃-၂-၃ ဆက်စပ်ပတ်သက်သူများတိုင်ပင်ဆွေးနွေးခြင်းနှင့် လုံခြုံမှုစနစ်များဆိုင်ရာ လုပ်ငန်းအဖွဲ့*

**ရည်ရွယ်ချက်**။ လမ်းပြမြေပုံ ရေးဆွဲသည့်ကာလတွင် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်နိုင်သည့် လုပ်ငန်းစဉ်တစ်ခု တည်ထောင်ရန်၊ နိုင်ငံအဆင့် REDD+ မဟာဗျူဟာများ ရေးဆွဲချမှတ်ရာတွင် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်နိုင်ရန် အတွက် မဟာဗျူဟာများ ကျယ်ကျယ်ပြန့်ပြန့် ချမှတ်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစနစ်များတွင် Cancun လုံခြုံမှုစနစ်များ (Cancun Safeguards) နှင့် ကိုက်ညီသည့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန်နှင့် အဆိုပါ လုံခြုံမှုစနစ်များ ပိုမိုခိုင်မာစေမည့် လုပ်ငန်းများကို အဆိုပြုတင်ပြရန်။

| **ဆက်စပ်ပါဝင်သူများတိုင်ပင်ဆွေးနွေးခြင်းနှင့် လုံခြုံမှုအစီအမံများဆိုင်ရာ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ** |
|---|
| သစ်တောဦးစီးဌာန (၄ ဦး) |
| သစ်တောသုတေသနဌာန |
| SPECTRUM |
| သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) |
| FREDA |
| အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန |
| RECOFTC |
| ပုဂ္ဂလိကလုပ်ငန်းရှင်များ |

### *၁-၃-၃ REDD+ ဆိုင်ရာ ဆက်စပ်ပတ်သက်သူများ ကွန်ယက်*

လွတ်လပ်သည့် REDD+ ဆိုင်ရာ "ဆက်စပ်ပတ်သက်သူများကွန်ယက်'ကို ၂၀၁၀-၂၀၁၂ ခုနှစ်များအတွင်း ဆောင်ရွက်ခဲ့သည့် REDD+ ဆိုင်ရာ ကနဦး အသိပညာဖြန့်ဝေခြင်းနှင့် ဆွေးနွေး တိုင်ပင်ခြင်း လုပ်ငန်းစဉ်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထူထောင်ဖွဲ့စည်း ခဲ့ပါသည်။ ကွန်ယက်တွင် အဓိကအားဖြင့် REDD+ ကို စိတ်ဝင်တစား ပါဝင်ပတ်သက် လျက်ရှိသော အစိုးရဌာန အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများမှ ဆက်သွယ်ဆောင်ရွက် ရမည့် ပုဂ္ဂိုလ်များ၏ လိပ်စာများကို စုဆောင်းထားရှိပြီး၊ REDD+ နှင့် သက်ဆိုင်သည့် အချက်အလက်များ ပေးပို့ခြင်း၊ REDD+ ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအခမ်း အနားများ (လမ်းပြမြေပုံ မူကြမ်းအား ဆွေးနွေးတိုင်ပင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင်) ဖိတ်ကြားခြင်း၊ လမ်းပြမြေပုံရေးဆွဲခြင်း လုပ်ငန်းအဖွဲ့များတွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကွန်ယက်တွင် ပါဝင်သည့် အဖွဲ့ဝင်များတွင် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ ကွန်ယက်များ (*အခန်း ၁-၂* ) မှ အဖွဲ့ဝင်များလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

## ၁-၄ REDD+ လမ်းပြမြေပုံတွင် ပါဝင်နိုင်သည့် မိတ်ဘက်အဖွဲ့အစည်းများ

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော REDD+ လှုပ်ရှားမှုများနှင့် လိုအပ်သော အခြေခံ စီမံကိန်းများ အမြောက်အများရှိပါသည်။ ဆောင်ရွက်ဆဲ စီမံကိန်းများ၏ ပူးပေါင်း ဆောင်ရွက်မှုကို ရယူဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ REDD+ လမ်းပြမြေပုံတွင် ပါဝင်သည့် လုပ်ငန်းစဉ်များ အရှိန်အဟုတ်ဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းများနှင့် လှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်လျက်ရှိသူ အများစုသည် လမ်းပြမြေပုံ ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် လုပ်ငန်း အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးပွဲများတွင် ပါဝင် ဆွေးနွေးခြင်းအားဖြင့် လည်းကောင်း ကူညီဆောင်ရွက်ခဲ့ကြပါသည်။

### *၁-၄-၁ လက်ရှိဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်လျာထားသည့် REDD+ စီမံကိန်းများ*

REDD+ လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ရှိဆောင်ရွက်ဆဲ သို့မဟုတ် ဆောင်ရွက်ရန် လျာထားသည့် REDD+ စီမံကိန်းများမှ အကျိုးကျေးဇူး အမြောက်အများ ရရှိနိုင်ပါသည်။

#### *၁-၄-၁-၁ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO)*

**စီမံကိန်းအမည်။** စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကဏ္ဍအတွင်းမှ REDD+ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်း

**ဆောင်ရွက်သည့် အဖွဲ့အစည်း။** REDD+ ပင်မအဖွဲ့၊ စီမံကိန်းနှင့်စာရင်းအင်းဌာနနှင့် သစ်တော သုတေသနဌာန

**အချိန်ကာလ။** ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ (၃) နှစ် (ရန်ပုံငွေ - USD ၅၇၁,၈၉၀)

**စီမံကိန်းနေရာ။** ပဲခူးရိုးမဒေသ၊ တောင်ငူခရိုင်

**စီမံကိန်းရည်ရွယ်ချက်။** မြန်မာနိုင်ငံအတွင်း REDD+ လုပ်ငန်းစဉ်များ အကောင်အထည် ဖော် ဆောင်ရွက်ရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန်၊

**အဓိကဆောင်ရွက်မည့်လုပ်ငန်းများ**

- နိုင်ငံအဆင့် REDD+ မဟာဗျူဟာများ ရေးဆွဲခြင်း၊
- REDD+ ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် အဖွဲ့အစည်းများ၏အရည်အသွေး မြှင့်တင်ခြင်း၊
- ကာဗွန်ရင်းမြစ်များ တိုင်းတာခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊
- အခြားစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အသိပညာဖွံ့ဖြိုးတိုးတက်လာစေခြင်း၊
- တောင်ငူခရိုင်အတွင်း REDD+ လုပ်ငန်းစဉ်များ စမ်းသပ်ဆောင်ရွက်ခြင်း။

*၁-၄-၁-၂ ကိုရီးယားသစ်တောစီမံအုပ်ချုပ်မှုဌာန (KFS)*

**စီမံကိန်းအမည်။** ပဲခူးရိုးမဒေသအတွင်း ပျက်ဆီးပြုန်းတီးနေသော သစ်တောများ ပြည်လည် ထူထောင်ခြင်းနှင့် REDD+ လုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှု ပြဿနာများ လျော့နည်းစေခြင်း။

**ဆောင်ရွက်သည့်အဖွဲ့အစည်း။** REDD+ ပင်မအဖွဲ့၊ စီမံကိန်းနှင့်စာရင်းအင်းဌာနနှင့် သစ်တော သုတေသနဌာန

**စီမံကိန်းကာလ။** ၂၀၁၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအထိ နှင့် ၂၀၁၃ ခုနှစ် မတ်လ မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ (ရန်ပုံငွေ ၂ x ၁၀၀,၀၀၀ USD)

**စီမံကိန်းဧရိယာ။** ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ပဲခူးရိုးမကြိုးပြင် တောများ

**စီမံကိန်းရည်ရွယ်ချက်**

- ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများကို လျော့ချရန်နှင့် စဉ်ဆက်မပြတ် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူပြုစေရန်အတွက် ပျက်စီးပြုန်းတီး နေသော သစ်တောများ ပြန်လည်ထူထောင်ခြင်းနှင့် ဂေဟစနစ်များ ထိန်းသိမ်း ကာကွယ်ခြင်း ဆိုင်ရာ ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ရန်၊
- REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အထောက်အကူ ပြုစေရန်အတွက် သင့်လျော်သည့် MRV စနစ်ကို အသုံးပြု၍ ကာဗွန်ရင်းမြစ်ပမာဏအား တိုင်းတာ ခြင်း၊ ကာဗွန်ထုတ်လွှတ်နိုင်မှု ရည်ညွှန်း ပမာဏ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရန်၊
- သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် သက်ဆိုင်ရာ ဆက်စပ်ပါဝင်သူများအား REDD+ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များနှင့် ဂေဟစနစ်ထိန်းသိမ်းကာကွယ်ခြင်း ဆိုင်ရာ အသိပညာ နှင့် စွမ်းဆောင်ရည်များ တိုးမြှင့်ရန်၊

**အဓိကဆောင်ရွက်သည့်လုပ်ငန်းများ**

- REDD+ ဆိုင်ရာများ၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောဂေဟစနစ်ဆိုင်ရာ အသိပညာ မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- MoECAF ဝန်ထမ်းများနှင့် ဆက်စပ်ပါဝင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ရလာဒ်အခြေခံသည့် အကျိုးအမြတ်ခွဲဝေခြင်းစနစ်များ စတင်ဆောင်ရွက်သည့် အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် သစ်တောကာဗွန် ရင်းမြစ်များ တိုးမြှင့် စေခြင်း သရုပ်ပြလုပ်ငန်းများ ဆောင်ရွက်ခြင်း (ဥပမာ-ဒေသခံအစုအဖွဲ့ပိုင် သစ်တော

များ တည်ထောင်ခြင်း၊ ရုက္ခဥယျာဉ်များ၊ သစ်တောထိမ်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း)၊

- IPCC လမ်းညွှန်များအရ ကာဗွန်တိုင်းတာခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် အတည်ပြုခြင်း (MRV) လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊
- သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းနှင့် သစ်တောဖုံးလွှမ်းမှု ဧရိယာ ပြောင်းလဲမှုကို လေ့လာဆန်းစစ်ခြင်း၊
- သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကို ဖြစ်စေသည့် အဓိက တွန်းအားများကို (ခရိုင်အဆင့်တွင်) လေ့လာသုတေသန ပြုလုပ်ခြင်း၊

*၁-၄-၁-၃ အာရှကောင်ကင်မြေတိုင်း ကုမ္ပဏီလီမိတက် (AAS- ဂျပန်)*

**စီမံကိန်းအမည်။** REDD+ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မူဘောင်အတွင်းမှ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့အား လျှော့ချနိုင်မည့် နည်းလမ်းများနှင့် နည်းစနစ်များ ပိုမိုဖွံ့ဖြိုးလာစေရန် လေ့လာခြင်းနှင့် မြန်မာနိုင်ငံအတွင်း ပြန်လည်အသုံးချခြင်း၊

**ဆောင်ရွက်မည့် အဖွဲ့အစည်း။** REDD+ ပင်မအဖွဲ့၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောသုတေသနဌာန

**စီမံကိန်းကာလ။** ၂၀၁၂-၂၀၁၃ (၁၂ လ) နှင့် ၂၀၁၃-၂၀၁၄ (၁၂ လ)

**စီမံကိန်းဧရိယာ။**

**စီမံကိန်းရည်ရွယ်ချက်**

- REDD+ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေရန် သစ်တောဦးစီးဌာန ဝန်ထမ်းများ၏ RS/GIS ဆိုင်ရာ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန်၊
- ရွေးချယ်ထားသည့် ဧရိယာများအတွင်း ကာဗွန်ပမာဏ ခန့်မှန်းတွက်ချက်ခြင်း ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ရန်၊
- REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ၊ ဗဟုသုတများ အပြန်အလှန် မျှဝေသွားရန်၊

**ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

- မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် RS/GIS သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း (မြန်မာနိုင်ငံတွင် သင်တန်းသား ၂၀ ဦးခန့်နှင့် ဂျပန်နိုင်ငံတွင် သင်တန်းသား ၃ ဦးခန့်)၊

- REDD+ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊
- ညောင်ရွှေနှင့် ကလောမြို့နယ်များတွင် လူမှုစီးပွားရေးအခြေအနေ၊ သစ်တောဖုံးလွှမ်းမှုနှင့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဆိုင်ရာ ကွင်းဆင်းစာရင်းကောက်ယူခြင်း၊
- ကနဦးရွေးချယ်ထားသည့် စီမံကိန်း ဧရိယာများ (ဥပမာ၊ အစုအဖွဲ့ပိုင်သစ်တောများနှင့် ညောင်ရွှေ မြို့နယ်ရှိ အချို့ဒေသများ) တွင် ကာဗွန်တိုင်းတာခန့်မှန်းခြင်း။

### *၁-၄-၁-၄ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်-ဒီမိုကရက်တစ် နည်းလမ်းတကျ စီမံအုပ်ချုပ်မှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (DGTTF)*

**စီမံကိန်းအမည်။** UNDP ၏ ဒီမိုကရက်တစ် နည်းလမ်းတကျ စီမံအုပ်ချုပ်မှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (UNDP Democratic Governance Thematic Trust Fund-DGTTF) နှင့် ပူးပေါင်း ဆောင်ရွက်သည့် စီမံကိန်း။

**ဆောင်ရွက်မည့်အဖွဲ့အစည်း။** UNDP ၊ သစ်တောဦးစီးဌာနနှင့် ပြည်တွင်း၊ ပြည်ပ NGOs များ

**စီမံကိန်းကာလ။** ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ (ရန်ပုံငွေ-၃၀၀,၀၀၀ USD)

**စီမံကိန်းဧရိယာ။** ကချင်ပြည်နယ်

**စီမံကိန်းရည်ရွယ်ချက်။** REDD+ လုပ်ငန်းစဉ်များတွင် လူငယ်များ ပါဝင်လာစေရန်၊ နာဂလူမျိုးစု လူငယ်များ၏ ရပိုင်ခွင့်များ တိုးမြင့်လာစေရန်နှင့် အကျင့်ပျက် ခြစားမှုအန္တရာယ် လျော့နည်းစေရန်၊

**ဆောင်ရွက်မည့်လုပ်ငန်းများ**

- လူမှုအဖွဲ့အစည်းများ၏ကွန်ယက်များ ပိုမိုခိုင်မာစေခြင်းအားဖြင့် လူငယ်များ၏ အခန်းကဏ္ဍများ ဖွံ့ဖြိုးလာစေရန်နှင့် REDD+ ဆိုင်ရာ အခွင့်အရေး အခြေပြုနည်းလမ်းများ (rights-based approach) ပိုမို နားလည်ကျင့်သုံးလာစေရန်၊
- နာဂလူမျိုးစုလူငယ်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများ၊ REDD+ နှင့် UNDRIP ပါအခွင့်အရေးများဆိုင်ရာများနှင့် အခွင့်အရေးအခြေပြုနည်းစနစ်များနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး နည်းလမ်းများဆိုင်ရာ အသိပညာများတိုးမြင့်စေခြင်း၊
- လူငယ်များအား အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ နည်းစနစ်များ၊ ပွင့်လင်းမြင်သာမှု ပိုမိုတိုးမြင့်စေခြင်းနှင့် အကျိုးအမြတ် မျှတစွာ ခွဲဝေခြင်းဆိုင်ရာ နည်းလမ်းများ လေ့ကျင့်သင်ကြားပေးခြင်း၊

### *၁-၄-၁-၅ အာရှ-ပစိဖိတ်ဆိုင်ရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ဒေသ အဆင့် လေ့ကျင့်ရေးဗဟိုဌာန (RECOFTC)-NORAD*

**စီမံကိန်းအမည်။** ကျေးလက်ပြည်သူများ၏ REDD+ ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်း

**ဆောင်ရွက်မည့်အဖွဲ့အစည်း။** RECOFTC မှ ဦးဆောင်၍ အစိုးရအဖွဲ့များ၊ ဒေသခံ NGOs များ၊ CSO များ ပူးပေါင်း၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

**စီမံကိန်းကာလ။** ၂၀၁၃ မှ ၂၀၁၅ ထိ။

**စီမံကိန်းဧရိယာ။**

**စီမံကိန်းရည်ရွယ်ချက်။** ကျေးလက်နေ ပြည်သူများအနေဖြင့် REDD+ စီမံကိန်း ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် ၎င်းတို့၏သဘောထားအမြင်များကို မူဝါဒချမှတ်သူများ ထံသို့ ပံ့ပိုးပေးနိုင်သည့် အခြေအနေသို့ ရောက်ရှိစေရန်နှင့် REDD+ မှ ရရှိမည့် အကျိုးအမြတ်များကို ဒေသ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ကောင်းမွန်စွာ အသုံးချနိုင်လာစေရန်၊

**အဓိကဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

- ကျေးလက်ဒေသနေ ဆက်စပ်ပတ်သက်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ချက် ဆန်းစစ်ခြင်း (CBNA) လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- သင်တန်းအစီအစဉ်များ ရေးဆွဲခြင်း၊
- စီမံကိန်းပူးပေါင်းဆောင်ရွက်မည့် အဖွဲ့များ၊ အမျိုးသားအဆင့်နှင့် ဒေသအဆင့် ပံ့ပိုး ဆောင်ရွက်မည့်သူများနှင့် အခြားအရေးပါသည့် ဆက်စပ်ပါဝင်သူများအား ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အသိပညာများကို ကျေးလက်ပြည်သူများထံ ထိရောက်သည့် အသိပညာ ဖြန့်ဝေခြင်းဆိုင်ရာ သင်တန်းများ ပို့ချခြင်း၊
- ကျေးလက်ပြည်သူများမှ ဆက်စပ်ပါဝင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်များ သင်တန်းများ ပို့ချခြင်း၊

### *၁-၄-၁-၆ FAO-GEF တို့နှင့် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်း*

**စီမံကိန်းအမည်။** မြန်မာနိုင်ငံရှိ သီးနှံဂေဟစနစ်များတွင် ဦးစားပေးဆောင်ရွက်မည့် သီးနှံ စိုက်ပျိုးမြေများနှင့် သစ်တောများ စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

**ဆောင်ရွက်မည့်အဖွဲ့အစည်း။** FAO မှ ဦးဆောင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။

**စီမံကိန်းကာလ။** စီမံကိန်းရေးဆွဲသည့်အချိန်တွင် သတ်မှတ်သွားမည်ဖြစ်ပါသည်။

**စီမံကိန်းဧရိယာ။** စီမံကိန်းရေးဆွဲသည့်အချိန်တွင် သတ်မှတ်သွားမည်ဖြစ်ပါသည်။

**စီမံကိန်းရည်ရွယ်ချက်။** ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန်နှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးနှင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒများ၊ နည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်းအားဖြင့် မြေဆီလွှာပြန်လည် ဖွံ့ဖြိုးစေရန်တို့အတွက် လယ်ယာနှင့် သစ်တောကဏ္ဍများတွင် ဆက်စပ်ပါဝင်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ် ဆောင်ရွက်မည် ဖြစ်ပါသည်။

**အဓိကဆောင်ရွက်မည့်လုပ်ငန်းများ**

- SFM လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများ၊ မူဝါဒများနှင့် ဥပဒေမူဘောင်များအား အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေခြင်း-
  - (က) SFM ဆိုင်ရာ ချမှတ်ထားသည့် သစ်တောကဏ္ဍ စည်းမျဉ်း စည်းကမ်းများ၊ မူဝါဒများ၊ စံနှုန်းများ ပြင်ဆင်ခြင်း၊
  - (ခ) မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် မြေအသုံးချမှု အကြံပေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများကို စမ်းသပ်ဆောင်ရွက်ခြင်း၊
  - (ဂ) အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းအား ခေတ်နှင့်အညီ SFM/REDD+ လုပ်ငန်းစဉ်များနှင့် အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများထည့်သွင်းရေးဆွဲခြင်း၊
  - (ဃ) SFM လုပ်ငန်းစဉ်များအား နိုင်ငံအဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့်များရှိ (သစ်တောဝန်ထမ်းများ၊ အသုံးပြုသူများအဖွဲ့ (FUGs)၊ တောင်သူများနှင့် ဒေသခံအစိုးရ အဖွဲ့များ) အား သင်တန်းများပို့ချခြင်း။
- ဦးစားပေးရွေးချယ်ထားသည့် သီးနှံဂေဟစနစ်များတွင် ကာဗွန်သိုလှောင်မှု မြှင့်တင်ခြင်းနှင့် စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပုံစံများကို အောက်ဖော်ပြပါ လုပ်ငန်းများဖြင့် သရုပ်ပြ ဆောင်ရွက်ခြင်း-
  - (က) ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မည့် ခရိုင်များ၏ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအချို့အား ပြန်လည်သုံးသပ်ခြင်းနှင့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း လမ်းညွှန်အား အသေးစိတ်ရေးဆွဲဖော်ပြခြင်း၊
  - (ခ) CF အသုံးပြုသူများအဖွဲ့ (FUGs) များအား ပိုမိုခိုင်မာစေခြင်းအားဖြင့် သစ်တော အတန်းအစားကျဆင်းခြင်းများ လျော့နည်းစေခြင်းနှင့် ကာဗွန်သိုလှောင်သိမ်းဆည်းထားမှု မြှင့်တင်ခြင်း၊

- မြေဆီလွှာအခြေအနေ ကောင်းမွန်လာစေရန်နှင့် ကာဗွန်သိုလှောင်ထားရှိမှု တိုးမြင့်လာစေရန်အတွက် SFM လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်သည့် သစ်တောစီမံအုပ်ချုပ်မှု (Participatory Forest Management) စနစ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်။

### *၁-၄-၁-၇ IUCN-Smithsonian Institute-NORAD တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်း*

**စီမံကိန်းအမည်။** ၂၀၀၀-၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ဧရိယာပြောင်းလဲမှုအား သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် REDD+ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အမျိုးသားအဆင့် အခြေခံစံနှုန်းများအဖြစ် လေ့လာတွက်ချက် ဖော်ထုတ်ခြင်းစီမံကိန်း

**ဆောင်ရွက်မည့် အဖွဲ့အစည်း။** IUCN မှ ဦးဆောင်၍ သစ်တောဦးစီးဌာန၊ MERN နှင့် Smithsonian Institute တို့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

**စီမံကိန်းကာလ။** ၂၀၁၃-၂၀၁၅ (ရန်ပုံငွေ ၂၅၀၀၀၀ USD)

**စီမံကိန်းဧရိယာ။** မြန်မာနိုင်ငံဧရိယာအားလုံး။

**စီမံကိန်းရည်ရွယ်ချက်များ**

- အဝေးမှ စူးစမ်းလေ့လာခြင်းနှင့် ပြောင်းလဲမှုဆန်းစစ်ခြင်း နည်းစနစ်များကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ၂၀၀၀-၂၀၁၃ ခုနှစ်အတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာ ပြောင်းလဲမှု အချက်အလက်များ ဖော်ထုတ်ခြင်း၊
- REDD+ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်ရာတွင် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု ပိုမိုကျယ်ပြန့်လာစေရန်အတွက် ဂြိုလ်တုသတင်းအချက် အလက်အခြေခံသည့် သစ်တောစောင့်ကြည့်လေ့လာခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

**အဓိကဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

- အချက်အလက်များစုဆောင်းခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း၊
- ကောင်းကင်ဓါတ်ပုံများ လေ့လာဆန်းစစ်ခြင်းနှင့် အချက်အလက်များ ဖော်ထုတ်ခြင်း၊
- စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပြန်လည်မျှဝေအသုံးချစေခြင်း၊

### *၁-၄-၁-၈ World Markets AG နှင့် Simplon Services GmbH တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်း*

World Markets AG နှင့် Simplon Services GmbH တို့အား မြန်မာနိုင်ငံတွင် REDD+ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကမ်းလှမ်းခဲ့ပါသည်။ ကမ်းလှမ်းချက်အပေါ်အခြေခံ၍ သုတေသနပြုလုပ်ခြင်းနှင့် ညှိနှိုင်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး၊ စီမံကိန်းအတွက် သဘာဝတော ဟက်တာ ၁၈၀,၀၀၀ ခန့်ကို ညှိနှိုင်းလျာထားခဲ့

ပါသည်။ World Markets AG နှင့် Simplon Services GmbH တို့သည် စီမံကိန်းဆောင်ရွက်ရန် အသေးစိတ် ညှိနှိုင်းခြင်းများကို အပြီးသတ် ဆောင်ရွက်လျက်ရှိပါသည်။

### *၁-၄-၂ REDD+ နှင့် သက်ဆိုင်သည့် အခြားသော စီမံကိန်းများ*

အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရွှေ့ပြောင်းတောင်ယာ တည်ငြိမ်လျော့နည်းစေခြင်း၊ စိုက်ပျိုးရေး အထွက်နှုန်းများ မြှင့်တင်ခြင်းနှင့် လောင်စာစွမ်းအင် ရရှိစေခြင်း အစရှိသည့် အခန်း ၃-၄-၂ တွင် ဖော်ပြထားသော လက်ရှိသစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းများသည် REDD+ လုပ်ငန်းစဉ်များ ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ရေ့ပြေး သရုပ်ပြ စမ်းသပ်ခြင်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ တနည်းအားဖြင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများမှ အတွေ့အကြုံများနှင့် အားသာချက်များကို REDD+ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြန်လည်အသုံးချနိုင်မည် ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ရေအားလျှပ်စစ်ကဏ္ဍများရှိ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများသည် သစ်တောပြုန်းတီးမှုကို အဓိကဖြစ်စေသည့် ကဏ္ဍများ ဖြစ်သည့်အတွက် ယင်းကဏ္ဍများဆိုင်ရာ စီမံကိန်းများနှင့် REDD+ လုပ်ငန်းစဉ်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုမှာ အလွန်အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ထို့အပြင် လမ်းပြမြေပုံ ရေးဆွဲခြင်းနှင့် UNFCCC Second National Communication အစီရင်ခံစာ ရေးသားခြင်းတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် အထူးလိုအပ်လျက် ရှိပါသည်။

### ၁-၅ လက်ရှိ REDD+ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံ၏ လိုအပ်ချက်များနှင့် အားနည်းချက်များ

REDD+ လမ်းပြမြေပုံရေးဆွဲခြင်း လုပ်ငန်းစဉ်များကို အဓိကအားဖြင့် သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ဦးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး၊ သက်ဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်အများစုမှာ A/R CDM နှင့် REDD+ ပင်မအဖွဲ့တို့မှ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် တည်ထောင်ခဲ့သည့် REDD+ ဆက်စပ်ပါဝင်သူများကွန်ယက်ကိုလည်း ဆက်စပ်ပါဝင်သူများနှင့် လုံခြုံမှုအစီအမံများဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် “ဆက်စပ်ပါဝင်သူများ အသေးစိတ်လေ့လာ ဆန်းစစ်ခြင်း” (Stakeholder Analysis) လုပ်ငန်းစဉ်များမှ ရလာဒ်များကို အခြေခံ၍ ပိုမိုချဲ့ထွင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် REDD+ လမ်းပြမြေပုံအား ပြန်လည် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ အမျိုးသားအဆင့်နှင့် ဒေသအဆင့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် ဆက်စပ်ပတ်သက်သူများ၏ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်မှုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

လက်ရှိစီမံအုပ်ချုပ်မှု ပုံစံများသည် REDD+ လမ်းပြမြေပုံ ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွက် လုံလောက်မှု ရှိခဲ့သော်လည်း လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် နိုင်ငံအဆင့် REDD+ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကိုမူ ပိုမို မြင့်တင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ REDD+ စီမံကိန်းများ အမှန်တကယ် ဆောင်ရွက်ရာတွင် ရန်ပုံငွေရင်းမြစ် အမြောက်အများ၊ လုပ်ငန်းစဉ် အမြောက်အများနှင့် ဆက်စပ်ပါဝင်သူ အမြောက်အများ ပါဝင်လာမည်ဖြစ်ရာ ပိုမိုခိုင်မာသည့် အဖွဲ့အစည်း စနစ်များ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်များ၊ အချိန်နှင့် တပြေးညီ ဆုံးဖြတ်ချက် ချမှတ်နိုင်မည့် စနစ်များနှင့် ဆက်စပ်ပတ်သက်သူများမှ မူဝါဒရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများတွင် ပူးပေါင်းပါဝင်နိုင်မည့် စနစ်များ စသည်တို့ လိုအပ်လာမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ REDD+ ကြိုတင် ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်စွာ ဆောင်ရွက် နိုင်ရန်အတွက် REDD+ လမ်းပြမြေပုံ ရေးဆွဲရာတွင် လက်ရှိ ဖွဲ့စည်းအုပ်ချုပ်မှု စနစ်များ၌ တွေ့ရှိရသည့် အောက်ဖော်ပြပါ လိုအပ်ချက်များကို ဖြေရှင်း ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

### *၁-၅-၁ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားပြုပါဝင်ကြီးကြပ်မှုအားနည်းခြင်း*

REDD+ ဆိုင်ရာ လုပ်ငန်းအဖွဲ့အသီးသီးတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများအပြင် အခြားသော ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သော်လည်း၊ REDD+ စီမံအုပ်ချုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ် ခြင်းများတွင် ဆက်စပ်ဌာနများ၏ ပါဝင်ပတ်သက်မှု အားနည်းလျက်ရှိကြောင်း တွေ့ရှိရ ပါသည်။ လက်ရှိ REDD+ ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်လျက်ရှိသော အဖွဲ့အစည်းမှာ သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ဦးဆောင်၍ သစ်တောဝန်ထမ်းများသာ ပါဝင်ဖွဲ့စည်းထားသည့် A/R CDM နှင့် REDD+ Core Unit တို့ ဖြစ်ပါသည်။ သို့ဖြစ်ရာ လက်ရှိအခြေအနေသည် REDD+ ကြိုတင်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများတွင် ပါဝင်ပတ်သက် လာမည့် ဝန်ကြီးဌာနအသီးသီး၏ အဓိကအခန်း ကဏ္ဍများနှင့် တာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လုံလောက်သည့် ပံ့ပိုးမှုများ မရှိကြောင်း တွေ့ရှိရပါသည်။ အကျိုးဆက်အားဖြင့် ဝန်ကြီးဌာနအသီးသီးအား ကြီးကြပ် လမ်းညွှန်နိုင်မည့် အစီအစဉ်တစ်ခု ချမှတ် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ REDD+ ကြိုတင်ပြင်ဆင်ခြင်း ကာလနှင့် နောက်ပိုင်း ကာလများတွင် ဆက်စပ်ဝန်ကြီးဌာနများမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်နှင့် တရားဝင် ပူးပေါင်းနိုင်မှုများ သေချာစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ လိုအပ်မည် ဖြစ်ပါသည်။

### *၁-၅-၂ ဆက်စပ်ပတ်သက်သူများ၏ ကိုယ်စားပြုပါဝင်ဆောင်ရွက်မှု မလုံလောက်ခြင်း*

REDD+ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားပြု ပါဝင်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။ လက်ရှိ

ကာလတွင် A/R CDM နှင့် REDD+ Core Unit များ၊ လုပ်ငန်းအဖွဲ့များတွင် မြန်မာ့သစ်လုပ်ငန်းအနေနှင့် ပုဂ္ဂလိကကဏ္ဍသဖွယ် ပါဝင်ဆောင်ရွက်လျက် ရှိသော်လည်း သက်ဆိုင်ရာ REDD+ စီမံအုပ်ချုပ်မှုကဏ္ဍအသီးသီးတွင် အခြားသော ပုဂ္ဂလိက ကဏ္ဍများမှ ကိုယ်စားလှယ် များ (စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောစိုက်ခင်းများ၊ ဇီဝလောင်စာကဏ္ဍ၊ သတ္တုတူးဖော်ခြင်း လုပ်ငန်းများ၊ ရေအားလျှပ်စစ်ကဏ္ဍ စသည်) ၏ ပူးပေါင်းပါဝင်မှုများ လိုအပ်လျက် ရှိပါသည်။ ထို့အပြင် လက်ရှိ လုပ်ငန်းအဖွဲ့များနှင့် REDD+ Stakeholder Network များတွင် အမျိုးသားအဆင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော်လည်း အများစုမှာ ပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်ကြပြီး၊ အဓိကအဖွဲ့များဖြစ်သည့် A/R CDM နှင့် REDD+ Core Unit တို့တွင် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ အခြားသော လူမှုအဖွဲ့အစည်းများ ဖြစ်သည့် အမျိုးသမီးများနှင့် ဒေသခံ လူမျိုးစုများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဒေသများအလိုက် ကိုယ်စားပြု အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများ စသည်တို့ ရရှိလာစေရေးအတွက် တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

### *၁-၅-၃ လူ့စွမ်းအားအရင်းအမြစ်များ၊ အချိန်နှင့် ငွေကြေးဆိုင်ရာ အခက်အခဲများ*

မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းစဉ်များကို ၂၀၁၀ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့သော်လည်း ဝန်ထမ်းအင်အား၊ နည်းပညာအထောက်အပံ့၊ အချိန်နှင့် ငွေကြေးဆိုင်ရာ အခက်အခဲများကြောင့် REDD+ လမ်းပြမြေပုံ ရေးဆွဲရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိလာခဲ့ပါသည်။ လက်ရှိ ရေးဆွဲထားသည့် လမ်းပြမြေပုံအား စတင် ရေးဆွဲနိုင်ရန်အတွက် ပြည်ပမှ International Roadmap Coordinator တစ်ဦးနှင့် ပြည်တွင်း မှ National Facilitator တစ်ဦးတို့အား ခန့်အပ်ဆောင်ရွက်ခဲ့ပြီး၊ အခြားလိုအပ်သည့် နည်းပညာဆိုင်ရာ အထောက်အပံ့များကို UN-REDD Programme Advisors များနှင့် RECOFTC မှ ပညာရှင်များက ပံ့ပိုးကူညီ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးများ ကျင်းပနိုင်ရန်နှင့် နိုင်ငံအဆင့် လမ်းပြမြေပုံအား ချပြဆွေးနွေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေ အထောက်အပံ့များကို ရှာဖွေဆောင်ရွက်ခဲ့ပါသည်။ လမ်းပြမြေပုံ စတင်အကောင်ထည်ဖော် ဆောင်ရွက်ရန်အတွက် လက်ရှိ အဖွဲ့အစည်းများနှင့် အနာဂတ်တွင် ဖွဲ့စည်းဆောင်ရွက်မည့် REDD+ စီမံအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့ဝင်များကို လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းစနစ် နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးသွားရန်လိုအပ်မည် ဖြစ်ပါသည်။ ထို့အတူ အဆိုပြု တင်ပြထားသည့် REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များနှင့် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရန်ပုံငွေအမြောက်အများ လိုအပ်မည်ဖြစ်ပါသည်။ တဖက်မှလည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် REDD+ လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ထမ်းများ သတ်သတ်မှတ်မှတ် တာဝန်ပေးအပ်ရန် လိုအပ်မည်ဖြစ်ပါ သည်။

## ၁-၆ REDD+ ကြိုတင်ပြင်ဆင်ခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ အဆိုပြုဖွဲ့စည်းပုံ

REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များ စီမံအုပ်ချုပ်ရန် တာဝန်ရှိမည့် အဖွဲ့များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ (REDD+ Readiness Institutional Structure) ကို ရေးဆွဲခဲ့ပြီး အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များတွင် ပြန်လည်သုံးသပ်ခဲ့ကြပါသည် (ပုံ ၁-၂)။ အဆိုပါ ဖွဲ့စည်းအုပ်ချုပ်မှုပုံစံကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်သည့် အမျိုးသားအဆင့် လမ်းပြမြေပုံ အတည်ပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အတည်ပြုခဲ့ပါသည်။ အဆိုပြုဆောင်ရွက်မည့် ဖွဲ့စည်းအုပ်ချုပ်မှုစနစ်သည် အခန် (၁-၅) တွင် ဖော်ပြထားသော လက်ရှိ ဆောင်ရွက်နေသည့် REDD+ စီမံအုပ်ချုပ်မှုစနစ်များ၏ အားနည်းချက်များကို ဖြေရှင်းနိုင်မည် ဖြစ်ပြီး၊ အခန်း (၄) တွင် ဖော်ပြမည့် အဖွဲ့အစည်းစနစ်များ ပြန်လည်သုံးသပ်ခြင်းကဏ္ဍတွင် လိုအပ်ပါက ပြန်လည်ပြင်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။




**ပုံ (၁-၂)** REDD+ ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် စီမံအုပ်ချုပ်မှုပုံစံ

### ၁-၆-၁ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ (NECC)

REDD+ စီမံကိန်းများကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သည့် အဖွဲ့အစည်း တစ်ခုခုမှ မူဝါဒဆိုင်ရာ လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်းများ လိုအပ်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ (NECC) သည် လက်ရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်နေမှုကို ကြီးကြပ် ဆောင်ရွက်ရန် တာဝန်ရှိသည့် ပြည်ထောင်စုအဆင့်ကော်မတီတစ်ခုဖြစ်ပါသည်။ ထို့အပြင် NECC သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲခြင်းနှင့်သက်ဆိုင်ရာ လုပ်ငန်းစီမံချက်များ (ဥပမာ NAPA) ရေးဆွဲခြင်းများ အပါအဝင် ရာသီဥတု ပြောင်းလဲမှုများနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းစဉ်များကို ပူးပေါင်း၍ စီမံအုပ်ချုပ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် NECC သည် မြန်မာနိုင်ငံမှ သဘောတူ လက်မှတ်ရေးထိုးဝင်ရောက်ထားသည့် UNFCCC နှင့်လည်း ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ရှိသည့် ကော်မတီတစ်ခုဖြစ်ပါသည်။ ကော်မတီ၏ လုပ်ငန်းတာဝန်အသေးစိတ်ကို အခန်း (၁-၁-၄) တွင် ဖော်ပြထားပါသည်။ REDD+ လုပ်ငန်းစဉ်များတွင် NECC သည် လုပ်ငန်းအစီအစဉ် အကြံပေး အဖွဲ့ (Programme Advisory Board) အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး၊ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ နှစ်စဉ်လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊
- REDD+ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အဖွဲ့အစည်းများ၊ ရန်ပုံငွေနှင့် မူဝါဒများ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်းများကို ပြန်လည် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊
- လက်တွေ့လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့် ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်များ ပါဝင်သည့် REDD+ မဟာဗျူဟာများကို လေ့လာဆန်းစစ်၍ ပြန်လည်သုံးသပ်အတည်ပြုခြင်း၊
- အမျိုးသားအဆင့် ဆွေးနွေးပွဲများ (အခန်း ၂-၅) တွင် ချမှတ်ခဲ့သည့် REDD+ ကြိုတင် ပြင်ဆင်ခြင်းဆိုင်ရာ အခြားသော လုပ်ငန်းစဉ်များ (ဥပမာ- လုံခြုံမှုအစီအမံများ၊ မကျေနပ်ချက်များ ဖြေရှင်းပေးမည့် အစီအစဉ်များ၊ FPIC လမ်းညွှန်များ၊ REL/RL များ စသည်) ကို ပြန်လည် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊
- သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးမှ REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

- REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုင်ငံတော် သမ္မတရုံးနှင့် UNFCCC တို့သို့ အစီရင်ခံ တင်ပြခြင်း။

### ၁-၆-၂ REDD+ လုပ်ငန်းအထောက်အကူပြုအဖွဲ့ (Task Force)

လမ်းပြမြေပုံ အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့် တပြိုင်နက် REDD+ လုပ်ငန်းအထောက်အကူပြုအဖွဲ့ (Task Force) ကို ဖွဲ့စည်းတည်ထောင်မည် ဖြစ်ပါသည်။ လုပ်ငန်းအထောက်အကူပြုအဖွဲ့ကို MoECAF မှ တိုက်ရိုက် ညွှန်ကြား ဆောင်ရွက်သွားမည်ဖြစ်ပြီး NECC မှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းအထောက်အကူပြုအဖွဲ့တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်များနှင့် MERN ကွန်ယက်မှ ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပြီး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်း အထောက်အကူပြုအဖွဲ့ အစည်းအဝေးများကို ပုံမှန်ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပြီး၊ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (TWGs) များမှ အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့ ၏ စီမံဆုံးဖြတ်ချက်များ နှင့် လုပ်ငန်းတာဝန်များကို တိုက်ရိုက်ပံ့ပိုး ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်း အထောက်အကူပြုအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်များ၏ သဘောတူဆုံးဖြတ်ချက်များအရ အဖွဲ့ဝင်များတွင် အခြားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကွန်ယက်များမှ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် တိုးချဲ့ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ လုပ်ငန်းအထောက်အကူပြုအဖွဲ့ အစည်းအဝေးများကို ကနဦးကာလများ၌ တစ်လလျှင် တစ်ကြိမ် ကျင်းပမည်ဖြစ်ပြီး၊ နောက်ပိုင်းကာလများတွင် အနည်းဆုံး လေးလလျှင် တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပါသည်။ REDD+ လုပ်ငန်း အထောက်အကူပြုအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- လုပ်ငန်းအဖွဲ့များ (TWGs)၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့ရုံး (Task Force Office) နှင့် အခြား REDD+ လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်သူများ အားလုံး၏ လုပ်ငန်းအစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်းရေးဆွဲခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းများ အပါအဝင် REDD+ ပြင်ဆင်ခြင်း လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်ရန်၊
- REDD+ စီမံကိန်းအသစ်များအနေဖြင့် REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပေါင်းစပ်ပါဝင်စေရန်နှင့် အမျိုးသားအဆင့် REDD+ လုပ်ငန်းစနစ်နှင့် နည်းလမ်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် နိုင်ငံအတွင်းရှိ REDD+ နှင့် သက်ဆိုင်သော လှုပ်ရှားမှုများ အားလုံးတွင် ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ရန်၊

- လုပ်ငန်းအဖွဲ့များ၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့နှင့် အခြားသော REDD+ စီမံကိန်းများ သို့မဟုတ် အမျိုးသား REDD+ ကွန်ယက်အဖွဲ့ဝင်များမှ ပြုစုတင်ပြလာသည့် စီမံကိန်းအဆိုပြုလွှာများနှင့် နည်းပညာဆိုင်ရာ လေ့လာသုံးသပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း အတည်ပြု၍ လိုအပ်သည့် သုံးသပ်ချက်များနှင့် အတည်ပြုချက်များရရှိရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ (NECC) သို့ ဆက်လက် တင်ပြဆောင်ရွက်ခြင်း၊
- စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် REDD+ လုံခြုံမှုစနစ် (Safeguards) များ လိုက်နာဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်လမ်းညွှန်ဆောင်ရွက်ရန်၊
- လုပ်ငန်းအဖွဲ့ဆွေးနွေးပွဲများမှ သော်လည်းကောင်း၊ အခြားသောနည်းလမ်း တစ်ခုခုဖြင့်သော်လည်းကောင်း လုပ်ငန်းအထောက်အကူပြု အဖွဲ့သို့ သတင်းပေးပို့တင်ပြလာသည့် အခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ အကြံပြုရန်၊
- ဒေသခံပြည်သူများ၏ အခက်အခဲများကို သိရှိဖြေရှင်းဆောင်ရွက်ခြင်း၊ FPIC မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများအား အကျိုးအမြတ် ခွဲဝေခြင်းများ သေချာစေရန်၊
- NECC ၏ အစည်းအဝေးများ ပြင်ဆင်ပေးခြင်း၊ အစည်းအဝေး အစီအစဉ်များ ရေးဆွဲခြင်း၊ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများနှင့် နည်းပညာဆိုင်ရာ အစီရင်ခံစာများကို တင်ပြဆွေးနွေးခြင်းနှင့် မူဝါဒဆိုင်ရာ သုံးသပ်အကြံပြုချက်များကို ကောက်နှုတ်၍ ပြန်လည် မျှဝေဆောင်ရွက်သွားရန်၊
- NECC မှ အကြံပြုချက်များ၊ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက NECC သို့ ပြန်လည် အစီရင်ခံတင်ပြသွားရန်၊
- လိုအပ်ပါက REDD+ ပြင်ဆင်ခြင်း လုပ်ငန်းများနှင့် ရှေ့ပြေးစမ်းသပ်စီမံကိန်းများ အကောင် အထည်ဖော် ဆောင်ရွက်ရန် အတွက် ရန်ပုံငွေနှင့် အခြားအရင်းအမြစ်များ ခွဲဝေခြင်းနှင့် ပတ်သက်သည့် အကြံပြုချက်များကို NECC နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြသွားရန်၊
- REDD+ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များနှင့် တိုးတက်မှုများကို NECC သို့ အချိန်နှင့် တပြေးညီ တင်ပြရန်နှင့် NECC မှ တဆင့် UNFCCC သို့ ပြန်ကြားရန် လိုအပ်ပါက NECC သို့ အကြံပြုချက်များ တင်ပြရန်၊

လိုအပ်ပါက အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ အသေးစိတ် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ရေးဆွဲ ပြဋ္ဌာန်းသွားမည် ဖြစ်ပြီး အမျိုးသားအဆင့်

REDD+ ကွန်ယက် သို့ E-mail မှ တဆင့် ဆက်သွယ် ပေးပို့၍ သဘောထားမှတ်ချက်များ ရယူဆောင်ရွက် သွားမည် ဖြစ်ပါသည်။

### *၁-၆-၃ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ (TWGs)*

REDD+ လုပ်ငန်းအထောက်အကူပြုအဖွဲ့ကို အထောက်အကူ ပြုနိုင်ရန်အတွက် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ (Technical Working Groups) တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ REDD+ လမ်းပြမြေပုံ ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် တက်ရောက်လာသူများမှ လက်ရှိဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ (၃) ဖွဲ့ကို ထပ်မံဖြည့်စွက်၍ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (၆) ဖွဲ့ကို ဖွဲ့စည်းတည်ထောင်သွားရန် သဘောတူညီခဲ့ပါသည်။ လုပ်ငန်းအဖွဲ့များသို့ အဖွဲ့ဝင်အဖြစ် လွတ်လပ်စွာ ဝင်ရောက်နိုင်သော်လည်း လုပ်ငန်းအထောက်အကူပြုအဖွဲ့အနေဖြင့် လုပ်ငန်းအဖွဲ့များအလိုက် လက်တွေ့ကျသည့် အဖွဲ့ဝင်အရေအတွက် ရရှိစေရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကဏ္ဍများအလိုက် အစိုးရ ဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများ မှ ကိုယ်စားလှယ်များ မျှတစွာ ပါဝင်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (၆) ဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(၁) တွန်းအားများနှင့် မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့** (လက်ရှိဖွဲ့စည်းပြီး- အခန်း ၃)

- REDD+ မဟာဗျူဟာများ လေ့လာဆန်းစစ်ရန် လိုအပ်မည့် လုပ်ငန်းစဉ်အဆင့်များအား လမ်းညွှန်ကြီးကြပ်ရန်နှင့် နည်းပညာဆိုင်ရာ အထောက်အကူ ပေးရန်၊
- REDD+ မဟာဗျူဟာများ ရွေးချယ်စမ်းသပ်ဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်ရန်၊
- REDD+ မဟာဗျူဟာများကို လက်ရှိ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအထောက်အကူပြုအဖွဲ့သို့ အကြံပြု တင်ပြရန်၊
- နည်းပညာအစီရင်ခံစာများအား သုံးသပ်ရန်နှင့် မဟာဗျူဟာ ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းဆိုင်ရာ အခက်အခဲ ပြဿနာများအပေါ် လုပ်ငန်း အထောက် အကူပြုအဖွဲ့သို့ အကြံပြုတင်ပြရန်၊
- REDD+ မဟာဗျူဟာများ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ ဆက်စပ်ပတ်သက်သူများ ဆွေးနွေးပွဲများတွင် ကူညီဆောင်ရွက်ပေးရန်၊
- REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ နှစ်စဉ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ရန်ပုံငွေတွက်ချက်ခြင်းနှင့် အစီရင်ခံစာရေးသားပြုစုခြင်းများတွင် ပံ့ပိုးဆောင်ရွက်ရန်၊

- လုပ်ပိုင်ခွင့်နှင့်တာဝန်များ (ToRs)များ သို့မဟုတ် အဆိုပြုလွှာ (concept notes) များ ရေးသားပြုစုရာတွင် လည်းကောင်း၊ ကျွမ်းကျင်သည့် အကြံပေးများ ခန့်အပ်ခြင်း သို့မဟုတ် အဖွဲ့အစည်းများ ထပ်မံဖွဲ့စည်း ခြင်းများတွင်လည်းကောင်း ကူညီဆောင်ရွက်ပေးရန်။

**(၂) ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်စေခြင်းနှင့် လုံခြုံမှုစနစ်များဆိုင်ရာ လုပ်ငန်းအဖွဲ့** (လက်ရှိဖွဲ့စည်းပြီး-အခန်း ၂ နှင့် ၄ တွင် ကြည့်ပါ)

- နိုင်ငံအဆင့် REDD+ ဆက်စပ်ပတ်သက်သူများ ကွန်ယက်၏ ဖွဲ့စည်း တည်ထောင်မှုစနစ် ပိုမိုခိုင်မာစေရန်ရည်ရွယ်၍ ဆက်စပ်ပတ်သက်သူများ အား နှစ်စဉ် ပြန်လည်သုံးသပ် သွားရန်၊
- ဆက်စပ်ပတ်သက်သူများ တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ လမ်းညွှန်များ၊ FPIC ဆိုင်ရာ လမ်းညွှန်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းစနစ် ဆိုင်ရာ လမ်းညွှန် ချက်များ ရေးသားပြုစုရန်၊
- REDD+ ဆိုင်ရာ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ ပြန်လည် သုံးသပ် ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး လိုအပ်ချက်များ ဆန်းစစ် ခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရန်၊
- ဆက်စပ်ပတ်သက်သူများ တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များကို ကြီး ကြပ်ဆောင်ရွက်ရန်၊
- FPIC လမ်းညွှန်ချက်များကို ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ရန်၊
- သင်တန်းများနှင့် ပညာပေးလုပ်ငန်းစဉ်များကို ကြီးကြပ်ကွပ်ကဲသွားရန်၊
- လုံခြုံမှုစနစ်များနှင့် မကျေနပ်ချက်တိုင်တန်းဖြေရှင်းသည့် စနစ်များ ထူထောင်ခြင်းအား ကြီးကြပ်လမ်းညွှန်သွားရန်၊
- အမျိုးသားအဆင့် REDD+ ဆက်စပ်ပတ်သက်သူများ ကွန်ယက်၊ လုပ်ငန်းအဖွဲ့များနှင့် REDD+ လုပ်ငန်းအထောက်အကူပြု အဖွဲ့တို့မှ ဆောင်ရွက်မည့် ဆွေးနွေးပွဲများ၊ လုံခြုံမှုစနစ်များနှင့် မကြေနပ်ချက် တိုင်တန်းဖြေရှင်းသည့် စနစ်များ ထူထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ကူညီအကြံပြုပေးရန်၊
- REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ နှစ်စဉ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ရန်ပုံငွေတွက်ချက်ခြင်းနှင့် အစီရင်ခံစာရေးသားပြုစုခြင်းများ တွင် ပံ့ပိုးဆောင်ရွက်ရန်၊
- လုပ်ပိုင်ခွင့်နှင့်တာဝန်များ သို့မဟုတ် အဆိုပြုလွှာများ ရေးသားပြုစုရာတွင် လည်းကောင်း၊ ကျွမ်းကျင်သည့် အကြံပေးများခန့်အပ်ခြင်း သို့မဟုတ် အဖွဲ့အစည်းများ ထပ်မံ ဖွဲ့စည်းခြင်းများတွင်လည်းကောင်း ကူညီ ဆောင် ရွက်ပေးရန်။

**(၃) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် (NFMS) နှင့် ကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏများ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့** (တည်ထောင်ပြီး - အခန်း ၅ နှင့် ၆)

- နိုင်ငံအဆင့် ကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏအား မြေအသုံးချမှု ပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များနှင့် နိုင်ငံအဆင့် ဖြစ်ပျက်ပြောင်းလဲနေမှုများအပေါ် သုံးသပ်ချက်များကို အခြေခံ၍ တည်ထောင်သွားရန်၊
- ရည်ညွှန်းပမာဏများ (REL/RL) အား စမ်းသပ်ဆောင်ရွက်ရန်နှင့် သရုပ်ပြ ဆောင်ရွက်မည့် ဒေသများ ရွေးချယ်ရန်၊
- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် (NFMS) တစ်ခု ထူထောင်ရန်၊
- REL/RL နှင့် NFMS ဆိုင်ရာ ဆွေးနွေးပွဲများအား ပံ့ပိုးကူညီရန်၊
- အမျိုးသားအဆင့် REDD+ ဆက်စပ်ပတ်သက်သူများ ကွန်ယက်၊ လုပ်ငန်းအဖွဲ့များနှင့် REDD+ လုပ်ငန်းအထောက်အကူပြု အဖွဲ့တို့အား REL/RL နှင့် NFMS စနစ်များ ထူထောင်ရာတွင် အကြံပြုကူညီပေးရန်၊
- REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ နှစ်စဉ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ရန်ပုံငွေတွက်ချက်ခြင်းနှင့် အစီရင်ခံစာ ရေးသားပြုစုခြင်းများတွင် ပံ့ပိုးဆောင်ရွက်ရန်၊
- လုပ်ပိုင်ခွင့်နှင့်တာဝန်များ သို့မဟုတ် အဆိုပြုလွှာများ ရေးသားပြုစုရာတွင် လည်းကောင်း၊ ကျွမ်းကျင်သည့် အကြံပေးများခန့်အပ်ခြင်း သို့မဟုတ် အဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းခြင်းများတွင် လည်းကောင်း ကူညီဆောင်ရွက်ပေးရန်။

**(၄) REDD+ စီမံကိန်းများဆိုင်ရာလုပ်ငန်းအဖွဲ့ (REDD+ Project TWG)**

- REDD+ ရှေ့ပြေးစီမံကိန်းများ ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များတွင် အထောက်အကူပြုရန်၊
- အဖွဲ့အစည်း အသီးသီးမှ REDD+ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံအဆင့် REDD+ စနစ်တွင် ပေါင်းစပ်ညှိနှိုင်း ပါဝင်နိုင်စေရန် သို့မဟုတ် အထောက်အကူ ပြုစေနိုင်ရန်အတွက် စိစစ်ဆောင်ရွက်သွားရန်။

**(၅) ဘဏ္ဍာရေးနှင့် အကျိုးအမြတ်ခွဲဝေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့**

- REDD+ နှင့် သက်ဆိုင်သည့် လက်ရှိ ငွေကြေးထောက်ပံ့သုံးစွဲမှု စနစ်များကို ပြန်လည်သုံးသပ်ရန်၊

- ငွေကြေးစီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်ခွဲဝေခြင်းစနစ်များ တည်ထောင်ခြင်းအား ကြီးကြပ်ဆောင်ရွက်ရန်၊
- ငွေကြေးစီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်ခွဲဝေခြင်းစနစ် တည်ထောင်ခြင်းများနှင့် သက်ဆိုင်သော ဆွေးနွေးပွဲများကို ကူညီပံ့ပိုးရန်၊
- ငွေကြေးစီမံခန့်ခွဲမှုစနစ်အား စမ်းသပ်ဆောင်ရွက်ရန်နှင့် REDD+ လုပ်ငန်း အထောက်အကူပြုအဖွဲ့အား လိုအပ်သည့် အကြံပြုချက်များ ပံ့ပိုးပေးရန်၊
- REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ နှစ်စဉ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ရန်ပုံငွေတွက်ချက်ခြင်းနှင့် အစီရင်ခံစာရေးသားပြုစုခြင်းများတွင် ပံ့ပိုးဆောင်ရွက်ရန်၊
- လုပ်ပိုင်ခွင့်နှင့်တာဝန်များ သို့မဟုတ် အဆိုပြုလွှာများ ရေးသားပြုစုရာတွင်လည်းကောင်း၊ ကျွမ်းကျင်သည့် အကြံပေးများခန့်အပ်ခြင်း သို့မဟုတ် အဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းခြင်းများတွင်လည်းကောင်း ကူညီဆောင်ရွက်ပေးရန်။

**(ဖ) ဥပဒေရေးရာ လုပ်ငန်းအဖွဲ့ (Legal TWG)**

- REDD+ မဟာဗျူဟာများ ဆန်းစစ်လေ့လာခြင်းနှင့် REDD+ ဆိုင်ရာ ဥပဒေမူဘောင်များ ချမှတ်ရာတွင် ဥပဒေကြောင်းအရ ပြန်လည်သုံးသပ်ခြင်းများကို လမ်းညွှန်ကြီးကြပ်ရန်၊
- တည်ဆဲဥပဒေရေးရာမူဘောင်များအား ပြင်ဆင်မည့် အဆိုပြုမူကြမ်းများ ပြုစုပေးခြင်း သို့မဟုတ် ဥပဒေမူဘောင်အသစ်များ ရေးဆွဲချမှတ်ရန်နှင့် လိုအပ်သည့် အကြံပြုချက်များ ထောက်ပံ့ပေးရန်၊
- REDD+ ဆိုင်ရာ ဥပဒေမူဘောင် ရေးဆွဲချမှတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်ကူညီရန်၊
- နိုင်ငံအဆင့် REDD+ လုံခြုံမှုစနစ်များနှင့် မကြေနပ်ချက်များ ဖြေရှင်းသည့် စနစ်များ တည်ထောင်ရာတွင် အထောက်အကူပြုရန်၊
- REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ နှစ်စဉ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ရန်ပုံငွေတွက်ချက်ခြင်းနှင့် အစီရင်ခံစာရေးသားပြုစုခြင်းများတွင် ပံ့ပိုးဆောင်ရွက်ရန်၊
- လုပ်ပိုင်ခွင့်နှင့်တာဝန်များ သို့မဟုတ် အဆိုပြုလွှာများ ရေးသားပြုစုရာတွင်လည်းကောင်း၊ ကျွမ်းကျင်သည့် အကြံပေးများခန့်အပ်ခြင်း သို့မဟုတ် အဖွဲ့အစည်းများ ထပ်မံဖွဲ့စည်းခြင်းများတွင်လည်းကောင်း ကူညီ ဆောင်ရွက်ပေးရန်။

လိုအပ်ပါက အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ အသေးစိတ် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ရေးဆွဲ ပြဌာန်းသွားမည် ဖြစ်ပြီး အမျိုးသားအဆင့်

REDD+ ကွန်ယက် သို့ E-mail မှ တဆင့် ဆက်သွယ်ပေးပို့၍ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဖွဲ့ဝင်များ ရွေးချယ်ရာတွင် လုပ်ငန်း အထောက် အကူပြုအဖွဲ့အနေဖြင့် ဌာနဆိုင်ရာများမှ အဖွဲ့ဝင်များကို လုပ်ငန်းအဖွဲ့တစ်ခုခြင်းစီအလိုက် အဆိုပြု တင်ပြသွားမည်ဖြစ်ပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍများမှ အဖွဲ့ဝင်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်မည်ဟု ယူဆရသော လုပ်ငန်း အဖွဲ့များတွင် ဝင်ရောက်ပါဝင်ခွင့်ပြုမည်ဖြစ်ပါသည်။ လုပ်ငန်းအဖွဲ့များ (TWGs) အနေဖြင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့ (Task Force) ကို တိုက်ရိုက်တာဝန်ခံ ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ နည်းပညာ၊ ငွေကြေးနှင့် အခြား ပံ့ပိုးမှုများကို REDD+ လုပ်ငန်းအထောက် အကူပြုအဖွဲ့ရုံးမှ ထောက်ပံ့သွားမည်ဖြစ်ပါသည်။ လုပ်ငန်းအဖွဲ့များ အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ အစည်းအဝေးများကို ကနဦးကာလတွင် တစ်လလျှင် တစ်ကြိမ် ကျင်းပသွားမည် ဖြစ်ပြီး၊ နောက်ပိုင်းကာလများတွင် လုပ်ငန်းအစီ အစဉ်အပေါ်မူတည်၍ အသေးစိတ် ပြန်လည်ညှိနှိုင်း သွားမည်ဖြစ်ပါသည်။ အစည်းအဝေး များ ကျင်းပရာတွင် လုပ်ငန်းအဖွဲ့များအကြား ညှိနှိုင်း ဆောင်ရွက်နိုင်ရန်နှင့် ရပ်ဝေးမှ လာရောက်မည့် ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်အတွက် လုပ်ငန်းအဖွဲ့များအားလုံး၏ အစည်းအဝေးများကို တပြိုင်နက် ကျင်းပသွားမည် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်များသည် နိုင်ငံအဆင့် REDD+ ဆက်စပ်ပတ်သက်သူများ ကွန်ယက်၌လည်း အဖွဲ့ဝင်များအဖြစ် ပါဝင်သည့်အလျောက် လုပ်ငန်းအထောက် အကူပြုအဖွဲ့ အစည်းအဝေးများတွင် ပါဝင်စေ ခြင်းအားဖြင့် လုပ်ငန်းအဖွဲ့နှင့် ကွန်ယက်အကြား ပိုမိုချိတ်ဆက် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ လုပ်ငန်းအထောက်အကူပြု အဖွဲ့သည် လုပ်ငန်းလိုအပ်ချက်အရ နည်းပညာ ဆိုင်ရာ လုပ်ငန်းအဖွဲ့များကို ထပ်မံ၍ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်ခြင်း သို့မဟုတ် လက်ရှိ ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များကို ပြန်လည်ပေါင်းစပ်ခြင်းစသည်တို့ကို ဆောင်ရွက် သွားနိုင်မည်ဖြစ်ပါသည်။ ထို့အတူ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ အနေဖြင့်လည်း လုပ်ငန်းအဖွဲ့များ အစည်းအဝေးများတွင် ဆွေးနွေးသဘောတူညီချက်များအရ အဖွဲ့ဝင် အသစ်များကို ထပ်မံဖြည့်စွက် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

### ***၁-၆-၄ REDD+ လုပ်ငန်းအထောက်အကူပြုရုံးအဖွဲ့***

လုပ်ငန်းအထောက်အကူပြုရုံးအဖွဲ့ (REDD+ Task Force Office) ကို သစ်တော ဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနအောက်တွင် တည်ထောင်ဖွင့်လှစ်သွားမည် ဖြစ်ပြီး သစ်တောဦးစီးဌာန၏ တရားဝင်ဖွဲ့စည်းပုံ အတွင်း ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဤရုံး၏ အဓိက တာဝန်နှင့်ဝတ္တရားများမှာ လုပ်ငန်း အထောက်အကူ ပြုအဖွဲ့အား လိုအပ်သော ထောက်ပံ့မှုများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ နည်းပညာ ပံ့ပိုးမှုများနှင့် အခြားစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပံ့ပိုးဆောင်ရွက်သွားရန်

ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းအထောက်အကူပြု ရုံးအနေဖြင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် နိုင်ငံအဆင့် REDD+ ဆက်စပ်ပတ်သက် သူများကွန်ယက်ကို ကူညီထောက်ပံ့ခြင်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရုံးအဖွဲ့၏ အသေးစိတ် တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- Task Force အစည်းအဝေးများအတွက် အစည်းအဝေးအစီအစဉ် မူကြမ်းများ ပြုစုတင်ပြပေးရန်၊
- Task Force အစည်းအဝေးများ မကျင်းပမီ နှစ်ပတ် ကြိုတင်၍ အစည်းအဝေးတွင် လိုအပ်မည့် စာရွက်စာတမ်းများ (ဥပမာ- အစည်းအဝေးအစီအစဉ်၊ ယခင်အစည်းအဝေးမှတ်တမ်းများ၊ လတ်တလော အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာများ၊ နည်းပညာ အစီရင်ခံစာများစသည်) ကို Task Force နှင့် နည်းပညာ လုပ်ငန်းအဖွဲ့ဝင်များသို့ တင်ပြဖြန့်ဝေသွားရန်၊
- Task Force အစည်းအဝေးအစီအစဉ်များကို နိုင်ငံအဆင့် REDD+ ဆက်စပ်ပတ်သက်သူများ ကွန်ယက် အဖွဲ့ဝင်များသို့ အစည်းအဝေးမကျင်းပမီ အနည်းဆုံး နှစ်ပတ်ခန့် ကြိုတင်ဖြန့်ဝေ၍ သဘောထားမှတ်ချက်များ ရယူခြင်း၊ ယင်းသဘောထားမှတ်ချက်များကို အစည်းအဝေးတွင် တင်ပြဆွေးနွေးခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို ပြန်လည်ဖြန့်ဝေခြင်း၊
- Task Force အစည်းအဝေးများ ကျင်းပရာ၌ လိုအပ်သည့် ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ရန် (ရပ်ဝေးမှ ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေးအစီအစဉ်များအပါအဝင်) နှင့် အစည်းအဝေး မှတ်တမ်း (မူကြမ်း) များ မှတ်တမ်းတင် ဆောင်ရွက်ရန်၊
- အင်တာနက်စာမျက်နှာများမှတဆင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းစနစ် (Web based Information Management System) အား တည်ထောင်ခြင်း၊ ပုံမှန် update ပြုလုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန်၊
- ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များ အားလုံးအတွက် (သက်ဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့နှင့်အတူ) အဓိကဆွေးနွေးမည့်အချက်အလက်များ ရေးသားပြုစုခြင်းနှင့် ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊
- အမျိုးသားအဆင့် REDD+ ဆက်စပ်ပတ်သက်သူများ ကွန်ယက်၊ လုပ်ငန်းအဖွဲ့များနှင့် REDD+ လုပ်ငန်းအထောက်အကူပြု အဖွဲ့တို့မှ နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် ကူညီဆောင်ရွက်ရန်နှင့် REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ် တစ်ခုလုံး၏ နှစ်စဉ် လုပ်ငန်းအစီအစဉ်များနှင့် ရန်ပုံငွေလျာထားချက်တို့ကို ညှိနှိုင်း ပေါင်းစပ်သွားရန်၊

- လုပ်ငန်းဆောင်ရွက်မှုများ၊ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ငွေကြေးသုံးစွဲမှုတို့အား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းစနစ်များ တည်ထောင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများနှင့် ငွေကြေးသုံးစွဲမှု အစီရင်ခံစာများအား ပေါင်းစပ်သို့ရှိနိုင်း၍ အချိန်မီ တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊
- လေ့ကျင့်ပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကျင်းပရာတွင် စီစဉ်ဆောင်ရွက်ပေးရန် နှင့် အထောက်အကူပြု ပစ္စည်းများ ကူညီပံ့ပိုးပေးရန်၊
- လုပ်ငန်းအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် မူကြမ်းများပြုစုခြင်းနှင့် ပြည်တွင်း၊ ပြည်ပ အကြံပေးပုဂ္ဂိုလ်များ ခန့်အပ်ခြင်းများ အပါအဝင် လိုအပ်သည့် ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ကူညီပံ့ပိုးဆောင်ရွက်ရန်၊
- လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့များနှင့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့် သတ်မှတ်ထားသော စံနှုန်းများနှင့်အညီ လုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေး ကြီးကြပ် ဆောင်ရွက်ရန်၊
- REDD+ ဆိုင်ရာ ထောက်ပံ့မှုအစီအစဉ်များ၊ ရှေ့ပြေးစီမံကိန်းများဆိုင်ရာ အချက်အလက်များ ထိန်းသိမ်းရန်နှင့် သတင်းအချက် အလက်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများတွင် ကူညီဆောင်ရွက်ရန်၊
- လမ်းပြမြေပုံတွင် ပါဝင်သည့် ရှေ့ပြေးစမ်းသပ်စီမံကိန်းများ၊ REDD+ အစီအစဉ်များနှင့် စီမံကိန်း၏ တည်နေရာများအပေါ် အခြေခံ၍ ပြည်နယ်/ တိုင်းဒေသကြီးအဆင့် REDD+ ရုံးများ တည်ထောင်ရာတွင် ကူညီဆောင်ရွက်ရန်၊

REDD+ လုပ်ငန်းထောက်ပံ့မှုရုံး၏ ဝန်ထမ်းများ ခန့်အပ်ရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြင်ပဝန်ထမ်းများကို ပေါင်းစပ်ဖွဲ့စည်းမည် ဖြစ်ပါသည်။ ပြင်ပမှ ဝန်ထမ်းများ ခေါ်ယူခန့်အပ်ခြင်းအားဖြင့် လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များနှင့် ဆက်စပ်လုပ်ငန်းများကို သီးသန့်အာရုံစိုက်၍ အချိန်ပြည့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ တဖက်မှလည်း ဌာနဆိုင်ရာ ဝန်ထမ်းများ ထည့်သွင်းဖွဲ့စည်းခြင်းအားဖြင့် ရုံးအဖွဲ့၏ လုပ်ငန်းစဉ်များကို အဆက်မပြတ် ဆောင်ရွက်နိုင်မည် ဖြစ်ပြီး၊ လုပ်ငန်းအတွေ့အကြုံများ၊ အသိပညာများ ထိရောက်စွာ မျှဝေဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ရုံးအဖွဲ့တွင် ပါဝင်သည့် ဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို UN-REDD အစီအစဉ်၏ အကူအညီဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။ လုပ်ငန်းအထောက်အကူပြု ရုံးအဖွဲ့တွင် အောက်ဖော်ပြပါ ဝန်ထမ်းများ ခန့်အပ်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်-

- ရုံးအဖွဲ့ မန်နေဂျာ (ဌာနဆိုင်ရာ)
- ပြည်ပအကြီးတန်းနည်းပညာအကြံပေး (ပြည်ပ)

- ပြည်တွင်း လက်ထောက်ရုံးအဖွဲ့ မန်နေဂျာ (ဌာနဆိုင်ရာ ပြင်ပ)
- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းနည်းစနစ် ဆိုင်ရာ ပြည်ပ ပညာရှင်
- သစ်တောသယံဇာတကောက်ယူခြင်းနှင့် အဝေးမှစူးစမ်းခြင်းဆိုင်ရာ ဦးစီးအရာရှိ (ဌာန ဆိုင်ရာ)
- ဆက်သွယ်ရေးအရာရှိ (ဌာနဆိုင်ရာ ပြင်ပ)
- လေ့ကျင့်ရေးနှင့် စီမံကိန်းရေးဆွဲရေးဆိုင်ရာ ဦးစီးအရာရှိ (၂) ဦး (ဌာနဆိုင်ရာ)
- စီမံခန့်ခွဲရေးအရာရှိ (ဌာနဆိုင်ရာ ပြင်ပ)
- အတွင်းရေးမှူး (၂) ဦး (ဌာနဆိုင်ရာ တစ်ဦးနှင့် ပြင်ပမှ တစ်ဦး)
- ယာဉ်မောင်း (၂) ဦး (ဌာနဆိုင်ရာ တစ်ဦးနှင့် ပြင်ပမှ တစ်ဦး)

### *၁-၆-၅ နိုင်ငံအဆင့် ဆက်စပ်ပတ်သက်သူများကွန်ယက်*

နိုင်ငံအဆင့် ဆက်စပ်ပတ်သက်သူများကွန်ယက် (The National REDD+ Stakeholder Network) သည် REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအကြား ဆွေးနွေးတိုင်ပင်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ၏ ပင်မကွန်ယက် တစ်ခုဖြစ်ပါသည်။ ထို့အပြင် ကွန်ယက်သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ဆုံးဖြတ်ချက်များ၊ အစီရင်ခံစာများ၊ အစည်းအဝေးမှတ်တမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာများ ဖြန့်ဝေရာတွင်လည်း အဓိက ဆက်သွယ်ဆောင်ရွက်နိုင်မည့် လမ်းကြောင်း တစ်ခုပင် ဖြစ်ပါသည်။ ကွန်ယက်အဖွဲ့ဝင်များသည် အကြောင်းအရာအပေါ်မူတည်၍ နည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်ဆွေးနွေး ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ကွန်ယက်၏ အဖွဲ့ဝင်များ ရွေးချယ်ရာတွင် ပထမအဆင့်အနေဖြင့် ၂၀၁၃ ခုနှစ်၊ မေလ နှင့် ဇွန်လများတွင် ကျင်းပခဲ့သည့် အမျိုးသားအဆင့်နှင့် ပြည်နယ်/တိုင်းဒေသအဆင့် ဆွေးနွေးပွဲများ၌ တက်ရောက်ခဲ့သူများစာရင်းကို အခြေခံ၍ ရွေးချယ်သွားမည် ဖြစ်ပါသည်။ ရွေးချယ်ထားသည့် အဖွဲ့ဝင်များကို အမှန်တကယ် ကွန်ယက်တွင် ပါဝင်လိုခြင်း ရှိ/မရှိ ဆက်သွယ်မေးမြန်း၍ အတည်ပြုချက်ရယူသွားမည်ဖြစ်ပါသည်။ သို့ရာတွင် ကွန်ယက်၏ အဖွဲ့ဝင်အဖြစ် စိတ်ပါ ဝင်စားသူ မည်သူမဆို မိမိကိုယ်ပိုင် ဆုံးဖြတ်ချက် သဘောထားဖြင့် ဝင်ရောက်ပါဝင်နိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ သတင်း မီဒီယာများ၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသခံအသင်းအဖွဲ့များ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်များ၊ ကျွမ်းကျင်သူ ပညာရှင်များ၊ သုတေသန အဖွဲ့အစည်းများနှင့် အခြား ရာသီဥတုပြောင်းလဲမှုနှင့် REDD+ လုပ်ငန်းစဉ်များတွင် စိတ်ဝင်စားသည့် လူပုဂ္ဂိုလ်များ အားလုံးကို ကိုယ်စားပြုပါဝင်နိုင်စေရန် ဖိတ်ကြား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ပါဝင်စေရခြင်းမှာ အဓိက ဆက်စပ်ပတ်သက်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ကိုယ်စားပြုပါဝင်လာစေရန်နှင့် အဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ သဘောထား အမြင်များကို မှန်မှန်ကန်ကန် ထုတ်ဖော် ပြသနိုင်စေရန် ရည်ရွယ်

ပါသည်။ ဆက်စပ်ပတ်သက်သူများနှင့် လုံခြုံမှုစနစ်များဆိုင်ရာ လုပ်ငန်းအဖွဲ့သည် ဆက်လက်ပါဝင်သင့်သည့် ဆက်စပ်ပတ်သက်သူများကို ဖော်ထုတ်သတ်မှတ်နိုင်ရန်နှင့် ယင်းတို့၏ ပူးပေါင်းပါဝင်မှုကို တိုးမြင့်စေရန်အတွက် "ဆက်စပ်ပတ်သက်သူများ ဖော်ထုတ် သတ်မှတ်ခြင်း" (Stakeholder mapping) ကို နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အထူးသဖြင့် REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် ဆက်စပ် ပတ်သက်သူများအားလုံး၏ တာဝန်ရှိမှုကို ပိုမိုသိရှိနားလည်လာစေရန်နှင့် လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာ လုံခြုံမှု အစီအမံများ ပေါင်းစပ်ထည့်သွင်း လာစေရန် တွန်းအားပေးမည့် အဓိက ကွန်ယက်တစ်ခုအဖြစ် ရည်ရွယ်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

### ၁-၇ လျာထားဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် ရန်ပုံငွေတွက်ချက်မှု

| အမျိုးသား အဆင့် စီမံကိန်း လုပ်ငန်းများ | ငွေကြေး ထောက်ပံ့ မည့် အဖွဲ့အစည်း | ပူးပေါင်း ဆောင် ရွက် မည့် အဖွဲ့များ | လျာထားဆောင်ရွက်မည့် REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များ | အသုံးပြု မည့် ရန်ပုံငွေ (၄ နှစ်) |
|---|---|---|---|---|
| လုပ်ငန်းစဉ် (၁) REDD+ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စီမံအုပ်ချုပ်မှု | | | | |
| **ရလဒ် (၁-၁)**။ နိုင်ငံအဆင့် REDD+ ကြိုတင် ပြင်ဆင်ခြင်း လုပ်ငန်းများ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံများ ချမှတ်နိုင်မည် ဖြစ်ပါသည်။ | UNDP, FAO, UNEP | NECC, REDD+ TF and SP&S-TWG | • REDD+ Task Force ကို ဖွဲ့စည်းရန်၊<br>• REDD+ Task Force ၏ ToRs များကို လိုအပ်ပါက ပြန်လည် သုံးသပ်ရန်၊<br>• နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ ToRs များကို လိုအပ်ပါက ပြန်လည် သုံးသပ်ရန်၊<br>• နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ အသစ် (၃) ဖွဲ့အား ထပ်မံဖွဲ့စည်းရန် (စီမံကိန်း၊ ဥပဒေရေးရာနှင့် ငွေကြေး စီမံခန့်ခွဲမှု)<br>• Task Force ရုံးအဖွဲ့၏ ဝန်ထမ်းများ (ဌာနဆိုင်ရာနှင့် ဌာနပြင်ပမှ ခန့်အပ်ထားသူများ) ၏ ToRs များ ရေးဆွဲ ပြဋ္ဌာန်းရန်၊<br>• Task Force ရုံးခန်းဖွင့်လှစ်ရန်- သစ်တောဦးစီးဌာန ဝန်ထမ်းများ ပါဝင်သည့် စီမံအုပ်ချုပ်မှု အဖွဲ့တစ်ခု ဖွဲ့စည်းရန်။ ဖွဲ့စည်းမည့် အစီအစဉ်သည် သစ်တောဦးစီး ဌာန၏ ဆုံးဖြတ်ချက်ပေါ် မူတည်ပါသည်။<br>• နိုင်ငံအဆင့် ဆက်စပ်ပတ်သက်သူများ ကွန်ယက်၏ ကနဦး အဖွဲ့ဝင်များကို အတည်ပြုရန်၊ | ၁၀၀,၀၀၀ |

| အမျိုးသား အဆင့် စီမံကိန်း လုပ်ငန်းများ | ငွေကြေး ထောက်ပံ့ မည့် အဖွဲ့အစည်း | ပူးပေါင်း ဆောင် ရွက် မည့် အဖွဲ့များ | လျာထားဆောင်ရွက်မည့် REDD+ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များ | အသုံးပြု မည့် ရန်ပုံငွေ (၄ နှစ်) |
|---|---|---|---|---|
| **ရလာဒ် (၁-၂)**။ REDD+ Task Force ရုံးခန်း ဖွင့်လှစ်၍လုပ်ငန်းများ ဆောင် ရွက်နိုင်မည် ဖြစ်ပါသည်။ | UNDP and FAO (FAO နှင့် သက်ဆိုင် သည့် ကဏ္ဍ နှင့် ရန်ပုံငွေ များကို အခန်း ၅ နှင့် အခန်း ၆ တွင် ဖော်ပြ ထားပါသည်။ | REDD+ TF and REDD+ TF Office | • Task Force ရုံးအဖွဲ့ ဝန်ထမ်းများ ခန့်အပ်ခြင်း၊<br>• လုပ်ငန်းသုံး ပစ္စည်းများ၊ မော်တော်ယာဉ်များ ဝယ်ယူခြင်း၊<br>• REDD+ Task Force, TWGs နှင့် နိုင်ငံအဆင့် ဆက်စပ်ပတ်သက်သူများ ကွန်ယက်သို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွေထွေ လိုအပ်ချက်များ၊ နည်းပညာနှင့် အခြား အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခြင်း (ဝန်ထမ်းများ၊ စီမံခန့်ခွဲခြင်းများနှင့် ခရီးစရိတ်များ) | ၄,၄၂၀,၀၀၀ |
| **ရလာဒ် (၁-၃)**။ REDD+ Task Force နှင့်TWGsများ အားအထောက် အကူ ပြုနိုင်မည် ဖြစ်ပါသည်။ | UNDP, FAO, UNEP (အခြား ကဏ္ဍများမှ တိုင်ပင် ဆွေးနွေးပွဲ ကုန်ကျစရိတ် များ မပါဝင်ပါ) | REDD+ TF Office | • REDD+ Task Force အစည်းအဝေးများ ကျင်းပ ခြင်းနှင့် အခြား လိုအပ်ချက်များ (ခရီးသွားလာခြင်း အပါအဝင်) ကူညီ ထောက်ပံ့ပေးခြင်း၊<br>• TWG အစည်းအဝေးများကျင်းပခြင်း နှင့် အခြား လိုအပ်ချက်များ (ခရီးသွားလာခြင်း အပါအဝင်) ကူညီ ထောက်ပံ့ပေးခြင်း၊ | ၁,၃၀၀,၀၀၀ |
| **စုစုပေါင်း** | | | | **၅,၈၂၀,၀၀၀** |

**အခန်း(၂)**

***၂.၁။ သစ်တောကဏ္ဍတွင် အကျိုးဆက်စပ်ပါဝင်ပတ်သတ်နေသူများ (Stakeholders) နှင့် ဆွေးနွေးတိုင်းပင်ခြင်းဆောင်ရွက်ခဲ့မှုများ***

(National Environmental Conservation Committee – NECC) အမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကဲ့သို့သော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် နိုင်ငံအဆင့်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ အပါအဝင် အစိုးရဌာနများမှ ကျွမ်းကျင်ပညာရှင်များပါဝင်ရေးဆွဲခဲ့သည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သက် ဆိုင်သည့် NAPA စီမံချက်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် သက်ဆိုင်သည့် NBSAP စီမံချက်တို့ရေးဆွဲခြင်းမှရရှိခဲ့သည့် လုပ်ငန်းအတွေ့အကြုံများနှင့် သင်ခန်းစာများသည် REDD+ Readiness လမ်းပြမြေပုံရေးဆွဲခြင်းအတွက် များစွာ အထောက် အကူပြုခဲ့ပါသည်။

အစိုးရဌာနများမှကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများပါဝင်သည့် ကဏ္ဍစုံမှ Stakeholder များဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် မူဝါဒများနှင့် စီမံချက်များရေးဆွဲရာ ETWG သည် အဓိကလုပ်ငန်းဆောင် ရွက်မည့် နမူနာပုံစံတစ်ခုအနေဖြင့် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။

REDD+ Readiness လမ်းပြမြေပုံရေးဆွဲရန်အတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များဖွဲ့စည်းရာ ယခင်လုပ်ငန်းအတွေ့အကြုံများနှင့် သင်ခန်းစာများအပေါ်အခြေခံ ဆောင်ရွက်ခဲ့သည့်အပြင် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရာတွင်လည်း ETWG ၏ကဏ္ဍစုံမှ Stakeholder များပါဝင်သည့် ဖွဲ့ စည်းထားမှုကိုအခြေခံဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံအဆင့် မူဝါဒများရေးဆွဲခြင်းလုပ်ငန်းအဆင့်ဆင့်တွင် ကဏ္ဍစုံမှ Stakeholder များနှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် မြန်မာနိုင်ငံတွင် လုပ်ရိုးလုပ်စဉ်နည်းလမ်းတစ်ခုမဟုတ်ပေ။ ထို့ကြောင့် သစ်တောကဏ္ဍဆိုင်ရာ မူဝါဒနှင့်နည်းဗျူဟာများချမှတ်ခြင်းအတွက် REDD+ Readiness လမ်းပြမြေပုံရေးဆွဲခြင်းသည် ဥပမာတစ်ခုအနေဖြင့်ဖော်ပြလျက်ရှိသည်။ ထိုကဲ့သို့ ပြောင်းလဲလာခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ကဏ္ဍစုံမှ Stakeholder များဖြင့် REDD+ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရမည်ဆိုသည့် အခြေခံအချက်ကို နားလည်လက်ခံကြောင်းဖော်ပြလျက် ရှိပေသည်။

တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူအစုအဖွဲ့များ၏ရပိုင်ခွင့်များကို အသိအမှတ်ပြုရန် အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ဆန္ဒရှိကြောင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းနှင့် FPIC ကဲ့သို့သော ရပိုင်ခွင့်များကို အသိအမှတ်ပြုခြင်းစသည်တို့ဖြင့် ဖော်ပြလျက်ရှိပါသည်။

အခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် လူမှုရေးအသင်းအဖွဲ့များ နည်းပါးသော်လည်း အလျင်အမြန်တိုးပွားလျက်ရှိပါသည်။ လူမှုရေးအသင်းအဖွဲ့များစွာသည် နိုင်ငံအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်များ ကိုယ်စားပြု ဖွဲ့စည်းထားပြီး အစိုးရလုပ်ငန်းဌာနများနှင့် အတိုင်းအတာတစ်ခုအထိ ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သည့် ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်း များအကြား ရရှိပြီးသား သာမန်ဆက်ဆံရေးအဆင့်ကိုအခြေခံပြီး ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးကွန်ယက်တစ်ခုတည် ထောင်ရန်လိုအပ်ချက်တစ်ခုရှိသည်။

သစ်တောနှင့်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသော လူမှုရေး အသင်းအဖွဲ့များသာမက တိုင်းရင်းသားလူမျိုးများကိုယ်စားပြု လူမှုရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင် ရွက်နေသည့်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အမျိုးသမီး အသင်းအဖွဲ့များနှင့် လယ်သမားအသင်းအဖွဲ့များကိုယ်စားပြုသည့် လူမှုရေးအသင်းအဖွဲ့များ စသည့် လူမှုရေး အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို အသိအမှတ်ပြုခြင်းနှင့် အလွှာအသီးသီးတွင် လက်တွဲဆောင်ရွက်ခြင်းတို့သည် REDD+ Readiness နှင့် လုပ်ငန်း ဆောင်ရွက်ခြင်း အဆင့် ဆင့်တို့အတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည်။

နှစ်ပေါင်းများစွာ အကန့်အသတ်ရှိသော အရင်းအမြစ်များနှင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း မြန်မာနိုင်ငံရှိ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများတွင် နည်းပညာ ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုမြင့်မားသောလူသားအရင်းအမြစ်များ အဆင့် သင့်ရှိလျက်ရှိသည်။ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် အခြားသောဝန်ကြီးဌာနများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ဖြင့် လက်တွဲ ဆောင်ရွက်ခြင်း၊ ဘုံသဘောတူညီချက်များ ရှာဖွေဖော်ထုတ် ခြင်းတို့သည် REDD+ Readiness လုပ်ငန်းအဆင့်ဆင့်တို့အတွက် မရှိမဖြစ် လိုအပ်လျက် ရှိသည်။

### ***၂.၂။ ဆောင်ရွက်ပြီး REDD+ Stakeholder များနှင့်ဆွေးနွေးတိုင်းပင်ခြင်းများ***

မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလတွင် UN-REDD Programme အဖွဲ့ဝင် နိုင်ငံတစ် နိုင်ငံဖြစ်ခဲ့သည်။ သို့သော် UN-REDD Programme အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ မဖြစ်မီ ၂၀၁၀ ခုနှစ်၊ နှစ်လည်ပိုင်းမှစတင်၍ UN-REDD Programme သည် မြန်မာနိုင်ငံ မှကိုယ်စားလှယ်များကို ဒေသအဆင့်အစည်းအဝေးများသို့ ဖိတ်ကြားတက်ရောက်စေခြင်း၊ REDD+ နှင့်စပ်လျဉ်း သည့်သတင်းအချက်အလက်များဖြန့်ဝေပေးခြင်းနှင့် ကျွမ်းကျင် ပညာရှင်များ ကူညီပံ့ပိုးပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံကို ကူညီမှုများပေးနိုင် ရန်ဆောင်ရွက်ခဲ့သည်။

နိုင်ငံအဆင့်နှင့် ဒေသအဆင့်အလုပ်ရုံဆွေးနွေးပွဲများသည် မြန်မာနိုင်ငံ REDD+ Readiness ကို တူညီသောအမြင်များနှင့်ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းကိုအသုံးပြု၍ ကူညီပံ့ပိုးပေးရန် စိတ်ဝင်စားသည့် အဖွဲ့အစည်းများကိုစုစည်းပေးခဲ့သည်။

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲ (၂) ခုဖြစ်သည့် ၂၀၁၀ခုနှစ်၊ ဧပြီလအတွင်းကျင်းပခဲ့ သည့် REDD+ National Level Workshop နှင့် ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပခဲ့ သည့် Climate Change Adaptation and Disaster Risk Reduction National Level Workshop တို့ကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး လူ(၅၀) ကျော် တက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများမှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုး တက်ရေးဝန်ကြီးဌာန၊ မွေးမြူရေး နှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းနှင့်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ FREDA ၊ REAM ၊ SPECTRUM ၊ World Vision နှင့် Food Security Working Group အပါအဝင် ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ဖြစ်သည်။

ထို့အပြင် ၂၀၁၁ ခုနှစ် မေလတွင် မြန်မာနိုင်ငံ၊ သစ်တောဦးစီးဌာနနှင့် ကိုရီယား သစ်တောဌာနတို့ ပူးပေါင်း၍ Regional Level REDD+ Workshop အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ UN-REDD Programme၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များတက်ရောက်ခဲ့ကြသည်။

REDD+ လုပ်ငန်းများဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ထောက်ပံ့မှုများ ရရှိရန် ခက်ခဲသောကြောင့် သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မည့်သူများ ပူးပေါင်းပါဝင်သည့်စနစ် ဖြင့် ဂရုတစိုက်ရေးဆွဲထားသည့် စီမံချက်တစ်ခုသည် မြန်မာနိုင်ငံအတွက် လိုအပ်ချက် ရှိသည်။

၂၀၁၂ ခုနှစ်၊ဇူလိုင်လ(၉)ရက်နေ့မှ (၁၃)ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ သည့် UN-REDD ကနဦးစူးစမ်းလေ့လာရေးအဖွဲ့သည် လမ်းပြမြေပုံတစ်ခုနှင့် သုံးစွဲမည့် လုပ်ငန်းရန်ပုံငွေ အဆိုပြုလွှာတစ်စောင် ရေးဆွဲပြုစုရန်ပြင်ဆင်ရာတွင် လိုက်နာဆောင်ရွက် ရမည့် လုပ်ငန်းစဉ် များအတွက် အကြံပြု သဘောထားမှတ်ချက်များပြုခဲ့ပါသည်။

၎င်းတို့ထဲမှ အချက်တစ်ချက်သည် ယခင်လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများကို အခြေခံ၍ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့ (၃)ဖွဲ့ကိုဖွဲ့စည်းရန်နှင့် လုပ်ငန်းအဖွဲ့များကို မတူညီသော ကဏ္ဍပေါင်းစုံမှကိုယ်စားလှယ်တစ်ဦးစီနှင့် Stakeholder အဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်ဖြစ်သည်။

အဆိုပါ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့ (၃)ဖွဲ့မှာ (၁) Drivers and Strategies၊ (၂) National Forest Monitoring System and Forest Reference Emission Levels (RELs)/Reference Levels(RLs) နှင့် (၃) Stakeholder Consultation and Safeguards တို့ဖြစ်သည်။

၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလတွင် REDD+ Readiness လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ နိုင်ငံ အဆင့်အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပခြင်းဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်များမှာ REDD+ ဆိုင်ရာ အသိပညာများ မြှင့်တင်နိုင်ရန်၊ လုပ်ငန်းအဖွဲ့များအတွက် အဆိုပြုထားသည့် ဆောင်ရွက်ရမည့်တာဝန်နှင့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်နှင့်အတည်ပြုရန်၊ အဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းထားမှုအပေါ် သဘောတူညီချက်ရယူရန်နှင့် REDD+ Readiness လမ်းပြမြေပုံရေးဆွဲခြင်းအတွက် လုပ်ငန်းအချိန်ဇယားသတ်မှတ်ရန်တို့ဖြစ်သည်။

လမ်းပြမြေပုံပါ အခန်း (၂) သည် Stakeholder Consultation and Safeguards လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များအပေါ် အခြေခံထားရှိခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ-

(၁) Stakeholder များနှင့်စပ်လျဉ်း၍ အသေးစိတ် လေ့လာဆန်းစစ်ခြင်း ဆောင်ရွက်ရန်နှင့် REDD+ Readiness လမ်းပြမြေပုံရေးဆွဲခြင်းနောက်ဆုံးအဆင့်တွင် အားလုံးပါဝင်သည့် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊

(၂) Readiness လုပ်ငန်းများဆောင်ရွက်ခြင်းအဆင့်တွင် Stakeholder များနှင့်ထိတွေ့ဆက်ဆံခြင်း များတိုးမြှင့်ဆောင်ရွက်ရန်အတွက် နည်းဗျူဟာတစ်ခုကိုအဆိုပြုတင်ပြရန်၊

(၃) မြန်မာနိုင်ငံသစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းအခြေပြု၍ Cancun Safeguards ပါအချက်များနှင့် လိုက်လျောညီထွေရှိသည့် အချက်များဖော်ထုတ်ရန်နှင့် ပိုမိုထိရောက်စေရန် အားဖြည့်ပေးနိုင်မည့် နည်းလမ်းများအဆိုပြုရန်၊

Drivers and Strategies နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့၏ တာဝန်များမှာ-

(၁) သစ်တောများပျက်စီးပြုန်းတီးခြင်းနှင့်အတန်းအစားကျဆင်းခြင်းဖြစ်စေရန် အဓိက တွန်းအားပေးနေသည့်အကြောင်းအရာများနှင့် နောက်ကွယ်မှဖြစ်ပေါ်စေသည့် အကြောင်းအရာများအားဖော်ထုတ်ရန်၊

(၂) လက်ရှိလုပ်ငန်းများနှင့်မဟာဗျူဟာများအားပြန်လည်သုံးသပ်ရန်၊

(၃) ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မူဝါဒများနှင့် နည်းလမ်းများဖော်ပြပါရှိသော အလား အလာရှိသည့် REDD+ မဟာဗျူဟာများသတ်မှတ်ရန်၊

(၄) ကြိုတင်သတ်မှတ်ထားသည့် REDD+ မဟာဗျူဟာများအားဆန်းစစ်လေ့လာရန် အတွက် လုပ်ငန်းအစီအစဉ်နှင့် အသုံးပြုမည့်နည်းပညာများရေးဆွဲရန်၊

National Forest Monitoring System and Forest Reference Emission Levels (RELs)/Reference Levels (RLs) နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့၏ တာဝန်များမှာ-

(၁) REDD+ နှင့်သက်ဆိုင်သည့် MRV၊ GHG ၊ RS&GIS ၊ Forest Inventory နှင့် NFMS ဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်းများစုဖွဲ့မှုနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ၏ လက်ရှိအခြေအနေကို ဆန်းစစ်လေ့လာရန်၊

(၂) NFMS နှင့် Forest RELs/ RLs များရေးဆွဲနိုင်ရန်အတွက်လိုအပ်သော လုပ်ငန်း များနှင့် ဖြစ်နိုင်ခြေရှိသော မဟာဗျူဟာများဖော်ထုတ်ရန်၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ REDD+ ပင်မအဖွဲ့၏ ကြီးကြပ်မှု၊ UN-REDD ၊ RECOFTC ၊ International Roadmap Coordinator ၊ မြန်မာနိုင်ငံဆိုင်ရာ UNDP နှင့် FAO ရုံးများ တို့မှ အကြံပေးပုဂ္ဂိုလ်များ၏ အထောက်အပံ့ များနှင့် National Facilitators များ၏အကူအညီဖြင့် ၂၀၁၃ခုနှစ် ဇန်နဝါရီလမှ မေလ အတွင်း နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့သည် အစည်းအဝေး (၄)ကြိမ် ကျင်းပ ခဲ့သည်။

၎င်းအစည်းအဝေးများတွင် REDD+ ဆိုင်ရာ အသိပညာများနှင့် နားလည် သဘော ပေါက်မှုတို့ကို တိုးမြှင့်စေသည်သာမက သက်ဆိုင်ရာ သတင်းအချက်အလက်များအား စုစောင်းခြင်း၊ ပြန်လည်သုံးသပ်ခြင်းများနှင့် REDD+ လမ်းပြမြေပုံတွင်ပါရှိမည့် အကြောင်း အရာများအတွက် ဆွေးနွေးတိုင်ပင်ရေးဆွဲခြင်းများကိုပါ ဆောင်ရွက်ခဲ့ကြသည်။

နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့များမှ ရေးဆွဲပြုစုထားရှိခဲ့သည့် REDD+ Readiness လမ်းပြမြေပုံ (မူကြမ်း) အား ပြန်လည်သုံးသပ်ခြင်းနှင့်အတည်ပြုနိုင်ခြင်းများကို နိုင်ငံအဆင့် multi-stakeholders များပါဝင်တဲ့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း လုပ်ငန်းစဉ်တစ်ခု အနေဖြင့်ပြုလုပ်ဆောင်ရွက်ခဲ့သည်။

၄င်းနိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်တွင် ၂၀၁၃ခုနှစ်၊ မေလ(၁၅)ရက်နေ့တွင် နေပြည်တော် သစ်တောဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံအဆင့်ကနဦးအလုပ်ရုံဆွေးနွေးပွဲ၊ မေလ(၃၀)ရက်နေ့တွင် ပဲခူးတိုင်း၊ ပဲခူးမြို့၊ ဇွန်လ(၅)ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဇွန်လ(၁၁)ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နှင့် မေလ(၁၈)ရက်နေ့တွင် စစ်ကိုင်းတိုင်း ကသာမြို့၌ ကျင်းပပြု လုပ်ခဲ့သော ဒေသအဆင့်အလုပ်ရုံဆွေးနွေးပွဲများ၊ ဇွန်လ(၂၅)ရက်နေ့တွင် နေပြည်တော် သစ်တောဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံအဆင့် အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲတို့ပါဝင်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့မှုများနှင့် အကြံပြုသဘောထားမှတ်ချက်များ၏ အနှစ်ချုပ်ဖော်ပြချက်ကို နောက်ဆက်တွဲ(၁)ဖြင့်ဖော်ပြထားသည်။

အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်းများနှင့်တက်ရောက်သူများစာရင်းကို www.unredd.net ၏ မြန်မာနိုင်ငံဆိုင်ရာ အင်တာနက်စာမျက်နှာတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

လမ်းပြမြေပုံရေးဆွဲခြင်းလုပ်ငန်းအဆင့်ဆင့်တွင် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်တင်ပြမှုကို အောက်ဖော်ပြပါ ပုံ(၂)တွင်ဖော်ပြထားသည်။




ပုံ (၂) လမ်းပြမြေပုံရေးဆွဲခြင်းလုပ်ငန်းအဆင့်ဆင့်တွင် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်တင်ပြပုံ

## ၂.၃။ **Stakeholder များဖော်ထုတ်ခြင်း**

*၂.၃.၁။ Stakeholder များဖော်ထုတ်ခြင်းနှင့်ဆန်းစစ်လေ့လာခြင်းဆိုင်ရာများ*

REDD+ လုပ်ငန်းစဉ်များထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သစ်တောကဏ္ဍတွင်ပါဝင်ပတ်သက်နေသည့် Stakeholder များနှင့် အကျိုးသက်ရောက်မှုများရှိနိုင်သည့် Stakeholder များ အမျိုးအစားတူညီရာအုပ်စုဖွဲ့ထားရှိမှုအပေါ် ပြီးပြည့်စုံစွာနားလည်သဘောပေါက်ခြင်းသည် မရှိမဖြစ်လိုအပ်သည်။

အထူးသဖြင့် နားလည်သဘောပေါက်ရန်အားဖြည့်ပေးသည့်အချက်များမှာ-

ဆွေးနွေးတိုင်ပင်ခြင်း။ ။ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် အဆင့်တိုင်းအတွက် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကိုယ်စားပြုမှုများတိတိကျကျပါဝင်စေရန်အတွက် ပြန်လှန်စစ်ဆေးခြင်းများဆောင်ရွက်နိုင်မည်ဖြစ်သည်။

စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ ။ REDD+လုပ်ငန်းစဉ်များတွင် Stakeholder များမှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက်ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်မှုနှင့် ဗဟုသုတများ ရရှိပြီးဖြစ်စေရန် သေချာစေမည်ဖြစ်သည်။ (အခန်း ၄.၂.၂ တွင်ကြည့်ရန်)

ဆက်သွယ်ခြင်း။ ။သတင်းအချက်အလက်ဆိုင်ရာ ကွန်ယက်များနှင့် သင့်တော်သည့် ပစ္စည်းများ အသုံးပြုခြင်းဖြင့် ဆက်သွယ်ရေးကောင်းမွန်စေမည်ဖြစ်သည်။ (အခန်း၄.၂.၃ တွင်ကြည့် ရန်)

Stakeholder Consultation and Safeguards နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့သည် လမ်းပြမြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာ REDD+ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် Stakeholder များ ဖော်ထုတ်ခြင်းကိုဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် သစ်တောများအပေါ်မှီခိုနေသည့် ပြည်သူအဖွဲ့အစည်းများအပြင် အောက်ဖော်ပြပါ Stakeholder အမျိုးအစားတူညီရာအုပ်စုဖွဲ့ထားရှိသည့်အဖွဲ့များအတွင်းမှ အဓိကကျသည့် ကွန်ယက်များနှင့် အဖွဲ့ဝင်များကိုဖော်ထုတ်ခဲ့သည်။

- အစိုးရဌာနများနှင့်လုပ်ငန်းများ
- ပုဂ္ဂလိကလုပ်ငန်းများ
- သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (သို့) ကွန်ယက်များ
- နိုင်ငံတကာနှင့် ဒေသအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ
- အမျိုးသမီးနှင့် လူငယ်အသင်းအဖွဲ့များ (သို့) ကွန်ယက်များ
- ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ
- တိုင်းရင်းသားလူမျိုးများအရေးဆောင်ရွက်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (သို့) ကွန်ယက်များ

ဇယား (၂.၁) တွင်ဖော်ပြထားသည့် Stakeholder များ ဖော်ထုတ်ခြင်း ရလဒ်များကို နိုင်ငံအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအဆင့် ဆွေးနွေးတိုင်ပင်ခြင်းအလုပ်ရုံဆွေးနွေးပွဲများနှင့် လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲတို့တွင် တင်ပြခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများဆောင်ရွက်ခဲ့သည်။

Stakeholder များဖော်ထုတ်ခြင်းရလဒ်များကို နိုင်ငံအဆင့်လမ်းပြမြေပုံရေးဆွဲခြင်း ဆွေးနွေးတိုင်ပင်မှုများ အဆင့်ဆင့်အတွက် ကျင်းပခဲ့သည့် နိုင်ငံအဆင့်နှင့် ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲတို့တွင် ဖိတ်ကြားရမည့်သူများအဖြစ်အသုံးပြုခဲ့သည်။

ဇယား (၂.၁) REDD+ Stakeholder များဖော်ထုတ်ခြင်း

| Stakeholder အုပ်စု | ပါဝင်သည့်သူများ/ကွန်ယက်များ |
|---|---|
| အစိုးရဌာနများနှင့်လုပ်ငန်းများ (အခန်း၁.၁ တွင်ကြည့်ရန်) | - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန<br>- လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန<br>- အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန<br>- နိုင်ငံခြားရေးဝန်ကြီးဌာန<br>- ပြည်ထဲရေးဝန်ကြီးဌာန<br>- ဘဏ္ဍာရေးဝန်ကြီးဌာန<br>- သတ္တုတွင်းဝန်ကြီးဌာန<br>- စွမ်းအင်ဝန်ကြီးဌာန<br>- မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန<br>- စက်မှုဝန်ကြီးဌာန<br>- ပို့ဆောင်ရေးဝန်ကြီးဌာန<br>- ကာကွယ်ရေးဝန်ကြီးဌာန<br>- နယ်စပ်ရေးရာဝန်ကြီးဌာန<br>- ရှေ့နေချုပ်ရုံး<br>- စာရင်းစစ်ချုပ်ရုံး |
| ပုဂ္ဂလိကလုပ်ငန်းများ | - မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း<br>- မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း<br>- သစ်တောဖက်စပ်<br>- မြန်မာနိုင်ငံငါးလုပ်ရှင်များအသင်း<br>- မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း |
| သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (သို့) ကွန်ယက်များ | အစိုးရမဟုတ်သောအဖွဲ့အစည်းများ<br>- သစ်တောသယံဇာတနှင့်ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းကာကွယ်ရေးအသင်း<br>- EcoDev<br>- Spectrum<br>- Ecosystem Conservation and Community |

| | |
|---|---|
| | Development Initiative (ECCDI)<br>- Biodiversity and Nature Conservation Association (BANCA)<br>- AEGD<br>- Metta Foundation Development<br>- Promotion of Indigenous and Nature together (POINT)<br>- Social Vision Service (SVS)<br>ကွန်ယက်များ<br>- Myanmar Environmental Rehabilitation - conservation Network (MERN)<br>- Mangrove Service Network (MSN)<br>- Kachin Conservation Network (URM, Shan Literature, KMSS, Shalom, Anglican, KRDC)<br>- Network Activities Group (NAG) |
| နိုင်ငံတကာနှင့် ဒေသအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ | - RECOFTC<br>- WCS<br>- WWF<br>- FFI<br>- IUCN<br>- Care Myanmar<br>- Social Vision Service (SVS)<br>- FAO<br>- UNDP<br>- UNEP<br>- UN-HABITAT<br>- ITTO<br>- DFID (Pyo Pin Project)<br>- KOICA (KFS)<br>- GIZ<br>- NORAD |

| | |
|---|---|
| | - JICA |
| အမျိုးသမီးအဖွဲ့များ (သို့) ကွန်ယက်များ | - ကိုယ်ထူကိုယ်ထအဖွဲ့ (UNDP, PACT နှင့်အခြားသောအလှူရှင်များနှင့်စီမံကိန်းများဦးဆောင်မှုဖြင့်<br>- အမျိုးသမီးအခွင့်အလမ်းဖော်ထုတ်ရေးစီမံကိန်း/ Jieeyah Service (မွန်)<br>- ကချင်အမျိုးသမီးများငြိမ်းချမ်းရေးကွန်ယက်<br>- အမျိုးသမီးအခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း (Gender Development Initiative - GDI)<br>- မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ Women's League of Burma (WLB) |
| ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ<br>(အခန်း ၁.၁.၁ နှင့် ၁.၁.၂ တွင်ကြည့်ရန်) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန<br>- သစ်တောတက္ကသိုလ်<br>- သစ်တောသုတေသနဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန<br>- စိုက်ပျိုးရေးတက္ကသိုလ်<br>- စိုက်ပျိုးရေးသုတေသနဦးစီးဌာန |
| လူငယ်အသင်းအဖွဲ့များ | - ကမ္ဘောဇလူငယ်စာဖတ်အသင်း (ရှမ်းပြည်/တောင်ကြီး)<br>- Day Loekalo |
| တိုင်းရင်းသားလူမျိုးများအရေးဆောင်ရွက်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (သို့) ကွန်ယက်များ (ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ရှမ်း) | - Shalom<br>- Karen Baptist Church (KBC)<br>- ကချင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းအဖွဲ့ (URM, Shan Literature, KMSS, Shalom, Anglican, KRDC)<br>- အမျိုးသမီးအခွင့်အလမ်းဖော်ထုတ်ရေးစီမံကိန်း/ Jieeyah Service (မွန်)<br>- ကချင်အမျိုးသမီးများငြိမ်းချမ်းရေးကွန်ယက် |

Stakeholder Consultation and Safeguards လုပ်ငန်းအဖွဲ့သည် ဇယား (၂.၂)တွင်ဖော်ပြထားသည့်အတိုင်း Stakeholder အုပ်စုများကို အောက်ဖော်ပြအချက်များကိုအခြေပြု၍ ဆန်း စစ်လေ့လာမှုများဆောင်ရွက်ခဲ့သည်-

စိတ်ဝင်စားမှု(သို့) ပါဝင်ဆောင်ရွက်နိုင်မည့်အတိုင်းအတာ။ ။သစ်တောကဏ္ဍဆိုင်ရာကိစ္စရပ်များသည် Stakeholder များ၏အသက်မွေးဝမ်း ကြောင်းလုပ်ငန်းများ(သို့) အဖွဲ့အစည်းဆိုင်ရာရည်မှန်းချက်များအတွက် အဓိကကျသည့်နေရာတွင်ရှိသလား (သို့မဟုတ်) အရေးမပါသည့် နေရာတွင်ရှိပါသလား။

အလားအလာရှိသောအခန်းကဏ္ဍ။ ။ အနာဂတ်ကာလ REDD+ လုပ်ငန်းစဉ်များတွင် Stakeholder များအနေဖြင့် မည်သည့်အခန်းကဏ္ဍ(သို့)တာဝန်ယူမှုများ ဖြင့်ပါဝင်ဆောင်ရွက်နိုင်မလဲ။

ဇယား(၂.၂) စိတ်ဝင်စားမှုနှင့် အလားအလာရှိသောအခန်းကဏ္ဍအပေါ်မူတည်၍ Stakeholder များအားဆန်းစစ်လေ့လာခြင်း

| စဉ် | Stakeholder | စိတ်ဝင်စားမှု | အလားအလာရှိသောအခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အစိုးရဌာနများနှင့် လုပ်ငန်းများ | ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေး၊ သစ်တောထိန်းသိမ်းကာကွယ်ရေး | ပူးပေါင်းဆောင်ရွက်ခြင်း၊ မူဝါဒများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ Stakeholder များဆွေးနွေးတိုင်ပင်ရာတွင် ကူညီပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းရန်ပုံငွေရှာဖွေစုစောင်းခြင်း၊ |
| ၂ | ပုဂ္ဂလိကလုပ်ငန်းများ | ရင်းနှီးမြှုပ်နှံမှုများစဉ်ဆက်မပြတ်ရရှိရေး၊ လိုက်လျောညီထွေဆောင်ရွက်ခြင်းဖြင့်အပိုငွေများရှာဖွေခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာကုန်ကျစရိတ်များ၊ | ရန်ပုံငွေထောက်ပံ့ခြင်း(ဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုများအတွက်ပေးချေရခြင်း)၊ မူဝါဒနှင့်ဥပဒေများပေါ်ထွက်လာစေရန်အတွက်ကူညီထောက်ပံ့ခြင်း၊ REDD+ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ(ကာဗွန်စုစောင်းခြင်းနှင့် ထုတ်လွှတ်မှုရှောင်ရှားခြင်း) မြှင့်တင်ပေးခြင်း၊ |
| ၃ | သစ်တောနှင့် ပတ်ဝန်း ကျင်ဆိုင်ရာ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ(သို့) | ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ထာဝစဉ်သစ်တောများစီမံအုပ်ချုပ်လုပ်ခြင်း (SFM)၊ | ပူးပေါင်းဆောင်ရွက်ခြင်း၊ မူဝါဒများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ဆွေးနွေးတိုင်ပင်ရာတွင် ကူညီ |

| | | | |
|---|---|---|---|
| | ကွန်ယက်များ | ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ | ပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ထိခိုက်ပျက်စီးမှုများမရှိစေရန် ဆောင်ရွက်ခြင်း (Safeguard) |
| ၄ | နိုင်ငံတကာနှင့် ဒေသအတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ | ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ထာဝစဉ်သစ်တောများစီမံအုပ်ချုပ်လုပ်ခြင်း (SFM)၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ | ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Stakeholder များပါဝင်လာစေရန်နှင့် ဆွေးနွေးတိုင်ပင်ရာတွင် ကူညီပေးခြင်း၊ လုပ်ငန်းရန်ပုံငွေထောက်ပံ့ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအားပေးကူညီခြင်း၊ နည်းပညာပိုင်းဆိုင်ရာအထောက်ပံ့ပေးခြင်း၊ |
| ၅ | အမျိုးသမီးအဖွဲ့များ (သို့) ကွန်ယက်များ | ဝင်ငွေရရှိရေး၊အမျိုးသမီးများ အခွင့်အလမ်းနှင့် လုပ်ပိုင်ခွင့်များ၊ | အမျိုးသမီးများပူးပေါင်းပါဝင်ခြင်းနှင့် လုပ်ငန်းခွင်များဖန်တီးပေးခြင်း၊ မူဝါဒများရေးဆွဲဖော်ထုတ်ခြင်း၊ အကျိုးအမြတ်ခွဲဝေသည့်စနစ်ရေးဆွဲဖော် ထုတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ထိခိုက်ပျက်စီးမှုများမရှိစေရန် ဆောင်ရွက်ခြင်း (Safeguard)၊ |
| ၆ | ပညာရပ်ဆိုင်ရာအဖွဲ့အစည်း များ | လုပ်ငန်းဆောင်ရွက်မှုများအား ကူညီပံ့ပိုးနိုင်ရန်အတွက် သုတေသနလုပ်ငန်းများ၊ မူဝါဒများရေးဆွဲဖော်ထုတ်ခြင်း၊ အသိပညာများ မျှဝေပေးခြင်းနှင့် ပညာရပ်ဆိုင်ရာသင်ကြားပို့ချခြင်း၊ | မူဝါဒများရေးဆွဲဖော်ထုတ်ခြင်း၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများအားထောက်အပံ့ဖြစ်စေသည့် သုတေသနလုပ်ငန်းများနှင့်စောင့်ကြည့်လေ့လာခြင်းများ၊ |

| | | | |
|---|---|---|---|
| ၇ | လူငယ်အသင်းအဖွဲ့များ | လူငယ်များပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း၊ လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စီးပွားရေးဆိုင်ရာအခွင့်အလန်းများဖန်တီးခြင်း၊ | အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းများတွင်ကူညီဆောင်ရွက်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် စောင့်ကြည့်လေ့လာခြင်းနှင့် ထိခိုက်ပျက်စီးမှုများမရှိစေရန် ဆောင်ရွက်ခြင်း (Safeguard)၊ |
| ၈ | တိုင်းရင်းသားလူမျိုးများအရေးဆောင်ရွက်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (သို့) ကွန်ယက်များ | တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကိုကာကွယ်ရန်၊ ထာဝစဉ်တည်တံ့စေမည့်သစ်တောစီမံအုပ်ချုပ်လုပ်ခြင်း (SFM)၊ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဝင်ငွေရရှိရေး | အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းများတွင်ကူညီဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် စောင့်ကြည့်လေ့လာခြင်းနှင့် ထိခိုက်ပျက်စီးမှုများမရှိစေရန် ဆောင်ရွက်ခြင်း (Safeguard)၊ |

နိုင်ငံအဆင့် REDD+ ကွန်ယက်တွင် အဖွဲ့ဝင်များပိုမိုခိုင်မာစေရန်နှင့် ခေတ်နှင့်အညီဖြစ်စေရန်အတွက် REDD+ Stakeholder များအားတစ်နှစ်တစ်ခါ ပြန်လည်သုံးသပ်ခြင်းကို Stakeholder Consultation and Safeguards လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်သည်။

အထူးသဖြင့် အမျိုးသမီးများနှင့် တိုင်းရင်းသားလူမျိုးစုများကိုယ်စားပြုသည် Stakeholder များကို အထူးအလေးပေးပြန်လည်သုံးသပ်ခြင်းများဆောင်ရွက်သွားမည်ဖြစ်သည်။

အချို့သော REDD+ Stakeholder များအားတစ်နှစ်တစ်ခါ ပြန်လည်သုံးသပ်ခြင်းကို အခန်း(၄.၂.၁) တွင်ဖော်ပြထားသည့် အဖွဲ့အစည်းဆိုင်ရာ စုဖွဲ့ထားရှိမှုများ ပြန်လည် သုံးသပ်ခြင်းတွင်ထည့်သွင်းဆောင်ရွက်နိုင်သည်။

*၂.၃.၂။ အမျိုးသမီးများနှင့် တိုင်းရင်းသားလူမျိုးများပါဝင်ဆောင်ရွက်စေခြင်း*

မြန်မာနိုင်ငံတွင် REDD+ လုပ်ငန်းစဉ်များထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် Stakeholder များအားလုံးပါဝင်ဆောင်ရွက်မှုသေချာစေရန်အတွက် ကျား/မတန်းတူပါဝင်ခွင့်နှင့် တိုင်းရင်းသားလူမျိုးများအတွက်ပါ စနစ်တကျထည့်သွင်းစဉ်းစားဆောင်ရွက်စေခြင်းသည်အလွန်အရေးကြီးသည်။

REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့တွင် ကျား/မတန်းတူပါဝင်ခွင့်သည် အလွန်အရေးကြီးသည့်အချက်တစ်ချက်ဖြစ်သည့်အပြင် ၄င်းတို့တွင် မကြာခဏဆိုသလို အမျိုးသားများနှင့်မတူကွဲပြားသည့်စိတ်ဝင်စားမှုများရှိရာ အမျိုးသမီးထုအား Stakeholder အဖွဲ့တစ်ခုအဖြစ် လက်ခံရန်လိုအပ်သည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား ပုံစံအမျိုးမျိုးဖြင့် အဆင့်အတန်းခွဲခြားဆက်ခံခြင်းမှ ဆန့်ကျင်ခြင်းသဘောတူစာချုပ် (CEDAW) [1] ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် အမျိုးသမီးများနှင့်ကလေးသူငယ်များဆိုင်ရာ အာဆီယံ ကော်မတီ(ACWC)[2]တွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းတို့ကြောင့် REDD+ လုပ်ငန်းဆောင်ရွက်မည့် မူဘောင်များတွင် ကျားမတန်းတူပါဝင် ခွင့်အမြင်များကိုထည့်သွင်းပါဝင်စေခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများလေးစားလိုက်နာကြောင်းပြသနိုင်မည်ဖြစ်သည်။

ကိုးကားနိုင်သည့်လမ်းညွှန်ချက်တစ်ခုဖြစ်သည့် Cancun Safeguards တွင် REDD+ လုပ်ငန်းစဉ်များတွင် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်းဖော်ပြပါရှိသည်။

အဆိုပါ Safeguards တွင်ဖော်ပြထားသည့်အတိုင်း တိုင်းရင်းသားလူမျိုးစုများ၏အရေးကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဥပမာ တောင်ယာစိုက်ပျိုးခြင်း (သို့) စီမံကိန်းပြင်ပနေရာများတွင် လုပ်ဆောင်နေမှုများကြောင့် ကာဗွန်ထုတ်လွှတ်မှုနေရာပြောင်းရွှေ့ဖြစ်ပေါ်စေခြင်း [3] ကို လျော့ပါး သက်သာစေမည်ဖြစ်သည်။

ထို့ကြောင့် ဆောင်ရွက်မည့်လုပ်ငန်းများသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရမည်ဖြစ်ပြီး အထူးသဖြင့် သစ်တောများအပေါ်တွင် အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားစွာမှီခိုနေရသည့် တိုင်းရင်းသားလူမျိုးများ၏ လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။

---

[1] Convention on All Forms of Discrimination against Women

[2] ASEAN Committee on Women and Children

[3] Emission Displacement

အထက်ဖော်ပြပါအချက်များကြောင့် Stakeholder Consultation and Safeguards လုပ်ငန်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများနှင့် တိုင်းရင်းသားလူမျိုးများအား ကိုယ်စားပြုသည့်(သို့) အထောက်အပံ့ဖြစ်စေသည့် Stakeholder များသတ်မှတ်ဖော်ထုတ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်းများကို အသေးစိတ်ဆောင်ရွက်ခဲ့သည်။

ရည်ရွယ်ချက်မှာ နိုင်ငံအဆင့်လမ်းပြမြေပုံရေးဆွဲခြင်းအတွက် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်နေသည့်ကာလအတွင်းအထက်ဖော်ပြပါ အမျိုးသမီးများနှင့် တိုင်းရင်းသား လူမျိုးများအား ကိုယ်စားပြုသည့်(သို့) အထောက်အပံ့ဖြစ်စေသည့် Stakeholder များပိုမိုထွက်ပေါ်လာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြင့်တင်နိုင်ရန်ဖြစ်သည့်အပြင် နိုင်ငံအဆင့် REDD+ ကွန်ယက်တွင် အဖွဲ့ဝင်များအဖြစ်ပါဝင်လာစေခြင်းဖြင့် လမ်းပြမြေပုံအကောင်အထည်ဖော်ရာတွင် ၄င်းတို့၏ အနာဂတ်ကာလ ပူးပေါင်းပါဝင်လာစေမှုကို သေချာစေရန်ဖြစ်သည်။

အမျိုးသမီးများနှင့် တိုင်းရင်းသား လူမျိုးများအတွက် Stakeholder များသတ်မှတ်ဖော်ထုတ်ခြင်းဆောင်ရွက်ရာမှရရှိလာသည့် ရလဒ်များအကျဉ်းချုပ်ကို ဇယား(၂.၃)တွင် ဖော်ပြထားသည်။

ဇယား(၂.၃)။ ကျား/မတန်းတူပါဝင်ခွင့်နှင့် တိုင်းရင်းသားလူမျိုးများအား အထောက်အပံ့ဖြစ်စေသည့် (သို့) ကိုယ်စားပြုသည့် Stakeholder များ၏ REDD+ အပေါ်တွင် စိတ်ဝင်စားမှုနှင့် အလားအလာရှိသောအခန်းကဏ္ဍများ

| Stakeholder အုပ်စု | စိတ်ဝင်စားမှု | REDD+ အလားအလာရှိသော အခန်းကဏ္ဍများ |
|---|---|---|
| ဒေသအဆင့် Stakeholder များ ။ တိုင်းရင်းသားလူမျိုးစုအဖွဲ့များ(သို့) ဒေသခံပြည်သူလူမှုရေးအသင်းအဖွဲ့များ (Local Level Stakeholders: Ethnic Minority groups or CSOs | | |
| ကချင်တိုင်းရင်းသား<br>ကရင်တိုင်းရင်းသား<br>ကယားတိုင်းရင်းသား<br>ချင်းတိုင်းရင်းသား | အဓိကလုပ်ငန်းများမှာ တောင်ယာစိုက်ပျိုးခြင်းနှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း၊ အဓိကစိတ်ဝင်စားမှုများ မှာ ထာဝစဉ် တည်တံ့စေမည့် သစ်တော၊ ရေအရင်းအမြစ်၊ မြေသယံဇာနှင့် ဇီဝမျိုးစုံမျိုးကွဲများ စီမံအုပ်ချုပ်လုပ်ခြင်းနှင့် ရေသယံဇာတများ စဉ်ဆက်မပြတ်ရရှိရေး၊ REDD+ နှင့် PES | REDD+ ရှေ့ပြေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများနှင့်အတူ စောင့်ကြည့်လေ့လာခြင်း၊ ဒေသအဆင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ရှေ့ပြေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် REDD+ အဆင်သင့်ဖြစ်စေရေး လုပ်ငန်းများတွင် |

| | | |
|---|---|---|
| | တို့မှရရှိလာမည့်အကျိုး ကျေးဇူး များ၊ | ပါဝင်ဆောင်ရွက်ခြင်း၊ |
| မွန်တိုင်းရင်းသား<br>ရခိုင်တိုင်းရင်းသား<br>ရှမ်းတိုင်းရင်းသား | အဓိကလုပ်ငန်းများမှာ အခြေ တကျ အမြဲတမ်းစိုက်ပျိုးရေး (စပါး၊ရာဘာ၊ဆီအုန်း)၊ ပုဇွန် မွေးမြူခြင်း၊ ငါးဖမ်းခြင်း နှင့် တောင်ယာလုပ်ကိုင်ခြင်း၊ အဓိက စိတ်ဝင်စားမှုများမှာ ရေနှင့် မြေ သယံဇာတများစီမံအုပ်ချုပ်ခြင်း၊ သဘာဝသယံဇာတများထုတ်ယူ သုံးစွဲခွင့်ရရှိခြင်း၊ REDD+ နှင့် PES တို့မှရရှိလာမည့်အကျိုး ကျေးဇူးများ၊ | |
| ကမ္ဘောဇလူငယ် စာဖတ်အသင်း(ရှမ်း တောင်/ တောင်ကြီး) | စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း (ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ် တောလုပ်ငန်းများအတွက်)၊ ပတ် ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး (သစ်တောစိုက်ခင်းများ) | အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများဆောင် ရွက်ခြင်း၊ ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းတွင် ကူညီ ဆောင်ရွက်ပေးခြင်း |
| Day Loekalo | လူငယ်ပညာပေး၊ ကျန်းမာရေး ပညာပေး၊ အသိပညာပေးလုပ် ငန်းများ နှင့် လုပ်ငန်းရန်ပုံငွေရှာ ဖွေစုစောင်းခြင်း | အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများဆောင် ရွက်ခြင်း၊ ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းတွင် ကူညီ ဆောင်ရွက်ပေးခြင်း |
| ဒေသအဆင့် Stakeholder များ ။ အမျိုးသမီးလူမှုရေးအသင်းအဖွဲ့များ (Women CSOs) | | |
| ကိုယ်ထူကိုယ်ထအဖွဲ့ များ | ငွေစုစောင်းခြင်း၊ ချေးငွေရယူ ခြင်း၊ ဝင်ငွေရရှိစေမည့်လုပ်ငန်း များ | သတင်းအချက်အလက်များဖြန့် ဝေခြင်း၊ရှေ့ပြေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း၊ REDD+ လုပ်ငန်းများစောင့်ကြည့်လေ့လာ ခြင်း၊ အကျိုးအမြတ်ခွဲဝေခြင်းအ တွက်လုပ်ငန်းလည်ပတ်မည့် |

| | | |
|---|---|---|
| | | ယန္တရားများဖော်ထုတ်ခြင်း၊ |
| ဒေသအဆင့် Stakeholder များ ။ တိုင်းရင်းသားလူမျိုးများဖြင့်ဖွဲ့စည်းထားသည့် အမျိုးသမီးလူမှုရေးအသင်းအဖွဲ့များ (Women CSOs of Ethnic Minorities) | | |
| အမျိုးသမီးများ လုပ်ပိုင်ခွင့်အခွင့်အရေးများရရှိစေမည့်စီမံကိန်း/Jieeyah Service | အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း (အမျိုးသမီးအခွင့်အရေးများ၊ ရာသီဥတုပြောင်းလဲခြင်းအကျိုးသက်ရောက်မှုများ)၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း (ကျားမတန်းတူအခွင့်အရေး၊ မြေအသုံးပြုခွင့်၊ အမျိုးသမီးများအားခွဲခြားဆက်ဆံခြင်းမှတားဆီးဆန့်ကျင်ခြင်းဆိုင်ရာသဘောတူညီချက် (CEDAW)၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း (ရာဘာ ကုန်ချောထုတ်စက်မှုလုပ်ငန်း )အတွေ့အကြုံရှိ တိုင်းရင်းသားလူမျိုးများအခြေ ပြုအဖွဲ့အစည်းများ (မွန်တိုင်းရင်းသား) | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ REDD+ မူဘောင်များရေးဆွဲခြင်းတွင် ပါဝင်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများအားကူညီဆောင်ရွက်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ရွှေ့ပြောင်းလုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများတွင်ပါဝင်ခြင်း၊ |
| ကချင်အမျိုးသမီးများငြိမ်းချမ်းရေးကွန်ယက် | ပဋိပက္ခဒေသများတွင် အမျိုးသမီးများအား အကာအကွယ်ပေးခြင်းနှင့် လုံခြုံမှုပေးခြင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းလုပ်ငန်းစဉ်များတွင်ပါဝင်ခြင်း (ကချင်တိုင်းရင်းသားအပေါ်အထူးပြုခြင်း) | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ အသိပညာပေးလုပ်ငန်းများ နှင့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းများတွင်ကူညီဆောင်ရွက်ခြင်း၊ |
| ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် Stakeholders များ။ တိုင်းရင်းသားလူမျိုးများ (Ethnic Minorities) | | |
| ကချင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ | ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုး | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ |

| | | |
|---|---|---|
| (URM,Shan Literature, KMSS, Shalom, Anglican, KRDC) | တက်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ သယံဇာတများအသုံးပြုမှုနှင့် စပ်လျဉ်းသည့် မူဝါဒများအတွက် အကြံပေးခြင်း၊<br>ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ကော်မတီတွင် အမျိုးသမီးများပါဝင်ခွင့်ပေးခြင်းနှင့် အမျိုးသမီးများ အတွက် လုပ်ပိုင်ခွင့်များခိုင်မာမှု ရှိစေခြင်း၊<br>မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးစုများအားလုံး အကျိုးခံစားနိုင်ရန်အတွက် တိုင်းရင်းသားပေါင်းစုံ (ကချင်၊ ရှမ်း၊ ကရင်၊မြန်မာ)ပါဝင်သည့် အဖွဲ့အစည်း၊ | REDD+ မူဘောင်များရေးဆွဲခြင်းတွင် ပါဝင်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများအားကူညီဆောင်ရွက်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ရွှေ့ပြောင်းလုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများတွင်ပါဝင်ခြင်း၊ |
| နိုင်ငံအဆင့် Stakeholders များ။ တိုင်းရင်းသားလူမျိုးများ၊ အမျိုးသမီးနှင့် ကျား/မ အခွင့်အရေးဆိုင်ရာ NGO များ | | |
| ကရင်ရေဖြန်းအသင်းတော် (Karen Baptist Church) | ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း၊ စိုက်ခင်းများတည်ထောင်ခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ၊တိုင်းရင်းသား လူမျိုးစုများနှင့် ဘာသာရေး အခြေပြုအသင်းများ | အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လုပ်ငန်းများတွင်ပါဝင်ခြင်း၊ |
| Shalom | တိုင်းရင်းသားအရေးအလေးပေးဆောင်ရွက်သည့်အဖွဲ့အစည်းဖြစ်၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ REDD+ မူဘောင်များရေးဆွဲခြင်းတွင် ပါဝင်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများအားကူညီဆောင်ရွက်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေး |

| | | |
|---|---|---|
| | သစ်တောအသုံးပြုသူများအဖွဲ့တွင် ကျား/မတန်းတူပါဝင်နိုင်ရေးသင်တန်းများပံပိုးပေးခြင်းနှင့် ကျား/မ တန်းတူပါဝင်ခွင့်ရရှိရေး၊<br>အမျိုးသမီးများအတွက် ဝင်ငွေရရှိစေမည့်လုပ်ငန်းများမြှင့်တင်ပေးခြင်း | ခြင်းနှင့် လုပ်ငန်း များတွင်ပါဝင်ခြင်း၊ |
| မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ၊ စိုက်ပျိုးရေးလုပ်ငန်းများ | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ REDD+ မူဘောင်များရေးဆွဲခြင်းတွင် ပါဝင်ခြင်းနှင့် ဆွေးနွေးညှိနိူင်းမှုများအားကူညီဆောင်ရွက်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ရှေ့ပြေးလုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများတွင်ပါဝင်ခြင်း၊ |
| POINT (Promootion of Indigenous and Nature Together) | FPIC, REDD+, UNDRIP တို့နှင့်စပ်လျဉ်းသည့် သင်တန်းများ၊ ပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲခြင်းအကျိုးသက်ရောက်မှုများဆိုင်ရာအကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်းသည့် အသိပညာပေးလုပ်ငန်းများ၊ | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ REDD+ မူဘောင်များရေးဆွဲခြင်းတွင် ပါဝင်ခြင်းနှင့် ဆွေးနွေးညှိနိူင်းမှုများအားကူညီဆောင်ရွက်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း |
| အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအစပျိုးဆောင်ရွက်ခြင်း | အခြားသောအသင်းအဖွဲ့များသို့ သင်တန်းများ(eg. Gender analysis & gender training | အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ REDD+ နှင့် တိုင်းရင်းသားလူမျိုးစုများနှင့် |

| | | |
|---|---|---|
| (Gender Development Initiative –GDI) | to FUG, REDD+ and FPIC) ပို့ချရာတွင် ကူညီပေးခြင်း၊ ကျား/မတန်းတူအခွင့်အရေးဆိုင်ရာလေ့လာခြင်း၊ အမျိုးသမီးများအခွင့်အရေးဖော်ထုတ်ခြင်း၊ ကျား/မတန်းတူအခွင့်အရေးနှင့် သစ်တောသယံဇာတများထိန်းစီမံအုပ်ချုပ်ခြင်းနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများဆိုင်ရာများတွင် ကျွမ်းကျင်မှုများရရှိရန် | စပ်လျဉ်းပြီး တိုင်းရင်းသားပါတီများသို့ အကြံဉာဏ်များပေးခြင်း၊ FPIC နှင့် ကျား/မတန်းတူအခွင့်အရေးများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ |
| စားနပ်ရိက္ခာဖူလုံရေးအဖွဲ့ (Food Security Working Group) | စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာလုပ်ငန်းများ၊ ငါးသုတေသန နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တိုင်းရင်းသားလူမျိုးများအပေါ် အလေးထားသည့်မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်၊ သတင်းအချက်အလက်များဖြန့်ဖြူးခြင်းနှင့်လဲလှယ်ခြင်း၊ သတင်းစင်တာများဖွင့်လှစ်နိုင်ရန်အထောက်အကူပြုခြင်း၊ | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ REDD+ မူဘောင်များရေးဆွဲခြင်းတွင် ပါဝင်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများအားကူညီဆောင်ရွက်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အကြံဉာဏ်များနှင့် သတင်းအချက်အလက်များပံ့ပိုးပေးခြင်း (ပုံနှိပ်ဖြန့်ဝေခြင်း)၊ |
| ဒီရေတောဝန်ဆောင် မှုကွန်ယက် (Mangrove Service Network) | ကျေးလက်ဒေသစွမ်းအင်ရရှိရေး (ထင်းချွေတာသုံးရန်အတွက် စွမ်းအားမြှင့်မီးဖိုများနှင့် အမျိုးသမီးများဦးတည်ချက်ထားဆောင်ရွက်မည့် သင်တန်းများ)၊ သစ်တောထိန်းသိမ်းရေး (ပျိုးဥယျာဉ်နှင့်ဒီရေတောစိုက်ခင်းများတည်ထောင်ခြင်းအပါအဝင်) လုပ်ငန်းများကို ကချင်၊ ကယား၊ ကရင်၊ မွန်ပြည်နယ်များတွင်ဆောင်ရွက်ခြင်း၊ | ထင်းခုတ်ယူခြင်းကြောင့် သစ်တောများအဆင့်အတန်းကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုကိုကိန်းကဏန်းများဖြင့်လေ့လာရာတွင် ပါဝင်ကူညီခြင်း၊ လောင်စာသုံးစွဲခြင်းကြောင့် ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်းဆိုင်ရာ REDD+ မဟာဗျူဟာများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်ခြင်း၊ ရှေ့ပြေးစမ်းသပ်မှုများဆောင်ရွက်ခြင်း၊ ပိုမိုဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်း၊ |

| | | |
|---|---|---|
| SPECTRUM | REDD+သင်တန်းများ၊ REDD နှင့် FPIC ဆိုင်ရာအသိပညာပေးသင်တန်းများအတွက်အထောက်အကူပြုပစ္စည်းများကို မြန်မာဘာသာ တိုင်းရင်းသားဘာသာများနှင့် ပြုလုပ်ခြင်း၊ REDD+ တွင် အမျိုးသမီးများပါဝင်လာနိုင်မည့်အခန်းကဏ္ဍ၊တိုင်းရင်းသားလူမျိုးများ၏ ရပိုင်ခွင့်များ၊ သစ်တောသယံဇာတများသုံးစွဲရာတွင် ကျား/မ တန်းတူပါဝင်ဆောင်ရွက်ခွင့်နှင့် မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်များတွင် ကျွမ်းကျင်မှုများ၊ | အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ၊ REDD+ မူဘောင်များရေးဆွဲရာတွင်ပါဝင်လုပ်ကိုင်ခြင်း၊ |
| EcoDEV | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲခြင်းအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျား/မတန်းတူအခွင့်အရေး၊ ဝင်ငွေတိုးလုပ်ငန်းများ၊ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် (ကချင်ဒေသအထူးပြု) | လေ့လာခြင်းနှင့်ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများတွင်ပါဝင်ခြင်း၊ REDD+ မူဘောင်များရေးဆွဲခြင်းတွင် ပါဝင်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများအားကူညီဆောင်ရွက်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရှေ့ပြေးလုပ်ငန်းများ၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်း |

အထက်ဖော်ပြပါ Stakeholders များဖော်ထုတ်ခြင်းဇယားကို လေ့လာကြည့်ပါက အဖွဲ့အစည်းအများစုအနေဖြင့် သစ်တောသယံဇာတများစီမံအုပ်ချုပ်ခြင်း၊ ကျား/မတန်းတူအခွင့်အရေးရရှိရေးနှင့် တိုင်းရင်းသားလူမျိုးများ အရေးဆောင်ရွက်ခြင်းများကို ဆောင်ရွက်သော်လည်း အနည်းငယ်သောအဖွဲ့အစည်းများသာလျှင် ဖော်ပြပါကဏ္ဍ (၃)ခုလုံးတွင် ပါဝင်ပတ်သက်ဆောင်ရွက်ကြောင်းတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် ကျား/မတန်းတူအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လူမှောင်ခိုကူးခြင်းနှင့် အမျိုးသမီးများလုပ်ပိုင်ခွင့်ဆိုင်ရာများနှင့်ဆက်နွယ်နေသည့် လုပ်ငန်းများတွင် ထိတွေ့ဆောင်ရွက်နေကြောင်းတွေ့ရှိရသည်။

အချို့သောနိုင်ငံတကာအဖွဲ့အစည်းများ (UNDP, PACT Myanmar) တို့သည် ကိုယ့်အားကိုယ်ကိုးအဖွဲ့များ၊ ငွေစုငွေချေးအဖွဲ့များစသည့် အမျိုးသမီးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စီမံကိန်းများဆောင်ရွက်လျက်ရှိသည်။

EcoDEV မှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသ မြို့နယ်(၃)ခုတွင် အမျိုးသမီးများပါဝင်သည့် ထိန်းသိမ်းရေးအဖွဲ့များစတင်မိတ်ဆက်ဖွဲ့စည်းခဲ့သည်။

အဆိုပါအဖွဲ့များသည် ဒေသအဆင့်နှင့် နိုင်ငံအဆင့်တို့တွင် အဖွဲ့အစည်းအသွင်သဏ္ဍာန် ပီပီပြင်ပြင် မဖြစ်သေးသော်လည်း ၎င်းအဖွဲ့များ၏ နမူနာပုံစံများသည် REDD+ လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ရာတွင် အလားအလာရှိသော မိတ်ဖက်အဖွဲ့များဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအနေဖြင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် အများဆုံးဆက်သွယ်၍ ၎င်းတို့၏ လူမှုဘဝဖွံ့ဖြိုးမှုများအတွက်ဆောင်ရွက်ကြသည်။

ရခိုင်နှင့်မွန်လူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများသည် ကုန်းမြင့်ဒေသများတွင် နေထိုင်ကျပြီး ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို ဆောင်ရွက်နေကြရသည်ဖြစ်ရာ ၎င်းတို့အသက်ရှင် ရပ်တည်ရေးအတွက် ပတ်ဝန်းကျင်အခြေအနေပေါ်တွင် မှီခိုနေရကြောင်း ပြသလျက်ရှိသည်။

## ၂.၄။ **Stakeholders များနှင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ထိတွေ့ဆက်ဆံခြင်းများအတွက် လိုက်နာရမည့်မူဘောင်**

၂၀၁၁ခုနှစ်၊ မေလအတွင်း UNREDD နှင့် FCPF တို့ပူးပေါင်းရေးဆွဲထားသည့် REDD+ Readiness လုပ်ငန်းစဉ်တွင် Stakeholders များနှင့်ထိတွေ့ဆက်ဆံရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ (မူကြမ်း) တွင်ဖော်ပြပါရှိသည့် လမ်းပြမြေပုံအရ ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်၏ရလဒ်မှာ Stakeholders များအနေဖြင့် REDD+ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏အလုပ်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ်တွင် ဖြစ်နိုင်ခြေရှိသောထိခိုက်မှုများအားလုံးကို ပြည့်ပြည့်ဝဝသိရှိနားလည်ခြင်းနှင့် FPIC စည်းမျဉ်းစည်းကမ်းများအရ လုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်များရေးဆွဲခြင်းအပေါ် ၎င်းတို့၏သဘောထားများထုတ် ဖော်ပြသနိုင်သည့်အနေအထားရရှိခြင်းဖြစ်သည်။

REDD+ Readiness လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း Stakeholders များနှင့်တစ်သက်မက်တည်းထိတွေ့ဆက်ဆံနေမှုများကို အောက်ပါ အချက်များနှင့်အညီထိန်းသိမ်းထားရမည်ဖြစ်သည်-

(၁) လုပ်ငန်းလည်ပတ်နိုင်ပြီးအာလုံးပါဝင်သည့်အဖွဲ့အစည်းပုံစံ (အခန်း ၁.၆ တွင်ကြည့်ရန်) နှင့်အတူ တိကျသည့်ဆက်သွယ်ရေးလမ်းကြောင်းနှင့် ပြန်လည်ဆွေးနွေးတင်ပြနိုင်မည့် စနစ်များရှိရမည်ဖြစ်သည်။ REDD+ စီမံအုပ်ချုပ်မှုများအတွင်း Stakeholders များ၏ အယူအဆများနှင့် ဦးစားပေးမှုများအား လုံလုံလောက်လောက် တိတိကျကျကိုယ်စား ပြုမှုများရရှိရန်နှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ထင်ဟပ်ပေါ်လွင်မှုများရရှိသေချာစေရန်ဖြစ်သည်။

(၂) စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အသိပညာပေးလုပ်ငန်းများ (အခန်း၄.၂.၂ တွင်ကြည့်ရန်) ဆောင်ရွက်ရမည်ဖြစ်သည်။ Stakeholder အုပ်စုများအနေဖြင့် REDD+ လုပ်ငန်းစဉ်များတွင် အပြည့်အဝလိုက်ပါဆောင်ရွက်နိုင်ရန်နှင့် အပြုသဘောဆောင်သည့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ရရှိရန်အတွက် လိုအပ်သော သတင်းအချက်အလက်များရရှိမှု သေချာစေရန်ဖြစ်သည်။

(၃) သတင်းအချက်အလက်ဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းလည်ပတ်နိုင်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် သတင်းအချက်အလက်စနစ်တစ်ခုထူထောင်ရမည်ဖြစ်သည်။ Stakeholders များအနေဖြင့် ၄င်းတို့လိုအပ်သော သတင်းအချက်အလက်များကို အပြည့်အဝရရှိရန်နှင့် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ လက်ရှိ၄င်းတို့အခန်းကဏ္ဍနှင့် REDD+ လုပ်ငန်းစဉ်များတွင် ၄င်းတို့အတွက် ဖြစ်နိုင်ချေရှိသော အခန်းကဏ္ဍများကို သေချာစွာဆုံးဖြတ်နိုင်ရန်ဖြစ်သည်။

(၄) Stakeholders များနှင့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်ပုံစံနှင့် လုပ်ငန်းများ (အခန်း ၂.၅ တွင်ကြည့်ရန်) အပါအဝင် ဆွေးနွေးတိုင်ပင်ခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားသော ပြန်လည်ဆွေးနွေးနိုင်မည့်စနစ်များရှိရမည်ဖြစ်သည်။ REDD+ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်သည့် အစိတ်အပိုင်းများအားလုံးသည် Readiness အဆင့်တွင် အများသဘောတူညီချက် (သို့) FPIC အပေါ်တွင်အခြေခံ၍ ပေါ်ပေါက်လာမှုသေချာစေရန်ဖြစ်သည်။

## ၂.၅။ Stakeholder များနှင့် ဆွေးနွေးတိုင်ပင်ခြင်းဆောင်ရွက်မည့် Mechanisms (သို့) လုပ်ငန်းအဆင့်များ

ကဏ္ဍစုံမှ Stakeholders များပါဝင်သော လုပ်ငန်းအဖွဲ့အစည်းအဝေးများသည် ပထမဆုံးအဆင့် ဆွေးနွေးတိုင်ပင်ခြင်းသည်။

လုပ်ငန်းအဖွဲ့များ၏အခန်းကဏ္ဍသည် သတင်းအချက်အလက်များရှာဖွေစုစောင်းရန်နှင့် အဆို ပြုလုပ်ငန်းများတင်ပြရန်ဖြစ်ပြီး အရေးကြီးသည့်ဆုံးဖြတ်ချက်များ ချမှတ်ရန်မပါဝင် ပါ ။

လုပ်ငန်းအဖွဲ့အစည်းအဝေးမှတ်တမ်းများကို ပြန်လည်သုံးသပ်ခြင်းများဆောင်ရွက်နိုင်ရန်နှင့် အကြံပြုသဘောထားမှတ်ချက်များပေးနိုင်ရန်အတွက် REDD+ အင်တာနက်စာမျက်နှာတွင် တင်ပြထားရမည်ဖြစ်သည်။

ရရှိလာသည့်အကြံပြုမှတ်ချက်များကို နောက်တစ်ကြိမ်ကျင်းပမည့် လုပ်ငန်းအဖွဲ့အစည်း အဝေး (သို့) REDD+ အထူးလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် လိုအပ်သလိုပြန်လည် ဆွေးနွေးသွားရန်ဖြစ်ပြီး ဆွေးနွေးချက်များကို မှတ်တမ်းထားရှိရမည်ဖြစ်သည်။

လုပ်ငန်းအဖွဲ့များမှ Stakeholders များပါဝင်ခွင့်ပြုထားသည့် REDD+ အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးသည် ဒုတိယအဆင့်ဆွေးနွေးတိုင်ပင်ခြင်းဖြစ်သည်။

REDD+ အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးမှတ်တမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် အကြံပြု သဘောထားမှတ်ချက်များပေးနိုင်ရန်အတွက် REDD+အင်တာနက်စာမျက်နှာတွင် တင်ပြထားရမည်ဖြစ်သည်။

ရရှိလာသည့်အကြံပြုမှတ်ချက်များကို နောက်တစ်ကြိမ်ကျင်းပမည့် REDD+ အထူးလုပ်ငန်း အဖွဲ့အစည်းအဝေးတွင် လိုအပ်သလိုပြန်လည် ဆွေးနွေးသွားရန် ဖြစ်ပြီး ဆွေးနွေးချက်များကို မှတ်တမ်းထားရှိရမည်ဖြစ်သည်။

တတိယအဆင့်ဆွေးနွေးတိုင်ပင်ခြင်းသည် နိုင်ငံအဆင့် REDD+ ကွန်ယက်အဖွဲ့ဝင်များအား လုံး၏ ပြန်လည်ဆွေးနွေးမှုများကိုရရှိရန်ဆောင်ရွက်ခြင်းဖြစ်သည်။

၎င်းအဆင့်ကို Electronic Consultation ဟုခေါ်ဆိုသတ်မှတ်နိုင်ပြီး ပြန်လည်သုံးသပ်ထား ရှိမှုများကို စုစည်းခြင်းနှင့်အတည်ပြုခြင်းများ၊ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် လေ့လာမှုများ နှင့်အဆိုပြုခြင်းများအားလုံးကို အဆိုပါအဆင့်တွင် REDD+ အထူးလုပ်ငန်းအဖွဲ့နှင့် သက် ဆိုင်ရာလုပ်ငန်းအဖွဲ့များအားလုံးပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။

သက်ဆိုင်သည့် စာရွက်စာတမ်းများအားလုံးကို REDD+ အထူးလုပ်ငန်းအဖွဲ့ရုံးမှ e-mail ဖြင့်ဖြန့်ဝေပေးရမည်ဖြစ်ပြီး REDD+ အင်တာနက်စာမျက်နှာတွင်ပါ တင်ပြထားရမည်ဖြစ် သည်။

အကြံပြုသဘောထားမှတ်ချက်များအားလုံးကို e-mail နှင့် အင်တာနက်သုံး၍ ပြန်လည် စုစည်းမည်ဖြစ်ပြီး နောက်တစ်ကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး (သို့) REDD+ အထူး လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင်ပြန်လည်ဆွေးနွေးသွားခြင်းနှင့် နောက်ပိတ်ဆုံးအတည်ပြု ထားသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများတွင် ပေါင်းစပ်ထည့်သွင်းခြင်းများ ဆောင်ရွက် သွားမည်ဖြစ်သည်။

နောက်ပိတ်ဆုံးအတည်ပြုထားသည့် သက်ဆိုင်ရာစာရွက်စာတမ်းများအားလုံးကို REDD+ နှင့်သက်ဆိုင်သည့် Stakeholders များအားလုံးမှ နောက်ထပ်အကြံပြုသဘောထား မှတ်ချက်များပေးနိုင်ရန်အတွက် အင်တာနက် စာမျက်နှာပေါ်တွင်တင်ထားမည်ဖြစ်သည်။

အဆိုပါ Electronic Consultation ဆောင်ရွက်မည့်ပုံစံကို Stakeholders များနှင့် ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ဆွေးနွေးရန်မလိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ စာရွက်စာတမ်းများ စုစည်းပေါင်းစပ်ရာတွင်အသုံးပြုသွားမည်ဖြစ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများမှာ (၁) အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ရန်ခရီးသွားလာခြင်းများလျော့ချနိုင်မည့်အပြင် ပြည်တွင်း/ပြည်ပမှ သက်ဆိုင်ရာ Stakeholders များအားလုံးပါဝင်နိုင်မည်ဖြစ်သဖြင့် ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ (၂) မူကြမ်းရေးဆွဲထားသည့် စာရွက်စာတမ်းများ အပြည့်အစုံအပေါ် အသေးစိတ်သုံးသပ်ချက်များအားလုံးကို စုစည်းနိုင်မည်ဖြစ်ခြင်း၊ (၃) ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်းတို့ဖြစ်ပါသည်။

သက်ဆိုင်ရာစာရွက်စာတမ်းများအားလုံးကို မြန်မာ၊ အင်္ဂလိပ် (၂) ဘာသာဖြင့် ပြုစုခြင်းနှင့် အကြံပြုသဘောထားမှတ်ချက်များပြန်လည်ပေးပို့ရမည့် နောက်ဆုံးရက် သတ်မှတ်ခြင်းများကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် REDD+ အထူးလုပ်ငန်းအဖွဲ့တို့မှဆုံးဖြတ်ရမည်ဖြစ်သည်။

Stakeholders များနှင့်ဆွေးနွေးတိုင်ပင်ခြင်း စတုတ္ထအဆင့်သည် နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံအဆင့် REDD+ ကွန်ယက်အဖွဲ့ဝင်များအားလုံးတက်ရောက်နိုင်ရန်ဖိတ်ကြားရမည်ဖြစ်သည်။

REDD+ လုပ်ငန်းများအဆင်သင့်ဖြစ်စေခြင်းတွင် ပါဝင်သည့်လုပ်ငန်းများအားလုံးအပေါ် ဆွေးနွေးမှုများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ Stakeholders များအားလုံးနှင့် လိုအပ်သလို ဆွေးနွေးတိုင်ပင်သည့် ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ် တစ်ခုအနေဖြင့် (ဇယား ၂.၄ တွင်ကြည့်ရန်) နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပသည့် နည်းလမ်းကို အသုံးပြုရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များချမှတ်ရန်လိုအပ်ပါက ၄င်းအလုပ်ရုံဆွေးနွေးပွဲ သဘာပတိမှ အများသဘောတူသည့် ဆုံးဖြတ်ချက်ရရှိရန် ဆောင်ရွက်ရမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများ၏အကြံပြုချက်များ ဆုံးဖြတ်ချက်များနှင့် သဘောထားမှတ်ချက်များအပါအဝင် အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်းများအားလုံးကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် လိုအပ်သော နောက်ထပ်အကြံပြုချက်များ ဖြည့်စွပ်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများအားလုံးထံ e-mail ဖြင့်ပေးပို့ရမည်ဖြစ်သည့်အပြင် အင်တာနက်စာမျက်နှာတွင်ပါ ဖော်ပြထားရှိရမည်။

အကြံပြုချက်များအားလုံးကို အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်း (Final Verison) တွင် ထည့်သွင်း ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ (Final Verison) ကိုအင်တာနက်စာမျက်မှာပေါ်တွင်ဖော်ပြခြင်း (သို့) အဆိုပါ (Final Verison) အပေါ် နောက်တစ်ကြိမ်ကျင်းပမည့် REDD+ အထူးလုပ်ငန်း အဖွဲ့အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးခြင်းနှင့် ဆွေးနွေးချက်များမှတ်တမ်းတင်ခြင်းကို ဆောင်ရွက်ရမည်။

ပဥ္စမအဆင့်ဆွေးနွေးတိုင်ပင်ခြင်းသည် နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်တွင် နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းအလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံအဆင့် အပြီးသတ်အတည်ပြုခြင်းအလုပ် ရုံဆွေးနွေးပွဲများပါဝင်သည်။

အဆိုပါ နမူနာပုံစံသည် REDD+ Readiness လမ်းပြမြေပုံ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းများအတွက် (အခန်း ၂.၂ တွင်ကြည့်ရန်) အသုံးပြုခဲ့သည့် နိုင်ငံအဆင့်ဆွေးနွေး တိုင်ပင် ခြင်းလုပ်ငန်းစဉ်ဖြစ်သည်။

ဆုံးဖြတ်ချက်များချမှတ်ရန်လိုအပ်ပါက အလုပ်ရုံဆွေးနွေးပွဲသဘာပတိမှ အများသဘောတူဆုံးဖြတ်ချက်ရရှိအောင်ဆောင်ရွက်ရမည်ဖြစ်ရာ အထူးသဖြင့် အပြီးသတ်အတည်ပြုခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများမတိုင်မီကတည်းက တင်ပြထားသည့် ပြန်လည်ဆွေးနွေးမှုများနှင့် အကြံပြုချက်များအားလုံးကို ပြန်လည်သုံးသပ်နိုင်သည့် အခွင့်အရေးရှိသဖြင့် အများသဘောတူဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်လိုအပ်သည်။

အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်းများကို Participants များအားလုံးသို့ အီးမေးလ်ဖြင့်ဖြန့်ဝေပေးရမည်ဖြစ်ပြီး အကြံပြုမှတ်ချက်များပေးနိုင်ရန်အတွက်လည်း အင်တာနက်စာမျက်နှာတွင်လည်းဖော်ပြထားရမည်ဖြစ်သည်။

အကြံပြုချက်များအားလုံးကို အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်း (Final Verison) တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အဆိုပါ (Final Verison) ကိုအင်တာနက်စာမျက်မှာပေါ်တွင်ဖော်ပြခြင်း (သို့) အဆိုပါ (Final Verison) အပေါ် နောက်တစ်ကြိမ်ကျင်းပမည့် REDD+ အထူးလုပ်ငန်း အဖွဲ့အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးခြင်းနှင့် ဆွေးနွေးချက်များမှတ်တမ်းတင်ခြင်းကို ဆောင်ရွက်ရမည်။

REDD+ Readiness လုပ်ငန်းများ၏အဓိကအဆင့်များတွင် အများသဘောတူညီချက် (သို့) ခွင့်ပြုချက်များရရှိအောင် ရှာဖွေဖော်ထုတ်ရန်လိုအပ်သည်။

FPIC နှင့်စပ်လျဉ်း၍ UNREDD မှအကြံပြုထားသည့် လုပ်ငန်းလမ်းညွှန်ချက် မူကြမ်းအတိုင်း နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းများ (အဆင့် ၃ ၊ ၄ နှင့် ၅) ၌ ဆွေးနွေးရန် အကြောင်းအရာများတွင် ကန့်သတ်ချက်မထားဘဲပါဝင်စေမည့် ခေါင်းစဉ်များမှာ-

- မြေယာပိုင်ဆိုင်မှုစည်းမျဉ်းစည်းကမ်းများနှင့် သစ်တောမြေအသုံးပြုခွင့်များအပေါ် ဆုံးဖြတ်ချက်များ
- သစ်တောစီမံအုပ်ချုပ်ခြင်းမူဝါဒများနှင့် အစီအစဉ်များအတွက်ပုံစံသစ်များ
- သစ်တောမြေများမှ ရရှိလာမည့်သယံဇာတများနှင့် အကျိုးအမြတ်များအပေါ် ခွဲဝေမည့် ပုံစံ (သို့) အခွန်အခများခွဲဝေမည့် နည်းလမ်းများ
- REDD+ မဟာဗျူဟာများချမှတ်ရာတွင် အထောက်အကူပြုမည့် စမ်းသပ်မှုများနှင့် သုတေသနလုပ်ငန်းများ
- REDD+ အတွက် RLS/RELs များချမှတ်ရာတွင် အထောက်အကူပြုမည့် တိုင်းထွာခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများ
- REDD+ လုပ်ငန်းစဉ်များအောက်တွင်ပါဝင်သည့် MRV၏အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကာဗွန်ပမာဏတိုင်းတာခြင်း

ဇယား (၂.၄)၊ ဆွေးနွေးတိုင်ပင်ခြင်းအဆင့် (၄)နှင့်(၅) လိုအပ်သည့် အဆိုပြုဆွေးနွေးရမည့် အကြောင်းအရာများ

| ဆွေးနွေးရမည့်အကြောင်း | ဆွေးနွေးတိုင်ပင်ခြင်းအဆင့် |
|---|---|
| အခန်း(၂) Stakeholders များပူးပေါင်းပါဝင်ခြင်းနှင့်ဆွေးနွေးတိုင်ပင်ခြင်း | |
| နိုင်ငံအဆင့် FPIC လုပ်ငန်းလမ်းညွှန်ချက်များပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း | ၅ |
| အခန်း(၃) REDD+မဟာဗျူဟာများရေးဆွဲဖော်ထုတ်ခြင်းနှင့်ရွေးချယ်ခြင်း | |
| REDD+ မဟာဗျူဟာများချမှတ်ရန်အတွက် သစ်တောကဏ္ဍနှင့် သစ်တောကဏ္ဍပြင်ပ (၂)ခုစလုံးအတွက် ပြန်လည်သုံးသပ်ထားပြီးဖြစ်သည့် အဆိုပြုလုပ်ငန်းများအားပြန်လည်သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း | ၄ |
| REDD+ မဟာဗျူဟာများအတွက် အဆိုပြုထားသည့် ဆောင်ရွက်မည့်လုပ်ငန်းများနောက်ဆုံးပိတ်ပြုစုထားသည့် စာရင်းအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း | ၅ |
| အခန်း(၄) REDD+ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ မူဘောင်နှင့် Safeguards များ | |

| | |
|---|---|
| (လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတစ်နှစ်အကြာတွင်) ယခုအဆိုပြုထားသည့် ဖွဲ့စည်းပုံအပါအဝင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် လိုအပ်မှုများဆန်းစစ်လေ့လာခြင်းနှင့် သတင်းအချက်အလက်များဆက်သွယ်ခြင်းဆိုင်ရာ မဟာဗျူဟာ( အခန်း ၄.၂.၁ တွင်ကြည့်ရန်) တို့ကို ပြန်လည်သုံးသပ်ရန်၊ | ၄ |
| အဆိုပြုထားသည့် ဖွဲ့စည်းပုံအပါအဝင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် လိုအပ်မှုများဆန်းစစ်လေ့လာခြင်းနှင့် သတင်းအချက်အလက်များဆက်သွယ်ခြင်းဆိုင်ရာ မဟာဗျူဟာ( အခန်း ၄.၂.၁ တွင်ကြည့်ရန်) တို့ကို ပြန်လည်သုံးသပ်ရန်နှင့် အတည်ပြုခြင်းများ ထပ်မံဆောင်ရွက်ရန်၊ | ၄ |
| နိုင်ငံအဆင့်ဥပဒေဆိုင်ရာမူဘောင်များအတွက် အဆိုပြုထားသည့် ပြင်ဆင် ပြောင်းလဲရမည့်အချက်များနှင့် ထပ်မံဖြည့်စွက်ရမည့်အချက်များ( လျင်လျင် မြန်မြန်နှင့်လွယ်လွယ်ကူကူပြဌာန်းနိုင်မည့်) ကို ပြန်လည်သုံးသပ်ရန်နှင့် အတည်ပြုရန်၊ | ၅ |
| (REDD+ လုပ်ငန်းများ အဆင်သင့်ဖြစ်စေရေး ဆောင်ရွက်ခြင်း အဆင့် အဆုံးတွင်) နိုင်ငံအဆင့်ဥပဒေဆိုင်ရာမူဘောင်များအတွက် အဆိုပြု ထားသည့် ပြင်ဆင် ပြောင်းလဲရမည့်အချက်များနှင့် ထပ်မံဖြည့်စွက်ရမည့် အချက်များ(ရှုပ်ထွေးပြီး ရေရှည်ဆောင်ရွက်ရန်လိုအပ်သည့်) ကို ပြန်လည် သုံးသပ်ရန်နှင့် အတည်ပြုရန်၊ | ၅ |
| အဆိုပြုထားသည့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုများနှင့် အကျိုးအမြတ်ခွဲဝေ မည့်နည်းစနစ်များအား ပြန်လည်သုံးသပ်ရန်နှင့် အတည်ပြုရန်၊ | ၅ |
| ရွေးချယ်ထားသည့် မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ (သို့မဟုတ်) Safeguard စံချိန်စံညွှန်းများနှင့် အဆိုပြုထားသည့် Safeguard သတင်း အချက်အလက်ဆိုင်ရာစနစ်နှင့် မကျေနပ်မှုများအား ဖြေရှင်းမည့်နည်းလမ်း များရေးဆွဲရန်အတွက် ပံ့ပိုးထားသည့်လုပ်ငန်းလမ်းညွှန်ချက်များအား ပြန် လည်သုံးသပ်ရန်နှင့်အတည်ပြုရန်၊ | ၄ |
| မကျေနပ်မှုများအား ဖြေရှင်းမည့် အဆိုပြုနည်းလမ်းများအား ပြန်လည် သုံးသပ်ရန်နှင့်အတည်ပြုရန်၊ | ၄ |
| အခန်း(၅) နိုင်ငံအဆင့် RELs/ RLs ရေးဆွဲခြင်း | |
| မြန်မာနိုင်ငံသစ်တောများအတွက် ရေးဆွဲထားသည့် RELs/ RLs လုပ်ငန်း စီမံချက်ကို သဘောတူညီရန်၊ | ၄ |

| | |
|---|---|
| ရွေးချယ်ထားသည့် RELs/ RLs နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်မည့် နည်းလမ်းများအတွက် ဆွေးနွေးတိုင်ပင်ရန်၊ | ၄ |
| အခန်း (၆) နိုင်ငံအဆင့် သစ်တောများစောင့်ကြည့်လေ့လာမည့်စနစ်ရေး ဆွဲရန် | |
| မြန်မာနိုင်ငံအတွက်ရေးဆွဲထားသည့် နိုင်ငံအဆင့်သစ်တောများစောင့်ကြည့် လေ့လာရေးစနစ်လုပ်ငန်းစီမံချက်ကို သဘောတူညီရန်၊ | ၄ |
| သစ်တောများအတွင်းရှိ ကာဗွန်ပမာဏသိရှိရန် မြန်မာနိုင်ငံအတွက် နိုင်ငံအဆင့် သစ်တောသယံဇာတကောက်ယူခြင်းနည်း စနစ်ကို ဆွေးနွေးတိုင်ပင်ရန်၊ | ၄ |

မြန်မာနိုင်ငံတွင် REDD+ လုပ်ငန်းများအဆင်သင့်ဖြစ်စေရန် ဆောင်ရွက်ခြင်းအတွက် ဆောင်ရွက်မည့် နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းအလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ် (နိုင်ငံအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့် အလုပ်ရုံဆွေးနွေးပွဲများ) များအတွက် Stakeholder Consultation and Safeguards လုပ်ငန်းအဖွဲ့မှ အောက်ဖော်ပြပါ လမ်းညွှန်ချက်များနှင့် လုပ်ငန်းအဆင့်များကို ဖော်ထုတ် သတ်မှတ်ခဲ့သည်။

ဆွေးနွေးတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (သို့) လုပ်ငန်းအဆင့်တိုင်းအတွက် အောက် ဖော်ပြပါ အချက်များပါဝင်သည့် Concept Note အကျဉ်းချုပ်ပြင်ဆင်ရန်လိုအပ်သည်-

(၁) ဆွေးနွေးတိုင်ပင်ခြင်းအလုပ်ရုံဆွေးနွေးပွဲများအတွက် လိုချင်သောရလဒ်များနှင့် စပ်လျဉ်း၍ သတ်မှတ်ထားခြင်း၊

(၂) အလုပ်ရုံဆွေးနွေးပွဲသို့ဖိတ်ကြားမည့် Stakeholders များအားသတ်မှတ်ခြင်း (အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့်အကြောင်းအရာနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့် REDD+ ကွန်ယက်အဖွဲ့ဝင်များနှင့် မလုံလောက်ခြင်း (သို့) ပြည်နယ်/တိုင်းဒေသကြီးများ၏ အမြင် များရရယူရန်လိုအပ်ခြင်း၊

(၃) ဆွေးနွေးတိုင်ပင်မည့် အနေအထားများအားသတ်မှတ်ခြင်း (ပြန်လည်သုံးသပ်ခြင်းနှင့် (သို့) အတည်ပြုခြင်း၊ အနည်းဆုံးပါဝင်ဆွေးနွေးရမည့်လူအရေအတွက်၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း)

(၄) ဆွေးနွေးတိုင်ပင်မည့်နည်းစနစ်များရွေးချယ်ခြင်း (အမျိုးသမီးများနှင့် တိုင်းရင်း သားလူမျိုးအဖွဲ့များအတွက် ဆွေးနွေးတိုင်ပင်ခြင်းများ မပြုလုပ်ခင် အကြိုဆွေးနွေး တိုင်ပင်

သည့် ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း (သို့) ၄င်းတို့အတွက် ဆွေးနွေးပွဲများအားလိုအပ်သလို သီးသန့်ခွဲခြားပြုလုပ်ပေးခြင်းအစီအစဉ်များစသည်)

(၅) ဆွေးနွေးတိုင်ပင်ခြင်းများဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန်နှင့် အပြည့်အဝ ပူးပေါင်းပါဝင်မှုများရှိစေရန်အတွက် Stakeholders များတွင် လုံလောက်သော စွမ်းဆောင်ရည်များပြည့်ဝမှုရှိစေရန်သေချာစေခြင်း (သတင်းအချက်အလက်များမျှဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခြင်း (သို့) အစပြု ဆောင်ရွက်ခြင်းများ)

(၆) ဆွေးနွေးတိုင်ပင်ခြင်းများဆောင်ရွက်ခြင်း (ကျား/မအခွင့်အရေးဆိုင်ရာနှင့် တိုင်းရင်းသား လူမျိုးစုများဆိုင်ရာများနှင့်စပ်လျဉ်းသည့် သီးသန့်ကျွမ်းကျင်မှုများ အပါအဝင် လိုအပ်ပါ က ဆွေးနွေးတိုင်ပင်ခြင်းကျင်းပမည့် နေ့ရက်၊ နေရာ၊ သွားလာရေးနှင့် တာဝန်ယူကျင်းပမည့်သူများ စသည်တို့အတွက် ကူညီဆောင်ရွက်ခြင်း)

(၇) ဆွေးနွေးတိုင်ပင်ခြင်းရလဒ်များနှင့်စပ်လျဉ်း၍ ဆန်းစစ်လေ့လာခြင်း၊ ဖြန့်ဝေပေးခြင်းနှင့်သဘောထားမှတ်ချက်များပြန်လည်ရယူခြင်း (အစီရင်ခံစာရေးသားခြင်း)

မည်သည့် Stakeholders များအတွက်မဆို နောက်ထပ်ဆွေးနွေးတိုင်ပင်ခြင်းများအတွက် အမြဲ တမ်းဆွေးနွေးတိုင်ပင် သဘောထားမှတ်ချက်များ ရယူခြင်းဆောင်ရွက်နိုင်သည့် REDD+ အင်တာနက်စာမျက်နှာအခြေပြုခြင်းဖြင့် သဘောထားမှတ်ချက်များပေးပို့ခြင်းနှင့် သတင်းအချက်အလက်စာရွက်စာတမ်းများ လေ့လာရန်ရယူနိုင်ခြင်းများအတွက် ခွင့်ပြုပေးနိုင်မည်ဖြစ်သည်။

လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များအတွက် လုပ်ငန်းလမ်းညွှန်ချက်များချမှတ်ပေးနိုင်ရန် Stakeholder Consulta tion and Safeguards လုပ်ငန်းအဖွဲ့အနေဖြင့် ဆွေးနွေးတိုင်ပင်ခြင်း ဆောင်ရွက်မည့်နည်းလမ်းများ (Mechanisms) များနှင့် အထက်ဖော်ပြပါ လုပ်ငန်းအဆင့်များကို အသေးစိတ် အစီအမံများချမှတ်ရမည်ဖြစ်သည့်အပြင် နိုင်ငံအဆင့် REDD+ Readiness ဆောင်ရွက်ရာတွင် Stakeholder ဆွေးနွေးတိုင်ပင်ခြင်း လမ်းညွှန်ချက်များရေးဆွဲခြင်းနှင့် စီမံချက်များရေး ဆွဲခြင်းများကိုလည်းဆောင်ရွက်ရမည်။

အဆိုပါလမ်းညွှန်ချက်များသည် ဆွေးနွေးတိုင်ပင်ခြင်းများပိုမိုတိုးတက်ကောင်းမွန်စေရန်၊ အမျိုးသမီးများနှင့် တိုင်းရင်းသားလူမျိုးများ၏ ပူးပေါင်းပါဝင်မှုပိုမိုရရှိလာစေရန်နှင့် ၄င်းတို့အားလုံးအားကိုယ်စားပြု ပူးပေါင်းပါဝင်လာမှုများရရှိစေရန် မည်ကဲ့သို့ဆောင်ရွက်ရမည်ကိုပြောပြနိုင်မည့်လမ်းညွှန်ချက်အသေးစိတ်များကိုပံ့ပိုးပေးသွားမည်ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံအဆင့် လမ်းညွှန်ချက်များရေးဆွဲရာတွင် REDD+ အကောင်အထည်ဖော်ဆောင်ရွက်မည့် Structure (အခန်း ၁ တွင်ကြည့်ရန်) တွင်ပါဝင်သည့် မတူညီသော အစိတ်အပိုင်းများအတွက် ရေးဆွဲထားသည့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို အသေးစိတ်ထည့်သွင်းပေါင်းစပ်၍ ဆောင်ရွက်သွားရမည်ဖြစ်သည်။

၄င်းလုပ်ငန်းလမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို Electronic Consultation (သို့) ဆွေးနွေးတိုင်ပင်ခြင်းအဆင့် ၃ တွင် ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ပါသည်။

လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက်လုံး ဒေသခံပြည်သူများအား ကိုယ်စားပြုမှုများသေချာစေရန်၊ ပါဝင်ဆောင်ရွက်မှုများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများရရှိမှုသေချာစေရန်နှင့် အထူးသဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် REDD+ အထူးလုပ်ငန်းအဖွဲ့အနေဖြင့် လုပ်ဆောင်မှုအားလုံးအတွက် ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်သည်။

REDD+ စုဖွဲ့မှုအတွင်းရှိ မတူကွဲပြားသောအဖွဲ့များအားလုံး၏ အဖွဲ့ဝင်များအနေဖြင့် အကျိုးဆက်စပ်ပါဝင်ပတ်သက်သူများအားလုံး (Stakeholders) နှင့်ထိတွေ့ဆက်ဆံခြင်းများကို အစဉ်သဖြင့်ထိန်းသိမ်းဆောင်ရွက်သွားခြင်းကို ဦးစားပေးလုပ်ငန်း တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံအဆင့် REDD+ ကွန်ယက်အဖွဲ့ဝင်များအနေဖြင့် အောက်ခြေလူတန်းစား Stakeholders များအပါအဝင် ဒေသရှိလုပ်ငန်းလက်တွဲဆောင်ရွက်မည့်အဖွဲ့များ၊ ဒေသခံပြည်သူ အစုအဖွဲ့များနှင့် အကျိုးအမြတ်ခံစားရမည့် သူများအားလုံးတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းများဆောင်ရွက်ရန် တိုက်တွန်းအားပေးသွားရမည်ဖြစ်သည်။

နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်းများပိုမိုအားကောင်းရန်အတွက် သက်ဆိုင်ရာ သဘောထား ဆန္ဒပြုနိုင်ခွင့်ရှိသူများ၏ ထင်မြင်ချက်များနှင့် အသံများအားလုံးကိုလည်း မျှော်လင့်ထားရမည်ဖြစ်သည်။

စွမ်းဆောင်ရည်မြှင့်တင့်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ် (သို့) ရှေ့ပြေးလုပ်ငန်းများဆောင်ရွက်နေစဉ် အောက်ခြေလူတန်းစားများ၏ အကြံပြုသဘောထားမှတ်ချက်များကိုစုစည်းသွားရမည်ဖြစ်သည်။

REDD+ ရှေ့ပြေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်တော့မည်ဆိုပါက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သူအနေဖြင့် ဆွေးနွေးတိုင်ပင်ခြင်း Mechanism တွင် လိုအပ်ချက်တစ်ခုဖြစ်သည့် FPIC ကိုအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

**အခန်း ၂.၆။ အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများနှင့် ဆွေးနွေးတိုင်ပင်ခြင်း နှင့် ပူးပေါင်းပါဝင်ခြင်း**

Stakeholders များကိုယ်စားပြုပါဝင်မှုအား အသေအချာထပ်မံဆန်းစစ်လေ့လာခြင်း (သို့) အမျိုးသမီးများနှင့် တိုင်းရင်းသားလူမျိုးများနှင့် လက်တွဲလုပ်ကိုင်ခြင်းသည် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်နှင့် REDD+ Readiness လမ်းပြမြေပုံအား

အတည်ပြုခြင်းတို့တွင် ၎င်းတို့၏ပူးပေါင်းပါဝင်မှုကို ပိုမိုအားဖြည့်ရာရောက်စေမည်ဖြစ်သည့် အပြင် REDD+ အဖွဲ့အစည်းတည်ဆောက်မှုတွင် အဓိက အစိတ်အပိုင်းဖြစ်ပြီး လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကပါဝင်သူများဖြစ်သည့် နိုင်ငံအဆင့် REDD+ ကွန်ယက် အဖွဲ့ဝင်များ ပိုမိုကျယ်ကျယ်ပြန့်ပြန့်လာစေမည်ဖြစ်သည်။

REDD+ အကောင်အထည်ဖော်ရာတွင် ကျား/မခွဲခြားမှုမရှိဘဲ တိုင်းရင်းသားလူမျိုးများအား လုံးဘက်စုံပူးပေါင်းပါဝင်လာရန် မြှင့်တင်ခြင်းလုပ်ငန်းများတွင် ၎င်းတို့နှင့်စပ်လျဉ်းသည့် ဗဟုသုတများပိုမိုကောင်းမွန်လာစေရန်ဆောင်ရွက်ဖို့လို အပ်သည့်အပြင် အဖွဲ့အစည်းများအ တွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာ၌ ပါဝင်လာစေရန် လိုအပ်သည်။

အပြန်အလှန်အားဖြင့် ကျား/မခွဲခြားမှုမရှိဘဲ တိုင်းရင်းသားလူများ စိတ်ဝင်စားသည့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းအစီအစဉ်များအား ပိုမို မြှင့်တင်ပေးရမည်။

အချို့သော ဘာသာရေးဆိုင်ရာအဖွဲ့များနှင့် ယုံကြည်မှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဒေသခံ တိုင်းရင်းသားလူမျိုးစုအဖွဲ့များ၏ ယုံကြည်မှုကိုရရှိပြီးဖြစ်သည်။

ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များတွင် အစိုးရအဖွဲ့များအနေဖြင့်တက်ကြွပြီး ထိရောက် သည့် ပေါင်းစပ်ညှိနှိုင်းဆောင်မှုများကို သက်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအစုအဖွဲ့များ၊ အမျိုးသမီးများနှင့် တိုင်းရင်းသားလူမျိုးစုများကိုယ်စားပြု ဒေသခံကိုယ်စားလှယ်များနှင့် မကြာခဏဆိုသလို ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။

REDD+ အဆင်သင့်ဖြစ်စေရေးလုပ်ငန်းများနှင့် အနာဂတ်တွင်ဆောင်ရွက်မည့်လုပ်ငန်းများ တွင် ကျား/မတန်းတူအခွင့်အရေးရရှိရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ သေချာမှုရှိစေရန်တို့သည် REDD+ ၏လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

REDD+ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သည့် အစီအစဉ်များတွင် လိုက်နာရ မည့်အချက်မှာ ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်တွင် ကျား/မခွဲခြားမှုမရှိရေးနှင့် တိုင်းရင်း သားလူများဆိုင်ရာကျွမ်းကျင်ပညာရှင်များအားလုံးပါဝင်သည့် အားလုံးပူးပေါင်းဆောင်ရွက် သည့် အလေ့အထဖြစ်သည်။

အထူးသဖြင့် သစ်တောသယံဇာတများစီမံအုပ်ချုပ်ရာတွင် ကျား/မအားလုံးပါဝင်ခြင်းသည် ဖွံ့ဖြိုးမှုသိပ်မရှိသေးသော ငယ်ရွယ်သည့်အဆင့်တွင်ပင်ရှိနေသေးသည်။

ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား မတူ ကွဲပြားသည့် လိုအပ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို အသိအမှတ် ပြုနိုင်ရန်အတွက် ကျား/မခွဲခြားမှုဆိုင်ရာဆန်းစစ်လေ့လာခြင်းများကို အသုံးပြုခြင်းဖြင့် REDD+ အဆင့်သင့်ဖြစ်စေခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်းတို့တွင် အမျိုးသမီးများ၏

အဓိပ္ပါယ်ပြည့်ဝသည့် ပူးပေါင်းပါဝင်မှုရရှိနိုင်မည့် သင့်တော်သော လုပ်ငန်းစဉ်များကိုဖန်တီးတည်ဆောက်နိုင်မည်ဖြစ်သည်။

အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများနှင့် ဆွေးနွေးတိုင်ပင်ခြင်းများဆောင်ရွက်ရာတွင် မတူကွဲပြားသော (သို့) အသစ်ထပ်မံဖြည့်တင်းရမည့် လုပ်ငန်းစဉ်များ (သို့) နည်းလမ်းများ (နိုင်ငံအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဆွေးနွေးတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်ရာတွင် ဒေသခံဘာသာစကားသို့စနစ်တကျပြန်ဆိုခြင်း (သို့) ဆွေးနွေးတိုင်ပင်ခြင်းများ မဆောင်ရွက်မီ အကြိုသီးသန့်ခွဲခြား၍ ဆွေးနွေးတိုင်ပင်ခြင်းစသည်တို့) လိုအပ်မည်ဖြစ်သည်။

**အခန်း ၂.၇။ FPIC အားလိုက်နာဆောင်ရွက်ခြင်း**

FPIC အခြေခံသဘောတရားများသည် ဒေသခံပြည်သူအစုအဖွဲ့များမှ ၎င်းတို့ဓလေ့ ထုံးတမ်းစဉ်လာအရပိုင်ဆိုင်ခဲ့သည့်မြေ၊ သိမ်းပိုက်ထားသည့်မြေ (သို့) နည်းလမ်းတစ်ခုခုဖြင့် အသုံးပြုထားသည့်မြေအပေါ် ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများနှင့်စပ်လျဉ်း၍ သဘောတူညီခြင်း (သို့) ငြင်းဆိုခြင်းများဆောင်ရွက်နိုင်သည့် အခွင့်အရေးဖြစ်သည်။

FPIC သည် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် ဥပဒေများအပေါ်အခြေခံသည့် စည်းမျဉ်းစည်းကမ်းများအတွက် အဓိကကျသည့် အခြေခံသဘောတရားတစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံအပါအဝင် အခြား UN REDD အဖွဲ့ဝင်နိုင်ငံများတွင် FPIC ကိုသက်ဆိုင်ရာ ဒေသခံပြည်သူများလုံးအတွက် (UNDRIP, ILO169) ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသွားရမည်ဖြစ်သည်။

FPIC အခွင့်အရေးတွင် လုပ်ငန်းများမစတင်မီ သတင်းအချက်အလက်များအပြည့်အဝထောက်ပံ့ခြင်းနှင့် ဆွေးနွေးတိုင်ပြင်ခြင်းများအပြင် ၎င်းလုပ်ငန်းများဆောင်ရွက်မည့်အပေါ် သဘောမ တူညီကြောင်းကိုပါ ပြောဆိုခွင့်ရှိသည်။

သို့ရာတွင် အဆိုပါအခွင့်အရေးသည် သစ်တောများအပေါ်မှီခိုနေထိုင်သည့်သူများအား နိုင်ငံအဆင့် REDD+ လုပ်ငန်းအစီအစဉ်များအားလုံးအပေါ် တားမြစ်ခွင့်ပေးထားခြင်းမဟုတ်ပါ။

FPIC နှင့်စပ်လျဉ်း၍ UN REDD မှ အဆိုပြုထားသည့် လမ်းညွှန်ချက် (မူကြမ်း) တွင် အကြံပြုထားရှိသည့်အတိုင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်များတွင် FPIC ဆောင်ရွက်ရာ၌ ဆွေးနွေးမည့်အကြောင်းအရာများတွင် ကန့်သတ်ချက်မထားဘဲပါဝင်စေမည့် ခေါင်းစဉ်များမှာ-

- နေရာပြောင်းရွှေ့ရခြင်း (သို့) အတင်းအဓမ္မပြောင်းရွှေ့စေခြင်းတို့ပါဝင်သည့် လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များ၊

- သစ်တောမြေများအားသိမ်းပိုက်ခြင်း (သို့) ပျက်စီးစေခြင်းတို့ပါဝင်သည့် လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များ၊
- REDD+ ရွေ့ပြေးလုပ်ငန်းများအတွက် ဒီဇိုင်းဆွဲခြင်းနှင့်နေရာသတ်မှတ်ခြင်းအပေါ် ဆုံးဖြတ်ချက်များ၊
- သစ်တောမြေများသို့ဝင်ထွက်သွားလာခွင့်နှင့် ဥပဒေစိုးမိုးရေးလုပ်ထုံးလုပ်နည်းများအပေါ်ဆုံးဖြတ်ချက်များ၊

ဆောင်ရွက်ခွင့်မပြုကြောင်း သဘောတူညီမှုပြုထားသည့်စာရင်းပါ လုပ်ငန်းများကို စဉ်းစားရာတွင် Stakeholders များအားလုံးပါဝင်သည့် စဉ်းစားမှုများဖြစ်ရမည်။

မြန်မာနိုင်ငံတွင် FPIC အားလိုက်နာဆောင်ရွက်ရန် ဆန္ဒပြုထားသော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်စနစ်များအတွက် ရှင်းရှင်းလင်းလင်းဖော်ပြမှုများ ကျန်ရှိနေသေးသည်။

လမ်းပြမြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်ဆောင်ရွက်နေချိန်အတွင်း ပေါ်ထွက်လာသည့် အဓိကပြဿနာတစ်ရပ်မှာ FPIC ဆောင်ရွက်မည့်အချိန်နှင့် REDD+ စီမံကိန်းကာလတစ်လျှောက်လုံး FPIC ဆောင်ရွက်မည့် အကြိမ်အတိအကျသတ်မှတ်ချက်တို့ဖြစ်သည်။

စိုးရိမ်ရသည့်အချက်တစ်ချက်မှာ FPIC ကို စောစောစီးစီးကာလများကတည်းက အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ဒေသခံပြည်သူအစုအဖွဲ့များအနေဖြင့် ဆုံးဖြတ်ချက်များပေးနိုင်ရန် လုံလောက်သည့် စွမ်းဆောင်ရည်မရှိခြင်းနှင့် စီမံကိန်းဆောင်ရွက်မည့် အဖွဲ့အနေဖြင့်လည်း လုံလောက်သောသတင်းအချက်အလက်များပံ့ပိုးပေးနိုင်ရန် ပြည့်စုံသည့်သတင်းအချက်အလက်များ မရရှိသေးခြင်းတို့ဖြစ်သည်။

Stakeholder Consultation and Safeguards လုပ်ငန်းအဖွဲ့မှ စီမံကိန်းကာလအတွင်း FPIC ဆောင်ရွက်ရန်အသင့်တော်ဆုံးအချိန်မှာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့အနေဖြင့် စီမံကိန်းဖြစ်နိုင်ချေရှိ/မရှိ ကနဦးဆန်းစစ်လေ့လာခြင်း ဆောင်ရွက်ပြီးသည့်အချိန်ဖြစ်ရန်နှင့် အခြားတစ်ဘက်တွင်လည်း ဒေသခံပြည်သူအစုအဖွဲ့များ အနေဖြင့် REDD+ ဆိုင်ရာ အသိပညာများနှင့် စွမ်းဆောင်ရည်များ လုံလောက်သည့် အချိန်ဖြစ်ရမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို မရှိခဲ့ပါက FPIC လုပ်ငန်းစဉ်ဆောင်ရွက်သည့်အချိန်တွင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

FPIC လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ယခုအချိန်အထိ FPIC ဆိုင်ရာအခြေခံစည်းမျဉ်းစည်းကမ်းများအားထောက်ခံသည့် နိုင်ငံတကာသဘောတူညီချက်ချမှတ်နိုင်ခြင်းမရှိသေးသော်လည်း FPIC အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အသေးစိတ်ရေးဆွဲထားသည့် လမ်းညွှန်ချက်များထွက်ပေါ်နေပြီဖြစ်သည်။

အဆိုပါ လမ်းညွှန်ချက်များတွင် UN REDD, RECOFTC, AIPP နှင့် OXFARM တို့မှ ရေးဆွဲထားသည့် လမ်းညွှန်ချက်များပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် FPIC ကို အခုမှစတင်လိုက်နာကျင့်သုံးရန် ဆောင်ရွက်လျက်ရှိသော်လည်း FPIC နှင့်စပ်လျဉ်းသည့် စွမ်းဆောင်ရည် အတိုင်းအတာပမာဏတစ်ခုအထိရှိနေကြောင်းနှင့် FPIC နှင့်ရင်းနှီးကျွမ်းဝင်မှုရှိကြောင်းတွေ့ရှိရယုံသာမက AIPP မှပြုစုထားသည့် FPIC ဆိုင်ရာ လမ်းညွှန်ချက်ကို အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် SPECTRUM မှ မြန်မာဘာသာပြန်ဆိုထားခြင်းနှင့် သင်တန်းများဖွင့်လှစ်ပို့ချခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ စွမ်းဆောင်ရည်များနှင့် ရင်းနှီးကျွမ်းဝင်မှုများသည် FPIC အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများသတ်မှတ်ခြင်းများပါဝင်သည့် နိုင်ငံအဆင့် FPIC လမ်းညွှန်ချက်များရေးဆွဲရာတွင် အခြေခံအဖြစ်ပါဝင်မည်ဖြစ်သည်။

Stakeholder Consultation and Safeguards လုပ်ငန်းအဖွဲ့အနေဖြင့် နိုင်ငံအဆင့် FPIC လမ်းညွှန်ချက်များရေးဆွဲရာတွင် သတင်းအချက်အလက်များပံ့ပိုးပေးနိုင်ရန်အတွက် ရိုးရာဓလေ့အရ ဆုံးဖြတ်ချက်များချမှတ်သည့် စနစ်များ၊ ၎င်းတို့ပတ်ဝန်းကျင်ရှိ ဆွေးနွေးညှိနှိုင်းခြင်းနှင့် သတင်းအချက်အလက်များဆက်သွယ်သည့် နည်းလမ်းများအားလေ့လာရန် စီစဉ်ဆောင်ရွက်ခြင်းများအတွက် တာဝန်ရှိမည်ဖြစ်သည်။

နိုင်ငံအဆင့် FPIC လမ်းညွှန်ချက်များ အားပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။

**အခန်း ၂.၈။ အဆိုပြု လုပ်ငန်းအစီအစဉ်နှင့် လိုအပ်သောရန်ပုံငွေ**

| နိုင်ငံအဆင့် လုပ်ငန်းစဉ် တွင်ပါဝင် သည့်အပိုင်း များ | ပူးပေါင်းပါ ဝင်ဆောင် ရွက်မည့် အလျှုရှင် အဖွဲ့အစည်း | လက်တွဲ ဆောင်ရွက် မည့်အဖွဲ့ | အဆိုပြု အဆင် သင့်ဖြစ်စေရေး လုပ်ငန်းများ | ရန်ပုံငွေ (၄)နှစ် အတွက် |
|---|---|---|---|---|
| အပိုင်း (၂) Stakeholder များနှင့်ဆွေးနွေးတိုင်ပင်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း | | | | |
| | | | | |

## အခန်း (၃)။ REDD+ မဟာဗျူဟာများရေးဆွဲခြင်းနှင့် ရွေးချယ်ဆောင်ရွက်ခြင်း

**အခြေခံအကြောင်းအရာ။** သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့သည် ဖန်လုံအိမ် ဓါတ်ငွေ့ထုတ်လွှတ်မှုနှင့် ကာဗွန်သိုလှောင် ထိန်းသိမ်းထားရှိမှုတို့အပေါ် အမှန်တကယ် ထိခိုက်မှုရှိကြောင်း သက်သေပြနိုင်ရန် နှင့် Cancun သဘောတူညီချက်ပါ REDD+ လုပ်ငန်းစဉ် (၅) မျိုးအပေါ် အခြေခံရေးဆွဲထားသော သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းဆိုင်ရာ တွန်းအားများအလိုက် ဖြေရှင်းနိုင်မည့် နည်းဗျူဟာများ ရွေးချယ်ဆောင်ရွက်နိုင်ရန်တို့အတွက် အခြေခံကျသော လုပ်ငန်းအစီအစဉ်များ ရေးဆွဲပြဌာန်းရန် လိုအပ်မည်ဖြစ်ပါသည်။

### *အဓိကပါဝင်သည့်ကဏ္ဍများ*

- မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် သစ်တောဖုံးလွှမ်းမှုဧရိယာ ပြောင်းလဲလာမှု အခြေအနေများ၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကို ဖြစ်စေသည့် တွန်းအားများ (Drivers) နှင့် အခြေခံ အကြောင်းအရင်း(Underlying causes) များအား ကနဦးစူးစမ်းလေ့လာခြင်း။ *(သုတေသနပြု လေ့လာခြင်းများနှင့် တိုင်ပင်ဆွေးနွေးခြင်းများ အပေါ်အခြေခံ၍ သစ်တောအမျိုးအစားအလိုက် သီးခြား တွက်ချက် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။)*
- နိုင်ငံတော်၏ မူဝါဒရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစနစ်များ၊ စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ၏ အကျိုးဖြစ်ထွန်းမှုကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် သက်ဆိုင်ရာမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးဖြစ်သော သစ်တော အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းအစီအစဉ်များအား ပြန်လည်လေ့လာသုံးသပ်ခြင်း၊
- လက်တွေ့လုပ်ငန်းအစီအစဉ် (activity packages) များနှင့် မူဝါဒလုပ်ငန်းစဉ် (policy measures) များပါဝင်သည့် REDD+ မဟာဗျူဟာများ အား ပဏာမရွေးချယ် ဖော်ထုတ်သတ်မှတ်ခြင်း၊
- ပဏာမရွေးချယ်သတ်မှတ်ထားသော REDD+ မဟာဗျူဟာများအား ဖြစ်နိုင်ခြေဆန်းစစ်လေ့လာခြင်း သို့မဟုတ် ပြန်လည်သုံးသပ်အတည်ပြုခြင်း၊
- လက်တွေ့လုပ်ငန်းအစီအစဉ် (activity packages) များနှင့် မူဝါဒလုပ်ငန်းစဉ် (policy measures) များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူ ပြုစေရန်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ ရှင်းလင်းဖော်ပြခြင်း၊
- REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မည့် အစီအစဉ်များ ရေးဆွဲခြင်း - (သရုပ်ပြလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ဒေသများအလိုက် ရည်ရွယ်ချက်များ ချမှတ်နိုင်ရန်နှင့် ဒေသအလိုက် ဆောင်ရွက်

မည့် လုပ်ငန်းအစီအစဉ်များနှင့် သုံးစွဲမည့်ရန်ပုံငွေစံနှုန်းများ တွက်ချက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။)

- လျာထား ဆောင်ရွက်မည့် လုပ်ငန်းအစီစဉ်များနှင့် ရန်ပုံငွေ လိုအပ်ချက်များ။

## (၃-၁) မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် သစ်တောဖုံးလွှမ်းမှုဧရိယာပြောင်းလဲလာမှုများ

**(၃-၁-၁) အဓိပ္ပါယ်ဖွင့်ဆိုချက်။** မြန်မာနိုင်ငံ၏ သစ်တောအဓိပ္ပါယ်ဖွင့်ဆိုချက်သည် နိုင်ငံတကာမှ လက်ခံထားသော ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (Food and Agriculture Organization – FAO) ၏ သစ်တောအဓိပ္ပါယ်ဖွင့်ဆိုချက် နည်းတူ ဖွင့်ဆိုထားခြင်းဖြစ်ရာ REDD+ လုပ်ငန်းစဉ်များမှ လက်ခံနိုင်သော ဖွင့်ဆိုချက်ဖြစ်ပါသည်။ လက်ရှိ အဓိပ္ပါယ်ဖွင့်ဆိုချက်များအရ **သစ်တော ဆိုသည်မှာ** "*အကျယ်အဝန်းအားဖြင့် အနည်းဆုံး (၅) ဟက်တာအထက်တွင်ရှိပြီး၊ ရွက်အုပ် ဖုံးလွှမ်းမှု (၁၀) ရာခိုင်နှုန်းအထက်နှင့် အမြင့်ပေ (၅) မီတာ ထက်ပိုသော သစ်ပင်များ (သို့မဟုတ်) အဆိုပါ အခြေအနေသို့ သဘာဝအနေအထား အတိုင်း ရောက်ရှိရန် အလားအလာရှိသော သစ်ပင်များ ပေါက်ရောက်လျက်ရှိသည့် ဧရိယာ*"ကို ဆိုလိုသည်။ ဤဖွင့်ဆိုချက်တွင် ဖော်ပြပါ အချက်များနှင့်ကိုက်ညီသော စိုက်ပျိုးမြေများနှင့် မြို့ပြဧရိယာများ ပါဝင်ခြင်း မရှိပါ။ ထို့အပြင် ရွက်အုပ်ဖုံးလွှမ်းမှုပမာဏ ၄၀% ထက်ပိုပါက **ရွက်အုပ်ပိတ်တော** ဟု သတ်မှတ်ပါသည်။

REDD+ လမ်းပြမြေပုံအရ **သစ်တောပြုန်းတီးခြင်း**ဆိုသည်မှာ သစ်တောများအား အခြားမြေအသုံးချမှု အခြေအနေတစ်ခုခုသို့ ပြောင်းလဲသွားခြင်း သို့မဟုတ် ရွက်အုပ်ဖုံးလွှမ်းမှုဧရိယာ (၁၀) ရာခိုင်နှုန်းအောက်သို့ အချိန် ကြာမြင့်စွာ လျော့ကျလျက်ရှိသော အခြေအနေကို ဆိုလိုသည်။ **သစ်တောအတန်းအစား ကျဆင်းခြင်း**ဆိုသည်မှာ တောအုပ်တစ်ခု၏ သစ်ပင်ပေါက်ရောက်မှု ပမာဏ (သိပ်သည်းဆ) လျော့နည်းလာစေသည့်ဖြစ်စဉ် သို့မဟုတ် ရွက်အုပ်ဖုံးလွှမ်းမှုဧရိယာ (၁၀) ရာခိုင်နှုန်း အထက်တွင် ရှိသော်လည်း သစ်တော အရည်အသွေး (သို့မဟုတ်) မြေဆီလွှာ အရည်အသွေး ကျဆင်းစေသည့် ဖြစ်စဉ်ကို ဆိုလိုပါသည်။

**(၃-၁-၂) အဓိကသစ်တောအမျိုးအစားများ။** မြန်မာနိုင်ငံ၏ ကွဲပြားခြားနားသော သဘာဝ ဘူမိရုပ်သွင်အနေအထားသည် ထူးခြားထင်ရှားသော အပင်မျိုးစိတ်များပါဝင်သည့် သစ်တောအမျိုးအစားများစွာ ဖြစ်ပေါ်တည်ရှိနိုင်ရန် ထောက်ပံ့ပေးလျက်ရှိပါသည် (ဇယား-၃-၁)။ မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစားများကို ယေဘုယျအားဖြင့် အမျိုးအစား (၆)မျိုးခွဲခြားနိုင်ပါသည်။

**ဇယား- (၃-၁) မြန်မာနိုင်ငံရှိ အဓိကသစ်တောအမျိုးအစားများ**

| **အဓိကတောအမျိုးအစား** | **#** | **ပါဝင်သည့်သစ်တောပုံစံများ** | **စုစုပေါင်း သစ်တောဧရိယာ၏ ရာခိုင်နှုန်း (၂၀၀၀ ခုနှစ်)** |
|---|---|---|---|
| ခြောက်သွေ့တော | D | - | ၁၀ |
| ကမ်းရိုးတန်းဒေသသစ်တော | C | ဒီရေတောများ၊ ပင်လယ်ကမ်းနားသောင်ပြင်နှင့် သဲခုံတော၊ စိမ့်တောများ | ၄ |
| အပူပိုင်းအမြဲစိမ်းတော | T | - | ၁၆ |
| ရွက်ပြတ်ရောနှောတော | M | အထက်ရွက်ပြတ်ရောနှောတောစို၊ အောက်ရွက်ပြတ် ရောနှောတောစို၊ အထက်ရွက်ပြတ်ရောနှော တောခြောက်၊ | ၃၉ |
| တောင်ပေါ်တောနှင့် သမပိုင်း အမြဲစိမ်းတော | H | ထင်းရှူးတောများအပါအဝင် | ၂၆ |
| အင်တိုင်းတော | I | အင်တိုင်းရွက်ပြတ်တော | ၅ |

### *(၃-၁-၃) ခေတ်အဆက်ဆက် သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစား ကျဆင်းခြင်း*

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၁၉၂၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း စုစုပေါင်း ကုန်းမြေဧရိယာ၏ (၆၅.၈) ရာခိုင်နှုန်းမှ (၅၀.၈) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ရာ အချိန်ကာလ (၆၅) နှစ်အတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာ (၁၅)ရာခိုင်နှုန်းခန့် လျော့နည်းလာခဲ့သည်ဟု ဆိုနိုင်ပါသည် (ဇယား- ၃-၂)။ ၁၉၈၉ ခုနှစ်မှစ၍ သစ်တော ဖုံးလွှမ်းမှုဧရိယာ ပြန်လည်တိုးတက်လာခဲ့ရာ ၂၀၀၄ ခုနှစ်တွင် (၅၂.၄) ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပါသဖြင့် (၁၅) နှစ်တာကာလအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာ (၁.၆) ရာခိုင်နှုန်းခန့် ပြန်လည်တိုးမြင့်လာသည်ကို တွေ့ရှိရပါသည်။ FAO ကိန်းဂဏန်းများအရ ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှုဧရိယာ (၅.၅)ရာခိုင်နှုန်းခန့် လျော့နည်းလာခဲ့ကြောင်းဖော်ပြထားပါသည်။ ပမာဏအားဖြင့် သစ်တောဧရိယာ စုစုပေါင်း (၃,၇၂၁,၁၉၀) ဟက်တာ (တစ်နှစ်လျှင် ၇၄၄,၂၃၈ ဟက်တာ) လျော့နည်းလာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၀၄-၂၀၁၀ ခုနှစ်များအတွင်း နှစ်စဉ် သစ်တောပြုန်းတီးမှုနှုန်းမှာ (၁.၁) ရာခိုင်နှုန်းဖြစ်သည့်အတွက် ရှေးယခင်နှစ်များထက် သစ်တောပြုန်းတီးမှုနှုန်းမြင့်မားလာကြောင်း တွေ့ရှိရပါသည်။ ဇယား (၃-၂) တွင်ဖော်ပြထားသည့် ကိန်းဂဏန်း ရင်းမြစ်များအရ ရွက်အုပ်ပိတ်တောများ အလျင်အမြန် လျော့နည်းလာရခြင်းမှာ သစ်တော အတန်းအစားကျဆင်းခြင်းများ

အဆက်မပြတ် ဖြစ်ပေါ်ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုသို့ သစ်တော ပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းခြင်းများ ကြုံတွေ့ရလျက် ရှိနေသော်လည်း FAO ၏ ၂၀၁၀ ခုနှစ် သစ်တော သယံဇာတ လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံသည် နိုင်ငံ၏စုစုပေါင်း ကုန်းမြေဧရိယာ (၆၇,၆၅၈,၀၀၀) ဟက်တာ ၏ (၄၇) ရာခိုင်နှုန်းခန့် သစ်တောဖုံးလွှမ်းလျက်ရှိကြောင်း ဖော်ပြထားပါသည်။

**ဇယား (၃-၂) ခေတ်အဆက်ဆက် သစ်တောဖုံးလွှမ်းမှုအခြေအနေ**

| လေ့လာခဲ့သည့် ခုနှစ် | သစ်တောဖုံးလွှမ်း ဧရိယာ (ဟက်တာ) | နိုင်ငံဧရိယာ၏ ရာခိုင်နှုန်း | ရွက်အုပ်ပိတ်တော ရာခိုင်နှုန်း (ရွက်အုပ် ၄၀% နှင့်အထက်) |
|---|---|---|---|
| ၁၉၂၅ | ၄၄,၅၁၈,၇၀၀ | ၆၅.၈ | - |
| ၁၉၅၅ | ၃၈,၇၀၀,၃၀၀ | ၅၇.၂ | ၅၇ |
| ၁၉၇၅ | ၃၅,၆၆၅,၆၀၀ | ၅၂.၇ | ၄၇.၈ |
| ၁၉၈၉ | ၃၄,၃၇၀,၁၀၀ | ၅၀.၈ | ၄၃.၂ |
| ၁၉၉၇ | ၃၅,၃၇၄,၇၀၀ | ၅၂.၃ | ၃၇.၄ |
| ၂၀၀၄ (FRA ၂၀၀၅) | ၃၅,၄၇၈,၀၀၀ | ၅၂.၄ | ၂၇.၃ |
| ၂၀၁၀ (FRA ၂၀၁၀) | ၃၁,၇၇၃,၀၀၀ | ၄၆.၉ | ၁၉.၉ |
| **စုစုပေါင်းကုန်းမြေ ဧရိယာ (ဟက်တာ)** | **၆၇,၆၅၈,၀၀၀** | | |




ရင်းမြစ်။ FAO သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း (FRA 2010) နှင့် သစ်တောဦးစီးဌာန ကိန်းဂဏန်း များ (၂၀၀၀)၊ (၂၀၀၇)။

### *(၃-၁-၄) တောအမျိုးအစားအလိုက် သစ်တောပြုန်းတီးခဲ့မှုအခြေအနေ*

ဇယား (၃-၃) တွင်ဖော်ပြထားသည့် တောအမျိုးအစားအလိုက် သစ်တောဖုံးလွှမ်းမှုဆိုင်ရာ အချက်အလက်များကို လေ့လာသုံးသပ်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှု အခြေအနေကို ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် သစ်တောပြုန်းတီးမှု

ဖြစ်စဉ်များသည် လူဦးရေ တိုးပွားလာမှုနှင့်အတူ စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း၊ ကျူးကျော် အခြေချနေထိုင်လာခြင်းနှင့် အခြေခံအဆောက်အဦများ တိုးချဲ့ တည်ဆောက်လာခြင်းတို့နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိကြောင်း တောအမျိုးအစားလိုက် သစ်တောပြုန်းတီးမှု အခြေအနေများက ဖော်ပြလျက်ရှိပါသည်။ ဇယား (၃-၃) တွင် ဖော်ပြထားသည့် အချက်အလက်များကို လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် အဓိကပြုန်းတီးလျက်ရှိသော တောအမျိုးအစားများမှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် တွေ့ရှိရသည့် ခြောက်သွေ့တော၊ ရွက်ပြတ်ရောနှောတော၊ အင်တိုင်းရွက်ပြတ်တောများနှင့် ကမ်းရိုးတန်းဒေသတွင်တွေ့ရှိရသည့် ဒီရေတောများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကုန်းမြင့်တောင်တန်းဒေသများနှင့် အခြားဒေသများတွင် တွေ့ရှိရသော သစ်တောအမျိုးအစားများမှာ လူဦးရေနည်းပါးခြင်း၊ နယ်စပ်ဒေသများနှင့် ဆက်စပ်မှု မရှိခြင်းတို့ကြောင့် ဧရိယာအနည်းငယ်ခန့် တိုးပွားလာကြောင်း တွေ့ရှိရပါသည်။

**ဇယား (၃-၃)** တောအမျိုးအစားအလိုက် သစ်တောဖုံးလွှမ်းမှုအခြေအနေပြောင်းလဲမှုများ

| တောအမျိုးအစား | ဟက်တာ (၁၉၉၅*) | စုစုပေါင်း သစ်တော ဧရိယာ ၏ ရာခိုင်နှုန်း (၁၉၉၅*) | ဟက်တာ (၂၀၀၀**) | စုစုပေါင်း သစ်တော ဧရိယာ ၏ ရာခိုင်နှုန်း (၂၀၀၀**) | ဟက်တာ (၂၀၁၀ ***) | စုစုပေါင်း သစ်တော ဧရိယာ ၏ ရာခိုင်နှုန်း (၂၀၁၀***) |
|---|---|---|---|---|---|---|
| ခြောက်သွေ့တော | ၃,၄၄၂,၄၀၀ | ၁၀ | ၃,၄၅၅,၄၀၀ | ၁၀ | ၃,၁၁၄,၇၁၀ | ၉.၈၀ |
| ကမ်းရိုးတန်းဒေသသစ်တော | ၁,၃၇၆,၉၀၀ | ၄ | ၁,၃၈၂,၈၆၀ | ၄ | ၄၆၇,၃၀၀ (ဒီရေတော) | ၁.၄၇ |
| အပူပိုင်းအမြဲစိမ်းတော | ၅,၅၀၇,၈၀၀ | ၁၆ | ၅,၅၂၈,၆၄၀ | ၁၆ | ၅,၄၇၀,၆၀၀ | ၁၇.၂၂ |
| ရွက်ပြတ်ရောနှောတော | ၁၃,၄၂၅,၃၀၀ | ၃၉ | ၁၃,၄၇၆,၀၆၀ | ၃၉ | ၁၂,၁၅၇,၃၀၀ | ၃၈.၂၆ |
| တောင်ပေါ်တောနှင့် သမပိုင်းအမြဲစိမ်းတော | ၈,၉၅၀,၁၀၀ | ၂၆ | ၈,၉၈၄,၀၄၀ | ၂၆ | ၈,၅၄၁,၁၉၀ | ၂၆.၈၈ |
| အင်တိုင်းတော | ၁,၇၂၁,၂၀၀ | ၅ | ၁,၇၂၇,၇၀၀ | ၅ | ၁,၃၂၁,၈၇၀ | ၄.၁၆ |
| ဆူးခြုံတော | - | - | - | - | ၇၀၀,၀၀၀ | ၂.၂၁ |
| **စုစုပေါင်း** | **၃၄,၄၂၃,၇၀၀** | **၁၀၀** | **၃၄,၅၅၄,၀၀၀** | **၁၀၀** | **၃၁,၇၇၃,၀၀၀** | **၁၀၀** |

*ရင်းမြစ်။ သစ်တောဦးစီးဌာန၏ကိန်းဂဏန်းများ (၁၉၉၅) (မြန်မာ့အမျိုးသား သစ်တောသယံဇာတကောက်ယူခြင်း အချက်အလက်များ အကျဉ်း၊ FAO ၂၀၀၇)

**ရင်းမြစ်။ စီမံကိန်းနှင့်စာရင်းအင်းဌာန၊သစ်တောဦးစီးဌာန (၂၀၀၀) (အခန်း ၂၊ မြန်မာ့အမျိုးသားသယံဇာတအခြေအနေ)

***ရင်းမြစ်။FAO သစ်တောသယံဇာတစူးစမ်းလေ့လာခြင်းအစီရင်ခံစာ (၂၀၁၀) (မြန်မာ့သစ်တောကဏ္ဍ၊ အောက်တိုဘာ ၂၀၁၀)

အမေရိကန်အခြေစိုက် Smithsonian Institution[4] အဖွဲ့၏ ၁၉၉၀ ခုနှစ်မှ ၂၀၀၀ ခုနှစ် အတွင်း မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာ ပြောင်းလဲလာမှုပုံစံအား သုတေသနပြု လေ့လာချက်များအရလည်း အထက်ဖော်ပြပါ ဒေသများအလိုက် သစ်တောပြုန်းတီးနေမှု အခြေအနေများ မှန်ကန်မှုရှိကြောင်း ထပ်မံအတည်ပြုနိုင်ပါသည်။ သုတေသန ရလာဒ်များ အရ သစ်တောပြုန်းတီးမှုနှုန်း အမြင့်မားဆုံးမှာ ဧရာဝတီ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးများဖြစ်ပြီး၊ တစ်နှစ်လျှင် သစ်တောပြုန်းတီးမှု ရာခိုင်နှုန်း ၀.၄% မှ ၁.၂% အထိရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖော်ပြပါတိုင်းဒေသကြီး (၃) ခုသည် လူဦးရေ ထူထပ်စွာ နေထိုင်လျက်ရှိသော မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသနှင့် အဓိက ဆက်စပ် လျက်ရှိပါသည်။ သစ်တောပြုန်းတီးမှုနှုန်း အဆိုးရွားဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး (၁၀)နှစ်တာ ကာလအတွင်း ယင်းဒေသအတွင်းရှိ သစ်တောများ၏ ၁၂% ခန့် ပျက်စီး ပြုန်းတီးခဲ့ကြောင်း တွေ့ရှိရပါသည်။ ဝေးလံသော ဒေသများဖြစ်သော ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင်မူ ဒေသအလိုက် သစ်တောပြုန်းတီးမှုနှုန်း မှာ နိုင်ငံအဆင့် သစ်တောပြုန်းတီးမှုနှုန်းထက်ပင် လျော့နည်းလျက်ရှိကြောင်း တွေ့ရှိရပါ သည်။ ဤသို့ ဒေသအလိုက် သစ်တောပြုန်းတီးမှုနှုန်း မြင့်မားရခြင်း၏ အဓိက အကြောင်း အရင်းမှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် လူဦးရေ ထူထပ်လာခြင်းနှင့်အမျှ သဘာဝ သစ်တောသယံဇာတလိုအပ်ချက် မြင့်မားလာခြင်းများနှင့် ဝေးလံခေါင်ပါးသော ဒေသများ တွင် သစ်တောစီမံအုပ်ချုပ်မှု အားနည်းခြင်းများကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဒေသအလိုက် အဓိကပြုန်းတီးလျက်ရှိသော သစ်တော အမျိုးအစားများမှာ ဒီရေတောများနှင့် အပူပိုင်းဒေသ ခြောက်သွေ့တောများဖြစ်ကြောင်း တွေ့ရှိရပါသည်။

Smithsonian Institution အဖွဲ့၏ (၁၉၉၀-၂၀၀၀) အတွင်း မြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှု အခြေအနေ လေ့လာချက်အရ မြန်မာ့သစ်တောများသည် ကုန်းတွင်း အရှေ့တောင် အာရှနိုင်ငံများရှိ သစ်တောများထက် ပိုမိုကောင်းမွန်သော အခြေအနေတွင် ရှိနေသေး ကြောင်း သုံးသပ်ဖော်ပြထားပြီး၊ အခြေခံအကြောင်းအရင်းအချို့မှာ နှစ်ပေါင်းများစွာ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် သီးခြားရပ်တည်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ရှင်းလင်း ဖော်ပြထားပါသည်။ ဆက်လက်၍ နိုင်ငံရေး၊ စီးပွားရေးအခြေအနေ ပြောင်းလဲလာပါက မြန်မာနိုင်ငံရှိ သစ်တောများ၏ အနာဂတ်ကို ထိခိုက်လာနိုင်ကြောင်း သုံးသပ်ဖော်ပြထားပါ သည်။

[4]Forest cover change patterns in Myanmar (Burma) 1990-2000, PETER LEIMGRUBER, DANIEL S. KELLY, MARC K. STEININGER, JAKE BRUNNER, THOMAS MÜLLER AND MELISSA SONGER, Smithsonian Institution, National Zoological Park, Conservation and Research Center, Front Royal, VA 22630, USA, and Conservation International, 1919M Street, NWSuite 600, Washington, DC 20036, USA, September 2005

### *(၃-၂) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ဖြစ်ပေါ် စေသည့် အကြောင်း အရင်းများအား ကနဦး စူးစမ်းလေ့လာခြင်း*

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် သစ်တောဖုံးလွှမ်းမှုဧရိယာ ပြောင်းလဲလာမှုနှင့်အတူ ဒေသအလိုက်၊ သစ်တောအမျိုးအစားအလိုက် သစ်တောပြုန်းတီးမှုအခြေအနေများကို အခန်း(၃-၁) တွင် ဖော်ပြခဲ့ပြီးဖြစ်သော်လည်း သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်း အစားကျဆင်းမှုတို့ကိုဖြစ်စေသည့် အဓိက တွန်းအားများ(Drivers) နှင့် အခြေခံအကြောင်း အရင်း (Underlying causes) တို့ကိုမူ အနည်းငယ်သာ ဖော်ပြထားပါသည်။ နိုင်ငံတကာ အစီရင်ခံစာများအရ မြန်မာနိုင်ငံရှိ သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းမှုကိုဖြစ်စေသည့် အဓိကတွန်းအားများနှင့် အခြေခံ အကြောင်းအရင်းများသည် အခြား ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပုံမှန်ကြုံတွေ့ရသော အခြေအနေများနှင့် အလားတူပင် ဖြစ်ကြောင်းတွေ့ရှိရပါသည်။ အထူးသဖြင့် တရားဝင်နှင့် တရားမဝင် စည်းကမ်းမဲ့သစ် ထုတ်ယူခြင်း၊ ထင်းနှင့် အခြား လောင်စာများ ထုတ်ယူသုံးစွဲခြင်းနှင့် ရွှေ့ပြောင်း တောင်ယာ များ ချဲ့ထွင်စိုက်ပျိုးခြင်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံ အသီးသီးတို့တွင် ကြုံတွေ့ရလျက်ရှိသော သစ်တောပြုန်းတီးစေသည့် အဓိက တွန်းအားများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် စိုက်ပျိုးမြေများ အလွန်အကျွံ ချဲ့ထွင်လာခြင်း၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ သတ္တုတူး ဖော်ခြင်းများနှင့် ရေအားလျှပ်စစ် ဖွံ့ဖြိုးလာခြင်းများမှာလည်း သစ်တောပြုန်းတီးစေသည့် အဓိက အကြောင်းအရင်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။ တဖက်မှလည်း ကျွန်းနှင့် အခြားသစ်မာများပါဝင်သည့် စီးပွားရေးအထူး စိုက်ခင်းများနှင့် ရာဘာ၊ ဆီအုန်းစသည့် စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင်ခြင်းတို့သည်လည်း သဘာဝ သစ်တောများနှင့် ပေါက်ရောက်ပင်အမျိုးအစားများ လျော့နည်းလာရသည့် အကြောင်းအရင်းများဖြစ်ကြောင်း တွေ့ရှိရပါသည်။

လူဦးရေတိုးပွားလာခြင်းနှင့်အတူ ပြည်တွင်း၊ ပြည်ပဈေးကွက်များမှ အစားအစာ၊ သစ်တော ထွက်ပစ္စည်းနှင့် အခြားလူသုံးကုန်ပစ္စည်းလိုအပ်ချက်များ မြင့်မားလာခြင်းတို့သည်လည်း လက်ရှိ သဘာဝသစ်တောသယံဇာတများကို လျော့နည်းပြုန်းတီးစေသည့် တွန်းအားများ ပင်ဖြစ်ပါသည်။ အကျိုးဆက်များအနေဖြင့် မြေအသုံးချမှုများ လျှင်မြန်စွာ ပြောင်းလဲလာမှု နှင့်အတူ စိုက်ပျိုးရေးကဏ္ဍနှင့် သယံဇာတထုတ်လုပ်ခြင်း လုပ်ငန်းများ ပိုမိုတိုးမြင့်လာ ကြောင်းတွေ့ရှိရပါသည်။ တစ်ဆက်တည်းမှာပင် ဆင်းရဲမွဲတေမှုသံသရာနှင့်အတူ သစ်တော နှင့် အခြားရှားပါး သယံဇာတများအပေါ် မှီခိုမှုမြင့်မားလာခြင်း၊ လယ်ယာသီးနှံအထွက်နှုန်း များကျဆင်းလာခြင်းနှင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်းတို့သည်လည်း သစ်တောပြုန်းတီးမှုကို ပိုမိုဖြစ်ပေါ်စေသည့် အချက်များဖြစ် ကြောင်းတွေ့ရှိရပါသည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ အားနည်းချက်များဖြစ်သော သစ်တော အုပ်ချုပ်လုပ်ကိုင်မှုနှင့် တရားဥပဒေအရ အရေးယူဆောင်ရွက်မှု အားနည်းခြင်း၊ သက်ဆိုင်ရာ ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ ချမှတ်ထားသည့် မူဝါဒများ ရှင်းလင်းတိကျမှုမရှိခြင်း၊ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် အားနည်းခြင်းနှင့်

စီမံအုပ်ချုပ်မှုကဏ္ဍများတွင် ရန်ပုံငွေ လုံလောက်မှုမရှိခြင်းတို့သည်လည်း သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းအရင်းများပင်ဖြစ်သည်။ တဆက်တည်းမှာပင် တိကျခိုင်မာသည့် မြေအသုံးချမှု မူဝါဒ မရှိခြင်းကြောင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှု အားနည်းခြင်းနှင့် သစ်တောကဏ္ဍများတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းများကို ကြုံတွေ့ရလျက်ရှိပါသည်။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသည့် တွန်းအားများနှင့် အခြေခံအကြောင်းအရင်းများကို **တွန်းအားများနှင့် မဟာဗျူဟာများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့** မှ အဖွဲ့ဝင်များအကြား ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ အစီရင်ခံစာများ၊ သုတေသနစာတမ်းများမှရရှိနိုင်သော အချက်အလက်များကို စုဆောင်းခြင်းအားဖြင့် ပဏာမ စူးစမ်းလေ့လာ ဆောင်ရွက်ခဲ့ပါသည်။ တွေ့ရှိချက်များကိုလည်း အမျိုးသားအဆင့် REDD+ လမ်းပြမြေပုံ ရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများတွင် တိုင်းဒေသအသီးသီးမှ ဆက်စပ်ပတ်သက်သူများအားချပြဆွေးနွေးခဲ့ပြီး၊ သက်ဆိုင်ရာကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုချက်များကို စိစစ်ထည့်သွင်း၍ အတည်ပြုခဲ့ကြပါသည်။ (အမျိုးသားအဆင့်နှင့် ဒေသအဆင့် ဆွေးနွေးပွဲများ၏ အစီရင်ခံစာများကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။) သစ်တောပြုန်းတီးခြင်း သို့မဟုတ် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကိုဖြစ်စေသည့် တွန်းအားများနှင့် အခြေခံအကြောင်းအရင်းများကို အဓိကအားဖြင့် သစ်တောကဏ္ဍဆိုင်ရာ အကြောင်းအရင်းများ (ဇယား ၃-၄) နှင့် သစ်တောကဏ္ဍပြင်ပဆိုင်ရာ အကြောင်းအရင်းများ (ဇယား ၃-၅) ဟူ၍ ခွဲခြားထားပြီး၊ သက်ရောက်မှု ပမာဏအပေါ်မူတည်၍ အဆင့်သတ်မှတ် ဖော်ပြထားပါသည်။ သစ်တောကဏ္ဍအတွင်း ဖြစ်ပေါ်လျက်ရှိသော တွန်းအားများအား သစ်တောအတန်းအစားကျဆင်းစေသည့် တွန်းအားများအဖြစ်လည်းကောင်း၊ သစ်တောကဏ္ဍပြင်ပမှလာသော တွန်းအားများကို သစ်တောပြုန်းတီးမှုကိုဖြစ်ပေါ်စေသည့် တွန်းအားများအဖြစ်လည်းကောင်း ခွဲခြားထားပြီး၊ ယင်းတွန်းအားများကို ကြုံတွေ့ရလျက်ရှိသော တောအမျိုးအစား ကို ဇယား (၃-၄) တွင် ထည့်သွင်းဖော်ပြထားပါသည်။

ဇယား (၃-၄) သစ်တောအတန်းအစားကျဆင်းစေသည့် သစ်တောကဏ္ဍဆိုင်ရာတွန်းအားများ

| တွန်းအားများ | တွန်းအားအဆင့် | တွန်းအားတစ်ခုခြင်းအလိုက် အခြေခံအကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| သစ် အလွန်အကျွံထုတ်ခြင်း (တရားဝင်နှင့် တရားမဝင်) | ၁ | • မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းခြင်း။<br>- *ပိုမိုတိကျမှန်ကန်သည့် AAC တွက်ချက်နိုင်ရန်နှင့်* | | | X | X | | X |

| တွန်းအားများ | တွန်းအားအဆင့် | တွန်းအားတစ်ခုခြင်းအလိုက် အခြေခံအကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | *ရောင်းတန်းဝင်သစ်ပင်အား မှန်ကန်စွာ ရွေးချယ်ခုတ်လှဲနိုင်ရန်အတွက် သစ်မထုတ်မီကြိုတင် ကွင်းဆင်းစာရင်းကောက်ယူခြင်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိ။*<br>- *သဘာဝတောများနှင့် သဘာဝတောတန်ဖိုးမြင့် စိုက်ခင်းများအကြား ခွဲခြားစီမံအုပ်ချုပ်သွားရန်။*<br>• ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများအကြား အထူးသဖြင့် သယံဇာတ စာရင်းကောက်ယူသည့် သစ်တောဦးစီးဌာန (FD) နှင့် ခုတ်လှဲထုတ်လုပ်သည့် မြန်မာ့သစ်လုပ်ငန်း (MTE) တို့အကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊<br>• MTE မှ ပုဂ္ဂလိကသစ်ထုတ်ကုမ္ပဏီများသို့ သစ်ထုတ်ကန်ထရိုက်များ အဆင့်ဆင့်ချထားပေးရာတွင် ကုမ္ပဏီခွဲများ မြောက်များစွာ ပါဝင်ပတ်သက်ဆောင်ရွက်လျက်ရှိ၍ ထိန်းချုပ်ရန် ခက်ခဲခြင်း၊<br>• နိုင်ငံရေးအခြေအနေအရ ဆက်စပ်ပတ်သက်သူများမှ ဝင်ရောက်လွှမ်းမိုးမှုများ ရှိခြင်း၊<br>• ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှုများ အားနည်းခြင်း၊<br>• အချို့ဒေသများတွင် မငြိမ်သက်မှု များကြောင့် လုံခြုံရေးအားနည်းခြင်း၊<br>• ပြည်တွင်း၊ ပြည်ပ ဈေးကွက်များမှ သစ် လိုအပ်ချက် မြင့်မားလာခြင်း၊<br>• ဒေသတွင်း အခြားနိုင်ငံများ၌ သစ်ထုတ်လုပ်မှု ရပ်ဆိုင်းထားခြင်းနှင့် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် သစ်များကို ထုတ်လုပ်မှု | | | | | | |

| တွန်းအားများ | တွန်းအား အဆင့် | တွန်းအားတစ်ခုခြင်းအလိုက် အခြေခံ အကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | လုပ်ငန်းစဉ် အဆင့်ဆင့် ကြီးကြပ် စစ်ဆေး အရေးယူမှု အားနည်းခြင်း၊<br>• ကူးသန်းရောင်းဝယ်မှု ကန့်သတ်ချက်များ ကြောင့် သစ်ဈေးကျဆင်းခြင်းနှင့် တရား မဝင် သစ်ထုတ်ယူမှု များပြားလာခြင်း၊<br>• နိုင်ငံတော်သို့ ရှာဖွေပေးရန် ဘဏ္ဍာငွေ လျာထားချက် မြင့်မားခြင်းနှင့် အတူ ဈေးကွက်တွင် ဈေးကောင်းရနိုင်မည့် တန်ဖိုးမြှင့်နည်းစနစ်နှင့် လုပ်ငန်းများ ဖွံ့ဖြိုးမှုအားနည်းခြင်း၊<br>• နိုင်ငံအတွင်း လုံလောက်သည့် သစ် ထောက်ပံ့မှု သို့မဟုတ် အစားထိုးနိုင်မည့် ပစ္စည်းများ နည်းပါးခြင်း၊<br>• သစ်စက်နှင့်အခြား သစ်အချောထည် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အားနည်း ခြင်းကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုများ ပေါ်ပေါက်ခြင်း၊ | | | | | | |
| ထင်းနှင့်သစ်မှ ထွက်ရှိ သော အခြား ဇီဝ ရင်း မြစ် လောင်စာ များ အလွန်အကျွံ သုံးစွဲ ခြင်း | ၂ | • ထင်းလောင်စာများအား အိမ်သုံးနှင့် အသေးစား စက်မှုလုပ်ငန်းများ (ဥပမာ အုတ်ဖုတ်ခြင်း၊ သကြား/ထန်းလျက် ချက် လုပ်ခြင်း၊ စားသောက်ဆိုင်လုပ်ငန်း စသည်) အတွက် ပိုမိုလိုအပ်လာခြင်း၊<br>• ထင်း/မီးသွေးအစားထိုး လောင်စာစွမ်းအင် မလောက်ငှခြင်း၊<br>• ထင်းလောင်စာသုံးစွဲမှုလျှော့ချမည့် အစီ အစဉ်များနှင့် မီးသွေးထုတ်လုပ်ရာတွင် လေလွင့်မှုနည်းစေသည့် နည်းပညာ ဖွံ့ဖြိုးမှု မရှိခြင်း၊ | X | X | X | X | X | X |
| ရွှေ့ပြောင်း တောင်ယာများ တိုးချဲ့စိုက်ပျိုး လာခြင်း | ၃ | • အကြီးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ (ဥပမာ ရေအားလျှပ်စစ်၊ နှစ်ရှည်သီးနှံ စီမံကိန်း စသည်) ကြောင့် မိရိုးဖလာ | X | | X | X | X | X |

| တွန်းအားများ | တွန်းအားအဆင့် | တွန်းအားတစ်ခုခြင်းအလိုက် အခြေခံအကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | လယ်ယာမြေများ ဆုံးရှုံးခြင်း၊<br>• လူဦးရေတိုးပွားလာခြင်း၊<br>• ရွှေ့ပြောင်းတောင်ယာနှင့် ဆက်စပ်သစ်တောများတွင် ခိုင်မာသည့် မြေယာပိုင်ဆိုင်မှုစနစ်မရှိခြင်း၊<br>• ရွှေ့ပြောင်းတောင်ယာစနစ်အား အလွယ်တကူ အောင်မြင်စွာ အစားထိုးနိုင်မည့် အခြား စိုက်ပျိုးနည်း စနစ်များ၊ နည်းပညာများ ထွန်းကားမှုမရှိခြင်း၊ | | | | | | |
| တောမီးလောင်ခြင်း | ၄ | • သဘာဝအလျောက် တောမီးများ လောင်ကျွမ်းခြင်း၊<br>• တောင်ယာမီးရှို့ခြင်း၊<br>• စားကျက်မြေချဲ့ထွင်ရန်နှင့် အမဲလိုက်ရန် တောမီးရှို့ခြင်း၊<br>• မြေယာပိုင်ဆိုင်မှုစနစ်မခိုင်မာ၍ တောမီးရန်မှ ကာကွယ်ရန် ဒေသခံများ၏ ပါဝင်ကူညီမှု နည်းပါးခြင်း၊<br>• ရာသီဥတုပြောင်းလဲမှုကြောင့် အလွန်အမင်းပူပြင်း ခြောက်သွေ့ခြင်း၊<br>• တောမီးရန်မှ ကာကွယ်ရန် နည်းစနစ် (မီးတားလမ်း၊ မီးသတ်လမ်း စသည်)၊ ယာဉ်ယန္တရားနှင့် အသိစိတ်ဓါတ်များ နည်းပါးခြင်း၊ | X | | | X | | X |
| အိမ်မွေးတိရစ္ဆာန်များ စားကျက် အလွန်အကျွံချခြင်း | ၅ | • အသားနှင့် အခြားတိရစ္ဆာန်ထွက်ပစ္စည်းလိုအပ်ချက် ပိုမိုများပြားလာခြင်း၊<br>• လယ်ယာလုပ်ငန်းများတွင် ယာဉ်ယန္တရားများအစား တိရစ္ဆာန်များကို အသုံးပြုခြင်း၊<br>• သစ်တောဧရိယာနည်းပါးလာခြင်းနှင့်ဆိတ်/ကျွဲ/ နွား စားကျက်ချမှု တိုးမြှင့်လာခြင်း၊<br>• သစ်တောများမှအပ အခြားတိရစ္ဆာန် | X | | | | | X |

| တွန်းအားများ | တွန်းအား အဆင့် | တွန်းအားတစ်ခုခြင်းအလိုက် အခြေခံ အကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | အစားအစာများ ရရှိနိုင်သည့် ရင်းမြစ်များ မရှိခြင်းနှင့် လယ်ယာ လုပ်ငန်းများမှ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးနည်းစနစ်များ ထွန်းကားမှု မရှိခြင်း၊ | | | | | | |
| မုန်တိုင်းများ ဒဏ်ခံရခြင်း၊ | ၆ | • ဆိုးရွားသည့် ရာသီဥတုဖြစ်စဉ်များ ပိုမိုကြုံတွေ့ လာခြင်းကြောင့် ဒီရေတော ဂေဟစနစ်များ ပိုမိုယုတ်လျော့ ပျက်စီးလာခြင်း၊ | | X | | | | |
| ပိုးမွှားအန္တရာယ် ကျရောက်ခြင်း | ၇ | • သစ်မျိုးတစ်မျိုးတည်း စိုက်ပျိုးမှုများပြားလာခြင်း၊<br>• ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်လာခြင်းနှင့် အချိန်ကြာမြင့်စွာ ပူပြင်းခြောက်သွေ့မှုများ အကြိမ်ရေ ပိုမိုတိုးပွား လာခြင်း၊ | | | | X | | |
| | | **သစ်တောအတန်းအစား ကျဆင်းစေသည့် ယေဘုယျ အခြေခံအကြောင်းအရင်းများ** | **D** | **C** | **T** | **M** | **H** | **I** |
| | | • စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု (SFM) အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားမှုအားနည်းခြင်း၊<br>• သစ်တောကဏ္ဍတွင် နိုင်ငံတကာမှ ပံ့ပိုးမှု အားနည်းခြင်း၊ (စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်း တို့တွင်)<br>• ဌာနအဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နိမ့်ကျခြင်း၊<br>• ချမှတ်ထားသော မူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းခြင်း၊<br>• ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မှု | X | X | X | X | X | X |

| တွန်းအားများ | တွန်းအားအဆင့် | တွန်းအားတစ်ခုခြင်းအလိုက် အခြေခံအကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | အားနည်းခြင်း၊<br>• SFM အား အောက်ခြေအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခွင့်အလမ်း ကုန်ကျစရိတ် မြင့်မားခြင်း၊<br>• သစ်တောဦးစီးဌာနမှ အပ သက်ဆိုင်ရာ ဆက်စပ်အဖွဲ့ အစည်းများ၊ ဒေသအာဏာပိုင်များနှင့် ဒေသခံပြည်သူတို့မှ SFM လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ရန်ပုံငွေ လျာထားချက် မရှိခြင်း။<br>• သစ်တောနယ်နိမိတ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့တွင် ဆက်စပ်ပါဝင်သူများနှင့် စေ့စပ်ဆွေးနွေးမှုအားနည်းခြင်း၊<br>• ပူးပေါင်းပါဝင်သည့် ဒေသအဆင့် မြေအသုံးချမှု မူဝါဒ ရေးဆွဲနိုင်မှု မရှိခြင်း၊<br>• သစ်တောအုပ်ချုပ်လုပ်ကိုင်မှုများတွင် ဆက်စပ်ပါဝင်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းခြင်းနှင့် ရရှိလာသော အခွန်တော်အား ပြန်လည်ခွဲဝေရာတွင် လုံလောက်မှုမရှိခြင်း၊<br>• နိုင်ငံတော်ပိုင်သစ်တောများဖြစ်ခြင်း သို့မဟုတ် ဒေသခံများအနေဖြင့် သစ်တောစီမံအုပ်ချုပ်ရန် တာဝန်မရှိခြင်းနှင့် ခိုင်မာသည့် မြေယာပိုင်ဆိုင်မှု မရှိခြင်း တို့ကြောင့် သစ်တောစီမံအုပ်ချုပ်ရာတွင် အားနည်းခြင်း၊ | | | | | | |

**ဇယား (၃-၅) သစ်တောပြုန်းတီးစေသည့် သစ်တောကဏ္ဍပြင်ပမှတွန်းအားများ**

| တွန်းအားများ | တွန်းအား အဆင့် | တွန်းအားတစ်ခုချင်းအလိုက် အခြေခံ အကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း (အိမ်သုံး နှင့် ဈေးကွက်တင်ပို့ရန်) | ၁ | • အထွက်နှုန်းကျဆင်းလာခြင်းနှင့် တိုးပွားလာသည့် လူဦးရေအတွက် လုံလောက်သော စိုက်ပျိုးမြေများ မရှိခြင်း၊<br>• သစ်တောမြေများသို့ ဝင်ရောက်နိုင်မှု ပိုမိုလွယ်ကူလာခြင်းနှင့် သစ်တောများအတွင်း ရွှေ့ပြောင်းနေထိုင်သူများ ပိုမိုများပြားလာခြင်း၊<br>• လူမှုစာနာထောက်ထားမှုများ (သစ်တောများ အတွင်း သီးနှံတိုးချဲ့စိုက်ပျိုးခြင်း၊ မြေယာချဲ့ထွင် အသုံးချခြင်း မှတဆင့် မြေပိုင်ဆိုင်ခွင့် တောင်းခံလာခြင်း)<br>• မြေအသုံးချမှု မူဝါဒ ခိုင်မာမှုမရှိသည့်အတွက် သစ်တောမြေမှ စိုက်ပျိုးမြေအဖြစ်သို့ အလွယ်တကူ ပြောင်းလဲရန် တွန်းအားပေးလျက်ရှိခြင်း၊<br>• သစ်တောများ၏ ဝန်ဆောင်မှုတန်ဖိုးအား ထည့်သွင်းတွက်ချက်မှု မရှိဘဲ ထုတ်လုပ်မှုတန်ဖိုးကိုသာ တွက်ချက်ပြီး အခြားကဏ္ဍများနှင့် နှိုင်းယှဉ်ဆုံးဖြတ်ခြင်း၏ အကျိုးဆက်တစ်ခုဖြစ်သော စီးပွားရေးသီးနှံများ တိုးမြှင့်စိုက်ပျိုးလာခြင်း (ရာဘာ၊ ဆီအုန်း၊ ပျော့ဖတ် စသည်)<br>• စိုက်ပျိုးသီးနှံထုတ်လုပ်မှု လျာထားချက်များ အလွန်အမင်း မျှော်မှန်းထားခြင်း၊<br>• စိုက်ပျိုးထွက်ကုန်ပစ္စည်းလိုအပ်ချက်များပြားလာခြင်းနှင့် စိုက်ပျိုးထုတ်ကုန်ကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန် မြင့်တက်လာခြင်း၊<br>• SIA/EIA များ စနစ်တကျဆောင်ရွက်ခဲ့မှု မရှိခြင်းနှင့် ထိန်းသိမ်းရေးအစီအမံများ | X | X | X | X | X | X |

| တွန်းအားများ | တွန်းအား အဆင့် | တွန်းအားတစ်ခုချင်းအလိုက် အခြေခံ အကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | ဆောင်ရွက်မှုအားနည်းခြင်း၊<br>• မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်း၊ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံခြင်း၊ မူဝါဒနှင့် ဥပဒေ ရေးဆွဲခြင်းဆိုင်ရာ ကဏ္ဍများတွင် ဝန်ကြီးဌာနများအကြား ပူးပေါင်း ဆောင်ရွက်မှု အားနည်းခြင်း၊ (ဥပမာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ရေးဆွဲခဲ့သည့် လယ်ယာမြေ ဥပဒေ (၂၀၁၂) နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၂)) | | | | | | |
| သတ္တုတူးဖော် ခြင်း | ၂ | • ဒေသတွင်းနှင့် နိုင်ငံတကာမှ သတ္တု လိုအပ်ချက် မြင့်မားလာခြင်း၊<br>• SIA/EIA များ စနစ်တကျ ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် နည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်း နှင့် ကြီးကြပ်မှုအားနည်းခြင်း၊<br>• သတ္တုကဏ္ဍနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင် ရွက်မှု အားနည်းခြင်း (ဥပဒေရေးရာ၊ ခွင့်ပြုချက် ထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များ စသည်)၊ | X | X | X | X | X | X |
| ရေအားလျှပ်စစ် ဖွံ့ဖြိုးတိုးတက် လာခြင်း | ၃ | • ဒေသတွင်းနှင့် နိုင်ငံအတွင်း လျှပ်စစ် လိုအပ်ချက် မြင့်မားလာခြင်း၊<br>• SIA/EIA များ စနစ်တကျ ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် နည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်း နှင့် ကြီးကြပ်မှုအားနည်းခြင်း၊<br>• သစ်တောကဏ္ဍနှင့် လျှပ်စစ်စွမ်းအင် ကဏ္ဍ တို့ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ | | | X | X | X | |

| တွန်းအားများ | တွန်းအားအဆင့် | တွန်းအားတစ်ခုချင်းအလိုက် အခြေခံအကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာခြင်း (လမ်းများ၊ ဓါတ်ငွေ့ ပိုက်လိုင်း တည်ဆောက်မှု များ၊ အထူး စီးပွားရေးဇုန် များ စသည်)၊ | ၄ | • SIA/EIA များ စနစ်တကျ ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် နည်းလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု မရှိခြင်းနှင့် ကြီးကြပ်မှုအားနည်းခြင်း၊<br>• သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ | X | X | X | X | X | X |
| မြို့ပြချဲ့ထွင်ခြင်းနှင့် ပြန်လည်နေရာ ချထားခြင်းများ | ၅ | •လူဦးရေတိုးပွားလာခြင်း၊<br>•မြို့ပြစီမံချက်များ စနစ်တကျ ရေးဆွဲခဲ့မှု မရှိခြင်း၊<br>•သတ္တုတူးဖော်ခြင်းများ၊ ရေအားလျှပ်စစ် တည်ဆောက်မှုများ၊ အခြားဖွံ့ဖြိုးရေး တည်ဆောက်မှုများကြောင့် ဖယ်ရှားခံရသည့် ဒေသခံများအား ပြန်လည်နေရာချထားခြင်း၊<br>•ဒုက္ခသည်စခန်းများနှင့် ရွှေ့ပြောင်းလုပ်သား စခန်းများ | X | X | | | | X |
| ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း၊ | ၆ | • ရေထွက်ပစ္စည်းများ၏ ဈေးကွက် လိုအပ်ချက် မြင့်မားလာခြင်း၊ | | X | | | | |
| | | **သစ်တောပြုန်းတီးစေသည့် ယေဘုယျ အခြေခံအကြောင်းအရင်းများ** | **D** | **C** | **T** | **M** | **H** | **I** |
| | | • လက်ရှိ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ခွဲဝေမှုပုံစံ (လယ်ယာမြေ စီမံခန့်ခွဲမှု ဗဟိုကော်မတီအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ခြင်း၊ မြို့နယ် မြေယာစီမံခန့်ခွဲမှု ကော်မတီအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ခြင်းစသည်) အရ သစ်တောမြေ အတွင်း မပါဝင်သည့် သစ်တောများအား | X | X | X | X | X | X |

| တွန်းအားများ | တွန်းအားအဆင့် | တွန်းအားတစ်ခုချင်းအလိုက် အခြေခံ အကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | အခြားမြေအသုံးချမှုသို့ အလွယ်တကူ ပြောင်းလဲနိုင်ခြင်း၊<br>• မြေယာစီမံခန့်ခွဲမှုကော်မတီများစွာဖွဲ့စည်းထားခြင်းနှင့် ကော်မတီများအကြား လုပ်ငန်းစဉ်များ တူညီနေခြင်း၊ ရည်ရွယ်ချက်များ ရှုပ်ထွေးနေခြင်း တို့ကြောင့် မြေအသုံးချမှု စီမံကိန်း ရေးဆွဲရာတွင် အောင်မြင်မှုလျော့နည်းခြင်း (ဥပမာ (က) လယ်ယာမြေဥပဒေကို အခြေခံ၍ ဖွဲ့စည်းထားသော လယ်ယာမြေ စီမံခန့်ခွဲမှု ဗဟို ကော်မတီ၊ (ခ) နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနမှ ဦးဆောင်၍ ဖွဲ့စည်းထားသော မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီ၊ (ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေအရ ဖွဲ့စည်းထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီ)<br>• ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မှု အားနည်းခြင်း၊<br>• မိရိုးဖလာမြေယာပိုင်ဆိုင်မှုအား အသိအမှတ်ပြုမှု အားနည်းခြင်း၊ သစ်တောမြေများ၏ မြေယာစနစ်ခိုင်မာမှုမရှိခြင်းနှင့် မျှတပြီး ပွင့်လင်းမြင်သာသော မြေယာ အငြင်းပွားမှု ဖြေရှင်းခြင်းစနစ် မရှိခြင်း၊<br>• ဆင်းရဲမွဲတေခြင်းနှင့် အခြားအသက်မွေး ဝမ်းကြောင်းမှုလုပ်ငန်း နည်းပါးခြင်း၊<br>• စီးပွားရေးအလယ်အလတ် လူတန်းစား တိုးမြင့်လာခြင်းနှင့်အတူ သယံဇာတ လိုအပ်ချက် မြင့်မားလာခြင်း၊<br>• မူဝါဒဆုံးဖြတ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှု | | | | | | |

| တွန်းအားများ | တွန်းအားအဆင့် | တွန်းအားတစ်ခုချင်းအလိုက် အခြေခံအကြောင်းအရင်းများ | တောအမျိုးအစားများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | D | C | T | M | H | I |
| | | ဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ဂေဟစနစ်ဝန်ဆောင်မှု တန်ဖိုးများ ထည့်သွင်းစဉ်းစားမှု မပြုခြင်း၊ | | | | | | |

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသည့် တွန်းအားများနှင့် အခြေခံအကြောင်းအရင်းများအား ပဏာမလေ့လာဆန်းစစ်မှုများ ဆောင်ရွက်ပြီးနောက် **တွန်းအားများနှင့် မဟာဗျူဟာများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့** သည် အနာဂတ်တွင် (၅ နှစ်မှ ၁၅ နှစ်အတွင်း) သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းခြင်းများဖြစ်ပေါ်နိုင်မှု အလားအလာအား ကိန်းဂဏန်းများဖြင့် ခန့်မှန်းဖော်ပြခြင်း၊ တွန်းအားများအလိုက်ကြုံတွေ့ရသော သစ်တောအမျိုးအစားနှင့် ထိခိုက်မှုများကိုဖော်ပြခြင်း (ဇယား ၃-၆) တို့ကို ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့သည် လက်ရှိကြုံတွေ့နေသော လူဦးရေ တိုးတက်မှုအခြေအနေ (နိုင်ငံ၏ ၂% ခန့်) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာနိုင်သည့် အလားအလာတို့အပေါ် အခြေခံ၍ အနာဂတ်သစ်တောကဏ္ဍ အလားအလာကို ခန့်မှန်းဖော်ထုတ်ခဲ့ကြပါသည်။ လုပ်ငန်းအဖွဲ့မှ ခန့်မှန်းဖော်ထုတ်ချက်များကို အမျိုးသားအဆင့် REDD+ လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲများတွင် ချပြဆွေးနွေး အတည်ပြုခဲ့ကြပါသည်။

**ဇယား (၃-၆) အနာဂတ်ကာလတွင် သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစားကျဆင်းမှု ဖြစ်နိုင်ခြေ အလားအလာ**

| တွန်းအားများ | D | C | T | M | H | I | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | လျော့ကျနိုင် / တည်ငြိမ်နိုင် / တိုးမြင့်နိုင် |
| **သစ်တောအတန်းအစားကျဆင်းခြင်း** | | | | | | | |
| တရားဝင် သစ်အလွန်အကျွံ ထုတ်ယူခြင်း | မသိ | မသိ | - | - | မသိ | - | AAC အား ပြန်လည်သုံးသပ်ကာ MSS အား စနစ်တကျ ကြပ်မတ် အကောင်အထည်ဖော်ရန်၊ |
| တရားမဝင် သစ်အလွန်အကျွံ ထုတ်ယူခြင်း | မသိ | မသိ | +/- | +/- | မသိ | +/- | နိုင်ငံရေးအခြေအနေ အကောင်းဘက်သို့ ဦးတည် ပြောင်းလဲလာခြင်းနှင့်အတူ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မှု (FLEGT-VPA, EU/AUS/USA တို့၏ ဈေးကွက်စည်းမျဉ်း များ၊ ပွင့်လင်းမြင်သာသည့် သယံဇာတ ထုတ်ယူသုံးစွဲခြင်း လှုပ်ရှားမှု-EITI စသည်) များ ရှိလာသော်လည်း တရားမဝင်သစ်ထုတ်ခြင်း အများဆုံးဖြစ်ပွားသည့် နယ်စပ်ဒေသများတွင်မှ |

| တွန်းအားများ | D | C | T | M | H | I | မှတ်ချက်<br>လျော့ကျနိုင် / တည်ငြိမ်နိုင် / တိုးမြင့်နိုင် |
|---|---|---|---|---|---|---|---|
| | | | | | | | ပြောင်းလဲမှု အနည်းငယ်သာရှိနိုင်ပါသည်။ |
| ထင်းနှင့် အခြား ဇီဝ လောင်စာများ အလွန် အကျွံထုတ်ယူ သုံးစွဲခြင်း | + | + | + | + | + | + | လောင်စာစွမ်းအင်လိုအပ်ချက် မြင့်မားလာခြင်း နှင့် အစားထိုးလောင်စာ ရရှိနိုင်မှု မရှိခြင်း၊ |
| ရွှေ့ပြောင်းတောင်ယာ တိုးချဲ့စိုက်ပျိုးခြင်း | မသိ | မသိ | +/- | +/- | မသိ | +/- | သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်းများစသည့် ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေး အစီအစဉ်များသည် စိုက်ပျိုးမြေ ထပ်မံ လိုအပ်ချက်ကို လျော့နည်းစေနိုင်ပါသည်။ |
| **သစ်တောပြုန်းတီးခြင်း** | | | | | | | |
| စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း | +/- | + | + | + | - | + | မိရိုးဖလာ စိုက်ပျိုးမြေများတွင် လယ်ယာမြေ ချဲ့ထွင်ရန် မြေမလုံလောက်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာခြင်းနှင့်အတူ စိုက်ပျိုးထုတ်ကုန်များ၏ ဈေးကွက် လိုအပ်ချက် မြင့်မားလာခြင်း၊ |
| သတ္တုတူးဖော်ခြင်း | + | + | + | + | + | + | ဈေးကွက်လိုအပ်ချက်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်မားလာခြင်း၊ |
| ရေအားလျှပ်စစ် ဖွံ့ဖြိုးလာမှုများ | မသိ | မသိ | +/- | +/- | +/- | မသိ | အကြီးစားရေအားလျှပ်စစ် စီမံကိန်းများ ဆောင်ရွက်နိုင်သည့် အလားအလာရှိသော်လည်း နိုင်ငံတော်ဦးစားပေး စီမံကိန်းများ အဖြစ် ရပ်တည်ခြင်း မရှိတော့ဘဲ ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသည့် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများကို ပိုမို အလေးထား ဆောင်ရွက်သွားမည့် အလားအလာ ရှိပါသည်။ |
| အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက် လာခြင်း | + | + | + | + | + | + | လူဦးရေတိုးပွားလာခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ သယံဇာတ ထုတ်ယူ သုံးစွဲသည့် ကဏ္ဍများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာခြင်းတို့ကြောင့် ထိခိုက်မှု မြင့်မားလာနိုင်ပါသည်။ |
| မြို့ပြချဲ့ထွင်လာခြင်း | + | + | မသိ | မသိ | မသိ | +/- | အပူပိုင်းဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် လူဦးရေသိပ်သည်းမှု ပိုမိုတိုးမြင့်လာနိုင်ပါသည်။ |

## (၃-၃) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းဆိုင်ရာ တွန်းအားများ ပမာဏကို တွက်ချက်လေ့လာခြင်း

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသည့် တွန်းအားများနှင့် အခြေခံအကြောင်းအရင်းများအား ပဏာမလေ့လာရာတွင် အမျိုးသားအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ဆက်စပ်ပတ်သက်သူများထံမှ အတွေ့အကြုံများ၊ အကြံဉာဏ်များရယူဆောင်ရွက်ခြင်းဖြစ်ရာ လက်တွေ့တွင် အမှန်တကယ်ဖြစ်ပေါ်ကြုံတွေ့ နေရမှုများကို ကိုယ်စားပြုသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ဇယား(၃-၄) နှင့် ဇယား(၃-၅)တွင် ဖော်ပြထားသည့် တွန်းအားများအား ပိုမိုတိကျသည့် တွက်ချက်မှုများအပေါ်အခြေခံ၍ အဆင့်သတ်မှတ်ဖော်ပြနိုင်ရန်အတွက် ကွင်းဆင်းတိုင်းတာခြင်းနှင့် ကိန်းဂဏန်းအချက်အလက် စုဆောင်းခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ အထူးသဖြင့် တွန်းအားတစ်ခုခြင်းစီအလိုက် ကာဗွန်ထုတ်လွှတ်မှုနှင့် သိုလှောင်ထားသည့် ကာဗွန်ပမာဏလျော့နည်းစေမှုတို့ကို တိုင်းတာ ဖော်ပြရန် လိုအပ်လျက်ရှိပါသည်။ ထိုသို့လေ့လာချက်များကို UNFCCC သို့ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ကနဦး ဆက်သွယ်ဆောင်ရွက်ခြင်း အစီအစဉ် (Myanmar's Initial National Communication) ၏ အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်သည့် ဖန်လုံအိမ်ဓါတ်ငွေ့ လေ့လာတိုင်းတာခြင်း လုပ်ငန်းစဉ်အပေါ်တွင် အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖန်လုံအိမ်ဓါတ်ငွေ့ လေ့လာတိုင်းတာခြင်းအားဖြင့် ကာဗွန်ထုတ်လွှတ်မှုပမာဏ သို့မဟုတ် သိုလှောင်ထားသည့် ကာဗွန်ပမာဏနှစ်စဉ်လျော့နည်းလာစေသည့် အကြောင်းအရင်းများနှင့် ကာဗွန် တိုက်ရိုက်ထုတ်လွှတ်မှုကိုဖြစ်စေသည့် အကြောင်းအရင်းတို့ကို သိရှိနိုင်မည်ဖြစ်ပါသည်။ ဇယား (၃-၇) တွင် တိုင်းတာရရှိထားသည့် ဖန်လုံအိမ်ဓါတ်ငွေ့ဆိုင်ရာ အချက်အလက်များမှတဆင့် သစ်တော အတန်းအစားကျဆင်းခြင်းကိုဖြစ်စေသည့် တွန်းအားပမာဏများကို ကိန်းဂဏန်း အချက်အလက်များဖြင့် တွက်ချက်ဖော်ပြထားပါသည်။ သို့ရာတွင် သစ်တော ပြုန်းတီးခြင်းကိုဖြစ်စေသည့် တွန်းအားများပမာဏကို ဖော်ပြနိုင်ရန်အတွက်မူ အသေးစိတ် လေ့လာမှုများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဇယား (၃-၇) တွင် ဖော်ပြထားသည့် ကိန်းဂဏန်းများမှာ ၂၀၀၀ ခုနှစ်ကို အခြေခံ၍ လေ့လာတွက်ချက်ထားသော ကိန်းဂဏန်းများဖြစ်ပြီး၊ ဆက်လက်တိုင်းတာလေ့လာမည့် အစီအစဉ်များကိုမူ လတ်တလော ရရှိထားသည့် ကိန်းဂဏန်းများကို အခြေခံ၍ လေ့လာမည်ဖြစ်ပါသည်။

**ဇယား (၃-၇) ၂၀၀၀ ခုနှစ်တွင် တိုင်းတာခဲ့သည့် နှစ်စဉ်ကာဗွန်ရင်းမြစ် လျော့နည်းမှုနှင့် ဖန်လုံအိမ် ဓါတ်ငွေ့ ထုတ်လွှတ်ခဲ့မှုများ**

| အကြောင်းအရင်း | ကာဗွန်လျော့နည်းမှု ပမာဏ (GgC) | ဖန်လုံအိမ် ဓါတ်ငွေ့ ထုတ်လွှတ်မှု ပမာဏ (GgCO2e) | မှတ်ချက် |
|---|---|---|---|
| သစ်ထုတ်ယူခြင်း | ၂,၁၇၆.၈၈၈ | မသိ | ၂၀၀၀ ခုနှစ်တွင် ထုတ်ယူခဲ့သည့် သစ်လုံးရေပမာဏမှာ ၂၁၆၁၉၈၀ ကုဗမီတာ ဖြစ်ပါသည်။ (ဗဟိုစာရင်းအင်းဌာန-၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ စာရင်းအင်းများစာအုပ်) |
| သစ်တောထွက် ပစ္စည်း ထုတ်ယူခြင်း | မတွက်ချက်ရသေးပါ | မသိ | - |
| ထင်းလောင်စာ ထုတ်ယူခြင်း | ၂၆,၉၃၆,၄၁၈ | မသိ | ၂၀၀၀ ခုနှစ်တွင် ထုတ်ယူခဲ့သည့် ထင်းလောင်စာပမာဏမှာ ၃၃၄၄၂၂၀၀ ကုဗမီတာ ဖြစ်ပါသည်။ (ဗဟိုစာရင်းအင်းဌာန-၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ စာရင်းအင်းများစာအုပ်) |
| သစ်တောစိုက်ခင်း တည်ထောင်ရန် မြေပြုပြင်ခြင်း | မသိ | ၁,၈၆၃.၂၀၇ | ၂၀၀၀ ခုနှစ်တွင် တည်ထောင်ခဲ့သည့် သစ်တောစိုက်ခင်းဧရိယာ စုစုပေါင်းမှာ ၃၀၇၃၁ ဟက်တာ ဖြစ်ပါသည်။ စိုက်ခင်းတည်ထောင်ရန် မြေပြုပြင်ရာတွင် မီးရှို့ရှင်းလင်းခဲ့သည့် ပမာဏမှာ ၂၃၂၇၇ ဟက်တာ ဖြစ်ပါသည်။ အချို့စိုက်ခင်းများ (ဥပမာ-ရေဝေရေလဲစိုက်ခင်းများ) အား မီးရှို့စိုက်ပျိုးခြင်း မပြုပါ။ |
| ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးခြင်း | မသိ | ၁,၂၀၀.၆၇၄ | သစ်တောများအား သီးနှံစိုက်ပျိုးရန် ခုတ်ထွင်၍ မီးရှို့ရှင်းလင်းပါသည်။ နှစ်အနည်းငယ်စိုက်ပျိုးပြီးသောအခါ ဓမ္မတာမျိုးဆက်ပင်များ ပြန်လည်ဝင်ရောက်လာသည့်အတွက် အခြားမြေအသုံးချမှုသို့ လုံးဝ ပြောင်းလဲသွားခြင်းမျိုး မဟုတ်ကြောင်း တွေ့ရှိရပါသည်။ တောင်ယာ ခုတ်ထွင်မှု ပမာဏမှာ တစ်နှစ်လျှင် ၁၅၀၀၀ ဟက်တာခန့်ရှိသည်ဟု ခန့်မှန်းပါသည်။ |
| သစ်တောပြုန်းတီး ခြင်း | မသိ | ၃၇,၃၄၀.၉၄ ၇ | ၂၀၀၀ ခုနှစ် သစ်တောပြုန်းတီးမှုပမာဏမှာ ၄၆၆,၅၀၀ ဟက်တာ ဖြစ်ပါသည် (FRA-၂၀၁၀)။ ပြုန်းတီးသည့် သစ်တောဧရိယာအားလုံး မီးလောင်ပျက်စီးခြင်းမဟုတ်ပါ။ သို့ရာတွင် သစ်တောမြေမှ မည်သည့် မြေအမျိုးအစားသို့ ပြောင်းလဲသွားသည်ဟူသော ခိုင်မာသည့် အချက်အလက်များ ရရှိနိုင်ခြင်းမရှိပါ၍ ပြုန်းတီးသွားသည့် ဧရိယာ အားလုံးအား မီးလောင်ပျက်စီးသည့် ဧရိယာများအဖြစ် အခြေခံ၍ ခန့်မှန်း တွက်ချက်ထားခြင်းဖြစ်ပါသည်။ |

ရင်းမြစ်။ INC Myanmar ၏ မြန်မာနိုင်ငံ ဖန်လုံအိမ်ဓါတ်ငွေ့ လေ့လာတိုင်းတာခြင်း၊ အခန်း (၃)မှ ရယူဖော်ပြသည်။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသည့် တွန်းအားများအား ကိန်းဂဏန်းများဖြင့် သုတေသနပြု တိုင်းတာခြင်းများကို လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် ပထမအဆင့်များတွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သုတေသနပြု လေ့လာခြင်းများကို တွန်းအားတစ်ခုခြင်းစီ၏ သဘောသဘာဝကို အခြေခံ၍ ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့်ဟူ၍ ခွဲခြားလေ့လာသွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် (က) သတ္တု

တူးဖော်ခြင်း၊ ရေအားလျှပ်စစ်နှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ မြို့ပြချဲ့ထွင်လာခြင်းစသည့် တွန်းအားများနှင့်သက်ဆိုင်သည့် လေ့လာချက်များကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် ဆောင်ရွက်ခြင်းနှင့် (ခ) တရားဝင်နှင့် တရားမဝင် သစ်အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ ရွှေ့ပြောင်းတောင်ယာ ချဲ့ထွင်ခြင်းနှင့် ထင်းလောင်စာထုတ်ယူသုံးစွဲခြင်းစသည့် တွန်းအားများနှင့် သက်ဆိုင်သည့် လေ့လာမှုများကို ခရိုင်အဆင့်အထိ အသေးစိတ် စူးစမ်းလေ့လာသွားမည် ဖြစ်ပါသည်။ လေ့လာမှုများသည် ယေဘူယျအားဖြင့် ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုခရိုင်များကို ရွေးချယ ဆောင်ရွက်သွားမည်ဖြစ်သည်။ သုတေသနပြု လေ့လာခြင်းများမှ တွေ့ရှိချက်များကို အခြားစီမံကိန်းများနှင့် REDD+ လုပ်ငန်းစဉ်များတွင် ပြန်လည်အသုံးချနိုင်ရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြုခရိုင်များ ရွေးချယ်သတ်မှတ်ရာတွင် REDD+ ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်မည့်ဒေသ သို့မဟုတ် အခြား သက်ဆိုင်ရာ သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားသောဒေသများကို ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သုတေသနပြု လေ့လာရာတွင်လည်း လက်ရှိကာလ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို သိရှိနိုင်ရန်အတွက် လတ်တလော သတင်းအချက်အလက်များကိုသာ အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အနာဂတ် ကာဗွန်ထုတ်လွှတ်မှု အလားအလာနှင့် ကာဗွန်ရင်းမြစ်များ လျော့နည်းစေမည့် အလားအလာတို့အား တွန်းအားတစ်ခုခြင်းစီအလိုက် ထည့်သွင်းခန့်မှန်းသွားမည်ဖြစ်ပါသည်။ အဆိုပါ တွေ့ရှိချက်များကို အခြေခံ၍ အခန်း (၃-၄-၃-၁) တွင် ဖော်ပြထားသော ပဏာမရွေးချယ်ထားသည့် REDD+ မဟာဗျူဟာများကို ပြန်လည် သုံးသပ်ပြင်ဆင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏ (Reference Emission Levels) များ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၃-၄ ရွေးချယ်ဆောင်ရွက်နိုင်မည့် REDD+ မဟာဗျူဟာများ

#### *၃-၄-၁ REDD+ နှင့် သက်ဆိုင်သော မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်း*

မြန်မာနိုင်ငံတွင် သစ်တောကဏ္ဍနှင့် သက်ဆိုင်သော မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ အမြောက်အများ ပြဋ္ဌာန်းထားပြီးဖြစ်ရာ REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အဓိကသက်ဆိုင်သော သို့မဟုတ် တနည်းနည်းဖြင့် အထောက်အကူပြုနိုင်သော တည်ဆဲမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဇယား (၃-၈) ဖြင့် စုစည်းဖော်ပြအပ်ပါသည်။

**ဇယား (၃-၈) REDD+ နှင့် သက်ဆိုင်သော မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များ**

| မူဝါဒများ | ဥပဒေများ | နည်းဥပဒေများ |
|---|---|---|
| အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒ | မိရိုးဖလာမြေယာပိုင်ဆိုင်မှုဥပဒေ[5] | သစ်ထုတ်လုပ်ခြင်း လက်စွဲ (၁၉၄၈)၊ သစ်ထုတ်လုပ်ရေး အမှုထမ်းများ အမြဲလိုက်နာရန် လက်စွဲ(၁၉၇၀)၊သစ်ထုတ်ရေး ဌာန၏ ဌာနဆိုင်ရာ ညွှန်ကြားချက်များ (၁၉၈၆) |
| ၂၁ ရာစု မြန်မာနိုင်ငံအစီအစဉ်ပါ သစ်တောကဏ္ဍ (၁၉၉၇) | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီ၏ တာဝန်နှင့် ဝတ္တရားများ (၁၉၉၁) | သစ်တောနည်းဥပဒေ (၁၉၉၅) |
| မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) | သစ်တောဥပဒေ (၁၉၉၂) | ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာ ညွှန်ကြားချက်များ (၁၉၉၅) |
| အမျိုးသား သစ်တောစီမံချက် (၁၉၉၅) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄) | သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ရေးဆွဲခြင်း လက်စွဲ (၁၉၉၆) |
| အမျိုးသား သစ်တောကဏ္ဍ ပင်မ စီမံကိန်း (၂၀၀၁ - ၂၀၃၁) | ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) | သစ်တောသယံဇာတများ ထာဝစဉ် တည်တံ့စေရေး အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စံများနှင့် အညွှန်းများ (၁၉၉၉) |
| အမျိုးသားရေရှည်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (၂၀၀၉) | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်း ဥပဒေ (၂၀၁၂) | အမျိုးသားအဆင့် သစ်ထုတ်လုပ်ခြင်း နည်းစနစ် သတ်မှတ်ချက်စံ (၁၉၉၉) |
| နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ မဟာ ဗျူဟာနှင့် လုပ်ငန်း ဆောင်ရွက်မှု စီမံချက် (၂၀၁၂) | နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) | လူမှုစီးပွားနှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ ညွှန်ကြားချက်များ |
| အပူပိုင်းဒေသ ဘက်စုံ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက် | | |

[5]မိရိုးဖလာဥပဒေ ဆိုသည်မှာ တည်ဆဲဥပဒေများကဲ့သို့ မဟုတ်ဘဲ ဒေသခံတို့၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို အခြေခံ၍ ရေးဆွဲထားသော သို့မဟုတ် တရားဝင်ရေးဆွဲထားခြင်းမရှိပဲ အများမှ လက်ခံထားသော စည်းမျဉ်းစည်းကမ်းများကို ဆိုလိုသည်။

အထက်ဖော်ပြပါ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားသော်လည်း ယနေ့ခေတ် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကိုဖြစ်စေသည့် အခြေခံအကြောင်းအရင်းများကို လေ့လာသုံးသပ်ရာတွင် အဆိုပါ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်း ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းရခြင်းမှာ နည်းပညာပိုင်းအားနည်းခြင်း၊ လုံလောက်သော ရန်ပုံငွေ ထောက်ပံ့မှုမရှိခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မပြည့်ဝခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် အားနည်းခြင်း၊ အစိုးရဝန်ထမ်းများ၏ လစာငွေနည်းပါးခြင်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ယေဘုယျ အခက်အခဲများ တွေ့ရှိရခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသော အဓိကအခြေခံ အကြောင်းအရင်းအချို့မှာ မြေအသုံးချမှုစနစ် ခိုင်မာမှုမရှိခြင်း၊ သစ်တောနှင့် သစ်တောမြေများ စီမံအုပ်ချုပ်မှု အားနည်းခြင်းနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ လက်ရှိ သစ်တောကဏ္ဍဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများကို ပိုမိုခိုင်မာစေရန် ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက အဆိုပါ အခြေခံအကြောင်းအရင်းများကို အလေးထား၍ ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် သစ်တောဦးစီးဌာနမှ ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ထားသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် (Community Forestry Instruction) သည် ဒေသခံပြည်သူ အစုအဖွဲ့များအား အများပိုင်မြေနှင့် သစ်တောမြေများသို့ ဝင်ရောက်၍ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ တရားဝင်လုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ ညွှန်ကြားချက်၏ အဓိက ရည်ရွယ်ချက်မှာ ဒေသခံပြည်သူများအား သစ်တော အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်ဖြစ်ပါသည်။ သို့ရာတွင် သစ်တောဦးစီးဌာနအနေဖြင့် အစုအဖွဲ့ပိုင် သစ်တောများ အချိန်တိုအတွင်း စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဥပဒေပြဋ္ဌာန်းရာတွင် အဆင့်ဆင့်တင်ပြ အတည်ပြုခြင်း လုပ်ငန်းစဉ်များကို ရှောင်ရှားနိုင်ရန်အတွက် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဥပဒေအဖြစ် ပြဋ္ဌာန်းခြင်းမပြုဘဲ ညွှန်ကြားချက်အဖြစ်သာ ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း လုပ်ငန်းစဉ်များကို ၁၉၉၅ ခုနှစ် အမျိုးသား သစ်တောစီမံချက်တွင် စဉ်ဆက်မပြတ် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူပြုရန်နှင့် အမျိုးသားအဆင့် ထင်းလောင်စာ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရန် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ထည့်သွင်းရေးဆွဲခဲ့ပါသည်။ သို့ရာတွင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အား သစ်တောဥပဒေတွင် ခိုင်မာစွာ ဖော်ပြထားခြင်းမရှိခဲ့သဖြင့် အသုံးပြုသူများအဖွဲ့ (FUG) များအနေဖြင့် အခြားသောဌာနဆိုင်ရာများနှင့်

မြေအသုံးချမှုဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းရာတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိပါသည်[6]။ သို့ပါ၍ နိုင်ငံအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမျိုးသားအဆင့် အစုအဖွဲ့ပိုင်သစ်တောဆိုင်ရာ မူဝါဒတစ်ခု ချမှတ်ပြီး၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၁၉၉၂ ခုနှစ် သစ်တောဥပဒေတွင် ထည့်သွင်းပြင်ဆင်ခြင်း၊ အစုအဖွဲ့ပိုင် သစ်တောနည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ လက်ရှိကာလတွင် သစ်တောဦးစီးဌာန အနေဖြင့် ၁၉၉၂ ခုနှစ် သစ်တောဥပဒေအား ပြန်လည်ပြင်ဆင်ခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အား ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ အကြံပေးများ ခန့်အပ်ဆောင်ရွက်ခြင်းမရှိသော်လည်း ပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာ လုပ်ငန်းအဖွဲ့ (Environmental Technical Working Group) ၏ အကြံပြုချက်များကို ထည့်သွင်းသုံးသပ်နိုင်ရန် တင်ပြထားပါသည်။ ဤလုပ်ငန်းစဉ်များသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ရန်နှင့် ရွှေ့ပြောင်းတောင်ယာစနစ်အား အစားထိုးနိုင်မည့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်မှုစနစ်များ ဖွံ့ဖြိုးလာစေရန် အလားအလာကောင်းများ ဖန်တီးပေးနိုင်မည့် အခွင့်အရေးပင်ဖြစ်ပါသည်။ ဒေသခံပြည်သူများသို့ မြေယာပိုင်ဆိုင်ခွင့်နှင့် သစ်တောများ စီမံအုပ်ချုပ်ခွင့်တို့အား စနစ်တကျလွှဲပြောင်းပေးအပ်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ သစ်တော စီမံအုပ်ချုပ်မှုနှင့် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေး လုပ်ငန်းစဉ်များတွင် အရေးပါသည့် ပြောင်းလဲမှုများ ပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေသည့် အခြားသော အဓိက အခြေခံအကြောင်းအရင်းတစ်ခုမှာ ဌာနဆိုင်ရာအသီးသီးမှ ချမှတ်ထားသော မူဝါဒများ ကိုက်ညီမှုမရှိခြင်းကြောင့် မူဝါဒများအကြား အငြင်းပွားဖွယ်များ ပေါ်ပေါက်လာခြင်းတို့ပင် ဖြစ်သည်။ ဥပမာ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ ဆည်မြောင်းတာတမံများ အရှိန်အဟုန်ဖြင့် တည်ဆောက်ရန် မူဝါဒ ချမှတ်ဆောင်ရွက်လာသဖြင့် ရေဝပ်ဧရိယာအတွင်းသို့ ကျရောက်သွားသော သစ်တောမြေ အမြောက်အများဆုံးရှုံးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ကြုံတွေ့ရလျက်ရှိပါသည်။ အလားတူပင် ရေနက်စပါးများ တိုးချဲ့စိုက်ပျိုးခြင်းနှင့် ငါး၊ ပုဇွန်မွေးမြူခြင်းများကို ပိုမိုအားပေးလာခြင်းကြောင့် ဒီရေတောများ ထိခိုက်ပျက်စီးလာရပြီး၊ ကြိုးဝိုင်းတောများအတွင်း ရာဘာနှင့် ဆီအုန်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန် ခွင့်ပြုခြင်းတို့ကြောင့် သဘာဝတောများ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများနှင့် ကြုံတွေ့လာရပါသည်။

လက်ရှိသစ်တောမူဝါဒအရ အမြဲတမ်းသစ်တောမြေများအား နိုင်ငံစုစုပေါင်းကုန်းမြေဧရိယာ၏ ၄၀% အထိ တိုးမြှင့် ဖွဲ့စည်းသွားရန် ဖော်ပြထားသော်လည်း ထပ်မံဖွဲ့စည်းရန် သစ်တောဧရိယာ လျော့နည်းရှားပါးလာခြင်း၊ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ကဏ္ဍအသီးသီး

[6] Community Forestry in Myanmar: *Progress & Potentials,* Kyaw Tint, Oliver Springate-Baginski and Mehm KoKo Gyi, 2011

နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရခြင်းစသည်တို့ကြောင့် မူဝါဒ ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် အခက်အခဲများကြုံတွေ့ရပါသည်။ တနည်းအားဖြင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် သစ်တောများ ရေရှည်တည်တံ့စေမှုတို့ကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် အခြားသော ကဏ္ဍအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်များကို သက်ဆိုင်ရာ ကဏ္ဍအသီးသီး၏ မူဝါဒများတွင် ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်းတို့ကို ကြုံတွေ့ရလျက်ရှိပါသည်။ ထို့အပြင် သဘာဝသယံဇာတ အရင်းအမြစ်များ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းမူဝါဒများတွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ ဝင်ငွေတိုးတက် မြင့်မားစေရေးနှင့် စားနပ်ရိက္ခာဖူလုံမှုရှိစေရေး စသည်တို့ကို ထည့်သွင်းရေးဆွဲနိုင်မှု အားနည်းခြင်းတို့ကြောင့် အောင်မြင်မှုများ ရရှိသင့်သလောက် မရရှိခဲ့ခြင်း ဖြစ်ပါသည်။

လက်ရှိကာလတွင် မြေယာခွဲဝေအသုံးချမှုများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအား ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းမှုမရှိဘဲ အထက်ဗဟိုမှ တိုက်ရိုက်စီမံခန့်ခွဲ ဆောင်ရွက်ရန် သင့်လျော်ခြင်း မရှိတော့ကြောင်းကို အထက်အဆင့်ဆင့်မှ သိမြင်နားလည်လာကြပါသည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစ၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာတွင် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များအား တာဝန်များခွဲဝေပေးအပ်ကာ “ဗဟို ချုပ်ကိုင်မှုလျှော့ချသည့် စီမံကိန်း ရေးဆွဲခြင်းစနစ်” ကို အကောင်အထည်ဖော်ဆောင်ရွက်လာကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားအဆင့် မြေယာခွဲဝေအသုံးချမှု လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သော မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီ (Inter-Ministerial Land Scrutiny Group) ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ဒေသခံပြည်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ကိုယ်စားလှယ်များပါဝင်သည့် မြေအသုံးချမှု အကြံပေးကော်မတီ (Land-use Advisory Committee) များကိုလည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များအထိ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ သစ်တောကဏ္ဍ၌ ရှေးယခင်ကတည်းက အကျင့်ပျက် ခြစားမှုပြဿနာများ ကြုံတွေ့ရလျက်ရှိပါသည်။ ထို့အတူ REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ် အဆင့်ဆင့်အလိုက် အကျင့်ပျက်ခြစားမှုပြဿနာများ ကြုံတွေ့နိုင်ပါသည်။ အကျင့်ပျက် ခြစားမှုများသည် REDD+ လုပ်ငန်းစဉ်များ၏ အောင်မြင်မှုကို လျော့နည်းကျဆင်းစေပြီး ယင်းလုပ်ငန်းစဉ်များ၏ ထိရောက်မှု (ဥပမာ-သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းများ ဆက်လက်ဖြစ်ပေါ်စေခြင်း)၊ အကျိုးဖြစ်ထွန်းမှု (ဥပမာ- ဈေးကွက် ပျက်ယွင်းစေမှုများ

ဖန်တီးခြင်း) နှင့် ညီညွတ်မျှတမှု (ဥပမာ- REDD+ မှ အကျိုးအမြတ်များကို ဒေသခံများမှ ညီညွတ်မျှတစွာ ခံစားခွင့်မရရှိခြင်း) တို့ကို ထိခိုက်စေနိုင်ပါသည်။ အကျိုးဆက်အားဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိသော ဒေသခံပြည်သူများ၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုလျော့နည်းလာစေပြီး REDD+ လုပ်ငန်းစဉ်များ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပါသည်။

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း(UNFCCC) မှ ၂၀၁၀ ခုနှစ်တွင် သဘောတူညီခဲ့သည့် "Cancun သဘောတူညီချက်"အရ REDD+ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မည့် နိုင်ငံများအနေဖြင့် ပွင့်လင်းမြင်သာသည့် သစ်တောအုပ်ချုပ်မှုစနစ်များနှင့် ယင်းအုပ်ချုပ်မှုစနစ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်ခြင်းစနစ်များကို ဖော်ထုတ်ချမှတ်ဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် "ကုလသမဂ္ဂ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း" (UN Convention Against Corruption) သို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုးဝင်ရောက်ခဲ့ပြီး အောက်ဖော်ပြပါ မူဝါဒလမ်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူလက်ခံခဲ့ပါသည်-

"*အများပြည်သူနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား စနစ်တကျနှင့် ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုရရှိနိုင်ရေးတို့ကို ပိုမိုတိုးမြင့်စေမည့် ကောင်းမွန်သော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးမူဝါဒများအား ဖော်ထုတ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အကျင့်ပျက်ခြစားမှုအား ကာကွယ်နိုင်မည့် ထိရောက်သော ထိန်းချုပ်မှုနည်းစနစ်များကို ချမှတ်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားရန်၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် စီမံအုပ်ချုပ်မှုစနစ်များသည် အကျင့်ပျက်ခြစားမှုရန်မှ ကာကွယ်နိုင်ရန် ပြည့်စုံလုံလောက်မှု ရှိ/မရှိ ပုံမှန်စိစစ်သုံးသပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်။*"

အကျင့်ပျက်ခြစားခြင်းဆိုသည်မှာ ယေဘုယျအားဖြင့် "*မိမိအား ယုံကြည်အပ်နှင်းထားသော အာဏာကို ပုဂ္ဂလိက အကျိုးအတွက် အလွဲသုံးစားပြုခြင်း*" ဟု အဓိပ္ပါယ်ဖွင့်ဆိုကြပါသည်။ အကျင့်ပျက်ခြစားမှု ပြဿနာများကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုလုံးတွင် တွေ့ရှိရပါသည်။ အကျင့်ပျက် ခြစားခြင်းများကြောင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးစေတတ်ပြီး၊ ဆင်းရဲနွမ်းပါးမှု ပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသော အဖိအနှိပ်ခံ လူတန်းစားများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ဒေသခံလူမျိုးစုများကို အဓိက ထိခိုက်စေတတ်ပါသည်။ အကျင့်ပျက်ခြစားမှုပုံစံ အမျိုးမျိုးရှိရာ ယင်းတို့ကို လေးထောင့်ကွက် (၃-၁) တွင် ဖော်ပြထားပါသည်။

**လေးထောင့်ကွက် (၃-၁) အကျင့်ပျက်ခြစားမှု ပုံစံအမျိုးအစားများ**

**တံစိုးလက်ဆောင်ပေးခြင်း(Bribery)** ။ မိမိအကျိုးတစ်ခုခုကို မျှော်ကိုး၍ လူပုဂ္ဂိုလ်တစ်ဦးဦးအား ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားသော လာဘ်ထိုးမှု၊ မက်လုံးပေးမှုတစ်ခုခုအား ဆောင်ရွက်ပေးခြင်းကို ဆိုလိုသည်။ တံစိုးလက်ဆောင်ပေးခြင်းဟုဆိုရာတွင် ဖြတ်စားလျှပ်စားခြင်းများ၊ နှုတ်ပိတ်ခ ပေးခြင်းများနှင့် ဆက်ကြေးပေးခြင်းများလည်း ပါဝင်သည်။

**ဘက်လိုက်ခြင်းနှင့် လူမွေးခြင်း (Cronyism and clientelism)**။ မိတ်ဆွေအပေါင်းအသင်းများ၊ သို့မဟုတ် တစ်နည်းနည်းဖြင့် ပတ်သက်သူများအား အရည်အချင်းအားဖြင့် အမှန်တကယ် ထိုက်တန်၍ မဟုတ်ဘဲ ရာထူး၊ ဌာနနှင့် အခြားအခွင့်အရေးများ ပေးအပ်ခြင်း၊ ချီးမြှောက်ခြင်းများကို ဆိုလိုသည်။

**အလွဲသုံးစားပြုခြင်း (Embezzlement)**။ မိမိတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းနှင့် သက်ဆိုင်သော တရားဝင် ယုံကြည်အပ်နှင်းထားသော ပစ္စည်းများ သို့မဟုတ် ငွေကြေးများအား မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်းကို ဆိုလိုသည်။

**ခြောက်လန့်တောင်းယူခြင်း (Extortion)**။ ငွေကြေး၊ ပစ္စည်း သို့မဟုတ် လျှို့ဝှက်သတင်းအချက်အလက်အား တရားမဝင် အတင်းအကြပ် ခြိမ်းခြောက်ရယူခြင်းများကို ဆိုလိုသည်။

**လိမ်လည်လှည့်ဖြားခြင်း (Fraud)**။ အခွင့်အရေးတစ်ခုခုအား မတရားသဖြင့် ရယူလိုသည့်အတွက် သတင်းအမှား သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော သတင်းအချက်အလက်များ ပေးခြင်း သို့မဟုတ် လက်ခံခြင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ မှားယွင်းစွာဖော်ပြခြင်းကို ဆိုလိုသည်။

**လာဘ်လာဘအများအပြားရယူခြင်း (Grand corruption)**။ အဆင့်မြင့်အစိုးရအရာရှိကြီးများမှ ငွေကြေးပမာဏ အမြောက်အများ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း သို့မဟုတ် အလွဲသုံးစားပြုလုပ်ခြင်းကို ဆိုလိုသည်။

**ဆွေမျိုးကောင်းစားရေးဆောင်ရွက်ခြင်း (Nepotism)**။ မိမိနှင့် ဆွေမျိုးတော်စပ်သူများအား မျက်နှာလိုက်ခြင်း သို့မဟုတ် အခွင့်အရေးပိုမိုပေးအပ်ခြင်းကို ဆိုလိုသည်။ ယေဘုယျအားဖြင့် မိမိ၏ အာဏာနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ မိမိနှင့် ဆွေမျိုးတော်စပ်သူများအား အလုပ်အကိုင်ပေးခြင်း သို့မဟုတ် အခြားသော အခွင့်အရေးများ ပေးအပ်ခြင်းများကို ဆိုလိုခြင်းဖြစ်သည်။

**သူကောင်းပြုခြင်း သို့မဟုတ် ဆရာမွေးတပည့်မွေးပြုခြင်း (Patronage)** ။ ချမ်းသာကြွယ်ဝသူ သို့မဟုတ် ဩဇာအာဏာ ရှိသူတစ်ဦးဦးမှ ကူညီမစခြင်း သို့မဟုတ် ထောက်ပံ့ပေးခြင်း (ဥပမာ-အစိုးရဌာန တစ်ခုခုမှ အလုပ်အကိုင် ရရှိစေရန် ကူညီပေးခြင်း သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းများအား ပတ်သက်ရာ ပတ်သက်ကြောင်းများကိုသာ အသိပေးခြင်း စသည်) တို့ကို ဆိုလိုသည်။

**အသေးအဖွဲ လာဘ်လာဘ ရယူခြင်း (Petty corruption)** ။ ရုံးလုပ်ငန်းများ၊ အများပြည်သူနှင့် ဆက်ဆံရသည့် လုပ်ငန်းများတွင် ငွေကြေးရယူဆောင်ရွက်ခြင်းများကို ဆိုလိုသည်။ အထူးသဖြင့် အောက်ခြေဝန်ထမ်းများနှင့် ပြည်သူလူထု သို့မဟုတ် စီးပွားရေးလုပ်ငန်းများအကြား ဆက်သွယ်

ဆောင်ရွက်ရာတွင် ကြုံတွေ့ရတတ်သည်။ ပြည်သူများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ရယူခံစားရာတွင် အဓိကတွေ့ရှိရတတ်သည်။

**နိုင်ငံရေးအမြတ်ထုတ်ခြင်း (Political corruption)** ။ အပ်နှင်းထားသည့် နိုင်ငံရေးအခွင့်အာဏာကို မိမိ၏ဂုဏ်ရှိန်ဂုဏ်ဝါ ပိုမိုတိုးမြှင့်စေရန်ရည်ရွယ်၍ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်းများကို ဆိုလိုသည်။

**နိုင်ငံတော်လက်ဝါးကြီးအုပ်ခြင်း (State capture)** ။ နိုင်ငံတော်အား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အုပ်စုတစ်စု၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက အဓိကလွှမ်းမိုးချုပ်ကိုင်၍ မိမိတို့ပုဂ္ဂလိက အကျိုးအမြတ် အတွက် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို စိတ်ကြိုက်ချယ်လှယ် ရေးဆွဲပြဌာန်းခြင်း ကို ဆိုလိုသည်။ တနည်းအားဖြင့် အကျင့်ပျက်ခြစားမှုအား တရားဝင် ဖြစ်စေခြင်းဟုလည်း ဆိုနိုင်သည်။

ယနေ့ခေတ်တွင် နိုင်ငံအဆင့် REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သော အကျင့်ပျက်ခြစားမှုများအား စနစ်တကျ လေ့လာဆန်းစစ်နိုင်သည့် နည်းစနစ်များ၊ မူဘောင်များ အမြောက်အများ ပေါ်ထွက်လာလျက်ရှိပါသည်။ ယင်းတို့ အနက်မှ အချို့သော မူဘောင်စနစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) UNDP[7] ၏ လုပ်ငန်းစဉ်အဆင့်အလိုက် လေ့လာသည့် မူဘောင်စနစ်၌ REDD+ လုပ်ငန်းစဉ် အဆင့်(၃)ဆင့်တွင် အဆင့်တစ်ဆင့်ခြင်းစီအလိုက် ကြုံတွေ့နိုင်သော အန္တရာယ်များကို ကနဦး လေ့လာဆန်းစစ်ခြင်း၊

(ခ) U4/CMI[8] မှ ထုတ်ပြန်ထားသည့် နည်းစနစ်တွင် REDD+ တွင် တွေ့ကြုံနိုင်သော အန္တရာယ်များကို အခြေခံ၍ (၁) မြေယာသိမ်းပိုက်ခြင်းနှင့် မြေယာပိုင်ဆိုင်မှု မခိုင်မာခြင်း၊ (၂) MRV လုပ်ငန်းစဉ်များတွင် မှန်ကန်စွာဖော်ပြမှု မရှိခြင်းနှင့် အငြင်းပွားဖွယ်များ ဖြစ်ပေါ်ခြင်း၊ (၃) REDD+ မှ ရရှိမည့် အခွန်ငွေများ အား အလွဲသုံးစား ပြုလုပ်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်း စသည်ဖြင့် ကဏ္ဍသုံးခုခွဲခြား၍ လေ့လာခြင်း၊

(ဂ) Transparency International[9] မှ ထုတ်ပြန်ထားသည့် နည်းစနစ်တွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် (၁) မူဝါဒရေးရာ၊ (၂) ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ (၃) စီးပွားရေးရာနှင့် ငွေကြေးစီးဆင်းမှု၊ (၄) စီမံကိန်း တင်ပြလျှောက်ထားခြင်း လုပ်ငန်းစဉ်များ၊ (၅) ကြီးကြပ်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊ (၆) ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ စသည်ဖြင့် ဆန်းစစ်လေ့လာခြင်း။

လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်ခြင်း အစောပိုင်းကာလများတွင် UN-REDD ၏ "အကျင့်ပျက် ခြစားမှုအန္တရာယ် ဆန်းစစ်လေ့လာခြင်း" လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ -

---

[7] Staying on track : Tackling Corruption risks in Climate Change, UNDP, December 2010
[8] Corruption and REDD+- Identifying Risks Amid Complexity, U4/CMI May 2012
[9] Keeping REDD+ clean, Transparency International, October 2012

(က) REDD+ တွင် ကြုံတွေ့နိုင်သည့် အကျင့်ပျက်ခြစားမှု အန္တရာယ်များအား ဆက်စပ်ပါဝင်သူများ အားလုံး သိရှိနားလည်နိုင်ရန်၊

(ခ) REDD+ လုပ်ငန်းစဉ်များအတွက် လုံခြုံမှုစနစ် (safeguard information systems) များ ချမှတ်ဆောင်ရွက်ရာတွင် အကျင့်ပျက်ခြစားမှုအန္တရာယ်မှ ကာကွယ်မည့်အစီအမံများ ပြည့်စုံလုံလောက်စွာ ပါဝင်စေရန်၊

(ဂ) REDD+ တွင် ကြုံတွေ့နိုင်သည့် အကျင့်ပျက်ခြစားမှုများအား ကြီးကြပ်စစ်ဆေးသည့် လုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ဃ) အမျိုးသားအဆင့် REDD+ မဟာဗျူဟာများတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ REDD+ ဆိုင်ရာ အကျင့်ပျက်ခြစားမှုအန္တရာယ်မှ ဖြေရှင်းနိုင်မည့် နည်းလမ်းများ ထည့်သွင်း ရေးဆွဲသွားရန်။

### *၃-၄-၂။ အတိတ်ကာလနှင့် လက်ရှိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်ခြင်း*

မြန်မာနိုင်ငံရှိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများသည် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁-၂၀၃၀) အပါအဝင် သစ်တောကဏ္ဍဆိုင်ရာ တည်ဆဲမူဝါဒများနှင့် ဥပဒေမူဘောင်များကို အခြေခံ၍ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၏ အဓိက မဟာဗျူဟာ လုပ်ငန်းစဉ်များမှာ (က) သဘာဝတောများအား စီမံအုပ်ချုပ်ခြင်း၊ (ခ) သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ (ဂ) ကျေးရွာအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ခြင်း၊ (ဃ) မြို့ရွာများနှင့် သစ်တောမဟုတ်သည့်ဒေသများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ (င) သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် တန်ဖိုးမြင့်သစ်တောထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြစ်ပါသည်။ မဟာဗျူဟာလုပ်ငန်းစဉ်များကို အခြေခံသည့် အဓိက သစ်တောလုပ်ငန်းအစီအစဉ်များ၊ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် ရလာဒ်များကို ကဏ္ဍအလိုက် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။ အချို့သော လုပ်ငန်းအစီအစဉ်များကို REDD+ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာ လုပ်ငန်းစဉ်များအဖြစ် လျာထားသတ်မှတ်ထားပြီး အမျိုးသားအဆင့် REDD+ လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲများတွင် ချပြဆွေးနွေး အတည်ပြုခဲ့ကြပြီး ဖြစ်ပါသည်။ သို့ပါ၍ REDD+ သည် လက်ရှိဆောင်ရွက်နေသော သစ်တောလုပ်ငန်းများအား ပိုမိုကောင်းမွန်လာစေရန် တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခွင့်အရေးတစ်ရပ် ဖြစ်လာနိုင်ပါသည်။

### ၃-၄-၂-၁ သဘာဝတောများအား စီမံအုပ်ချုပ်ခြင်း

*အမြဲတမ်းသစ်တောနယ်မြေများ တည်ထောင်အုပ်ချုပ်ခြင်း*

မြန်မာနိုင်ငံရှိ သစ်တောဖုံးလွှမ်းလျက်ရှိသောဧရိယာများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ စီမံခန့်ခွဲခွင့်ရှိသော အမြဲတမ်းသစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်းတော၊ ကြိုးပြင် ကာကွယ်တောနှင့် သဘာဝနယ်မြေများ ဟူ၍ ဖွဲ့စည်းတည်ထောင် အုပ်ချုပ်လျက်ရှိပါသည်။ ယနေ့အချိန်အထိ နိုင်ငံကုန်းမြေဧရိယာ၏ ၃၀% ခန့်အား အမြဲတမ်းသစ်တောနယ်မြေများအဖြစ် တည်ထောင်ဖွဲ့စည်းပြီး ဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့သစ်တောမူဝါဒအရ နိုင်ငံကုန်းမြေဧရိယာ၏ ၄၀%ခန့်အား အမြဲတမ်း သစ်တောနယ်မြေများအဖြစ် တည်ထောင်ဖွဲ့စည်းသွားရန် မူဝါဒ ချမှတ်ထားပါသည်။

ဇယား (၃-၉) မြန်မာနိုင်ငံရှိ အမြဲတမ်းသစ်တောမြေများ တည်ထောင်ထားရှိမှုအခြေအနေ

| **အမျိုးအစား** | **အကျယ်အဝန်း (ဟက်တာ)** | **ကုန်းမြေဧရိယာ၏ %** | **သစ်တောမူဝါဒ ရည်မှန်းချက်** |
|---|---|---|---|
| ကြိုးဝိုင်းတော | ၁၂,၁၈၄,၂၉၁ | ၁၈.၀၀ | နိုင်ငံ၏ ၃၀% |
| ကြိုးပြင်ကာကွယ်တော | ၄,၀၉၄,၉၆၀ | ၆.၀၅ | |
| သဘာဝနယ်မြေ[10] | ၃,၅၁၀,၆၈၅ | ၆.၆၇ | နိုင်ငံ၏ ၁၀ % |
| **အမြဲတမ်းသစ်တောနယ်မြေ** | **၁၉,၇၈၉,၉၃၆** | **၃၀.၃၇** | **နိုင်ငံ၏ ၄၀ %** |

ရင်းမြစ်။ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန (၂၀၁၀) (Forestry in Myanmar, October 2011)

**ကြိုးဝိုင်းတောများ** သည် ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရ ဖွဲ့စည်းထားပြီး၊ သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်ရန်အဓိကရည်ရွယ်၍ ကာကွယ်ထားသည့် သစ်တောနယ်မြေ အမျိုး အစားဖြစ်သည်။ တည်ဆဲဥပဒေအရ ဒေသခံကျေးရွာများအတွက် ဒေသန္တရ ထောက်ပံ့ရေး ကြိုးဝိုင်းများနှင့် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းတို့ကို ခွင့်ပြုနိုင်သည်။ လက်ရှိ ကာလတွင် ကြိုးဝိုင်းတောအများစုအတွင်းရှိ သစ်တောမြေများတွင် သစ်တောကြိုးဝိုင်း အဖြစ်မှ ပယ်ဖျက်ခြင်းမပြုဘဲ စိုက်ပျိုးမြေများ၊ ကျေးရွာများအဖြစ် ကျူးကျော်လျက် ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ နှစ်ကာလ ကြာလာသည်နှင့်အမျှ ကြိုးဝိုင်းတောများ၏ တည်နေရာများသည် လက်ရှိမြေပုံများနှင့် ကိုက်ညီတော့မည် မဟုတ်ကြောင်း တွေ့ရှိရ ပါသည်။

**ကြိုးပြင်ကာကွယ်တောများ** သည် ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် သစ်တောနယ်မြေဖြစ်ပါသည်။ ကြိုးဝိုင်းတောများကဲ့သို့ သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရန် မဟုတ်ဘဲ ရေ၊ မြေ သဘာဝ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောထွက်

[10] ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ တွင် သဘာဝနယ်မြေစုစုပေါင်း ၃၆ ခုတည်ထောင်ပြီးဖြစ်ပါသည်။ ယင်းတို့အနက် ၃၃ ခုမှာ ကုန်းတွင်းသဘာဝ နယ်မြေများဖြစ်ပြီး ၃ ခုမှာ အဏ္ဏဝါဂေဟစနစ်ဖြစ်ပါသည်။

ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်းတို့အတွက် အဓိက ရည်ရွယ်၍ ဖွဲ့စည်းထားသောမြေများ ဖြစ်သည်။

**သဘာဝထိန်းသိမ်းရေးနယ်မြေများ** သည် ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေး ဥပဒေ အရ ဖွဲ့စည်းထားသော သစ်တော နယ်မြေများဖြစ်ပြီး၊ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများ သို့မ ဟုတ် ထင်ရှားသော ပထဝီ အနေ အထားများ တည်ရှိသည့်ဒေသကို အရှည် တည်တံ့စေရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ သဘာဝ နယ်မြေ အများစု တွင် တိကျ သေချာသော နယ်နိမိတ် သတ်မှတ် ချက်များရှိသဖြင့် ကြိုးဝိုင်း/ ကြိုးပြင်တောများနှင့် နှိုင်းယှဉ်ပါက ကျူးကျော်နေထိုင်မှု လျော့နည်း လျက်ရှိပါသည်။ သို့ရာတွင် ဒေသခံများ မူလနေထိုင်လျက်ရှိသော နယ်မြေများကို သဘာဝ နယ်မြေအဖြစ် ဖွဲ့စည်းပါက နောင်တွင် အငြင်းပွားမှုများ ဖြစ်ပေါ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၄၇ % ခန့်ရှိသော်လည်း သစ်တော ဧရိယာ အများစုအား အမြဲတမ်း သစ်တော နယ်မြေများအဖြစ် ဖွဲ့စည်းနိုင်မှု အားနည်းလျက် ရှိနေပါသည်။ ထို့အတူ လက်ရှိတည်ထောင် ဖွဲ့စည်းထားသော အမြဲတမ်း သစ်တောမြေများ၏ ၅၀ % ခန့်မှာ စိုက်ပျိုးမြေများနှင့် အခြားကျူးကျော်မြေများအဖြစ် ပြောင်းလဲလျက် ရှိနေပါ သည်။ လက်ရှိကာလတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် သစ်တောနယ်မြေများ၏ နယ်နိမိတ်များကို ပြန်လည်သုံးသပ်ခြင်း၊ မြေပြင်ရှိ ပကတိအခြေအနေကို ပြန်လည် ဆန်းစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံရှိကြိုးဝိုင်းတောနှင့်ကြိုးပြင်ကာကွယ်တောများ**




လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အမြဲတမ်း သစ်တောနယ်မြေများသည် နိုင်ငံ ဧရိယာ၏ ၁၅ % ခန့်သာ ကျန်ရှိမည်ဖြစ်ကြောင်းနှင့် အခြား ကြိုးဝိုင်းတောပြင်ပရှိ သစ်တောမြေမှာ နိုင်ငံ ဧရိယာ၏ ၃၀% ခန့်ကျန်ရှိမည်ဖြစ်ကြောင်း ခန့်မှန်း သိရှိရပါသည်။ အဆိုပါခန့်မှန်းချက်အရ ၁၉၉၅ မြန်မာ့သစ်တောမူဝါဒတွင် ချမှတ်ထားသည့်

နိုင်ငံဧရိယာ၏ ၄၇% ခန့်အား အမြဲတမ်းသစ်တော နယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေး ရည်မှန်းချက် ပြည့်မီနိုင်မည့် အလားအလာရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ကျန်ရှိနေသော သစ်တောဧရိယာ အများစုမှာ ကြိုးဝိုင်းတောပြင်ပတွင် ကျရောက်နေပါသဖြင့် ကြိုးဝိုင်းတောများအဖြစ် အလျင်အမြန် ဖွဲ့စည်းရန် လိုအပ်လျက်ရှိပါသည်။ တဖက်မှလည်း သစ်တောပြုန်းတီးခြင်း[11]နှင့် သစ်တောအတန်းအစားကျဆင်းခြင်းများ[12] အစဉ်တစိုက် ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ တိုးမြှင့်ဖွဲ့စည်းလိုက်သော အမြဲတမ်းသစ်တောမြေများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စဉ်ဆက်မပြတ်စီမံအုပ်ချုပ်ခြင်းတို့ကို ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်လာပါသည်။ ထိုနည်းတူစွာ သစ်တောများအား နိုင်ငံတော်မှ တိုက်ရိုက်စီမံ အုပ်ချုပ်သည့် မူဝါဒများမှ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် သစ်တောအုပ်ချုပ်မှု မူဝါဒများသို့ ပြောင်းလဲအုပ်ချုပ်သွားရန် အထူးပင် လိုအပ်လျက်ရှိပါသည်။

### *မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်နှင့် စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်ခြင်း*

မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ် (Myanmar Selection System-MSS) သည် မြန်မာနိုင်ငံရှိ သဘာဝတောများ အုပ်ချုပ်လုပ်ကိုင်ရာတွင် အဓိကကျင့်သုံးလျက်ရှိသော သစ်တောပြုစုပျိုးထောင်ခြင်း နည်းစနစ် တစ်ခုဖြစ်ပါ သည်။ မြန်မာ့ရွေးချယ် ခုတ်လှဲခြင်းစနစ်သည် အခြေခံအားဖြင့် သစ်မျိုးစုံလင်စွာ ပေါက်ရောက်လျက်ရှိသော သဘာဝသစ်တောများအတွင်းမှ ဈေးကွက်ဝင် သစ်မျိုးများအား စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်ဆောင်ရွက်သည့် **ရွေးချယ်ခုတ်လှဲခြင်းနှင့် သစ်တောအတန်းအစား မြှင့်တင်ခြင်းစနစ်** (Selection-cum-Improvement system) တစ်ခုပင်ဖြစ်ပါသည်။ တနည်းအားဖြင့် အရည်အသွေးမြင့်မားသော တန်ဖိုးမြင့်သစ်များ အရှည်သဖြင့် အမြောက်အများ ထုတ်ယူနိုင်ရန်နှင့် ရောင်းတန်းဝင် သစ်မျိုးများ၏ သဘာဝအလျောက် မျိုးဆက်ခြင်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ စီမံအုပ်ချုပ်သည့် စနစ်တစ်ခုပင် ဖြစ်ပါသည်။ ယင်းစနစ်၏ အဓိကလုပ်ငန်းစဉ်များမှာ ခုတ်လှဲရန်သင့်လျှော်သည့် အရွယ်ရောက်အပင်များအား ရွေးချယ်ခုတ်လှဲခြင်း၊ အရွယ်မရောက်သေးသော မျိုးဆက်ပင်များအား စနစ်တကျ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပိုမိုဖွံ့ဖြိုးလာစေရန် ပြုစုပျိုးထောင်ခြင်းတို့ဖြစ်ပါသည်။ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်အရ နှစ်စဉ်ခွင့်ပြု တောထွက် (Annual Allowable Cut-AAC) အားတွက်ချက်၍ သတ်မှတ်ထားသည့် လုံးပတ် အရွယ်အစားအလိုက် နှစ်စဉ်ခုတ်လှဲရမည့် ပမာဏ (အပင်အရေအတွက်) ကို ပုံသေသတ်မှတ် ပြဋ္ဌာန်းထားပါသည်။ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်၏ လုပ်ငန်းစဉ်အဆင့်ဆင့်အား အောက်ဖော်ပြပါ (ပုံ ၃-၁) တွင် အသေးစိတ်ဖော်ပြထားပါသည်။

[11]From 65% of the total land area in 1925 to 47% in 2010
[12]From 65% of the total land area in 1925 to 47% in 2010




**ပုံ ၃-၁ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်၏ လုပ်ငန်းစဉ်အဆင့်ဆင့်**

*(ရင်းမြစ်။ သစ်တောဦးစီးဌာန)*

မြန်မာ့သဘာဝသစ်တောများ၏ အုပ်ချုပ်လုပ်ကိုင်မှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ သစ်တောများ ထာဝစဉ်တည်တံ့စေရေး အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စံများနှင့် အညွှန်းများကို ၁၉၉၉ ခုနှစ်တွင် နိုင်ငံအဆင့်နှင့် အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ (Forest Management Unit) များ အဆင့်အထိ ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ သစ်တောဦးစီးဌာန အနေနှင့် အဆိုပါပြဋ္ဌာန်းထားသော စံများနှင့် အညွှန်းများကို အုပ်ချုပ်လုပ်ကိုင်မှု နယ်မြေများတွင် စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ တွေ့ရှိချက်များအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်အောင် မွမ်းမံပြင်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရှေ့ပြေး စမ်းသပ် ဆောင်ရွက်သည့်အနေဖြင့် ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်ရှိ ကြိုးဝိုင်းတောများအတွင်း၌ စံပြသစ်တောများ တည်ထောင်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ ပါသည်။ ထို့အတူ အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ယင်းကဲ့သို့ စံပြသစ်တောများ ဆက်လက် တည်ထောင်ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးအသီးသီးတွင် စမ်းသပ်အောင်မြင်ပါက “အုပ်ချုပ် လုပ်ကိုင်မှု နယ်မြေများ ကွင်းဆင်း အကဲဖြတ်ခြင်း လက်စွဲ ”ကို ပြုစုရေးဆွဲ၍ အမျိုးသား

သစ်ထောက်ခံချက် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သစ်ထောက်ခံချက်လုပ်ငန်းစဉ်များ အထောက်အကူပြုစေရန်အတွက် ၁၉၉၉ ခုနှစ်တွင် “အမျိုးသားအဆင့် သစ်ထုတ်လုပ်ခြင်းနည်းစနစ် သတ်မှတ်ချက်စံများ” ကို ထုတ်ပြန်ခဲ့သော်လည်း လက်တွေ့တွင် အမှန်တကယ် အကောင်အထည်ဖော်နိုင်ခြင်းရှိ မရှိ ပြန်လည်သုံးသပ်ရန် လိုအပ်လျက်ရှိပါသည်။ ထို့အပြင် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာ၌ မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ်ကို အကောင်အထည်ဖော်နိုင်မှု အားနည်းလျက် ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် AAC ထက်ကျော်လွန်ထုတ်လုပ်ခြင်း၊ လုံးပတ်မပြည့်မီသော သစ်ပင်များ ခုတ်လှဲခွင့်ပြုခြင်းနှင့် သစ်ထုတ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများဆိုးရွားစွာ ဖြစ်ပေါ်စေခြင်းတို့ကို တွေ့ကြုံရလျက် ရှိပါသည်။ သစ်အလွန်အကျွံ ထုတ်ယူခြင်းကိုဖြစ်စေသည့် အခြေခံ အကြောင်းအရင်းတစ်ခုမှာ နှစ်စဉ်ရှာဖွေရမည့် နိုင်ငံခြားငွေ လျာထားချက်မြင့်မားခြင်းကြောင့်ဖြစ်ပြီး၊ အကျိုးဆက်အားဖြင့် ထာဝစဉ် တည်တံ့စေရေး သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်များကို လစ်လျူရှုထားရလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ယခုအခါ အဆိုပါအခက်အခဲကို နိုင်ငံတော်အစိုးရမှ ထည့်သွင်းစဉ်းစားလာခဲ့ပါသဖြင့် ၂၀၁၄ ခုနှစ်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းရန်ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် အထောက်အကူ ပြုသည့် အချက် တစ်ချက် ဖြစ်လာပါသည်။




**Figure 3.2: Comparison between actual logging and ACC at national level for teak**

Source: Forestry Department 2012, Current Status of REDD+ Readiness Preparation in Myanmar

***တရားမဝင်သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းအား ထိန်းချုပ်ဆောင်ရွက်ခြင်း***

တရားမဝင်သစ်ထုတ်ခြင်းနှင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်းများကို ထိန်းချုပ်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက် လျက်ရှိပါသည်-

- တည်ဆဲသစ်တောဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ အရေးယူဆောင်ရွက်မှု တိုးမြှင့် ဆောင်ရွက်ခြင်း၊
- နိုင်ငံအဝန်း၌ သစ်တောထွက်ပစ္စည်းစစ်ဆေးသည့် ကင်းရုံးများ ပိုမိုတိုးမြှင့် တည်ထောင်ခြင်း၊
- သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများအား ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာ ဆောင်ရွက်ခြင်း ရှိ/မရှိ တိုးမြှင့်စစ်ဆေးဆောင်ရွက်ခြင်း၊
- စုံစမ်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် သတင်းပေးပို့ခြင်းများ တိုးမြှင့်ဆောင်ရွက်လာစေရန် မက်လုံးပေး ဆွဲဆောင်မှုစနစ်များ ပိုမိုကျင့်သုံးဆောင်ရွက်ခြင်း၊
- တရားမဝင်သစ်ထုတ်ယူမှုများ တိုက်ဖျက်ရာတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် သတင်းမီဒီယာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသလူမှုကွန်ယက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ခြင်း၊
- သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊
- တရားမဝင်သစ်ထုတ်ခြင်းများ တိုက်ဖျက်ရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (အာဆီယံနိုင်ငံများနှင့် ဥရောပသမဂ္ဂတို့နှင့် ပူးပေါင်းဆောင်ရွက်သည့် Forest Law Enforcement Governance and Trade (FLEGT) Initiative များအပါအဝင်)
- နိုင်ငံတကာ သယံဇာတထုတ်ယူသုံးစွဲမှုဆိုင်ရာ ပွင့်လင်းမြင်သာမှုအစီအစဉ် (Extractive Industry Transparency International (EITI) တွင် ပူးပေါင်းပါဝင်ခြင်း၊
- သစ်တောကဏ္ဍမှ နိုင်ငံတော်ဘဏ္ဍာသို့ ထည့်ဝင်မှုပမာဏကို စဉ်ဆက်မပြတ် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုအား ထိခိုက်မှုမရှိစေသည့်အဆင့်သို့ လျှော့ချခြင်း၊ (ကျွန်းနှင့် အခြား သစ်မာထုတ်လုပ်မှုပမာဏ လျှော့ချခြင်း)
- သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်းရန် စီစဉ်ဆောင်ရွက်ခြင်း၊

- ထင်းအစား အခြားလောင်စာထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် စွမ်းအား မြင့် မီးဖိုများ ပိုမိုကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင် ရွက်ခြင်း၊
- REDD+ အပါအဝင် ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးပေးချေခြင်းစနစ်များ ဖွံ့ဖြိုး တိုးတက် စေခြင်း။

သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်ထုတ်ခြင်းများ လျော့နည်းပပျောက်စေရန် ဥပဒေအရ အရေးယူ ဆောင်ရွက်မှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း တရားမဝင် သစ်ထုတ်ယူမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်းကို REDD+ လမ်းပြမြေပုံရေးဆွဲရာ တွင် ဆောင်ရွက်ခဲ့သော ဆက်စပ်ပါဝင်သူများဆွေးနွေးပွဲများ၌ ဖော်ထုတ်တွေ့ရှိရပါသည်။ ထို့အပြင် သစ်တောများအား မှီခိုလျက်ရှိသော ဒေသခံပြည်သူများအနေဖြင့် မိသားစု ဝင်ငွေ ရရှိရန်အတွက် ဥပဒေချိုးဖောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေရကြောင်း ကိုလည်း တွေ့ရှိရပါသည်။ သို့ပါ၍ လက်ရှိတည်ဆဲ ဥပဒေများနှင့် အရေးယူဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်နှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်များတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။ တဖက်မှလည်း လက်ရှိဆောင်ရွက်နေသော တရားမဝင် သစ်ထုတ်ယူခြင်း ပပျောက်ရေးနှင့် အရေးယူ ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့် ဆောင်ရွက် သွားရန် လိုအပ်လျက်ရှိကြောင်း ဆွေးနွေးပွဲ တက်ရောက်သူများအားလုံးမှ အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

### *ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း*

သစ်တောဦးစီးဌာနသည် သစ်တောစီမံအုပ်ချုပ်ခြင်းလုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများ ပူးပေါင်း ပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ၁၉၉၅ ခုနှစ်တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (CFI) ကို ထုတ်ပြန်ခဲ့ပါသည်။ CFI အရ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်လိုသော အိမ်ထောင်စုများ သည် အသုံးပြုသူများအဖွဲ့ (Forest User Groups-FUGs) ကို ဖွဲ့စည်း၍ အုပ်ချုပ် လုပ်ကိုင်မှုစီမံချက်ကို ရေးဆွဲရမည်ဖြစ်သည်။ သစ်တောဦးစီးဌာန၏ အတည်ပြုချက် ရရှိပါက အသုံးပြုသူများအဖွဲ့သည် နှစ်(၃၀) မြေအသုံးချခွင့်နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ် (Community Forestry Certificate) တို့ကို ရရှိ မည်ဖြစ်သည်။ သစ်တောဦးစီးဌာနမှ ရေးဆွဲပြဌာန်းထားသည့် နှစ်(၃၀) အမျိုးသားသစ်တော အုပ်ချုပ်လုပ်ကိုင်မှုပင်မစီမံကိန်း (National Forest Master Plan-NFMP) တွင် သက္ကရာဇ် ၂၀၃၀-၃၁ ခုနှစ်တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောဧရိယာ စုစုပေါင်း ဧက ၂.၂၇ သန်း (ဟက်တာ ၉၂၀,၀၀၀ ခန့် သို့မဟုတ် နိုင်ငံဧရိယာ၏ ၁.၃၆ % ခန့်) ကို အသုံးပြုသူများအဖွဲ့များသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဟူသည့် မူဝါဒရည်မှန်းချက်ကို ချမှတ်

ပြဌာန်းထားပါသည်။ အနှစ်(၃၀) စီမံကိန်း၏ ရည်မှန်းချက်များ ပြည့်မီနိုင်ရန်အတွက် တစ်နှစ်လျှင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ ဟက်တာ ၅၀,၀၀၀ ခန့် ဖွဲ့စည်း တည်ထောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် မတ်လတွင် ကောက်ယူထားသော ကိန်းဂဏန်းများအရ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ စုစုပေါင်း ၄၁,၉၅၀ ဟက်တာခန့် တည်ထောင်ပြီးဖြစ်ရာ CFI ကို ပြဌာန်းခဲ့သည့် ၁၉၉၅ ခုနှစ်မှစ၍ ၂၀၁၀ ခုနှစ်အထိ နှစ်စဉ် ပျမ်းမျှသစ်တောဧရိယာ ၂,၈၀၀ ဟက်တာခန့်သာ ဒေသခံ ပြည်သူများ ထံသို့ လွှဲပြောင်းပေးနိုင်ကြောင်းတွေ့ရှိရပါသည်။ လက်ရှိကာလတွင် ဒေသခံပြည်သူ အစုအဖွဲ့ ပိုင်သစ်တော တည်ထောင်မှုအများဆုံး ဒေသများမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်သော်လည်း၊ နိုင်ငံအဝှမ်းရှိ ဖွဲ့စည်း ထားသော စုစုပေါင်း CF အသုံးပြုသူများအဖွဲ့ ၅၀၀ ခန့်မှာ တည်ထောင်ခွင့် လက်မှတ် ရရှိခြင်း မရှိသေးကြောင်း သိရှိရပါသည်။

လတ်တလော လေ့လာမှုများ[13] အရ ယနေ့အချိန်အထိ တည်ထောင်ထားသော အသုံးပြုသူ များ အဖွဲ့အများစုမှာ (နမူနာလေ့လာသည့်အဖွဲ့ ၁၆ ဖွဲ့လျှင် တစ်ဖွဲ့နှုန်း) ပြင်ပရန်ပုံငွေ ထောက်ပံ့မှု စီမံကိန်းများကြောင့် တည်ထောင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ ရာခိုင်နှုန်းအနည်းငယ် သာလျှင် မိမိတို့ ဆန္ဒအလျောက် တည်ထောင်ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ဖွဲ့စည်း ထားသည့် FUGs များ၏ ၅၀ % ခန့်မှာ စနစ်တကျ ဖွဲ့စည်းထားကြောင်း တွေ့ရှိရပြီး၊ အခြား FUGs ၃၁ % ခန့်မှာ သာမန်အဖွဲ့များအဖြစ်သာ ဖွဲ့စည်းထားကြောင်း တွေ့ရှိရ ပါသည်။

လေ့လာချက်များအရ FUGs များအနေဖြင့် မိမိတို့တည်ထောင်ထားသည့် အစုအဖွဲ့ပိုင် သစ်တောများကို ပြင်ပမှ ဝင်ရောက်ကျူးကျော်မှု အန္တရာယ်မှ ကာကွယ်ရာတွင် အခက်အခဲ များ ကြုံတွေ့ရလျက်ရှိပြီး၊ မြို့နယ်သစ်တောအရာရှိများ၏ ကူညီထောက်ပံ့မှု အားနည်းလျက် ရှိကြောင်း တွေ့ရှိရပါသည်။ တနည်းအားဖြင့် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ဖွဲ့စည်းပြီး နောက်ပိုင်းတွင် အစိုးရနှင့် ပြင်ပအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုမှာ အသင့်အတင့်မှ အားနည်းသည့် အခြေအနေသို့ ရောက်ရှိလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အစုအဖွဲ့ပိုင် သစ်တောများမှ လူမှုစီးပွားရေး တိုးတက်မှုဆိုင်ရာ အကျိုးကျေးဇူးရရှိမှုမှာ ဒေသအလိုက် ကွဲပြားမှုရှိသော်လည်း၊ အများစုမှာ ဒေသခံတို့၏ စားဝတ်နေရေးအခြေအနေများကို အထောက်အကူပြုလျက်ရှိပြီး သစ်တောမျိုးဆက်မှုအခြေအနေနှင့် သစ်တောအနေအထား တိုးတက် ကောင်းမွန်လာကြောင်း တွေ့ရှိရပါသည်။

ယနေ့ခေတ် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်မှု အခြေအနေများကို ပြန်လည်သုံးသပ် ရာတွင် မူဝါဒပိုင်းအရ အားပေးမှုများရှိသော်လည်း လက်တွေ့တွင် လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်မှုနှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်မှုအနေအထားအရ အနှစ်(၃၀) စီမံကိန်းတွင် ချမှတ်ထားသည့် မူဝါဒရည်မှန်းချက်များ ပြည့်မီနိုင်မည့် အခြေ

[13] Community Forestry in Myanmar: *Progress & Potentials*, Kyaw Tint, Oliver Springate-Baginski and Mehm KoKo Gyi

အနေမရှိကြောင်း တွေ့ရှိရပါသည်။ တနည်းအားဖြင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှာ ဖွံ့ဖြိုးမှုမရှိသေးသည့် အဆင့်တွင်ရှိနေပြီး၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှုပုံစံမှာလည်း ထိခိုက်ပျက်စီးလွယ်သည့် အနေအထားတွင် ရှိနေပါသည်။ အထူးသဖြင့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို ပျက်စီးပြုန်းတီးလျက်ရှိသော သစ်တောများပြန်လည်ထူထောင်သည့် လုပ်ငန်းဟု ယူဆလျက်ရှိပြီး၊ သဘာဝအလျှောက် ပြန်လည်ဖြစ်ထွန်းရန်ခက်ခဲသည့် နေရာအများစုတွင်သာ တည်ထောင်ခွင့်ပြုလျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် အကျိုးအမြတ်ရရှိရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရလျက်ရှိပါသည်။ တဖက်မှလည်း သစ်တောဝန်ထမ်းများအနေဖြင့် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရန် စီမံချက်ရေးဆွဲခြင်း၊ စည်းရုံးခြင်းနှင့် ကူညီဆောင်ရွက်ခြင်းများတွင် အတွေ့အကြုံအားနည်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် သစ်တောဦးစီးဌာန၏ အဓိကသစ်တောလုပ်ငန်းစဉ်များတွင် မပါဝင်သည့်အတွက် ဝန်ထမ်းများ၏ အလေးထားဆောင်ရွက်မှုအားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် နှစ်(၃၀) သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ပင်မစီမံကိန်းတွင် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန် ရည်မှန်းချက်များချမှတ်ထားသော်လည်း ခရိုင်အဆင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက် အများစုတွင် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းဆိုင်ရာ လျာထားချက်များ ထည့်သွင်း ရေးဆွဲထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ တနည်းအားဖြင့် အဆိုပါစီမံချက်များ ရေးဆွဲရာတွင် ဒေသခံပြည်သူများနှင့် ဆက်စပ်ပါဝင်သူများ၏ ပူးပေါင်းပါဝင်မှု အားနည်းလျက် ရှိကြောင်း ဖော်ပြလျက်ရှိပါသည်။

### *အမြဲတမ်းသစ်တောနယ်မြေပြင်ပရှိ သစ်တောများအား စီမံအုပ်ချုပ်ခြင်း*

ပြည်သူပိုင်သစ်တောမြေများ (Public Forest Lands) ဆိုသည်မှာ သစ်တောနယ်မြေအဖြစ် သတ်မှတ် ဖွဲ့စည်းထားခြင်းမရှိသော သစ်တောဖုံးလွှမ်းလျက်ရှိသည့် ဧရိယာများကို ဆိုလိုခြင်းဖြစ်ပါသည်။ သစ်တောနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရ စီမံခန့်ခွဲမှုအပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အဓိကတာဝန်ရှိကြောင်း သတ်မှတ်ဖော်ပြထားပါသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲခြင်းဥပဒေအရ ပြည်သူပိုင် သစ်တောမြေများကို မြေရိုင်းများ (Virgin land) ဟု အဓိပ္ပါယ်သတ်မှတ်ထားပြီး၊ စီမံအုပ်ချုပ်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီက တာဝန်ယူ စီမံဆောင်ရွက်လျက်ရှိပါသည်။ ယင်းဥပဒေအရ သစ်တော နယ်မြေပြင်ပရှိ သစ်တောဖုန်းလွှမ်းလျက်ရှိသော မြေရိုင်းများအား နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသုံးပြုမည်ဆိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို ရယူဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။ လက်ရှိကာလတွင် ပြည်သူပိုင်သစ်တောမြေများ၏ အဓိက မြေအသုံးချမှုပုံစံမှာ

ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းဖြစ်ပြီး၊ ကုန်းမြင့်ဒေသများတွင် နေထိုင်သည့် တောင်ယာသမားများမှ အဓိက လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

"မြေရိုင်းများ "ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ အခန်း (၁) အဓိပ္ပါယ် ဖော်ပြချက်များတွင် "သစ်ပင်၊ ဝါးပင်နှင့် ခြုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ..... တစ်ခါမျှ စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုလိုသည် " ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ထိုသို့ဖွင့်ဆိုရာတွင် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အလို့ငှာ တရားဝင် ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်ဟု ဖော်ပြထားသဖြင့် ပြည်သူပိုင်သစ်တောမြေများကို စီမံခန့်ခွဲရာတွင် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့အကြား လုပ်ပိုင်ခွင့်အာဏာများ ရောထွေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

"မြေလွတ်နှင့် မြေလပ်များ " အား ယင်းဥပဒေအရ အဓိပ္ပါယ်ဖွင့်ဆိုရာတွင်လည်း "ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး၊ အကြောင်းအမျိုးမျိုးကြောင့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်မှ သီးသန့် လျာထားသတ်မှတ်သည့် မြေများကို ဆိုလိုသည် " ဟု ဖွင့်ဆိုထားရာ ဖုန်းဆိုးတောများ၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ထားသည့် ခြုံနွယ်တောများနှင့် တောနိမ့်များလည်း အကျုံးဝင်ပါသည်။

အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဒေသခံအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခွင့်ရှိသော်လည်း တည်ထောင်ခွင့် တင်ပြလျှောက်ထားရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှတဆင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

## *ရွှေ့ပြောင်းတောင်ယာစနစ် တည်ငြိမ်ပပျောက်ရေး ဆောင်ရွက်ခြင်း*

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအား သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်စေသည့် အဓိက အကြောင်းအရင်းအဖြစ် သတ်မှတ်ဖော်ပြကြပါသည်။ သို့ရာတွင် သစ်တောဦးစီးဌာနအနေဖြင့် တောင်ယာစိုက်ပျိုးခြင်းသည် ကုန်းမြင့်ဒေသများတွင် နေထိုင်လျက်ရှိသော လူမျိုးစုအများစု၏ မိရိုးဖလာစနစ်ဖြစ်သည့်အပြင် သစ်တောနယ်မြေအတွင်း သို့မဟုတ် သစ်တောနယ်မြေများအနီးတွင် နေထိုင်လျက်ရှိသော ဒေသခံများ၏ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အရေးပါသည့် စနစ်တစ်ခုအဖြစ် အသိအမှတ်ပြု စီမံအုပ်ချုပ်လျက်ရှိပါသည်။ သုတေသနပြု လေ့လာချက်များအရလည်း ရွှေ့ပြောင်းတောင်ယာစနစ်အား လုံလောက်သော မြေအနားပေးကာလ သတ်မှတ်၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ပါက ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့်အပြင် သဘာဝတောများ ပြန်လည်ထူထောင်ခြင်း၊

တောရိုင်းတိရစ္ဆာန်များ ကာကွယ်ခြင်း၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းများကို အထောက်အကူ ဖြစ်စေပါသည်။ ထို့အတူ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းများ၏ ကနဦးအစဖြစ်သော တောင်ယာစနစ်ကို စတင်အကောင်အထည်ဖော်ခဲ့သူများမှာ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူများပင် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် မိသားစုတစ်စုလျှင် နှစ်စဉ် မြေဧရိယာ တစ်ဟက်တာကို မြေအနားပေးကာလ (၇) နှစ် သတ်မှတ်၍ စိုက်ပျိုးအသုံးပြုလျက်ရှိရာ ၂၀၀၀ ခုနှစ် ကိန်းဂဏန်းများအရ စုစုပေါင်း ရွှေ့ပြောင်းတောင်ယာ ဧရိယာမှာ နိုင်ငံဧရိယာ၏ ၂၂.၈ % ခန့်ရှိပြီး၊ မိသားစုဝင်ဦးရေ (၂) သန်းခန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်[14]။ လူဦးရေအဆမတန် တိုးတက်မြင့်မားလာခြင်းနှင့်အတူ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကြောင့် မိရိုးဖလာ တောင်ယာစိုက်ပျိုးမြေများ ဆုံးရှုံးလာသည့်အတွက် မြေအနားပေးကာလမှာ လိုအပ်သည်ထက် ပိုမို တိုတောင်းလာပြီး သစ်တောပုံစံများ ပြောင်းလဲလာခြင်း၊ ပြန်လည်မျိုးဆက်နိုင်မှု လျော့နည်းလာသော ခြုံနွယ်တောများနှင့် ပေါင်းမြက်တောများ ပိုမိုတိုးပွားလာခြင်းတို့ကို ကြုံတွေ့လာရပါသည်။ အထူးသဖြင့် ကမ်းရိုးတန်းဒေသများနှင့် မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် အဆိုပါပြဿနာများ ပိုမိုကြုံတွေ့ရလျက်ရှိပါသည်။ အကျိုးဆက်အားဖြင့် တောင်ယာလုပ်ကိုင်သူများ၏ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော မြေများမှ သီးနှံအထွက်နှုန်း လျော့နည်းလာခြင်းနှင့်အတူ မိရိုးဖလာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော မြေများ ဆုံးရှုံးလာခြင်းတို့ကြောင့် သစ်တောနယ်မြေများအတွင်းသို့ ကျူးကျော် ဝင်ရောက် လုပ်ကိုင်ခြင်းများ ပိုမိုတိုးမြင့်လာခြင်း ဖြစ်ပါသည်။

ရွှေ့ပြောင်းတောင်ယာစနစ် တည်ငြိမ်ပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လက်ရှိစိုက်ပျိုး အသုံးပြုနေသော မြေအား အထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန်အတွက် မြေဆီလွှာ ထိန်းသိမ်းခြင်း လုပ်ငန်းများ ပိုမိုဆောင်ရွက်လာစေရန် တိကျခိုင်မာသည့် မြေယာပိုင်ဆိုင်မှုစနစ် တစ်ခု ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ လယ်ယာမြေဥပဒေအရ "လယ်ယာမြေ" ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်း သို့မဟုတ် မြေယာအနားပေး အလှည့်ကျ စိုက်ပျိုးခြင်းမျိုး မဟုတ်သည့် "တောင်ယာမြေ" သို့မဟုတ် ကုန်းမြင့်လယ်ယာမြေများ ပါဝင်သည်ဟု ဖွင့်ဆိုထားပါသည်။ အနားပေးမြေများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းဥပဒေတွင် "မြေလွတ် နှင့် မြေလပ်များ" ဟု ဖွင့်ဆိုထားရာ လယ်ယာမြေများအဖြစ် ထည့်သွင်း စဉ်းစားခဲ့ခြင်းမရှိသဖြင့် ကြေးတိုင်နှင့် မြေစာရင်းမှ ကွင်းဆင်းစာရင်း ကောက်ယူထားသည့် မြေယာများစာရင်းတွင် မပါဝင်၍ မြေယာပိုင်ဆိုင်ခွင့်များ မရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် ရွှေ့ပြောင်းတောင်ယာများ၏ မိရိုးဖလာ မြေယာပိုင်ဆိုင်မှုများကို လယ်ယာမြေဥပဒေအရ တရားဝင် အသိအမှတ်မပြု၍ တောင်ယာလုပ်ကိုင်သူများအနေဖြင့် မြေဆီလွှာ ထိန်းသိမ်းရေးနည်းလမ်းများ ကျင့်သုံးဆောင်ရွက်ရန် စိတ်ဝင်စားမှု အားနည်းခြင်းဖြစ်ပါသည်။

---

[14] An Experience Gained in Organising Shifting Cultivators, San Win, 2000.

ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရန် ပိုမိုကောင်းမွန်သည့် မြေယာပိုင်ဆိုင်မှုစနစ်အပြင် အခြားသော မြေယာဖွံ့ဖြိုးမှုဆိုင်ရာ နည်းပညာ အထောက်အပံ့များ လိုအပ်ခြင်းကြောင့် "အမျိုးသားအဆင့် ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်း စီမံကိန်း"များကို ဆောင်ရွက်လျက် ရှိပါသည်။ ကုန်းမြင့်လယ်ယာ ဖော်ထုတ်ခြင်း စီမံကိန်းသည် ဒေသခံများ၏ မိရိုးဖလာ မြေအသုံးချမှု စနစ်များ၊ မြေယာ ပိုင်ဆိုင်မှုများနှင့် ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်သွားရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါသည်။ အဆိုပါ စီမံကိန်းတွင် သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများ ပူးပေါင်း၍ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်-

- မိရိုးဖလာ သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် နည်းစနစ်ကို အခြေခံသည့် အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၊
- မိရိုးဖလာ သစ်တောအသိပညာများကို ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် နည်းပညာသစ်များ မိတ်ဆက်ပေးခြင်း၊
- တောင်ယာ စိုက်ပျိုး လုပ်ကိုင်သူများအား သစ်တောစိုက်ခင်း တည်ထောင်ခြင်း ကဲ့သို့သော ဌာန၏ ပုံမှန် သစ်တော လုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊
- အပိုဝင်ငွေ ရရှိနိုင်သည့် လုပ်ငန်းများ ဖန်တီးပေးခြင်း၊ ဈေးကွက်များ ဖန်တီးပေးခြင်းနှင့် အသေးစား ချေးငွေများ ထုတ်ချေးခြင်း၊
- ကုန်းမြင့် ဒေသများတွင် ကွန်တိုစနစ်ဖြင့် စိုက်ပျိုးခြင်းများ၊ မြေဆီလွှာ ထိန်းသိမ်းရေးနည်းစနစ်များ သရုပ်ပြ သင်ကြား ပြသပေးခြင်း၊
- ကုန်းမြင့် ဒေသများတွင် သီးနှံသစ်တော ရောနှောစိုက်ပျိုးနည်းစနစ် ဖွံ့ဖြိုးလာစေရန် ပျိုးပင်များ (သီးနှံ နှင့် သစ်တော ပျိုးပင်များ) အခမဲ့ ဖြန့်ဝေပေးခြင်း၊
- သစ်တောနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

ကုန်းမြင့်ဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် သုတေသန ပညာရှင်များ၏ အတွေ့အကြုံများအရ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေသူများအား ကူညီထောက်ပံ့ရာတွင် ဘက်စုံ ပေါင်းစပ် ဆောင်ရွက်ခြင်းစနစ် (Integrated approach) တစ်ခုကို ချမှတ် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ အထူးသဖြင့် မြေယာပိုင်ဆိုင်မှုစနစ် ပိုမိုခိုင်မာစေခြင်း၊ နည်းပညာအသစ်များ မိတ်ဆက်သင်ကြားပေးခြင်းနှင့် လူနေမှုဘဝ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်းတို့ကို ပေါင်းစပ် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ တဖက်မှာလည်း ပိုမိုကောင်းမွန်သည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်များ ချမှတ်ဆောင်ရွက် နိုင်ရန်အတွက် ဒေသခံများ၏ မိရိုးဖလာ အသိပညာများကို စနစ်တကျ ဖော်ထုတ် မှတ်တမ်းတင်ခြင်းနှင့် ဒေသ

တွင်း သက်ဆိုင်ရာ ဆက်စပ်ပါဝင်သူများအား ပြန်လည်မျှဝေခြင်းများကို အားပေးဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။ အဓိက မျှဝေရမည့် အသိပညာများမှာ -

- မြေယာပိုင်ဆိုင်မှု စနစ်များ၊ သယံဇာတ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ စည်းမျဉ်းများ ချမှတ်လျက်ရှိသော မိရိုးဖလာ အသင်းအဖွဲ့များနှင့် သက်ဆိုင်သည့် အသိပညာများ၊
- ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အားလုံး ပါဝင်ဆုံးဖြတ်စေခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများ၊
- ကုန်းမြင့် တောင်စောင်းများပေါ်တွင် သီးနှံနှင့် သစ်ပင်သစ်တောများ တိုးမြှင့်စိုက်ပျိုးနိုင်မည့် နည်းပညာများ။

### *၃-၄-၂-၂ သစ်တောမျိုးဆက်ခြင်းနှင့် သစ်တောများပြန်လည်ထူထောင်ခြင်း*

မြန်မာနိုင်ငံတွင် သစ်တောစိုက်ခင်း ထူထောင်ခြင်း လုပ်ငန်းများကို ၁၉၆၀ ခုနှစ် အစောပိုင်းကာလများမှစတင်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာခဲ့ပါသည်။ ၁၉၈၀ ခုနှစ်များမှစ၍ ဧရိယာပမာဏ ကျယ်ဝန်းသည့် သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုး လာခဲ့ရာ၊ ၂၀၀၀ ခုနှစ် နှောင်းပိုင်းတွင် သစ်တောစိုက်ခင်းအမျိုးအစား အားလုံး၏ စုစုပေါင်း ဧရိယာမှာ ဟက်တာ ၆၇၅,၀၀၀ ကျော်လွန်ခဲ့ပါသည်။ မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) တွင် သစ်တောမျိုးဆက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို သဘာဝသစ်တောများမှ ထွက်ရှိမှု အကောင်းဆုံးဖြစ်စေရန်၊ စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဂေဟစနစ်များ မျှတမှုကို ပြန်လည်ရရှိစေရန်အတွက် တောပျက်များတွင် ဘက်စုံသုံးသစ်မျိုးများ ပြန်လည်စိုက်ပျိုးရန် ရည်ရွယ်၍ မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါသည်။ သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် သဘာဝတောများမှ သစ်ထွက်ရှိမှု ကျဆင်းလာခြင်းကို အစားထိုးနိုင်ရန်အတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒေသခံပြည်သူတို့၏ သဘာဝတောများအပေါ် မှီခိုမှုလျော့နည်းစေရန်နှင့် ထင်းလောင်စာများ ထုတ်ယူသုံးစွဲနိုင်ရန် ကျေးရွာသုံး စိုက်ခင်းများ တည်ထောင်ခြင်း၊ စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းများရရှိစေရန် စက်မှုကုန်ကြမ်း စိုက်ခင်းများ တည်ထောင်ခြင်းနှင့် ဆည်မြောင်းတမံများအတွက် နုန်းအနည်ကျရောက်မှုများ လျော့နည်းစေရန် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၀ ခုနှစ် ကိန်းဂဏန်းများအရ တည်ထောင်ပြီး သစ်တောစိုက်ခင်းများ၏ ၅၅% ခန့်မှာ စီးပွားရေးစိုက်ခင်းများ ဖြစ်ပြီး၊ စိုက်ပျိုးသည့် သစ်မျိုးများ၏ ၄၂% မှာ ကျွန်း ဖြစ်သည်။

**ဇယား (၃-၁၀) ၂၀၀၀ ခုနှစ်အထိ သစ်တောစိုက်ခင်း အမျိုးအစားအလိုက် တည်ထောင်ခဲ့မှုအခြေအနေ**

| စိုက်ခင်းအမျိုးအစား | ဧရိယာ (ဟက်တာ) | % |
|---|---|---|
| စီးပွားရေးစိုက်ခင်း | ၃၇၁,၀၇၄ | ၅၅ |
| ကျေးရွာသုံးစိုက်ခင်း | ၁၈၈,၇၀၃ | ၂၈ |
| စက်မှုကုန်ကြမ်းစိုက်ခင်း | ၅၀,၃၅၆ | ၇ |
| ရေဝေရေလဲစိုက်ခင်း | ၆၅,၆၁၀ | ၁၀ |
| **စုစုပေါင်း** | **၆၇၅,၇၄၃** | **၁၀၀** |

**ရင်းမြစ်။** စီမံကိန်းနှင့် စာရင်းအင်းဌာန၊ သစ်တောဦးစီးဌာန (Chapter 2, INC Myanmar)

ယနေ့အချိန်အထိ စီးပွားရေးစိုက်ခင်းတည်ထောင်ခြင်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေသော်လည်း လူအင်အားနှင့် ရန်ပုံငွေ ကန့်သတ်ချက်များရှိခြင်း၊ စိုက်ခင်းတည်ထောင်ရာတွင် ရေရှည်ရင်းနှီးမြှုပ်နှံရခြင်းတို့ကြောင့် လက်ရှိကာလတွင် သစ်တောဦးစီးဌာနမှ တိုက်ရိုက်တည်ထောင်ခြင်းများ လျော့နည်းလာပြီး ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လာလျက်ရှိပါသည်။ အလားတူပင် စက်မှုကုန်ကြမ်း စိုက်ခင်းများကိုလည်း နှစ်ရှည်မြေငှားရမ်းစနစ်များဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တိုက်ရိုက် တည်ထောင်ဆောင်ရွက်ရန် ခွင့်ပြုပေးလျက်ရှိပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် ရေဝေရေလဲစိုက်ခင်းများကိုသာ တိုးမြှင့်တည်ထောင်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။ ရေဝေရေလဲစိုက်ခင်းများအား ဆည်မြောင်းတမံများ၏ ရေဝေရေလဲသစ်တောများ ပြန်လည် ထူထောင်ရန်ရည်ရွယ်၍ တည်ထောင် စိုက်ပျိုးလျက်ရှိပြီး၊ စိုက်ပျိုးရာတွင်လည်း မြေဆီလွှာတိုက်စားမှု လျော့နည်းစေရန် အတွက် တောင်ယာစနစ်ကဲ့သို့ မီးရှို့၍ မြေပြုပြင်ခြင်း မပြုဘဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### *တောင်ယာစနစ်ဖြင့် စီးပွားရေးစိုက်ခင်းများ တည်ထောင်ခြင်း*

မြန်မာနိုင်ငံတွင် တောင်ယာစနစ်ကို အသုံးပြု၍ ကျွန်းစိုက်ခင်းများ တည်ထောင်ခြင်းစနစ်ကို ၁၈၅၆ ခုနှစ် ကတည်းက စတင် ကျင့်သုံး ခဲ့ပါသည်။ အဆိုပါနည်းစနစ်၏ အောင်မြင်မှုများကြောင့် ကျွန်း၊ ရှားနှင့် *Xylia kerri* မျိုးစိတ်များကို တောင်ယာစနစ်သုံး၍ စိုက်ပျိုးလာခဲ့ရာ ၁၉၃၀ ခုနှစ်တွင် သစ်တောစိုက်ခင်းစုစုပေါင်း ဟက်တာ ၁၉,၀၀၀ ကျော်ခန့် စိုက်ပျိုးခဲ့ပြီး ဖြစ်ပါသည်။ တောင်ယာစနစ်၏ အခြေခံသဘောတရားမှာ တောင်ယာ သမားများအား ၎င်းတို့ စိုက်ပျိုးလိုသည့် မြေနေရာတွင် တောင်ယာစိုက်ပျိုးစေပြီး၊ အပြန်အလှန်အားဖြင့် သစ်တောဦးစီးဌာနမှ စိုက်ပျိုးမည့် သစ်ပင်ပျိုးပင်များကို သီးနှံများအကြားတွင် ပြန်လည် စိုက်ပျိုးစေခြင်းဖြစ်ပါသည်။ တောင်ယာစနစ်၏ အားသာချက်မှာ တောင်ယာသမားများ အတွက် သီးနှံစိုက်ပျိုးရန် မြေနေရာ ရရှိနိုင်သလို သစ်တောဦးစီးဌာနအနေဖြင့်လည်း ကျွန်းပင်များကို ပုံမှန်ပနက် အကွာအဝေး (၁.၈ မီတာ x ၁.၈ မီတာ - တစ်ဟက်တာလျှင် ပျိုးပင် ၃,၀၀၀ ခန့်) ကို ငွေကြေး ကုန်ကျမှုမရှိဘဲ စိုက်ပျိုးနိုင်ပါသည်။ ကျွန်းပင်များ

ရှင်သန်မှု ရာခိုင်နှုန်းအပေါ် မူတည်၍ သစ်တောဦးစီးဌာနမှ ငွေကြေးအနည်းငယ်အား ဆုကြေးငွေအဖြစ် ပေးအပ်လေ့ရှိပါသည်။

တောင်ယာစနစ် ကျင့်သုံးခဲ့သည့် အစောပိုင်းကာလ အတွေ့အကြုံများအရ တောင်ယာသမား များမှ စိုက်ပျိုးခဲ့သော ကျွန်းစိုက်ခင်းများသည် နေရာ အနှံ့အပြားတွင် ပျံ့ကျဲလျက်ရှိသဖြင့် စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်ရန် အခက်အခဲများ ကြုံတွေ့ရပါသည်။ ဥပမာအားဖြင့် ပုံမှန်သင်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ကြီးထွားမှုနှုန်း နှေးကွေး လာခြင်း၊ ရွက်အုပ်ပိတ်၍ အခြားအပင်ငယ်များ ပေါက်ရောက်ခြင်းမရှိသည့်အတွက် မြေဆီ လွှာပြုန်းတီးမှုများ ကြုံတွေ့ရပါသည်။ သို့ဖြစ်ရာ တောင်ယာစနစ်ဖြင့် ကျွန်းစိုက်ခင်းများ တည်ထောင်မည်ဆိုပါက သင့်လျော်သော ဒေသများတွင် စနစ်တကျ ပြုစုကြီးကြပ် ဆောင် ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သင်ခန်းစာများ ရရှိခဲ့ပါသည်။

လက်ရှိ မြန်မာနိုင်ငံ၏ စီးပွားရေးစိုက်ခင်း အများစုသည် ယခင် မိရိုးဖလာ တောင်ယာ စနစ်အား ပြုပြင်ထားသည့် ဌာနဆိုင်ရာ တောင်ယာစနစ်ကို အသုံးပြု၍ စိုက်ပျိုးခဲ့ကြ ပါသည်။ ဌာနဆိုင်ရာ တောင်ယာစနစ်တွင် တောင်ယာသမားများအား စိုက်ခင်းမြေနေရာ ပြုပြင်ခြင်းများအတွက် နေ့တွက်စရိတ် သို့မဟုတ် ပုတ်ပြတ်နှုန်းဖြင့် ငွေပေးချေဆောင်ရွက် စေပြီး၊ စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းအဆင့်ဆင့်အလိုက် သတ်မှတ်ထားသော နှုန်း ထားများဖြင့် နီးစပ်ရာ ကျေးရွာများမှ နေ့စားလုပ်သားများ ငှားရမ်းဆောင်ရွက်ခြင်း ဖြစ်ပါ သည်။ လူမှုရေးပံ့ပိုးမှုများအနေဖြင့်လည်း စိုက်ခင်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင် သူများအတွက် သစ်တောရွာများ တည်ထောင်ပေးခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ် ပေးခြင်း၊ ရေရရှိရေး အစီအမံများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် စည်းရုံးဆောင်ရွက်လျက် ရှိပါသည်။ သို့ဖြစ်ရာ တောင်ယာသမားများအနေဖြင့် လုပ်အားခ ရရှိရုံသာမက ၎င်းတို့ စိုက်ပျိုးထားသော သီးနှံများမှလည်း ဝင်ငွေများ ရရှိနိုင်သဖြင့် ဌာန၏ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှု ပိုမိုရရှိလာပါသည်။ အဆိုပါ စနစ်ကို အထူးသဖြင့် ခရိုင်သစ်တော အရာရှိ များသည် မိမိ၏ နယ်မြေဒေသအတွင်းရှိ သစ်တောများအနီးတွင် နေထိုင် ကြသော အိမ်ယာမဲ့ ရွှေ့ပြောင်း တောင်ယာသမားများ၏ လူမှုစီးပွားရေး ပြဿနာများကို ဖြေရှင်းရာ တွင် စတင် အသုံးပြုခဲ့ခြင်းဖြစ်ပြီး၊ ဧရိယာ ကြီးမားသည့် စီးပွားရေးစိုက်ခင်းများ တည် ထောင်ရာတွင်လည်း အဆိုပါစနစ်ကို ဆက်လက် အသုံးပြုလျက် ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်မှ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ စတင် ခွင့်ပြုချိန် မှစ၍ စီးပွားရေး စိုက်ခင်းများ တိုက်ရိုက် တည်ထောင်ခြင်းကို လျှော့ချခဲ့ပြီး ၂၀၀၆ ခုနှစ် မှစ၍ ပုဂ္ဂလိက သစ်တောစိုက်ခင်းများကို စတင်ခွင့်ပြုခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှု တိုးမြင့်လာစေရန်၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုစေရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် တို့ဖြစ်ပါသည်။ ၂၀၀၀ ခုနှစ် မတ်လတွင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၁၃,၆၁၈ ဟက်တာနှင့် သစ်မာစိုက်ခင်း ၁၄,၅၄၀ ဟက်တာတို့ကို တည်ထောင်စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ သစ်တော စိုက်ခင်း တည်ထောင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် အမြဲတမ်း

သစ်တောနယ်မြေများအတွင်း ဧရိယာ ဟက်တာ ၁၀၀ ခန့်အထိ အနှစ် (၃၀) မြေငှားစနစ်ဖြင့် တည်ထောင် လုပ်ကိုင်နိုင်ပါသည်။ ငှားရမ်းမည့်မြေ နေရာ သတ်မှတ်ရာတွင် သစ်တောများ၏ သစ်ပင်ပါဝင်မှု ပမာဏနှင့် ပြန်လည် မျိုးဆက်နိုင်မှု အခြေအနေတို့ကို ထည့်သွင်းစဉ်းစား၍ ငှားရမ်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ ထိုသို့ ငှားရမ်း ဆောင်ရွက်ရာတွင် သစ်တောစိုက်ခင်းများ သာမက ရာဘာနှင့် ဆီအုန်းစိုက်ခင်းများကိုလည်း သစ်တောနယ်မြေ ပြင်ပတွင် ငှားရမ်းခွင့်ပြုပေးလျက်ရှိပါသည်။ ရာဘာနှင့် ဆီအုန်းစိုက်ပျိုးမည်ဆိုပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတဆင့် တင်ပြလျှောက်ထားရမည်ဖြစ်ပြီး၊ သစ်တောနယ်မြေ ပြင်ပဖြစ်သော်လည်း သစ်တောဖုံးလွှမ်းလျက်ရှိသော ဧရိယာအတွင်းကျရောက်ပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို ကြိုတင်ရယူရမည်ဖြစ်ပါသည်။
ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးစိုက်ခင်းများ တည်ထောင်ရာတွင် တောင်ယာစနစ်ကို ဆက်လက်အသုံးပြုကြသော်လည်း စနစ်တကျ ဆောင်ရွက်မှု အားနည်းလာကြောင်း တွေ့ရှိရပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အဆင့်များတွင် စီးပွားရေးစိုက်ခင်း ဧရိယာအနည်းငယ် (၅၀ မှ ၁၅၀ ဟက်တာခန့်)အား တောင်ယာစနစ်ကို အသုံးပြု၍ တည်ထောင်စိုက်ပျိုးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုဂ္ဂလိက လုပ်ငန်းများနှင့် တန်းတူဖြစ်စေရန် တောင်ယာလုပ်သားများ၏ လုပ်အားခများ တိုးမြှင့်ခွင့်ပြုပေးခဲ့ပါသည်။

***ကျေးရွာသုံးစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများနှင့် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်း***

လူဦးရေတိုးတက်လာမှုနှင့်အတူ ထင်း၊ မီးသွေးလိုအပ်ချက်များ မြင့်မားလာခြင်းကြောင့် သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းတောများအတွင်းရှိ တောပျက်များနှင့် ကြိုးပြင်ကာကွယ်တောများတွင် ကျေးရွာသုံးစိုက်ခင်းများ တည်ထောင်ပေးလျက်ရှိပါသည်။ အဓိကစိုက်ပျိုးသည့် သစ်မျိုးများမှာ အကြီးမြန် သစ်မျိုးများဖြစ်သော မယ်ဇလီ (*Cassia siamea*)၊ ရှား (*Acacia catechu*)၊ အော်ရီရှား (*Acacia auriculiformis*) နှင့် ဘောစကိုင်း (*Leucaena leucocephala*) တို့ဖြစ်ပြီး၊ ပျမ်းမျှ နှစ်စဉ် မိုးရေချိန် ၅၀၀ မီလီမီတာခန့်ရရှိသော ဒေသများတွင် ယူကလစ် (*Eucalyptus camaldulensis*) နှင့် ကန္တရစိမ်း (*Prosopis juliflora*) သစ်မျိုးများကိုလည်း စိုက်ပျိုးလျက်ရှိပါသည်။ အစုအဖွဲ့ပိုင်သစ်တောများ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဌာနမှ တည်ထောင်ခဲ့သည့် အချို့သော ကျေးရွာသုံး စိုက်ခင်းများအား အစုအဖွဲ့ပိုင်သစ်တောများအဖြစ် ဒေသခံ ကျေးရွာများသို့ စိုက်ခင်းတည်ထောင် စရိတ်နှင့် အခြားမြေငှားရမ်းခများ ကောက်ခံခြင်းမရှိဘဲ အနှစ်(၃၀) မြေငှားရမ်း စနစ်ဖြင့် လွှဲပြောင်းပေးအပ်လျက် ရှိပါသည်။

စက်မှုကုန်ကြမ်း စိုက်ခင်းများကိုမူ ကုန်ကြမ်းလိုအပ်သည့် စက်ရုံ၊ အလုပ်ရုံများအနီးတွင် ဦးစားပေးတည်ထောင်ခွင့်ပြုလျက်ရှိပါသည်။ ရည်ရွယ်ချက်မှာ စက်ရုံများမှ လိုအပ်သည့်

ကုန်ကြမ်းများကို သဘာဝတောအတွင်းမှ ထုတ်ယူစုဆောင်းမှု လျော့နည်းလာစေရန်နှင့် ကုန်ကြမ်းများ သယ်ယူစရိတ် သက်သာစေရန် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရမှ ဆယ်စုနှစ်အတွင်း ဆည်မြောင်း၊ တာတမံ စုစုပေါင်း ၁၀၀ ကျော်ခန့် တည်ဆောက်ခဲ့ရာ၊ အဆိုပါ ဆည်မြောင်း၊ တာတမံ များအတွင်းသို့ နုံးအနယ်များ ကျရောက် တိမ်ကောခြင်းမှ တားဆီးကာကွယ်ရန်အတွက် ရေဝေရေလဲဒေသများ စနစ်တကျ စီမံ အုပ်ချုပ်ရန်လိုအပ်လာပါသည်။ သို့ပါ၍ ရေဝေရေလဲ ဒေသများအတွင်း မိရိုးဖလာ သီးနှံ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဒေသခံ လယ်သမားများအား စည်းရုံး၍ သီးနှံသစ်တော ရောနှောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ သည်။

## ၃-၄-၂-၃ ဇီဝဒြပ်ထု ထိန်းသိမ်းကာကွယ်ခြင်း အစီအစဉ်များ

ဇီဝဒြပ်ထု ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းစဉ်များသည် ဝန်ကြီးဌာန များစွာနှင့် ဆက်စပ် လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ထင်းလောင် စာ ကဏ္ဍနှင့်သာ အဓိက သက်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ဇီဝလောင်စာများနှင့် စိုက်ပျိုး ရေး စွန့်ပစ်ပစ္စည်း လောင်စာ အသုံးပြုခြင်းကဏ္ဍများသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အဓိကသက်ဆိုင်ပါသည်။ ထို့အတူ ဇီဝဓါတ်ငွေ့များနှင့် ဇီဝဒြပ် ထုများမှ ဓါတ်ငွေ့ထုတ်ယူခြင်း နည်းပညာများသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အဓိက ဆက်စပ်လျက်ရှိပါသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ စုစုပေါင်း စွမ်းအင် သုံးစွဲမှု၏ ၆၀% ကျော်ခန့်မှာ ဇီဝဒြပ်ထု လောင်စာမှ ဖြစ်ပြီး၊ စုစုပေါင်းလူဦးရေ၏ ၇၀% အသုံးပြုလျက်ရှိပါသည်။ အဆိုပါ ဇီဝဒြပ်ထု လောင်စာ၏ အဓိက ရင်းမြစ်မှာ သစ် (ထင်း လောင်စာ) ဖြစ်ပါသည်။

ဇီဝဒြပ်ထု ထိန်းသိမ်းကာကွယ်ခြင်းအနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများစွာမှ လည်း ဒေသခံပြည်သူများ စွမ်းအားမြင့် မီးဖိုများ (Improved cook stoves) တိုးမြှင့် အသုံးပြုလာစေရန် စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အလယ် ပိုင်းရှိ အပူပိုင်းဒေသနှင့် ကမ်းရိုးတန်းဇရိယာများရှိ ဒီရေတောဒေသများတွင် ထင်းလောင်စာ သုံးစွဲမှု လျော့ချစေရန်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကြီးများ ဖြစ်ကြသော FAO, UNDP နှင့် Mercy Corps စသည့် အဖွဲ့အစည်းများသည် ပြည်တွင်း NGOs များ ဖြစ်ကြသည့် EcoDev, EGG, FREDA, MERN နှင့် REAM စသည့် အဖွဲ့များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် စွမ်းအားမြင့် မီးဖိုများ ဖြန့်ဝေခြင်းသည် သစ်တောပြုန်းတီးမှု ပြဿနာကို ရေရှည်ဖြေရှင်းပေးနိုင်သည့် နည်းစနစ် မဟုတ်ကြောင်းနှင့် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဝေပေးခြင်းကို နှစ်ပေါင်း (၁၅) နှစ်ခန့် ဆောင်ရွက်လာခဲ့သော်လည်း ဒေသခံကျေးရွာများတွင် အမှန်တကယ် အသုံးပြုမှုမှာ ကိန်းဂဏန်း အနည်းငယ်မျှသာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ စွမ်းအားမြင့်မီးဖိုများ

ရေရှည်အသုံးပြု လာစေရန် အခြားသော ဈေးကွက်အခြေခံသည့် နည်းလမ်းများ ကျင့်သုံးရန် လိုအပ်ပါသည်။ တနည်းအားဖြင့် စွမ်းအားမြင့်မီးဖိုများကို သုံးစွဲသူများအနေနှင့် သစ်တောပြုန်းတီးမှုလျှော့ချရန်ဟူသော အမြင်ထက် အမှန်တကယ် အသုံးပြုလိုသည့် အမြင်များဖြင့် လက်ခံကျင့်သုံး လာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့လက်ခံ ကျင့်သုံးလာစေရန် စွမ်းအားမြင့် မီးဖိုများအား သုံးစွဲသူများ၏ ကြိုက်နှစ်သက်မှုအပေါ်မူတည်၍ ဈေးကွက်မြင့်တင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အထူးသဖြင့် လူတန်းစား အသီးသီးအလိုက် ဝယ်ယူသုံးစွဲနိုင်မှုအပေါ်မူတည်၍ သုံးစွဲသူအကြိုက် အရည်အသွေးအမျိုးမျိုး ထုတ်လုပ်ကာ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချသွားရန်လိုအပ်မည် ဖြစ်ပါသည်။

စွန့်ပစ်ဇီဝပစ္စည်းများကိုမူ အချို့ဒေသများတွင် လောင်စာအဖြစ် အသုံးပြုလျက်ရှိရာ အထူးသဖြင့် ထင်းလောင်စာ ရှားပါးသည့် အပူပိုင်းဒေသများတွင် စပါးခွံများ၊ သီးနှံရိုးများကို လောင်စာအဖြင့် အသုံးပြုလေ့ရှိကြောင့် တွေ့ရှိရပါသည်။ ထိုသို့ အသုံးပြုခြင်းသည် သဘာဝတောအတွင်းမှ ထင်းလောင်စာ ထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်မည် ဖြစ်သဖြင့် အခြားသော ဒေသများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာစေရန် ပညာပေးဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

ဇီဝဓါတ်ငွေ့များ စမ်းသပ်ထုတ်လုပ်မှုကဏ္ဍမှာ မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့် အနေအထားသို့ ရောက်ရှိခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ ၁၉၈၀ နှင့် ၁၉၉၀ ခုနှစ်များအတွင်း ဇီဝဓါတ်ငွေ့ စက်ရုံများစွာ တည်ဆောက်ခဲ့သော်လည်း နည်းပညာပိုင်းအားနည်းချက်များကြောင့် အောင်မြင်မှုများ မရရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ဒတ်ချ်ဖွံ့ဖြိုးမှု အဖွဲ့အစည်းတစ်ခုဖြစ်သည့် SNV မှ မြန်မာနိုင်ငံ၏ အကြီးစားနှင့် အသေးစား ဇီဝလောင်စာ ထုတ်လုပ် အသုံးချနိုင်မှု အလားအလာအား ကနဦး လေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိရာ အမျိုးသားအဆင့် ဇီဝလောင်စာ ထုတ်လုပ်အသုံးပြုနိုင်မည့် စီမံကိန်းများ ပေါ်ပေါက်လာနိုင်ပါသည်။

## *၃-၄-၃ ပဏာမ ရွေးချယ်ထားသော REDD+ မဟာဗျူဟာများ၏ ဆောင်ရွက်နိုင်မှု အခြေအနေ ဆန်းစစ်လေ့လာခြင်း*

### *၃-၄-၃-၁ ပဏာမ မဟာဗျူဟာများ ကနဦးလေ့လာဖော်ထုတ်ခြင်း*

REDD+ မဟာဗျူဟာများကို သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းဆိုင်ရာ အခြေခံအကြောင်းအရင်းများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ရေးဆွဲသွားမည်ဖြစ်ပြီး၊ သစ်တောကာဗွန် ရင်းမြစ်များအား ထိန်းသိမ်းကာကွယ်ခြင်း၊ ပိုမိုတိုးပွားစေခြင်းနှင့် ရေရှည်တည်တံ့စေခြင်းလုပ်ငန်းများကို မိမိတို့ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် စွမ်းဆောင်ရည်အပေါ်အခြေခံ၍ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ REDD+ မဟာဗျူဟာများကို အဓိကအားဖြင့် အောက်ဖော်ပြပါ အခန်းကဏ္ဍ (၂) ခု သတ်မှတ်ခွဲခြားနိုင်ပါသည်-

- **လက်တွေ့လုပ်ငန်းအစီအစဉ်များ (Activity packages)**။ ကာဗွန်ထုတ်လွှတ်မှု အသားတင် လျော့ကျစေခြင်း သို့မဟုတ် သစ်တောများမှ ကာဗွန်စုပ်ယူမှု မြင့်တင်ခြင်းတို့ကို ဖြစ်စေနိုင်သော လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ ပါဝင်ပါသည်။ လုပ်ငန်းကုန်ကျစရိတ်များကို ဧရိယာအလိုက်၊ အချိန်ကာလအလိုက် သို့မဟုတ် လူအင်အားအလိုက် အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်နိုင်မည်ဖြစ်ပြီး၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှု လျော့ချနိုင်မည့် ပမာဏကို အခန်း(၆)တွင် ဖော်ပြထားသည့် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်တိုင်းတာခြင်းစနစ်ဖြင့် တိုင်းတာတွက်ချက်နိုင်ပါသည်။
- **စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များ (Governance measures)**။ REDD+ ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံလျက်ရှိသော ကွာဟချက်များ၊ စွမ်းဆောင်ရည် မပြည့်ဝမှုများကို ဖြေရှင်းပေးနိုင်မည့် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ မူဝါဒလုပ်ငန်းစဉ်များကြောင့် ကာဗွန်ထုတ်လွှတ်မှုများ သိသိသာသာလျှော့ချနိုင်မည်ဖြစ်သော်လည်း မူဝါဒလုပ်ငန်းစဉ်များ၏ သက်ရောက်မှုကိုမူ တိုက်ရိုက်တိုင်းတာရန် ခက်ခဲမည်ဖြစ်ပါသည်။ သို့ရာတွင် မူဝါဒ လုပ်ငန်းစဉ်များသည် အချို့သော လက်တွေ့လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မရှိမဖြစ် လိုအပ်သည့် လုပ်ငန်းစဉ် တစ်ခုဖြစ်ပါသည်။

REDD+ မဟာဗျူဟာများသည် အောက်ဖော်ပြပါ REDD+ လုပ်ငန်းစဉ် (၅) မျိုးကို အကောင်အထည်ဖော်ရန် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်-

| **REDD+ လုပ်ငန်းစဉ် (၅) မျိုး** | |
|---|---|
| (၁) သစ်တောပြုန်းတီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း | **REDD** |
| (၂) သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း | |
| (၃) သစ်တောကာဗွန်ရင်းမြစ်များ ထိန်းသိမ်းကာကွယ်ခြင်း | **+** |
| (၄) စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်ခြင်း | |
| (၅) သစ်တောကာဗွန်ရင်းမြစ်များ ပြန်လည်တိုးမြင့်စေခြင်း | |

REDD+ လမ်းပြမြေပုံရေးဆွဲစဉ်ကာလအတွင်း တွန်းအားများနှင့် မဟာဗျူဟာများ ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် REDD+ မဟာဗျူဟာများကို ပဏာမ ဖော်ထုတ် သတ်မှတ်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကိုဖြစ်စေသည့် အခြေခံအကြောင်းအရင်းများအား လေ့လာဆန်းစစ်ခြင်း (အခန်း ၃-၂)၊ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများအား လေ့လာဆန်းစစ်ခြင်း (အခန်း ၃-၄-၁) နှင့် အတိတ်ကာလနှင့် လက်ရှိသစ်တောအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ်များအား ပြန်လည်သုံးသပ်ခြင်း (အခန်း ၃-၄-၂) တို့မှ တွေ့ရှိချက်များအပေါ် အခြေခံ၍ ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့မှ

ကနဦး ဖော်ထုတ်ခဲ့သည့် မဟာဗျူဟာများကို ပြန်လည်သုံးသပ်ခြင်း၊ ဦးစားပေးအဆင့်များ သတ်မှတ်ခြင်းနှင့် အတည်ပြုခြင်းစသည့် လုပ်ငန်းစဉ်များကို ၂၀၁၃ ခုနှစ်၊ မေလနှင့် ဇွန်လများတွင် ကျင်းပခဲ့သည့် အမျိုးသားအဆင့်နှင့် ဒေသအဆင့် လမ်းပြမြေပုံရေးဆွဲခြင်း ဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများတွင် ဆောင်ရွက်ခဲ့ပါသည်။ (အလုပ်ရုံ ဆွေးနွေးပွဲ အစီရင်ခံစာများကို နောက်ဆက်တွဲ-၁ တွင် ဖော်ပြထားပါသည်။) ပဏာမ ရွေးချယ်ထားသည့် မဟာဗျူဟာများကို အခြေခံအားဖြင့် သစ်တောကဏ္ဍ နှင့် သစ်တော ကဏ္ဍပြင်ပဟူ၍ နှစ်ပိုင်းခွဲခြားဖော်ပြထားပါသည်။ သစ်တောကဏ္ဍအတွင်း သစ်တော အတန်းအစားကျဆင်းခြင်းကိုဖြစ်စေသည့် တွန်းအားများအား ဖြေရှင်းနိုင်မည့် မဟာဗျူဟာ များကို ဇယား (၃-၁၁) တွင်ဖော်ပြထားပါသည်။ ဤမဟာဗျူဟာများသည် REDD+ လုပ်ငန်းစဉ် (၅) မျိုးအနက်မှ (၄) မျိုးဖြစ်သည့် (က) သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း၊ (ခ) စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု၊ (ဂ) သစ်တောကာဗွန် ရင်းမြစ်များ ထိန်းသိမ်းခြင်းနှင့် (ဃ) သစ်တောကာဗွန်ရင်းမြစ်များ ပြန်လည်တည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သစ်တောကဏ္ဍပြင်ပနှင့် သက်ဆိုင်သည့် မဟာဗျူဟာများကို ဇယား (၃-၁၂) တွင် ဖော်ပြ ထားပါသည်။ ယင်းမဟာဗျူဟာများတွင် အဓိကအားဖြင့် သစ်တောပြုန်းတီးခြင်းကို ဖြစ်ပေါ်စေသော သစ်တောကဏ္ဍပြင်ပရှိ တွန်းအားများအား ဖြေရှင်းနိုင်မည့် နည်းစနစ်များ ပါဝင်ပြီး၊ REDD+ လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် သစ်တောပြုန်းတီးခြင်းမှ ကာဗွန် ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါ သည်။

**ဇယား (၃-၁၁) သစ်တောကဏ္ဍဆိုင်ရာတွန်းအားများ (သစ်တောအတန်းအစား ကျဆင်း ခြင်း) ကို ဖြေရှင်းနိုင်မည့် REDD+ မဟာဗျူဟာများ ကနဦး သတ်မှတ် ဖော်ထုတ် ခြင်း**

| တွန်းအားများ | တွန်းအားများအလိုက် ဆောင်ရွက်သွားမည့် မဟာဗျူဟာများ |
|---|---|
| တရားဝင် သစ် အလွန်အကျွံ ထုတ်ယူခြင်း | သစ်ထုတ်လုပ်ငန်းများ မစတင်မီ သစ်ထုတ်စီမံချက်များကို ရေရှည်တည်တံ့စေသောတောထွက် (sustained yield) ဆိုင်ရာ စည်းမျဉ်းများနှင့် ဒေသအလိုက် ထုတ်လုပ်နိုင်သော ပမာဏ လျာထားချက်များ (MSS နှင့် AAC) တို့အပေါ် အခြေခံ၍ ရေးဆွဲ ဆောင်ရွက်ရန် (မြန်မာ့ သစ်တောမူဝါဒ၊ ၁၉၉၅)။ နှစ်စဉ်သစ်ထုတ်လုပ်မှုပမာဏအား အဆင့်ဆင့် လျှော့ချခြင်း (၂၀၁၄ ခုနှစ် မှစ၍)၊ ကျွန်းနှင့် သစ်မာပမာဏကို အမျိုးသားအဆင့် နှစ်စဉ်ခွင့်ပြုတောထွက် (AAC) ထက်လျှော့ပေါ့၍ ထုတ်လုပ်ခြင်း။ သစ်ထုတ်ရာတွင် ရန်ပုံငွေလျာထားချက်ပေါ် အခြေခံ ထုတ်လုပ်ခြင်းမှ ရေရှည်တည်တံ့စေသော တောထွက်ပမာဏအပေါ် မူတည်ထုတ်လုပ်ခြင်း စနစ်သို့ ပြောင်းလဲသွားရန်။<br>အမျိုးသား သစ်ထုတ်လုပ်ခြင်းနည်းစနစ်ဆိုင်ရာ သတ်မှတ်ချက်စံအား လိုက်နာဆောင်ရွက်စေခြင်း၊ သစ်ထုတ်ပြီး သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း၊ သစ်တောဦးစီးဌာနမှ ကြီးကြပ် စစ်ဆေးခြင်း၊ မလိုက်နာပါက ဌာနတွင်း စည်းမျဉ်းစည်းကမ်းများအရ မြန်မာ့သစ်လုပ်ငန်း သို့မဟုတ် သစ်ထုတ်လုပ်သူများ ထံမှ ဒဏ်ကြေးတောင်းခံခြင်း။<br>၂၀၁၄ ခုနှစ်မှစ၍ သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်းခြင်း။<br>သစ်တောထွက်ပစ္စည်းများ တန်ဖိုးတိုးတက် မြင့်မားလာသည်နှင့် အညီ ပြည်ပပို့ခွန်ကို အချိုးကျ |

| | |
|---|---|
| | လျှော့ပေါ့ ကောက်ခံခြင်း (မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅)။<br>ပြည်တွင်းသစ်လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးရန် (မြန်မာ့သစ်လုပ်ငန်းနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဈေးကွက်တွင် ကာလပေါက်ဈေးဖြင့် သစ်လုံလောက်စွာ ရောင်းချ ပေးခြင်းဖြင့်)၊ ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း၍ သစ်သားခွဲစိတ်ခြင်းနှင့် သုံးစွဲခြင်းတို့တွင် အလေအလွင့် နည်းပါးစေရန်နှင့် အရည်အသွေး ပိုမိုကောင်းမွန်စေရန် (သစ်အလုံးလိုက် တင်ပို့မှု ရပ်ဆိုင်းခြင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းအားဖြင့်)။<br>အမျိုးသားအဆင့် သစ်ထောက်ခံချက်စနစ် တည်ထောင်ရန်နှင့် သစ်ထောက်ခံချက်ပေးခြင်းဆိုင်ရာ အမျိုးသားအဆင့် စံသတ်မှတ်ချက်များ ပြဋ္ဌာန်းရန်။<br>သစ်တောထွက်ပစ္စည်းများကို အခွင့်အရေးပေး၍ လျှော့ပေါ့ဈေးနှုန်း သတ်မှတ်သည့် စနစ်ကို ဖျက်သိမ်းရန်နှင့် ဈေးကွက်ရှိ ကာလပေါက်ဈေးအတိုင်း ဖြစ်စေရန်။<br>သုံးစွဲသူများ သက်သာစေရန် ရည်ရွယ်ဖြန့်ဖြူးပေးသည့် ကိစ္စမျိုးမှတစ်ပါး ဈေးနှုန်း ထိန်းချုပ် ခြင်းများကို ရပ်ဆိုင်းရမည် (ဥပမာ - အခြေခံစားဝတ်နေရေး လိုအပ်ချက်အတွက် သင့်တင့်သည့် ဈေးနှုန်းများဖြင့် ထောက်ပံ့ပေးရန်နှင့် သစ်တောကဏ္ဍမှာ စုစုပေါင်းပြည်တွင်းထုတ်ကုန် သို့ အမှန် တကယ် ထောက်ပံ့လျက်ရှိသည့် ပမာဏကို ပေါ်လွင်စေရန် လျှော့ချပေးသည့် ဈေးနှုန်းအား နိုင်ငံတော် ငွေစာရင်းတွင် ထည့်သွင်းဖော်ပြန်ရမည် (မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅)။<br>သဘာဝ ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း (ပုဂ္ဂလိကကဏ္ဍ၊ NGO နှင့် ဒေသခံပြည်သူများသို့) လွှဲပြောင်း၍ လုပ်ကိုင်ခွင့်ပြုခြင်း။ |
| တရားမဝင်သစ် အလွန်အကျွံ ထုတ်ယူခြင်း | သစ်တောကဏ္ဍဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် အရေးယူဆောင်ရွက်ခြင်း နည်းစနစ်များကို သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ NGOs များ၊ တရားသူကြီးများ၊ အမှုလိုက် အရာရှိများနှင့် ရှေ့နေများအား စနစ်တကျ သင်ကြားပေးရန်။<br>ဥပဒေစိုးမိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် တရားမဝင် သစ်ခိုးယူမှုများအား တိုက်ဖျက်ရန်(ကင်းစခန်းများ၊ စစ်ဆေးရေးစခန်းများ တိုးမြှင့်ချထားခြင်း၊ စာရွက်စာတမ်းများ ပိုမို တိကျခိုင်မာစေခြင်းနှင့် အလွယ်တကူ စစ်ဆေးနိုင်စေခြင်း)၊ တရားမဝင်သစ် တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရဝန်ထမ်းများအား ပိုမိုစိတ်ပါဝင်စားစေရန် မက်လုံးစနစ်များ ဖန်တီးပေးရန်၊ စောင့်ကြည့်လေ့လာခြင်းနှင့် ထိန်းချုပ်ဆောင်ရွက်ခြင်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်စေရန် အိမ်နီးချင်းနိုင်ငံများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန်။ |
| ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးမှုများ ချဲ့ထွင်လာခြင်း (သစ်တောမြေမှ အမြဲတမ်း စိုက်ပျိုးမြေသို့ ပြောင်းလဲခြင်းများ မပါဝင်ပါ) | လက်ရှိဖော်ထုတ်ထားပြီးဖြစ်သည့် ရွှေ့ပြောင်းတောင်ယာ ဧရိယာများနှင့် သစ်တောမြေများအတွင်း ကျူးကျော်ဝင်ရောက် အခြေချမှုများကို စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်၍ စနစ်တကျ အသိအမှတ်ပြု သွားရန် နှင့် အနာဂတ်တွင် သစ်တောမြေအတွင်း ကျူးကျော် ဝင်ရောက်မှုနှင့် အခြားသစ်တောမြေ အလွဲသုံးစားပြုမှုများကို သစ်တောဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားရန် (*မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅*)။<br>တောင်ယာကျူးကျော်သူများအတွက် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (လူဦးရေတိုးပွားလာမှုနှင့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစား ကျဆင်းခြင်းအကြား ဆက်စပ်မှုအား စနစ်တကျ သုတေသနပြု လေ့လာချက်များ အပေါ် အခြေခံ၍) နှင့် လက်ရှိဆောင်ရွက်နေသော လယ်ယာသီးနှံစိုက်ပျိုးခြင်း စနစ်များတွင် သင့်တော်သည့် သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် နည်းစနစ်များ ပေါင်းစပ်ရန်၊ (*မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅*)<br>ခုတ်လှဲမီးရှို့စိုက်ပျိုးသည့် နည်းစနစ်အား ပိုမိုကောင်းမွန်စေခြင်း သို့မဟုတ် အစားထိုး နည်းစနစ်များ မိတ်ဆက်ပေးရန် - မြေလပ်များအား ပြန်လည်ကောင်းမွန်စေခြင်း၊ တောမီးနှင့် မြေဆီလွှာ တိုက်စားမှုများ ကာကွယ်ပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်သည့် စိုက်ပျိုးနည်းစနစ်များ ပြသပေး ခြင်း၊ ပိုးမွှားများအား ဘက်စုံစီမံအုပ်ချုပ်ခြင်း၊ (တောင်ယာစနစ်အပါအဝင်) သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်း၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ (အစုအဖွဲ့ပိုင် |

| | |
|---|---|
| | သစ်တောလုပ်ငန်း အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် စီမံအုပ်ချုပ်ခြင်း)<br>ပျက်ဆီးပြုန်းတီးလျှက်ရှိသော မြေနေရာများတွင် သစ်တောပြန်လည်ထူထောင်ခြင်း နည်းစနစ်များ ဖော်ထုတ်သွားရန်နှင့် တောပျက်တောညံ့များအား တန်ဖိုးမြင့် သစ်တောများဖြင့် ပြန်လည်တည်ထောင်သွားရန်၊ (*မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅*)။ သစ်တောအတန်းအစား ကျဆင်းသွားသော နေရာများတွင် ဓမ္မတာမျိုးဆက်ခြင်းနှင့် တန်ဖိုးမြင့်စိုက်ခင်းများ တည်ထောင်ရန်၊ ပျက်စီးပြုန်းတီးသွားသော တောပျက်များနှင့် ဝါးတော၊ မြက်တောများတွင် သစ်တောစိုက်ခင်းများ (စီးပွားရေး၊ ကျေးရွာသုံး၊ အစုအဖွဲ့ပိုင်၊ ပုဂ္ဂလိက နှင့် မြေငှားရမ်းဆောင်ရွက်သူများ၊ သီးနှံသစ်တော ရောနှော စိုက်ခင်းများ) တည်ထောင်ရန်။<br>စီးပွားရေးစိုက်ခင်းများ တည်ထောင်ရန် သစ်တောဦးစီးဌာနနှင့် ပုဂ္ဂလိက ကဏ္ဍများမှ ငှားရမ်းအသုံးပြုသည့် တောင်ယာသမားများ၏ လုပ်ငန်းခွင် အခြေအနေနှင့် အကျိုးခံစားခွင့်များ သေချာစေရန်။ ဝင်ငွေတိုးလုပ်ငန်းများအတွက် အစုအဖွဲ့ပိုင် သစ်တောပျိုးဥယျာဉ်များ တိုးချဲ့တည်ထောင်ရန်။ |
| ထင်းနှင့် အခြား ဇီဝလောင်စာများ အလွန်အကျွံ ထုတ်ယူခြင်း | ဇီဝဒြပ်ငွေ့များ၊ စွမ်းအားမြင့်မီးဖိုများ၊ အဆင့်မြင့် မီးသွေးထုတ်လုပ်ခြင်းများ၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများ အသုံးပြုခြင်း၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ၊ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ၊ စိုက်ပျိုးမြေများတွင် သစ်ပင်စိုက်ပျိုးခြင်းများ တိုးချဲ့ဆောင်ရွက်ခြင်း။<br>ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး တိုးချဲ့ဆောင်ရွက်ခြင်း၊ |
| | **အခြား ဆောင်ရွက်မည့် မဟာဗျူဟာများ** |
| | ပြည်တွင်းပြည်ပ ငွေကြေးအဖွဲ့အစည်းများနှင့် အခြားအလှူရှင်များ၏ အထောက်အပံ့များဖြင့် သစ်တောဖွံ့ဖြိုးမှု သို့မဟုတ် REDD+ ဆိုင်ရာ ရန်ပုံငွေတစ်ရပ် တည်ထောင်ကာ သစ်တောထိန်းသိမ်းခြင်းနှင့် သစ်တောဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပေးရန်နှင့် ယင်းရန်ပုံငွေကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိရန်။ (*မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅*)<br>သစ်တောကဏ္ဍဆိုင်ရာ တည်ဆဲဥပဒေများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော မူဝါဒဆိုင်ရာ အခက်အခဲများ၊ အားနည်းချက်များ၊ အမှားအယွင်းများ၊ ယိုပေါက်များ ကို ဖယ်ထုတ်သွားရန်၊ (ဥပမာ- သစ်တောဦးစီးဌာနမှ မြန်မာ့သစ်လုပ်ငန်း၏ စည်းကမ်း မလိုက်နာမှုများကို ဒဏ်ကြေးပေးဆောင်စေလျက်ရှိသော စနစ်အား ပြန်လည်သုံးသပ်ခြင်း၊ ၁၉၉၂ သစ်တောဥပဒေတွင် ပုဂ္ဂလိကနှင့် အများပိုင်မြေများတွင် သစ်တောစိုက်ခင်း တည်ထောင်ခြင်းကို အားမပေးသည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပယ်ဖျက်၍ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်းဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရေးဆွဲပြဋ္ဌာန်းရန်)<br>သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများ၏ နယ်နိမိတ်များကို ပြန်လည်စိစစ်၍ လက်ရှိမြေအသုံးချမှု ပကတိအခြေအနေကို ဆန်းစစ်ဖော်ထုတ်ရန်နှင့် အမြဲတမ်းသစ်တောနယ်မြေများကို ဒေသခံပြည်သူများမှ ဝိုင်းဝန်းထိမ်းသိန်းကာကွယ်စေမည့် Social fencing စနစ်များ (အစုအဖွဲ့ပိုင်သစ်တော၊ သီးနှံသစ်တောရောနှောစိုက်ခင်း၊ ဒေသခံများအား မြေယာအသုံးပြုခွင့်ပေးအပ်ခြင်းနှင့် ကျေးရွာသုံးစိုက်ခင်းများ စသည်) ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်။<br>သစ်တောဦးစီးဌာန၏ တိုးချဲ့ပညာပေးရေးစွမ်းရည်များကို ပိုမိုထက်မြက်စေပြီး သစ်တောလုပ်ငန်း အစီအစဉ်များတွင် ပြည်သူလူထုက ပိုမို ပါဝင်လှုပ်ရှားလာစေမည့် နည်းလမ်းများကို ဖော်ထုတ်သွားရန် (*မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅*)။ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ ရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများတွင် ဆက်စပ်ပါဝင်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ၊ ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှု ရယူခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်းစီမံကိန်းများကို ၂၀၀၁-၂၀၃၀ အမျိုးသား သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ပင်မစီမံကိန်းတွင် ချမှတ်ထားသော လျာထားချက်များ ပြည့်မီစေရေး ချမှတ်ဆောင်ရွက်သွားရန်။ |

**ဇယား (၃-၁၂) သစ်တောကဏ္ဍ ပြင်ပရှိတွန်းအားများ (သစ်တောပြုန်းတီးစေခြင်း) ကို ဖြေရှင်းနိုင်မည့် REDD+ မဟာဗျူဟာများ ကနဦး သတ်မှတ် ဖော်ထုတ်ခြင်း**

| တွန်းအားများ | တွန်းအားများအလိုက် ဆောင်ရွက်မည့် မဟာဗျူဟာများ |
|---|---|
| စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း (မိသားစု စားသုံးရန် နှင့် ဈေးကွက် တင်ပို့ရောင်း ချရန်) | နိုင်ငံတော်ဧရိယာ စုစုပေါင်း၏ ၃၀ % အား ကြိုးဝိုင်းတောများအဖြစ် လည်းကောင်း၊ ၁၀ % အား သဘာဝနယ်မြေများအဖြစ် လည်းကောင်း ဖွဲ့စည်းတည်ထောင်ရန် (*မြန်မာ့သစ်တော မူဝါဒ၊ ၁၉၉၅*)။ လက်ရှိ ဖွဲ့စည်းပြီး အမြဲတမ်းသစ်တောနယ်မြေများ၏နယ်နိမိတ်များကို ပြန်လည်စိစစ်၍ အမြဲတမ်း စိုက်ပျိုးမြေများ အခြေချလုပ်ကိုင်ခြင်းများကို နှုတ်ပယ်သွားရန်နှင့် သစ်တောနယ်မြေပြင်ပရှိ သစ်တော ဖုံးလွှမ်းလျက်ရှိသော ဧရိယာ (အပတော) များကို သစ်တောနယ်မြေများအဖြစ် သတ်မှတ် ဖွဲ့စည်း သွားရန်။<br>အလယ်လတ်စားနှင့် အကြီးစား စိုက်ပျိုးရေးလုပ်ငန်းများ မစတင်မီ SIA/EIA များ အကောင် အထည်ဖော် ဆောင်ရွက်စေရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် ကာဗွန်သိုလှောင်မှု ပမာဏ နှင့် ငွေကြေး တန်ဖိုးများ၊ သစ်တောပြုန်းတီးမှုအပေါ် သက်ရောက်မှုများကို ထည့်သွင်းတွက်ချက်စေရန်နှင့် ရှင်းလင်းဖယ်ရှားမည့် ဧရိယာနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများ အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်သွားရန်။ ထိရောက်သည့် EIA/SIA သုံးသပ်စိစစ်ခြင်းစနစ်များ တည်ထောင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများမှ မူလသတ်မှတ်ထားသော ထိခိုက်မှုလျှော့ချမည့် စီမံချက်များ အကောင် အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သွားရန်။<br>ကာဗွန်အခွန်များ ကောက်ခံခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ ရင်းနှီးမြှုပ်နှံသည့် ဧရိယာများမှ သိုလှောင်ထားသည့် ကာဗွန်ပမာဏ ကို ထည့်သွင်းတွက်ချက်လာစေရန် ကာဗွန်အခွန် ပြန်အမ်းခြင်းများ ဆောင်ရွက်သွားရန်။<br>လက်ရှိ ဧရိယာကျယ်ပြန့်သည့် စိုက်ပျိုးမြေများအတွင်း သီးနှံတိုးမြှင့်စိုက်ပျိုးခြင်းများကို တွန်းအား ပေးရန်နှင့် စိုက်ပျိုးမြေ အပြောင်းအများ ချဲ့ထွင်ခြင်းကို ခွင့်ပြုပေးလျက်ရှိသော တည်ဆဲ မူဝါဒများကို ပြန်လည်ပယ်ဖျက်သွားရန်။ |
| သတ္တုတူးဖော်ခြင်း | အလယ်လတ်စားနှင့် အကြီးစား သတ္တုတူးဖော်ခြင်းလုပ်ငန်းများ သို့မဟုတ် လုပ်ကွက်များ မစတင်မီ SIA/EIA များ အကောင်အထည်ဖော် ဆောင်ရွက်စေရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် ကာဗွန်သိုလှောင်မှု ပမာဏနှင့် ငွေကြေးတန်ဖိုးများ၊ သစ်တောပြုန်းတီးမှုအပေါ် သက်ရောက်မှုများကို ထည့်သွင်း တွက်ချက်စေရန်နှင့် ရှင်းလင်းဖယ်ရှားမည့် သစ်တောဧရိယာနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ် မှုများ အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်သွားရန်။ ထိရောက်သည့် EIA/SIA သုံးသပ်စိစစ်ခြင်း စနစ်များ တည်ထောင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများမှ မူလသတ်မှတ်ထားသော ထိခိုက်မှုလျှော့ချမည့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သွားရန်။<br>ကာဗွန်အခွန်များ ကောက်ခံခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ ရင်းနှီးမြှုပ်နှံသည့် လုပ်ကွက်ဧရိယာများတွင် သိုလှောင်ထားသည့် ကာဗွန်ပမာဏ ကို ထည့်သွင်းတွက်ချက်လာစေရန် ကာဗွန်အခွန် ပြန်အမ်းခြင်းများ ဆောင်ရွက်သွားရန်။ |
| ရေအားလျှပ်စစ် ဖွံ့ဖြိုးလာခြင်း | အလယ်လတ်စားနှင့် အကြီးစား ရေအားလျှပ်စစ် စီမံကိန်းများ မစတင်မီ SIA/EIA များ အကောင်အထည်ဖော် ဆောင်ရွက်စေရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် ကာဗွန်သိုလှောင်မှု ပမာဏ နှင့် ငွေကြေးတန်ဖိုးများ၊ သစ်တောပြုန်းတီးမှုအပေါ် သက်ရောက်မှုများကို ထည့်သွင်း တွက်ချက်စေရန်နှင့် ရှင်းလင်းဖယ်ရှားမည့် သစ်တောဧရိယာနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများ အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်သွားရန်။ ထိရောက်သည့် EIA/SIA သုံးသပ်စိစစ်ခြင်းစနစ်များ တည်ထောင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများမှ မူလသတ်မှတ်ထားသော ထိခိုက်မှုလျှော့ချမည့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သွားရန်။<br>ကာဗွန်အခွန်များ ကောက်ခံခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တည်ဆောက်မည့် ဆည်မြောင်း တာတမံများ၏ တည်နေရာနှင့် အရွယ်အစားအား စီမံကိန်းရေးဆွဲ သတ်မှတ်စဉ် ကာလအတွင်း စီမံကိန်းဧရိယာတွင် ထိန်းသိမ်းသိုလှောင်မည့် ကာဗွန်ပမာဏ ကို ထည့်သွင်းတွက်ချက်လာစေရန် |

| | |
|---|---|
| | ကာဗွန်အခွန် ပြန်အမ်းခြင်းများ ဆောင်ရွက်သွားရန်။<br>ရေဝပ်ဧရိယာများအတွင်းရှိ ဇီဝဒြပ်ထုများမှ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှု အနည်းဆုံး ဖြစ်စေရန် ဇီဝဒြပ်ထုဖယ်ထုတ်မှု မဖြစ်မနေဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်။ |
| အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာခြင်း (လမ်းများ၊ ဓါတ်ငွေ့ ပိုက်လိုင်းများ၊ အထူးစီးပွားရေးဇုန်များ၊ စစ်တပ်များ စသည်တို့ တိုးချဲ့ တည်ဆောက် လာခြင်း | အလယ်အလတ်စားနှင့် အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းများ မစတင်မီ SIA/EIA များ အကောင်အထည်ဖော် ဆောင်ရွက်စေရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် ကာဗွန်သိုလှောင်မှု ပမာဏ နှင့် ငွေကြေးတန်ဖိုးများ၊ သစ်တောပြုန်းတီးမှုအပေါ် သက်ရောက်မှုများကို ထည့်သွင်း တွက်ချက်စေရန်နှင့် ရှင်းလင်းဖယ်ရှားမည့် သစ်တောဧရိယာနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများ အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်သွားရန်။ ထိရောက်သည့် EIA/SIA သုံးသပ်စိစစ်ခြင်းစနစ်များ တည်ထောင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများမှ မူလသတ်မှတ်ထားသော ထိခိုက်မှုလျှော့ချမည့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သွားရန်။ |
| မြို့ပြချဲ့ထွင်ခြင်း နှင့် ပြန်လည် နေရာ ချထားခြင်း | သစ်တောပြုန်းတီးမှု လျော့နည်းစေရန်အတွက် မြို့ပြစီမံကိန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များအတိုင်း လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်ရန်။<br>ရွှေ့ပြောင်းခံရသည့် ဒေသခံများအား ထောက်ပံ့ရာတွင် လက်ရှိတည်ထောင်ပြီး စိုက်ပျိုးဧရိယာများတွင် သီးနှံတိုးမြှင့်စိုက်ပျိုးစေခြင်းနှင့် ပိုမိုကောင်းမွန်သည့် စိုက်ပျိုးနည်းစနစ်များ ပြသပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရန်၊<br>သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ လျော့နည်းစေရန်အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများမှ ဆောင်ရွက်မည့် ပြန်လည်နေရာချထားရေး အစီအစဉ်များ ရေးဆွဲရာတွင် လမ်းညွှန်ဆောင်ရွက်ရန်နှင့် စိစစ်ကြီးကြပ်ရန်။ |
| ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာခြင်း။ | အလယ်အလတ်စားနှင့် အကြီးစား ရေလုပ်ငန်းများ သို့မဟုတ် လုပ်ကွက်များ မစတင်မီ SIA/EIA များ အကောင်အထည်ဖော် ဆောင်ရွက်စေရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် ကာဗွန်သိုလှောင်မှု ပမာဏ နှင့် ငွေကြေးတန်ဖိုးများ၊ သစ်တောပြုန်းတီးမှုအပေါ် သက်ရောက်မှုများကို ထည့်သွင်း တွက်ချက်စေရန်နှင့် ရှင်းလင်းဖယ်ရှားမည့် သစ်တောဧရိယာနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများ အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်သွားရန်။ ထိရောက်သည့် EIA/SIA သုံးသပ်စိစစ်ခြင်းစနစ်များ တည်ထောင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများမှ မူလသတ်မှတ်ထားသော ထိခိုက်မှုလျှော့ချမည့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သွားရန်။ |
| | **အခြား ဆောင်ရွက်မည့် မဟာဗျူဟာများ** |
| | သစ်တောကဏ္ဍနှင့် ဆက်စပ်ကဏ္ဍများရှိ မူဝါဒများအကြား ရှုပ်ထွေးမှုများ ဖြစ်လာနိုင်သည့် အခြေအနေများကို ဖော်ထုတ်၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ချမှတ်ရန်နှင့် မူဝါဒ အကြံပေးအဖွဲ့သို့ အကြံပြုတင်ပြနိုင်ရန်အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းသွားရန်၊ မူဝါဒအကြံပေး အဖွဲ့မှ သုံးသပ်အတည်ပြုသည့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အထက်ဌာန အစိုးရအဖွဲ့သို့ တင်ပြ သွားရန်၊ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ဆက်စပ်ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုများ သေချာစွာ ဆောင်ရွက်သွားရန် (*မြန်မာ့သစ်တော မူဝါဒ၊ ၁၉၉၅*)။<br>ချမှတ်ထားသော မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စီမံကိန်းများကို သစ်တောကဏ္ဍ ပြင်ပရှိ ဆက်စပ်ဌာနများနှင့် လိုက်လျောညီထွေဖြစ်စေရေး ပြင်ဆင်ဆောင်ရွက် သွားရန်နှင့် မြေအသုံးချမှု စီမံခန့်ခွဲခြင်းများ၊ မြေယာပိုင်ဆိုင်မှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ၊ အခြေခံအဆောက်အဦ တိုးမြှင့်တည်ဆောက်ခြင်းများတွင် သစ်တောကဏ္ဍမှ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် ရှုပ်ထွေးမှု မရှိစေရန်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ ဖော်ပြသွားရန်။<br>နိုင်ငံတော်၏ မြေအသုံးချမှုဆိုင်ရာ လုပ်ငန်းတို့ကို ကြီးကြပ်ကွပ်ကဲရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် အမျိုးသား မြေအသုံးချမှုဆိုင်ရာ အကြံပေးအဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းသွားရန်။ (*မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅*)။ မြေအသုံးချမှုစီမံခန့်ခွဲရာတွင် ပိုမိုကျစ်လစ်စေရန်အတွက် အောက်ဖော်ပြပါ အဖွဲ့ (၂) ဖွဲ့ကို |

| | |
|---|---|
| | ပေါင်းစပ် ဆောင်ရွက်သွားရန်- (၁) နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဖွဲ့စည်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် မြေယာခွဲဝေအသုံးချမှု စိစစ်ရေး ကော်မတီနှင့် ဒေသခံပြည်သူများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ကိုယ်စားလှယ်များပါဝင်သည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် နှင့် မြို့နယ်အဆင့် မြေအသုံးချမှုဆိုင်ရာ အကြံပေးကော်မတီများ၊ (၂) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီ။<br>မြေကို အမှန်တကယ် အသုံးပြုရန် အသင့်လျော်ဆုံး လုပ်ငန်းစဉ်များ သတ်မှတ်၍ မြေအသုံးချမှု စီမံချက်များကို ရေးဆွဲ ပြဋ္ဌာန်းရမည်။ စီမံချက်ကို ရေးဆွဲရာတွင်-<br>• မြေကို အသုံးပြုရန် အသင့်လျော်ဆုံး လုပ်ငန်းများအတွက် အသုံးပြုစေရန်၊<br>• နိုင်ငံတော် စုစုပေါင်း ဧရိယာကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် မြေအသုံးချမှု ပုံစံ အမျိုးမျိုးအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်နှင့် သဘာဝအရင်းအမြစ်များ ထိခိုက်ပျက်ဆီးမှု မရှိခင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို ကြိုတင် ဖြေရှင်းသွားရန်၊ *(မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅)*<br>ဖွံ့ဖြိုးမှုလုပ်ငန်း အားလုံးနှင့် ပတ်သက်၍ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုံခြုံစိတ်ချရသော အနိမ့်ဆုံး စံနှုန်းများကို သတ်မှတ်အတည်ပြုလျက် နည်းဥပဒေများ / စည်းမျဉ်းစည်းကမ်းများ ရေးဆွဲအကောင်အထည် ဖော်ခြင်းဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်းများ၏ လူမှုစီးပွားရေးနှင့် သဘာဝဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို မဖြစ်မနေ ဖော်ဆောင်သွားရန်။ *(မြန်မာ့သစ်တောမူဝါဒ၊ ၁၉၉၅)*<br>လက်ရှိ စီစဉ်ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများနှင့် ထပ်မံ ဆောင်ရွက်လာမည့် စီမံကိန်းများ၏ SIA/EIA များကို ပြန်လည်သုံးသပ်ရန်နှင့် သက်ဆိုင်ရာ ဖြေရှင်းဆောင်ရွက်မည့် အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်စိစစ်သွားရန်။ |

### ၃-၄-၃-၂ ပဏာမ ရွေးချယ်ထားသည့် REDD+ မဟာဗျူဟာများ၏ ဖြစ်နိုင်ခြေ လေ့လာခြင်းနှင့် အတည်ပြုခြင်း

REDD+ လုပ်ငန်းများ ကြိုတင်ပြင်ဆင်ခြင်းကာလအတွင်း ဆောင်ရွက်ရမည့် အဓိက ရည်ရွယ်ချက်တစ်ခုမှာ REDD+ ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများ အတည်ပြု ရွေးချယ်ရန် ဖြစ်ပါသည်။ ရွေးချယ်ထားသည့် မဟာဗျူဟာများကို REDD+ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအဆင့်တွင် စမ်းသပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အလားအလာရှိသည့် REDD+ မဟာဗျူဟာများကို လမ်းပြမြေပုံရေးဆွဲခြင်းကာလတွင် ကနဦး ဖော်ထုတ်သတ်မှတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး လုပ်ငန်းစဉ်များ ရေတိုကာလအတွင်း အောင်မြင်မှုများ ပြသနိုင်ရန်အတွက် သစ်တောပြုန်းတီးမှုနှင့် သစ်တော အတန်းအစားကျဆင်းမှုတို့ကို ဖြစ်စေသည့် အရေးကြီးသည့် တွန်းအားများနှင့် အခြေခံအကြောင်းအရင်းများကို ဦးစွာဖြေရှင်းနိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါ သည်။

တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများအကောင်အထည်ဖော် ဆောင်ရွက်ရန် အခက်အခဲ အတားအဆီးများ၊ အားနည်းချက်များ၊ အမှားအယွင်းများ၊ ယိုပေါက်များကို ဖော်ထုတ်သတ်မှတ်ရန်အတွက် သစ်တောကဏ္ဍ ဖွဲ့စည်းအုပ်ချုပ်မှုနှင့် လက်ရှိအခြေအနေအား လေ့လာ

ခြင်း (Forestry Sector Institutional and Context Analysis) ကို လမ်းပြမြေပုံ အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပထမအဆင့် အနေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ သစ်တောကဏ္ဍဆိုင်ရာ တွန်းအားများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အလားအလာရှိမည့် REDD+ ပဏာမ မဟာဗျူဟာများအား ဆက်လက် လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **ပထမအဆင့်သုံးသပ်ခြင်း** တွင် REDD+ လုပ်ငန်းစဉ် (၅)ခု အနက်မှ အောက်ဖော်ပြပါ လုပ်ငန်းစဉ်(၄) ခုအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မည်ကဲ့သို ပံ့ပိုးဆောင်ရွက်မည် ဟူသည့် အချက်ကို အလေးထား သုံးသပ်သွားမည် ဖြစ်ပါသည်-

(က) သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း၊

(ခ) စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု၊

(ဂ) သစ်တောကာဗွန်ရင်းမြစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊

(ဃ) သစ်တောကာဗွန်ရင်းမြစ်များ ပြန်လည်တိုးမြင့်စေခြင်း၊

ယခုကဲ့သို့ သစ်တောကဏ္ဍ ပြန်လည်သုံးသပ်ခြင်းများသည် လက်ရှိ မူဝါဒ၊ ဥပဒေများရှိ အရေးကြီးသော ချို့ယွင်းချက်များ၊ အတားအဆီးများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခွင့် အရေးတစ်ခုဖြစ်ပြီး၊ REDD+ အား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရန်နှင့် လမ်းပြမြေပုံတွင် ဖော်ပြထားသည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အချို့သော ပြဿနာများကို ဖြေရှင်း ဆောင်ရွက် နိုင်ရန် အခွင့်အလမ်းတစ်ခု ဖြစ်ပါသည်။

**ဒုတိယအဆင့်သုံးသပ်ခြင်း** တွင် သစ်တောပြုန်းတီးမှုဆိုင်ရာ တွန်းအားများကို ဖြေရှင်း ဆောင်ရွက်မည့် ကနဦး ရွေးချယ်ထားသည့် REDD+ ပဏာမ မဟာဗျူဟာများအား ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန်နှင့် ထိုမှတဆင့် **သစ်တောပြုန်းတီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း** လုပ်ငန်းစဉ်များကို ပံ့ပိုး ဆောင်ရွက်သွားနိုင်ရန်အတွက် သစ်တောကဏ္ဍ ပြင်ပရှိ တည်ဆဲမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ (အထောက် အပံ့ပေးသည့် အဖွဲ့အစည်း ဆိုင်ရာများ၊ ဖွံ့ဖြိုးရေးစီမံချက်များနှင့် ရေရှည်စီမံကိန်းများ အပါအဝင်) ကို လေ့လာ သုံးသပ် သွားမည်ဖြစ်ပါသည် (ဥပမာ- နိုင်ငံခြား/ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများ၊ စိုက်ပျိုးရေးကဏ္ဍ၊ မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်းနှင့် ခွဲဝေဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုကဏ္ဍ၊ အခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ မြေယာပိုင်ဆိုင်ခွင့် စသည်)။ ထိုသို့ ပြန်လည်သုံးသပ်ခြင်းအားဖြင့် မူဝါဒများ၊ ဥပဒေကြောင်းရပ်များကို လိုက်လျောညီထွေ ဖြစ်စေရေး ပြင်ဆင်ညှိနှိုင်းသွားနိုင်မည်ဖြစ်ပြီး၊ မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်း၊ ခွဲဝေချ ထားခြင်း၊ မြေယာဌာရမ်း အသုံးပြုခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အစိုးရ/ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ စီမံခန့်ခွဲခြင်းနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက် စေခြင်း လုပ်ငန်းစဉ်များတွင် ကဏ္ဍအလိုက် ရှင်းလင်းပြတ်သားသည့် လုပ်ပိုင်ခွင့်များ ချမှတ် နိုင်မည့် အကြံပြုချက်များ ရရှိနိုင်မည်ဖြစ်ပါသည်။

ပထမအဆင့်နှင့် ဒုတိယအဆင့် သုံးသပ်ခြင်းများကို တွန်းအားများနှင့် မဟာဗျူဟာများ ဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ပြန်လည်စိစစ်၍၊ မြန်မာဘာသာသို့ ပြန်ဆိုပြီး အမျိုးသားအဆင့် REDD+ ကွန်ယက်တွင် ပါဝင်သည့် အဖွဲ့ဝင်များအကြား ဖြန့်ဝေ၍ ဝေဖန်အကြံပြုချက်များ၊ အတည်ပြုချက်များ ရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြင်ဆင်ထားသည့် သစ်တော ကဏ္ဍနှင့် သစ်တောကဏ္ဍပြင်ပဆိုင်ရာ ပဏာမ မဟာဗျူဟာများကို ထပ်မံ၍ ပြန်လည် သုံးသပ် အတည်ပြုသွားနိုင်ရန် အမျိုးသားအဆင့် REDD+ ကွန်ယက် အဖွဲ့ဝင်များအားလုံး ပါဝင်မည့် အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ သွားမည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲမှ အတည်ပြုမည့် REDD+ ပဏာမ မဟာဗျူဟာများအား ဦးစားပေး အဆင့်များ သတ်မှတ်သွားမည်ဖြစ်ပါသည်။ ဦးစားပေးအဆင့် သတ်မှတ်ရာတွင် အောက်ဖော် ပြပါ စံချိန်စံညွှန်းများကို အခြေခံ၍ ခွဲခြားသွားမည် ဖြစ်ပါသည်-

(က) ကာဗွန်ပမာဏ အမြောက်အများ ထုတ်လွှတ်စေသည့် လက်ရှိတွန်းအားများ အား ဖြေရှင်းနိုင်မှု၊
(ခ) အနာဂတ်တွင် ကာဗွန်ပမာဏ များစွာ ထုတ်လွှတ်စေမည့် တွန်းအားများအား ဖြေရှင်းနိုင်မှု၊
(ဂ) သစ်တောကာဗွန်ရင်းမြစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ပိုမိုတိုးမြှင့်စေခြင်း နှင့် စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်ခြင်းများကို အထောက်အကူ ပြုမှု၊
(ဃ) ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်မှုပမာဏ၊
(င) ကုန်ကျစရိတ်တွက်ချေကိုက်မှု၊
(စ) အခွင့်အလမ်းကုန်ကျစရိတ်ပမာဏ၊
(ဆ) လက်ရှိဆောင်ရွက်နေသော စီမံကိန်းများအား ရန်ပုံငွေပူးတွဲထောက်ပံ့ခြင်းဖြင့် အဆင့်မြှင့်တင်နိုင်မှု အလားအလာ၊
(ဇ) ဆင်းရဲမွဲတေမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအပေါ် အထောက်အကူပြုနိုင်မှု၊
(ဈ) အမျိုးသမီးများနှင့် ဒေသခံလူမျိုးစုများ၏ အခန်းကဏ္ဍမြှင့်တင်ပေးနိုင်မှု၊
(ည) ဇီဝမျိုးစုံမျိုးကွဲနှင့် အခြားသော ဂေဟစနစ်ဝန်ဆောင်မှုများအား အထောက် အကူပြုနိုင်မှု၊

REDD+ မဟာဗျူဟာများအား အထက်ဖော်ပြပါ စံချိန်စံညွှန်းများနှင့်အညီ ဦးစားပေးအဆင့် သတ်မှတ်ခြင်း လုပ်ငန်းများကို တွန်းအားများနှင့်မဟာဗျူဟာများ ဆိုင်ရာလုပ်ငန်းအဖွဲ့မှ ကနဦးဆောင်ရွက်မည်ဖြစ်ပြီး၊ အောက်ဖော်ပြပါ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ဖြစ်စေသည့် အဓိက တွန်းအားများ၏ ကာဗွန်ထုတ်လွှတ်မှု ပမာဏနှင့် သိုလှောင်ထားသည့် ကာဗွန်ရင်းမြစ်များ လျော့နည်းစေမှု ပမာဏတို့ကို တိုင်းတာတွက်ချက်ခြင်းနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ကာဗွန်ထုတ်လွှတ်မှုပမာဏကို ခန့်မှန်းတွက်ချက်ခြင်း။
- REDD+ မဟာဗျူဟာများ၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အရှုံးအမြတ် တွက်ချက်ခြင်းအား ကာဗွန်ထုတ်လွှတ်ခြင်း လတ်တလော လျှော့ချနိုင်မှု အလား အလာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆက်စပ် အကျိုးကျေးဇူးများ၊ ဆင်းရဲမွဲတေမှု လျှော့ချနိုင်မည့် အလားအလာ၊ စားနပ်ရိက္ခာ ဖူလုံရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက် ရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ကူညီ ထောက်ပံ့ပေးနိုင်မှု အခြေအနေ၊ စဉ်ဆက်မပြတ်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် သစ်တောကာဗွန် ရင်းမြစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပိုမိုတိုးပွားစေခြင်း လုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေနိုင်မှု စသည်တို့ကို ထည့်သွင်းစဉ်းစား၍ တွက်ချက်လေ့လာခြင်း။
- လက်ရှိသစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများ (ဥပမာ- CF တည်ထောင်ခြင်း များ၊ ရွှေ့ပြောင်း တောင်ယာ ပပျောက်ရေးစီမံကိန်းစသည်) အပေါ် ရန်ပုံငွေထောက်ပံ့ ပေးနိုင်မှုအခြေအနေကို လေ့လာခြင်းနှင့် အဆိုပါလုပ်ငန်းစဉ်များနှင့် ဆက်စပ်သည့် REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကုန်ကျမည့် ရန်ပုံငွေအား ခန့်မှန်းတွက်ချက်ခြင်း။

အထက်ဖော်ပြပါ လေ့လာချက်များအား မြန်မာဘာသာသို့ ပြန်ဆို၍ အမျိုးသားအဆင့် REDD+ ကွန်ယက် အဖွဲ့ဝင်များထံသို့ ချပြကာ သဘောထားမှတ်ချက်များ ရယူဆောင်ရွက် မည်ဖြစ်ပါသည်။ ရရှိလာသည့် သဘောထားမှတ်ချက်များ အပေါ်အခြေခံ၍ အပြီးသတ် လေ့လာခြင်း အစီရင်ခံစာကို ရေးဆွဲမည်ဖြစ်ပါသည်။ REDD+ မဟာဗျူဟာများ ဦးစားပေး အဆင့် သတ်မှတ်ရာတွင် အဆိုပါ အပြီးသတ်အစီရင်ခံစာတွင်ပါဝင်သည့် အချက်များ ကိုသာ အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးစားပေးအဆင့် သတ်မှတ်ထားသည့် REDD+ မဟာဗျူဟာများကို အမျိုးသားအဆင့် REDD+ ကွန်ယက် အဖွဲ့ဝင်များအားလုံး ပါဝင်မည့် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပကာပြန်လည်သုံးသပ် အတည်ပြုသွားမည် ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဒေသ အဆင့် ဆွေးနွေးပွဲများ ဆက်လက်ကျင်းပကာ ဆက်စပ်ပတ်သက်သူများ အားလုံး၏ အကြံ ဉာဏ်များ၊ သဘောထားမှတ်ချက်များကို ရယူသွားမည် ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ် များကို ပုံ (၃-၃) တွင် ဖော်ပြထားပါသည်။




**ပုံ (၃-၃) ပဏာမ ရွေးချယ်ထားသည့် REDD+မဟာဗျူဟာများ၏ ဖြစ်နိုင်ခြေဆန်းစစ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်**

ဦးစားပေးဆောင်ရွက်မည့် မဟာဗျူဟာများ ရွေးချယ်အတည်ပြုခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲတွင် တက်ရောက်လာမည့် ကိုယ်စားလှယ်များ ရွေးချယ်အတည်ပြုနိုင်ရန် အောက်ဖော်ပြပါ နည်းလမ်း(၃)မျိုးကို တင်ပြဆွေးနွေးသွားမည် ဖြစ်ပါသည်-

(၁) ကာဗွန်ထုတ်လွှတ်မှုကို အချိန်တိုအတွင်း သိသာထင်ရှားစွာ အမှန်တကယ် လျော့ကျစေနိုင်မည့် တွန်းအားများ သို့မဟုတ် အခြေခံအကြောင်းအရင်းများ အလိုက် ဖြေရှင်းနိုင်မည့် မဟာဗျူဟာ အချို့ကို အလေးထား အကောင်အထည် ဖော်သွားရန်။ ဤလမ်းစဉ်၏ အားသာချက်မှာ မိမိတို့ရှိ လူအင်အား၊ ငွေအင်အား အကန့်အသတ်ဖြင့် အလေးထားဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ကဏ္ဍအလိုက် ကျွမ်းကျင်သူ ပညာရှင်များ မွေးထုတ်သွားနိုင်မည်ဖြစ်ပါသည်။ အားနည်းချက်မှာ လက်ရှိ အချိန်တွင် အရေးမကြီးသော်လည်း နောင်တွင် အရေးပါလာနိုင်သည့် အချို့သော တွန်းအားများအား ဖြေရှင်းဆောင်ရွက်ခြင်းဆိုင်ရာ အတွေ့အကြုံ အားနည်းလာနိုင် ပါသည်။

(၂) တစ်ချိန်တည်းမှာပင် တွန်းအားများအားလုံးကို ဖြေရှင်းဆောင်ရွက်သွားရန်။ ဤလမ်းစဉ်၏ အားသာချက်မှာ ကဏ္ဍပေါင်းစုံတွင် အတွေ့အကြုံများ ရရှိမည်ဖြစ်ပြီး၊ လုပ်ငန်းတိုးတက်မှုများ ဘက်ပေါင်းစုံတွင် ရှိလာမည်ဖြစ်ပါသည်။ သို့ရာတွင် လမ်းစဉ်(၁)ပါ တွန်းအားအချို့ကို အလေးထား ဖြေရှင်းသည့် နည်းလမ်းတွင် အသုံးပြုမည့် ရန်ပုံငွေရင်းနှီးမြှုပ်နှံမှု ပမာဏအတိုင်း ဆောင်ရွက်သော်လည်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချနိုင်မည့် ပမာဏမှာ လမ်းစဉ်(၁) ထက် လျော့နည်းမည် ဖြစ်ပါသည်။

(၃) နည်းလမ်း (၁) နှင့် (၂) အား ပေါင်းစပ်၍ တစ်ဖက်မှ ကာဗွန်ထုတ်လွှတ်မှု အချိန်တိုအတွင်း သိသာထင်ရှားစွာ လျှော့ချနိုင်မည့် တွန်းအားများကို ဖြေရှင်းနိုင်ရန်နှင့် အခြားတစ်ဖက်မှလည်း အနာဂတ်တွင် အရေးပါလာနိုင်သည့် တွန်းအားများကို ဖြေရှင်းနိုင်မည့် စွမ်းဆောင်ရည်များ တည်ဆောက် သွားရန်။

REDD+ မဟာဗျူဟာများ ရွေးချယ်သတ်မှတ်ခြင်း နောက်ဆုံးအဆင့်မှာ လက်တွေ့လုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာများကို ရှေ့ပြေး စမ်းသပ်ဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့် လက်တွေ့ လုပ်ငန်းအစီအစဉ်များ (activity packages)၊ စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များ (governance measures) အား အထောက်အကူပြုနိုင်မည့် နည်းစနစ်များကို ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ လက်တွေ့စမ်းသပ်ဆောင်ရွက်ရန် ရွေးချယ်ထားသည့် လုပ်ငန်းအစီအစဉ်များကို ဌာနမှ ဆောင်ရွက်လျက်ရှိသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများအပေါ် အခြေခံ၍ ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် သက်ဆိုင်ရာ REDD+ မဟာဗျူဟာများအား ဆောင်ရွက်ဆဲ စီမံကိန်းများတွင် ပေါင်းစပ်သွားနိုင်မည်ဖြစ်ပြီး၊ REDD+ ကြိုတင်ပြင်ဆင်ခြင်းကာလ၌ အချိန်တိုအတွင်း စမ်းသပ်ဆောင်ရွက်မည့် လုပ်ငန်းများမှ လက်ငင်းအကျိုးရရှိစေရန် မျှော်မှန်းခြင်းများမှ ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ ထိုနည်းတူစွာ လုပ်ငန်းအစီအစဉ်များ စမ်းသပ်ဆောင်ရွက်ရာတွင်လည်း လက်ရှိ REDD+ ရှေ့ပြေး စီမံကိန်းများအပေါ် အခြေခံ၍ ဖြည့်စွက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရှေ့ပြေးစီမံကိန်းများမှ အတွေ့အကြုံများကို အမျိုးသားအဆင့် REDD+ ဆိုင်ရာ မူဘောင်နှင့် ဖွဲ့စည်းမှုစနစ်များ (National REDD+ Framework and Systems) ရေးဆွဲရာတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ပါသည်။ နိုင်ငံအဆင့် ကြိုတင်ပြင်ဆင်ခြင်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် REDD+ ရှေ့ပြေးစီမံကိန်းများ၌ ပေါင်းစပ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

စီမံအုပ်ချုပ်ခြင်းဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လျာထားသတ်မှတ်ထားသည့် ပဏာမ မဟာဗျူဟာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အဆိုပါ ပဏာမ မဟာဗျူဟာများမှာ ဇယား (၃-၁၁) နှင့် (၃-၁၂) တို့တွင် ကနဦးဖော်ထုတ် သတ်မှတ်ထားသည့် REDD+ မဟာဗျူဟာများကို အခြေခံ၍ ရွေးချယ်

သတ်မှတ်ထားခြင်းဖြစ်ပြီး၊ တွန်းအားများနှင့်မဟာဗျူဟာများ ဆိုင်ရာလုပ်ငန်းအဖွဲ့မှ ပြန်လည်သုံးသပ် အတည်ပြုသွားမည်ဖြစ်ပါသည်-

- အမျိုးသားအဆင့် သစ်ထုတ်လုပ်ခြင်း နည်းစနစ်များ သတ်မှတ်ချက်စံ (National Harvesting Code of Practice) များနှင့် စဉ်ဆက်မပြတ် သစ်တောအုပ်ချုပ်လုပ်ကိုင်ခြင်းဆိုင်ရာ စံများနှင့် အညွှန်းများကို ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံအဆင့် မြန်မာ့သစ်ထောက်ခံချက် စံနှုန်းများ၏ အခြေခံမူဝါဒများ၊ စံသတ်မှတ်ချက်များ ရေးဆွဲပြဋ္ဌာန်းသွားရန်၊
- သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် NGOs ဝန်ထမ်းများအတွက် ရည်ရွယ်သည့် မြန်မာ့ ရွေးချယ်ခုတ်လှဲနည်းစနစ် (MSS) နှင့် ပူးပေါင်းပါဝင်သည့် သစ်တောအုပ်ချုပ်မှု နည်းစနစ်များ (ဥပမာ- ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေး၊ ပုဂ္ဂလိကနှင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများစသည်) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းအစီအစဉ်များ ရေးဆွဲရန်၊
- အခွန်စနစ်များ (ဥပမာ- တင်ပို့ခွန်၊ တန်ဖိုးမြှင့်ပမာဏအလိုက် လျှော့ပေါ့ခွန်၊ ပုဂ္ဂလိက ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ကာဗွန်ခွန်၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမှု တန်ဖိုးပေးလျော်ခြင်းစနစ် (Polluter pay principle) အပေါ် အခြေခံ၍ ကောက်ခံသည့်အခွန်စသည်) စမ်းသပ်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေဆန်းစစ်ခြင်းဆိုင်ရာ လေ့လာမှုများ ဆောင်ရွက်သွားရန်၊
- သစ်တောထွက်ပစ္စည်းများအား သုံးစွဲသူများ သက်သာစေရန် ရည်ရွယ် ဖြန့်ဖြူးပေးသည့် ကိစ္စမျိုးမှအပ ဈေးကွက်ရှိ ပကတိအခြေအနေကို ကိုယ်စားပြုသည့် ဈေးနှုန်းစနစ် ပြန်လည် တည်ထောင်သွားရန်၊
- ပြည်တွင်း သစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများ၊ ရင်းမြစ်များကို ပြန်လည်သုံးသပ်ကာ သစ်ခွဲစိတ်ခြင်းနှင့် ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းများတွင် စွမ်းဆောင်ရည် ပိုမွန်ကောင်းမွန်လာစေရေး မြှင့်တင်ဆောင်ရွက်သွားရန်၊
- တရားမဝင်သစ်ထုတ်ယူခြင်းများအား တိုက်ဖျက်ရန် အမျိုးသားအဆင့် မဟာဗျူဟာနှင့် စီမံချက်များ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊
- စီးပွားရေးနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းများ (ပုဂ္ဂလိက လုပ်ငန်းများ)နှင့် နိုင်ငံတော်မှ သစ်တောနယ်မြေများအား စီမံအုပ်ချုပ်ခြင်းများ ကဲ့သို့ ပုဂ္ဂလိကပိုင် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ ဖြစ်ပေါ်လာနိုင်သည့် အလားအလာကို လေ့လာသုံးသပ်ဖော်ထုတ်သွားရန်၊
- အမြဲတမ်းသစ်တောနယ်မြေများ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆွေးနွေးညှိနှိုင်းရန်နှင့် အမြဲတမ်း သစ်တောနယ်မြေ နယ်နိမိတ်များအား ဒေသခံများမှ သိရှိလက်ခံလာစေရန်အတွက် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်သည့် သစ်တောနယ်နိမိတ်ပြန်လည်ဆန်းစစ်ခြင်းဆိုင်ရာ နည်းစနစ်များနှင့် လမ်းညွှန်များ ရေးဆွဲ ဆောင်ရွက်ရန်၊

- သစ်တောအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် REDD+ အပြင် အခြားရေရှည် ရန်ပုံငွေထောက်ပံ့မည့် အစီအစဉ်များ (ဥပမ- ကာဗွန်အခွန်ကောက်ခံခြင်း၊ သစ်တောကဏ္ဍ ပြင်ပရှိ ကာဗွန်များနှင့် ခုနှိမ်ခြင်းစသည်) အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို လေ့လာသုံးသပ်ခြင်းနှင့် ရန်ပုံငွေ တည်ထောင်ခြင်း လုပ်ငန်းစဉ်စနစ် (dedicated basket funding mechanism) တစ်ခု တည်ထောင်သွားရန်၊
- သစ်တောကဏ္ဍဆိုင်ရာ တည်ဆဲဥပဒေမူဘောင်များ ပြန်လည်သုံးသပ်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော မူဝါဒဆိုင်ရာ အခက်အခဲများ၊ အားနည်းချက်များ၊ အမှားအယွင်းများ၊ ယိုပေါက်များကို ပြင်ဆင်နိုင်မည့် နည်းလမ်းများ အဆိုပြုတင်ပြသွားရန် (ဥပမာ- သစ်တောဥပဒေပါ CFI ဆိုင်ရာ ပြဋ္ဌာန်းချက်များအား ပြန်လည်သုံးသပ်ခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းမှ ကာကွယ်နိုင်ရန် ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများမှ သစ်တော၊ သစ်ပင် ပိုင်ဆိုင်မှု စနစ်များ ပိုမိုဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း၊
- ရွှေ့ပြောင်းတောင်ယာစနစ် တည်ငြိမ်ပပျောက်ရေးအတွက် ဒေသခံပြည်သူ အခြေပြု သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များ ထည့်သွင်းရေးဆွဲ၍ အမျိုးသား CF ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒ တစ်ခု ချမှတ်ဆောင်ရွက်ရန်၊
- ကဏ္ဍအလိုက် SIA/EIA ဆိုင်ရာ လမ်းညွှန်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်စေရန် (ရင်းနှီးမြှုပ်နှံသူများမှ လိုက်နာဆောင်ရွက်ရမည့် EIA/SIA လမ်းညွှန်ချက်များနှင့် ကြီးကြပ်စိစစ်မည့် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များဟူ၍ လမ်းညွှန်ချက် (၂)ခု ထုတ်ပြန်ရန်)၊ ထိုသို့ ဆောင်ရွက်ရာတွင် ကာဗွန်သိုလှောင်မှု ပမာဏနှင့် ငွေကြေးတန်ဖိုးများ၊ သစ်တောပြုန်းတီးမှုအပေါ် သက်ရောက်မှုများကို ထည့်သွင်းတွက်ချက်စေရန်နှင့် ရှင်းလင်းဖယ်ရှားမည့် သစ်တောဧရိယာနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်သွားရန်။ ထိရောက်သည့် EIA/SIA သုံးသပ်စိစစ်ခြင်းစနစ်များ တည်ထောင်ရန်နှင့် သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍနှင့် အခြေခံအဆောက်အဦများကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမည့်သူများမှ လိုက်နာဆောင်ရွက်ရမည့် ထိခိုက်မှုလျော့ချရေး စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်သွားရန်။
- UN-REDD Corruption Risk Assessment လမ်းညွှန်ချက်များကို အခြေခံ၍ ပြဋ္ဌာန်းထားသော ဦးစားပေးလုပ်ငန်း အစီအစဉ်များကို အခြေခံ၍ အကျင့်ပျက်ချစားမှု တိုက်ဖျက်ရေး အစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊
- အောက်ဖော်ပြပါ နိုင်းယှဉ်လေ့လာချက်များကို ဆောင်ရွက်သွားရန်- (၁) သစ်တောကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့မှ ဂေဟစနစ်ဝန်ဆောင်မှုများ တိုက်ရိုက် သို့မဟုတ်

သွယ်ဝိုက် ထောက်ပံ့မှုများကို ငွေကြေးတန်ဖိုး တွက်ချက်ဖော်ပြခြင်း (သစ်တော ကာဗွန် အပါအဝင်)၊ (၂) သစ်တောကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူပြုစေရန်နှင့် အမျိုးသားအဆင့် စီမံကိန်းရေးဆွဲရေးအဖွဲ့များနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ထောက်ခံချက်များကို ရရှိစေရန်အတွက် သစ်တော ကဏ္ဍ လုပ်ငန်းစဉ်များ၏ စီးပွားရေးအရ အကျိုးသက်ရောက်မှုအားလုံးကို တွက်ချက်လေ့လာရန် (*မြန်မာ့သစ်တော မူဝါဒ၊ ၁၉၉၅*)၊ (၃) သစ်တောကဏ္ဍ ရင်းနှီး မြှုပ်နှံမှုများမှ ရရှိလျက်ရှိသော အခွန်တော်ငွေများနှင့် ငွေကြေးတန်ဖိုး မဟုတ်သည့် အခြားအကျိုးကျေးဇူးများကို နှိုင်းယှဉ်လေ့လာရန်။

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြေယာခွဲဝေအသုံးချမှု စိစစ်ရေးကော်မတီ က အကောင်အထည်ဖော် ဆောင်ရွက်မည့် မြေအသုံးချမှု စီမံချက်ရေးဆွဲခြင်းနှင့် ပုဂ္ဂလိက လုပ်ကွက်များ (သစ်တောနယ်မြေအတွင်း စီးပွားရေးနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းများ အပါအဝင်) ခွင့်ပြုချထားပေးခြင်းများအတွက် အမျိုးသားအဆင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံရမည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့် စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊

## ၃-၅ REDD+ လုပ်ငန်းများ စမ်းသပ်ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်

ကြိုတင်ပြင်ဆင်ခြင်းအဆင့် ပြီးစီးပါက မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် တိုင်ပင် ဆွေးနွေးခြင်း လုပ်ငန်းစဉ်များမှ ရွေးချယ်ထားသည့် REDD+ လုပ်ငန်းစဉ်များကို သရုပ်ပြ စမ်းသပ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ သရုပ်ပြ စမ်းသပ်ဆောင်ရွက်ရာတွင် စီမံကိန်းဒေသများ ရွေးချယ်သတ်မှတ်နိုင်ရန်နှင့် ဒေသအလိုက် ဆောင်ရွက်မည့် လုပ်ငန်း စဉ်များချမှတ်နိုင်ရန်အတွက် စီမံချက်များ ရေးဆွဲ ဆောင်ရွက်ရန် လိုအပ်လာပါသည်။

### *၃-၅-၁ သရုပ်ပြလုပ်ငန်းများ ဆောင်ရွက်မည့်ဒေသနှင့် လုပ်ငန်းပမာဏ သတ်မှတ်ခြင်း*

မြန်မာနိုင်ငံ၏ သစ်တောများ စီမံအုပ်ချုပ်ရာ၌ ခရိုင်အဆင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ REDD+ ဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကိုလည်း ခရိုင်အဆင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ခရိုင်အဆင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု နယ်မြေများသည် ကာဗွန်လျှော့ချမှု ပမာဏကို တိုင်းတာရန် လုံလောက်သည့် ပမာဏ ဖြစ်ပါသည်။

REDD+လုပ်ငန်းစဉ် ပထမကာလဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်း အဆင့်တွင် စမ်းသပ်ဆောင်ရွက်လျက်ရှိသော သရုပ်ပြလုပ်ငန်းများနှင့် ဆက်စပ်မှုရှိစေရန်အတွက် ဒုတိယကာလဖြစ်သည့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအဆင့်အတွက် စမ်းသပ်ဆောင်ရွက်မည့် ရှေ့ပြေးစီမံကိန်းများကို ယခင်ဆောင်ရွက်ခဲ့သည့် စီမံကိန်း ဒေသများအပေါ် အခြေခံ၍ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ထိုသို့ စီမံကိန်းဒေသ (ခရိုင်) များ ရွေးချယ်ရာတွင် လက်ရှိစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာဒေသ၊ သရုပ်ပြစမ်းသပ်ကာလအတွက် ရန်ပုံငွေရရှိမှုအခြေအနေ၊ သစ်တောအမျိုးအစား သို့မဟုတ် တိုင်းဒေသကြီးများအပေါ် ကိုယ်စားပြုမှုပမာဏစသည်တို့ကို အခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကနဦးရွေးချယ်မည့် စီမံကိန်းဒေသ (ခရိုင်) တစ်ခုခြင်းစီအလိုက် ရွေးချယ်ဆောင်ရွက်မည့် ဧရိယာများ၏ အသေးစိတ်တည်နေရာများကို ဆက်လက်စိစစ်ရွေးချယ်သွားမည် ဖြစ်ပါသည်။ ထိုသို့ရွေးချယ် ဆောင်ရွက်ရာတွင် အသားတင် ဖန်လုံအိမ်ဓါတ်ငွေ့ လျော့ကျနိုင်မှုပမာဏ၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသားတင် အကျိုးကျေးဇူးအစရှိသည့် REDD+ ဆိုင်ရာ အကျိုးကျေးဇူးများ မည်မျှရရှိနိုင်မည် ဟူသော အချက်အပေါ် အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ အသေးစိတ် စိစစ်ရွေးချယ်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ကဏ္ဍများအလိုက် ရရှိနိုင်မည့် အချက်အလက်များအပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- သစ်တောဖုံးလွှမ်းမှုဧရိယာ ပြောင်းလဲမှုပမာဏ (အဝေးမှ စူးစမ်းလေ့လာခြင်း ဆိုင်ရာ သတင်းအချက်အလက်များအပေါ် အခြေခံတွက်ချက်ထားသည့် အချက်အလက်များ)၊
- ကာဗွန်သိပ်သည်းမှုပမာဏ (IPCC အဆင့် ၁ တွင် ဖော်ပြထားသည့် အခြေခံအချက်အလက်များအပေါ် မူတည်၍ ခန့်မှန်းတွက်ချက်ထားသည့် အချက်အလက်များ)၊
- လူမှုစီးပွားရေးဆိုင်ရာ ညွှန်းကိန်းများ (ဆင်းရဲမွဲတေမှုနှုန်းများ သို့မဟုတ် အခြားရရှိနိုင်သော အချက်အလက်များ)၊
- ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုအခြေအနေများ၊

အထက်ဖော်ပြပါ အချက်အလက်များဖြင့် တွက်ချက်ထားသည့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်အပေါ် မူတည်၍ စီမံကိန်းဒေသများကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် အဆိုပါရွေးချယ်ထားသော စီမံကိန်းဒေသများအား ဦးစားပေးအစီအစဉ်များ ရွေးချယ်သတ်မှတ်၍ လက်တွေ့ လုပ်ငန်းအစီအစဉ်များကို အသေးစိတ် ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၃-၅-၂ ခရိုင်အဆင့် လုပ်ငန်းစီမံချက်များနှင့် ရန်ပုံငွေလျာထားချက်များ သတ်မှတ်ခြင်း

REDD+ သရုပ်ပြစီမံကိန်းများ ဆောင်ရွက်မည့် ဦးစားပေးဒေသများ သတ်မှတ်ရွေးချယ်ပြီးပါ က သက်ဆိုင်ရာ ဒေသအလိုက် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို သိသာထင်ရှားစွာ ဖြစ်ပေါ်စေသည့် တွန်းအားများကို ရွေးချယ်နိုင်ရန် ဆက်စပ်ပတ်သက်သူများ ဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရွေးချယ်ထားသည့် တွန်းအားများကို REDD+ ရှေ့ပြေးစီမံကိန်းများမှ ဖြေရှင်းပေးနိုင် ခြင်း မရှိပါက အဆိုပါစီမံကိန်းဧရိယာကို ကနဦးရွေးချယ်ထားသည့် စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

REDD+ မဟာဗျူဟာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပေါင်းစပ်ဖြေရှင်းနိုင်သည့် တွန်းအားများရှိသော ဒေသများတွင် ဆောင်ရွက်မည့် REDD+ ရှေ့ပြေးစီမံကိန်းများနှင့် ရန်ပုံငွေတွက်ချက်မှုတို့ကို ပြန်လည်ရေးဆွဲမည့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များ ပြင်ဆင်သည့်အခါ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါသည်။ ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များတွင် REDD+ လုပ်ငန်းစဉ်များ ပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် ပုံမှန်သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာ၌ FPIC လုပ်ငန်းများထည့်သွင်း ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မည့် လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေခွဲဝေညှိနှိုင်းမှုများကို FPIC လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သဘောထား ရယူဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၃-၆ လျာထားဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် လိုအပ်မည့် ရန်ပုံငွေပမာဏ

| အမျိုးသားအဆင့် စီမံကိန်း လုပ်ငန်းများ | ငွေကြေး ထောက်ပံ့မည့် အဖွဲ့အစည်းများ | ပူးပေါင်း ဆောင်ရွက်မည့် အဖွဲ့များ | လျာထားဆောင်ရွက်မည့် REDD+ ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ | အသုံးပြုမည့် ရန်ပုံငွေ (၄ နှစ်) |
|---|---|---|---|---|
| **လုပ်ငန်းစဉ် (၃) REDD+ မဟာဗျူဟာများ ဖော်ထုတ်ခြင်းနှင့် ရွေးချယ်ဆောင်ရွက်ခြင်း** | | | | |
| **ရလာဒ် (၃-၁)။** သစ်တော ကဏ္ဍ ပြင်ပရှိ အဆိုပြု ရွေးချယ် ထားသော ပဏာမ မဟာဗျူဟာ များကို အတည်ပြု နိုင်မည် ဖြစ်ပါ သည်။ (အခန်း ၃-၄-၃-၂ တွင် ကြည့်ပါ) | UNDP, FAO, UNEP, FAO-GEF, ITTO, KFS | D&SD-TWG with F-TWG and L-TWG | • သစ်တောကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းနယ်ပယ်များကို ဆန်းစစ်လေ့လာခြင်း၊<br>• သစ်တောကဏ္ဍပြင်ပရှိ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်း၊<br>• UN-REDD ၏ အကျင့်ပျက် ခြစားမှုအန္တရာယ် လေ့လာဆန်းစစ်ခြင်း၊<br>• သစ်တောကဏ္ဍနှင့် သစ်တောကဏ္ဍပြင်ပတို့တွင် ဆောင်ရွက်မည့် ပဏာမ မဟာဗျူဟာများ ပေါင်းစပ် ညှိနှိုင်းခြင်း၊<br>• ပဏာမ ရွေးချယ်ထားသည့် သစ်တောကဏ္ဍနှင့် သစ်တောကဏ္ဍပြင်ပဆိုင်ရာ မဟာဗျူဟာများအား ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊<br>• သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ကိုဖြစ်စေသည့် တွန်းအားများ၏ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုနှင့် သိုလှောင်ထားသည့် ကာဗွန်ရင်းမြစ်များ ဖယ်ထုတ်မည့် ပမာဏများ၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ဖန်လုံအိမ် ဓါတ်ငွေ ထုတ်လွှတ်နိုင်မှု အလားအလာတို့ကို လေ့လာ တွက်ချက်ခြင်း၊<br>• REDD+ မဟာဗျူဟာများ၏ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တို့ကို နှိုင်းယှဉ် တွက်ချက်ခြင်း၊<br>• လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းများတွင် ပေါင်းစပ်ဆောင်ရွက်မည့် REDD+ လုပ်ငန်းများ၏ ခန့်မှန်း ကုန်ကျစရိတ်အပါအဝင် ဆောင်ရွက်ဆဲ သစ်တောစီမံကိန်းများအပေါ် REDD+ လုပ်ငန်းများမှတဆင့် ရန်ပုံငွေနှင့် အခြား ထောက်ပံ့ပေးနိုင်မှုများ ကြိုတင်ခန့်မှန်းခြင်း၊<br>• လုပ်ငန်းအဖွဲ့များမှ ဦးစားပေးအဆင့်သတ်မှတ် ထားသည့် ပဏာမ မဟာဗျူဟာများစာရင်း ပြုစုခြင်း၊<br>• ဦးစားပေးအဆင့်အလိုက် သတ်မှတ်ဖော်ပြထားသည့် မဟာဗျူဟာများစာရင်းအား ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ | ၉၀၀,၀၀၀ |

| အမျိုးသားအဆင့် စီမံကိန်း လုပ်ငန်းများ | ငွေကြေး ထောက်ပံ့မည့် အဖွဲ့အစည်းများ | ပူးပေါင်း ဆောင်ရွက် မည့် အဖွဲ့များ | လျာထားဆောင်ရွက်မည့် REDD+ ကြိုတင် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ | အသုံးပြုမည့် ရန်ပုံငွေ (၄ နှစ်) |
|---|---|---|---|---|
| **ရလာဒ် (၃-၂)**။ ပဏာမရွေးချယ်ထားသည့် မဟာဗျူဟာများ စမ်းသပ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခြားသော အထောက်အကူပြု လုပ်ငန်းစဉ်များ အကောင် အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ (အခန်း ၃-၄-၃-၂ ကို ကြည့်ပါ ) | UNDP, FAO UNEP, FAO-GEF, ITTO, KFS | D&SD-TWG | • လက်တွေ့ လုပ်ငန်းအစီအစဉ်များ (activity packages) အလိုက် ရွေးချယ်ထားသည့် REDD+ မဟာဗျူဟာများကို သရုပ်ပြ စမ်းသပ်ဆောင်ရွက်ခြင်း၊<br>• လုပ်ငန်းအစီအစဉ်များနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည့် စီမံကိန်းများ ဆောင်ရွက်ခြင်း၊ (အခန်း ၃-၄-၃-၂ တွင် ဖော်ပြထားသည့် လုပ်ငန်းများ) | ၅,၅၀၀,၀၀၀ |
| ရလာဒ် (၃-၃) REDD+ မဟာဗျူဟာများ စမ်းသပ် ဆောင်ရွက်မည့် အသေးစိတ် အစီအစဉ်များ ရေးဆွဲနိုင်မည် ဖြစ်ပါသည်။ | UNDP, FAO, UNEP | D&SD-TWG | • စီမံကိန်း စမ်းသပ်ဆောင်ရွက်မည့် ခရိုင်များ စာရင်း သို့မဟုတ် ကိုယ်စားပြု ခရိုင်များ သတ်မှတ်ဖော်ထုတ်ခြင်း၊<br>• ခရိုင်အတွင်း REDD+ ဆိုင်ရာ ဘက်စုံအကျိုး ကျေးဇူးများ ရရှိနိုင်မည့် ဦးစားပေးဒေသများ သတ်မှတ်ဖော်ထုတ်ခြင်း၊<br>• ကနဦးရွေးချယ်ထားသည့် ခရိုင်အလိုက် ဦးစားပေး ဒေသတစ်ခုချင်းစီ၏ REDD+ မဟာဗျူဟာများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အလားအလာကို အတည်ပြုနိုင်ရန် ဆက်စပ်ပတ်သက်သူများ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊<br>• ရွေးချယ်ထားသည့် ခရိုင်များအလိုက် REDD+ အကောင် အထည်ဖော် ဆောင်ရွက်မည့် စီမံချက် ရေးဆွဲခြင်း၊<br>• REDD+ လုပ်ငန်းများ စတင်အကောင်အထည် မဖော်မီ ဒေသခံများ၏ ကောင်းစွာ ကြိုတင်အသိပေး၍ သဘောထား ရယူခြင်း (FPIC) လုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>• ခရိုင်အဆင့် စီမံချက်များနှင့် ရန်ပုံငွေ လိုအပ်ချက်များကို ရေးဆွဲ တွက်ချက်ခြင်း။ | ၈၀၀,၀၀၀ |
| **စုစုပေါင်း** | | | | ၇,၂၀၀,၀၀၀ |

## အခန်း (၄) အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဘောင်များနှင့် လုံခြုံစိတ်ချမှု အစီအမံများ

**ရှင်းလင်းဖော်ပြချက်** ။ REDD+ Programme များ အမြင့်မားဆုံးနှင့် အထိရောက်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ တားဆီး ကာကွယ်ရန်နှင့် အပြုသဘောဆောင်သည့် အခြေအနေများတိုးမြှင့်နိုင်ရန် အတွက်လုံခြုံစိတ်ချမှု အစီအမံများလိုက်နာဆောင်ရွက်ထားမှု ရှိ/မရှိများတိုင်းတာစစ်ဆေး နိုင်ရန်အတွက် မူဘောင် များသတ်မှတ်ရန်ဖြစ်သည်။

အဓိကအချက်များမှာ-

- REDD+ အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဘောင်များတွင်ပါဝင်သည့် အရာများဖြစ်သည့် စုဖွဲ့မှု၊ ဥပဒေနှင့် ဘဏ္ဍာရေး၊
- စုဖွဲ့မှုပုံစံများအား ပုံမှန်ဆန်းစစ်လေ့လာခြင်း၊ Stakeholder များ စွမ်းဆောင်ရည်မြှင့် တင်ခြင်း၊ ထိရောက်သော သတင်းအချက်အလက်များစီမံအုပ်ချုပ်ခြင်းနှင့်ဆက်သွယ် ဆောင်ရွက်ခြင်းဖြင့် စုဖွဲ့မှုဆိုင်ရာမူဘောင်များအသက်ဝင် လှုပ်ရှားနိုင်စေရန်၊
- လက်ရှိ ဥပဒေဆိုင်ရာမူဘောင်များအား ပြန်လည်သုံးသပ်ခြင်းနှင့်လစ်ဟာနေသည့် ကွာခြားချက်များဖော်ထုတ်ခြင်း၊ REDD+ လုပ်ငန်းများထိထိရောက်ရောက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိဥပဒေများအား ပြင်ဆင် ခြင်း၊ လိုအပ်သော မူဝါဒအသစ်များ၊ ဥပဒေအသစ်များနှင့် လုပ်ထုံးလုပ်နည်း အသစ် များရေးဆွဲခြင်းဖြင့် မူဝါဒနှင့်ဥပဒေဆိုင်ရာမူဘောင်များကိုက်ညီစေခြင်း၊
- REDD+ ဆိုင်ရာအရင်းအမြစ်များစီမံခန့်ခွဲခြင်းနှင့် အကျိုးအမြတ်များခွဲဝေခြင်း (သို့) ဖြန့်ဖြူးပေးခြင်းတို့အတွက် ဘဏ္ဍာရေးဆိုင်ရာမူဘောင်များရေးဆွဲရန်၊
- Cancun သဘောတူညီချက်များ နောက်ဆက်တွဲ (၁) အရ ဖော်ပြထားသည့် လုံခြုံ စိတ်ချမှုအစီအမံများလိုက်နာနိုင်စေရန်အတွက် နိုင်ငံအဆင့် လူမှုရေးနှင့် ပတ်ဝန်း ကျင်ဆိုင်ရာ လုံခြုံစိတ်ချမှုအစီအမံများရေးဆွဲရန်၊
- လုပ်ငန်းလျာထားချက်နှင့် ဘဏ္ဍာရေးလိုအပ်ချက်

### *အခန်း ၄.၁ ။ REDD+ အကောင်အထည်ဖော်ဆောင်ရွက်မည့်မူဘောင်များတွင်ပါဝင်သည့် အရာများ*

မြန်မာနိုင်ငံအတွင်း ရွေးချယ်သတ်မှတ်ထားသည့် REDD+ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် REDD+ အကောင်အထည်ဖောင်ရွက်မည့်

မူဘောင်များသည် သင့်တော်သည့် စုဖွဲ့မှု၊ ထိန်းချုပ်မှုနှင့် စီစဉ်ဆောင်ရွက်မှုများကို ထောက်ပံ့ပေးမည်ဖြစ်သည်။

လိုအပ်သည့် အခြေခံအုတ်မြစ် (သို့) သင့်တော်သည့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဘောင်များမရှိပါက အသင့်တော်ဆုံးဖြစ်သည့် REDD+ မဟာဗျူဟာများအားအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပင် ဖြစ်နိုင်ချေရှိမည်မဟုတ်ပါ။

လုပ်ငန်းမူဘောင်များသည် ယုံကြည်စိတ်ချမှုရှိစေရန် သေချာရမည်၊ REDD+ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စောင့်ကြည့်လေ့လာခြင်းများတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် ထိရောက်ပြီးအကျိုးသက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များရရှိစေရန် ပံ့ပိုးကူညီရမည်ဖြစ် သည်။

ထိရောက်ပြီး စဉ်ဆက်မပြတ်စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးအတွက် အားထုတ်ဆောင်ရွက်မှုများ၊ ပွင့်လင်းမြင်သာသည့် ဆက်သွယ်ရေးကွန်ယက်များသည် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းမူဘောင်များဖြစ်ရန် ပါဝင်ပံ့ပိုးပေးမည်ဖြစ်သည်။

အရေးကြီးသည့်အချက်မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းမူဘောင်များတွင် လုပ်ငန်းအစီအစဉ်ဆောင်ရွက်ရန်ဖော်ပြပါရှိသည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ မူဘောင်ဖော်ပြချက်များပါဝင်ရမည်ဖြစ်ပြီး UNFCCC Cop16 အရ Cancun သဘောတူညီချက်တွင် ဖော်ပြထားသည့် REDD+ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံစိတ်ချမှုအစီအမံများ မြန်မာ နိုင်ငံအနေဖြင့် လိုက်နာဆောင်ရွက်မှုများ ဆန်းစစ်လေ့လာနိုင်ရန်အတွက် စနစ်တစ်ခု လိုအပ်ပါ သည်။

## အခန်း ၄.၂ ၊ စုဖွဲ့မှုပုံစံများအား အသက်ဝင်လှုပ်ရှားစေခြင်း

### *အခန်း ၄.၂.၁ အဆိုပြုစုဖွဲ့မှုပုံစံအားပြန်လည်လေ့လာခြင်း*

အခန်း ၁.၆ တွင်ဖော်ပြထားသည့် အဆိုပြု စုဖွဲ့မှုပုံစံတွင်ပါဝင်သည့် အစိတ်အပိုင်း အများစုသည် လက်တွေ့ရှိနေသည့်အဖွဲ့အစည်းများဖြစ်ခြင်း (သို့) အနည်းငယ်ပြင်ဆင်ရန်သာ လိုအပ်ခြင်းတို့ကြောင့် REDD+ Readiness အဆင့်လုပ်ငန်းများစတင်သည့် အစောပိုင်း အချိန်ကာလအတွင်း၌ပင် REDD+ စုဖွဲ့မှုပုံစံများ အဆင်သင့်ဖြစ်နေမည်ဟုမျှော်လင့်ထားပါသည်။ အဆိုပါ စုဖွဲ့မှုပုံစံ သည်လုပ်ငန်းဆောင်ရွက်ရန် တောင့်တင်းခိုင်မာမှုရှိ/မရှိ ကို နောင်(၂)နှစ် (၃)နှစ်အတွင်း စမ်း သပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အကယ်၍ တစ်နှစ်အကြာစမ်းသပ်ပြီးနောက် REDD+ စုဖွဲ့မှုပုံစံသည် အလုပ်မဖြစ်ပါက (သို့) အမြောက်အများပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံအဆင့် Stakeholder များ ဆွေးနွေးတိုင်ပင်ခြင်းပြုလုပ်၍ အခက်အခဲဖြစ်စေသည့် အပိုင်များအားဖြေရှင်းခြင်းနှင့် ဖြစ်နိုင်ချေရှိသည့် အခြားပြောင်းလဲမှုများဆောင်ရွက်သွားရမည်ဖြစ်သည်။

အကယ်၍ စုဖွဲ့မှုပုံစံသည် လုပ်ငန်းများဆောင်ရွက်ရန် အဆင်ပြေမှုရှိသည့်တိုင် ရရှိလာသည့် လုပ်ငန်းအတွေ့အကြုံများအရ ပြင်ဆင်မှုများဆောင်ရွက်ခြင်းနှင့် မရှင်းလင်းသည်များရှိပါက ဖြေရှင်းခြင်းများဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည့်အပြင် Readiness အဆင့်မှ နောက်တစ်ဆင့်သို့တက်ရန်အတွက် ဆောင်ရွက်ရာတွင် ပြင်ဆင်မှုများပြုလုပ်ရန်လိုအပ်ပါသည်။

ထို့ကြောင့် Readiness အဆင့် နောက်ဆုံးအချိန်ကာလတွင် နိုင်ငံအဆင့် Stakeholder များ ဆွေးနွေးတိုင်ပင်ခြင်းလုပ်၍ ပြန်လည်သုံးသပ်ခြင်းဆောင်ရွက်ရမည်ဖြစ်သည်။

ထိုကဲ့သို့ ပြန်လည်သုံးသပ်ခြင်းသည် နိုင်ငံအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များ ပိုမို မြင့်တင်နိုင်ရေးအတွက် အဆိုပြုနိုင်ခြင်းနှင့် ရေရှည်ဆောင်ရွက်သွားနိုင်မည့် စုဖွဲ့မှုပုံစံတည် ဆောက်ရေးတို့အတွက် အခွင့်အရေးများရရှိမည်ဖြစ်သည်။

ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် REDD+ လုပ်ငန်းစဉ်များသည် သစ်တောစီမံအုပ်ချုပ်ခြင်းလုပ်ငန်းများ၊ မြေအသုံးချခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

Readiness အဆင့်ပြီးဆုံးချိန်တွင် အနိမ့်ဆုံးအဆင့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အနီးကပ်တာဝန်ယူကြီးကြပ်ပြီး နိုင်ငံအဆင့်ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းရေးအဖွဲ့ (NECC) ၏လမ်းညွှန်ချက်များအောက်တွင် လုပ်ငန်းဆောင်ရွက်မည့် REDD+ Office မှ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ဆောင်ရွက်လျက်ရှိသည့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များအား ကူညီပံ့ပိုးပေးခြင်း၊ ဗဟုသုတများအားဖြန့်ဝေ ပေးခြင်းနှင့် Good Practice များအားမှတ်တမ်းတင်ထားရှိခြင်း၊ REDD+ လုပ်ငန်းမှတ်ပုံ တင်ခြင်းနှင့် သစ်တောများစောင့်ကြည့်လေ့လာခြင်းများကို ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါသည်။

နိုင်ငံအဆင့် REDD+ လုပ်ငန်းစဉ်များ Readiness အဆင့် ပြီးဆုံးချိန်အထိရည်မှန်း၍ စတင် ဆောင်ရွက်ပါက နိုင်ငံအဆင့် လမ်းပြမြေပုံရေးဆွဲရန် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်တွင် ရရှိခဲ့သည့် အကြံပြုဆွေးနွေးချက်များနှင့်အညီ ခရိုင်/မြို့နယ် အဆင့်သစ်တောအရာရှိများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ (သို့) REDD+ ရုံးများ တည်ဆောက်ခြင်းအတွက် ပြောင်းလဲမှုများလိုအပ်မည်ဖြစ်ပါသည်။

ထိုကဲ့သို့ ပြန်လည်သုံးသပ်ခြင်းများသည် REDD+ လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နိုင်ခြင်း နှင့်ချိတ်ဆက်နိုင်မည့် ဖြစ်နိုင်ခြေရှိသောပြောင်းလဲမှုများအား ဆန်းစစ်လေ့လာခြင်းနှင့် စုဖွဲ့မှုအစီ အစဉ်များအတွက် ယာယီ(သို့)အမြဲတမ်းပြောင်းလဲရန်အတွက် လိုအပ်ချက်များအဆိုပြုခြင်းများကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။

***အခန်း ၄.၂.၂၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း***

REDD+ အဆင်သင့်ဖြစ်စေရေးလုပ်ငန်းများနှင့် REDD+ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများတွင် အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည့်စုံမှုရှိပြီး

စဉ်ဆက်မပြတ် သင်ကြားလေ့လာမှုများသည် REDD+ ဆောင်ရွက်မည့် အစုအဖွဲ့များ အတွက် အဓိကကျသည့် လိုအပ်မှုတစ်ခုဖြစ်သည်။

REDD+ လုပ်ငန်းအစီအစဉ်များတွင် ၎င်းတို့ပါဝင်ရမည့်အခန်းကဏ္ဍများ၌ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရရှိစေရန် အတွက် Stakeholder အုပ်စုတစ်စုခြင်းစီအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခု ခြင်းစီအတွက်သော်လည်းကောင်း အရည်အသွေးပြည့်ဝသည့် သင်ကြားမှုလုပ်ငန်းစဉ်များ ရေးဆွဲဖော်ထုတ် ပေးရန်လိုအပ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်ရန်အတွက် အဆင့်(၃)ဆင့်ပါဝင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းအဆင့်(၃)ဆင့်ကို အခန်း ၄.၂.၁ တွင်ပါရှိသည့် အဆိုပြု REDD+ အဖွဲ့အစည်းများ စုဖွဲ့မှု ပြန်လည်သုံးသပ်ခြင်းအစိတ်အပိုင်းတစ်ခုအနေဖြင့် အကြိမ်ကြိမ် ဆောင်ရွက်သွားရမည် ဖြစ်သည်။

(၁) REDD+အတွက် အရည်အသွေးပြည့်ဝစေမည့် မူဘောင်တစ်ခု ရေးဆွဲခြင်း။ အဆိုပါ မူဘောင်ကို အခန်း ၁ တွင်ဖော်ပြထားသည့် REDD+ အဖွဲ့အစည်း စုဖွဲ့မှုတွင် ပါဝင်သည့် မတူညီသောအစိတ်အပိုင်းများ၏ အဖွဲ့ဝင်များနှင့် အခန်း (၂) တွင်ဖော်ပြထားသည့် Stakeholder များ ဖော်ထုတ်ခြင်းနှင့် အုပ်စုဖွဲ့ထားရှိခြင်းအပေါ်တွင် အခြေခံရမည်ဖြစ်သည်။

အဆိုပါ အရည်အသွေးပြည့်ဝစေမည့်မူဘောင်သည် သက်ဆိုင်ရာ Stakeholder အုပ်စုများမှ နိုင်ငံအဆင့် REDD+ လုပ်ငန်းအစီအစဉ်တွင် ၎င်းတို့၏ အခန်းကဏ္ဍများမှ အပြည့်အဝပူးပေါင်းပါဝင်စေရန်အတွက် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ကို ဖော်ထုတ်ပေးရမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများကို Stakeholders နှင့် Consultation ဆိုင်ရာလုပ်ငန်းအဖွဲ့မှ ဆောင်ရွက်ရမည်ဖြစ်သည်။

၎င်း အရည်အသွေးပြည့်ဝစေမည့်မူဘောင်တွင် နိုင်ငံအဆင့် REDD+ Stakeholder ကွန်ယက်တွင်ပါဝင်သည့် အဖွဲ့ဝင်များနှင့် အောက်ခြေအဆင့်တွင် လုပ်ကိုင်နေသော အစိုးရဝန်ထမ်းများနှင့်သက်ဆိုင်သည့် အသိပညာပေး လုပ်ငန်းများ၊ အထောက်အကူပြု သည့်လုပ်ငန်းများ၊ ဆွေးနွေးတိုင်ပင်ခြင်းများ၊ သင်တန်း ပို့ချမည့် သူများအတွက် ကျွမ်းကျင်မှုသင်တန်းများပါဝင်ရမည်ဖြစ်သည်။

(၂) REDD+ အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်ချက်များဆန်းစစ်လေ့လာခြင်းဆောင်ရွက်ရန် ပုံစံသတ်မှတ်ခြင်းနှင့် ဆောင်ရွက်ခြင်း (CBNA)။ အရည်အသွေးပြည့်ဝစေမည့်မူဘောင်ကို အခြေခံ၍ CBNA တွင် အဓိကလိုအပ်သည့် အရည်အသွေးများနှင့် နိုင်ငံအဆင့် REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်ရှိရမည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများနှင့်

Stake-holder အုပ်စုများအကြားကွာဟလျက်ရှိသော ဗဟုသုတနှင့် ကျွမ်းကျင်မှုများ သတ်မှတ်ဖော်ထုတ်ခြင်းများပါဝင်မည်ဖြစ်သည်။

CBNA အတွက် သဘောထားမှတ်ချက်များနှင့် ဆန်းစစ်လေ့လာမှုမှရရှိသည့်အဖြေများကို နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းအလုပ်ရုံဆွေးနွေးပွဲများတွင် ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းဆောင်ရွက်သွားမည်ဖြစ်သည်။

(၃) သင်တန်းများဖွင့်လှစ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။ CBNA မှအကြံပြုသဘောထားချက်များကို အခြေခံ၍ သတ်မှတ်ထားသည့် သင်တန်းများနှင့် အသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှ တာဝန်ဆောင်ရွက်ရမည်ဖြစ်သော်လည်း REDD+ အထူးလုပ်ငန်းအဖွဲ့မှ သင့်တော်မည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့ အစည်းများရွေးချယ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက ပြင်ပမှပညာ ရှင်များနှင့် အဖွဲ့အစည်းများ ခေါ်ယူခြင်းများကိုဆောင်ရွက်သွားရမည်ဖြစ်သည်။

စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများနှင့် အသိပညာပေးလုပ်ငန်းများအားလုံးတွင် အတွက် စီမံကိန်းများနှင့် လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့အစည်းများအကြား အမြင့်မားဆုံးသော ပူးပေါင်းဆောင်ရွက်မှုရရှိမှု သေချာစေရန် ပေါင်းစပ်ညှိနှိုင်းမှုများနှင့် စနစ်တကျ အကဲဖြတ် ဆန်းစစ်ခြင်းများကို Stakeholders Consultation & Safeguards လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်သည်။

RECOFTC မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် Grassroots Capacity Building for REDD+ (2013-2015) စီမံကိန်းသည် သစ်တောများအပေါ်တွင်မှီတင်းနေထိုင်သော အိမ် ထောင်စုများဖြစ်သည် ဒေသခံပြည်သူအစုအဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးများ၊ ဒေသခံပြည်သူအစုအဖွဲ့များအခြေပြုသည့် အသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် သတင်းသမားများအား အသိပညာပေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းများတွင် ထိထိရောက် ရောက်ပါဝင်အားဖြည့်ပေးနိုင်မည်ဟု မျှော်လင့်ထားပါသည်။

RECOFTC စီမံကိန်းအနေဖြင့် အဆိုပါအခြေခံလူတန်းစားများ REDD+ စီမံကိန်းရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်နိုင်ရန် အတွက် ထိရောက်စွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ၎င်းတို့၏သဘောထားအမြင်များကို မူဝါဒများချမှတ်မည့်သူများထံသို့ဆက်သွယ်တင်ပြခြင်းနှင့် ဒေသရှိ လူမှုစီးပွားရေးများဖွံ့ဖြိုးရေးအတွက် REDD+ မှရရှိရန် အလားအလာရှိသည့် အကျိုးအမြတ်များခံစားခွင့်ရရှိသည့် နေရာတွင်ရှိကြောင်းကိုပြသနိုင်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ကူညီသွားမည်ဖြစ်ပါသည်။

ငင်းစီမံကိန်းသည် Readiness အတွက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများမှာ-

- အခြေခံလူတန်းစားအဆင့် Stakeholders များအတွက် CBNA ဆောင်ရွက်ခြင်း၊
- Training Packages များပြုစုခြင်း
- စီမံကိန်းလက်တွဲအကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း၊ နိုင်ငံအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် Facilitators များ၊ အခြား Stakeholders များ အနေဖြင့် အခြေခံလူတန်းစားများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း ဗဟုသုတများမြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင်မည်ကဲ့သို့ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ကို သိရှိစေရန်အတွက် သင်တန်းများပို့ချခြင်း၊
- အခြေခံလူတန်းစားများအတွက် သင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

## အခန်း ၄.၂.၃။ ဆက်သွယ်ရေးမဟာဗျူဟာနှင့် သတင်းအချက်အလက်များစီမံအုပ်ချုပ်ခြင်း

### *အခန်း ၄.၂.၃.၁ REDD+ ဆက်သွယ်ရေးမဟာဗျူဟာ*

REDD+ ၏ရှုတ်ထွေးမှုနှင့် အကျိုးဆက်စပ်ပတ်သက်သူများပါဝင်မှု များပြားခြင်းတို့ကြောင့် REDD+ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် နိုင်ငံ၏ မျှော်မှန်းချက်များအပေါ် ထိရောက်သည့် ဆက်သွယ်ရေးမဟာဗျူဟာတစ်ခုကို ချမှတ်နိုင်ရေးသည် အလွန်အရေးကြီးပါသည်။

REDD+ လမ်းပြမြေပုံရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ဆက်သွယ်ရေးမဟာဗျူဟာ၏ အခန်းကဏ္ဍသည် Stakeholders များမှ သစ်တောကဏ္ဍနှင့် REDD+ အစီအစဉ်တွင် ဖြစ်နိုင်ခြေရှိသော ၎င်းတို့၏အခန်းကဏ္ဍများအတွက် ၎င်းတို့လိုအပ်သည့် သတင်းအချက်အလက်များ ရရှိမှု သေချာစေရန်ဖြစ်ပါသည်။

ထို့ကြောင့် ၎င်းမဟာဗျူဟာဒီဇိုင်းသည် REDD+ အစီအစဉ်များအတွက် အထောက်အပံ့ဖြစ်မှု သေချာစေရန်အတွက်သာမက Stakeholder များအနေဖြင့် အစီအစဉ်များတွင် မည်ကဲ့သို့ပါဝင် ရမည်နှင့် ပါဝင်မည်/မဝင်မည်ကို လွတ်လပ်ပြီး ကြိုတင်သတင်းအချက်အလက်များ ရယူခြင်း ဖြင့် ဆုံးဖြတ်နိုင်ရန်အတွက်လည်းဖြစ်ရမည်ဖြစ်သည်။

ထို့ကြောင့် Stakeholder များအား REDD+ အစီအစဉ်လိုအပ်ချက်အရ ၎င်းတို့၏ အပြုအမူများပြောင်းလဲရမည့်အခြေအနေများအားလုံး သိရှိရန်အတွက် ဖော်ပြပေးဖို့လိုပါမည်။

REDD+ ဆောင်ရွက်ရာတွင် additionality အခြေခံသဘောတရားအရ ထိုကဲ့သို့သော ပြောင်းလဲမှုများသည် REDD+ မလုပ်ခဲ့ဘူးဆိုလျှင် ဆိုသည့်ယူဆချက်တွင် ဆောင်ရွက်ရန်

လိုအပ်မည် မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိုက်ရိုက်၊ သွယ်ဝိုက် (သို့) အခွင့်အရေးနှင့်ပေးဆပ်ရမည့်စရိတ်များ ပါဝင်လာမည်ဖြစ်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ထိုကဲ့သို့ပြောင်းလဲမှုများသည် ယေဘူယျအားဖြင့် အကျိုးအမြတ်မရှိဟု ထင်မြင်ယူဆကြခြင်း (သို့) လက်ရှိရပိုင်ခွင့်အပေါ် ထိခိုက်စေမည့်/ဒုက္ခဖြစ်စေမည့် လုပ်ရပ်ဟု မြင်ကြပါသည်။

REDD+ အစီအစဉ်သည် ငွေကြေးဆိုင်ရာအရင်းအမြစ်များယူဆောင်လာမည်ဖြစ်သဖြင့် ထိုကဲ့သို့သော အပြုအမူပြောင်းလဲမှုများအတွက် ထိုက်တန်မည်ဖြစ်ပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အလေးပေးစဉ်းစားရမည့်အချက်မှာ သတ်မှတ်ထားသည့် သစ်တောများပေါ်မှီခိုသည့်လူများအတွက် အသိပညာပေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဝေပေးခြင်းကို လက်တွေ့ကျသည့် (သို့) ငွေကြေးဆိုင်ရာအထောက်အပံ့များ ဥပမာ စွမ်းဆောင်ရည်မြှင့်တင် ခြင်းဆိုင်ရာလုပ်ငန်းများ ပေးရမည်ဖြစ်သည်။

Stakeholders များအနေဖြင့် သတင်းအချက်အလက်များကို ယဉ်ကျေးမှုအရ သင့်တော်သည့် အပြုအမူဖြင့် အချိန်မှီရရှိမှုသေချာစေရန်အတွက် REDD+ အကောင်အထည်ဖော်ဆောင်ရွက် နေသည့်ကာလအတွင်း သတ်မှတ်ထားသည့် မတူညီသော Stakeholders များအတွက် မတူကွဲပြားသည့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ ပစ္စည်းများ လိုအပ်ပါသည်။

Stakeholders Consultation & Safeguards လုပ်ငန်းအဖွဲ့အနေဖြင့် ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲများ ဆိုင်ရာသဘောတူညီချက်(CBD) မှရေးဆွဲထားသည့် ဆက်သွယ်ရေး၊ ပညာပေးရေးနှင့် လူထုအသိပညာပေးအထောက်အကူပြုပစ္စည်း[15] အပေါ်အခြေခံ၍ ဆက်သွယ်ရေးမဟာဗျူဟာတစ်ခုရေးဆွဲရန် သဘောထားမှတ်ချက်ပြုခဲ့ပါသည်။ ပါဝင်သည့်အဆင့်များမှာ-

- အဆင့်(၁) ဖော်ထုတ်ရရှိထားသည့် ကိစ္စ(သို့) ပြဿနာတစ်ရပ်အပေါ်အခြေခံ၍ ဆက်သွယ်ရေးအခန်းကဏ္ဍနှင့်ကိစ္စရပ်များကိုဆန်းစစ်လေ့လာရန်၊
- အဆင့်(၂) ဆက်သွယ်ရေးနှင့် ကြားခံဆက်သွယ်ပေးမည့်သူများအတွက် ရွေးချယ်သတ်မှတ်မည့် အဖွဲ့များ/ ပရိတ်သတ်များဖော်ထုတ်ခြင်း၊
- အဆင့် (၃) သက်မှတ်ထားသည့်အဖွဲ့တစ်ဖွဲ့စီအတွက် ဆက်သွယ်ရေးဆိုင်ရာရည်မှန်းချက် များဆုံးဖြတ်ခြင်း၊
- အဆင့်(၄) လက်တွဲဆောင်ရွက်မည့်မိတ်ဖက်ရွေးချယ်ခြင်းနှင့် အသုံးပြုမည့် ဆက်သွယ်ရေးဆိုင်ရာမဟာဗျူဟာ ဆုံးဖြတ်ခြင်း၊

[15] Communication, Education and Public Awareness (CEPA)

အဆင့်(၅) သက်မှတ်ထားသည့်အဖွဲ့တစ်ဖွဲ့စီအတွက် အကောင်ဆုံးဖြစ်နိုင်မည့် သတင်းအချက်အလက်များဆုံးဖြတ်ခြင်း၊

အဆင့်(၆) သတင်းအချက်အလက်များဖြန့်ဝေမည့်နည်းလမ်းများဆုံးဖြတ်ခြင်း၊

အဆင့်(၇) လက်တွဲဖော်များအားအကျဉ်းချုပ်ရှင်းပြခြင်းနှင့် ဆက်သွယ်ရေးအတွက် စုစည်းခြင်း၊

အဆင့်(၈) လုပ်ငန်းများနှင့် လိုအပ်သောအောင်မြင်မှုများ/ရလဒ်များအတွက် စီမံချက်ချမှတ်ခြင်း၊

အဆင့်(၉) လိုအပ်သောရန်ပုံငွေတွက်ချက်ခြင်း၊

အဆင့်(၁၀) အကဲဖြတ်ခြင်းနည်းစနစ်များအတွက် ဆောင်ရွက်မည့်အစီအစဉ်ဆုံးဖြတ်ခြင်း၊

ဆက်သွယ်ရေးဆိုင်ရာမဟာဗျူဟာကို REDD+ အဖွဲ့အစည်းများစုဖွဲ့မှု (အခန်း ၄.၂.၁) ပြန်လည်သုံးသပ်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များ ဆန်းစစ်လေ့လာခြင်းအပေါ်ပြန်လည်သုံးသပ်ခြင်း (အခန်း ၄.၂.၂) များဆောင်ရွက်ရန် စီစဉ်ထားမှုများနှင့်အပြိုင် လိုက်လျောညီထွေရှိစေရန်ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် ဆက်သွယ်ရေးမဟာဗျူဟာအားအတည်ပြုခြင်းသည် နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းအလုပ်ရုံဆွေးနွေးပွဲအပေါ်တွင် မူတည်မည်ဖြစ်ပါသည်။

ဆက်သွယ်ရေးမဟာဗျူဟာရေးဆွဲခြင်း အဆင့်(၅)သည် သက်မှတ်ထားသည့်အဖွဲ့တစ်ဖွဲ့စီအတွက် အကောင်ဆုံးဖြစ်နိုင်မည့် သတင်းအချက်အလက်များ ဆုံးဖြတ်ခြင်းဖော်ထုတ်ခြင်းအား စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

Stakeholders Consultation & Safeguards လုပ်ငန်းအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ နိုင်ငံ တကာအဖွဲ့အစည်းများမှ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များကို ရှာဖွေဖော်ထုတ်စုဆောင်းခြင်းကိုဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်-

UN-REDD Workspace (www.un-redd.org)

REDD-net (www.reddnet.org)

Forest Carbon Asia (www.forestcarbonasia.org)

CIFOR (www.cifor.org)

RECOFTC (www.recoftc.org)

Ecosystem Marketplace (www.ecosystemmarketplace.com)

အထက်ဖော်ပြပါ နိုင်ငံတကာအဖွဲ့အစည်းများမှရရှိလာသည့်သတင်းအချက်အလက်များကို နိုင်ငံ၏အခြေအနေနှင့်လိုက်လျောညီထွေရှိရန်၊ သက်ဆိုင်ရာ Stakeholders အဖွဲ့များ၏ လိုအပ်ချက်များအား ဖြည့်စည်းပေးနိုင်ရန်နှင့် ကိုက်ညီမှုရှိစေရန်၊ မတူကွဲပြားမည့် အသိပညာပေးလုပ်ငန်းများ၊

သင်တန်းများနှင့်ကိုက်ညီစေရန်လိုအပ်သလိုပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။

လုပ်ငန်းအဖွဲ့အနေဖြင့် အဆိုပါအသိပညာပေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အထောက်အကူပြု ပစ္စည်းများအားလုံးကို မြန်မာဘာသာနှင့် တိုင်းရင်းသားဘာသာများတို့ တိတိကျကျ ဘာသာပြန်ဆိုနိုင်ရေးအပါအဝင် ၄င်းပစ္စည်းများအနေဖြင့် သတ်မှတ်ထားသည့် အရည်အသွေးပြည့်ဝစေရန် တာဝန်ယူရမည်ဖြစ်သည်။

ထို့အပြင် လုပ်ငန်းအဖွဲ့အနေဖြင့် REDD+ နှင့်သက်ဆိုင်သည့် အထောက်အကူပြုပစ္စည်းများ ထုတ်ဝေခြင်း၊ ဘာသာပြန်ဆိုခြင်း၊ တစ်နိုင်ငံလုံးတွင် ဖြန့်ဝေခြင်းနှင့်အသုံးပြုခြင်းများတွင် ဘက်လိုက်မှုမရှိဘဲတစ်သက်မတ်တည်းဖြစ်စေရန် တာဝန်ယူရမည်ဖြစ်သည်။

### *၄.၂.၃.၂ သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း*

သတင်းအချက်အလက်များစီမံခန့်ခွဲခြင်းသည် REDD+ နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် Stakeholder များအားလုံး အချိန်နှင့်တစ်ပြေးညီ တိကျသော သတင်းအချက်အလက်များအား ပွင့်လင်းမြင်သာမှုရှိစွာရရှိရန်ဖြစ်ပါသည်။ အထူးသဖြင့် ရှေ့ပြေးစီမံကိန်းများမှ ရရှိလာသည့် အတွေ့အကြုံများနှင့်သင်ခန်းစာများရယူနိုင်ရန်ဖြစ်ပါသည်။

ထိုကဲ့သို့ရရှိနိုင်ရန်အတွက် REDD+ လုပ်ငန်းအဖွဲ့အနေဖြင့် အင်တာနက်အသုံးပြုသတင်းအချက်အလက်များစီမံခန့်ခွဲသည့်စနစ်တစ်ခုကိုတည်ထောင်ရမည်ဖြစ်သည်။

၎င်းစနစ်သည် MoECaF မှပြုလုပ်ထားသည့် အင်တာနက်စာမျက်နှာနှင့်ချိတ်ဆက်ထားရမည်ဖြစ်ပြီး အသုံးပြုသူများအတွက် အလွယ်တကူနှင့် အပြည့်အဝအသုံးပြုနိုင်ရန် အောက်ဖော်ပြပါသတင်းအချက်များကို ပံ့ပိုးပေးထားရမည်ဖြစ်သည်-

- REDD+ Readiness လမ်းပြမြေပုံအပါအဝင် REDD+နှင့် အဓိက သက်ဆိုင်သည့် မဟာဗျူဟာများ
- REDD+ အဖွဲ့အစည်းစုဖွဲ့မှုပုံစံတွင် REDD+ လုပ်ငန်းအဖွဲ့၊ REDD+ လုပ်ငန်းအဖွဲ့ရုံး၊ နိုင်ငံအဆင့် REDD+ ကွန်ယက်အစရှိသည့် REDD+ တွင်ပါဝင်သည့် အစိတ်အပိုင်း များအားလုံး၏အဖွဲ့ဝင်များစာရင်းနှင့် ဆက်သွယ်ရမည့် လိပ်စာများ၊ လုပ်ငန်းတာဝန်များ၊
- Readiness လုပ်ငန်းစဉ် (အခန်း၂တွင်ကြည့်ရန်) တွင်ဆောင်ရွက်ခဲ့သည့် လေ့လာရေး အစီရင်ခံစာများနှင့် ပြန်လည်သုံးသပ်ခြင်းများ၊

- ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် REDD+ လုပ်ငန်းအဖွဲ့တို့၏ အစည်းအဝေး မှတ်တမ်းများ၊
- လမ်းပြမြေပုံရေးဆွဲစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလအတွင်း (အခန်း၂ တွင်ကြည့်ရန်) ဆောင်ရွက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်းများ၊
- REDD+ နှင့်ဆက်နွယ်နေသည့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများ၊ ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာအစီရင်ခံစာများ၊
- ကိုးကားမှုများဆောင်ရွက်နိုင်ရန် ပစ္စည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အင်တာနက်စာမျက်နှာများရယူနိုင်မည့် Link များ၊
- REDD+ ရှေ့ပြေးစီမံကိန်းများနှင့်ဆက်စပ်သည့် ကာဗွန်ပမာဏတိုင်းတာရန် ကာဗွန် မှတ်ပုံတင်စာရင်းသွင်းထားမှုများ၊
- စိတ်ချလုံခြုံမှုများရှိစေရန်အတွက်ရေးဆွဲထားသည့် သတင်းအချက်အလက်ဆိုင်ရာစနစ် (Safeguards Information System-SIS)၊
- နိုင်ငံအဆင့်သစ်တောများ စောင့်ကြည့်လေ့လာခြင်းစနစ်အပါအဝင် ဂြိုလ်တုဓာတ်ပုံများအသုံးပြု စောင့်ကြည့်လေ့လာခြင်းများ၊ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းများနှင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဆိုင်ရာ တိုင်းတာတွက်ချက်ထားသည့် အချက်အလက်မှတ်တမ်းများ၊

REDD+ အင်တာနက်စာမျက်နှာတည်ထောင်ရာတွင် UN-REDD ၊ REDD+ Desk နှင့် Forest Carbon Asia အဖွဲ့အစည်းများအပါအဝင် လက်ရှိနိုင်ငံတကာ REDD+ ဗဟုသုတများစီမံခန့်ခွဲနေသည့် စနစ်များ မှပြုလုပ်ထားသည့် ဖွဲ့စည်းပုံများကိုအသုံးပြုရမည်ဖြစ်သည်။

REDD+ အင်တာနက်စာမျက်နှာတွင် လမ်းပြမြေပုံ၏ အဓိကရလဒ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ REDD+ဆိုင်ရာအစီရင်ခံများ၊ မဟာဗျူဟာဆိုင်ရာစာရွက်စာတမ်းများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးမှတ်တမ်းများ၊ ဆန်းစစ်လေ့လာဆောင်ရွက်ထားရှိမှုများစသည်တို့ကို Stakeholder များမှ အင်တာနက်အသုံး ပြု၍ အကြံပြုသုံးသပ်ချက်များပြန်လည်ပံ့ပိုးပေးနိုင်သည့်စနစ်ပါဝင်ရမည်ဖြစ်သည်။

REDD+ လုပ်ငန်းအဖွဲ့ရုံးအနေဖြင့် အကြံပြုသုံးသပ်ချက်များကိုပြန်လည်ဆန်းစစ်ခြင်း၊ REDD+ လုပ်ငန်းအဖွဲ့ (သို့) သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များထံမှ အကြံပြု သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းချက်များကိုရယူရမည်ဖြစ်သည်။

ရရှိလာသည့် အကြံပြုသဘောထားမှတ်ချက်များနှင့် ၎င်းတို့အပေါ်ပြန်လည် ရှင်းလင်းချက်များကို အင်တာနက်စာမျက်နှာတွင်ဖော်ပြထားရမည်ဖြစ်သည်။

ထိုကဲ့သို့ အင်တာနက်အသုံးပြု ဆန်းစစ်လေ့လာခြင်းများ (သို့) သဘောထားပြုချက်များကို အခန်း၂.၅ တွင်ဖော်ပြထားရှိသည့် Stakeholder များနှင့်ဆွေးနွေးတိုင်ပင်သည့် ယန္တရားတစ်ခုအနေဖြင့်အသုံးပြုရမည်ဖြစ်သည်။

အင်တာနက်အသုံးပြု၍ ဆွေးနွေးတိုင်ပင်ခြင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းသည် အခန်း ၄.၅.၄.၃ တွင်ဖော်ပြထားသည့် မကြေနပ်မှုများနှင့်စပ်လျဉ်း၍ တိုင်ကြားနိုင်သည့် ယန္တရားတစ်ခုဖြစ်လာမည့် အစပြုဆောင်ရွက်ချက်တစ်ခုလည်းဖြစ်ပါသည်။

သို့ရာတွင် အဆိုပါအင်တာနက်အသုံးပြုသည့်စနစ်သည် မိရိုးဖလာဆောင်ရွက်ခဲ့သည့် ဆွေးနွေးတိုင်ပင်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများနှင့် အခြေခံလူတန်းစားများနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့တွင် အစားထိုးအသုံးပြုရန်မဟုတ်ဘဲ ပိုမိုထိရောက်အောင်မြင်စေရန် ရည်ရွယ်ဆောင် ရွက်ခြင်းဖြစ်ပါသည်။

အင်တာနက်အသုံးပြု သတင်းအချက်အလက်များစီမံခန့်ခွဲခြင်းစနစ်တည်ဆောက်ရန်အတွက် အဓိကတာဝန်ရှိသည်မှာ REDD+ လုပ်ငန်းအဖွဲ့ရုံးဖြစ်ပြီး ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှလည်း အင်တာနက်စာမျက်နှာတွင်အသုံးပြုမည့် ဒီဇိုင်းနှင့်အကြောင်းအရာများကို ပံ့ပိုးပေးရမည်ဖြစ်သည်။

**အခန်း ၄.၃။ ဥပဒေကြောင်းဆိုင်ရာမူဘောင်များ**

***အခန်း ၄.၃.၁။ လက်ရှိဥပဒေကြောင်းဆိုင်ရာမူဘောင်များအားဆန်းစစ်လေ့လာခြင်း***

REDD+ မဟာဗျူဟာများအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများရှိနှင့်နေပြီးဖြစ်သော်လည်း အခန်း ၃.၄.၃.၂ တွင်ဆောင်ရွက်ထားသည့် သစ်တောကဏ္ဍနှင့် သစ်တောကဏ္ဍပြင်ပရှိ မူဝါဒနှင့် ဥပဒေကြောင်းဆိုင်ရာ မူဘောင်များဆန်း စစ်လေ့လာခြင်းသည် REDD+ မဟာဗျူဟာများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံ၏ ဥပဒေများနှင့် နည်းဥပဒေများမှ ခွင့်ပြုနိုင်ခြင်းရှိ/မရှိကို ဆန်းစစ်လေ့လာရန် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်ခြင်းတွင် ဖြစ်နိုင်ခြေရှိသည့် REDD+ မဟာဗျူဟာများ (မူဝါဒဆိုင်ရာပြဌာန်းချက်များ) ကိုဖော်ထုတ်ခြင်းကို မူလရည်ရွယ်ချက်တစ်ခုဖြစ်ပြီး အောက်ဖော်ပြပါအချက်များပါဝင်ရမည်ဖြစ်ပါသည်-

- သစ်တောကဏ္ဍအတွင်းလက်ရှိ မူဝါဒများ၊ ဥပဒေများနှင့် နည်းဥပဒေများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဥပဒေစိုးမိုးစေရန်အတွက် လစ်ဟာချက်များ၊ ပုံမှန် မဟုတ်မှုများနှင့် အတားအဆီးများအား ဆန်းစစ်လေ့လာခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုကဲ့သို့ဆောင်ရွက်ခြင်းသည် သစ်တောများပျက်စီး

ပြုန်းတီးစေသည့်အကြောင်းအရာများအတွက် ကြိုတင်ပြဌာန်းရွေးချယ်ထားသည့် REDD+ မဟာဗျူဟာကို ပိုမို ကောင်းမွန်စေရန်နှင့် အကဲဖြတ်ခြင်းများဆောင်ရွက်မည့် ကနဦးအဆင့်ဖြစ်ပါသည်။

– သစ်တောကဏ္ဍပြင်ပ (နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၊ စိုက်ပျိုးရေး၊ မြေယာအသုံးပြုမှုစီမံခြင်းနှင့် မြေယာခွဲဝေပေးခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ အခြေခံအဆောက်အဦးများ၊ ပိုင်ဆိုင်လုပ်ပိုင်ခွင့်များ) ရှိ မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများ ( အဖွဲ့အစည်းများဆိုင်ရာလုပ်ငန်းဆောင်ရွက်မည့် ယန္တရားများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ အစီအစဉ်များအားထောက်ပံ့ပေးထားမှုများအပါအဝင်) အားဆန်းစစ်လေ့လာခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုကဲ့သို့ဆောင်ရွက်ခြင်းသည် သစ်တောများပျက်စီးပြုန်းတီးစေသည့် အကြောင်းအရာများအား ဖြေရှင်းရန်အတွက် ကြိုတင်ပြဌာန်းရွေးချယ်ထားသည့် REDD+ မဟာဗျူဟာကို ပိုမိုကောင်းမွန်စေရန်နှင့် အကဲဖြတ်ခြင်းများဆောင်ရွက် ရန်ဖြစ်သည်။

REDD+ လုပ်ငန်းများအားအထောက်အပံ့ဖြစ်စေရန်အတွက် ဥပဒေကြောင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရန်နှင့် ထပ်မံအားဖြည့်လိုအပ်မှုများ အထက်ဖော်ပြပါလေ့လာဆန်းစစ်မှုများဆောင်ရွက်နေသည့်ကာလအတွင်း ဖော်ထုတ်သတ်မှတ်သွားရမည်ဖြစ်သည်။

REDD+ အစီအစဉ်တွင်ဖော်ပြပါရှိသည့်လုပ်ငန်းအများစုသည် လုပ်ငန်းသဘာဝအရ ကာဗွန် နှင့်ဆက်နွှယ်လျက်ရှိရာ REDD+ အတွက် ဥပဒေကြောင်းဆိုင်ရာမူဘောင်အား အထောက်အပံ့ဖြစ်စေရန် လေ့လာဆန်းစစ်မှုများဆောင်ရွက်ရာတွင် အဓိကနေရာမှ ပါဝင်ပံ့ပိုးပေးလျက်ရှိသည့် မြေသယံဇာတနှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ဆိုင်ရာဆိုင်ခွင့်များအပါအဝင် မြေအသုံးပြုမှုနှင့်စပ်လျဉ်းသည့် စိတ်ချရသည့် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်များကို နားလည်ရလွယ်ကူစေရန်အသေးစိတ်ရှင်းလင်းဖော်ပြရမည်ဖြစ်သည်။

***အခန်း၄.၃.၂။ REDD+ နှင့်စပ်လျဉ်းသည့် ဥပဒေကြောင်းဆိုင်ရာ မူဘောင်အသစ်များဖော်ထုတ်ခြင်း***

လက်ရှိသစ်တောကဏ္ဍနှင့် သစ်တောကဏ္ဍပြင်ပ ဥပဒေကြောင်းဆိုင်ရာမူဘောင်များ အတွက် လိုအပ်သောလိုက်လျောညီထွေရှိမှုများနှင့်ပိုမိုကောင်းမွန်စေရန် ပြုပြင်ခြင်းများအပြင် REDD+ နှင့်စပ်လျဉ်းသည့် ဥပဒေနှင့် နည်းဥပဒေဆိုင်ရာမူဘောင်များရေးဆွဲနိုင်ရန် အရေးကြီးသည့် အကြောင်းအရာသစ်များ/ကိစ္စများလိုအပ်ပါသည်။ ၄င်းအကြောင်းအရာသစ်များသည် အဓိက REDD+ ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း ရရှိစေရန်ထောက်ပံ့ပေးမည်ဖြစ်ပြီး ၎င်းတို့မှာ-

- ပြည်တွင်း/ပြည်ပနှင့် Voluntary Market တို့မှရရှိသည့်လုပ်ငန်းရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် REDD+ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရမည့် အသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်များ၊
- ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုများနှင့် အကျိုးအမြတ်ခွဲဝေခြင်းနှင့် ဖြန့်ဝေပေးမည့်စနစ်များ၊
- REDD+ လုပ်ငန်းများအားမည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်နှင့် မည်ကဲ့သို့ငွေကြေးထောက်ပံ့မည်၊
- သိုလှောင်ထားသည့် ကာဗွန်များဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ အစားထိုး လျော်ကြေးပေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ (ဥပဒေပြဋ္ဌာန်းပြီးဖြစ်ပါက)၊
- နိုင်ငံအဆင့် REDD+ ဆိုင်ရာ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံစိတ်ချရမှုစနစ် (အခန်း ၄.၈ တွင်ကြည့်ရန်)

အခန်း ၃.၄.၃.၂ တွင်ဖော်ပြထားသည့် ဥပဒေကြောင်းဆိုင်ရာ ပြန်လည်ဆန်းစစ်လေ့လာခြင်းကို ဖော်ပြပါ REDD+ နှင့်စပ်လျဉ်းသည့် ဥပဒေကြောင်းဆိုင်ရာမူဘောင်(သို့) ဖြည့်စွက်ချက်များ ဖော်ထုတ်ရန်နှင့် ရေးဆွဲနိုင်ရန်အသုံးပြုရမည်ဖြစ်သည်။

ထိုကဲ့သို့ဆောင်ရွက်ရန်အတွက် အခန်း ၁.၆ တွင်ဖော်ပြထားသည့် အဆိုပြု REDD+ အဖွဲ့အစည်းဆိုင်ရာ စုဖွဲ့မှု၏ တာဝန်နှင့်ဝတ္တရားများ၊ အခန်းကဏ္ဍနှင့် စီစဉ်ထားရှိမှုများကို ဥပဒေ နှင့်အညီဖြစ်စေရန်နှင့် အခန်း ၄.၂.၁ တွင်ဖော်ပြထားသည့် အဖွဲ့အစည်းဆိုင်ရာ ပြန်လည် ဆန်းစစ်ခြင်းအစီအစဉ်ကိုအခြေခံ၍ စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်သွားရန် မဖြစ်မနေလိုအပ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် REDD+ ရန်ပုံငွေတစ်ခုသီးသန့်ထူထောင်ရန် (သို့) ထူထောင်ပြီးသားရန်ပုံငွေကိုအသုံးပြုရန် လိုအပ်သော သီးခြားလုပ်ထုံးလုပ်နည်းများ နှင့် သက်ဆိုင်ရာ ဥပဒေကြောင်းဆိုင်ရာမူဘောင်အားပိုမိုကောင်းမွန်အောင်ပြုပြင်ခြင်းများစသည်တို့ပါဝင်မည်ဖြစ်သည်။

ထို့ကြောင့် တာဝန်နှင့်ဝတ္တရားများ၊ အခန်းကဏ္ဍနှင့် စီစဉ်ထားရှိမှုများကို ဥပဒေနှင့်အညီ ဖြစ်စေရန် လိုအပ်သော လုပ်ငန်းဆောင်ရွက်မှုများကို ဖော်ထုတ်သတ်မှတ်ရန် အခန်း ၁ နှင့် ၄ တို့ရှိ သတ်မှတ်ပြီးသား အဖွဲ့အစည်းဆိုင်ရာ စုဖွဲ့မှုပြန်လည်ဆန်းစစ်ခြင်းတို့ကို အသုံးပြုရမည်ဖြစ်သည်။

### *အခန်း ၄.၃.၃။ ဥပဒေကြောင်းဆိုင်ရာမူဘောင်အားလိုက်လျောညီထွေရှိစေခြင်း*

REDD+ Readiness အဆင့် အစဦးပိုင်းတွင် ပြုပြင်ပြောင်းလဲလွယ်မှုကို အမြင့်ဆုံးအဆင့်တွင် ထားရှိခြင်းဖြင့် လက်ရှိဥပဒေကြောင်းဆိုင်ရာမူဘောင်အတွင် အမျိုးမျိုးသော REDD+ နည်းလမ်းများကို စမ်းသပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်သည့်ကနဦးကာလများအတွင်း အသစ်ဖွဲ့စည်းထားသည့် ဥပဒေကြောင်းဆိုင်ရာလုပ်ငန်းအဖွဲ့အနေဖြင့် နိုင်ငံ၏ဥပဒေကြောင်းဆိုင်ရာမူဘောင် မလုံလောက်မှုများ၊ ပြဿနာများနှင့် လိုအပ်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ (သို့) သစ်တောများစဉ်ဆက်မပြတ်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ အထူးသဖြင့် REDD+ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိသိသာသာနှောင့်နှေးမှုများဖြစ်စေနိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေများတစ်ခုနှင့် တစ်ခုထပ်နေခြင်းတို့နှင့်စပ်လျဉ်းသည့် သတင်း အချက်အလက်များကို စုစည်းရမည်ဖြစ်သည်။

ထိုကဲ့သို့သတင်းအချက်အလက်များစုစည်းခြင်းကို အခန်း ၁၊ ၂၊၃ နှင့် ၄ တွင်ပါရှိသည့် ကြိုတင်စီစဉ်ထားသည့် မတူကွဲပြားသည့် ဆန်းစစ်လေ့လာခြင်းအပေါ် အခြေခံရမည်ဖြစ်သည်။

ဥပဒေကြောင်းဆိုင်ရာလုပ်ငန်းအဖွဲ့အနေဖြင့် ဥပဒေကြောင်းဆိုင်ရာ လိုအပ်သောကိစ္စသစ်များနှင့်စပ်လျဉ်းသည့် အကြောင်းအရာခေါင်းစဉ်များစာရင်းကိုပြုစု စုစည်းရမည်ဖြစ်သည်။

REDD+ ဆိုင်ရာ လုပ်ငန်းများနှင့် ရှေ့ပြေးအစီအစဉ်များမှ ရရှိလာသည့် အတွေ့အကြုံများ လုံလုံလောက်လောက်ရရှိလာပြီဖြစ်ခြင်းနှင့် သတင်းအချက်အလက်များစုစည်းခြင်းအတွက် လုံလောက်ပြီဖြစ်ပါက နိုင်ငံအဆင့် ဥပဒေကြောင်းဆိုင်ရာမူဘောင်အပေါ် ပြန်လည် ဆန်းစစ်လေ့လာခြင်းကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။

သို့ရာတွင် ၎င်းပြန်လည်ဆန်းစစ်လေ့လာခြင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေရှိစွာပေါင်းစပ်ထားခြင်းမရှိသော၊ ရှုပ်ထွေးချက်ရှိသော ဒီဇိုင်းများ ဖြစ်စေသည့် အမျိုးမျိုးသောစည်းမျဉ်းသစ်နှင့် လုပ်ထုံးလုပ်နည်းများကို အလောတကြီးပြဋ္ဌာန်းရန် မလိုအပ်တော့ပါ။

အကယ်၍လိုအပ်ခဲ့ပါကလည်း နိုင်ငံအတွင်း REDD+ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော ဥပဒေကြောင်းဆိုင်ရာများကို သက်ဆိုင်ရာဝန်ကြီးဌာနများ (သို့) နိုင်ငံအဆင့် စုဝေးမှုများ/လွှတ်တော်မှ ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်းများကိုဆောင်ရွက်ရမည်ဖြစ်သည်။

Readiness Phase နောက်ဆုံး (၂)နှစ်အချိန်ကာလအတွင်း နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ် (၂)ခုကိုဆောင်ရွက်သွားရမည်ဖြစ်သည်။

ကနဦးအလုပ်ရုံဆွေးနွေးပွဲသည် အရေးတစ်ကြီးလိုအပ်နေပြီး အလွယ်တကူပြဋ္ဌာန်းနိုင်မည့် (ဥပမာ ဝန်ကြီးဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များအစရှိသည်)၊ နောက် ထပ်ပြောင်းလဲဆောင်ရွက်ရမည့် ကိစ္စများနှင့် စမ်းသပ်ဆောင်ရွက်မှုများပြုလုပ်ရန် မလိုအပ်တော့သည့် နိုင်ငံအဆင့် ဥပဒေကြောင်းဆိုင်ရာမူဘောင်ဆိုင်ရာ အဆိုပြုချက်များကို တင်ပြနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။

ဒုတိယအကြိမ် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်တွင် ဥပဒေကြောင်းဆိုင်ရာ မူဘောင်အတွက်လိုအပ်သော ပိုမိုရှုတ်ထွေးပြီး ရေရှည်ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲမှုများနှင့် အသစ်ရေးဆွဲခြင်းများအပေါ်အလေးပေးဆောင်ရွက်မည်ဖြစ်သည်။

ဖော်ပြပါဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်(၂)ခုမှ အကြံပြုသဘောထားမှတ်ချက်များအပေါ် အခြေပြု၍ ဥပဒေကြောင်းဆိုင်ရာလုပ်ငန်းအဖွဲ့မှ လိုအပ်သော ဥပဒေဆိုင်ရာ စာရွက်စာတမ်းများနှင့် ပိုမိုကောင်းမွန်အောင်ပြင်ဆင်ပြောင်းလဲခြင်းများအတွက် မူကြမ်းကိုပြင်ဆင်ရမည် ဖြစ်သည်။

အဆိုပါ ပြင်ဆင်ထားရှိသည့် စာရွက်စာတမ်းများကို မြန်မာဘာသာသို့ပြန်ဆိုရန်လိုအပ်ပြီး နိုင်ငံအဆင့် REDD+ ကွန်ယက်အဖွဲ့ဝင်များအားလုံးသို့ အကြံပြုသဘောထားမှတ်ချက်များ ရယူနိုင်ရန်ဖြန့်ဝေပေးရမည်ဖြစ်သည်။

နောက်ဆုံးတွင် အပြီးသတ်စုစည်းထားသည့် စာရွက်စာတမ်းများကိုသာ သက်ဆိုင်ရာ အစိုးရ အဖွဲ့သို့အတည်ပြုချက်ရယူရန်အတွက် တင်ပြရမည်ဖြစ်ပါသည်။

**အခန်း ၄.၄။ ငွေကြေးဆိုင်ရာ အလားအလာများ**

***အခန်း ၄.၄.၁။ REDD+ ဆိုင်ရာသယံဇာတများအားစီမံခန့်ခွဲခြင်း***

REDD+ ဆိုင်ရာအကျိုးအမြတ်(သို့) စွမ်းဆောင်မှုအပေါ်အခြေခံသည့်ငွေကြေးရရှိမှုတို့သည် မတူညီသောရန်ပုံငွေအရင်းအမြစ်များမှရရှိမည်ဖြစ်သည်-

- နိုင်ငံတကာ(သို့) အဖွဲ့များစုစည်းထားသည့် လုပ်ငန်းရန်ပုံငွေ
- စဉ်းမျဉ်းစည်းကမ်းများဖြင့်ထိန်းချုပ်ထားခြင်းမရှိသည့် ကာဗွန်ဈေးကွက် (Voluntary Carbon Market)
- စည်းမျဉ်းစည်းကမ်းများဖြင့်ထိန်းချုပ်ထားသည့်ဈေးကွက်ယန္တရား (Compliance market mechanisms)

သင့်တော်သည့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲခြင်းယန္တရားစနစ်များကို REDD+ Readiness Phase တွင်တည်ထောင်သွားရန်ဖြစ်ပြီး ၄င်းစနစ်များအနေဖြင့် မြောက်မြားစွာသောအရင်းအမြစ်များနှင့် ပတ်သက်အကျုံးဝင်ပြီး ရည်ရွယ်ထားသည့် အကျိုးအမြတ်ရရှိ ခံစားမည့် သူများမှ ရန်ပုံငွေလက်ခံရရှိမှုသေချာစေရန်ဖြစ်ပါသည်။

Readiness Phase အတွင်း သဏ္ဌာရေးဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ Stakeholders နှင့်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် REDD+ အတွက်သီးသန့်ရည်ရွယ်ပြီးအသစ်ရေးဆွဲထားသည့် ဖြစ် နိုင်ချေများကိုဆန်းစစ်လေ့လာရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်ကာလ၌ လုပ်ငန်းဆောင်ရွက်သည့် ရန်ပုံငွေတည်ထောင် ထားရှိမှုသည် အချို့သောဖြစ်ရပ်များအတွက် ထောက်ပံ့မှုများပေးလျက်ရှိသည့် အနည်းငယ် သော ရန်ပုံငွေတည်ထောင်မှုများသာရှိပါသည်။

ဒီရေတောများပြန်လည်ပြုစုပျိုးထောင်ခြင်းရန်ပုံငွေ (သို့) လုပ်ငန်းရန်ပုံငွေတစ်ရပ်ကို ဒေသခံ ပြည်သူအစုအဖွဲ့မှဦးဆောင်၍ မြစ်ဝကျွန်းပေါ်ဒေသ သဘာဝသယံဇာတများစီမံအုပ်ချုပ်ခြင်း အားမြှင့်တင်ခြင်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးအပြီးတွင် စတင်ခဲ့ခြင်းဖြစ်သည်။

အသစ်ဖွဲ့စည်းမည့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့သည် လက်ရှိငွေကြေး ဆိုင်ရာ ယန္တရားလည်ပတ်နေမှုများအားဆန်းစစ်လေ့လာရန်နှင့် စဉ်ဆက်မပြတ်စီစဉ် ဆောင်ရွက်မှုများ တည်ထောင်နိုင်ရန်အတွက် လေ့လာမှုများကိုဆောင်ရွက်ရမည်ဖြစ်သည်။

ထိုကဲ့သို့လေ့လာရာတွင် REDD+ ဆိုင်ရာငွေပေးချေမှုများစီမံခန့်ခွဲခြင်းအတွက် ဆောင်ရွက် ရမည့်လုပ်ငန်းများ (ToRs) အပေါ်သဘောထားမှတ်ချက်များပေးရမည်ဖြစ်သည်။

၎င်းစီမံခန့်ခွဲခြင်းသည် အောက်ဖော်ပြပါကိစ္စရပ်များအတွက်အထောက်အကူပြုမည်ဖြစ်သည်-

- အခန်း(၁)တွင်ဖော်ပြပါရှိသည့် REDD+ စီမံခန့်ခွဲခြင်းဆိုင်ရာအဖွဲ့အစည်းသည် လွတ်လပ်မှုရှိရမည်၊
- ကာဗွန်ဈေးကွက်နှင့် ရန်ပုံငွေထောက်ပံ့သည့်စနစ်တို့မှ လုပ်ငန်းဆောင်ရွက်မှုများ အတွက်ပေးချေငွေသည့် ရန်ပုံငွေအားလက်ခံနိုင်ရန်အတွက် စွမ်းရည်ရှိရမည် ဖြစ်သည့်အပြင် အဖွဲ့များစုစည်းထားသည့် လုပ်ငန်းရန်ပုံငွေအရင်းအမြစ်များ အကြား ရှင်းလင်းပြတ်သားသည့် တာဝန်ယူမှုများနှင့် စုပေါင်းအားကို ဖန်တီးရ မည်၊
- REDD+ ဆောင်ရွက်ခြင်းဖြင့် ရရှိမည့်ငွေပေးချေမှုများအပေါ် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ထိန်းချုပ်နိုင်သည့်စွမ်းရည်ရှိရမည်၊

လုပ်ငန်းအဖွဲ့အတွင်း ကနဦးအတည်ပြုဆွေးနွေးခြင်းအပြီးတွင် အဆိုပါလေ့လာမှုများကို မြန်မာဘာသာသို့ပြန်ဆိုရမည်ဖြစ်ပြီး နိုင်ငံအဆင့် REDD+ ကွန်ယက်အဖွဲ့ဝင်များထံသို့ အကြံ ပြုသဘောထားမှတ်ချက်များပေးနိုင်ရန် ဖြန့်ဝေပေးရမည်ဖြစ်သည်။

REDD+ အတွက်အထောက်အပံ့များသည် အလှူရှင်များမှ ထောက်ပံ့ပေးခြင်း/ စီမံကိန်း များမှလည်းရရှိနိုင်ပါသည်။

နိုင်ငံအဆင့် REDD+ လုပ်ငန်းစဉ်အတွက် အလှူရှင်များ၏ အကူညီများအား ညှိနှိုင်းပေါင်းစပ်ခြင်း၊ အလှူရှင်များလှူဒါန်းထောက်ပံ့ထားသည့် အရင်းအမြစ်များကို စီမံအုပ်ချုပ်ခြင်းဆောင်ရွက်ရာတွင် ထိရောက်သည့်စနစ်များနှင့် ပွင့်လင်းမြင်သာမှုများ အသုံးပြုခြင်းသည် REDD+ လုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ရုံးတို့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

လုပ်ငန်းများနှင့် ရလဒ်များအတွက် ငွေကြေးဆိုင်ရာရရှိလာမှုများကို စီမံခန့်ခွဲရန်နှင့် မှန်ကန်မှုရှိစေရန် ကူညီဆောင်ရွက်ရာတွင် REDD+ လုပ်ငန်းအဖွဲ့သည် အဓိကကျသည့် အဖွဲ့အစည်းများအကြား တစ်ခုဖြစ်ပါသည်။

***အခန်း ၄.၄.၂။ အရင်းအမြစ်များဖြန့်ဝေပေးခြင်း(အကျိုးအမြတ်ခွဲဝေခြင်း)***

အခန်း ၃.၄.၃.၁ တွင်ဖော်ထုတ်တင်ပြထားသည့် အလားအလာရှိသော REDD+ မဟာဗျူဟာများသည် အဖွဲ့တစ်ဖွဲ့ (သို့) တစ်ဖွဲ့ထက်ပိုသော Stakeholder များအပေါ် တိုက်ရိုက်ကုန်ကျစရိတ်ကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

REDD+ တွင် ၄င်းတိုက်ရိုက်ကုန်ကျစရိတ်များ ကာမိစေရန်ဆောင်ရွက်ပေးရမည့်အပြင် Stakeholder အနေဖြင့် ၄င်းတို့၏ နေစဉ်အသက်ရှင်ရပ်တည်မှုဆိုင်ရာ အပြုအမူများပြောင်းလဲ ဆောင်ရွက်ပေးရသဖြင့် REDD+ ဆိုင်ရာ အရင်းအမြစ်များဖြန့်ဝေရာတွင်လည်း မမြင်ရသော သွယ်ဝိုက်ကုန်ကျစရိတ်များအတွက်ပါ အသိအမှတ်ပြု၍ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် Stakeholder များအနေဖြင့် REDD+ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ၄င်းတို့အတွက် အကျိုးအမြတ်များခံစားနိုင်သည်ကို အသိအမှတ်ပြုလာမည်ဖြစ် သည်။

နိုင်ငံတကာ REDD+ လုပ်ငန်းရန်ပုံငွေမှ ပေးငွေများသည် ထိုက်သင့်သည့် Stakeholder များအကြားခွဲဝေပေးရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး၊ ထိထိရောက်ရောက်နှင့် မျှမျှတတ အကျိုးအမြတ်ခွဲဝေပေးမည့် နည်းစနစ်ဖြင့်ဆောင်ရွက်ရမည်ဖြစ်သည်။

Readiness Phase ကာလအတွင်းရိုးရှင်းသည့် အကျိုးအမြတ်ခွဲဝေသည့် အစီအစဉ်အမျိုးမျိုးကို စမ်းသပ်ဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ခင်းများတည်ထောင်ရာတွင်ပါဝင်သည့် တောင်ယာသမားများအား ငွေကြေးဆိုင်ရာနှင့် ပစ္စည်းများထောက်ပံ့ပေးခြင်းသည် ကနဦး နမူနာအဖြစ်သာမက သင်ခန်းစာရယူခြင်းများအတွက်ပါ ပံ့ပိုးကူညီမည်ဖြစ်ပါသည်။

သို့ရာတွင် ပိုမိုရှုတ်ထွေးသည့် ဒီဇိုင်းများကို တစ်ဖြည်းဖြည်းလိုအပ်လာမှာဖြစ်ပြီး ရရှိလာသည့် အတွေ့အကြုံများအပေါ်အခြေခံ၍ ဥပဒေဆိုင်ရာများလည်းလိုအပ်မည်ဖြစ်ရာ ၄င်းတို့သည် Implementation Phase ကာလအတွင်း REDD+ လုပ်ငန်းများအရှိန်မြှင့်တိုးချဲ့ဆောင်ရွက်ရန် အခြေအနေများဖြစ်ပေါ်စေမည့်အပြင် အဆုံးတွင် နိုင်ငံအဆင့်ဆောင်ရွက်မည့် နည်းလမ်းများအတွက်ပါ အထောက်အကူဖြစ်မည်ဖြစ်သည်။

ထို့ကြောင့် ဝန်ကြီးဌာနများနှင့် အများပြည်သူဆိုင်ရာအခန်းကဏ္ဍပြင်ပရှိ (ဥပမာ အသေးစား ချေးငွေဘဏ်စနစ်၊ အသေးစားချေးငွေထောက်ပံ့သည့်အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူအခြေပြုအဖွဲ့အစည်းများ) လက်ရှိဆောင် ရွက်နေသည့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာနည်းလမ်းများအား အသုံးပြုနိုင်မည်/ မပြုနိုင် မည်ကို အကဲခတ်နိုင်ရန်အတွက် လေ့လာမှုတစ်ရပ်ကိုဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါလေ့လာမှုမှရရှိလာသည့် အကြံပြုသဘောထားမှတ်ချက်များကိုအခြေပြု၍ အကျိုး အမြတ်ခွဲဝေခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့သည် အကျိုးအမြတ်ခွဲဝေရာတွင် ငွေကြေးပမာဏ/ အတိုင်းအတာ အမျိုးမျိုးအတွက်ဆောင်ရွက်နိုင်မည့်စနစ်တစ်ခုကို အောက်ဖော်ပါအချက်များ ပါဝင်အောင်ရေးဆွဲရမည်ဖြစ်သည်-

- နိုင်ငံဆင့်ငွေပေးချေမှုများ (ဥပမာ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ မြေအသုံးချ ပိုင်ခွင့်များအား ဖျက်သိမ်းခြင်းအတွက် နစ်နာကြေးပေးခြင်း)
- အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအတွက်ပေးချေခြင်း (ဥပမာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းအတွက် (သို့) ရလဒ်များအတွက်)
- မြေအသုံးချမှုတစ်ခုခြင်းစီအတွက်ပေးချေခြင်း (ဥပမာ သဘာဝနယ်မြေ (သို့) ကာကွယ်တောတို့အတွက် စီမံအုပ်ချုပ်ခြင်းဆိုင်ရာကုန်ကျစရိတ်များကာမိစေရန် နှင့် REDD+ လုပ်ငန်းများအောင်မြင်ခြင်းအတွက် ပေးချေခြင်းများ)
- ခရိုင်အဆင့် သို့မဟုတ် ကျေးရွာအဆင့် စသည်သင့်တော်သလို စုဖွဲ့မှုများအတွက် ပေးချေခြင်း (ဥပမာ မြေအသုံးချမှုဆိုင်ရာစီမံချက်များ သို့မဟုတ် ဖွံ့ဖြိုးရေး ဆိုင်ရာအစီအမံများရေးဆွဲခြင်း)
- REDD+ လုပ်ငန်းများအောင်မြင်ခြင်းအတွက် ကျေးရွာစုများ၊ ကျေးရွာနှင့် အိမ်ထောင်စုအဆင့်အထိ ငွေပေးချေခြင်းများ

၎င်း အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ နည်းလမ်းများနှင့်အတူ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမည့် အဆိုပြုနည်းလမ်းများကိုပါ လုပ်ငန်းအဖွဲ့မှတာဝန်ယူရေးဆွဲရမည်ဖြစ်ပြီး ပြန်လည်သုံးသပ် နိုင်ရန်နှင့် အတည်ပြုခြင်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်များတွင် တင်ပြရမည်ဖြစ်သည်။

အဆိုပါနည်းလမ်းများကို အခန်း ၃တွင်ဖော်ပြထားသည့် REDD+ မဟာဗျူဟာများအတွက် ရွေးချယ်ထားမှုများကို ရှေ့ပြေးဆောင်ရွက်သည့်အပိုင်းတွင် အစိတ်အပိုင်းတစ်ခုအဖြစ် စမ်းသပ် ဆောင်ရွက်သွားရမည်ဖြစ်သည်။

## အခန်း ၄.၅။ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာလုံခြုံစိတ်ချရမှုများ

### *အခန်း ၄.၅.၁။ REDD+ နှင့်စပ်လျဉ်း၍ အဖြစ်နိုင်ဆုံးသောအန္တရာယ်များ*

REDD+ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများအပေါ်အပြည့်အဝထည့်သွင်းစဉ်းစားခြင်းမရှိခဲ့ပါက အဖြစ်နိုင်ဆုံးသောအန္တရာယ်များမှာ-

(က) သဘာဝသစ်တောများအား စိုက်ခင်းများ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ တန်ဘိုးနည်းပါးပြီး သဘာဝအလျောက်ပြန်လည်တုံ့ပြန်စွမ်းအားကျဆင်းစေသည့်[16] အခြားမြေအသုံးချမှုများသို့ပြောင်းလဲခြင်း၊

(ခ) ဒေသခံတိုင်းရင်းသားပြည်သူများနှင့် သစ်တောများအပေါ်မှီခိုနေသည့် ဒေသခံပြည်သူအစုအဖွဲ့များအား နေရာပြောင်းရွှေ့စေခြင်းနှင့် ဖယ်ရှားခြင်းများကြောင့် ၄င်းတို့မိရိုး ဖလာပိုင်ဆိုင်ခဲ့သည့်နယ်မြေများဆုံးရှုံးခြင်း၊

(ဂ) နယ်မြေပိုင်ဆိုင်မှုများ၊ သယံဇာတများနှင့်စပ်နွယ်နေသည့် မြေအသုံးချမှုများမှ ကန့်သတ်ခြင်းခံရသည့်အတွက် ၄င်းတို့၏ဆိုင်ရာဆိုင်ခွင့်များတစ်ဖြည်းဖြည်းဆုံးရှုံးလာခြင်း၊

(ဃ) ဂေဟာစနစ်များဆိုင်ရာဗဟုသုတများ ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်း၊

(င) မိရိုးဖလာနှင့်ကျေးလက်ဒေသအသက်မွေးဝမ်းကြောင်းလုပ်ငန်းများဆုံးရှုံးခြင်း၊

(စ) REDD+ မှရရှိလာမည့်အကျိုးအမြတ်များကို ခွဲဝေရာတွင် လူမှုရေးဆိုင်ရာ ခွဲခြားမှုများ ရှိခြင်း (သို့) ဦးဆောင်မှုပြုနေသည့်သူများမှသာ ရယူခြင်း၊

(ဆ) ကျေးလက်ဒေသအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက်အရေးကြီးသည့် သစ် တောထွက်ပစ္စည်းများစုဆောင်းရန် ဝင်ထွက်သွားလာခွင့်များလျော့နည်းခြင်း၊ ဆုံးရှုံးခြင်း၊

(ဇ) နိုင်ငံတော်မူဝါဒဆိုင်ရာမူဘောင်များနှင့် ဆန့်ကျင်မှုများဖြစ်ပေါ်စေခြင်း (သို့)အပြိုင်ဖြစ်စေခြင်း၊

(ဈ) ကာဗွန်သိုလှောင်ခြင်းဖြင့် အကျိုးအမြတ်အများဆုံးရရှိနိုင်ရန် ဆောင်ရွက်ခြင်းကြောင့် သစ်တောများမှရရှိနိုင်မည့် အခြားသောအကျိုးအမြတ်များအား စွန့်လွှတ်ရခြင်း၊

(ည) သစ်တောဖုံးလွှမ်းမှုဧရိယာတိုးတက်လာခြင်းကြောင့် သီးနှံများကိုက်ဖြတ်စားသုံးမည့် အကောင်များတိုးပွားလာကာ လူသားနှင့် တောရိုင်းတိရစ္ဆာန်များအကြား ပဋိပက္ခဖြစ်ပွားမှုများတိုးပွားလာခြင်း၊

[16] resilience

### အခန်း ၄.၅.၂ ၊ REDD+ ဆိုင်ရာလုံခြုံစိတ်ချစေမည့်အစီအမံများ

REDD+ လုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်နိုင်ချေရှိသော အန္တရာယ်များအားရှောင်ရှားနိုင်ရန် အတွက် UNFCCC[17] မှ လူမှုရေးဆိုင်ရာနှင့်ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံစိတ်ချစေမည့် အစီအမံများမှာ-

(က) REDD+ လုပ်ငန်းအစီအစဉ်များသည် နိုင်ငံတော်မှချမှတ်ထားသည့် သစ်တောလုပ်ငန်းအစီအစဉ်များ၊ သက်ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များနှင့် ကိုက်ညီမှုရှိခြင်း (သို့) ကူညီအားဖြည့်ပေးခြင်းရှိရမည်၊

(ခ) REDD+ လုပ်ငန်းအစီအစဉ်များသည် ပွင့်လင်းမြင်သာမှုနှင့် ထိရောက်သောနိုင်ငံအဆင့်သစ်တောစီမံအုပ်ချုပ်သည့် စုဖွဲ့မှုများလည်းရှိရပြီး နိုင်ငံ၏ အချုပ်အခြာအာဏာနှင့်တရားဥပဒေကို လေးစားလိုက်နာရမည်၊

(ဂ) REDD+ လုပ်ငန်းအစီအစဉ်များသည် ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် ကျေးလက်ဒေသ ဒေသခံအဖွဲ့အစည်းများ၏ ဆိုင်ရာဆိုင်ခွင့်များနှင့်ဗဟုသုတများကို အပြည့်ပြည့်ဆိုင်ရာ လိုက်နာစောင့်ထိမ်းရမည့်ဝတ္တရားများ၊ နိုင်ငံ၏အနေအထားနှင့် ပြဌာန်းထားသည့် ဥပဒေများ၊ UNDRIP တို့နှင့်အညီ လေးစားလိုက်နာ အသိအမှတ်ပြုကြောင်းပြသရမည်၊

(ဃ) REDD+ လုပ်ငန်းအစီအစဉ်များအောက်ရှိ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ Stakeholders များမှ ထိထိရောက်ရောက်နှင့် အပြည့်အဝပူးပေါင်းပါဝင်မှုရှိကြောင်းသေချာစေရမည်၊ အထူးသဖြင့် ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် ကျေးလက်ဒေသနေ ဒေသခံပြည်သူအစုအဖွဲ့များပါဝင်ရမည်ဖြစ်သည်၊

(င) REDD+ လုပ်ငန်းအစီအစဉ်များအောက်ရှိ လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝတောများအားပြောင်းလဲမှုများမလုပ်ဆောင်ခြင်း စသည့်အချက်များနှင့်ကိုက်ညီရမည်ဖြစ်ပြီး သစ်တောများနှင့် ဂေဟစနစ်များထိန်းသိမ်းနှင့် ကာကွယ်ခြင်း၊ အခြားသော လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များမြင့်တင်နိုင်ရန်အတွက် မက်လုံးပေးခြင်းဆောင်ရွက်ရမည်၊

(စ) REDD+ လုပ်ငန်းအစီအစဉ်များတွင် နောက်ပြန်ဆုတ်စေမည့် အန္တရာယ်များအားဖြေရှင်းမည့်လုပ်ငန်းများပါဝင်ရမည်၊

(ဆ) REDD+ လုပ်ငန်းအစီအစဉ်များတွင် နေရာပြောင်းရွှေ့ ကာဗွန်ထုတ်လွှတ်ခြင်းအား လျော့ချနိုင်မည့်လုပ်ငန်းများပါဝင်ရမည်၊

[17] ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာသဘောတူညီချက်

**အခန်း ၄.၅.၃။ နိုင်ငံအဆင့် REDD+ ဆိုင်ရာ လူမှုရေးနှင့်ပတ်ဝန်းကျင်လုံခြုံစိတ်ချရမှုများ ပေးမည့် စနစ်တွင်ပါဝင်သည့်အစိတ်အပိုင်းများ**

ဖော်ပြပါ Cancun Safeguards များကို နိုင်ငံတော်မှဦးဆောင်သည့် အမျိုးသား REDD+ Safeguards စနစ်ရေးဆွဲခြင်းဖြင့် လိုက်နာကျင့်သုံးစေပြီးဖြစ်ရမည်။

အဆိုပါစနစ်ကောင်းစွာလည်ပတ်စေနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများအလိုက် အဓိက အစိတ်အပိုင်းများကိုပိုင်းခြားရာတွင်-

***အခန်း ၄.၅.၃.၁။ မူဝါဒများ၊ ဥပဒေများနှင့် နည်းဥပဒေများ***

အမျိုးသားအဆင့် မူဝါဒများ၊ ဥပဒေများနှင့် နည်းဥပဒေများ (PLRs) ဖြင့် REDD+ အတွက် Safeguards များပြဋ္ဌာန်းရမည်။

ထိုကဲ့သို့ Safeguards များဖြင့်ပြဋ္ဌာန်းရာတွင် လက်ရှိအသုံးပြုနေသည့် PLRs (သို့) REDD+ အတွက်သီးသန့် ရည်ရွယ်ပြဋ္ဌာန်းထားသည့် PLRs အသစ်များလည်းပါဝင်နိုင်ပါသည်။

ဥပမာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာဥပဒေ၊ သစ်တောလုပ်ငန်းဆောင်ရွက်ရာတွင်လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်များနှင့် REDD+ ဆိုင်ရာသီးသန့် PLRs များဖြင့်ချမှတ်ထားသည့် လုံခြုံစိတ်ရမှုအစီအမံများ (ဥပမာ ကာဗွန်နှင့်စပ်လျဉ်းသည့် ဆိုင်ရာဆိုင်ခွင့်များအတွက် မူဝါဒပါဝင်ရမည်ဖြစ်သည်) တို့ဖြင့်ပါဝင်ဖွဲ့စည်းထားရမည်ဖြစ်ပါသည်။

ထို့အပြင် ပိုမိုပြည့်စုံကောင်းမွန်သည့် REDD+ Safeguards အခြေခံအချက်များ သတ်မှတ်နိုင်ရန်အတွက် REDD+ Safeguard Framework မူဘောင်များ ဥပမာ မူဝါဒ ရေးရာတို့လည်း ပါဝင်ရမည်ဖြစ်သည်။

PLRs များအတွက် အဓိကလိုအပ်ချက်မှာ Cancun သဘောတူညီချက်မှပြဋ္ဌာန်းထားသည့် လိုအပ်ချက်များကိုလုံလုံလောက်လောက်ဖြည့်ဆည်းပေးနိုင်ရေးဖြစ်သည်။ ဆိုလိုသည်မှာ ၄င်းတို့ အနေဖြင့် Cancun Safeguards များကို နိုင်ငံအဆင့်အနေဖြင့် ဘယ်လောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သလဲဆိုတာဖြစ်ပါသည်။

***အခန်း ၄.၅.၃.၂။ လုံခြုံစိတ်ချရမှုများဆိုင်ရာသတင်းအချက်အလက်များစနစ်တစ်ခု***

လုံခြုံစိတ်ချရမှုများဆိုင်ရာ သတင်းအချက်အလက်များစနစ်သည် လုံခြုံစိတ်ရမှုဆိုင်ရာ စနစ်၏ အဓိကအပိုင်းတစ်ခုဖြစ်ပြီး Durban မြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် Safeguards ဆိုင်ရာအစည်း အဝေးဆုံးဖြတ်ချက်အရ လိုက်နာဆောင်ရွက်ရမည့် လိုအပ်ချက်တစ်ခုလည်း ဖြစ်ပါသည်။

စောင့်ကြည့်လေ့လာခြင်းနှင့်အစီရင်ခံခြင်းစနစ်အတွက်လိုအပ်သည့် အဓိကအစိတ်အပိုင်း များမှာ

–နိုင်ငံ၏ ပြဌာန်းထားသည့် Safeguards များအကောင်အထည်ဖော်ခြင်းဆိုင်ရာ အညွှန်း ကိန်းများ၊ အညွှန်းကိန်းဟုဆိုရာတွင် ၎င်းတို့သည် Process အတွက် အညွှန်းကိန်း ဖြစ်နိုင်သလို Outcome အတွက်အညွှန်းကိန်းလည်းဖြစ်နိုင်သည်။ Process အတွက် အညွှန်းကိန်းဆိုရာတွင် ရလဒ်တစ်ခုမည်ကဲ့သို့ရရှိလာသည်ကို ဖော်ပြသည်အညွှန်းကိန်း ဖြစ်ပါသည်(ဥပမာ REDD+ အစီအစဉ်တစ်ခုအတွက် စီမံချက်ရေးဆွဲခြင်း၊ တည်ထောင် ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း)။ Outcome အတွက်အညွှန်းကိန်းဟုဆိုရာတွင် ၎င်းသည် REDD+ အစီအစဉ် ဆောင်ရွက်ခြင်းအပေါ်အမှန်တကယ် ထိရောက်မှုများအပေါ် မေးမြန်းဖော်ပြသည့် အညွှန်းကိန်းဖြစ်ပါသည် (ဥပမာ Stakeholder အဖွဲ့တစ်ဖွဲ့အနေဖြင့် ၎င်းတို့၏ ဆိုင်ရာဆိုင်ခွင့်ရှိသောမြေကို ကာကွယ်ပြီးသားဖြစ်ခြင်း) တို့ဖြစ်ပါသည်။

–စောင့်ကြည့်လေ့လာခြင်းနည်းလမ်းများသည် သတင်းအချက်အလက်များနှင့်စပ် လျဉ်းပြီး မည်ကဲ့သို့စုဆောင်းရရှိသည်ကို အနှစ်ချုပ်ထားရှိခြင်းဖြစ်သည်။ အဓိက အချက်များမှာ-

- # အညွှန်းကိန်းများအတိုင်းရရှိသည် (သို့) မရရှိသည်သည်ကို ဖော်ပြနိုင်ရန် အတွက် မည်သည့်သတင်းအချက်အလက်များစုဆောင်းကောက်ယူခဲ့သည်၊
- # မည်သူက စုဆောင်းကောက်ယူခဲ့တာလည်း? ထိုနေရာတွင် အရေးတစ်ကြီးစဉ်း စားရမည့်အချက်မှာ လွတ်လွတ်လပ်လပ်ရှိမှုသည်သေချာရမည်ဖြစ်သည်၊ ထိုကဲ့သို့ လွတ်လပ်ခြင်းဖြင့် သတင်းအချက်အလက်များဆိုင်ရာ အရည် အသွေးများ တိုင်းတာရာတွင် ယုံကြည်လက်ခံနိုင်မည့်အပြင် ဘက်လိုက်သည့် အဖြေများလည်းပါဝင်မည်မဟုတ်ပေ။
- # သတင်းအချက်အလက်များကို မည်ကဲ့သို့စုဆောင်းခဲ့သည်? ဥပမာ ကွင်းဆင်း စာရင်းကောက်တိုင်းတာခြင်း(သို့) ရှိပြီးသားသတင်းအချက်အလက်များအား ရှာဖွေ စုဆောင်းခြင်း၊
- # သတင်းအချက်အလက်များကို အကြိမ်ရေမည်မျှကောက်ခံမည်လဲ?

–အစီရင်ခံခြင်းမူဘောင်သည် (လိုက်လျောညီထွေရှိစေမည့်စီမံခန့်ခွဲခြင်း၊ နိုင်ငံအဆင့် Stakeholders များ၊ အလှူရှင်များနှင့် UNFCCC စသည်တို့) လိုအပ်သော မတူကွဲပြားသည့် သတင်းအချက်အလက်များ ရရှိစေရန်ဖြစ်သည်။ အစီရင်ခံခြင်း

ဆိုင်ရာမူဘောင်တွင် သတင်းအချက်အလက်များကို မည်ကဲ့သို့ သိမ်းဆည်းရမည်နှင့် မည်ကဲ့သို့ အစီရင်ခံရမည်တို့အတွက် အခြေခံရမည့်အချက်များပါဝင်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းများသည် အစီရင်ခံခြင်းအတွက် အသစ်ရေးဆွဲထားသည့် Platform ဖြစ်နိုင်သလို ရှိပြီးသား အစီရင်ခံခြင်းဆိုင်ရာ Platforms များလည်း ဖြစ်နိုင်ပါသည်။ မတူကွဲပြားသည့် အစီရင်ခံခြင်းဆိုင်ရာ Platformsများအား တစ်ခုတည်းဖြစ်အောင်စုစည်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်သစ်တစ်ခု လိုအပ်မှာဖြစ်ပြီး ၎င်းတစ်ခုတည်းသော အစီရင်ခံခြင်းဆိုင်ရာ Platform ကို REDD+ Safeguards များနှင့်စပ်လျဉ်း၍ UNFCCC သို့အစီရင်ခံ ခြင်းတွင် အခြေခံအဖြစ်အသုံးပြုနိုင်မည်ဖြစ်သည်။

***အခန်း ၄.၅.၃.၃။ မကျေနပ်မှုများအားဖော်ထုတ်ခြင်းနှင့် ဖြေရှင်းမည့်နည်းလမ်းများ***

မကျေနပ်မှုများအားဖော်ထုတ်ခြင်းနှင့် ဖြေရှင်းမည့်နည်းလမ်းများသည် REDD+ ကြောင့် ထိခိုက်မှုများရှိနိုင်သည့် Stakeholders များအနေဖြင့် လုံခြုံစိတ်ရမှုအစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပေါ် feedback များပြန်ပေးနိုင်ရန်အတွက် ထောက်ပံ့ပေးရန်ဖြစ်ပြီး ၎င်းအား စောင့်ကြည့်လေ့လာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့ဖြင့် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ရာ အဆုံးတွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ ရရှိရန်ဖြစ်သည်။
အဆိုပါ မကျေနပ်မှုများအားဖော်ထုတ်ခြင်းနှင့် ဖြေရှင်းမည့်နည်းလမ်းများသည် UNFCCC Safeguards များတွင် လိုအပ်ချက်တစ်ခုအနေဖြင့်ဖော်ပြထားခြင်းမရှိသော်လည်း ၎င်းသည် လက်ရှိအချိန်တွင် အကောင်းဆုံးသော လုံခြုံစိတ်ချရမှုဆိုင်ရာစနစ်တစ်ခုဖြစ်ပြီး အနာဂတ် REDD+ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများအကြား စိတ်ချယုံကြည်မှုများ တိုးပွားလာစေရန် ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ မကျေနပ်မှုများအားဖော်ထုတ်ခြင်းတွင် အဆင့် (၆) ခုပါဝင်ပါသည်-

(၁) မကျေနပ်မှုများအားဖော်ထုတ်ခြင်း၊

(၂) မကျေနပ်မှုများအားအမျိုးအစားခွဲခြားနှင့်ဆက်လက်စုံစမ်းခြင်း၊

(၃)တိုင်ကြားမှုများအပေါ်အသိအမှတ်ပြုခြင်းနှင့်လိုအပ်သည့်လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်း၊

(၄)မကျေနပ်မှုများအပေါ်တိုင်ကြားချက်များအားသေချာစေရန်ဆောင်ရွက်ခြင်း၊ စုံစမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(၅)မကျေနပ်မှုများအပေါ်စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း၊

(၆) တုံ့ပြန်သံများရယူခြင်း (သို့) ဆက်သွယ်ရယူခြင်း၊

မကျေနပ်မှုများအားတိုင်ကြားခြင်းအပေါ်ထိရောက်သော ဖြေရှင်းချက်များပြန်ပေးနိုင်မည့် နည်းလမ်းတွင် အဓိကပါဝင်သည့်လက္ခဏာများမှာ မကျေနပ်မှုများဖော်ထုတ်တင်ပြနိုင်သည့် နေရာများ များစွာရှိခြင်းနှင့် တိုင်ကြားချက်များလက်ခံပေးနိုင်မည့် နည်းလမ်းများ များစွာ ရှိခြင်း၊ ဖြေရှင်းချက်များပေးနိုင်မည့် ဝန်ဆောင်မှုများပုံသေထားရှိခြင်း၊ ရှင်းရှင်းလင်းလင်း နှင့်ပွင့်လင်းမြင်သာစွာ မြန်မြန်ဆန်ဆန်လုပ်ငန်းဆောင်ရွက်ပေးနိုင်မည့် လမ်းညွှန်ချက်များ (လုပ်ထုံးလုပ်နည်းများ ပြန်လည်ဆန်းစစ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းစနစ်များ အပါအဝင်)နှင့် တိုင်ကြားသူများအား မကျေနပ်မှုများအားဖြေရှင်းရန်အတွက် အရေးယူ ဆောင်ရွက်ထားရှိမှုများကို ထိရောက်ပြီးအချိန်မီတုန့်ပြန်နိုင်မည့်စနစ် တို့ဖြစ်ပါသည်။

### *အခန်း ၄.၅.၃.၄။ Safeguards စနစ်တစ်ခု၏ ကွဲပြားသောလုပ်ငန်းတာဝန်များ လည်ပတ်စေခြင်း*

မတူကွဲပြားသောလုပ်ငန်းတာဝန်များလည်ပတ်စေရန်အတွက် အဖွဲ့အစည်းများ တည်ထောင်ရန်လိုအပ်လိမ့်မည်(သို့မဟုတ် လက်ရှိရှိပြီးသားအဖွဲ့အစည်းများအား တာဝန်များသတ်မှတ်ပေးအပ်ရပါမည်) အပြင် အမျိုးမျိုးသော လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအား လည်း လိုက်နာဆောင်ရွက်ရန်လိုပါလိမ့်မည်-

(၁) <u>အဖွဲ့အစည်းများ</u> - နိုင်ငံ၏ Safeguards စနစ်တစ်ခုအတွင်း အမျိုးမျိုးသော မတူကွဲပြားသည့် လုပ်ငန်းတာဝန်များဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းများ၏ အစိုးရဌာနများနှင့် တရားဝင်ဆက်သွယ်၍ဖြစ်စေ/ အစိုးရမဟုတ်သော ရိုးရာဒေသခံပြည်သူအစုအဖွဲ့ သစ်တော စီမံအုပ်ချုပ်ခြင်းဆိုင်ရာ အဖွဲ့အစည်းများနှင့်အလွတ်သဘောဖြစ်စေ ပါဝင်ဆောင်ရွက်ရန် အတွက် အဖွဲ့အစည်းများလိုအပ်ပါသည်။ ၄င်းအဖွဲ့အစည်းများသည် Safeguards စနစ် အတွင်း ပါဝင်ပတ်သက်နေသည့် အစိတ်အပိုင်းများအကြား တစ်ခုနှင့်တစ်ခု ဆက်နွယ်လျက် ရှိပြီး ၎င်းအဖွဲ့အစည်းများအတွက် အရေးကြီးသည့်အချက်မှာ-

- ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများတွင် မျှတမှုနှင့် ထိရောက်ပြီး ပွင့်လင်းမြင်သာသည့်လုပ်ငန်းစဉ်ဖြစ်စေမှုတို့ကို သေချာစေရန်ဖြစ်ပါသည်၊
- မူဝါဒများ၊ ဥပဒေများနှင့် နည်းဥပဒေများ PLRs အားအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို လက်ရှိအဖွဲ့အစည်းများ (သို့) အသစ်ဖွဲ့စည်းထားသည့် အဖွဲ့ အစည်းများမှ ဆောင်ရွက်ရမည်ဖြစ်သည်၊
- Safeguards များအပေါ် စောင့်ကြည့်လေ့လာခြင်းနှင့်အစီရင်ခံခြင်းတို့အတွက် သတင်း အချက်အလက်များစုစောင်းခြင်းနှင့် အသုံးပြုနိုင်သည်အထိ ဆောင်ရွက် ခြင်းကို အဖွဲ့ အစည်းများမှဆောင်ရွက်ရန်ဖြစ်သည်၊

(၂) လုပ်ငန်းစဉ်နှင့်လုပ်ငန်းဆောင်ရွက်မည့်အဆင့်များ - REDD+ အတွက် Safeguards စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးမျိုးသောလုပ်ငန်းစဉ်နှင့် လုပ်ငန်း

ဆောင်ရွက်မည့်အဆင့်များ အဆင်သင့်ရှိနေပြီးဖြစ်ရန်လိုအပ်ပါသည်။ ပါဝင်သည့်အချက်များမှာ-

- ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်- Safeguards စနစ်တစ်ခုအားဒီဇိုင်းရေးဆွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် များစွာသော Stakeholders များ ထိထိရောက်ရောက် ပူးပေါင်းပါဝင်မှုသေချာစေခြင်းသည် လုပ်ငန်းထိရောက်စွာဆောင်ရွက်နိုင်စေရန် အရေးကြီးသည့်အချက်ဖြစ်ပါသည်၊ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း Safe-guards များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပေါ် စောင့်ကြည့်လေ့လာခြင်းကဲ့သို့သော လုပ်ငန်းစဉ်များနှင့် စောင့်ကြည့်လေ့လာခြင်းစနစ်မှရရှိလာသည့် သတင်း အချက်အလက်များအပေါ် အတည်ပြုခြင်းများအတွက် ဆွေးနွေးတိုင်ပင်ခြင်း လိုအပ်မည်ဖြစ်သည်၊
- မဟာဗျူဟာမြောက်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လေ့လာခြင်းများသည် REDD+ နှင့် စပ်လျဉ်း၍ မည်သည့် Safeguards သည် လက်တွေ့လိုက်နာကျင့်သုံးလျက်ရှိပြီး မည်မျှထိရောက်မှုရှိသည်ကိုဆုံးဖြတ်နိုင်ရန်အတွက် အကူအညီပြုမည်ဖြစ်သည်၊
- စွမ်းဆောင်ရည်မြှင့်တင်ခြင်း - စနစ်တစ်ခုလုံးကောင်းမွန်စွာ လည်ပတ်လျက်ရှိကြောင်း သေချာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို အသိပညာပေးလုပ်ငန်းများအတွက် လိုအပ်ပါလိမ့်မည်၊ ၎င်းအသိပညာပေးလုပ်ငန်းများတွင် Safeguards ဆိုတာ ဘာလဲ၊ အညွှန်းကိန်းများနှင့် စောင့်ကြည့်လေ့လာခြင်းများကို မည်ကဲ့သို့ရေးဆွဲသတ်မှတ်မှာလဲစသည်တို့ပါဝင်မည်ဖြစ်သည်၊
- သီးသန့်လုပ်ငန်းစီမံချက်များ - REDD+ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကာလအတွင်း ဖြစ်ပေါ်လာသည့် Safeguards ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သီးသန့်လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်၊
- သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် ဆက်သွယ်ခြင်း - အထက်ဖော်ပြပါလုပ်ငန်းများတွင် သတင်းအချက်အလက်များ မျှဝေခြင်းအတွက် လုပ်ထုံးလုပ်နည်းများပါဝင်ရန် လိုအပ်ပါသည်၊
- Tools/ Instruments - ဥပမာ မူဝါဒတစ်ခု (သို့) REDD+ Safeguards တွင် ပါဝင်နေသည့် အဖွဲ့အစည်းတစ်ခု၏နည်းဥပဒေများ လက်တွေ့အလုပ်ဖြစ်စေရန် ၎င်းစီမံကိန်းတွင် အသုံးပြုရန်/ ပြုမည့် လမ်းညွှန်ချက် သို့မဟုတ် အစီရင်ခံစာ

ရေးသားခြင်းအတွက် ပုံစံ Templates များရေးဆွဲရမည်ဖြစ်သည်၊ ၄င်းတို့သည် ဥပဒေကြောင်းဆိုင်ရာအရ Instruments များမဟုတ်သော်လည်း PLRs များ လက်တွေ့အကောင်အထည်ဖော်နိုင်စေရန်အတွက် အလွန်အရေးကြီးပါသည်၊

### အခန်း ၄.၅.၄။ REDD+ ဆိုင်ရာ လူမှုရေးနှင့်ပတ်ဝန်းကျင်လုံခြုံစိတ်ချမှုစနစ်ရေးဆွဲခြင်း

REDD+ အဆင်သင့်ဖြစ်စေရေးလုပ်ငန်းစဉ်တွင် ပင်မလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ် သကဲ့သို့ Cancun သဘောတူညီချက်ပါ Safeguards များအားလိုက်နာဆောင်ရွက်မှု သေချာ စေရန်အပြင် နိုင်ငံတော်၏အကျိုးစီးပွားနှင့် ဖွံ့ဖြိုးရေးရည်မှန်းချက်များကို လေးစားလိုက်နာ နိုင်ရန်အတွက် နိုင်ငံအဆင့် သီးသန့်လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများကို မြန်မာ နိုင်ငံအနေဖြင့် ကိုယ့်နိုင်ငံနှင့်ကိုက်ညီအောင် သတ်မှတ်ရမည်ဖြစ်သည်။

နိုင်ငံ၏ Safeguards အကောင်အထည်ဖော်မည့်နည်းလမ်းတွင်ပါရှိသည့် အစိတ်အပိုင်းများ တည်ထောင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် Stakeholder and Safeguards TWG လုပ်ငန်းအဖွဲ့၏ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ခု ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် စနစ်တစ်ခုကောင်းမွန်စွာလည်ပတ်နိုင်စေရန်အတွက် ယေဘူယျဆောင်ရွက်ရမည့် အဆင့်များပါဝင်ပါသည် (ပုံ ၄.၁)။ ၄င်းတို့ထဲမှ အဆင့်များစွာ သည် အကြိမ်ကြိမ်ပြန်လည် လှည့်ပတ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဆောင်ရွက်မည့်နှုန်းများ တူညီရန်မလိုအပ်ပါ။ ထိုကဲ့သို့ လုပ်ငန်းစဉ်ကို ဆောင်ရွက် ခြင်းသည် စနစ်၏ ဥပဒေကြောင်းဆိုင်ရာလက်ခံနိုင်မှုနှင့် ထိရောက်မှုတို့အတွက် အဓိက အချက်လည်းဖြစ်ပါသည်။

ဥပမာ Stakeholder များအားလုံး၏ထိထိရောက်ရောက်ပူးပေါင်းပါဝင်မှုသည် အဆင့်တိုင်း အတွက် အရေးတကြီးလိုအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် REDD+ ဆိုင်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင်လုံခြုံစိတ်ချရမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံနှင့် သင့်တော်မည့် စံသတ်မှတ်ချက်များကို ရေးဆွဲဖော်ထုတ်ရမည်ဖြစ်သည်။




ပုံ (၄.၁)နိုင်ငံ၏ လုံခြုံစိတ်ချရမှုဆိုင်ရာစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့် အဓိက အဆင့်များ

အဆိုပါ စံသတ်မှတ်ချက်များသည် လက်ရှိနှင့်အသစ်ရေးဆွဲထားသည့် PLRs အပေါ်တွင် အခြေခံရလိမ့်မည်ဖြစ်သည်။

၎င်းစံသတ်မှတ်ချက်များသည် နိုင်ငံ၏ လုံခြုံစိတ်ချမှုဆိုင်ရာအစီအမံများအား စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းစနစ် (သို့) လုံခြုံစိတ်ချမှုဆိုင်ရာအစီအမံများဆိုင်ရာ သတင်းအချက်အလက်စနစ် (SIS) များအတွက် အခြေခံကျသည့် အညွှန်းကိန်းများဖော်ထုတ်ခြင်းအတွက် ဦးဆောင်ပေးမည်ဖြစ်ပါသည်။

ထို့အပြင် ၎င်းစံသတ်မှတ်ချက်များသည် မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ် အခြေခံအချက်များ အဖြစ် ဆောင်ရွက်ပေးမည်ဖြစ်သည်။

### *အခန်း ၄.၅.၄.၁။ PLRs (သို့) လုံခြုံစိတ်ချမှုဆိုင်ရာစံသတ်မှတ်ချက်များ ရေးဆွဲဖော်ထုတ်ခြင်း*

လုံခြုံစိတ်ချမှုဆိုင်ရာ စံသတ်မှတ်ချက်များသတ်မှတ်ဖော်ထုတ်ခြင်းကို ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ခြင်း (သို့) နိုင်ငံ၏ လုံခြုံစိတ်ချမှုစနစ်ဟာဘာကြောင့်လဲဟူသော မေးခွန်းဖြင့် စတင်ရမည်ဖြစ်သည်။

အဆိုပါရည်မှန်းချက်ပန်းတိုင်သည်အောက်ဖော်ပြပါများကို ဖြေရှင်းရန်လိုအပ်သည် (သို့) တုန့်ပြန်ရန်လိုအပ်သည်-

(က) UNFCCC Cancun နှင့် Durban သဘောတူထားသည့်လိုအပ်ချက်များ - ၄င်း သဘောတူညီချက်များတွင် မည်သည့်တိုင်းပြည်များတွင် အဆင့်သင့် အသုံးပြုနိုင်ရန်ရှိပြီး ဖြစ်ရမည်ဟုမဖော်ပြထားသော်လည်း အနိမ့်ဆုံးအဆင့်အနေဖြင့် တုန့်ပြန်ရန် လိုအပ်ခြင်း၊

(ခ) အလှူရှင်များ၏လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာမူဝါဒများအရ လိုအပ်ချက်များ၊ မည်သည့် Safeguards များစောင့်ကြည့်ရန်လိုအပ်မည်ဖြစ်ခြင်း၊ အစီရင်ခံတင်ပြခြင်းများအတွက် မာတိကာကို အတိုင်းအတာတစ်ခုအထိဖော်ပြထားခြင်း၊

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုများကြောင့် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများနှင့်ဆက်နွယ်နေသည့်အရာများ

ဒုတိယအဆင့်သည် နိုင်ငံရှိ PLRs များအားပြန်လည်ဆန်းစစ်ခြင်းနှင့် လစ်ဟာချက်များအား ဆန်းစစ်လေ့လာခြင်းများဆောင်ရွက်ခြင်းဖြစ်ပြီး ၄င်းအဆင့်သည် နိုင်ငံ၏ REDD+ ဆိုင်ရာ လုံခြုံစိတ်ချမှုများအပေါ် နိုင်ငံ၏အဓိပ္ပါယ်ပြန်ဆိုဖွင့်လှစ်ခြင်းနှင့် REDD+ လုပ်ငန်းများတွင် အသုံးပြုနိုင်မည့် PLRs များဖော်ထုတ် သတ်မှတ်ခြင်းများအတွက် တုန့်ပြန်သွားမည်ဖြစ်သည်။

ထိုကဲ့သို့ သောပြန်လည်ဆန်းစစ်ခြင်းလေ့လာခြင်းများတွင် ထိရောက်မှုများအပေါ်အကဲဖြတ် ဆန်းစစ်ခြင်း၊ လက်ရှိ PLRs များအကောင်အထည်ဖော်ဆောင်ရွက်ခြင်း မှတ်တမ်းများပါရှိရမည်ဖြစ်သည်။

ထိုကဲ့သို့ ဆန်းစစ်လေ့လာခြင်းများသည် လက်ရှိ လုံခြုံစိတ်ချမှုများ ထိရောက်မှုရှိနိုင်/ မရှိနိုင်နှင့် ထိရောက်မှုများပိုမိုကောင်းမွန်စေရန်ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ရန် မရှိမဖြစ်လိုအပ်သည်။

၎င်းပြန်လည်ဆန်းစစ်လေ့လာခြင်းသည် REDD+ သီးသန့်ကိစ္စရပ်များအတွက် PLRs အသစ်များရေးဆွဲရာတွင် (လိုအပ်ပါက) သဘောထားမှတ်ချက်များပေးနိုင်မည်ဖြစ်သည်။

၎င်းပြန်လည်ဆန်းစစ်လေ့လာခြင်းရလဒ်များကို ကနဦးကာလတွင် ဥပဒေကြောင်းဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် Stakeholder and Safeguards လုပ်ငန်းအဖွဲ့တို့မှ အတည်ပြုပေးရမည်ဖြစ်သည်။

၎င်းနောက်တွင် နိုင်ငံအဆင့် REDD+ Stakeholder ကွန်ယက်အဖွဲ့ဝင်များအကြားအကြံပြုသဘောထားမှတ်ချက်များရယူနိုင်ရန် ဘာသာပြန်ဆိုခြင်းနှင့် ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။

***အခန်း ၄.၅.၄.၂။ လုံခြုံစိတ်ချမှုဆိုင်ရာ သတင်းအချက်အလက်စနစ် တည်ဆောက်ခြင်း(သို့) သတ်မှတ်ခြင်း***

REDD+ လုံခြုံမှုဆိုင်ရာစံသတ်မှတ်ချက်များပြဋ္ဌာန်းပြီးပါက သတင်းအချက်အလက်များနှင့် အစီရင်ခံခြင်းဆိုင်ရာစနစ်တို့ရေးဆွဲသတ်မှတ်ရမည်ဖြစ်သည်။

ပထမဆုံးအဆင့်သည် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာဆောင်ရွက်မှုများအတွက် အညွှန်းကိန်းများဖော်ထုတ်သတ်မှတ်ခြင်းဖြစ်သည်။

အညွှန်းကိန်းများသတ်မှတ်ခြင်းလုပ်ငန်းစဉ်တွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုအပ်ပါသည်-

(က) အညွှန်းကိန်း(များ)အနေဖြင့် လုံခြုံစိတ်ချရမှုဆိုင်ရာများအမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရှိ/မရှိတိုင်းတာနိုင်ရမည်ဖြစ်သည်။

(ခ) အညွှန်းကိန်းသည်တိုင်းတာ၍ရ ရမည်ဖြစ်ပြီးရည်ရွယ်ချက်ရှိရှိ တိုက်ဆိုင် စစ်ဆေးခြင်းခံနိုင်ရမည်ဖြစ်သည်။ ထိုကဲ့သို့တိုင်းတာနိုင်ရန်အတွက် အလားအလာရှိသောကိန်းဂဏန်းစာရင်းအချက်အလက်များကို လိုအပ်ရာ ရှိပြီးသားဇစ်မြစ်(သို့) အသစ်အသစ်သော ဇစ်မြစ်များကိုစုပေါင်းထားရှိရန်လိုအပ်သည်။

(ဂ) အညွှန်းကိန်းများသတ်မှတ်ရာတွင် ပူးပေါင်းပါဝင်မှု၊ အခြားတစ်နည်းဆိုရလျှင်၊ လုံခြုံစိတ်ချရမှုများ ဆောင်ရွက်ထားခြင်းအပေါ် တိုင်းတာခြင်းများတွင် အထောက်အပံ့ဖြစ်စေရန် အညွှန်းကိန်းရွေးချယ်ရာတွင် Stakeholders များအားလုံးမှသဘောတူညီခြင်းရှိ/မရှိဆိုသည့် မေးခွန်းဖြစ်သည်။

နောက်တစ်ဆင့်တွင် စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာနည်းစနစ်များရေးဆွဲသတ်မှတ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မည့်သက်ဆိုင်ရာ အဖွဲ့အစည်းများသတ်မှတ်ခြင်းဖြစ်သည်။

(က) သတင်းအချက်အလက်ကိုဘယ်သူကစုစည်းမှာလဲ? အရေးကြီးစဉ်းစားရမည့်အချက်မှာ အမှီအခိုကင်းရှင်းမှုသေချာစေရန်ဖြစ်သည်၊ သို့မှသာ တိုင်းတာရရှိသည့် သတင်း အချက်အလက်များ၏အရည်အသွေးသည်ယုံကြည်နိုင်ဖွယ်ရှိပြီး ဘက်လိုက်မှုများမပါဝင်သည့် အဖြေကိုရရှိမည်ဖြစ်သည်။

(ခ) သတင်းအချက်အလက်များကို မည်ကဲ့သို့စုစည်းမှာလဲ? ဥပမာအားဖြင့် ကွင်းဆင်းတိုင်းတာစာရင်းကောက်ယူခြင်း နှင့် ရှိပြီးသားစာပေများထဲမှာ Secondary data အဖြစ်စာရင်းကောက်ယူခြင်းလား?
ကိန်းကဏန်းစာရင်းအချက်အလက်များစာရင်း ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ လက်ရှိ လုပ်ငန်းဆောင်ရွက်သည့်နည်းလမ်းများ များစွာရှိပြီးဖြစ်ရာ အဓိက လိုအပ်သည်မှာ REDD+ လုပ်ငန်းများနှင့် မည်ကဲ့သို့ဆက်စပ် သည်ကိုဖော်ထုတ်သတ်မှတ်ရန်ဖြစ်သည်။

(ဂ) ကိန်းကဏန်းစာရင်းအချက်အလက်များကို အချိန်မည်မျှအကြာတွင် စာရင်းကောက်ယူမှာလည်း? စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲရမည်ဖြစ် သည်။

(ဃ) မည်သည့်သတင်းအချက်အလက်ကို အစီရင်ခံရမှာလဲ? ဘယ်လိုပုံစံနဲ့ (ကိန်းကဏန်း စာရင်းအချက်အလက်များကို ရေတွက်လို့ရသည့် Database) ဘယ်နေရာမှာ (မည်သည့် ဝန်ကြီးဌာန/ ဦးစီးဌာနကဦးဆောင်မှာလဲ) ဘယ်လိုအစီရင်ခံမှာလဲ (အင်တာနက် စာမျက်နှာတွင် သတင်းအချက်အလက်များထုတ်ပြန်မှာလား၊ နှစ်စဉ်စာအုပ်ထုတ်ဝေမှာလည်း?

### *အခန်း ၄.၅.၄.၃။ မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ်ဖြေရှင်းမည့် နည်းလမ်းဖော်ထုတ်ခြင်း (သို့) သတ်မှတ်ခြင်း*

နိုင်ငံ၏ လုံခြုံစိတ်ချရမှုဆိုင်ရာစနစ် ခိုင်မာမှုသည် ပြန်လည်ဆွေးနွေးခြင်းနှင့် မကျေနပ်မှုများ ဖော်ထုတ်ခြင်းအပေါ်ဖြေရှင်းမည့် နည်းလမ်းဖော်ထုတ်ခြင်းဖြင့် ပိုမိုတောင့်တင်းကောင်းမွန်လာမည်ဖြစ်သည်။

REDD+ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျရှုံးခြင်းမရှိစေရန်အတွက် ထိရောက်ပြီး အများသူငါအလွယ်တကူအသုံးပြုနိုင်သည့်အပြင် ပွင့်လင်းမြင်သာမှုရှိသည့် မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ် ဖြေရှင်းမည့်နည်းလမ်း မရှိမဖြစ်လိုအပ်ပါသည်။

REDD+ Readiness Phase အဆင်သင့်ဖြစ်စေရန်ဆောင်ရွက်နေသည့် ကာလအတွင်းမှာပင် ဒေသခံပြည်သူအစုအဖွဲ့များနှင့် တစ်ဦးတစ်ယောက်ခြင်းစီမှ မကျေနပ်မှုများတိုင်တန်းခြင်းထွက်ပေါ်လာနိုင်ပါသည်။

မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ်ဖြေရှင်းမည့်နည်းလမ်းတွင် အနိမ့်ဆုံးအဆင့်အနေဖြင့် နိုင်ငံအဆင့် REDD+ Stakeholders ကွန်ယက်အတွင်းရှိအဖွဲ့ဝင်များအားလုံးကို Readiness Phase ၏ ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်နေသည့်ကာလအတွင်း ထွက်ပေါ်လာသည့် စိုးရိမ်ပူပင်မှုများ စနစ်တကျမှတ်တမ်းတင်ခြင်းနှင့် ဖြေရှင်းပေးခြင်းများ ဆောင်ရွက်နိုင်ရန် လုံခြုံစိတ်ချရမှုဆိုင်ရာစနစ် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပြန်လည်ဆွေးနွေးခြင်းများပြုနိုင်မည့် နည်းလမ်းများတည်ဆောက်ခြင်းတို့အပေါ် ပြန်လည်ဆွေးနွေး

ခြင်းနှင့်အကြံပြုသဘောထားမှတ်ချက်များ ပေးခြင်းများခွင့်ပြုပေးနိုင်ရန်အတွက် စနစ်တစ်ခုပါဝင်ရန်လိုအပ်ပါသည်။

သို့သော် ပြန်လည်ဆွေးနွေးခြင်းများပြုနိုင်မည့် နည်းလမ်းများသည် မူဝါဒပိုင်းဆိုင်ရာအရ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့်ကိုက်ညီသည့်တိုင် တိုးပွားလာသည့် အငြင်းပွားမှုများအပေါ်ဖြေရှင်းရန် လုံလောက်မည်မဟုတ်ပေ။ ထို့ကြောင့် ကျွမ်းကျင်မှုနှင့် လုပ်ငန်းစဉ်များ နောက်ထပ်လိုအပ်မည်ဖြစ်သည်။ ရည်ရွယ်ချက်ပိုမိုကြီးမားပြီး ရေရှည်ဆောင်ရွက်နိုင်မည့် နည်းလမ်းမှာ REDD+ လုပ်ငန်းများကြောင့် ဆိုးကျိုးများခံစားရနိုင်မည့် Stakeholders များအားလုံးကို မကျေနပ်မှုများဖော်ထုတ်ခွင့်ပြုခြင်းပင်ဖြစ်သည်။

ဒေသအဆင့် ဖွဲ့စည်းပုံများရှိ ထုံးတမ်းဓလေ့ဆိုင်ရာဥပဒေများနှင့် ကျေးရွာအတွင်း အငြင်းပွားမှုများဖြေရှင်းသည့် နည်းလမ်းများသည် မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ်ဖြေရှင်းမည့် နည်းလမ်းအဖြစ်အသုံးချနိုင်မည်ဖြစ်သည်။

ဒေသအာဏာပိုင်များ၏ညွှန်ကြားချက်များသည်လည်း အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

သို့သော် တရားတင်ဖြစ်သည့်အပြင် ကျယ်ကျယ်ပြန့်ပြန့်လက်ခံခြင်းခံရသည့် မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ် ဖြေရှင်းမည့်နည်းတို့သည် ဒေသအဆင့်နှင့် အထူးသဖြင့် နိုင်ငံအဆင့်တွင် ယခုအချိန်အထိပေါ်ပေါ်လာခြင်းမရှိသေးပါ။

Readiness Phase ကာလအတွင်းအဓိကဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုမှာ အသုံးပြု၍ရနိုင်သည့် အလားအလာရှိသော လက်ရှိနည်းလမ်းများကို သေချာစွာလေ့လာဖော်ရန်နှင့် မှုဘောင်များအပေါ်ဆန်းစစ်လေ့လာခြင်းဖြင့် နည်းလမ်းအသစ်များ သတ်မှတ်တည်ထောင်ရန်ဖြစ်သည်။

SPECTRUM ၊ Myanmar's Local Resource Center နှင့် CARE Myanmar စသည့်အဖွဲ့အစည်းများမှ ရေးဆွဲထားသည့် မကျေနပ်မှုများ ဖော်ထုတ်ခြင်း အပေါ်ဖြေရှင်းမည့် နည်းလမ်းများအပါအဝင် မြန်မာနိုင်ငံအခြေအနေအပေါ်အခြေခံ၍ အလားအလာရှိသော မှုဘောင်များနှင့် နမူနာပုံစံများကို ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

မြေသိမ်းဆည်းခြင်းများနှင့်စပ်လျဥ်း၍ မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ် ဖြေရှင်းနိုင်ရန်အတွက် ၂၀၁၂ခုနှစ်၊ ဇူလိုင်လအတွင်းဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော် မြေယာသိမ်းယူခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခဲ့ရာ ၄င်းကော်မတီ၏ အတွေ့အကြုံများကို ရယူနိုင်သကဲ့သို့ ၄င်းကော်မတီသည် REDD+ မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ် ဖြေရှင်းမည့် နည်းလမ်းအစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ဆောင်ရွက်လာနိုင်ပါသည်။

မကျေနပ်မှုများ ဖော်ထုတ်ခြင်း အပေါ်ဖြေရှင်းမည့် မည်သည့်နည်းလမ်းများ လက်ရှိအချိန်တွင် ဖော်ထုတ်ပြီးဖြစ်သည်ကို နားလည်သိရှိရန်အတွက်၊ မည်မျှလုပ်ငန်းဆောင်ရွက်ပေးနိုင်သည်နှင့် REDD+ ဆိုင်ရာလုံခြုံစိတ်ချရမှုများနှင့်စပ်လျဥ်း၍ အသုံးပြု၍ရနိုင်သည်/ ပိုမို

တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရမည် စသည်တို့ကို သေသေချာချာသိရှိနိုင်ရန် အတွက် ကနဦး ပြန်လည်ဆန်းစစ်လေ့လာခြင်းကိုဆောင်ရွက်ရမည်ဖြစ်သည်။

ထိုကဲ့သို့ပြန်လည်ဆန်းစစ်လေ့လာခြင်းကို လက်ရှိ PLRs များဆန်းစစ်လေ့လာခြင်းတွင် အပိုင်းတစ်ခုအနေဖြင့်ထည့်သွင်းဆောင်ရွက်သွားနိုင်ပါသည်။

မကျေနပ်မှုများ ဖော်ထုတ်ခြင်း အပေါ်ဖြေရှင်းမည့် မည်သည့်နည်းလမ်းဖော်ထုတ်ခြင်းတွင် အဓိကပါဝင်ရမည့်အချက်များမှာ-

(က) မကျေနပ်မှုများ ဖော်ထုတ်ခြင်းအတွက် လိုအပ်သည့် PLRs များသတ်မှတ်ခြင်း၊

(ခ) မြန်ဆန်ပြီးရိုးရှင်းကာ ပွင့်လင်းမြင်သာစွာ လုပ်ငန်းဆောင်ရွက်နိုင်မည့် လမ်းညွှန်ချက် ရေးဆွဲခြင်း (အကျုံးဝင်မှု၊ ထိန်းချုပ်ထားမှု၊ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အချိန်သတ်မှတ်ချက်)

(ဂ) မကျေနပ်မှုများ ဖော်ထုတ်ခြင်းအပေါ်ဖြေရှင်းမည့်စနစ်၊ မကျေနပ်မှုများ ဖော်ထုတ်ခြင်းအပေါ်မည်ကဲ့သို့ဖြေရှင်းမည် (ဥပမာ - ကြားဝင်ဖြန်ဖြေပေးခြင်း၊ မှန်ကန်သည့် လုပ်ငန်းများပြသပေးခြင်း၊ နစ်နာကြေးပေးခြင်းစနစ်နှင့် ရလဒ်များကို အများသိရှိအောင်မည်ကဲ့သို့ဆောင်ရွက်ရမလဲ?)

### *အခန်း ၄.၅.၄.၄။ နိုင်ငံအဆင့် REDD+ လုံခြုံစိတ်ချရမှုဆိုင်ရာစနစ်ရေးဆွဲရေးအတွက် ဆွေးနွေးတိုင်ပင်ခြင်းများ*

ရွေးချယ်ထားသည့် PLRs များ (သို့) လုံခြုံစိတ်ချရမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အဆိုပြု လုံခြုံစိတ်ချရမှုဆိုင်ရာ သတင်းအချက်အလက်စနစ်တို့ကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် အတည်ပြုချက်များရယူရန် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ရမည်ဖြစ်သည်။

၄င်းအလုပ်ရုံဆွေးနွေးပွဲသည် မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ်ဖြေရှင်းမည့်စနစ် တည်ထောင်ခြင်းအပေါ် မတူညီသော ရွေးချယ်စရာများအပေါ် ပြန်လည်သုံးသပ်နိုင်မည့် အခွင့်အလန်းတစ်ရပ်ဖြစ်ပြီး ရေးဆွဲရန်အတွက် လုပ်ငန်းလမ်းညွှန်ချက်များလည်း ချမှတ်ပေးနိုင်မည်ဖြစ်ပါသည်။

ဒုတိယအကြိမ် နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲသည် အဆိုပြုထားသည့် မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ်ဖြေရှင်းမည့်စနစ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းအတွက်ဖြစ်ပါသည်။

အခန်း ၄.၆၊ အဆိုပြု လုပ်ငန်းအစီအစဉ်နှင့် လိုအပ်သောရန်ပုံငွေ

| နိုင်ငံအဆင့် လုပ်ငန်းစဉ် တွင်ပါဝင် သည့်အပိုင်း များ | ပူးပေါင်းပါ ဝင်ဆောင် ရွက်မည့် အလှူရှင် အဖွဲ့အစည်း | လက်တွဲ ဆောင်ရွက် မည့်အဖွဲ့ | အဆိုပြု အဆင် သင့်ဖြစ်စေရေး လုပ်ငန်းများ | ရန်ပုံငွေ (၄)နှစ် အတွက် |
|---|---|---|---|---|
| အပိုင်း (၄) အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဘောင်များနှင့် လုံခြုံစိတ်ချမှုအစီအမံများ | | | | |
| ရလဒ် ၄.၁ အဖွဲ့အစည်း ဆိုင်ရာ စုဖွဲ့မှုများ လုပ်ငန်း ဆောင်ရွက် နိုင်ခြင်း | UNDP, NORAD-RECOFTC, FAO-GEF, DGTTF-UNDP, KFS, ITTO | RECOFTC, SP&S-TWG | - REDD+ အတွက်အရည်အခြင်းပြည့်ဝ စေရေးဆိုင်ရာမူဘောင်များရေးဆွဲခြင်း၊<br>- စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာလို အပ်ချက်များ ကနဦးဆန်းစစ်လေ့လာ မှုဆောင်ရွက်ခြင်း၊<br>- ရရှိနိုင်မည့် သတင်းအချက်အလက်များ နှင့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ အားပြန်လည်ဆန်းစစ်လေ့လာခြင်းနှင့် နိုင်ငံနှင့်ကိုက်ညီသည့်များကို ကျင့်သုံး ခြင်းနှင့် ဘာသာပြန်ဆိုခြင်းများအတွက် အကြံပြုသဘောထားများပေးခြင်း၊<br>- မြန်မာနိုင်ငံ REDD+ လမ်းပြမြေပုံဆိုင် ရာ သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ သီးသန့်ရေးဆွဲသည့်ဖော်ထုတ်ခြင်း၊<br>- အင်တာနက်အခြေပြုသတင်းအချက်အ လက်စနစ်တည်ထောင်ခြင်းနှင့်ရရှိလာ သည့်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန်ဆောင် ရွက်ခြင်း၊<br>- အသိပညာပေးလုပ်ငန်းများနှင့် သင်တန်း များဖွင့်လှစ်ပို့ချခြင်း၊<br>- အဖွဲ့အစည်းဆိုင်ရာစုဖွဲ့မှု၊ CBNA Communication Strategy တို့အား ကြားဖြတ်ပြန် လည်ဆန်းစစ်ခြင်း (အကယ်၍ အဆိုပြုထားသည့် စုဖွဲ့မှုပုံစံ သည်တစ်နှစ်ကြာစမ်းသပ်ပြီးအလုပ်မဖြစ် တော့ပါက)<br>- ကြားဖြတ်ပြန်လည်ဆန်းစစ်ခြင်းရလဒ် များအားအတည်ပြုနိုင်ရန်အတွက် နိုင်ငံ အဆင့်ဆွေးနွေးတိုင်ပင်ခြင်းအလုပ်ရုံဆွေး နွေးပွဲကျင်းပပြုလုပ်ခြင်း၊<br>- ဖွဲ့စည်းအစည်းဆိုင်ရာ စုဖွဲ့မှုအား လိုက် လျောညီထွေရှိစေရန်ပြင်ဆင်ပြောင်းလဲ | ၁,၀၂၀,၀၀၀ |

| | | | | |
|---|---|---|---|---|
| | | | ခြင်းနှင့် လိုအပ်သော သင်တန်းများ၊အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊<br>- လက်ရှိ သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးပုံစံများလိုက်လျောညီထွေရှိစေရန်ပြင်ဆင်ပြောင်းလဲခြင်း၊<br>- အဖွဲ့အစည်းဆိုင်ရာ စုဖွဲ့မှု၊ CBNA နှင့် Communictaion Strategy များ၏ နောက်ပိတ်ဆုံးပြန်လည်ဆန်းစစ်ခြင်းရလဒ်များကို နိုင်ငံအဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ပြီး အတည်ပြုချက်ရယူခြင်း၊<br>- ဖွဲ့စည်းအစည်းဆိုင်ရာ စုဖွဲ့မှုအား လိုက်လျောညီထွေရှိစေရန်ပြင်ဆင်ပြောင်းလဲခြင်းနှင့် လိုအပ်သော သင်တန်းများ၊အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊<br>- လက်ရှိ သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးပုံစံများလိုက်လျောညီထွေရှိစေရန်ပြင်ဆင်ပြောင်းလဲခြင်း၊ | |
| ရလဒ် ၄.၂ ဥပဒေကြောင်းဆိုင်ရာ မူဘောင်အားလိုက်လျောညီထွေရှိစေရန်ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် အားဖြည့်ခြင်း | UNDP, FAO-GEF | L-TWG and D&SD-TWG | - လက်ရှိဥပဒေကြောင်းဆိုင်ရာမူဘောင်များနှင့် အသစ်ရေးဆွဲထားသည့် REDD+ ဆိုင်ရာသီးသန့် ဥပဒေမူဘောင်များ အဆိုပြုစာရင်းမူကြမ်းပြုစုခြင်း၊ (အခန်း ၃.၄.၃.၂ တွင်ဖော်ပြထားသည့် မူဝါဒပိုင်းနှင့် ဥပဒေကြောင်းဆိုင်ရာ ပြန်လည်ဆန်းစစ်ခြင်း(၂)ကြိမ်ပေါ်တွင်အခြေပြုရပါမည်၊<br>- အဆိုပြုစာရင်းပါ ပြုပြင် ပြောင်းလဲမှုများနှင့် ဥပဒေကြောင်းဆိုင်ရာ မူဘောင်များ ပြန်လည်ဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ကနဦး နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်တွင်ဆောင်ရွက်သွားရန် (အရေးကြီးလိုအပ်နေပြီ ဆောင်ရက်ရန် လွယ်သည့်ကိစ္စများအပေါ် အာရုံထားဆောင်ရွက်ရန်)<br>- ပြင်ဆင်ချက်မူကြမ်းများကို REDD+ ကွန်ယက်အဖွဲ့ဝင်များအားလုံးထံသို့ ဖြန့်ဝေခြင်းဖြင့် အဖွဲ့ဝင်များအားလုံးမှ အတည်ပြုခြင်းဝင့် သက်ဆိုင်ရာအစိုးရဌာနများမှ လိုက်လျောညီထွေရှိစေရေးဆောင်ရွက်ခြင်း)<br>- ပြင်ဆင်ချက်များကို ဒုတိယအကြိမ် နိုင်ငံအဆင့်ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်တွင် အဆိုပြုပြန်လည်ဆန်းစစ်ခြင်းနှင့် အတည်ပြုခြင်း၊ (အခြေခံကျပြီးပိုမိုရှုတ် | ၂၀၀,၀၀၀ |

| | | | | |
|---|---|---|---|---|
| | | | ထွေးသည့် ရေရှည်ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲခြင်းများတွင် ဦးစားပေးဆောင်ရွက်ရန်)<br>• REDD+ ကွန်ယက်အဖွဲ့ဝင်များထံသို့ ပြင်ဆင်ထားသည့် မူကြမ်းများ ဖြန့်ဝေခြင်းဖြင့် အတည်ပြုချက်များရယူခြင်းနှင့် အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်တင်ပြခြင်း၊ | |
| ရလဒ် ၄.၃ ငွေကြေးဆိုင်ရာမူဘောင်ရေးဆွဲပြီးခြင်း | UNDP | F-TWG | • လက်ရှိငွေကြေးဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများအားပြန်လည်ဆန်းစစ်လေ့လာခြင်းနှင့် REDD+ အတွက်သင့်တော်သည့် ငွေကြေး ဆိုင်ရာစီမံခန့်ခွဲခြင်းနည်းလမ်းများအတွက် ရွေးချယ်မှုများပြုလုပ်နိုင်ရန် အကြံပြုသဘောထားမှတ်ချက်များရယူခြင်း၊<br>• REDD+ အတွက်ငွေကြေးဆိုင်ရာစီမံခန့်ခွဲမည့်နည်းစနစ်ရေးဆွဲခြင်း၊<br>• ဝန်ကြီးဌာနများနှင့် အများနှင့်မသက်ဆိုင်သည့်နေရာများတွင် လက်ရှိဆောင်ရွက်နေသော အကျိုးအမြတ်ခွဲဝေပေးနေသည့်နည်းလမ်းများ ပြန်လည်ဆန်းစစ်လေ့လာခြင်း၊<br>• REDD+ ဆိုင်ရာ အကျိုးအမြတ်ခွဲဝေခြင်းကို ပမာဏမရွေး ဆောင်ရွက်နိုင်မည့်စနစ်တစ်ခုရေးဆွဲခြင်း၊<br>• အဆိုပြုထားသည့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းနည်းလမ်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊ | ၂၆၀,၀၀၀ |
| ရလဒ် ၄.၄ REDD+ ဆိုင်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင် လုံခြုံစိတ်ချရမှု စနစ်ရေးဆွဲဖော်ထုတ်နိုင်ခြင်း | UNDP, UNEP | SP&S-TWG and L-TWG | • လုံခြုံစိတ်ချရမှုဆိုင်ရာစံသတ်မှတ်ချက်များ (သို့) PLRs များဖော်ထုတ်သတ်မှတ်ခြင်း၊<br>• လုံခြုံစိတ်ချရမှုဆိုင်ရာသတင်းအချက်အလက်စနစ်ရေးဆွဲသတ်မှတ်ခြင်း၊<br>• မကျေနပ်မှုများဖော်ထုတ်ခြင်းအားဖြေရှင်းမည့်နည်းလမ်းရေးဆွဲသတ်မှတ်ခြင်း၊<br>• ရွေးချယ်ထားသည့် PLRs သို့ လုံခြုံစိတ်ချရမှုဆိုင်ရာစံသတ်မှတ်ချက်များ၊ အဆိုပြုထားသည့် လုံခြုံစိတ်ချရမှုဆိုင်ရာသတင်းအချက်အလက်စနစ်တို့အားပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ဆောင်ရွက်ရန် နိုင်ငံအဆင့်အလုပ် | ၄၀၀,၀၀၀ |

| | | | | |
|---|---|---|---|---|
| | | | ရုံဆွေးနွေးပွဲအားကျင်းပပြုလုပ်ခြင်း၊<br>✚ မကျေနပ်မှုများဖော်ထုတ်ခြင်းအပေါ် ဖြေရှင်းမည့် အဆိုပြုနည်းလမ်းများအား ပြန်လည်ဆန်းစစ်လေ့လာခြင်းနှင့်အတည်ပြုခြင်းများဆောင်ရွက်ရန် နိုင်ငံအဆင့် ဆွေးနွေးတိုင်ပင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ | |
| **စုစုပေါင်း** | | | | **၁,၈၈၀,၀၀၀** |

## အပိုင်း (၅) နိုင်ငံအဆင့် ကာဗွန်ထုတ်လွှတ်မှု ရည်ညွှန်းပမာဏနှင့် ရည်ညွှန်း ပမာဏ အဆင့်များ ဖော်ထုတ်သတ်မှတ်ခြင်း (REL/RL)

အခြေခံအကြောင်းအရင်း။ ။ REDD$^{+}$ သည် သစ်တောကို အခြေပြု၍ ဖန်လုံအိမ် ဓါတ်ငွေ့များ ထုတ်လွှတ်မှုအပေါ်တွင် စဉ်ဆက်မပျက်အကဲဖြတ်မှုများပြုလုပ်ရာမှ ပေါ်ထွက်လာသော စီမံကိန်းတစ်ခုဖြစ်သည်။ ဤသို့အကဲဖြတ်ရာတွင်လည်း REDD$^{+}$ ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အခြေအနေနှင့် နှိုင်းယှဉ်သုံးသပ်ပါမှလည်း ပိုမိုအဓိပ္ပါယ်ပြည့်စုံစွာ နားလည်သဘောပေါက်မည်ဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်မည့် နိုင်ငံအနေဖြင့် ၎င်းနိုင်ငံ၏ ကိုယ်စားပြုထုတ်လွှတ်မှုအဆင့် (Reference Emission Level) ကို သက်မှက်ဆုံးဖြတ်နိုင်ရမည်ဖြစ်သည်။ အပိုင်း(၅)တွင် ဤလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော အခြေအနေများဖြစ်သည့် ချည်းကပ်နည်းလမ်းများ၊ သတင်းအချက်အလက်လိုအပ်ချက်၊ စွမ်းဆောင်ရည် လိုအပ်ချက်နှင့် လက်ရှိစွမ်းဆောင်နိုင်စွမ်းကို အကဲဖြတ်မှုတို့ပါဝင်သည်။

**အဓိကအစိတ်အပိုင်းများ**

- မြန်မာနိုင်ငံတွင် ကိုယ်စားပြုထုတ်လွှတ်မှုအဆင့် (Reference Emission Level) စတင်ဖော်ထုတ်ရန် ချည်းကပ်ခြင်း
- လက်ရှိအနေအထားအရ သတင်းအချက်အလက် ရယူနိုင်မှုနှင့် စွမ်းဆောင်ရည်များကို သုံးသပ်ခြင်း
- ဆောင်ရွက်မည့်လုပ်ငန်းများကိုဖော်ပြခြင်း
- လုပ်ငန်းအစီအစဉ်များနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြခြင်း

### (၅.၁)နောက်ခံသမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များ

၂၀၁၃ခုနှစ် ဇူလတွင်ကျင်းပခဲ့သော UNFCCC ၏ အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတွင် REDD$^{+}$ လုပ်ငန်းများအတွက်လိုအပ်သော သစ်တောကိုယ်စားပြု ထုတ်လွှတ်မှုအဆင့်နှင့် သစ်တောကိုယ်စားပြုအဆင့်(RELs/RLs) တို့အားသတ်မှတ်ရာ၌ ၎င်းအစည်းအဝေးမှ ချမှက်ခဲ့သောဆုံးဖြတ်ချက်(၃)ခုကို လိုက်နာရန် ညွှန်ကြားချက်များထုတ်ပြန်ခဲ့ပါသည်။ စာပိုဒ်(၇) ဆုံးဖြတ်ချက် (4/CP.15) တွင်ချမှတ်ထားသော ညွှန်ကြားချက်တွင် ဖော်ပြထားသည်မှာ RELs/RLs ကိုသတ်မှတ်ရာ၌ မိမိနိုင်ငံ၏ အခြေအနေများကိုချိန်ညှိပြီး သမိုင်းကြောင်း သတင်းအချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားကာ လွတ်လပ်ပွင့်လင်းစွာ ဖော်ထုတ်ရန်၊ ဆုံးဖြတ်ချက် 1/CP.16 တွင်ဖော်ပြထားသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပါက RELs/RLs အဆင့်များကို မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် အဆင့်ဆင့်ကြားဖြတ်တိုင်းတာပြီး (4/CP.15) တွင် ညွှန်ကြားထားသည့်အတိုင်း မိမိတို့နိုင်ငံ၏ အခြေအနေပေါ်တွင်မူတည်၍ ချိန်ညှိဖော်ထုတ်ရန်၊ ဆုံးဖြတ်ချက်

(12/CP.17) တွင် RELs/RLs အဆင့်သတ်မှတ်ချက်များအနေဖြင့် ရှိရမည့် စံချိန်စံညွှန်းများနှင့် ပက်သက်၍ အရေးတကြီးညွှန်ကြားချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

- RELs/RLs ကိုဖော်ပြရာတွင် အချိန်တစ်နှစ်အတွင်း ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏကို တန် (tones) ဖြင့်ဖော်ပြရန်နှင့် ဖော်ပြပါ RELs/RLs များသည် REDD$^+$လုပ်ငန်းများကို ဆောင်ရွက်နေသော နိုင်ငံ၏လုပ်ဆောင်ချက်များကို တိုင်းတာအကဲဖြတ်ရန် စံချိန်စံညွှန်းများပင်ဖြစ်သည်။
- မိမိတို့နိုင်ငံ၏ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်မှ စစ်ဆေးထွက်ပေါ်လာသော သိုလှောင်ထားမှုများမှ ဖယ်ထုတ်မှုများနှင့် လူသားတို့၏ ပရောဂကြောင့် သစ်တောအခန်းကဏ္ဍမှထွက်ရှိလာသော ဖန်လုံအိမ်ဓါတ်ငွေ့များကို စဉ်ဆက်မပြတ်တိုင်းတာဆောင်ရွက်ပြီး RELs/RLs ကိုယ်စားပြုအဆင့်များကို ဖော်ထုတ်သတ်မှတ်ရမည်ဖြစ်ပါသည်။
- RELs/RLs များကိုသတ်မှတ်ရာတွင် ဆောင်ရွက်မည့်နိုင်ငံများအနေဖြင့် ပိုမိုကောင်းမွန်သော သတင်းအချက်အလက်များရရှိရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ သစ်တောအတွင်း ကာဗွန်သိုလှောင်ကန်များနှင့်ပက်သက်၍ အဆင့်မြင့်နည်းပညာများ တိုးတက်လာခြင်းစသည့်ဖြင့် စနစ်တကျ ချဉ်းကပ်ဆောင်ရွက်ပါက ပိုမိုအောင်မြင်လာနိုင်ပါသည်။ ဤပုံစံသည် REDD$^+$လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လက်တွေ့လုပ်ဆောင်နေရင်းမှ လေ့လာသင်ယူခြင်းနည်းလမ်းလည်း ဖြစ်ပါသည်။
- RELs/RLs များကို ဒေသအဆင့်အလိုက် တိုင်းတာမည်ဆိုပါက အလွန်လက်ဝင်ပြီး ရှုပ်ထွေးမည်ဖြစ်သော်လည်း နိုင်ငံအဆင့် RELs/RLs သို့ ကူပြောင်းနေသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ကြားဖြတ်တိုင်းတာမှုများအဖြစ် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သည်။
- RELs/RLs များသတ်မှတ်ပြီးပါကလည်း နည်းပညာသစ်များ၊ နယ်ပယ် အပြောင်းအလဲများ၊ လမ်းကြောင်းသစ်များ၊ အသိပညာအသစ်များကို အဆက်မပျက် လေ့လာမှုပြုပြီး အချိန်အပိုင်းအခြားအလိုက် ပြုပြင်သုံးသပ်နေရမည် ဖြစ်ပါသည်။
- မိမိတို့ အစီအစဉ်အတိုင်း ပြုပြင်သတ်မှတ်ထားသော (voluntary) RELs/RLs များကိုလည်း အဆိုပြုတင်သွင်းပြီး UNFCCC ၏ REDD$^+$web တွင်ခွင့်ပြုနိုင်ရန် ဆောင်ရွက်မည့် နိုင်ငံများကို ဖိတ်ခေါ်ခြင်းတို့ ဖြစ်သည်။

အရေးတကြီးမှတ်သားရန်မှာ ဆုံးဖြတ်ချက် (12/CP.17) သည် RELs/RLs များ သတ်မှတ်ရာ၌ ၎င်းနိုင်ငံများအား ထင်ရှားမှုမရှိသော သစ်တော ကာဗွန်သိုလှောင်ကန်များ ကို သီးသန့်ချန်ထားနိုင်သော ပြုပြင်ခွင့်ရမည်ဖြစ်ပြီး ကာဗွန်ကုန်စည်ပြောင်းလဲသွားမှုကို ခန့်မှန်းတွက်ချက်ရန် ကာကွယ်ထိန်းသိမ်းသော ချဉ်းကပ်နည်းလမ်းများကို အသုံးပြုရမည် ဖြစ်သည်။ ဤကဲ့သို့စနစ်တကျ ဆောင်ရွက်ပြီးပါက RELs/RLs ကိုဖော်ထုတ်နိုင်မည်ဖြစ်ပြီး ဆက်လက်၍ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့်အတူ ကောင်းမွန်သော နည်းပညာသစ်များကို ရွေးချယ်အသုံးပြုနိုင်မည်ဖြစ်သည်။

အပိုင်း (၅) ၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအနေဖြင့် ဖော်ပြခဲ့ပြီးဖြစ်သော UNFCCC ၏ ညွှန်ကြားချက်များအား လိုက်နာရန်နည်းလမ်းများနှင့် REDD+ လုပ်ငန်း များကို ဆောင်ရွက်ရန်အတွက် RELs/RLs များသတ်မှတ်ရာတွင် စံပြုပုံစံများ ဖော်ထုတ် ရေးပင်ဖြစ်သည်။ ထို့မှတဆင့် မြန်မာနိုင်ငံအတွက် လိုအပ်သော နည်းပညာ စိတ်ကူး စိတ်သန်းများ ပေါ်ထွက်လာမည်ဖြစ်သလို စွမ်းဆောင်ရည်ကွာဟမှုများ၊ လိုအပ်ချက်များကို ခွဲခြားသတ်မှတ်နိုင်ပြီး လမ်းပြမြေပုံတွင်ပါဝင်သည့် အခြားသော အစိတ်အပိုင်းများနှင့် လည်းချိတ်ဆက်၍ အကဲဖြတ်နိုင်မည်ဖြစ်သည်။ ဤအပိုင်း(၅)နှင့် အဓိကဆက်စပ်နေ သောအပိုင်းများမှာ အပိုင်း(၃) (သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားလျော့ကျ ခြင်းကိုဖြစ်စေသော အကြောင်းအရင်းများနှင့် REDD+နည်းဗျူဟာများကို အကဲဖြတ် သုံးသပ်ကာခွဲခြားဖော်ထုတ်ခြင်း) နှင့် အပိုင်း (၆) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာ မှုပုံစံ)တို့ဖြစ်သည်။

**(၅.၂) မြန်မာနိုင်ငံတွင်REL/RLs စတင်ဖော်ထုတ်ရန်ချဉ်းကပ်ခြင်း**

REL/RLs ကိုယ်စားပြုအဆင့်တို့ကို ဖော်ထုတ်ရာတွင် ဖန်လုံအိမ်ဓါတ်ငွေ့ထုတ် လွှတ်မှုများနှင့် ဖယ်ရှားမှုများကို နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာခြင်းစနစ်မှ အပိုင်းတစ်ပိုင်းအနေဖြင့် ပါဝင်သည့် ၎င်းဓါတ်ငွေ့ထုတ်လွှတ်မှုများနှင့် ဖယ်ထုတ်မှုများဖြင့် တိုက်ရိုက်နှိုင်းယှဉ်ဖော်ထုတ်နိုင်သည်။ ထိုသို့ဖော်ထုတ်ရာတွင်လည်း နိုင်ငံအဆင့် သစ်တော စောင့်ကြည့်လေ့လာခြင်းစနစ်နှင့် REL/RLs တို့အကြားတွင် စဉ်ဆက်မပြတ် တည်ဆောက် ထားသော တူညီသည့် မက်ထရစ် (metrics) စနစ်များကို အသုံးပြုကာ ဖော်ထုတ်ရမည် ဖြစ်ပါသည်။ REL/RLs ဖော်ထုတ်ရာတွင် ပါဝင်သင့်သော အဓိက အချက် များမှာ

- နည်းစနစ်ပိုင်းဆိုင်ရာတစ်သက်မတ်တည်းရှိမှု (Methodological consistency) အနာဂတ်တစ်ချိန်ချိန်တွင် ဖော်ထုတ်မည့် REL/RLs များနှင့် နှိုင်းယှဉ်နိုင်စွမ်းရှိရန်
- ပွင့်လင်းမြင်သာမှုရှိခြင်း။ ဆက်စပ်ပါဝင်နေသော ဒေသခံပြည်သူများနှင့် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများအား REL/RLs ဖော်ထုတ်ရာတွင်ပါဝင်သော သတင်း အချက်အလက်များ၊ လုပ်ငန်းစဉ်အဆင့်ဆင့်များကို ကောင်းမွန်ပြည့်ဝစွာ သိရှိ နားလည်စေရန်

## (၅.၂.၁) သတင်းနှင့်အချက်အလက်များပေါင်းစပ်စုစည်းခြင်း (Data and information compilation)

**အဆင့်(၁)** သတင်းအချက်အလက်ထုတ်ပြန်ခြင်း၊ ဝေငှခြင်း၊ ဆန်းစစ်ခြင်းတို့ပြုလုပ်ရန် ဌာနတွင်းစီမံဆောင်ရွက်မှုတို့အား ဆုံးဖြတ်ခြင်း။ သမားရိုးကျ ဌာနတွင်း အစီအမံများသည်လည်း ပွင့်လင်းမြင်သာမှုရှိပြီး ဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ တာဝန်ခံ ဆောင်ရွက်နိုင်ကြပါသည်။ ဤအပိုင်းသည်လည်း လမ်းပြမြေပုံရေးဆွဲရာတွင် ပါဝင်သော REL/RLs ၏အပိုင်းတစ်ပိုင်းဖြစ်ပြီး နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာခြင်းစနစ်တွင်ပါဝင်သော အပိုင်းများနှင့် အဓိကဆက်နွယ်နေမည်ဖြစ်ပါသည်။ ဤစီမံကိန်းတွင် ဆက်စပ်ပါဝင်နေသော ဒေသခံပြည်သူတို့မှ ဌာနတွင်းဆိုင်ရာ စီမံဆောင်ရွက်မှုများအတွက် ဆွေးနွေးဆုံးဖြတ်ပြီး သဘောတူညီမှုရရှိပြီးမှသာလျှင် စီမံအုပ်ချုပ်သူတို့သည် REL/RLs နှင့် ပတ်သက်သော နည်းပညာဆိုင်ရာ ဖော်ထုတ်မှုတို့အား ရှေ့ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အဆင့် (၂)** မိမိတို့နိုင်ငံမှ ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သော (Cancun Agreements) သဘောတူညီချက်များအရ သတ်မှတ်ထားသည့် REDD$^{+}$လုပ်ငန်းများကို ရွေးချယ်ခြင်း။ လုပ်ငန်းတစ်ခုချင်းစီတွင် သိသာထင်ရှားသော နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် သတ်မှတ်ထားသည့် REL/RLs များလိုအပ်ပြီး ထိုသတ်မှတ်ချက်များသည်လည်း အပိုင်း(၆)မှ ထွက်ပေါ်လာမည်ဖြစ်သော နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းနည်းစနစ်နှင့်လည်း ကိုက်ညီရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် သစ်တောပြုန်းတီးမှုမှထွက်ရှိသော ဖန်လုံအိမ်ဓါတ်ငွေ့များနှင့်ပက်သက်၍ အစီရင်ခံစာပေးပို့ရန် လိုအပ်မည်ဖြစ်သော်လည်း REL/RLs ဖော်ထုတ်သတ်မှတ်မည့် အပိုင်းနှင့်ပက်သက်၍ ချက်ချင်း စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## (၅.၂.၂) သမိုင်းကြောင်းအချက်အလက်များအား သုံးသပ်လေ့လာခြင်း

မြန်မာနိုင်ငံသည် UNFCCC ၏လမ်းညွှန်ချက်များနှင့်အညီ မြေအသုံးချမှု ပြောင်းလဲခြင်းနှင့်ပက်သက်၍ နိုင်ငံအဆင့် သမိုင်းကြောင်းအချက်အလက်များအား သုံးသပ်လေ့လာရာတွင် လွန်ခဲ့သောအနှစ်(၂၀)အား အပိုင်း(၄)ပိုင်း (၁၉၉၉၊၂၀၀၀၊၂၀၀၅၊၂၀၁၀) ဟူ၍ ခွဲခြားကာ Remote Sensing and GIS နည်းပညာကို အသုံးပြု၍တိုင်းတာမည်ဖြစ်သည်။ အမျိုးသားအဆင့် မြေအသုံးချမှုများအား IPCC မှသတ်မှတ်ထားသော အသုံးချသည့် မြေပုံစံကဏ္ဍများအလိုက် သစ်တောမြေ၊ စိုက်ပျိုးမြေ၊ မြေရိုင်း၊ စိုစွတ်မြေ၊ အခြေချနေထိုင်သည့်မြေနှင့် အခြားမြေဟူ၍ ခွဲခြားထားပြီး ၎င်းတို့မှ အဆင့်ဆက်လက်ခွဲခြားရာတွင် ဥပမာ- သစ်တောမြေအောက်၌ ဒီရေတော၊ အပူပိုင်းအမြဲစိမ်းတော၊ ခြောက်သွေ့တော၊ ရွက်ပြတ်ရောနှောတော၊ အင်းတိုင်းတောစသည့်ဖြင့် အလွှာများခွဲ၍ တိုင်းတာမည်ဖြစ်သည်။ ဤကဲ့သို့ ခွဲခြားထားသော မြေအသုံးချမှု အခန်းကဏ္ဍများကို လမ်းပြမြေပုံ၏ အပိုင်း(၆)တွင် ပါဝင်

သော NFMS/REL-RL နည်းပညာအဖွဲ့မှ ဆုံးဖြတ်မည်ဖြစ်သည်။ မကြာသေးခင် အချိန်ကာလအတွင်းက ရရှိထားသော Remote Sensing အချက်အလက်များကို အသုံးပြု၍ နှစ်တစ်နှစ်အတွက် နိုင်ငံအဆင့် သစ်တောအခြေပြုပြမြေပုံ (forest base map) ကို စတင်ဖော်ထုတ်မည်ဖြစ်သည်။ ထို့အပြင် အနာဂတ်တွင် ဖြစ်ပေါ်လာမည်ဖြစ်သော မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများကိုလည်း တိုင်းတာတွက်ချက်မည်ဖြစ်သည်။ ဤသစ်တော အခြေပြုပြမြေပုံသည် လမ်းပြမြေပုံ၏ အပိုင်း(၆)တွင်ပါဝင်သော နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာသည့် နည်းစနစ်အောက်ရှိ လုပ်ရှားဆောက်ရွက်မှု အချက်အလက်များကို အကဲဖြတ်မည်ဖြစ်သကဲ့သို့ REDD+၏လုပ်ငန်းတာဝန်များကိုလည်း ကြီးကြပ်စစ်ဆေးမည်ဖြစ်သည်။

### (၅.၂.၃) နိုင်ငံတွင်ဖြစ်ပေါ်လျှက်ရှိသော အခြေအနေအရပ်ရပ်ကို အကဲဖြတ်ခြင်း

မှတ်တမ်းများအရ သစ်တောဧရိယာပြောင်းလဲမှုကိုပြသသော အချက်အလက်များနှင့် ဆက်စပ်နေသောထုတ်လွှတ်မှုများအပြင် ဤကဲ့သို့ RELs/RLs သတ်မှတ်ချက်များ ဖော်ထုတ်ရာ၌ ထုတ်လွှတ်မှုများကို ဖြစ်စေသော တွန်းအားစုများနှင့် ပက်သက်သည့် သတင်းအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် အနာဂတ်တွင် တစ်နိုင်ငံလုံးအနေဖြင့် ထုတ်လွှတ်ခြင်းများအတွက် တိုင်းတာဆောင်ရွက်နိုင်ရန် အထောက်အပံ့များလည်း လိုအပ်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သုံးသပ်ထားသော အခြေအနေများအား အစီရင်ခံခြင်း၊ အကဲဖြတ်ခြင်းများပြုလုပ်ခြင်းသည် UNFCCC အဖွဲ့ဝင်နိုင်ငံများအတွက် တင်ကြိုဆောင်ရွက်ထားရမည်ဖြစ်သော လုပ်ငန်းတစ်ခုဖြစ်သော်လည်း သစ်တောများအပေါ်တွင်မူတည်၍ ဆောင်ရွက်နေသော REDD+ လုပ်ငန်းစဉ်များအတွက် အကဲဖြတ်မှုများမှာ လက်ရှိအချိန်အထိ ရှင်းလင်းတိကျသော ညွှန်ကြားချက်များ မရှိသေးချေ။ ဤအပိုင်းတွင်ပါဝင်သော နောက်ထပ်အရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းများမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေအနေအရပ်ရပ်ကို အကဲဖြတ်ခြင်းနှင့် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီးအဆင့် RELs/RLs များအား ချိန်ညှိဆုံးဖြတ်ခြင်းတို့ဖြစ်သည်။ ထို့သို့ ဆုံးဖြတ်ရာတွင်လည်း ဖွဲ့ဝင်နိုင်ငံများ မှဆက်လက်၍ သဘောတူချမှတ်ထားသော အကြောင်းအရာများပါ ထည့်သွင်းဆုံးဖြတ်ရန်ဖြစ်သည်။ ဤအပိုင်းကို ပထမခြေလှမ်း တစ်ရပ်အနေဖြင့် စတင်ဆောင်ရွက်ပါက သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားကျခြင်းတို့ကို တွန်းအားပေးသော အကြောင်းအရာများအား အသေးစိတ် ခွဲခြမ်းစိတ်ဖြာရမည် ဖြစ်သည်။

အနာဂတ်တွင် သစ်တောအခန်းကဏ္ဍမှ မျော်လင့်ထားသော ဖွံ့ဖြိုးတိုးတက်မှု၊ ပြောင်းလဲမှုများအတွက် အကဲဖြတ်ရာတွင် ၎င်းတို့၏လုပ်ငန်းတာဝန်များနှင့် နောက်ခံ အကြောင်းအရင်းများဖြစ်သည့် သစ်တောကာဗွန်သိုလှောင်ပါဝင်မှု ပြောင်းလဲသွားနှုန်းများကိုဖြစ်စေသော တွန်းအားစုများအား အကဲဖြတ်လေ့လာခြင်းနှင့် များစွာဆက်နွယ်နေပါသည်။ အနာဂတ်တွင် မျော်လင့်ထားသော ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်သည့် ယူဆချက်များသည် သစ်တောအခြေအနေများ၊ ထုတ်လွှတ်မှုများ ပြောင်းလဲသွားသည့်ကို လေ့လာမှတ်တမ်းတင်ထားခဲ့သည့် သမိုင်းကြောင်းအချက်အလက်များနှင့် နှိုင်းယှဉ်လျှင် များစွာ

ခြားနားနေမည်ဖြစ်ပြီး နိုင်ငံအဆင့် အစည်းအဝေးများတွင် ၎င်းခြားနားမှုကို ဖြစ်စေသော တွန်းအားစုများ၊ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြကာ ချိန်ညှိမှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။ ဥပမာ- သစ်တောဖုံးလွှမ်းမှုနှင့် တော၏အရည်အသွေး ကျဆင်းလာခြင်း၏ နောက်ခံအကြောင်းအရင်းများတွင် ဒေသခံပြည်သူတို့၏ မြေအသုံးချမှု ပုံစံ၊ အခြေခံကုန်ကြမ်းပစ္စည်းဈေးနှုန်း၊ နိုင်ငံ၏လူဦးရေ၊ GDP တက်လာမှုနှင့် နိုင်ငံ၏ မူဝါဒ ရေးရာအခန်းကဏ္ဍတို့ပါဝင်သည်။ အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံတို့မှ ထွက်ပေါ်လာသော လက်ရှိညွှန်ကြားချက်များနှင့် ၎င်းညီလာခံတို့မှ နောက်ထွက်လာမည့် ညွှန်ကြားချက်များအပေါ်တွင် အခြေခံ၍ နိုင်ငံ၏အခြေအနေအရပ်ရပ်ကို အကဲဖြတ်ရာတွင် အောက်ပါ အချက်အလက်များကိုထည့်သွင်းစဉ်းစားသင့်ပါသည်။

- မြေမျက်နှာသွင်ပြင်လက္ခဏာများ (ရာသီဥတု၊ သစ်တောဧရိယာနှင့် အမျိုးအစား၊ မြေအသုံးချမှု၊ အခြား သဘာပက်ဝန်းကျင်ဆိုင်ရာလက္ခဏာများ)
- လူဦးရေ(တိုးပွားနှုန်း၊ ဖြန့်ကျက်နေထိုင်မှု၊ သိပ်သည်းမှု)
- စီးပွားရေး (GDP၊ မြို့တစ်မြို့ချင်းစီ၏ဝင်ငွေ၊ ဝင်ငွေဖြန့်ဝေနိုင်မှု)

## (၅.၃) လက်ရှိစွမ်းဆောင်နိုင်စွမ်းနှင့် အချက်လက်ရယူနိုင်မှုများကို အကဲဖြတ်ခြင်း

လမ်းပြမြေပုံကိုပြင်ဆင်ရာတွင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် နိုင်ငံအဆင့် သစ်တောကြီးကြပ်အုပ်ချုပ်လုပ်ကိုင်မည့်နည်းစနစ်နှင့် RELs/RLs ကိုဖော်ထုတ်ရန် နည်းပညာဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မည့်အဖွဲ့တို့အား ဖွဲ့စည်းပြီး ၂၀၁၂ ဒီဇင်ဘာလမှ ၂၀၁၃ မေလအထိ တစ်လ လျှင်တစ်ကြိမ် အစည်းအဝေးကျင်းပကြရမည်ဖြစ်သည်။ ၎င်းအဖွဲ့တို့သည် မိမိတို့လက်ဝယ်တွင်ရှိပြီးဖြစ်သော အချက်အလက်များ၊ နည်းပညာများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ စာတမ်းပြုစုခြင်းများပြုလုပ်ရမည်ဖြစ်ပြီး စွမ်းဆောင်ရည်ကွာဟချက်များ၊ လိုအပ်ချက်များကို ဖော်ထုတ်ရမည်ဖြစ်ပါသည်။ ၎င်းအချက်အလက်များနှင့် နည်းပညာများကို အကဲဖြတ်ရာမှ ပေါ်ထွက်လာသော တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### (၅.၃.၁) သစ်တောကဏ္ဍနှင့်ဆက်စပ်အသုံးချနေသော Remote Sensing နှင့် GIS နည်းပညာ

#### (၅.၃.၁.၁) ဂြိုဟ်တုဓါတ်ပုံအသုံးပြု၍ စောင့်ကြည့်လေ့လာသောနည်းစနစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် Remote Sensing နှင့် GIS နည်းပညာ ကိုရှေးဦးစွာ အသုံးပြုသော အဖွဲ့အစည်း ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဌာန၊ မြေတိုင်းဌာနတို့တွင်လည်း Remote Sensing နှင့် GIS နည်းပညာ ကိုအသုံးပြုနေကြပါသည်။ သစ်တောဦးစီးဌာန၏ Remote

Sensing နှင့် GIS နည်းပညာ ဌာနစိတ်သည် စီမံကိန်းနှင့်စာရင်းအင်းဌာန အောက်တွင် ရှိပြီး ၁၉၈၀ ခုနှစ်ကတည်းကပင် စတင်တည်ထောင်ခဲ့ကာ ဂြိုဟ်တုဓါတ်ပုံ အသုံးပြုသော Remote Sensing နည်းပညာကို FAO/UNEP စီမံကိန်းတွင် စတင် အသုံးပြုခဲ့ပါသည်။ Personal Computer(PC)ကိုအခြေခံသော Arc/info GIS အသုံးပြုမှုကို နိုင်ငံအဆင့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် သစ်တောသယံဇာတ ကောက်ယူမှု စီမံကိန်း(၁၉၉၃)တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ Remote Sensing နှင့် GIS ဌာနစိတ်၏ အဓိက လုပ်ငန်း တာဝန်များမှာ သစ်တောဖုံးလွှမ်းမှုအား စကေးအမျိုးမျိုးနှင့် အကဲဖြတ်ခြင်း၊ ဂြိုဟ်တုဓါတ်ပုံ မှရရှိသော အချက်အလက်များကို အသုံးချခြင်း၊ နိုင်ငံအဆင့် GIS database များအား စီမံခြင်း/ပြင်ဆင်ခြင်း၊ မြေအသုံးချစီမံအုပ်ချုပ်မှုများအတွက် မြေပုံများပြင်ဆင်ခြင်း၊ ဇီဝ ဒြပ်ထုများနှင့်တောမီးလောင်ခြင်းတို့အား အကဲဖြတ်လေ့လာဆန်းစစ်ခြင်းတို့ဖြစ်ပါသည်။ ထို့အပြင် သစ်တောဦးစီးဌာနအနေဖြင့် JICA၊ FAO၊ ITTO၊ ICIMOD၊ KFS ၊AAS စသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း နည်းပညာဆိုင်ရာ သင်တန်းများ၊ အထောက်အပံ့များရရှိလျက်ရှိပါသည်။

**(၅.၃.၁.၂) Remote Sensing နည်းပညာတွင်အသုံးအပြုသော အချက်အလက် အရင်းအမြစ်များ**

- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်တောဖုံးလွှမ်းမှုပြမြေပုံ (၁၉၉၀၊၂၀၀၀၊၂၀၀၅)ကို ပုံရိပ်ကြည်လင်ပြတ်သားမှု(၃၀မီတာ× ၃၀မီတာ)ရှိသော Landsat TM နှင့် ETM+ဂြိုဟ်တုဓါတ်ပုံများ အသုံးပြုကာ တည်ဆောက်ခဲ့ပါသည်။
- လက်ရှိဆောင်ရွက်ဆဲဖြစ်သော ၂၀၁၀ခုနှစ်အတွက် သစ်တောဖုံးလွှမ်းမှုကို အကဲဖြတ် ရာ၌ ပုံရိပ်ကြည်လင်ပြတ်သားမှု (၂၃.၅မီတာ× ၂၃.၅မီတာ)ရှိသော IRS Liss 3 ဂြိုဟ်တုဓါတ်ပုံများကို အသုံးပြုနေပါသည်။
- ပုံရိပ်ကြည်လင်ပြတ်သားမှုမြင့်မားသည့် Quickbird ၊IKONOS၊ ALOS၊ Aster စသည့် ဂြိုဟ်တုပုံများကိုမူ အဓိကထိန်းသိမ်းကာကွယ်ရေးဧရိယာများဖြစ်သည့် တနင်္သာရီသဘာဝကြိုးဝိုင်းတော၊ မြစ်ဝကျွန်းပေါ်ဧရာဝတီဒေသ၊ နေပြည်တော် ဝန်းကျင်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အသုံးပြုနေပြီဖြစ်ပါသည်။

**(၅.၃.၁.၃) အသုံးပြုသည့် Software များ**

- Remote Sensing နည်းပညာဆိုင်ရာအချက်အလက်များတွက်ချက်ရန် TNT mips ၊ Erdas၊ ENVI တို့ကိုအသုံးပြုနေပါသည်။
- GIS ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်ရန် ArcGIS နှင့် ArcViewတို့ကို အသုံးပြုနေပါသည်။

### (၅.၃.၁.၄) လက်ရှိဆောင်ရွက်နေသော လုပ်ငန်းတာဝန်များ

- သစ်တောဖုံးလွှမ်းမှုအားအကဲဖြတ်ခြင်း (မြေအသုံးချမှုနှင့်ဖုံးလွှမ်းမှု) နှင့် နိုင်ငံ၏ အဓိကထိန်းသိမ်းရေး ဧရိယာများအား သစ်တောအမျိုးအစား ခွဲခြားမှုပြ မြေပုံထုတ်ခြင်း
- GPSမှရရှိသောသတင်းအချက်အလက်များ (ဥပမာ- ကြိုးဝိုင်းနယ်နိမိတ်၊ အကွက်နယ်နိမိတ်၊ ကြိုးပြင်ကာကွယ်တော၊ ကာကွယ်ထားသော ဧရိယာများနှင့် ရေဝေရေလဲဒေသများ၊ လမ်းကြောင်းများစသည့်တို့) နှင့် မြေမျက်နှာသွင်ပြင် အခြေအနေပြမြေပုံများ အသုံးပြု၍ GIS Database ပြင်ဆင်တည်ဆောက်ခြင်း
- သစ်တောဌာနအတွက် လိုအပ်သော မြေပုံအမျိုးမျိုးအားပြင်ဆင်ခြင်း (ဥပမာ သစ်တောဖုံးလွှမ်းမှုပြမြေပုံ၊ မြေအသုံးချနှင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ တစ်နိုင်ငံလုံးအလိုက် မြေအသုံးချဖုံးလွှမ်းမှုပြမြေပုံများ)
- KFS နှင့်တွဲဖက်ဆောင်ရွက်နေသော $REDD^{+}$ အစီအစဉ်များအရ ခရိုင်ဒေသ တစ်ခုအတွက် ဇီဝဒြပ်ထုအကဲဖြတ်ခြင်း
- မြေအသုံးချမှုများအတွက် ဇုံများခွဲခြင်း
- RS/GIS နည်းပညာဆိုင်ရာ သင်တန်းများပို့ချခြင်းနှင့် ပညာရပ်ဆိုင်ရာလေ့လာမှုများ
- အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် JICA၊ FAO၊ ITTO၊ ICIMOD၊ KFS ၊AAS စသည့်တို့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်း

### (၅.၃.၁.၅) RS/GIS တွင်လက်ရှိတာဝန်ထမ်းဆောင်နေသောလူ့စွမ်းအားအရင်းအမြစ်

- လက်ထောက်ညွှန်ကြားရေးမှူး =၃ဦး
- ဦးစီးအရာရှိ=၅ဦး
- တောအုပ်ကြီး =၂ဦး
- ကွန်ပြူတာလုပ်ဆောင်ရေးမှူးများအပါအဝင် မြေပုံရေးဆွဲသူ =၉ဦး

### (၅.၃.၂) ကာဗွန်ကုန်စည်အချက်အလက်များ

မြန်မာနိုင်ငံတွင် အသုံးပြုနေသော နိုင်ငံအဆင့် သစ်တော သယံဇာတ ကောက်ယူမှုနည်းစနစ် (အပိုင်း (၆) တွင်ကြည့်ရန်) ကို အခြေခံ၍ ကာဗွန်ကုန်စည် အချက်အလက်များကို ကောက်ယူရာတွင် ဆောင်ရွက်မည့် သစ်တောသုတေသန အဖွဲ့အစည်းအနေဖြင့် အမြောက်အများ လွှမ်းမိုးပေါက်ရောက်နေသော အပင်မျိုးစိတ်များ၏ ဇီဝဒြပ်ထုများကို တွက်ချက်ရာ၌ သုတေသနဆိုင်ရာ လုပ်ငန်းအခက်အခဲများ ရှိနေပါသည်။ ဤအခက်အခဲ

များသည် နိုင်ငံအဆင့် သို့မဟုတ် တိုင်းဒေသအဆင့် RELs/RLs ပေါ်ထွက် လာရေးအတွက် အဓိကချိုယွင်းချက်ဖြစ်နေပြီး ၎င်းတို့ကို နိုင်ငံ၏ နိုင်ငံအဆင့် သစ်တော စောင့်ကြည့် လေ့လာခြင်းနည်းစနစ် (အပိုင်း၆)ကို ဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း အခန်း ကဏ္ဍတို့၌ ဖော်ပြလိမ့်မည်ဖြစ်သည်။

## (၅.၄) လုပ်ငန်းဆောင်ရွက်မှုများဖော်ပြခြင်း

### ရလဒ်(၁) နိုင်ငံအဆင့် RELs/RLs ကိုယ်စားပြုအဆင့်များ ဖော်ထုတ်ရန် အသုံးပြုမည့် နည်းပညာများအား သုံးသပ်ခြင်း

ယနေ့အချိန်တွင် နိုင်ငံအဆင့် သို့မဟုတ် တိုင်းဒေသအဆင့် RELs/RLs ဖော်ထုတ် ရန် တိကျသော နည်းပညာဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်၍ ညွှန်ကြားချက် အနည်း ငယ်သာရှိပါသည်။ ထို့ကြောင့် မိမိတို့၌ ရှိပြီးဖြစ်သော ညွှန်ကြားချက်များ၊ နည်းပညာများ အပြင် အပြည်ပြည်ဆိုင်အဖွဲ့အစည်းများမှ လေ့လာသင်ယူရရှိသော နည်းပညာများကိုပါ စုစည်းသုံးသပ်ကာ မိမိတို့နိုင်ငံ၏ အခြေအနေနှင့် သင့်လျော်ကိုက်ညီမှုရှိသော RELs/RLs ကိုယ်စားပြုအဆင့်များကို ဖော်ထုတ်ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် RELs/RLs ကိုယ်စားပြုအဆင့်များ ဖော်ထုတ်ရေးဆီသို့ ဖြန့်ကျက်ချည်းကပ်နေသော သုတေသနအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများလည်း ပါဝင်လိမ့်မည်ဖြစ်သည်။

ဤ ရလဒ်များအတွက် အောက်ပါလုပ်ငန်းဆောင်တာများ ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။

(၁) RELs/RLs အဆင့်များ ဖော်ထုတ်ရေးနှင့် ပတ်သက်သော စွမ်းဆောင်ရည် တည်ဆောက်ရေးဆိုင်ရာ အလုပ်ရုံအစည်းအဝေးအား ဆက်စပ်ဆောင်ရွက်နေသူများကိုပါ ဖိတ်ခေါ်ကျင်းပခြင်း

(၂) မြန်မာနိုင်ငံတွင် သတ်မှတ်ဖော်ထုတ်မည့် RELs/RLs ကိုယ်စားပြုအဆင့်များနှင့် ပက်သက်၍ ရရှိနိုင်သော နည်းပညာဆိုင်ရာရွေးချယ်မှုများအား လေ့လာခြင်း

(၃) ၎င်းလေ့လာမှုများမှ တွေ့ရှိချက်များအား ဆက်စပ်ဆောင်ရွက်သူများနှင့် ကျင်းပဆွေး နွေးသည့် အလုပ်ရုံအစည်းအဝေးများတွင် တင်ပြခြင်း

(၄) သရုပ်ဖော်ပြကွက်များအတွက် ရှေ့ပြေးအသုံးပြုမည့် နည်းပညာများနှင့် ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ခြင်း

**အကျိုးရလဒ်ဖော်ပြချက်များ**

- ဆက်စပ်ဆောင်ရွက်သူများအား RELs/RLs များနှင့်ပက်သက်၍ စွမ်းဆောင် ရည်မြှင့်တင်ခြင်း
- အခြားနိုင်ငံများတွင် အသုံးပြုနေသော RELs/RLs နည်းပညာများအပြင် ၎င်းတို့ သည် မိမိတို့နိုင်ငံတွင် အသုံးပြု၍ရနိုင်ခြင်း ရှိမရှိ သုံးသပ်တင်ပြ အစီအရင်ခံခြင်း

- သရုပ်ဖော်ပြကွက်များတွင် လေ့လာစမ်းသပ်ရန် သို့မဟုတ် အသုံးပြုရန် နည်းပညာများအားအဆိုပြုတင်ပြခြင်း

**ရလဒ်(၂) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှတ်တမ်းမှက်ရာများအရ မြေအသုံးချမှုပုံစံပြောင်းလဲသွားသော အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်း**

ဤကဲ့သို့ ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ခြင်းသည် နေရာဒေသတစ်ခုခြင်းအလိုက် မြေအသုံးချမှုပြောင်းလဲသွားမှုကို လေ့လာဆန်းစစ်၍ တွက်ချက်ရန် Remote Sensing ဆိုင်ရာ အချက်အလက်များနှင့် GIS နည်းပညာတို့ကို အသုံးပြုသည့် နိုင်ငံအဆင့် သစ်တောကြီးကြပ်စစ်ဆေးသည့်နည်းစနစ် (အပိုင်း၆) ဖွံ့ဖြိုးတိုးတက်မှုတစ်စိတ်တစ်ပိုင်းဖြစ်သော လုပ်ငန်းဆောင်ရွက်မှု အကဲဖြတ်သုံးသပ်မှုများနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ မြေအသုံးချမှုများနှင့် ဂေဟဗေဒစနစ်အရခွဲခြားထားသော သစ်တောအမျိုးအစားများအား Remote Sensing နည်းပညာအသုံးပြု၍ အလွှာခွဲခြင်းသည် မတူညီသော REDD+ ဆိုင်ရာ လုပ်ငန်းများနှင့် အမျိုးမျိုးသော သစ်တောပုံစံများအတွက် ကိုယ်စားပြု RELs/RLs အဆင့်များ ဖော်ထုတ်ရာ၌ အထောက်အပံ့ပေးလိမ့်မည်ဖြစ်သည်။ ဤလုပ်ငန်းများအတွက် အပိုင်း(၆) တွင် စီစဉ်ထားသည့်အတိုင်း သင်တန်းပေးလေ့ကျင့်မှုများ ပါဝင်မည်ဖြစ်သည်။

၁) အပိုင်း(၆) မှ မြေအသုံးချမှုပြောင်းလဲခြင်းကို ခွဲခြမ်းစိတ်ဖြာသောလုပ်ငန်းများအား လေ့လာခြင်း

၂) နိုင်ငံအဆင့် သစ်တောကြီးကြပ်စစ်ဆေးသည့်နည်းစနစ်မှ Emission factor ကို အသုံးပြုတွက်ချက်သော မှတ်တမ်းတင်ထားသည့် နှစ်စဉ်ထုတ်လွှတ်မှုများအား လေ့လာခြင်း (အပိုင်း ၆)

**ရလဒ်များအားဖော်ပြခြင်း**

- မြန်မာနိုင်ငံအတွက် မှတ်တမ်းတင်ထားသော မြေအသုံးချမှုပြောင်းလဲခြင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများပြီးစီးခြင်း
- LULUCF မှ မှတ်တမ်းတင်ထားသော ထုတ်လွှတ်မှုများအတွက် အကဲဖြတ် သုံးသပ်ချက်များ ထွက်ပေါ်လာရန် မြေအသုံးချမှု အပြောင်းအလဲများတွင် အသုံးပြုမည့် Emission Factor ထွက်ပေါ်လာခြင်း

**ရလဒ်(၃) မိမိတို့နိုင်ငံ၏လက်ရှိအခြေအနေကို ပြန်လည်သုံးသပ်၍ အချက်အလက်များ စုစည်းခြင်း**

မြန်မာနိုင်ငံ၏အခြေအနေများကို တွက်ချက်သုံးသပ်ရာတွင်–

(၁) လက်ရှိအခြေအနေများ နှင့် အတိတ်သမိုင်းများမှ မှက်တမ်းတင်ထားခဲ့သော လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို လေ့လာဆန်းစစ်ခြင်း၊

(၂) တည်ရှိပြီးဖြစ်သော ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ နှင့် မူဝါဒများအား သုံးသပ်ခြင်း၊

(၃) မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးလာတော့မည့် အနာဂတ်အခြေအနေများကို မှန်းဆ ခြင်း၊

(၄) ရာသီဥတုပြောင်းလဲမှုများကြောင့် ထိခိုက်နစ်နာမှုများနှင့် လိုက်လျောညီထွေနေထိုင်နိုင်မည့် စွမ်းဆောင်ရည်များအား လေ့လာခြင်း၊

(၅) အကြံပြုဆွေးနွေးချက်များမှတဆင့် ကာဗွန်ကုန်စည်ပြောင်းလဲသွားမှုများ၊ ဖြစ်လာနိုင်သည့် သစ်တောဖုံးလွှမ်းမှုများအား ဆန်းစစ်ခြင်းစသော အပြောင်းအလဲများအပေါ်တွင် မူတည်သည်။ ထို့နောက် ဤသုံးသပ်ချက်များတွင် (က) သင့်လျော်သောဌာနတွင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုများ၊ အစီအမံများ(အပိုင်း ၄.၂.၁ နှင့် ၃.၄.၃.၂) နှင့် လမ်းပြမြေပုံရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များမှတဆင့် ညွှန်ကြားဆောင်ရွက်နေသော စီမံအုပ်ချုပ်မှုများ၊ သစ်တောမူဝါဒများ၊ မြေအသုံးချမူဝါဒများနှင့် ပတ်သက်သော နောက်ဆက်တွဲ သုံးသပ်ချက်များ(ခ) အပိုင်း (၃.၄.၃.၂) အောက်ရှိ လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်အတွင်း REDD+၏ မဟာဗျူဟာဆိုင်ရာ လေ့လာဆန်းစစ်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆောင်ရွက်နေသော သုံးသပ်ချက်အသစ်များ ပါဝင်လိမ့်မည်ဖြစ်သည်။ အဓိကလုပ်ကိုင်ဆောင်ရွက်မည့်ဇရိယာသည် သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားကျဆင်းခြင်းကိုဖြစ်စေသည့် တွန်းအားစုများနှင့်ပက်သက်၍ အရေအတွက်ပုံစံ လေ့လာအကဲဖြတ်မှုများလည်း ပါဝင်မည်ဖြစ်သည်။ ထို့အပြင် ၎င်းအကဲဖြတ်မှုများသည် REDD+ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် သင့်လျော်သော မူဝါဒများ၊ နည်းလမ်းများတိုးတက်လာမှုကို သတင်းပေးထုတ်ဖော်ပြရုံသာမက မြန်မာနိုင်ငံတွင် REDD+ လုပ်ငန်းဆောင်ရွက်မှုများနှင့် သစ်တောကဏ္ဍတို့ ဆက်စပ်ဆောင်ရွက်နေသော နိုင်ငံ၏အခြေအနေများကို မီးမောင်းထိုးပြသကဲ့သို့ဖြစ်နေပါသည်။

သမိုင်းမှတ်တမ်းမှတ်ရာများနှင့် ပေါင်းစပ်၍ အထက်ဖော်ပြပါရှု့ထောင့်များသည် RELs/RLs များကိုတည်ဆောက်ရာ၌ (Tool) တစ်ခုအဖြစ် ဖွဲ့စည်းတည်ဆောက်ပြီး ၎င်းအပေါ်တွင်အခြေခံကာ နိုင်ငံအဆင့် ဆုံးဖြတ်ချက်များ ချမှတ်မည်ဖြစ်ပါသည်။ ၎င်းရှု့ထောင့်များနှင့်ပက်သက်၍ သတင်းအချက်အလက်များ စုစည်းခြင်းသည် မြန်မာနိုင်ငံ၏ ကာကွယ်ထိန်းသိမ်းရေးရည်မှန်းချက်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် စေသောဦးစားပေးလုပ်ငန်းများ၊ ရည်ရွယ်ချက်များ၊ စီမံကိန်းများနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကျယ်ပြန့်သော အကြောင်းအရာအောက်တွင် အောင်မြင်စွာဆောင်ရွက်နေသော REDD+ လုပ်ငန်းစဉ်များအား ထင်ရှားသည့် အကျိုးသက်ရောက်မှုရှိလိမ့်မည် ဖြစ်ပါသည်။ ထို့အပြင် ၎င်းရှု့ထောင့်များသည် ရာသီဥတုပြောင်းလဲမှုများ၏ ဆိုးရွားသော အကျိုးသက်ရောက်မှု

များကို ကိုင်တွယ်ဆောင်ရွက်ရန်အတွက် လိုက်လျောညီထွေစွာ နေထိုင်နိုင်သော စွမ်းရည်နှင့် နိုင်ငံ၏နစ်နာဆုံးရှုံးမှုများကို ကောင်းစွာနားလည်စေရန် လမ်းကြောင်းပေးမည် ဖြစ်သည်။

**ထွက်ပေါ်လာသောရလဒ်များမှ အောက်ပါလုပ်ငန်းများကိုဆောင်ရွက်လိမ့်မည်ဖြစ်သည်။**

၁) မူဝါဒရေးရာများနှင့် မြေအသုံးချစီမံအုပ်ချုပ်မှု အကြောင်းအရာများအပါအဝင် သစ်တောပြုန်းတီးမှုကိုဖြစ်စေသော တွန်းအားများ (အပိုင်း ၃.၃ နှင့် ၃.၄.၃.၂တို့တွင်ကြည့်ရန်)အား အကဲဖြတ်ခြင်း

၂) နိုင်ငံအဆင့် အခြေအနေအရပ်ရပ်အပေါ်တွင် လေ့လာထားမှုများမှ တွေ့ရှိချက် များကို ဆက်စပ်ဆောင်ရွက်နေသူများပါဝင်သော ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲများတွင် ရှင်းလင်းတင်ပြခြင်း

၃) ဖြစ်နိုင်ခြေရှိသော RELs/RLs ချိန်ညှိသည့် Factors များကိုဖော်ထုတ်ခြင်း

**ရလဒ်များအားဖော်ပြခြင်း**

- သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားကျဆင်းခြင်းကို ဖြစ်စေသော တွန်းအားများအပါအဝင် သစ်တောကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်နေသော REDD$^{+}$စီမံကိန်း တို့၏အခြေအနေများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသေးစိတ်အကဲဖြတ်ခြင်း
- ဖြစ်နိုင်ဖွယ်ရာအလားအလာရှိသော RELs/RLs ချိန်ညှိသည့် Factors များ

**ရလဒ် (၄) ရေ့ပြေးစမ်းသပ်ဆောင်ရွက်ရန် သရုပ်ပြအကွက်များ ရွေးချယ်ခြင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတ်မှတ်ထားသော RELs/RLs တစ်ခုကို စမ်းသပ်စစ်ဆေးခြင်း**

REDD$^{+}$ စီမံကိန်း၏ လမ်းပြမြေပုံအဆင်သင့်ဖြစ်ရေး ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပြီးဆုံးရန်နီးကပ်လာသည်နှင့်အညီ ရှေ့ပြေးဆောင်ရွက်ရန် သတ်မှတ်ထားသော REDD$^{+}$ လုပ်ငန်းများအပါအဝင် RELs/RLs ကိုယ်စားပြုသက်မှက်ချက်များ ဖော်ထုတ်ရန်အတွက် မှန်ကန်ခိုင်မာသော အဆိုပြုတင်သွင်းလွှာများကို ဆုံးဖြတ်ခြင်း၊ စမ်းသပ်အသုံးပြုမည့် နည်းပညာအမျိုးမျိုးနှင့် ဆောင်ရွက်မည့်နေရာများ ရွေးချယ်ခြင်း စသည်တို့ကို ဆွေးနွေးဆုံးဖြတ်ရန်အတွက် ဆက်စပ်ဆောင်ရွက်နေသူများပါဝင်သည့် အလုပ်ရုံအစည်းအဝေးပွဲများ ကျင်းပရလိမ့်မည်ဖြစ်သည်။ ဤကဲ့သို့ဆောင်ရွက်ရာ၌ နည်းပညာဆိုင်ရာကျွမ်းကျင်သူများ (အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အပါအဝင်) နှင့်အသေးစိတ်ဆွေးနွေးညှိနှိုင်းရမည်ဖြစ်သလို အဆိုပြုတင်သွင်းထားသော သရုပ်ပြကွက်များတွင် လုပ်ကိုင်ဆောင်ရွက်မည့် ဆက်စပ်ဝန်ထမ်းများလည်း လိုအပ်မည်ဖြစ်သောကြောင့် အပိုင်း (၃.၅)နှင့် များစွာဆက်စပ်နေမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တင်ကြိုသတ်မှတ်ထားသော RELs/RLs ကိုယ်စားပြုအဆင့်များအား စမ်းသပ်ခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းဆီသို့ ဦးတည်သွားမည်ဖြစ်သလိုရှေ့ပြေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအဆင့် RELs/RLs ကိုယ်စားပြုအဆင့်များ ရှေးဦးဖော်ထုတ်ရန် သရုပ်ပြအကွက်များ ခွဲခြားရွေးချယ်ခြင်းဆီသို့လည်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဤ ရလဒ် တွင် အောက်ပါလုပ်ငန်းများကိုဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။**

၁) ဆက်စပ်ဆောင်ရွက်နေသူများ၊ နည်းပညာရှင်များနှင့်ဆွေးနွေးညှိနှိုင်း၍ အဆိုပြုတင်သွင်းလွှာများအတွက်လိုအပ်သော သတင်းအချက်အလက်များစုဆောင်းခြင်း၊ စီစစ်ခြင်းနှင့် ရှေးဦးဆောင်ရွက်မည့် သရုပ်ပြအကွက်များ ရွေးချယ်ခြင်း

၂) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် RELs/RLs ကိုယ်စားပြုသက်မှက်ချက်များအား ဖော်ထုတ်ခြင်းနှင့် ပြန်လည်သုံးသပ်ရန်အတွက် UNFCCC သို့ တင်သွင်းခြင်း

**ရလဒ်များအားဖော်ပြခြင်း**

- RELs/RLs ကိုယ်စားပြုသက်မှက်ချက်များအား စမ်းသပ်ဖော်ထုတ်ရန် သရုပ်ပြကွက်တည်နေရာများအား အဆိုပြုချက်များ
- ပထမဆုံးသော တစ်နိုင်ငံလုံးဆိုင်ရာ RELs/RLs ကိုယ်စားပြုသက်မှက်ချက်များနှင့် UNFCCC ၏ညွှန်ကြားချက်များအတိုင်း အသုံးပြုထားသော နည်းပညာများအပေါ်တွင် တုံ့ပြန်မှုများ

## အခန်း (၆) အမျိုးသားအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်မှု

အခြေခံအကြောင်းအရာ။ REDD+ ပြင်ဆင်ခြင်းအဆင့်တွင် စွမ်းဆောင်ရည်မြင့်မားစေခြင်း၊ အခြေခံအဆောက်အဦးများနှင့် မှန်ကန်တိကျသော နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း၊ သစ်တောဖုံးအုပ်မှုနှင့် ပြောင်းလဲမှုအခြေအနေများကို စောင့်ကြည့်စစ်ဆေးခြင်း၊ သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများ တိုင်းတာခြင်း၊ အစီရင်ခံခြင်းနှင့် စစ်ဆေးအတည်ပြုခြင်းများအတွက် စီမံခန့်ခွဲရန်လိုအပ်သည့် စနစ်များကို ထည့်သွင်းလုပ်ဆောင်ရလိမ့်မည်ဖြစ်သည်။

***အဓိကပါဝင်သည့်အခန်းများ***

- နောက်ခံသမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များ၊
- မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ခြင်း၊
- ရရှိနိုင်သည့် အချက်အလက်နှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များ
- လုပ်ငန်းစဉ်များကို ရေးသားဖော်ပြခြင်း၊
- လုပ်ငန်းအစီအစဉ်နှင့် ဘဏ္ဍာငွေအခြေအနေ၊

### ၆.၁ နောက်ခံသမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များ

ဆုံးဖြတ်ချက် 4/CP.15 သည် နိုင်ငံအခြေအနေများနှင့် စွမ်းဆောင်ရည်များအရ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်များ ပွင့်လင်းမြင်သာမှုရှိစေရန်၊ တည်တံ့စေရန်နှင့် တည်ထောင်ရန်အတွက် လိုအပ်သည့် REDD+ ဆိုင်ရာ MRV စနစ်ကို တည်ထောင်ရမည်ဖြစ်သည်။

၁) အဝေးမှ စူးစမ်းလေ့လာသော နည်းပညာများနှင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ပေါင်းစပ်၍ သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများနှင့် ဖယ်ရှားမှုများကို တွက်ချက်ခြင်း၊ သစ်တောကာဗွန်ပမာဏနှင့် သစ်တောဧရိယာ ပြောင်းလဲမှုများကို တွက်ချက်ခြင်း၊

၂) သစ်တောများအား စောင့်ကြည့်လေ့လာခြင်းစနစ်ဖြင့် ခန့်မှန်းတွက်ချက်မှုများကို ပွင့်လင်းမြင်သာမှုရှိစေရန်၊ ရှေ့နောက် ညီညွတ်စေရန်နှင့် တိကျမှုရှိစေရန် ဆောင်ရွက်ခြင်း၊

၃) အဖွဲ့ဝင်နိုင်ငံများမှ လက်ခံနိုင်ရမည့် ပွင့်လင်းမြင်သာမှုရှိသည့် ရလဒ်များ ဖြစ်ရမည်။

ဆုံးဖြတ်ချက် 4/CP.15 သည် IPCC မှ ချမှတ်ထားသော လမ်းညွှန်ချက်များကို အခြေခံ အချက်အလက်များအဖြစ် အသုံးပြု၍ သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့

ထုတ်လွှတ်မှုများနှင့် ဖယ်ရှားမှုများတွက်ချက်ခြင်း၊ သစ်တောကာဗွန်ပမာဏနှင့် သစ်တောဧရိယာပြောင်းလဲမှုများ တွက်ချက်ခြင်းကို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လုပ်ဆောင်ရလိမ့်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ IPCC မှ ချမှတ်ထားသော လမ်းညွှန်ချက်များအပေါ်အခြေခံပြီး အဆိုပါနည်းလမ်းဖြင့် ကာဗွန်ထုတ်လွှတ်မှုကို ယေဘုယျအားဖြင့် တွက်ချက်နိုင်ပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် (၁) သစ်တောကဏ္ဍဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုများနှင့် ဖယ်ရှားမှုများကို ခန့်မှန်းတွက်ချက်ရန်၊ (၂) ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာ REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ခြင်းကို UNFCCC သို့ အစီရင်ခံစာတင်ရန်နှင့် (၃) UNFCCC မှ REDD+ ဆိုင်ရာ MRV လုပ်ငန်းများ အကောင်အထည်ဖော်မှုရလဒ်များအား စစ်ဆေးအတည်ပြုနိုင်ရန်အတွက် နိုင်ငံအဆင့် သစ်တော စောင့်ကြည့်လေ့လာခြင်းစနစ်များကို အသုံးပြုနိုင်ကြောင်း ညွှန်ပြထားသည်။

ဆုံးဖြတ်ချက် 4/CP.16 အပေါ်အခြေခံပြီး REDD+ အတွက် UNFCCC ၏ လမ်းညွှန်ချက်များကို သတ်မှတ်နိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံ၏အခြေအနေများနှင့် ဆုံးဖြတ်ချက် 4/CP.15 တွင်ပါဝင်သော အချက်အလက်များအရ REDD+ လုပ်ငန်းစဉ်များ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံအဆင့် သစ်တော စောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်။

ပုံ (၆.၁) တွင်ပြထားသည့်အတိုင်း ဆုံးဖြတ်ချက် 4/CP.15 နှင့် ဆုံးဖြတ်ချက် 4/CP.16 သည် စောင့်ကြည့်စစ်ဆေးခြင်းနှင့် MRV လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်ကို ဖွံ့ဖြိုးတိုးတက်စေလိမ့်မည်ဖြစ်သည်။ ပုံ(၆.၁) တွင် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်၏ စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများတွင် အစုအဖွဲ့အလိုက် စောင့်ကြည့်အစစ်ဆေးခြင်းနှင့် အစဉ်အလာအရ သစ်တောကဏ္ဍဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းစနစ်များပါဝင်သည့် လုပ်ငန်းများပါဝင်ကြောင်း ဖော်ပြထားသည်။ အစုအဖွဲ့အလိုက် စောင့်ကြည့်စစ်ဆေးခြင်းသည် အစုအဖွဲ့များမှ အောက်ခြေအဆင့် သတင်းအချက်အလက် (အပင်အရေအတွက်၊ တည်နေရာ၊ အစုအဖွဲ့ပိုင်သစ်တောဧရိယာ) များကို ထောက်ပံ့ပေးသည့် စောင့်ကြည့်လေ့လာခြင်းစနစ်ဖြစ်သည်။ အစဉ်အလာအရ သစ်တောကဏ္ဍဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းစနစ်များသည် REDD+ လုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာရာတွင် လက်ရှိစနစ်များနှင့် နိုင်ငံ၏အခြေအနေပေါ်အခြေခံပြီး နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် တည်ထောင်နိုင်ရန်ရည်ရွယ်ပါသည်။




ပုံ ၆.၁ REDD+ ဆိုင်ရာ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်၏ လုပ်ငန်း (၂) မျိုး

စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းသည် REDD+ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သစ်တောဖုံးအုပ်မှုပြောင်းလဲခြင်းကို ကိုယ်စားပြုသည့် ကောင်းမွန်သောရလဒ်များရရှိစေရန်ဖြစ်သည်။ MRV လုပ်ငန်းများသည် ကာဗွန် ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာ REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုများကို အောင်မြင်စေလိမ့်မည်ဖြစ်သည်။




*ပုံ ၆.၂ IPCC ၏ သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုများနှင့် ဖယ်ရှားမှုများ တွက်ချက်သည့်နည်းလမ်း*

နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်တွင်ပါဝင်သည့် နည်းပညာဆိုင်ရာ အစိတ်အပိုင်းများ အကောင်အထည်ဖော်ခြင်းကို အဆင့် (၃) ဆင့်ဖြင့် လုပ်ဆောင်နိုင်ပါသည်။ စွမ်းဆောင်ရည်များ၊ သင်ခန်းစာများကို လေ့လာခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းစနစ်များ တိုးတက်ကောင်းမွန်လာစေရန်အတွက် အချိန်လိုအပ်ပါသည်။

အဆင့် (၁)။ နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း (ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ်၊ အဝေးမှ စူးစမ်းလေ့လာခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း)၊ ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များဖော်ဆောင်ခြင်း၊ စီမံကိန်း လုပ်ငန်းများနှင့် ရှေ့ပြေးသရုပ်ပြ လုပ်ငန်းစဉ်များဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်း၊

အဆင့်(၂)။ ရှေ့ပြေးသရုပ်ပြ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း၊

အဆင့် (၃)။ REDD+ဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာရန်၊ သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုနှင့် ဖယ်ရှားမှုများ အတွက် MRV လုပ်ငန်းများ အောင်မြင်စေရန်နှင့် ကာဗွန်လျှော့ချခြင်းဆိုင်ရာ လုပ်ဆောင်မှုများကို UNFCCC သို့ အစီရင်ခံစာ တင်ပြရန်အတွက် ဂြိုလ်တု စနစ်သုံး မြေပြင် စောင့်ကြည့်လေ့လာခြင်းစနစ်ကို အဆင့်မြှင့်တင်ရမည်ဖြစ် သည်။

ဤအခန်း၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအနေဖြင့် UNFCCC မှ ချမှတ်ထားသည့် နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာခြင်းအားဖြင့် REDD+ အကောင်အထည်ဖော်ရန်အတွက် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုး တိုးတက်လာစေရန်ဖြစ်သည်။

## ၆.၂ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်စေခြင်း

### *၆.၂.၁ ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာအစီအစဉ်များ*

မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပထမအဆင့်သည် အောက်ဖော်ပြပါ ထင်သာမြင်သာရှိပြီး ကောင်းမွန်သည့် ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များအတွက်–

(၁) မြေအသုံးချမှု စောင့်ကြည့်စစ်ဆေးခြင်းနှင့် သစ်တောကာဗွန်ပမာဏ ဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းနှင့်ဖလှယ်ခြင်း၊

(၂) မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲမှုနှင့် သစ်တောကဏ္ဍဆိုင်ရာ နိုင်ငံအဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူမှုများကို စာတမ်း ပြုစုခြင်း၊

(၃) UNFCCC သို့ နိုင်ငံအဆင့် ဆက်သွယ်ခြင်း (National Communication) ဆိုင်ရာ စာတမ်းပြုစု ခြင်းနှင့် အစီရင်ခံခြင်းတို့ကို သတ်မှတ်ပေးနိုင်လိမ့်မည်ဖြစ်သည်။

ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ရှိသည့် ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များသည် စောင့်ကြည့်လေ့လာခြင်းစနစ်၏ လုပ်ငန်းများ ကောင်းမွန်စေရန်အတွက် အရေးကြီးသည်။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရသည် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ရေရှည် စဉ်ဆက်မပြတ်တည်တံ့စေရန်အတွက် အဆိုပါ အစီအစဉ်များကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။

နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်နှင့် ကာဗွန်ထုတ်လွှတ်မှု အခြေခံ "စံ" အဆင့် (RELs) နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ဆွေးနွေးမှုများသည် ပုံ (၆.၃) တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များနှင့် ပက်သက်သည့် အဆိုပြုချက်ကို တင်ပြထားသည်။ အမျိုးသားအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်း စနစ်တွင်ပါဝင်သည့် အစိတ်အပိုင်းများဆောင်ရွက်ရန်အတွက် အစိုးရကိုယ်စားလှယ်များ/ အဖွဲ့အစည်းများမှ အောက်ပါဌာနများကို အဆိုပြုတင်ပြသည်။ အဆိုပါ ဌာနများမှာ-

- ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ်အတွက် သစ်တောဦးစီးဌာန (အထူးသဖြင့် အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်ဌာန စိတ်)၊
- နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူရန်အတွက် သစ်တော ဦးစီးဌာန၊
- မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ နိုင်ငံအဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းအတွက် MoECAF နှင့် MoAI ၊
- UNFCCC သို့ နိုင်ငံအဆင့် ဆက်သွယ်ခြင်း (National Communication) ဆိုင်ရာ စာတမ်းပြုစုခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် MoECAF တို့ဖြစ်သည်။

အဆိုပါအစီအစဉ်များကို IPCC မှ ချမှတ်ထားသည့် အရည်အသွေးထိန်းချုပ်မှု လုပ်ကိုင်နည်းများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ပြီး အရည်အသွေးအာမခံမှုဆိုင်ရာ အကဲဖြတ် ခြင်းကို အနှောင်အဖွဲ့ကင်းသည့် တတိယအဖွဲ့အစည်းမှ ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။ အဆိုပါ အစီအစဉ်များအောက်တွင် လုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ကာဗွန် ထုတ်လွှတ် မှုဆိုင်ရာ အချက်များနှင့် ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုဆိုင်ရာ အချက်အလက်များကို ပိုမိုထင်သာမြင်သာရှိစေရန် ပါဝင်သည့် အဖွဲ့အစည်းများအကြား ဖလှယ်ရလိမ့်မည်ဖြစ်သည်။

ပုံတွင်ဖော်ပြထားသည့် အဖွဲ့အစည်းများသည် အချက်အလက်များ စုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းအတွက် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ကိုယ်စားလှယ်များနှင့် အဖွဲ့ အစည်းများထံမှ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ထောက်ပံ့မှုများ ရရှိရန် မဖြစ်နိုင်သည့် အစိတ်အပိုင်းများအတွက် သတင်းအချက်အလက်များ စုဆောင်းရ ဖြစ်လိမ့်မည်ဖြစ်သည်။ REDD+ လမ်းပြမြေပုံ ပြင်ဆင်ခြင်းဆိုင်ရာ အကောင်အထည်ဖော်မှု ပထမအဆင့်သည် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် စီမံချက်တွင်ပါရှိသော ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များမှ သဘောတူထားသည့် အဆိုပြုချက်ကို စာအုပ်ထုတ်ဝေခြင်း (publishing) ဖြင့် နီးနွယ်ပတ်သက်သည့် အဖွဲ့အစည်း များနှင့် ဆက်စပ်ပတ်သက်သူများကို တရားဝင် ဖြစ်စေလိမ့်မည်ဖြစ်သည်။




*ပုံ ၆.၃ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်အတွက် ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အစီအစဉ်များကို အဆိုပြုတင်ပြခြင်း*

### *၆.၂.၂ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်အတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း*

မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အကောင်အထည်ဖော်ရန် သစ်တောဦးစီးဌာနသည် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်ဆိုင်ရာ စီမံချက် (NFMS-AP) ကို ရေးဆွဲရလိမ့်မည် ဖြစ်သည်။ အဆိုပါ စီမံချက်သည် REDD+ လုပ်ငန်းစဉ်များအတွက် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် အကောင်အထည်ဖော်ရန် ငွေကြေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များအပါအဝင် လုံလောက်သော ထောက်ပံ့မှုများပေးနိုင်ရန်အတွက် နိုင်ငံအနေဖြင့် ရေးဆွဲရန် လိုအပ်လိမ့်မည်ဖြစ်သည်။ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်ဆိုင်ရာ စီမံချက် (NFMS-AP) တွင် အောက်ပါ အခန်းကဏ္ဍများ ပါဝင်ရမည်ဖြစ်သည်–

- အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအပါအဝင် RS/GIS စွမ်းဆောင်ရည် အသေးစိတ် အကဲဖြတ်ခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း၊ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းနှင့် နောက်ဆုံးရရှိနိုင်သည့် အထောက်အပံ့များ၊
- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် အကောင်အထည်ဖော်မှု လမ်းညွှန်ချက်သည် REDD+ လုပ်ငန်းစဉ်များအတွက် နိုင်ငံအဆင့် စောင့်ကြည့်လေ့လာခြင်းနှင့် MRV လုပ်ငန်းများ အောင်မြင်စေရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း (အဆင့် ၁) မှ ရှေ့ပြေးသရုပ်ပြကွက်များ တည်ထောင်ခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်း (အဆင့် ၂)၊

- လုပ်ငန်းစဉ်များအကောင်အထည်ဖော်ခြင်းဆိုင်ရာ အချိန်ဇယား၊
- သဏ္ဌာရေးအခြေအနေ၊

## ၆.၃ ရရှိနိုင်သည့် သတင်းအချက်အလက်နှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ လိုအပ်ချက်များ

နည်းလမ်းများနှင့် စနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် အောက်ပါအတိုင်း ဖော်ပြထား သော်လည်း ဒေသအဆင့်နှင့်နိုင်ငံအဆင့် ညှိနှိုင်းဆွေးနွေးမှု ရလဒ်များအပေါ်အခြေခံ၍ ပြောင်းလဲရန် လိုအပ်လိမ့်မည်ဖြစ်သည်။

### ၆.၃.၁ သစ်တောစောင့်ကြည့်လေ့လာခြင်း

#### *၆.၃.၁.၁ အဝေးမှစူးစမ်းလေ့လာခြင်း/ပထဝီဝင်သတင်းအချက်အလက်များ (RS/GIS)*

အခန်း ၅.၃ တွင် လက်ရှိ သတင်းအချက်အလက်အသေးစိတ်များ၊ RS/GIS လုပ်ငန်း များနှင့် စွမ်းဆောင်ရည်များကို ဖော်ပြထားသည်။

ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ်ကို အခန်းကဏ္ဍနှစ်ခုဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည်လိမ့်ဖြစ်သည်။ ပထမ ကဏ္ဍသည် REDD+ လုပ်ငန်း စဉ်များ ကောင်မွန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် စောင့်ကြည့်စစ်ဆေးခြင်းဖြစ် သည်။ REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် နေရာရွေးချယ်ခြင်း လုပ်ငန်းများ စောင့်ကြည့်စစ်ဆေးရန်အတွက် ကိုယ်စားလှယ်များ ရွေးချယ်သည့် ညှိနှိုင်း ဆွေးနွေးမှုများကို ပြုလုပ်ရမည်ဖြစ်သည်။ အဆိုပါကဏ္ဍ အောင်မြင်စေရန်အတွက် သစ်တော ဦးစီးဌာနအောက်ရှိ RS/GIS ဌာနစိတ်သည် သင့်တော်သော software အသုံးပြုမှု သင်တန်းများအပါအဝင် သစ်တောစောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ လူ့စွမ်းအား အရင်း အမြစ် ဖွံ့ဖြိုးမှု သင်တန်းများလည်း လိုအပ်လိမ့်မည်ဖြစ်သည်။

ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ်၏ ဒုတိယ အခန်းကဏ္ဍသည် မြေအသုံးချခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ နိုင်ငံအဆင့် ဖန်လုံ အိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှု စာရင်းကောက်ယူခြင်း အချက်အလက်များ ထုတ်ပေး လိမ့်မည် ဖြစ်သည်။ အဆိုပါ အခန်းကဏ္ဍသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့အစည်း (IPCC) က ရေးဆွဲပြုစုထားသော လမ်းညွှန်မှုများအပေါ် အခြေခံပြီး နိုင်ငံအဆင့် မြေအသုံးချမှု ပြောင်းလဲခြင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများ လိုအပ်လိမ့်မည် ဖြစ်သည်။ အဆိုပါ မြေအသုံးချမှုပြောင်းလဲခြင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုပုံစံသည် မြန်မာနိုင်ငံ ၏ နိုင်ငံအဆင့် နောက်ဆုံးအချက်အလက်များကို ရရှိလိမ့်မည်အဟုတ်ချေ။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့အစည်း (IPCC)၏ လမ်းညွှန် ချက်များအရ RS/GIS ဌာနစိတ်အတွက် သင့်တော်သည့် software များနှင့် အခြား ပစ္စည်း ကိရိယာများ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများပေးနိုင်ရန် လိုအပ်သည်။

### ၆.၃.၁.၂ သစ်တောစောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ အချက်အလက်ဖလှယ်ခြင်း

လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေသည် ပွင့်လင်းမြင်သာမှုရှိသော သစ်တော သတင်းအချက်အလက်များ ဖလှယ်ခြင်းဆိုင်ရာ နိုင်ငံအဆင့် လုပ်ငန်းစဉ် သို့မဟုတ် နည်းလမ်းများ မရှိသေးချေ။ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်၏ အဓိက အင်္ဂါရပ်များသည်-

- လွယ်ကူစွာရရှိနိုင်သည့် သတင်းအချက်အလက် ဖလှယ်ခြင်း
- သတင်းအချက်အလက်နှင့် အမှားပြင်ဆင်ခြင်းကို တုန့်ပြန်ရန်တို့ဖြစ်သည်။

နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ရန်နှင့် GIS မြေပုံများမှ သစ်တောဧရိယာ၊ တောအမျိုးအစား၊ သစ်တောပြုန်းတီးမှုနှင့် သစ်တောအုပ်ချုပ်မှုပုံစံများစသည့် သစ်တောသတင်းအချက်အလက်များ ရရှိနိုင်ရန် web-GIS portal နည်းလမ်းကို အသုံးပြုရလိမ့်မည်ဖြစ်သည်။ RS/GIS ဌာနစိတ်သည် web-GIS portal ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု သင်တန်းများ လိုအပ်လိမ့်မည်ဖြစ်သည်။

### ၆.၃.၁.၃ အခြားသစ်တောစောင့်ကြည့်လေ့လာသည့် နည်းလမ်းများနှင့် ချဉ်းကပ်မှုများ

မြန်မာနိုင်ငံတွင် အစုအဖွဲ့ပိုင်သစ်တော စီမံအုပ်ချုပ်မှုဆိုင်ရာ တရားဝင် ထောက်ပံ့မှုများရှိသော်လည်း လက်ရှိတွင် အစုအဖွဲ့ဆိုင်ရာ သစ်တောစောင့်ကြည့်စစ်ဆေးမှု လုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်မှုမရှိသေးပေ။ သို့သော်လည်း အစုအဖွဲ့ပိုင် သစ်တော စီမံအုပ်ချုပ်မှု အစိတ်အပိုင်းများသည် မြန်မာနိုင်ငံ၏ သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်အတွက် အရေးကြီးသည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်သော ဒေသအဆင့် စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေသည်။ ဒေသ သတင်းအချက်အလက်များ စောင့်ကြည့်လေ့လာခြင်းတွင် အပင်ရေတွက်မှုများ၊ သစ်တောဧရိယာများ မြေပုံကြမ်းရေးဆွဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းများ၏ GPS လမ်းကြောင်းများ ပါဝင်ရလိမ့်မည်ဖြစ်သည်။

RS/GIS မဟုတ်သည့် သစ်တောစောင့်ကြည့်လေ့လာမှုပုံစံများကို အစုအဖွဲ့ပိုင် သစ်တော စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများနှင့် အခန်းကဏ္ဍများအပါအဝင် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်အဖြစ် ပေါင်းစပ်မှုနည်းလမ်းများ ဆုံးဖြတ်နိုင် ရန် ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ရလိမ့်မည်ဖြစ်သည်။ နိုင်ငံအဆင့်နှင့်ဒေသအဆင့် သတင်းအချက်အလက်များ စုဆောင်းရန် ပူးပေါင်းပါဝင်သည့် ဆက်စပ်ပက်သက်သူများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးရလိမ့်မည် ဖြစ်သည်။

## ၆.၃.၂ နိုင်ငံအဆင့် သစ်တော သယံဇာတစာရင်းကောက်ခြင်း

### *၆.၃.၂.၁ နောက်ခံသမိုင်း*

သစ်တောသယံဇာတစာရင်းကောက်ခြင်းကို ၁၉၈၂ ခုနှစ်မှစ၍ နိုင်ငံအဆင့် စတင်ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရသည် နိုင်ငံအဆင့် သစ်တောတိုင်းတာရန်နှင့် သယံဇာတစာရင်းကောက်ယူရန် အဓိက အဆင့် (၃) ဆင့်ဖြင့် လုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့မှာ-

- ဂြိုလ်တုဓါတ်ပုံများအသုံးပြု၍ နိုင်ငံ၏ သစ်တောဖုံးအုပ်နှင့် မြေအသုံးချမှု မြေပုံများထုတ်လုပ်ရန်၊
- ကောင်းကင်ဓါတ်ပုံများအသုံးပြု၍ သစ်တောအမျိုးအစားနှင့် မြေအသုံးချမှု မြေပုံများထုတ်လုပ်ရန်၊
- ဆောင်ရွက်မည့်နေရာဒေသများကို အသေးမှစူးစမ်းလေ့လာခြင်းဖြင့် ကွင်းဆင်း တိုင်းတာရန်၊

ကွင်းဆင်းတိုင်းတာခြင်း၏ အဓိကရည်ရွယ်ချက်များသည် သစ်မထုတ်မီ သစ်ပမာဏ၊ တည်နေရာနှင့်သစ်အရည်အသွေးတို့ကို သတ်မှတ်နိုင်ရန်၊ သစ်တော၏ silvicultural သွင်ပြင်လက္ခဏာများရရှိရန်နှင့်သစ်တောမြေအနေအထားခွဲခြားနိုင်ရန်၊ တောအခြေအနေနှင့် ရှင်သန်ကြီးထွားနှုန်းကို တိုင်းတာရန်အတွက် အမြဲတမ်းနမူနာကွက်များ တည်ဆောက်ရန်ဖြစ်သည်။ စာရင်းကောက်ပုံစံနှင့် တွက်ချက်ခြင်းကို သစ်တောဦးစီးဌာနနှင့် UNDP/FAO တို့ ပူးပေါင်းအကောင်အထည်ဖော်သည့် နိုင်ငံအဆင့် သစ်တော တိုင်းတာခြင်းနှင့် စာရင်းကောက်ယူခြင်း စီမံကိန်း၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့သည်။ အသေးစိတ် ကွင်းဆင်းစာရင်းကောက်ယူခြင်းပုံစံနှင့် လမ်းညွှန်ချက်များကို နိုင်ငံအဆင့် သစ်တောတိုင်းတာခြင်းနှင့် စာရင်းကောက်ယူခြင်း စီမံကိန်း document တွင် တွေ့ရှိနိုင်ပါသည်။ ၁၉၉၃ ခုနှစ်တွင် စီမံကိန်းပြီးဆုံးခဲ့သည့်အတွက် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းကို တစ်နိုင်ငံလုံးအား ကောက်ယူနိုင်ခြင်း မရှိခဲ့ပါ။

### *၆.၃.၂.၂ လက်ရှိအခြေအနေ*

ခရိုင်အဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းကို နှစ်စဉ် ခရိုင် (၂) ခု စာရင်းကောက်ယူပြီးစီးရန် သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များမှာ-

(၁) စာရင်းကောက်ယူရရှိသည့် အချက်အလက်များမှ ပင်ထောင်စာရင်းနှင့် ထုထည်စာရင်းများ ဖွံ့ဖြိုးတိုးတက်ရန်၊

(၂) နှစ်စဉ်တောထွက်ကို တွက်ချက်ရန်၊

(၃) မြေအသုံးချမှုနှင့် သစ်တောအခြေအနေ ပြောင်းလဲမှုအခြေအနေများ သိရှိရန်။

နမူနာကွက်များသည် လေးထောင့်ပုံစံ ဖြစ်သော်လည်း timeframe အရ အရွယ်အစား (၄၀၀ မီတာ x ၄၀၀ မီတာ မှ ၁၀၀ မီတာ x ၁၀၀ မီတာ) များကို ပြောင်းလဲနိုင်သည်။ ဂြိုလ်တုစနစ်သုံး အဝေးမှစူးစမ်းလေ့လာမှုရလဒ်များအပေါ်အခြေခံ၍ နမူနာကွက်များကို ချမှတ်နိုင်ပါသည်။ နမူနာကွက်များကို တောပိတ်တွင် ရွက်အုပ်ပမာဏ ၄၉ ရာခိုင်းနှုန်း အထက်နှင့် တောပွင့်တွင် ရွက်အုပ်ပမာဏ ၁၀ - ၄၀ ရာခိုင်းနှုန်းအတွင်း စနစ်တကျဖြင့် ဒီဇိုင်းချမှတ်ပါသည်။ ခရိုင် အဆင့် သယံဇာတစာရင်းကောက်ယူရာတွင် နမူနာကွက်များကို ၂၀၀၀ မီတာအကွာတွင် ချမှတ်ဆောင်ရွက်သည်။ နမူနာကွက် အလယ်ဗဟိုကို GPS ဖြင့် မှတ်သားထားရပါသည်။ ကွင်းဆင်းသယံဇာတစာရင်းကောက်ယူခြင်းသည် ဓမ္မတာ မျိုးစပ်မှုနှင့် ဝါးပင်တို့၏ အခြေအနေကို သိရှိရန် ရင်စို့လုံးပတ် ၂၀ စင်တီမီတာနှင့်အထက် ကောက်ယူရသည်။ သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ သယံဇာတစာရင်း ကောက်ဌာနစိတ်မှ ကွင်းဆင်း သယံဇာတစာရင်းကောက်ယူခြင်းကို ဆောင်ရွက်သည်။ သို့သော် ရံပုံငွေကန့်သတ်ချက်အရ ကွင်းဆင်းလုပ်ငန်းများကို ပြည့်စုံစွာကောက်ယူနိုင်ခြင်း မရှိပေ။

ကွင်းဆင်းသယံဇာတစာရင်းကောက်ခြင်း မဆောင်ရွက်မီ ဒေသခံ သစ်တောအရာရှိများကို GPS အသုံးပြု၍ သစ်တောတိုင်းတာခြင်း သင်တန်းများပေးရလိမ့်မည်ဖြစ်သည်။ ကွင်းဆင်း ဆောင်ရွက်ခြင်းမှရရှိသည့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန်၊ ပင်ထောင်စာရင်း၊ ထုထည်စာရင်းနှင့် ဝါးစာရင်းဇယားများ ခွဲခြမ်းစိတ်ဖြာရန်နှင့် နှစ်စဉ်တောထွက်တွက်ချက်ရန် စီမံကိန်းနှင့် စာရင်းအင်းဌာန၊ ကွန်ပြူတာဌာနသို့ ပေးပို့ရသည်။ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းကို ရံပုံငွေနှင့် လူအင်အားကန့်သတ်ချက်အရ နှစ်စဉ် ခရိုင် (၁) ခုမှ (၂) ခုအထိသာ ဆောင်ရွက်နိုင်သည်။

### ၆.၃.၂.၃ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များ

မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုကို အကဲဖြတ်ရန် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူမှု လုပ်ငန်းများမှ သစ်တောကာဗွန်ပမာဏ တိုင်းတာရန်အတွက် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု နည်းလမ်းများကို ပြန်လည်ဒီဇိုင်းရေးဆွဲရန် လိုအပ်လိမ့်မည်ဖြစ်သည်။ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှုသည် IPCC ၏ သစ်တောကာဗွန်သိုလှောင်ကန် (၅) ခုအတွက် စာရင်းကောက်ယူရန်နှင့် သစ်တောနှင့် အခြား မြေအသုံးချမှုကဏ္ဍများ စီမံအုပ်ချုပ်ရန်အတွက် အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်သည်။ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု လုပ်ဆောင်ခြင်းမှ သစ်ပမာဏ၊ ဇီဝမျိုးစုံမျိုးကွဲနှင့်လူများ၏ သစ်တောသုံးစွဲမှုဆိုင်ရာ အချက်အလက်များကို စုဆောင်းရရှိနိုင်ခြင်းအားဖြင့် နိုင်ငံအဆင့် မြေအသုံးချမှု စီမံကိန်းဖော်ဆောင်ရန် အဓိကအစိတ်အပိုင်းဖြစ်လာလိမ့်မည်ဖြစ်သည်။ နိုင်ငံအဆင့်နှင့်ဒေသအဆင့်များတွင် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု၏ များပြားသော ရည်ရွယ်ချက်များအတွက် ကန့်သတ်ချက်

မှုဘောင်များ (parameter) ရွေးချယ်နိုင်ရန်အတွက် အမျိုးမျိုးသော ဆက်စပ်ပတ်သက်သူများမှ ပါဝင်လာရန် ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ရမည်ဖြစ်သည်။

နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု နမူနာချမှတ်ခြင်း နည်းဗျူဟာများ၊ အချက်အလက်စုဆောင်းမှုနည်းလမ်းများ၊ မတိကျမှုများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ အချက်အလက်များ စီမံအုပ်ချုပ်ခြင်းနှင့် သိမ်းဆည်းထားခြင်း၊ အရည်အသွေးအာမခံမှုနှင့် ထိန်းသိမ်းနိုင်မှုတို့အတွက် အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့အစည်း (IPCC) ၏ လမ်းညွှန်ချက်များ အပေါ်အခြေခံပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်သည်။ ကောင်းမွန်သည့် လုပ်ငန်းများမှ သင်ခန်းစာများ သင်ယူခြင်းအားဖြင့် နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာမှ အထောက်အပံ့များရရှိရန် ရှာဖွေရလိမ့်မည်ဖြစ်သည်။

သစ်တောဦးစီးဌာနသည် ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် လက်ရှိ အမျိုးသားအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူမှု နည်းစနစ်များကို ပြည်လည်ပြင်ဆင်ရန် ကြိုးပမ်းအားထုတ်ရလိမ့်မည်ဖြစ်သည်။ သစ်တောဦးစီးဌာနသည် သင့်တော်သည့် သတင်းအချက်အလက် စီမံအုပ်ချုပ်မှု၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် မှတ်တမ်းတင်မှုစနစ် တစ်ခုကို ဒီဇိုင်းချမှတ်ရလိမ့်မည်ဖြစ်သည်။ အဆိုပါ နည်းစနစ်အသစ်ဖြင့် သစ်တောဦးစီးဌာနသည် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို လုပ်ဆောင်ရလိမ့်မည်ဖြစ်သည်။

### ၆.၃.၃ မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍဆိုင်ရာ နိုင်ငံအဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်း

UNFCCC အဖွဲ့ဝင်နိုင်ငံများအားလုံးသည် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုနှင့် ဖယ်ရှားမှုများကို ခန့်မှန်းတွက်ချက်ပြီး အစီရင်ခံရမည်ဖြစ်သည်။ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းဆိုင်ရာ သတင်းအချက်အလက်များသည် ကွန်ဗင်းရှင်း၏ ဂတိကဝတ်များနှင့်ရည်ရွယ်ချက်များကို ပြည့်စုံစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများသည် လိုက်နာရမည်ဖြစ်သည်။

ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူမှုအရည်အသွေးသည် တိုင်းတာမှုများနှင့် ခန့်မှန်းတွက်ချက်မှုများပြုလုပ်ခြင်းမှ ရရှိသည့် ရလဒ်များ ကောင်းမွန်ခြင်းသာမက လုပ်ပုံလုပ်နည်းနှင့် နည်းစနစ်များအပေါ်လည်း မူတည်ပါသည်။ သတင်းအချက်အလက်များကို UNFCCC ၏ အစီရင်ခံခြင်းဆိုင်ရာ လမ်းညွှန်ချက်များအရ ပြုစုထားရမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုနှင့် ဖယ်ရှားမှုများ၊ သစ်တောကာဗွန်ပမာဏနှင့် သစ်တာဧရိယာပြောင်းလဲမှုများအပေါ်အခြေခံ၍ ပွင့်လင်းမြင်သာရှိမှု၊ ဆက်စပ်မှု၊ နှိုင်းယှဉ်နိုင်မှု၊ ပြည့်စုံမှု၊ မှန်ကန်တိကျမှုစသည့် ဖန်လုံအိမ် ဓါတ်ငွေ့ စာရင်းကောက်ယူမှုအစီရင်ခံခြင်းဆိုင်ရာ သဘောတရားများနှင့်အညီ IPCC မှ ချမှတ်ထားသည့် လမ်းညွှန်ချက်များကို လိုက်နာရလိမ့်မည်ဖြစ်သည်။

### ၆.၃.၃.၁ နိုင်ငံအဆင့် ဆက်သွယ်မှုများ (National Community)

အဖွဲ့ဝင်ပါတီများ၏ ခလေ့ထုံးစံအရ ညီလာခံ၏ အကောင်အထည်ဖော်မှုရလဒ်အပေါ် မူတည်ပြီး မိမိတို့၏ လုပ်ငန်းတိုးတက်မှုများကို UNFCCC သို့ နိုင်ငံအဆင့် အစီရင်ခံစာ တင်ရမည်။ နိုင်ငံအဆင့် ဆက်သွယ်မှု (National Community) ၏ အဓိက လိုအပ်ချက် များမှာ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်ခြင်းနှင့်ဖယ်ရှားခြင်းဆိုင်ရာ သတင်းအချက်အလက် များနှင့် အဖွဲ့ဝင်ပါတီများ၏ လုပ်ငန်းစဉ်များ အသေးစိတ်အပေါ်အခြေခံ၍ ညီလာခံကျင်း ပနိုင်ရန်ဖြစ်သည်။ အမျိုးသားအဆင့်ဆက်သွယ်မှုများတွင် အများအားဖြင့် နိုင်ငံအခြေအနေ များ၊ အားနည်းချက်များကို အကဲဖြတ်ခြင်း၊ ဘဏ္ဍာရေးအခြေအနေ၊ နည်းပညာဖလှယ်ခြင်း၊ ပညာရေး၊ သင်တန်းပေးခြင်းနှင့် ပြည်သူများ အသိပညာတိုးပွားစေခြင်းများပါဝင်ပါသည်။

### ၆.၃.၃.၂။ နိုင်ငံအဆင့် ဗဟို ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ခြင်းဆိုင်ရာ သမိုင်းမှတ်တမ်း တင်စနစ် (Archiving system)

ဖန်လုံအိမ်ဓါတ်ငွေ့ ခန့်မှန်းချက်များကို လွယ်ကူစွာထုတ်ပေးနိုင်ခြင်း၊ သတင်းအချက် အလက်များ ဆုံးရှုံးမှုကို လုံခြုံစေခြင်း၊ ယုံကြည်စိတ်ချရသည့် ခန့်မှန်းမှုများဖြစ်စေသည့် နိုင်ငံအဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်စနစ် ရေရှည်တည်တံ့စေရန်အတွက် အဓိက မှတ်တမ်းတင်စနစ် ဖြစ်သည်။

### ၆.၃.၃.၃ လက်ရှိအခြေအနေ

မြန်မာနိုင်ငံအစိုးရသည် မကြာမီက UNFCCC သို့ ပြည့်စုံစွာတင်ပြခဲ့သည့် Initial National Communication (INC) သည် ၂၀၀၈ ခုနှစ်တွင် UNEP မှ ရန်ပုံငွေ အထောက်အပံ့ဖြင့်အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်း၏ ရလဒ်များဖြစ်သည်။ ၂၀၀၀ ခုနှစ်သည် Initial National Communication (INC) အတွက် အခြေခံနှစ်(base year) ဖြစ်သည်။ IPCC ၏ global Emissions Factor Database (EFDB) မှရရှိသည့် ရလဒ်များကို သစ်တောကဏ္ဍဆိုင်ရာ စာရင်းကောက်ယူမှုအချက်အလက်များ ပြုစုရေးသား ရန်အတွက် အသုံးပြုခဲ့သည်။ ၂၀၀၆ ခုနှစ် IPCC ၏ နိုင်ငံအဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်း ကောက်ယူခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို စာရင်းကောက်ယူမှု အစီရင်ခံစာပြုစုခြင်း အတွက် လိုက်နာကျင့်သုံးခဲ့သည်။ ဒုတိယ နိုင်ငံအဆင့် ဆက်သွယ်ခြင်း(Second National Communication) ပြုစုရေးသားရန် စီမံကိန်း အဆိုပြုလွှာကို ပြင်ဆင်ရမည်ဖြစ်သည်။ IPCC ၏ လမ်းညွှန်ချက်များအရ MOECAF နှင့် MOAI ဌာနများမှ နည်းပညာဆိုင်ရာ အရာရှိများအနေဖြင့် US Environmental Protection Agency's (EPA) နှင့် Land Use (ALU) ဆော့ဝဲလ်များကို အသုံးပြု၍ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူမှု စာတမ်းပြုစုရန်၊ database ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီမံအုပ်ချုပ်ရန်အတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများကို ထောက်ပံ့ပေး ရမည်ဖြစ်သည်။

### ၆.၃.၄။ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်နှင့် ဆက်နွယ်သည့် သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ် ခြင်း

#### *၆.၃.၄.၁။ လက်ရှိအခြေအနေ*

မြန်မာနိုင်ငံ၏ သစ်တောသုတေသနဌာနသည် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအောက်တွင်ရှိပြီး သစ်တောဖွံ့ဖြိုးရေးနှင့် သစ်သုံးချရေးလုပ်ငန်းများတွင် အမျိုးသားအဆင့် သုတေသနပြုလုပ်ရန်ဖြစ်သည်။ သစ်တောသုတေသနဌာနတွင် မြေဆီလွှာ စမ်းသပ်သည့် ဓါတ်ခွဲခန်းတစ်ခုနှင့် အပင်ဇီဝထုထည်လေ့လာမှုများကိုလည်း သုတေသနပြု ဆောင်ရွက်လျှက်ရှိသည်။ သို့သော်လည်း REDD+ အကောင်အထည်ဖေါ်ရန်အတွက် သစ်တောကဏ္ဍဆိုင်ရာ တိုင်းတာခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများအတွက် ပြည့်စုံသည့် သတင်းအချက်အလက်များ မထောက်ပံ့ပေးနိုင်သော်လည်း စွမ်းဆောင်ရည် တိုးတက်မြင့်မားစေသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် REDD+ အကောင်အထည်ဖော်ရန်အတွက် နိုင်ငံအဆင့် သတင်းအချက်အလက်များ၏ အရေးကြီးသည့် အခန်းကဏ္ဍများအပေါ် အသိပညာမြင့်မားစေရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများ လိုအပ်ပါသည်။

#### *၆.၃.၄.၂။ အလားအလာကောင်းသောသုတေသနနယ်မြေများ*

အလားအလာကောင်းသော သုတေသနနယ်မြေများတွင် မြန်မာနိုင်ငံ၏ REDD+ အကောင်အထည်ဖော်ဆောင်ခြင်းကို အထောက်အပံ့ပေးနိုင်ရန် သစ်တောဦးစီးဌာနနှင့် သစ်တောသုတေသနဌာနတို့မှ ဦးဆောင်၍ ကနဦးအသိအမြင် နိုးကြားစေခြင်းနှင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရလိမ့်မည်ဖြစ်သည်။

### ၆.၄။ လုပ်ငန်းစဉ်များ ဖေါ်ပြခြင်း

***အကျိုးရလဒ်(၁) စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်းနှင့် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် လုပ်ငန်းစီမံချက် ဖွံ့ဖြိုးတိုးတက်စေခြင်း***

မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် စောင့်ကြည့်လေ့လာခြင်းစနစ် အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း ပထမအဆင့်တွင် စနစ်၏ အစိတ်အပိုင်းများဆိုင်ရာ အသိအမြင် နိုးကြားစေခြင်းများ ပါဝင်လိမ့်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံအဆင့်နှင့် ဒေသအဆင့်တွင် အစိတ်အပိုင်းတစ်ခုခြင်းစီ၏ အသေးစိတ်အချက်အလက်ဆိုင်ရာ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် ပါဝင်ရလိမ့်မည်ဖြစ်သည်။ အခန်း (၆) နှင့် အခန်း (၅) အောက်ရှိ လုပ်ငန်းများအားလုံးကို အတူတကွ ညှိနှိုင်းလုပ်ဆောင်ရန်အတွက် နိုင်ငံအဆင့် အရာရှိတစ်ဦး၊ အတွင်းရေးမှူးတစ်ဦးနှင့် နိုင်ငံတကာ နည်းပညာ အကြံပေးပုဂ္ဂိုလ် တစ်ဦးတို့ ငှားရမ်းခြင်းများလည်း ပါဝင်ရလိမ့်မည်ဖြစ်သည်။

***လုပ်လုပ်စဉ် ၁.၁။ NFMS လုပ်ငန်းကြိုတင်ပြင်ဆင်မှုများနှင့် ပုံမှန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ***

(၁) သစ်တောကာဗွန်တိုင်းတာခြင်း (MRV) နှင့် သစ်တောစောင့်ကြည့်လေ့လာရေးတွင် ဝန်ထမ်းများနှင့် အဖွဲ့အစည်းများအားလုံးပူးပေါင်းပါဝင်၍ လုပ်ဆောင်ခြင်း

(၂) လမ်းပြမြေပုံ အကောင်အထည်ဖေါ်ဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးမှတ်တမ်းထားရှိခြင်း

(၃) လုပ်ငန်းအဖွဲ့အတွက် TOR တစ်ခု ပူးပေါင်းဖန်တီးခြင်း

(၄) အစည်းအဝေးတိုင်းတွင် ပါဝင်ဆွေးနွေးသူများသည် တိကျသည့် အကြောင်းအရာများကို ဆွေးနွေးရန်

(၅) အစည်းအဝေးတိုင်း၏ မှတ်တမ်းများကို ကြိုတင်ပြင်ဆင်ထားရန်

(၆) အစည်းအဝေးကာလတွင် ထွက်ပေါ်လာသော မူကြမ်းနှင့် စာချုပ်အားလုံးကို မှတ်တမ်းတင်ထားရန်

(၇) ဆက်စပ်ပက်သက်သူများပါဝင်သော ပူးပေါင်းဆောင်ရွက်မှုတွင် ဖန်လုံအိမ်ဓါတ်ငွေ့စာရင်းကောက်ခြင်းနှင့် ဂြိုလ်ထုဓါတ်ပုံအသုံးပြု စောင့်ကြည့်လေ့လာခြင်းစနစ်၊ နိုင်ငံအဆင့်သစ်တောကဏ္ဍနှင့် NFMS-AP နှင့်စပ်လျဉ်း၍ နိုင်ငံအဆင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်

***မျှော်မှန်းရလဒ်များ***

- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်နှင့် ဆက်စပ်ပက်သက်သူများစာရင်း
- လမ်းပြမြေပုံ အကောင်အထည်ဖေါ်ဆောင်ရွက်ရန်အတွက် လုပ်ငန်းတာဝန်များ (TOR)၊ လုပ်ဆောင်မည့်လုပ်ငန်းများနှင့် အကောင်အထည်ဖော်မှု ကာလ
- အစည်းအဝေး မှတ်တမ်းများ
- စာချုပ်မှတ်တမ်းများ
- နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှု အစီရင်ခံစာများ။

***လုပ်ငန်းစဉ် ၁.၂ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် စီမံအုပ်ချုပ်မှု နှင့် အကောင်အထည်ဖေါ်ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ***

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းခွဲများကိုလည်း အကောင်အထည်ဖော်ရလိမ့်မည်ဖြစ် သည်။

(၁) ထိရောက်ပြီးပွင့်လင်းမြင်သာမှုရှိသည့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များကို အဆိုပြုခြင်း

(၂) LULUCF အခန်းကဏ္ဍမှ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုနှင့် ဖယ်ရှားမှု ခန့်မှန်းတွက်ချက်ခြင်းဆိုင်ရာ အချက်အလက်များထောက်ပံ့ပေးခြင်းအတွက် အခန်းကဏ္ဍများ၊ လုပ်ငန်းစဉ်များနှင့် သတင်းအချက်အလက်များ သတ်မှတ်ခြင်း၊

(၃) စာရင်းကောက်ယူမှု စီမံအုပ်ချုပ်ခြင်း အသင်းဝင်များသတ်မှတ်ခြင်း၊ သတင်းအချက်အလက်များ ဆက်သွယ်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ၏ အခြေအနေများ

(၄) အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် လိုအပ်သော မူဝါဒများ သတ်မှတ်ခြင်းနှင့် အစိုးရ၏အတည်ပြုချက်ရယူခြင်း

(၅) နိုင်ငံအဆင့် စာရင်းကောက်ပုံစံ စီမံအုပ်ချုပ်မှုတွင် တိုးတက်ကောင်းမွန်စေရန်အတွက် အကြံပြုချက်များနှင့် အားကောင်းစေခြင်း

**မျှော်မှန်းရလဒ်များ**

- အရေးကြီးသော အချက်အလက်များကို စာရင်းပြုစုထားရန်
- ရလဒ်များ၏ခြားနားချက်ကို နှိုင်းယှဉ်၍ စံမီအောင်ပြုလုပ်ရန်
- အခန်းကဏ္ဍ ( လုပ်ငန်း ) များနှင့် တာဝန်များကို နားလည်အောင်ရှင်းပြရန်
- အနာဂတ်တွင်တိုးတက်ရန်အတွက်ရည်ရွယ်ချက်နှင့် စွမ်းဆောင်ရည်စနစ်၏ အဓိက အချက်များကို ဖော်ထုတ်ရန်
- မြန်မာနိုင်ငံတွင် NFMS-AP လုပ်ဆောင်မည့် အဖွဲ့အစည်းများကို ကမ်းလှမ်းသည့် အစီအစဉ်

### *လုပ်ငန်းစဉ် ၁.၃ မြန်မာနိုင်ငံ၏ NFMS-AP လုပ်ငန်းစီမံချက် ဖွံ့ဖြိုးတက်မှု*

NFMS-AP သည် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်းများ၏အကြံပြုမှု ၊ လမ်းညွှန်မှုအစီအစဉ်တွေနှင့် စတင်လာပါလိမ့်မည်။ အသေးစိတ် စွမ်းဆောင်ရည်ရည်နှင့် အကဲဖြတ်မှုအပြင် NFMS သည် လုပ်ဆောင်ချက်နှင့် လုပ်ငန်းအစီအစဉ်တွေကိုလည်း စတင်အကောင်အထည်ဖော်ပါလိမ့်မည်။ NFMS တွင် ထောက်ပံ့မှု၊ ကြိုးပမ်းမှု၊ တပ်ဆင်မှုနှင့် software လိုအပ်ချက်စသည့် အသေးစိတ် အချက်အလက်များ ပါဝင်ပါလိမ့်မည်။

NFMS သည် ဆက်စပ်ပက်သက်သူများ၏ သက်ဆိုင်မှုအပေါ်တွင် စဉ်းစားရလိမ့်မည်ဖြစ်သည်။ လိုအပ်လျှင် မူကြမ်းပြန်လည်ရေးဆွဲရလိမ့်မည်ဖြစ်သည်။ လုပ်ငန်းအစီအစဉ်

နှင့် အဖွဲ့အစည်းများ၏ အစီအစဉ်များကို တရားဝင်ဖြစ်စေသည့်အပြင် အစိုးရ၏ ထောက်ခံချက်ရယူရန်အတွက် အကြံပြုပေးရလိမ့်မည်ဖြစ်သည်။ ထို့အပြင် အမျိုးသားအဆင့် လုပ်ဆောင်မှုများကိုလည်း လမ်းညွှန်ပေးရလိမ့်မည်။ လမ်းပြမြေပုံတလျှောက် NFMS ၏ အစိတ်အပိုင်းအတွက် ထောက်ပံ့ငွေ မရှိခဲ့လျှင် နောက်ထပ်ထောက်ပံ့ငွေရရှိရန်အတွက် ထို document ကို အသုံးပြုရလိမ့်မည်။

(က) မာတိကာတွင်ပါဝင်သည့် အချက်များ ဖွံ့ဖြိုးတိုးတက်မှု

(ခ) ဆက်စပ်ပက်သက်သူများပါဝင်သော လူမှုရေးအဖွဲ့အစည်း၊ NGO ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ အစည်းအဝေးများနှင့် ညှိနှိုင်းဆွေးနွေးပွဲများတွင် အဖွဲ့လိုက် လိုအပ်သည့် အချက်များ ထည့်သွင်း (ဖြည့်သွင်း) ဆွေးနွေးရန်၊

(ဂ) အလုပ်ရုံဆွေးနွေးပွဲတလျှောက် စာချုပ်၏ ပထမမူကြမ်းကို ဆက်စပ်ပက်သက်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရန်၊

(ဃ) document ကို မူကြမ်းပြန်လည်ရေးဆွဲခြင်းနှင့် အချက်အလက်များ ထပ်ထည့်ခြင်း၊

(င) နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန်နှင့် နောက်ဆုံးအဆင့်ပြုလုပ် ရန်။

**မျှော်မှန်းရလဒ်များ**

- မြန်မာနိုင်ငံ၏ NFMS လုပ်ငန်းစီမံချက်မှတ်တမ်း (စာချုပ်)
- နိုင်ငံအဆင့် ညှိနှိုင်းဆွေးနွေးမှု အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ proceeding များ တင်ပြခြင်း၊
- အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ proceeding များတင်ပြခြင်း၊

**အကျိုးရလဒ် (၂) ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း**

SLMS သည် နိုင်ငံအဆင့် အချက်အလက်များ စစ်ဆေးရန်နှင့် REDD+ လုပ်ငန်းများစစ်ဆေးရန်အတွက် ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖေါ်ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးပွဲများတွင် နိုင်ငံအခြေ၏အနေနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အတွေ့အကြုံများမှတဆင့် open-source software များ အသုံးပြုနိုင်ရန်နှင့် စွမ်းဆောင်ရည်နှင့်ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းများကို ဆုံးဖြတ်နိုင်ရန် သဘောတူရပါလိမ့်မည်။ သင်တန်းများသည် နည်းပညာဆိုင်ရာ အရာရှိများဖြစ်အောင် သင်ကြားပေးရလိမ့်မည်ဖြစ်သည်။ ထိုအရာရှိများသည် နောက်ဆုံးနှင့် အမျိုးသားအဆင့် အချက်အလက်များကို စနစ်ကျအောင် လုပ်ဆောင်ပေးရလိမ့်မည်ဖြစ်သည်။ ထို့အပြင် စနစ်တကျ သတင်းအချက်

အလက် မှတ်တမ်းတင်ခြင်းသည် နိုင်ငံအဆင့် အဝေးမှစူးစမ်းလေ့လာခြင်း၊ အချက်အလက် လုံခြုံစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် တည်ဆောက်ရလိမ့်မည်ဖြစ်သည်။

***လုပ်ငန်းစဉ် ၂.၁ geospatial data processing and database စီမံအုပ်ချုပ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်စေခြင်း***

database စီမံအုပ်ချုပ်သည့် ဆက်စပ်ပက်သက်သူများသည် geospatial data စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာ (စိစစ်ခြင်း) နှင့် ပတ်သက်သည့် သင်တန်းများကို လက်ခံရလိမ့်မည်ဖြစ်သည်။ သင်တန်း၏ အစိတ်အပိုင်းတွင် သုတေသနပြုလုပ်ရန်အတွက် ဘရာဇီးဌာနနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရလိမ့်မည်။ ပူးပေါင်းဆောင်ရွက်သူများသည် FAO, UNREDD နှင့်အတူ မိတ်ဖက်နိုင်ငံများမှ သင်တန်းပို့ချရလိမ့်မည်ဖြစ်သည်။ ထိုလုပ်ဆောင်မှုများသည် ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ် လုပ်ငန်းစဉ်များဆောင်ရွက်ရန်၊ ဒီဇိုင်းရေးဆွဲရန်နှင့် စီမံအုပ်ချုပ်ရန်အတွက် အကြံပေးရန် အဖွဲ့တစ်ဖွဲ့ကို ငှားရမ်းရလိမ့်မည် ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းခွဲများကိုလည်း အကောင်အထည်ဖော်ရလိမ့်မည် ဖြစ် သည်။

(၁) RS/GIS နှင့် database စီမံအုပ်ချုပ်ရန်အတွက် သင်တန်းများပေးခြင်း

(၂) ဂြိုလ်တုအချက်အလက်များ geo-rectification၊ အဓိပ္ပါယ်ဖော်ခြင်း၊ ခွဲခြားခြင်း၊ ကွင်းဆင်းအချက်အလက်များ စုဆောင်းခြင်း၊ တိကျစွာ အကဲဖြတ်ခြင်း

(၃) ဘရာဇီးနိုင်ငံ INEP တွင် အမျိုးသားအဆင့် ဝန်ထမ်းများ သွားရောက်သင်တန်းတက်ခြင်း

(၄) RS/GIS database ဖွဲ့စည်းပုံနှင့် အချက်အလက်စုဆောင်းမှု အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ခြင်း

(၅) RS/GIS အချက်အလက်များသိမ်းဆည်းသိုလှောင်ခြင်းနှင့် database စီမံအုပ်ချုပ်မှုဆိုင်ရာ သင်တန်းပေးခြင်းနှင့် လမ်းညွှန်ချက်များ ထောက်ပံ့ပေးခြင်း

***အကျိုးရလဒ်ညွှန်ပြချက်များ***

- RS/GIS အချက်အလက် ကိုင်တွယ်ခြင်းနှင့် database စီမံအုပ်ချုပ်ခြင်း စွမ်းရည်တိုးတက်စေရန်
- GIS နှင့် အဝေးမှစူးစမ်းလေ့လာခြင်း လမ်းညွှန်ချက်များနှင့် သင်တန်းများပေးရန်
- RS/GIS အချက်အလက်များသိမ်းဆည်းသိုလှောင်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းအတွက် လမ်းညွှန်ချက်များနှင့် သင်တန်းများပေးရန်

***လုပ်ငန်းစဉ် ၂.၂ မြေကိုယ်စားပြုခြင်းအတွက် အမျိုးအစားခွဲခြားခြင်းပုံစံ တည်ဆောက်ခြင်း***

အဆိုပါ လုပ်ငန်းစဉ်တွင် မြေကိုယ်စားပြုခြင်းဆိုင်ရာ နိုင်ငံအဆင့် သစ်တော အဓိပ္ပါယ်သတ်မှတ်ခြင်းနှင့် အမျိုးအစားခွဲခြားခြင်းများပါဝင်ပါသည်။ သစ်တောသယံဇာတများ ကောင်းမွန်စွာ စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်းအတွက် သင့်တော်သည့် နိုင်ငံအဆင့် သစ်တောနှင့်မြေကိုယ်စားပြုစနစ် အဓိပ္ပါယ်သတ်မှတ်ခြင်းသည် အရေးကြီးပါသည်။ UNFCCC သည် ဇီဝသဘောတရားများကို အခြေခံပြီး သစ်တောအဓိပ္ပါယ်များကို သတ်မှတ်ပါသည်။ သစ်တော သတ်မှတ်ချက်များသည် UNFCCC မှသတ်မှတ်ထားသည့် သတ်မှတ်ချက်များအတွင်းပါဝင်ရလိမ့်မည်ဖြစ်သည်။

သစ်တောအမျိုးအစားခွဲခြားခြင်းပုံစံများသည် REDD+ လုပ်ငန်းစဉ်များစောင့်ကြည့်စစ်ဆေးခြင်းအတွက် လိုအပ်လိမ့်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းခွဲများကိုလည်း အကောင်အထည်ဖော်ရလိမ့်မည် ဖြစ် သည်။

(၁) မြန်မာနိုင်ငံ၏ လက်ရှိမြေဖုံးအုပ်မှုနှင့် မြေအသုံးချမှု မြေပုံများ စုဆောင်းခြင်းနှင့် သစ်တောနှင့်အခြားမြေအသုံးချမှု အဓိပ္ပါယ်များ၏ ကွဲပြားခြင်း၊ မြေပုံများ ဖွံ့ဖြိုးတိုးတက်စေရန် စံချိန်စံညွှန်းများအသုံးပြုခြင်း

(၂) သစ်တောအမျိုးအစားခွဲခြားခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခြင်း

(၃) သစ်တောစောင့်ကြည့်လေ့လာခြင်းဆိုင်ရာ နည်းလမ်းများ စဉ်ဆက်မပြတ် ကောင်းမွန်စေရန်အတွက် သစ်တောအဓိပ္ပါယ်များအပေါ်သက်ရောက်မှုများကို အကဲဖြတ်ခြင်း

(၄) သစ်တောအမျိုးအစားခွဲခြားခြင်းနှင့် သစ်တောအလွှာခွဲခြားခြင်းဆိုင်ရာ အကြံပြုချက်များ ထောက်ပံ့ပေးခြင်း

(၅) မြေအသုံးချမှု အမျိုးအစားခွဲခြားမှုပုံစံများ ဖွံ့ဖြိုးတိုးတက်ခြင်း

***အကျိုးရလဒ်ညွှန်ပြချက်များ***

- မြေအသုံးချမှုအမျိုးအစားခွဲခြားခြင်းဆိုင်ရာ မြေပုံများသတ်မှတ်ရန်
- မြေအမျိုးအစားခွဲခြားမှုပုံစံဆိုင်ရာ လက်စွဲများ
- နိုင်ငံအဆင့် ညှိနှိုင်းဆွေးနွေးမှု ကြာမြင့်ချိန်များ

***လုပ်ငန်းစဉ် ၂.၃ သစ်တောစောင့်ကြည့်လေ့လာခြင်းအတွက် ဂြိုလ်တုဓါတ်ပုံ သွင်ပြင်လက္ခဏာများ***

ဂြိုလ်တုဓါတ်ပုံအမျိုးအစားများရွေးချယ်ခြင်းသည် အရည်အသွေး၊ တိမ်ဖုံးအုပ်မှု၊ တည်နေရာ၊ အချိန်နှင့် ရောင်စဉ်ကြည်လင်ပြတ်သားမှုတို့အပေါ် မူတည်လိမ့်မည်ဖြစ်သည်။

ထို့ကြောင့် အဝေးမှစူးစမ်း လေ့လာခြင်းဖြင့် REDD+ ဆိုင်ရာ လုံခြုံမှုများအပေါ် သတင်းအချက်အလက်ထောက်ပံ့ရန်နှင့် သစ်တောဖုံးအုပ်မှုပြောင်းလဲခြင်းကို တိကျစွာ စောင့်ကြည့်လေ့လာရန်နှင့် အချက်အလက်များ စုဆောင်းရန်အတွက် ကန့်သတ်ချက် မူဘောင်များ (parameter) လိုအပ်သည်။ သစ်တောမြေမျက်နှာသွင်ပြင်ပြောင်းလဲမှုများ သို့မဟုတ် သစ်တော ဇရိယာပြောင်းလဲမှုကို ခွဲခြားခြင်းအားဖြင့် သစ်တောအတန်းအစားကျဆင်းမှုကို စောင့်ကြည့်စစ်ဆေးရန် သို့မဟုတ် သစ်တော ကာဗွန်ပမာဏတိုးပွားစေရန် ကြည်လင်ပြတ်သားသည့် ဂြိုလ်တုဓါတ်ပုံများ အသုံးပြုနိုင်ရန် အရေးကြီးသည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းခွဲများကိုလည်း အကောင်အထည်ဖော်ရလိမ့်မည်ဖြစ် သည်။

(၁) ကြည်လင်ပြတ်သားမှု၊ နေ့ရက်၊ မြေမျက်နှာပြင် ဖုံးလွှမ်းမှုစသည့် ဂြိုလ်တုနှင့် ကောင်းကင်ဓါတ်ပုံများအားလုံးကို စုစည်းဖော်ထုတ်ရန်၊

(၂) တည်နေရာ၊ အချိန်၊ တမ်ဖုံးအုပ်မှု၊ တည်နေရာ၏ ပုံရိပ် ကြည်လင်ပြတ်သားမှု၊ ရောင်စဉ်ကြည်လင်ပြတ်သားမှုနှင့် ဓါတ်ပုံမှတ်တမ်းတင်ခြင်းကဲ့သို့သော အချက်အလက်များ၏ အရည်အသွေးကို အကဲဖြတ်ရန်၊

(၃) သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားကျဆင်းခြင်းကို ခွဲခြားဖော်ပြရန်အတွက် မတူညီသည့် တည်နေရာ၏ ပုံရိပ် ကြည်လင်ပြတ်သားမှုများ၏ သက်ရောက်မှုကို ခွဲခြမ်းစိတ်ဖြာရန်၊

(၄) အတိတ်နှင့်အနာဂတ် သစ်တောဖုံးအုပ်မှုအခြေအနေကို အကဲဖြတ်ခြင်း၊ သစ်တော အလွှာခွဲခြင်းနှင့် REDD+ လုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာရန် ပုံရိပ်နည်းပညာ (imagery) အသုံးပြုနိုင်ရန်အတွက် ထောက်ခံချက်များပေးရန်၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- မြန်မာနိုင်ငံအတွက် လက်ရှိ ဂြိုလ်တုဓါတ်ပုံများကို ဖော်ပြခြင်း၊
- ကြည်လင်ပြတ်သားမှု အလယ်အလတ်နှင့် ကောင်းမွန်သည့် ဂြိုလ်တုဓါတ်ပုံ အချက်အလက်များ စုစည်းထားခြင်းဆိုင်ရာ စံသတ်မှတ်ရန်၊
- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်တွင် ပါဝင်သည့် နိုင်ငံအဆင့် သတင်းအချက်အလက်များအတွက် ကြည်လင်ပြတ်သားပြီး လွယ်ကူစွာရရှိနိုင်သည့် ဂြိုလ်တုဓါတ်ပုံများ၊
- REDD+ လုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာရန်အတွက် ဂြိုလ်တုဓါတ်ပုံ နည်းပညာဆိုင်ရာ အကြံပြုချက်များ၊

### *လုပ်ငန်းစဉ် ၂.၄ RS/GIS ဆိုင်ရာ သစ်တောသတင်းအချက်အလက်စနစ် (FIS) နှင့် web-GIS platform တည်ထောင်ခြင်း*

သစ်တောကဏ္ဍဆိုင်ရာ သတင်းအချက်အလက်နှင့် စောင့်ကြည့်လေ့လာခြင်း စနစ်များသည် သစ်တောစီမံကိန်းရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းတို့အတွက် အရေးကြီးသည့် အချက်များဖြစ်လာသည်။ RS/GIS ဆိုင်ရာ သစ်တောသတင်းအချက်အလက်စနစ်များသည် REDD+ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ပွင့်လင်းမြင်သာမှုရှိသည့် သစ်တောသတင်းအချက်အလက်များကို ဆုံးဖြတ်ချက်ချမှတ်သူများအား အထောက်အပံ့များပေးနိုင်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည်ဖြစ်သည်။

(၁) လက်ရှိ သစ်တောကဏ္ဍဆိုင်ရာ စာရင်းနှင့် တည်နေရာအလိုက် သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ရန်၊ လိုက်လျောညီထွေစွာ လုပ်ဆောင်ရန်၊ စံနှုန်းသတ်မှတ်ရန်နှင့် သတင်း အချက်အလက်လိုအပ်မှုများကို ဖော်ပြရန်၊

(၂) သစ်တောသတင်းအချက်အလက်စနစ်ဆိုင်ရာ အခြေခံအချက်အလက်ပုံစံများ ဖွံ့ဖြိုး တိုးတက်ရန်၊

(၃) သစ်တောသတင်းအချက်အလက်စနစ်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ရန်၊

(၄) အခြေခံအချက်အလက်များကို စီမံအုပ်ချုပ်ရန်အတွက် web-GIS platform ဒီဇိုင်း ဖွံ့ဖြိုးတိုးတက်ရန်၊

(၅) လက်ရှိ RS/GIS အချက်အလက်များ စံချိန်စံညွှန်းကိုက်ညီစေရန်နှင့် စနစ်တစ်ခုထဲတွင် စုစည်းထားရန်၊

(၆) သစ်တောသတင်းအချက်အလက်စနစ် စီမံအုပ်ချုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် သင်တန်းလက်စွဲများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၇) သစ်တောသတင်းအချက်အလက်စနစ်တွင် နည်းပညာဆိုင်ရာ မှတ်တမ်းထားခြင်းနှင့် သင်တန်းပေးခြင်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- သစ်တောသတင်းအချက်အလက်စနစ်ကို အသုံးပြုခြင်း၊
- သစ်တောသတင်းအချက်အလက်စနစ်ပုံစံ၊ အချက်အလက်ရရှိမှု၊ သိမ်းဆည်းထားရှိမှုနှင့် ပြန်လည်ရရှိသည့် မော်ဒယ်များကို မှတ်တမ်းထားရန်
- web-GIS platform အသုံးပြုရန်

- အသုံးပြုသူလက်စွဲ

***လုပ်ငန်းစဉ် ၂.၅ မြန်မာနိုင်ငံ၏ ဂြိုလ်တုစနစ်သုံး မြေပြင် စောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသုံးပြုရန်***

ဂြိုဟ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ်သည် REDD+ လုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာရန်နှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များရရှိရန်အတွက် မြန်မာ့ သစ်တောစောင့်ကြည့် လေ့လာခြင်းစနစ်၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်လာသည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည်ဖြစ်သည်။

(၁) ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် နိုင်ငံအဆင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် သစ်တောစောင့်ကြည့်စစ်ဆေးခြင်းအတွက် ကန့်သတ်ချက်မူဘောင်များ (parameters) သတ်မှတ်ရန်နှင့် အတည်ပြုရန်၊

(၂) သစ်တော/ REDD+ ဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်းအတွက် မြန်မာနိုင်ငံ၏ သစ်တောအခြေခံ မြေပုံ (forest mask) ဖွံ့ဖြိုးတိုးတက်စေရန်၊

(၃) သစ်တောစောင့်ကြည့်စစ်ဆေးခြင်းအတွက် (ဝန်ထမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အချက်များနှင့် ကုန်ကျစရိတ်များ) အသုံးပြုမှုနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၃) ရှေ့ပြေးသရုပ်ပြ လုပ်ငန်းစဉ်များ ရွေးချယ်ရန်အတွက် စောင့်ကြည့်လေ့လာခြင်းစနစ်ကို လက်တွေ့ စမ်းသပ်မှုများဆောင်ရွက်ရန်၊

(၄) လက်တွေ့ ရှေ့ပြေးသရုပ်ပြ လုပ်ငန်းစဉ်များမှ နိုင်ငံအဆင့် စနစ်အဖြစ်ဆောင်ရွက်ရန်အတွက် အတွေ့အကြုံများကို စုစည်းထားရန်၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- မြန်မာနိုင်ငံ၏ ဂြိုလ်တုဖြင့် မြေပြင်စောင့်ကြည့်စနစ်အတွက် သစ်တောစောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ကန့်သတ်ချက်မူဘောင် (parameter) များနှင့် အကြံပြုချက်များကို ဖော်ပြနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများကို အစီရင်ခံရန်၊
- ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် အသုံးပြုနိုင်ရန်၊

- ရွှေ့ပြောင်းသရုပ်ပြ လုပ်ငန်းစဉ်များမှရရှိလာသည့် ရလဒ်များကို နိုင်ငံအဆင့် ဂြိုလ်တု စနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ်အဖြစ် ပေါင်းစပ်စုစည်းနိုင်ရန်၊

*လုပ်ငန်းစဉ် ၂.၆ အစုအဖွဲ့ပိုင်သစ်တော စောင့်ကြည့်လေ့လာခြင်းစနစ်အတွက် ပြည်သူများ ပူးပေါင်း ပါဝင်ခြင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း*

ဒေသဆိုင်ရာ အချက်အလက်များနှင့် မြေပြင်စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များတွင် အစုအဖွဲ့ပိုင်သစ်တော စောင့်ကြည့်လေ့လာခြင်း၏ အရေးပါမှုကို အစုအဖွဲ့ပိုင် သစ်တောစောင့်ကြည့်လေ့လာခြင်းမှတဆင့် နိုင်ငံအဆင့် သစ်တောစောင့်ကြည့် လေ့လာခြင်း စနစ် အကဲဖြတ်ခြင်းကို အထောက်အပံ့ပေးနိုင်ရန် လုပ်ဆောင်ရလိမ့်မည်ဖြစ် သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည် ဖြစ်သည်။

(၁) မြန်မာနိုင်ငံ၏ လက်ရှိ အစုအဖွဲ့ပိုင်သစ်တော စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို သုတေသနပြုလုပ်ခြင်းနှင့် အရှေ့တောင်အာရှရှိ အခြား နိုင်ငံများရှိ အစုအဖွဲ့ပိုင်သစ်တော စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများနှင့် ပေါင်း စည်းလုပ်ဆောင်ခြင်း

(၂) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်တွင် ပါဝင်လာသည့် သစ်တာကဏ္ဍဆိုင်ရာ အစုအဖွဲ့များ၏ လူမှုစီးပွားရေးကို အကဲဖြတ်ရန်၊

(၃) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်တွင် ပါဝင်လာသည့် သစ်တာကဏ္ဍဆိုင်ရာ အစုအဖွဲ့များအပေါ် အကြံပြုချက်များ ပေးနိုင်ရန်၊

(၄) REDD+ အတွက် အစုအဖွဲ့ပိုင်သစ်တော စောင့်ကြည့်စစ်ဆေးခြင်းကို ချဉ်းကပ် လုပ်ဆောင်နိုင်မည့် နည်းလမ်းရွေးချယ်ရန် ဆက်စပ်ပတ်သက်သူများပါဝင်သည့် ညှိနှိုင်း ဆွေးနွေးမှုနှင့် အတည်ပြုမှု အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန်၊

(၅) ပွင့်လင်းမြင်သာမှုရှိသည့် စံညွှန်းများအပေါ်တွင်အခြေခံပြီး ရွှေ့ပြောင်းသရုပ်ပြ ဆောင်ရွက်မည့် နေရာများ ရွေးချယ်ရန်၊

*အကျိုးရလဒ် ညွှန်ပြချက်များ*

- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်တွင် ပါဝင်လာသည့် သစ်တာ ကဏ္ဍဆိုင်ရာ အစုအဖွဲ့များအတွက် ကုန်ကျစရိတ်များ၊ နည်းလမ်းများနှင့် အခန်း ကဏ္ဍများ၊
- ရွှေ့ပြောင်းသရုပ်ပြ ဆောင်ရွက်မည့် နေရာများစာရင်း၊

***လုပ်ငန်းစဉ် ၂.၇ ရှေ့ပြေးသရုပ်ပြ ဆောင်ရွက်မည့် နေရာတွင် သစ်တောနယ်နမိတ် သတ်မှတ်ခြင်းနှင့် သရုပ်ပြလုပ်ငန်းစဉ်များအတွက် GIS နယ်နမိတ် သတ်မှတ်ခြင်း***

REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများသည် စီမံကိန်းဖော်ဆောင်ခြင်းဖြင့် အမှန်တကယ် အသားတင်ကာဗွန် သိုလှောင်မှုကို များပြားစေသည့် သစ်တောပြုန်းတီးခြင်းနှင့် တောအတန်းအစားကျဆင်းမှု လျှော့ချခြင်းဆိုင်ရာ သရုပ်ပြလုပ်ငန်းများကို အခြားသစ်တောမြေနေရာများတွင် ဆောင်ရွက်ခြင်းဖြစ်သည်။ သရုပ်ပြ ဆောင်ရွက်မည့်နေရာသည် ကောင်းမွန်တိကျသော စီမံအုပ်ချုပ်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုများ ရှိရလိမ့်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည်ဖြစ်သည်။

(၁) သစ်တော နယ်နမိတ်များ၏ မြေပုံများနှင့် cadastral မြေပုံများကို စုဆောင်းခြင်း၊

(၂) မြေပုံများနှင့် GPS များအသုံးပြုပြီး သစ်တောမြေတိုင်းတာခြင်းအတွက် သင်တန်းများ ပေးခြင်း၊

(၃) သစ်တောမြေတိုင်းတာခြင်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် အခြားဝန်ကြီးဌာနများ၊ ဆက်စပ်ပတ်သက်သူများနှင့်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးခြင်း၊

(၄) ဘဏ္ဍာငွေအခြေအနေအရ ပြည်နယ်များတွင် နယ်နမိတ်များ သတ်မှတ်ခြင်း၊

(၅) သစ်တောနယ်နမိတ်ဆိုင်ရာ ကိန်းဂဏန်းဖော်ပြခြင်းနှင့် GIS ဆိုင်ရာ အချက်အလက်များအတွက် GIS database များတည်ဆောက်ရာတွင် ပါဝင်သော အဖွဲ့အစည်းများကို ဖော်ပြရန်၊

(၆) GIS ဆိုင်ရာ နယ်နမိတ်သတ်မှတ်ခြင်းအတွက် လမ်းညွှန်ချက်များ ထောက်ပံ့ပေးခြင်း၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- သစ်တောနယ်နမိတ်သတ်မှတ်ခြင်းနှင့် မြေပုံထုတ်ခြင်း
- သစ်တော နယ်နမိတ်သတ်မှတ်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်း

**အကျိုးရလဒ် (၃) နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းများဆိုင်ရာ ဒီဇိုင်းဆွဲခြင်းနှင့် ရှေ့ပြေးဆောင်ရွက်ခြင်း**

စီမံကိန်းများ၏ ကောင်းမွန်သည့် ဆောင်ရွက်ချက်များနှင့် အခြားနိုင်ငံများမှ အတွေ့အကြုံများကို လေ့လာခြင်းအားဖြင့် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၏ လုပ်ငန်းများနှင့် အခန်းကဏ္ဍများကို ဆက်စပ် ပတ်သက်သူ

များ ပိုမိုသိရှိနားလည်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။ နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းဆိုင်ရာ နည်းလမ်းအသစ်များကို IPCC မှ ချမှတ်ထားသည့် လမ်းညွှန်ချက်များအရ နိုင်ငံအဆင့် နမူနာကောက်ယူခြင်း မဟာဗျူဟာနှင့် အချက်အလက်စုဆောင်းခြင်း ပရိုတိုကောများကို အဆိုပြုရမည်ဖြစ်သည်။ နည်းလမ်းအသစ်များကို အသုံးပြုပြီး အချက်အလက်များ တိုင်းတာရန်၊ သိမ်းဆည်းထားရန်၊ ခွဲခြမ်းစိတ်ဖြာရန်နှင့် မှတ်တမ်းတင်ရန်အတွက် နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းဆိုင်ရာ database များကို တည်ဆောက်ရမည်လိမ့်ဖြစ်သည်။ ဆောင်ရွက်မည့် ဧရိယာကို ထောက်ပံ့ရန် FRI မှ ဆောက်ရွက်နေသည့် သုတေသနလုပ်ငန်းများမှ ရှာဖွေတွေ့ရှိချက်များသည် အချက်အလက်စုဆောင်းခြင်းဆိုင်ရာ နည်းလမ်းများနှင့် ခွဲခြမ်းစိတ်ဖြာခြင်းဆိုင်ရာ ပရိုတိုကောများကို ပေးနိုင်လိမ့်မည်ဖြစ်သည်။

### *လုပ်ငန်းစဉ် ၃.၁ ဆက်စပ်ပတ်သက်သူများအား သစ်တောသယံဇာတစာရင်းကောက်ယူခြင်း ဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်စေခြင်း*

အရည်အသွေးသေချာစေခြင်းနှင့် ထိန်းချုပ်ခြင်း (QA/QC) လုပ်နည်းများနှင့် ကာဗွန် ထုတ်လွှတ်မှုဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်းသည့် နိုင်ငံတကာ လမ်းညွှန်ချက်များအပါအဝင် အသိပညာများထောက်ပံ့ပေးနိုင်ရန် NFI ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအပေါ်အခြေခံပြီး ဆက်စပ်ပတ်သက်သူများ၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရန် အသေးစိတ် အကဲဖြတ်ခြင်းကို ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည်ဖြစ်သည်။

(၁) ဆက်စပ်ပတ်သက်သူများအား အချက်အလက်စုဆောင်းခြင်း၊ မှတ်တမ်းပြုစုထားခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းကဲ့သို့သော သစ်တောသယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ အစီအစဉ်များအတွက် လိုအပ်သည့် သင်တန်းများ ပေးရန်၊

(၂) ဆက်စပ်ပတ်သက်သူများကို နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ သင်တန်းပေးရန်၊

(၃) နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ သင်တန်းလက်စွဲများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၄) မြန်မာနိုင်ငံ သစ်တောကျောင်းနှင့် သစ်တောတက္ကသိုလ်အတွက် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ သင်ရိုးညွှန်းတန်း ဖွံ့ဖြိုးတိုးတက်စေရန်၊

(၅) အချက်အလက် မှတ်တမ်းတင်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာမှု စာရင်းဇယားဆိုင်ရာ သင်တန်းများပေးရန်။

***အကျိုးရလဒ် ညွှန်ပြချက်များ***

- နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု အကောင်အထည်ဖော်ရန် အမျိုးသားအဆင့် စွမ်းဆောင်ရည်များကို အသေးစိတ် အစီရင်ခံခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အချက်များကို အကဲဖြတ်ခြင်း၊
- သင်တန်းပေးခြင်းနှင့် ဝန်ထမ်းများ၏ အသေးစိတ်အချက်အလက်များ
- နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ သင်တန်းနှင့် လက်တွေ့ ကွင်းဆင်းဆောင်ရွက်မှု လက်စွဲများ၊
- နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ အချက်အလက်များ မှတ်တမ်းတင်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ စာရင်းဇယားများကို အစီရင်ခံတင်ပြခြင်း။

***လုပ်ငန်းစဉ် ၃.၂ လက်ရှိ စာရင်းကောက်အချက်အလက်များအားလုံး ဆီလျော်ညီညွတ်စေရန်နှင့် သစ်ပင်မျိုးစိတ်များနှင့် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ database များ ဖွံ့ဖြိုးတိုးတက်စေရန်***

အချက်အလက်များစုဆောင်းရန်နှင့် သစ်တောဇီဝဒြပ်ထုနှင့်ကာဗွန်ပမာဏ ခန့်မှန်းတွက်ချက်မှုများ ကောင်းမွန်တိုးတက်ရန်အတွက် လက်ရှိ အချက်အလက်များကို အပင်မျိုးစိတ်များနှင့် သစ်တောကဏ္ဍဆိုင်ရာ database များတွင် သိမ်းဆည်းထားပြီး နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ဒီဇိုင်းပုံစံ အသစ်ကို ထောက်ပံ့ပေးနိုင်ရန် အသုံးပြုရလိမ့်မည်ဖြစ်သည်။ အဆိုပါ ဒီဇိုင်းပုံစံ အသစ်ဖြင့် စုဆောင်းရရှိပြီးသော နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူမှုဆိုင်ရာ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မှတ်တမ်းတင်ခြင်းသည် database တစ်ခုကို ဖွံ့ဖြိုးတိုးတက်လာစေလိမ့်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည်ဖြစ်သည်။

(၁) သစ်တောသယံဇာတစာရင်းကောက်ယူခြင်း၊ တိုင်းတာခြင်းနှင့် လက်ရှိ သစ်တော သယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းတို့တွင် ပါဝင်သော ဆက်စပ်ပတ်သက်သူများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ရန်၊

(၂) open-source software အပေါ်အခြေခံ၍ အပင်မျိုးစိတ်များနှင့် သစ်တော ကဏ္ဍဆိုင်ရာ database များ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၃) ရရှိနိုင်သည့် လက်ရှိ သယံဇာတစာရင်းကောက်ယူခြင်းနှင့် မြေဖုံးလွှမ်းမှု မြေပုံ များအားလုံး စုဆောင်းထားရန်နှင့် ပြန်လည်သုံးသပ်ရန်၊

(၄) open-source software အပေါ်အခြေခံ၍ geo-reference database ဖွံ့ဖြိုးတိုးတက်စေရန်၊

(၅) allometric equation များ၊ သစ်သား သိပ်သည်းဆနှင့် ပြောင်းလဲစေသည့် အချက်များ၊ မြေဆီလွှာနှင့်ကာဗွန်ပမာဏ အကဲဖြတ်မှုများအပါအဝင် လက်ရှိ သယံဇာတ စာရင်းကောက်ယူမှုဆိုင်ရာ အချက်အလက်များနှင့် database တည် ဆောက်ရန်၊

(၆) အမျိုးမျိုးသော သစ်တောအမျိုးအစားများရှိ ဇီဝဒြပ်ထုများနှင့် ကာဗွန် ပမာဏ များကို အကဲဖြတ်ရန်၊

(၇) open-source software အပေါ်အခြေခံ၍ နိုင်ငံအဆင့် သစ်တော သယံဇာတ စာရင်းကောက်ယူခြင်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းစိတ်ဖြာရန်နှင့် မှတ်တမ်းတင်ရန်အတွက် နိုင်ငံအဆင့် သစ်တော သယံဇာတစာရင်း ကောက်ယူ ခြင်းဆိုင်ရာ database ဖွံ့ဖြိုးတိုးတက်စေရန်၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- သစ်တောသယံဇာတစာရင်းကောက်ယူခြင်းနှင့် တိုင်းတာခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်သော ဆက်စပ်ပတ်သက်သူများစာရင်း၊
- သစ်မျိုးစိတ်များနှင့် သစ်တောကဏ္ဍဆိုင်ရာ အချက်အလက်များ ပါဝင်သည့် ဗဟို database တည်ဆောက်ရန်၊
- အချက်အလက်များကို တိကျစွာ အကဲဖြတ်နိုင်ရန်အတွက် စာရင်းအင်းဆိုင်ရာ နည်း လမ်းများ၊
- နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်း နယ်ပယ် အသစ်များအတွက် database တည်ဆောက်ရန်

***လုပ်ငန်းစဉ် ၃.၃ လက်ရှိသယံဇာတစာရင်းကောက်ပုံစံများကို ပြန်လည်သုံးသပ်ခြင်းနှင့် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းပုံစံ အသစ်များ အတွက် အကြံပြု ချက်များ ထောက်ပံ့ပေးခြင်း***

နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းသည် သစ်တော သယံဇာတ များ၏ ထုထည်၊ ဇီဝမျိုးစုံမျိုးကွဲ၊ သစ်တောအခြေအနေနှင့် လူမှုစီးပွားရေး ကဏ္ဍများ

အပါအဝင် အခြားများပြားသည့် သစ်တောကဏ္ဍများရှိ ကာဗွန်ဆိုင်ရာ သတင်းအချက်အလက်များကို ထောက်ပံ့ပေးနိုင်သည်။ မတူညီသည့် သစ်တောအမျိုးအစားများနှင့် အခြေအနေများအတွက် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အချက်များပါဝင်သည့် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် သစ်တောစီမံအုပ်ချုပ်မှု စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို ထောက်ပံ့ပေးရန် လက်ရှိ သယံဇာတ ကောက်ယူမှုပုံစံများကို ပြန်လည်သုံးသပ်ရလိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တော သယံဇာတစာရင်းကောက်ယူခြင်းသည် မြေပေါ် ဇီဝဒြပ်ထု၊ မြေအောက် ဇီဝဒြပ်ထု၊ မြေဆီလွှာ၊ သစ်ရွက်ဆွေးနှင့် သစ်ဆွေးမြေများစသည့် သစ်တောကာဗွန် သိုလှောင်ကန်များ အားလုံးကို ဖော်ထုတ်နိုင်ရန်ဖြစ်သည်။ သင့်တော်သော နမူနာအကွက်ချ ဒီဇိုင်းပုံစံသည် တိကျသည့် ရည်ရွယ်ချက်များအတွက် ကုန်ကျစရိတ်သက်သာပြီး အချက်အလက်များ ထောက်ပံ့ပေးနိုင်သည့် နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူမှုကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်ပါသည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည်ဖြစ်သည်။

(၁) အမျိုးသားအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းအတွက် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းနှင့် ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း

(၂) မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း ဆောင်ရွက်နိုင်ရန် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်မှုများပါဝင်သည့် လက်ရှိ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှုပုံစံများကို အကဲဖြတ်ရန်

(၃) နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းများ၏ ရည်ရွယ်ချက်များကို ဖော်ပြရန်

(၄) နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော စွမ်းဆောင်ရည်များကို ဖော်ပြရန်၊

(၅) မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှုပုံစံများ အတွက် အကြံပြုချက်များ ထောက်ပံ့ပေးရန်၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- လက်ရှိ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု ပုံစံများ၊ စွမ်းဆောင်ရည် လိုအပ်ချက်များနှင့် အကြံပြုချက်များကို အစီရင်ခံခြင်း၊

- နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်းကောက်ယူခြင်းဆိုင်ရာ အစည်းအဝေး ကျင်းပသည့် ကြာမြင့်ချိန်များ၊
- နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု နည်းလမ်းအသစ်များဖြင့် တိုင်းတာဆောင်ရွက်ရန် သတ်မှတ်ချက်မူဘောင်များ (parameter) များ စာရင်း၊
- နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းအသစ်ပုံစံများ အတွက် အကြံပြုချက်များ၊

***လုပ်ငန်းစဉ် ၃.၄ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက် ယူခြင်း လုပ်ငန်းပုံစံများနှင့် ရှေ့ပြေးဆောင်ရွက်ခြင်း***

နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှုပုံစံသည် သစ်တော သယံဇာတ စာရင်းကောက်ယူခြင်းမှ ရရှိလာသည့် အကျိုးရလဒ်များကို UNFCCC သို့ အစီရင်ခံခြင်း ဆိုင်ရာ လိုအပ်ချက်များအတွက် IPCC လမ်းညွှန်ချက်များကို ထည့်သွင်း စဉ်းစားရလိမ့်မည် ဖြစ်သည်။ ဂြိုလ်တုမှရရှိသည့် အချက်အလက်များကို ချိန်ညှိ နိုင်ရန်အတွက် လိုအပ်သော အချက်အလက်များကို ထောက်ပံ့ပေးနိုင်ရန် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူမှု ဒီဇိုင်းပုံစံ ရေးဆွဲရလိမ့်မည်ဖြစ်သည်။ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းနှင့် ဂြိုလ်တုစနစ်သုံး စောင့်ကြည့်လေ့လာခြင်းစနစ်များအတွက် နည်းလမ်း များသည် တိကျလျော်ကန်ရမည်ဖြစ်သည်။ နိုင်ငံ၏ အခြေအနေများ အပေါ်အခြေခံ၍ သတင်းအချက်အလက်များကို စုဆောင်းရန်နှင့် အခြား သစ်တော တိုင်းတာမှုများကို ဆုံး ဖြတ်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲများကို ကျင်းပရလိမ့်မည် ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည် ဖြစ်သည်။

(၁) လုပ်ငန်းစဉ် ၃.၃ မှ အကြံပြုချက်များအပေါ် အခြေခံ၍ နိုင်ငံအဆင့် သစ်တော သယံဇာတစာရင်းကောက်ယူမှု ဒီဇိုင်းရေးဆွဲရန်နှင့် ဆက်စပ် ပတ်သက်သူများ နှင့်အတူ အတည်ပြုရန်၊

(၂) နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ကွင်းဆင်းအချက်အလက်စုဆောင်းခြင်း ဆိုင်ရာ လက်စွဲများ၊ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူ ခြင်းဆိုင်ရာ မဟာအစီအစဉ် နှင့် လုပ်ငန်းအစီအစဉ်များကို ဒီဇိုင်းရေးဆွဲရန်နှင့် စာအုပ်ထုတ်ဝေရန်၊

(၃) နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း ရှေ့ပြေးသရုပ်ပြ ဆောင်ရွက်ရန်အတွက် အချက်အလက်စုဆောင်းရာတွင်လိုအပ်သည့် ပစ္စည်း ကိရိယာများ ဝယ်ယူရန်၊

(၄) သရုပ်ပြနေရာများနှင့် တုန်ပြန်ချက်များတွင် နိုင်ငံအဆင့် သစ်တော သယံဇာတ စာရင်းကောက်ယူခြင်းဆိုင်ရာ နည်းလမ်းများကို ကွင်းဆင်း သင်တန်းပေးရန်၊

(၅) ရှေ့ပြေး နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူရန်နှင့် database တွင် အချက်အလက်များ စုဆောင်းထားရန်၊

(၆) ယခင် အချက်အလက်များအပေါ်အခြေခံ၍ REDD+ လုပ်ငန်းစဉ်များအတွက် ကာဗွန် ထုတ်လွှတ်မှုဆိုင်ရာ အချက်များ ဖွံ့ဖြိုးတိုးတက်ရန်၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်းကောက်ယူမှု နည်းပညာဆိုင်ရာ လုပ်ငန်း အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း၊
- ရည်ရွယ်ချက်များနှင့် တိုင်းတာမှုများ၊ ဦးတည်ချက် ပြောင်းလဲခြင်းနှင့် မတူသည့် ဒီဇိုင်းပုံစံများအတွက် ခန့်မှန်းကုန်ကျစရိတ်များအပါအဝင် နိုင်ငံအဆင့် သစ်တော သယံဇာတ စာရင်းကောက်ယူခြင်း စီမံကိန်းလုပ်ငန်းများကို အစီရင်ခံခြင်း၊
- နမူနာကောက်ယူခြင်းဆိုင်ရာ မဟာဗျူဟာများပါဝင်သည့် နိုင်ငံအဆင့် သစ်တော သယံဇာတစာရင်းကောက်နည်းလမ်းများ၊
- ကွင်းဆင်းအချက်အလက်စုဆောင်းခြင်းဆိုင်ရာ လက်စွဲများ၊ နိုင်ငံအဆင့် သစ်တော သယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ မဟာအစီအစဉ်နှင့် လုပ်ငန်းအစီအစဉ်များ ကို အကောင်အထည်ဖော်ခြင်း၊
- ရှေ့ပြေးကွင်းဆင်းဆောင်ရွက်မှုဆိုင်ရာ ရလဒ်များ
- ယခင် နိုင်ငံအဆင့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အချက်များ

**အကျိုးရလဒ် (၄) မြေအသုံးချခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူမှုအတွက် နိုင်ငံအဆင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း**

အပြည်ပြည်ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ မြေအသုံးချခြင်း၊ မြေအသုံးချမှု ပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူရန်အတွက် ဂြိုလ်တုစနစ်သုံး မြေပြင်စောင့်ကြည့်လေ့လာခြင်းစနစ်နှင့် နိုင်ငံအဆင့် သစ်တောသယံဇာတ စာရင်း ကောက်ယူခြင်းဆိုင်ရာ အချက်အလက်များနှင့် ကာဗွန်ထုတ်လွှတ်သည့် အချက် များကို ခန့်မှန်းတွက်ချက်ရလိမ့်မည်ဖြစ်သည်။ ပုံ ၆.၄ တွင် မြေအသုံးချခြင်း၊ မြေအသုံးချမှု

ပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များကို ဖော်ပြထားသည်။

***လုပ်ငန်းစဉ် ၄.၁ မြေအသုံးချခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းအတွက် နည်းပညာဆိုင်ရာ လူ့စွမ်းအား တိုးတက်မြင့်မားစေခြင်း (LULUCF)***

မြန်မာနိုင်ငံသည် မြေအသုံးချခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူမှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အတော်အသင့် အတွေ့အကြုံများရှိသည်။ အဆိုပါ လုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်သည် ကနဦးသင်တန်းပေးခြင်း၊ အချက်အလက် မှတ်တမ်းတင်ခြင်းနှင့် နိုင်ငံအဆင့် စာရင်းကောက်စနစ် တည်ထောင်ခြင်းဆိုင်ရာ အစီရင်ခံခြင်းတို့အတွက် စာရင်းကောက်ယူမှု စီမံကိန်း ပြင်ဆင်ရန်အတွက် အနာဂတ်တွင် လိုအပ်မည့် သင်တန်းများကို ဖော်ပြရန်ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည် ဖြစ်သည်။

(၁) မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းအတွက် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန်၊

(၂) မြေအသုံးချခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူမှု အကောင်အထည်ဖော်ခြင်းအတွက် သင်တန်းပေးရန်၊

(၃) စာရင်းကောက်ယူခြင်းဆိုင်ရာ စီမံကိန်း၊ အချက်အလက်စုဆောင်းခြင်း၊ အချက်အလက်များ မှတ်တမ်းတင်ခြင်း၊ အရည်အသွေး အာမခံခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အစီရင်ခံခြင်း၊ မသေချာသည့် ခန့်မှန်းတွက်ချက်မှုများအတွက် သင်တန်း ပေးရန်၊

(၄) မြန်မာနိုင်ငံ၏ သင်တန်းလက်စွဲများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လိုအပ်သည့် သင်တန်း အစီအစဉ်များပေးရန်၊

(၅) အချက်အလက် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းအတွက် ဖန်လုံအိမ် ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းဆိုင်ရာ ဆော့ဝဲလ်များ အသုံးပြုနိုင်ရန်အတွက် နည်းပညာ အထောက် အပံ့များပေးရန်၊

(၆) အချက်အလက်စုဆောင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းအတွက် အရည်အသွေး အာမခံခြင်း နှင့်ထိန်းသိမ်းခြင်းဆိုင်ရာ စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၇) အစီရင်ခံခြင်းဆိုင်ရာ လက်စွဲပုံစံရေးဆွဲရန်၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- မြေအသုံးချမှု၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် အစည်းအဝေးများမှ ရရှိသော အစီရင်ခံစာများ/မှတ်တမ်းများ၊
- အစိုးရဝန်ထမ်းများကို မြေအသုံးချခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောကဏ္ဍဆိုင်ရာ ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းဆိုင်ရာ သင်တန်းပေးခြင်းနှင့် စာရင်းကောက်ယူမှုလုပ်ငန်းများကို အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်ခြင်း၊
- လက်စွဲများ၊ စီမံကိန်းများ၊ အချက်အလက်စုဆောင်းပုံစံများ၊ မှတ်တမ်းတင်ခြင်းနှင့် အရည်အသွေး အာမခံခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်ခြင်း၊

***လုပ်ငန်းစဉ် ၄.၂ ဇယား ဖန်လုံအိမ်ဓါတ်ငွေ့ အခြေခံအချက်အလက်နှင့် မှတ်တမ်းတင်စနစ်များ ဖွံ့ဖြိုး တိုးတက်စေရန်***

မှတ်တမ်းတင်စနစ်တစ်ခုသည် နိုင်ငံအဆင့် စာရင်းကောက်ယူခြင်းဆိုင်ရာ အစီရင်ခံစာများ ကြိုတင်ပြင်ဆင်ရန်အတွက် အရေးကြီးသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ဖန်လုံအိမ်ဓါတ်ငွေ့ဆိုင်ရာ အချက်အလက်များ စီမံအုပ်ချုပ်မှုအတွက် ယေဘုယျအားဖြင့် မှတ်တမ်းတင်စနစ် မရှိသေးပါ။ REDD+ လုံခြုံမှုဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် MRV လုပ်ငန်းများအတွက် မှတ်တမ်းတင် လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်ရလိမ့်မည်ဖြစ်သည်။ ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းများ၏ မှတ်တမ်းတင် လုပ်ထုံးလုပ်နည်းများကို အသုံးပြုပြီး လုပ်ငန်းစဉ်များကို အချိန်မှီ အကောင်အထည်ဖော်နိုင်ရန် မှတ်တမ်းများနှင့် အချက်အလက်များကို မျှဝေပေးရ လိမ့်မည်ဖြစ်သည်။ အရည်အသွေး အာမခံခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် ကောင်းမွန်ပြည့်စုံပြီး ထင်သာမြင်သာရှိစေသည့် ဇယား database တစ်ခု တည်ဆောက်ရလိမ့်မည် ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည် ဖြစ်သည်။

(၁) လက်ရှိ database စီမံအုပ်ချုပ်မှု၊ သမိုင်းမှတ်တမ်းတင်ခြင်းနှင့် လုပ်ငန်းစဉ်များ မျှဝေခြင်းတို့ကို အကဲဖြတ်ရန်၊

(၂) အထူးစီမံပြုလုပ်ထားသည့် database ဒီဇိုင်းပုံစံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်၊

(၃) လက်ရှိ အချက်အလက်များကို စံနမူနာသတ်မှတ်ရန်နှင့် အထူးစီမံပြုလုပ်ထားသည့် database ဒီဇိုင်းပုံစံတစ်ခုတွင် ပေါင်းစပ်စုစည်းထားရန်၊

(၄) အချက်အလက်များ မျှဝေခြင်းအတွက် ကွန်ယက်အခြေခံ platform ဒီဇိုင်းရေးဆွဲရန်၊

(၅) လိုအပ်သည့် ပစ္စည်းကိရိယာများရရှိရန်အတွက် severs များ တည်ဆောက်ရန်၊

(၆) severs များ တည်ဆောက်ရန်၊

(၇) လိုအပ်သည့် သင်တန်းများပေးရန်၊ မှတ်တမ်းတင်စနစ်များ လုပ်ဆောင်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် သင်တန်းအစီအစဉ်များ ဆောင်ရွက်ရန်၊

(၈) လိုအပ်သည့် သင်တန်းလက်စွဲများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(၉) မှတ်တမ်းတင်စနစ် ဆောင်ရွက်ရန်အတွက် သင်တန်းများပေးရန်၊

***အကျိုးရလဒ်ညွှန်ပြချက်များ***

- ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်းဆိုင်ရာ sever အတွက် လက်ရှိ အချက်အလက်များနှင့် လိုအပ်ချက်များ အကဲဖြတ်မှုကို အစီရင်ခံခြင်း၊
- ဆက်စပ်ပတ်သက်မှုများအတွက် လိုအပ်သည့် ပစ္စည်းကိရိယာစာရင်း၊
- အချက်အလက်မျှဝေခြင်းအတွက် ကွန်ယက်အခြေခံ အချက်အလက်မျှဝေခြင်းနှင့် မှတ်တမ်း တင်ခြင်း၊
- မှတ်တမ်းတင်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင်တန်းပေးထားသည့် နည်းပညာဆိုင်ရာ ဝန်ထမ်းများ၊
- နိုင်ငံအဆင့် မှတ်တမ်းတင်စနစ် ထင်သာမြင်သာရှိစေခြင်း၊




ပုံ ၆.၄ LULUCF အခန်းကဏ္ဍဆိုင်ရာ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် ဖန်လုံအိမ်ဓါတ်ငွေ့ စာရင်းကောက်ယူခြင်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ

**အကျိုးရလဒ် (၅) နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်နှင့် ဆက်နွယ်သည့် သုတေသနဆိုင်ရာ ထောက်ပံ့မှု**

မြန်မာနိုင်ငံတွင် REDD+ အကောင်အထည်ဖော်ခြင်းကို အထောက်အပံ့ပေးနိုင်ရန် အတွက် သုတေသနဆိုင်ရာ နယ်ပယ်သစ်များကို ဌာနတွင်းနှင့် ပြင်ပဌာနများမှ ဆက်စပ်သူများနှင့် REDD+ ဆိုင်ရာ အသိပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေသည့် ညှိနှိုင်းဆွေးနွေးမှုများကို သစ်တောဦးစီးဌာနနှင့် သစ်တောသုတေသနဌာနတို့မှ ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။

***လုပ်ငန်းစဉ် ၅.၁ သုတေသနနှင့် ရှာဖွေတွေ့ရှိမှုများကို ဖြန့်ဝေခြင်းတို့အတွက် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်ကို ထောက်ပံ့ခြင်း***

သုတေသနနယ်မြေများတွင် allometric equation များ၊ သစ်သားသိပ်သည်းဆများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အသိဉာဏ်ဗဟုသုတနှင့် သစ်တောမြေအသုံးပြုမှုများကို လေ့လာမှုများပါဝင်သည်။ အထူးသဖြင့် ဇီဝဒြပ်ထု၏ စုစုပေါင်း ထုထည်ကို အကဲဖြတ်ရန် တိကျသော allometric equation များသည် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းလုပ်ငန်းများနှင့် ကာဗွန် ထုတ်လွှတ်မှုဆိုင်ရာ အချက်များကို အကဲဖြတ်မှုများတွင် အသုံးဝင်လိမ့်မည့်ဖြစ်သည်။ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန်အတွက် သစ်တော အရင်းအမြစ်များ အကဲဖြတ်ခြင်း၊ ဒေသဆိုင်ရာအသိပညာနှင့် သစ်တောမြေအသုံးပြုမှု အကဲဖြတ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်သည်။

အဆိုပါ လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းခွဲများကို အကောင်အထည်ဖော်ရလိမ့်မည် ဖြစ်သည်။

(၁) နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းလုပ်ငန်းများ အတွက် တိကျသော လေ့လာမှုများကို ဆောင်ရွက်ခြင်း၊

(၂) REDD+/NFMS တို့နှင့် ဆက်နွယ်နေသည့် လက်ရှိ သုတေသနဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရှာဖွေတွေ့ရှိမှုများကို စုဆောင်းထားခြင်း၊

(၃) သစ်တောနှင့်အပင်များ၏ သွင်ပြင်လက္ခဏာ လေ့လာမှုများကို အကောင်အထည်ဖော်ခြင်း၊

(၄) ရှာဖွေမှုများအပေါ်အခြေခံသည့် လေ့လာမှုဆိုင်ရာ အစီရင်ခံစာများနှင့် သိပ္ပံဆိုင်ရာ စာတမ်းများကို စာအုပ်ထုတ်ဝေခြင်း၊

(၅) တက္ကသိုလ်ကျောင်းသား/သူများအတွက် သစ်တောနှင့်အပင် သွင်ပြင်လက္ခဏာဆိုင်ရာ အထူးပြုလေ့လာမှုများကို ထောက်ပံ့ရန် လက်တွေ့လုပ်ငန်း အတွေ့အကြုံများ ပေါ်ထွက် လာစေခြင်း၊

(၆) နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ သုတေသီများနှင့် တက္ကသိုလ် ကျောင်းသား/သူများပါဝင်သည့် နည်းပညာဆိုင်ရာနှင့် သိပ္ပံဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ/ဆွေးနွေးပွဲများ ကျင်းပခြင်း၊

***အကျိုးရလဒ် ညွှန်ပြချက်များ***

- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ် ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့နိုင်ရန် အလားအလာရှိသော လေ့လာမှုများကို အစီရင်ခံခြင်း၊
- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်နှင့် ဆက်နွှယ်နေသည့် လေ့လာမှုများကို ပြည့်စုံစေခြင်း၊
- allometric equation များနှင့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အချက်များကို သေချာစွာ ဖော်ပြခြင်း၊
- နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်နှင့် ဆက်နွှယ်သည့် သုတေသနဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ/ဆွေးနွေးပွဲများ ကျင်းပသည့် မှတ်တမ်းများ၊
- တက္ကသိုလ်များတွင် ကျောင်းသား/သူများအား လက်တွေ့သင်တန်းပေးခြင်း၊

# နောက်ဆက်တွဲ (၁)

# မြန်မာနိုင်ငံ လမ်းပြမြေပုံရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ

## ၂၀၁၃ခုနှစ်၊ မေလ-ဇွန်လ

နိဒါန်း

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ REDD+ လမ်းပြမြေပုံရေးဆွဲရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းကို နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့မှ အမျိုးသားအဆင့် ဆက်စပ်ပတ်သက်သူများ တိုင်ပင်ဆွေးနွေးခြင်းမှ ရရှိသည့် ရလဒ်များကို ပြန်လည်သုံးသပ်၍ အတည်ပြုခဲ့ပါသည်။ အမျိုးသားအဆင့် ကနဦး ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် မေလ ၁၅ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း၊ ဒေသအဆင့် ညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲများကို မေလမှ ဇွန်လအတွင်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တို့၌လည်းကောင်း၊ အတည်ပြုခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၂၅ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသည့် အကြံပြုချက်များနှင့် တုံ့ပြန်ချက်များကို အောက်ဖော်ပြပါ အကျဉ်းချုပ်များတွင် ဖော်ပြထားပါသည်။ အလုပ်ရုံဆွေးနွေးပွဲတစ်ခုချင်းစီ၏ ဆွေးနွေးချက်အပြည့်အစုံကို UN-REDD ၏ wetsite (www.unredd.net) တွင်လည်း ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။



အမျိုးသားအဆင့် ကနဦး ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲ၊ နေပြည်တော်


ဒေသအဆင့် ညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲ၊ ပဲခူးမြို့



ဒေသအဆင့် ညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲ၊ တောင်ကြီးမြို့



ဒေသအဆင့် ညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲ၊ ဘိုကလေးမြို့



ဒေသအဆင့် ညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲ၊ ကသာမြို့




အတည်ပြုခြင်း ဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ၊ နေပြည်တော်

## REDD+ လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ အမျိုးသားအဆင့် ကနဦး ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲ (၂၀၁၃ ခုနှစ်၊ မေလ ၁၅) တက်ရောက်ဆွေးနွေးသူများ- (၇၃) ဦး

### (က) အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

| | | |
|---|---|---|
| ဖွင့်ပွဲအခမ်းအနား | အဖွင့်အမှာစကားမြွက်ကြားခြင်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် |
| အလုပ်ရုံဆွေးနွေး ပွဲတွင် ဖတ်ကြား ခဲ့သည့် စာတမ်း များ | – REDD+ ၏ သဘောသဘာဝနှင့် Roadmap အပါအဝင် REDD+ Readiness လုပ်ငန်းစဉ်များ<br>–REDD+ လမ်းပြမြေပုံ ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်နှင့် REDD+ အဆင်သင့်ဖြစ်စေရေး စီမံ အုပ်ချုပ်မှု | ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း) |
| | ကာဗွန်ထုတ်လွှတ်မှုရည်ညွှန်းပမာဏနှင့် ရည်ညွှန်းပမာဏ (REL/RL)<br>–နိုင်ငံအဆင့် သစ်တော စောင့်ကြည့်လေ့လာခြင်း စနစ် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေခြင်း | ဒေါက်တာမြတ်စုမွန် (လက်ထောက်ညွှန်ကြားရေးမှူး) RS/GIS ဌာနစိတ် |
| | REDD+နည်းဗျူဟာများဖွံ့ဖြိုးတိုးတက်မှုနှင့် ရွေးချယ်ခြင်း | ဒေါက်တာရိုစီနေဝင်း (ဦးစီးအရာရှိ) စီမံကိန်းနှင့်စာရင်းအင်းဌာန |
| | –ဆက်နွယ်ပတ်သက်သူများ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း | ဦးနန္ဒဝင်းအောင် (ဦးစီးအရာရှိ) |

| | | |
|---|---|---|
| | –REDD+ မူဘောင်နှင့် Safeguards များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း | ရေဝေရေလဲအုပ်ချုပ်ရေးဌာန |
| အုပ်စုဖွဲ့ဆွေးနွေးခြင်း | အုပ်စု (၃) စုခွဲပြီး ဆွေးနွေးခြင်း | |
| | ဆွေးနွေးမှုရလဒ်များအား ပြန်လည်တင်ပြခြင်း | |
| ပိတ်ပွဲအခမ်းအနား | နိဂုံးချုပ်အမှာ စကားပြောကြား ခြင်း | ဦးဇော်ဝင်း(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန |

**<u>(ခ) အဓိက အကြံပြုချက်များ/မေးခွန်းများနှင့် ဆွေးနွေးချက်များ</u>**

*<u>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်မှ အဖွင့်အမှာစကားမြွက်ကြားခြင်း</u>*

– သစ်တောများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများသည် ဂေဟဗေဒစနစ် ဝန်ဆောင်မှုများဖြစ်သည့်
  ၁) စားနပ်ရိက္ခာထောက်ပံ့မှု တိုးပွားစေခြင်း
  ၂) မြေဆီလွှာ တိုက်စားမှု ထိန်းသိမ်းပေးခြင်း
  ၃) မြေဆီလွှာ အရည်အသွေး ကောင်းမွန်စေခြင်းစ
  ၄) ရေ အရည်အသွေး ထိန်းသိမ်းပေးခြင်းနှင့် ကောင်းမွန်စေခြင်း
  ၅) ကာဗွန် စုပ်ယူသိုလှောင်မှု များပြားစေခြင်း
  ၆) ရေ ထောက်ပံ့မှု ထိန်းသိမ်းပေးခြင်းနှင့် ကောင်းမွန်စေခြင်း
  ၇) ဆည်မြောင်းများအတွက် မြစ်ရေ စီးဆင်းမှု ကောင်းမွန်စေခြင်း
  ၈) ရေအားလျှပ်စစ်ထုတ်လွှတ်မှု တိုးတက်များပြားစေခြင်းတို့ကို တိုးတက်ကောင်းမွန်စေသည်။
– REDD+ သည် ကမ္ဘာကြီး ပူနွေးလာမှုကို (၂) ဒီဂရီ စင်ဒီဂရိတ် လျှော့ချနိုင်ရန်အတွက် ကုန်ကျစရိတ်သက်သာပြီး လျှင်မြန်စွာ အကောင်အထည်ဖော်နိုင်သည့် နည်းလမ်း အသစ်တစ်ခုဖြစ်သည်။
– REDD+ လမ်းပြမြေပုံ ရေးဆွဲရာတွင် ဆက်စပ်ပက်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်း နှင့် ဒေသခံပြည်သူများအပါအဝင် ဆက်စပ်ပက်သက်သူများအားလုံး ပူးပေါင်းပါဝင်ခြင်းသည် အလွန်အရေးပါသည်။
– ဆက်စပ်ပက်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်း၊ နိုင်ငံအဆင့် သစ်တောကဏ္ဍဆိုင်ရာ အစီအစဉ်တွင် REDD+ နှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်း လုပ်ငန်းစဉ်များဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် သစ်တော စီမံအုပ်ချုပ်မှု စနစ်များ တိုးတက်ကောင်းမွန်စေခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ ပူးပေါင်းပါဝင်လာစေခြင်း၊ မြေနှင့် သယံဇာတ

ပိုင်ဆိုင်ခွင့် ဆိုင်ရာ နည်းပညာနှင့် မူဝါဒများ တိုးတက်ကောင်းမွန်လာစေခြင်း၊ REDD+ လမ်းပြမြေပုံ ရေးဆွဲမှု အကောင်အထည်ဖော်ဆောင်ခြင်းအတွက် ရံပုံငွေနှင့် နည်းပညာ အထောက်အပံ့ ပံ့ပိုးပေးခြင်း။

**<u>စာတမ်းများအလိုက် မေးခွန်းများနှင့် ပြန်လည် ဖြေကြားချက်များ</u>**

| စဉ် | မေးခွန်းများ |
|---|---|
| ၁။ | REDD+ အကောင်အထည်ဖော်ဆောင်ခြင်းမှ မည်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်နည်း။ REDD+ မှ ရရှိလာသည့် အကျိုးကျေးဇူးများ (carbon credit) ကို မည်ကဲ့သို့ ခွဲဝေမည်နည်း။ |
| ၂။ | REDD+ လုပ်ငန်းစဉ်များတွင် မည်ကဲ့သို့ ပါဝင်နိုင်မည်နည်း။ |
| ၃။ | သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားကျဆင်းခြင်းကို ဖြစ်စေသည့် အဓိက အချက်များကို ဖော်ပြနိုင်ရန် မည်ကဲ့သို့ သတ်မှတ်မည်နည်း။ |
| ၄။ | REDD+ လမ်းပြမြေပုံ၏ နောက်လာမည့် အဆင့်သည် ဘာလဲ။ |
| ၅။ | REDD+ ဆိုင်ရာ အသိပညာ တိုးတက်မြင့်မားစေခြင်းနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်အတွက် မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။ |
| ၆။ | မြန်မာနိုင်ငံတွင် REDD+ ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ လက်ရှိအခြေအနေများကို ရှင်းပြပါ။ |

| စဉ် | ပြန်လည် ဖြေကြားချက်များ |
|---|---|
| ၁။ | မြန်မာနိုင်ငံတွင် အကျိုးအမြတ်ခွဲဝေပေးမှုဆိုင်ရာ ပုံစံသည် ဖွံ့ဖြိုးကောင်းမွန်မှု မရှိသေးသည့်အတွက် REDD+ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေသည့် ပုံစံကိုလည်း မသတ်မှတ်နိုင်သေးချေ။ REDD+ သည် performance-based ပေးချေမှု ပုံစံဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် အခြေခံပြီး အကျိုးအမြတ် ခွဲဝေပေးနိုင်ရန် သတ်မှတ်ရမည် ဖြစ်သည်။ REDD+ မှ ရရှိလာသည့် အကျိုးကျေးဇူးများသည် carbon credit သို့မဟုတ် ငွေကြေးအဖြစ်သာမက ဇီဝမျိုးစုံမျိုးကွဲ၊ မြေဆီလွှာ ထိန်းသိမ်းကာကွယ်ခြင်း၊ ရေလည်ပတ်မှု စနစ်ကောင်းမွန်စေခြင်း၊ ဒေသခံ အစုအဖွဲ့များ၏ ဝင်ငွေတိုးတက်စေခြင်းနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်စေခြင်း ကဲ့သို့သော အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်ပါသည်။ |
| ၂။ | REDD+ လမ်းပြမြေပုံ ပြင်ဆင်ခြင်းအဆင့်တွင် ဆက်စပ်ပက်သက်သူများအားလုံး၏ အခန်းကဏ္ဍကိုလည်း သတ်မှတ်ဖော်ပြရမည်ဖြစ်သည်။ |
| ၃။ | သစ်တောဦးစီးဌာန၏ အတွေ့အကြုံများအပေါ်အခြေခံ၍ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ ဆွေးနွေးချက်များအရ သစ်တောပြုန်းတီးခြင်းနှင့် အတန်းအစားကျဆင်းစေသည့် အချက်များကို ဖော်ထုတ်သတ်မှတ်နိုင်ရမည်ဖြစ်သည်။ လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် |

| | |
|---|---|
| | ကာလအတွင်း ထို့ထက်ပို၍ အသေးစိတ်ခွဲခြမ်းစိတ်ဖြာရလိမ့်မည်ဖြစ်သည်။ |
| ၄။ | ဆက်စပ်ပက်သက်သူများပါဝင်သည့် ညှိနှိုင်းဆွေးနွေးပွဲများမှရရှိလာသည့် REDD+ လမ်းပြမြေပုံကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြပြီးနောက် UN-REDD Programe မှတဆင့် နော်ဝေနိုင်ငံအစိုးရထံသို့ ရံပုံငွေကြေးရရှိစေရန်အတွက် စီမံချက်ရေးသား တင်ပို့မည်ဖြစ်သည်။ |
| ၅။ | REDD+ သရုပ်ပြ စီမံကိန်းများမှတဆင့် REDD+ ဆိုင်ရာ အသိပညာနှင့် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေနိုင်ပါသည်။ |
| ၆။ | UN-REDD Programe ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ REDD+ လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို သစ်တောဦးစီးဌာနသည် ITTO နှင့် ကိုရီးယားသစ်တောဌာန (KFS) တို့၏ အကူအညီဖြင့် REDD+ ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ |

## <u>လမ်းပြမြေပုံတွင်ပါဝင်သည့် အခန်းများအလိုက် အကြံပြုချက်များ</u>

*<u>ဒေါက်တာ မင်းထွဋ်ရင် - လက်ထောက် ဌာနေ ကိုယ်စားလှယ် (UNDP)</u>*

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းဖြစ်စေသည့် အချက်များကို အဖွဲ့ဝင်များ၏ သိမြင်နားလည်မှုများနှင့် ခိုင်လုံသည့်အချက်အလက်များအပေါ်အခြေခံ၍ စဉ်းစားရမည် ဖြစ်သည်။ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ သို့မဟုတ် facilitator အဖြစ် ဆောင်ရွက်သူသည် သစ်တောမြေအတွင်း သတ္တုတူးဖော်ခြင်းကဲ့သို့သော ဖြစ်စဉ်အတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆွေးနွေးပွဲများမှ ရရှိလာသည့် အချက်အလက်များကို အတည်ပြုရမည်ဖြစ်သည်။ တရားမဝင် သစ်ထုတ် ခြင်း သို့မဟုတ် သစ်တောပြုန်းတီးစေသည့် အချက်များကို အစိုရ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်များ၊ ဒေသခံ အစုအဖွဲ့များနှင့် အနှောင်အဖွဲ့ကင်းသည့် တတိယ အဖွဲ့အစည်းများမှရရှိလာသည့် အချက် အလက်များကို ပြန်လည်စစ်ဆေးသုံးသပ်ပြီး အတည်ပြုရလိမ့်မည်ဖြစ်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တရားမဝင်သစ်ထုတ်ခြင်းနှင့် သစ်တောပြုန်းတီးစေသည့် အချက်အလက်များကို စုဆောင်းပြီး လမ်းပြမြေပုံ အစီရင်ခံစာတွင် ထည့်သွင်းရလိမ့်မည်ဖြစ်သည်။ သို့မှသာလျှင် အချက်အလက်များ တိုးတက်ကောင်းမွန်စေပြီး အနာဂတ် အငြင်းပွားမှုများနှင့် တွေးတော ဆင်ခြင်မှုများကို ကာကွယ်နိုင်မည်ဖြစ်သည်။

*<u>ဦးခင်မောင်ဦး - ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန</u>*

ဦးခင်မောင်ဦးသည် UNDP မှ အကြံပြုသည့် အချက်အလက်များအပေါ် ပြန်လည် အကြံပြုခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနမှ စုဆောင်းထားသည့် ပြည့်စုံသော အချက်အလက်များအပေါ် အခြေခံ၍ တရားဝင် သစ်ထုတ်သည့် အချက်အလက်များကိုလည်း ထည့်သွင်း အကြံပြုခဲ့ပါသည်။ အဆိုပါ

အချက်အလက်များသည် တရားဝင် အလွန်အကျွံ သစ်ထုတ်ခြင်းအတွက် အမှန်တကယ် ရရှိနိုင်သည့် အချက်အလက်များဖြစ်သည်။ သို့သော် တရားမဝင်သစ်ထုတ်ခြင်းအတွက် တိကျ မှန်ကန်သည့် အချက်အလက်များရရှိနိုင်ရန် ခက်ခဲနိုင်သည်။ ထို့ကြောင့် အဆိုပါ အချက်အလက်များကို စုဆောင်းရရှိစေနိုင်မည့် နည်းလမ်းများကို ဆက်လက် ဆွေးနွေးရလိမ့်မည်ဖြစ်သည်။

*ဒေါက်တာ ကျော်တင့် - ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဥက္ကဋ္ဌ (ECCDI)နှင့် MERN Network*

မြန်မာ့ ရွေးချယ် ခုတ်လှဲစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားနည်းချက်အချို့ကို အကြံပြုပြောကြားခဲ့ပါသည်။ သို့သော်လည်း မြန်မာ့ ရွေးချယ် ခုတ်လှဲစနစ်တွင် အားနည်းချက်အချို့နှင့် ပြန်လည် ပြင်ဆင်ရန်အတွက် လိုအပ်ချက်များရှိသည်။ မြန်မာ့ ရွေးချယ် ခုတ်လှဲစနစ်ကို အလွန်အကျွံ သစ်ထုတ်မှု လျှော့ချနိုင်ရန်အတွက် သတ်မှတ် ရင်စို့လုံးပတ် (၆ ပေ၊ ၆ လက္မ) ရှိသည့် သစ်များကိုသာ ထုတ်လုပ်ရန် ဒီဇိုင်းဆွဲခဲ့ပါသည်။ သို့သော် အတိတ်ကာလတွင် မြန်မာ့ ရွေးချယ် ခုတ်လှဲစနစ်အရ သတ်မှတ် ရင်စို့လုံးပတ်အတိုင်း ထုတ်လုပ်နိုင်ခဲ့ခြင်း မရှိပါ။ ထို့ပြင် မြန်မာ့ ရွေးချယ် ခုတ်လှဲစနစ်သည် ကျွန်းသစ် (*Tectona grandis*) ထုတ်လုပ်ခြင်းအတွက်သာ ရည်ရွယ်ခဲ့ သော်လည်း နှစ်စဉ် တောထွက် မပြည့်မီသည့် ဧရိယာအတွင်းရှိ အပင်များ ထုတ်လုပ်ရန်အတွက်လည်း အသုံးပြုခဲ့ပါသည်။ အဆိုပါ စနစ်ကို သစ်မျိုးစိတ်အား ဂရုမပြုဘဲ အသုံးပြုခဲ့ပါသည်။ သစ်ထုတ်မည့် အကွက်အတွင်းရှိ ပင်ထောင်အနေအထား၊ သစ်မျိုးစိတ်ပါဝင်မှုနှင့် သတ်မှတ် ရင်စို့ အချင်းတို့ကို စဉ်းစားဆုံးဖြတ်ပြီး စဉ်ဆက်မပြတ် နည်းလမ်းများဖြင့် သစ်ထုတ်ရန်အတွက် အခြေခံ အညွှန်းများ ရှိသည်။ အခြား အချက်သည် သဘာဝတောများတွင် ကွက်လက်ဖြည့် စိုက်ပျိုးခြင်းဖြစ်သည်။ အဆိုပါ ဧရိယာများကို နှစ် (၄၀) ကြာပြီးနောက် သဘာဝ တောများအဖြစ် ပြန်လည်သတ်မှတ်ပါသည်။ တိကျသည့် စီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များကို စိုက်ခင်းများနှင့် သဘာဝတောများအတွက် ရေးဆွဲရလိမ့်မည်ဖြစ်သည်။ သစ်ထောက်ခံချက် လက်မှတ်ကို နိုင်ငံတကာ ဈေးကွက်တွင် တရားဝင် ရောင်းချနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲရမည်ဖြစ်သည်။ စံနှုန်းများ နှင့် လမ်းညွှန်ချက်များသည် စဉ်ဆက်မပြတ် သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှု စည်းမျဉ်းစည်းကမ်းများ နှင့် ကိုက်ညီရလိမ့်မည်ဖြစ်သည်။ အစုအဖွဲ့ အခြေခံသည့် ပုံစံကို လုပ်ပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ အသိအမြင်နှင့် ပညာရေး တိုးတက်မြင့်မားစေရန်အတွက် ထောက်ပံ့ပေးမှုများကို အားပေး ရလိမ့်မည်ဖြစ်သည်။ သစ်တောအသုံးပြုသည့် အစုအဖွဲ့ပုံစံပြောင်းလဲသည့် နည်းလမ်းသည် အမှန်တကယ် အကျိုးအမြတ်များ ရရှိလာလိမ့်မည်ဖြစ်သည်။ အခြား အရေးကြီးသည့် အချက်သည် သစ်တောဦးစီးဌာန မှ ဝန်ထမ်းများ၏ ပုံသေအတွေးအခေါ် (mind-set) ကို ပြောင်းလဲရန် ဖြစ်သည်။ အချို့သော သစ်တော သမားများသည် သစ်တော စီမံအုပ်ချုပ်မှုကို အချို့သာလျှင် လုပ်ဆောင်နိုင်သည်ဟု ယုံကြည်နေဆဲ ဖြစ်သည်။ ထို့ကြောင့် အရည်အသွေး ကျဆင်းလာသည့် သစ်တောကို အစုအဖွဲ့များအား လွှဲပြောင်း ပေးခဲ့ပါသည်။ ဒေသခံ အစုအဖွဲ့များအား အမှန်တကယ် လွှဲပြောင်းပေးအပ်ရန်နှင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်ရန်အတွက် ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။

*ဒေါ်နော်အိအိမင်း - Spectrum*

ထင်းလောင်စာ သုံးစွဲမှုသည် အနာဂတ်တွင် ပိုမိုများပြားလာလိမ့်မည်ဖြစ်သည်။ လက်ရှိ မြန်မာ နိုင်ငံတွင် စွမ်းအင် ချေါတာရေး စီမံချက်များကို ရေးဆွဲဖော်ဆောင်ရမည်ဖြစ်သည်။ နေရောင်ခြည် စွမ်းအင် ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သည် အစားအစာချက်ပြုတ်ခြင်းနှင့် ထန်းလျက်ခဲ ပြုလုပ်ခြင်း ကဲ့သို့သော အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးပါသည်။ အစိုးရမှ UNDP နှင့် NGOs အထိ ဆက်စပ်ပက်သက်သူများအားလုံးသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်းနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်လျှင် ထင်းလောင်စာလိုအပ်ချက်သည် လက်ရှိအခြေအနေမှာပင် ဆက်လက် တည်ရှိနေပေလိမ့်ဖြစ်သည်။

**<u>အုပ်စုဖွဲ့ ဆွေးနွေးခြင်း</u>**

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများကို အုပ်စု (၁) REDD+ ဆိုင်ရာ အဖွဲ့အစည်းနှင့် စီမံ အုပ်ချုပ်မှုပုံစံ၊ အုပ်စု (၂) သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းစေသည့် အချက် များ၊ သင့်တော်သည့် REDD+ မဟာဗျူဟာများနှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ အုပ်စု (၃) ဆက်စပ်ပက်သက်သူများ ပူးပေါင်းပါဝင်စေခြင်းနှင့် လုံခြုံမှုများဟူ၍ အုပ်စု (၃) စု ခွဲပြီး ဆွေးနွေးစေခဲ့ ပါသည်။

ဆွေးနွေးပွဲ တက်ရောက်သူများသည် ၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အပူပိုင်း အမြဲစိမ်း သစ်တောများနှင့် သမပိုင်း တောင်ပေါ်တောများသည် ယခင်အတိုင်း သို့မဟုတ် ပို၍ တိုးလာသည် ဆိုသည့် တရားဝင် အချက်အလက်များကို သတိထားမိခဲ့ကြသည်။ အဆိုပါ ပြောင်းလဲချက်များကို ပြန်လည် အကဲဖြတ်ရန် သို့မဟုတ် အတည်ပြုရန် လိုအပ်မည်ဖြစ်သည်။ ယုံကြည်စိတ်ချရသည့် အချက် အလက်များသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဖိအားများ၊ အချက်များ၊ အကျိုးသက်ရောက် မှုများနှင့် တုံ့ပြန်ချက်များကို UNEP မှ ပုံနှိပ်ထုတ်ဝေလိမ့်မည်ဖြစ်သည်။

အုပ်စုဖွဲ့ ဆွေးနွေးရာ၌ သစ်တောပြုန်းတီးခြင်းဖြစ်စေသည့် အချက်များတွင် တရားဝင်နှင့် တရားမဝင် သစ်အလွန်အကျွံ ထုတ်ယူခြင်းသည် အဓိက နံပါတ် (၁) အချက်ဖြစ်ကြောင်း သဘောတူ ခဲ့ပါသည်။ ထို့ပြင် ထင်းလောင်စာ အလွန်အကျွံ ထုတ်ယူခြင်းနှင့် မီးသွေးဖုတ်ခြင်းသည် နံပါတ် (၆) နေရာအစား နံပါတ် (၂) ဖြစ်လိမ့်မည်ဖြစ်ကြောင်း စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းကြောင့် သစ်တောပြုန်းတီး ခြင်းသည် နံပါတ် (၄) နေရာ အစား နံပါတ် (၃) ဖြစ်လိမ့်မည်ဖြစ်သည်။ သတ္တုတူးဖော်ခြင်းကြောင့် သစ်တောပြုန်းတီးခြင်းသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ အကဲဖြတ်သုံးသတ်ရလိမ့်မည်ဖြစ်သည်။ နောက်ဆုံး၌ အုပ်စုသည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းဖြစ်စေသည့် အချက်များနှင့် ရရှိနိုင်သည့် အချက်အလက်များ၊ ယုံကြည်စိတ်ချရသည့် မှတ်တမ်းများ နှင့် ဆက်စပ် ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ အရာရှိများနှင့် ညှိနှိုင်းဆွေးနွေးမှုအပေါ် အခြေခံ၍ နံပါတ်စဉ်များကို ပြန်လည် သုံးသပ်ရမည်ဖြစ်သည်။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်း ဖြစ်စေသည် အဓိက အချက် များအတွက် အနာဂတ်တွင် ဖြစ်နိုင်သည့် အလားအလာများနှင့်စပ်လျဉ်း၍ လာမည့် (၅) နှစ်

သို့မဟုတ် ဆယ်စုနှစ်အတွင်း တရားမဝင် သစ်အလွန်အကျွံထုတ်ယူခြင်း လျော့ကျစေမည်ဆိုသည့်အချက်ကို တက်ရောက်ဆွေးနွေးသူများမှ သဘောမတူညီခဲ့ကြပါ။ သံသယဖြစ်စရာ ကျန်ရှိနေသေးသော မူဝါဒ ဆိုင်ရာ အခြေအနေကို တိုးတက်ကောင်းမွန်စေခြင်းအားဖြင့် အောင်မြင်စွာ လုပ်ဆောင်နိုင်လိမ့်မည်ဖြစ် သည်။ သို့သော် တရားဝင် သစ်အလွန်အကျွံ ထုတ်ယူခြင်း လျော့နည်းစေသည့် အချက်ကို စဉ်ဆက်မပြတ် သစ်ထုတ်ရန် မှန်ကန်သည့် မူဝါဒပြောင်းလဲမှုများအပေါ် သဘောတူခဲ့ကြပါသည်။ ထင်းလောင်စာ စုဆောင်းခြင်းနှင့် မီးသွေးဖုတ်ခြင်းနှင့်စပ်လျဉ်း၍ တက်ရောက်ဆွေးနွေးသူများသည် စွမ်းအင် ချွေတာ ရေး နည်းလမ်းနှင့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်များကို စတင်အသုံးပြုခြင်းအားဖြင့် သစ်တော သယံဇာတများအပေါ် ဆိုးကျိုးသက်ရောက်မှုကို လျော့နည်းစေလိမ့်မည်ဟု ခန့်မှန်းသုံးသတ်ခဲ့ကြပါ သည်။

အဓိက သင့်လျော်သည့် မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့်ပက်သက်၍ မြန်မာ့ ရွေးချယ် ခုတ်လှဲစနစ်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် သစ်မထုတ်မီနှင့် သစ်ထုတ်ပြီး သစ်တောသယံဇာတစာရင်းကောင်းယူမှုများ တိုးတက်ကောင်းမွန်စေရန်အတွက် စီမံချက်ရေးဆွဲ ထောက်ပံ့ပေးခဲ့ပါသည်။ အစုအဖွဲ့ပိုင် သစ်တော အစီအစဉ် ပိုမိုကျယ်ပြန့်လာစေရန် တက်ရောက်ဆွေးနွေး သူများသည် လက်ရှိ အစုအဖွဲ့ပိုင် သစ်တော ညွှန်ကြားချက်များကို ပြန်လည်သုံးသပ်ရန်နှင့် အဆိုပါ ညွှန်ကြားချက်များကို ဥပဒေ အဖြစ် ပြောင်းလဲရမည်ဆိုသည့် အကြံဉာဏ်ကို သဘောတူညီခဲ့ပါသည်။ အစုအဖွဲ့ပိုင် သစ်တောများမှ ရရှိလာသည့် သစ်တောထွက် ပစ္စည်းများကို တရားဝင် ရောင်းဝယ်မှုကို လွယ်ကူချောမွေ့စေရန် ထောက်ခံခဲ့ကြပါသည်။ နိုင်ငံ ဧရိယာ၏ ၂၃ ရာခိုင်နှုန်းရှိသည့် တောင်ယာ ခုတ် ထွင်မှု တည်ငြိမ်စေခြင်းဆိုင်ရာ မဟာဗျူဟာများကို အကဲဖြတ်ခြင်းနှင့် စိစစ်တည်းဖြတ်ရာတွင် လိုအပ် ချက်နှင့် ထောက်ပံ့ပေးမှုများကိုလည်း ထည့်သွင်းစဉ်းစားရန် ထောက်ခံချက်များပေးခဲ့ပါသည်။

*ပိတ်ပွဲအခမ်းအနား*

- နိုင်ငံအဆင့်REDD+ လုပ်ငန်းစဉ်များ အဆိုပြုခြင်းသည် ပြန်လည်ပြုပြင်ခြင်း အခန်းကဏ္ဍ များဖြစ်ပြီး REDD+ မှ ရရှိလာမည့် အကျိုးကျေးဇူး အများအပြားရရှိလာနိုင်ပါသည်။
- လက်ရှိ မူဝါဒများ၊ ဥပဒေများနှင့် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များသည် REDD+နှင့် လိုက်ဖက်ညီပါသည်။ ထို့ကြောင့် ချဉ်းကပ်မှုပုံစံအသစ်သည် လက်ရှိ အစီအစဉ်များနှင့်ဆက်စပ် သော ကျွမ်းကျင်မှုကို ပိုမိုတိုးတက်စေရန် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါသည်။

**REDD+ လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ ဒေသအဆင့် ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲ**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**(၂၀၁၃ ခုနှစ်၊ မေလ ၃၀) တက်ရောက်ဆွေးနွေးသူများ - (၆၃) ဦး**

**(က) အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်**

| | | |
|---|---|---|
| ဖွင့်ပွဲအခမ်းအနား | အဖွင့်အမှာစကားမြွက်ကြားခြင်း | ဦးကျော်ဌေး<br>သတ္တဝါနှင့်သစ်တောဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီး |
| | REDD+ ၏ သဘောသဘာဝများကို တင်ပြခြင်း | ဒေါက်တာသောင်းနိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန |
| အလုပ်ရုံဆွေးနွေးပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းများ | REDD+ လမ်းပြမြေပုံ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်နှင့်<br>REDD+ အဆင်သင့်ဖြစ်စေရေး စီမံအုပ်ချုပ်မှု | ဒေါက်တာသောင်းနိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန |
| | REDD+နည်းဗျူဟာများဖွံ့ဖြိုးတိုးတက်မှုနှင့် ရွေးချယ်ခြင်း | ဒေါက်တာရီစီနေဝင်း<br>ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန |
| | ဆက်နွယ်ပတ်သက်သူများ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း<br>REDD+ မူဘောင်နှင့် Safeguards များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း | ဦးနန္ဒဝင်းအောင်<br>ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန |
| အုပ်စုဖွဲ့ဆွေးနွေးခြင်း | အုပ်စု(၁) သစ်တောပြုန်းတီးခြင်းနှင့်သစ်တောအတန်းအစားကျဆင်းစေသည့် အချက်များ၊ သင့်တော်သည့် REDD+ မဟာဗျူဟာများ နှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊<br>အုပ်စု(၂) ဆက်စပ်ပက်သက်သူများ ပူးပေါင်းပါဝင်စေခြင်းနှင့် လုံခြုံမှုများ | |
| | ဆွေးနွေးမှုရလဒ်များအား ပြန်လည်တင်ပြခြင်း | |

| ပိတ်ပွဲအခမ်းအနား | နိဂုံးချုပ်အမှာစကား ပြောကြားခြင်း | ဦးကျော်ကျော်လွင်<br>ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီး၊ |
|---|---|---|

**(ခ) အဓိက အကြံပြုချက်များ/မေးခွန်းများနှင့် ဆွေးနွေးချက်များ**

*ပဲခူးတိုင်းဒေသကြီး၊ သစ်တောနှင့် သတ္တု ဝန်ကြီး ဦးကျော်ငွေးမှ အဖွင့် အမှာစကား မြွက်ကြားခြင်း*

- သစ်တောများ တည်ရှိခြင်းသည် အတန်းအစား ကျဆင်းနေသည့် နေရာများနှင့် ပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များ ကို ကာကွယ်ရန်အတွက် အလွန်ကြီးသည့် အခန်းကဏ္ဍ ဖြစ်ပါသည်။
- ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံ၏ အချက်အချာကျသည့် နေရာဖြစ်ပြီး အဓိက မြစ်များ၏ ရေဝေရေလဲဒေသများဖြစ်ပါသည်။ သို့သော် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းသည် ပဲခူးတိုင်းဒေသကြီးတွင် အဆိုးရွားဆုံးဖြစ်ပါသည်။

**စာတမ်းများအလိုက် မေးခွန်းများနှင့် ပြန်လည် ဖြေကြားချက်များ**

| စဉ် | မေးခွန်းများ |
|---|---|
| ၁။ | ခြုံပုတ်များနှင့် အင်တိုင်းတောများအကြားရှိ ကွဲပြား ခြားနားမှုက ဘာလဲ။ REDD+ တွင် ခြုံပုတ်တောများ ပါဝင်ပါသလား။ A1 မီးဖိုက ဘာလဲ။ |
| ၂။ | စိုက်ပျိုးရေးသည် သစ်တောပြုန်းတီးခြင်း ဖြစ်စေသည့် အချက်တစ်ချက်ဖြစ်ပြီး စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းကို လျှော့ချရန် လိုအပ်သည် ဆိုသည်မှာ ဘာကို ဆိုလိုပါသနည်း။ နိုင်ငံ၏ ဝင်ငွေ တိုးတက်ကောင်းမွန်စေရန် နိုင်ငံ၏ ဦးစားပေးသည် စိုက်ပျိုးရေး ဖြစ်သည်ဆိုသည်မှာ မှန်သလား။ |
| ၃။ | ဒေသအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံအဆင့် လမ်းပြမြေပုံ ကောင်းမွန်စေရန် REDD+ နည်းဗျူဟာများအပေါ် SWOT ခွဲခြမ်း စိတ်ဖြာရန် အရေးကြီးပါသည်။ |
| ၄။ | မည်သူများမှ အကောင်အထည်ဖော်ဆောင်ရွက်မည်နည်း။ |
| ၅။ | မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင် REDD+ အကောင်အထည်ဖော်ဆောင်ရွက်မည်နည်း။ နိုင်ငံတစ်ဝှမ်းလုံးတွင် REDD+ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်လား။ |
| ၆။ | ဆက်စပ်ပက်သက်သူများအားလုံး REDD+ တွင် ပါဝင် ဆောင်ရွက်လိမ့်မည်လား။ |

| စဉ် | ပြန်လည်ဖြေကြားချက်များ |
|---|---|

| | |
|---|---|
| ၁။ | ခြုံပုတ်တောများသည် သစ်တောမဟုတ်သည့်အတွက် REDD+ တွင် မပါဝင်ပါ။ A1 မီးဖိုသည် အစားအစာချက်ပြုတ်ရာတွင် လောင်စာသုံးစွဲမှု၏ သုံးပုံ တစ်ပုံ သက်သာစေရန် ပုံစံထုတ် လုပ်ထားခြင်း ဖြစ်ပါသည်။ A1 မီးဖို တစ်ဖိုလျှင် မြန်မာငွေ ၁၀၀၀ - ၁၅၀၀ကျပ် သာ ကုန်ကျ ပါသည်။ |
| ၂။ | စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းသည် သစ်တောပြုန်းတီးခြင်းဖြစ်စေသည့် အချက်များတွင် နံပါတ် (၄) ဖြစ်ပါသည်။ စိုက်ပျိုးမြေ ချဲ့ထွင်မည့်အစား ပိုမို ကောင်းမွန်သည့် စိုက်ပျိုးရေး နည်းစနစ်များဖြင့် ထုတ်ကုန်တိုးတက်စေရန် ဆောင်ရွက်သင့်သည်။ မြေအသုံးချမှုများအပေါ် သဘောထားကွဲလွဲမှုများရှိပြီး ပြင်ဆင်ခြင်းအဆင့်သည် အဆိုပါ အချက်အား လေးလေးနက်နက် ဆွေးနွေးရန် အခွင့်အရေး တစ်ခု ဖြစ်ပါသည်။ အမြဲတမ်း သစ်တောများသည် ၄၀ ရာခိုင်နှုန်းအောက် ရောက်ရှိနေသည့်အတွက် သစ်တောမြေများ ပိုမို များပြားလာစေရန်အတွက် အရေးကြီးပါသည်။ |
| ၃။ | လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံမှုများ ပါဝင်သည့် SWOT ခွဲခြမ်း စိတ်ဖြာခြင်းကို လမ်းပြမြေပုံ ရေးဆွဲနေစဉ်အတွင်း နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့မှ စီမံခန့်ခွဲမည် ဖြစ်ပါသည်။ |
| ၄။ | ပြင်ဆင်ခြင်းအဆင့်တွင် ဆက်စပ်ပက်သက်သူများအားလုံး ပါဝင်နိုင်ပါသည်။ လုံခြုံမှု စနစ်ဖွံ့ဖြိုးတိုးတက်မှုသည် REDD+ Task force ရုံးခန်း၏ တာဝန်ဝတ္တရားဖြစ်သော်လည်း နိုင်ငံအဆင့် ဆက်စပ်ပက်သက်သူများ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရလိမ့်မည်ဖြစ်ပါသည်။ |
| ၅။ | နိုင်ငံတဝှမ်းလုံးတွင် REDD+ အကောင်အထည်ဖော်ဆောင်မည်မှာ မှန်ကန်ပါသည်။ သို့သော် ရံပုံငွေ နှင့် နည်းပညာ ကန့်သတ်ချက်ကြောင့် တပြိုင်နက်တည်း တစ်နိုင်ငံလုံးအားဖြင့် အကောင်အထည်ဖော်ဆောင်နိုင်မည် မဟုတ်ပေ။ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှု မြင့်မားသည့် နေရာများတွင် REDD+ အကောင်အထည်ဖော်ရန် အဓိက ဦးစားပေးပါသည်။ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းဖြစ်သည့် နေရာများကို သတ်မှတ်ရန် အဆင့် (၅) ဆင့် ရှိပါသည်။ စီမံကိန်းများအားလုံးသည် နိုင်ငံအဆင့် လုံခြုံမှုဆိုင်ရာ လိုအပ်ချက်များကို လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ |
| ၆။ | ခွဲခြားဆက်ဆံမှု မရှိပါ။ ပိုမိုကောင်းမွန်သည့် REDD+ အတွက် ဆက်စပ်ပက်သက်သူများအားလုံး ပါဝင်ဆောင်ရွက်နိုင်သည်။ အချို့သော ဆက်စပ်ပက်သက်သူတို့သည် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် စိတ်ဝင်စားမှုများ လိုအပ်ပါသည်။ သို့သော် သီအိုရီ တစ်ခုချင်းစီနှင့် ဆက်စပ်ပက်သက်သူများအားလုံးသည် မတူကွဲပြားသည့် အခန်းကဏ္ဍများတွင် REDD+ ကို ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ |

**<u>အုပ်စုဖွဲ့ဆွေးနွေးခြင်း</u>**

ပဲခူးတိုင်းဒေသကြီးတွင် တရားဝင်နှင့် တရားမဝင် မီးသွေးဖုတ်ခြင်းသည် သစ်အလွန်အကျွံထုတ်ခြင်းထက် သစ်တောအတန်းအစားကျဆင်းမှုဖြစ်စေသော သိသာထင်ရှားသည့် အချက်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် ထင်းလောင်စာ ခုတ်ယူခြင်းနှင့် မီးသွေးဖုတ်ခြင်းကို သစ်တောအတန်းအစား ကျဆင်းစေသည့် အဓိက အချက်အဖြစ် သတ်မှတ်ရန် လိုအပ်ပါသည်။

လူဦးရေတိုးပွားလာသည်နှင့်အမျှ မျော၊ တိုင် လိုအပ်ချက်များ မြင့်မားလာသော်လည်း မီးသွေးဖုတ်ခြင်းသည် သစ်တောအတန်းအစား ကျဆင်းစေမှုကို ဖြစ်စေသည့် အရေးကြီးဆုံး အချက်ဖြစ်ပါသည်။ တရားမဝင် သစ်ခိုးထုတ်သူများသည် ဈေးကွက်ဝင် သစ်များကိုသာ ခုတ်ယူသော်လည်း မီးသွေးဖုတ်သူများမှာ အပင်ငယ်များ (၄ စင်တီမီတာ မှ ၅ စင်တီမီတာ အချင်းရှိသော) အပါအဝင် အပင်အားလုံးကို ခုတ်ယူလေ့ရှိကြပါသည်။ ပဲခူးတိုင်း ဒေသကြီးတွင် မီးသွေးဖုတ်ခြင်းသည် အဆိုးရွားဆုံးအချက်ဖြစ်ကြောင်း သတ်မှတ်ရန်အတွက် တိကျ သော သတင်းအချက်အလက်များရှိကြောင်း မြန်မာ စိမ်းရောင်စို ကွန်ယက်မှ အကြံပြုခဲ့ပါသည်။ အခြား တဖက်တွင်လည်း ဒေသခံများမှ မိသားစုသုံး ထင်းလောင်စာ ထုတ်ယူခြင်းသည် သစ်တော အတန်း အစားကျဆင်းမှုဖြစ်စေခြင်းအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်မှု မရှိပါ။ ထို့ပြင် ပြည်သူ လူထု အနေဖြင့် မိမိ အိမ်သုံး ထင်းလောင်စာ သုံးစွဲရန်အတွက် ကိုယ်ပိုင် လယ်မြေများတွင် သစ်ပင်များ စိုက်ပျိုး သင့်ပါသည်။ မီးသွေးဖုတ်ခြင်းအပေါ် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်စေခြင်းနှင့် နှိမ်နင်းခြင်းသည် သဘာဝ သစ်တောအရင်းအမြစ်များအပေါ် မှီခိုနေရသည့် ဒေသခံအစုအဖွဲ့များအား ပြစ်ဒဏ်ပေးရန် ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် ကျေးရွာသုံးစိုက်ခင်းများ၊ အစုအဖွဲ့ပိုင်သစ်တော စိုက်ခင်းများ၊ ဉယျာဉ်ခြံ စိုက်ပျိုးခြင်း၊ သီးနှံ သစ်တောရောနှော စိုက်ခင်းများ တည်ထောင်ခြင်းနှင့် လှေခါးထစ် စိုက်ပျိုးခြင်း နည်းပညာများ၊ REDD+ လုပ်ငန်းစဉ်များ သို့မဟုတ် သစ်ထုတ်လုပ်သည့် နည်းစနစ်များ ဖွံ့ဖြိုးတိုးတက် စေရန် ဆောင်ရွက်ရလိမ့်မည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးတွင် တရားဝင်နှင့် တရားမဝင် သစ်ထုတ်ခြင်းများ ရှိနေသေးပါသည်။ ၁၉၈၈ ခုနှစ်ကာလဝန်းကျင်မှစ၍ ပဲခူးတိုင်းဒေသကြီးတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းသည် ပိုမိုဆိုးရွားလာခဲ့ပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် ကုမ္ပဏီများမှ သစ်ထုတ်ယူ ခြင်းအပေါ် ကြီးကြပ်စစ်ဆေးမှု အားနည်းပါသည်။ တရားမဝင်သစ်ထုတ်ခြင်းသည် အဓိက အချက်ဖြစ် သည့်အတွက် ဥပဒေဖြင့် ပိုမို တင်းကြပ်စွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ REDD+ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးတွင် သစ်အလွန်အကျွံ ထုတ်မှု ထိန်းချုပ် ခြင်း၊ စောင့်ကြည့်လေ့လာသည့် စနစ်ကောင်းမွန်စေခြင်းနှင့် ဥပဒေဖြင့် ပိုမို တင်းကြပ်စွာ ဆောင်ရွက်ခြင်း သည် ဦးစားပေးနှင့် အရေးကြီးဆုံးဖြစ်ပါသည်။ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေရန် ၎င်းတို့ သစ်ထုတ်ခဲ့သည့် နေရာများတွင် အပင်များ ပြန်လည်စိုက်ပျိုးရလိမ့်မည် ဖြစ်ပါသည်။

တရားဝင်နှင့်တရားမဝင် သစ်ထုတ်ခြင်းအပါအဝင် ထင်းလောင်စာ ထုတ်ယူခြင်းနှင့် မီးသွေးဖုတ် ခြင်းသည် သစ်တောအတန်းအစားကျဆင်းခြင်းဖြစ်စေသည့် အကြီးမားဆုံး အကျိုးသက်ရောက်မှု အချက်ဖြစ်ကြောင်း အတည်ပြုခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်း ကို သစ်တောအတန်းအစားကျဆင်းစေသည့် အချက်များတွင် အကျိုးသက်ရောက်မှု နံပါတ် (၃) တွင် သတ်မှတ်ခဲ့ပါသည်။

စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ ဆည်တမံများနှင့် အဆောက်အဦးများ တည်ဆောက်ခြင်း၊ သတ္တုတူးဖော် ခြင်း၊ မြို့ပြ ချဲ့ထွင်လာခြင်းသည်လည်း ပဲခူးတိုင်းဒေသကြီးတွင် သစ်တောအတန်းအစားကျဆင်းခြင်း ဖြစ်စေသည့် အချက်များ ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင်

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အဓိက ဦးစားပေးဖြစ်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဖြစ်ခြင်းနှင့် ဆက်သွယ်သွားလာမှု လွယ်ကူခြင်းသည် လည်း ဆွဲဆောင်မှု တစ်ခု ဖြစ်ပါသည်။

REDD+ မဟာဗျူဟာများသည် ရှင်းလင်းစွာ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်၊ နယ်နိမိတ် သတ်မှတ်ခြင်းနှင့် ရှင်းလင်း တိကျသော မြေအသုံးချမှု စီမံကိန်းပုံစံကိုလည်း သေချာစွာ သတ်မှတ်ရလိမ့် မည်ဖြစ်သည်။ သစ်တောဦးစီးဌာနမှ ရေးဆွဲချမှတ်ထားသော နှစ် (၃၀) မဟာ စီမံချက်သည် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ပိုမို မြင့်တင်ခြင်းအပါအဝင် REDD+ မဟာ ဗျူဟာများကိုလည်း ကူညီ ထောက်ပံ့ပေးနိုင်လိမ့်မည်ဖြစ်သည်။ ပုဂ္ဂလိက ကုမ္ပဏီများသို့ စိုက်ခင်းတည်ထောင်ခွင့်ပြုခဲ့သော်လည်း အချို့သည် သစ်တောဦးစီးဌာနမှ ခွင့်ပြုပေးခဲ့သည့် စိုက်ခင်းအမာဏကို ပြည့်စုံစွာ တည်ထောင်ခြင်းများ မရှိခဲ့ပါ ။ ထို့ကြောင့် အဆိုပါ ကုမ္ပဏီများမှ စိုက်ခင်းတည်ထောင်ခြင်းမရှိလျှင် ခွင့်ပြုပေးခဲ့သည့် မြေများကို ပြန်လည်ရုပ်သိမ်းပြီး ဒေသခံအစုအဖွဲ့များသို့ သစ်တော ဓမ္မတာ မျိုးစပ်ခြင်းနှင့် သီးနှံ သစ်တော ရောနှောစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးသင့်ပါသည်။

လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်တောနယ်မြေများတွင် စိုက်ပျိုးမြေ ချဲ့ထွင်မှုများ ရှိလာခဲ့ ပါသည်။ ထို့ကြောင့် သစ်တောနယ်မြေများအတွင်း စိုက်ပျိုးမြေချဲ့ထွင်မှုကို လျှော့ချပြီး လက်ရှိ စိုက်ပျိုး မြေများ၏ ထုတ်လုပ်နိုင်စွမ်းအား ပိုမို ကောင်းမွန်လာစေရန်အတွက် ဆောင်ရွက်ရလိမ့်မည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အချို့သော နေရာများတွင် သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင် ရွက်နေသောကြောင့် ဒေသခံများ၏ အစုအဖွဲ့ပိုင် သစ်တောများ ဆုံးရှုံး ပျက်စီးလျက်ရှိပါသည်။ ထို့ကြောင့် REDD+ လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သော ဆင်းရဲသည့် ဒေသခံ အစုအဖွဲ့ များအား မြေနှင့် သစ်တော ပိုင်ဆိုင်ခွင့်များ ထောက်ပံ့ပေးရန် အစုအဖွဲ့ပိုင် သစ်တော ညွှန်ကြားချက် ဥပဒေကို ဘာသာပြန်ဆိုရန် လိုအပ်လိမ့်မည်ဖြစ်ပါသည်။

တိုင်းရင်းသား လူမျိုးစုများနှင့် အမျိုးသမီးများ၏ ကောင်းမွန် ထိရောက်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်းနှင့် ညှိနှိုင်းဆွေးနွေးစေခြင်းကို မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။ ပဲခူးတိုင်းဒေသကြီး တွင် ကရင်၊ ချင်း၊ ရှမ်းနှင့် ပအို့ဝ် ကဲ့သို့သော တိုင်းရင်းသား လူမျိုးစုများ နေထိုင်ပါသည်။ ဘာသာရေး ဆိုင်ရာ ကွန်ယက်များ အသုံးပြုခြင်းသည် တိုင်းရင်းသား လူမျိုးစုများ ပူးပေါင်းပါဝင်စေရန်အတွက် အကောင်းမွန်ဆုံး နည်းလမ်းဖြစ်ပါသည်။

REDD+ လုပ်ငန်းများတွင် ထင်းလောင်စာ သုံးစွဲခြင်းအစား စွမ်းအားမြင့် မီးဖိုများ မိတ်ဆက် သုံးစွဲစေခြင်းအားဖြင့် အမျိုးသမီးများအား ပူးပေါင်းပါဝင်ဆောင်ရွက် လာစေနိုင်ပါသည်။ REDD+ လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသသုံး ဘာသာစကားများအဖြစ် ဘာသာပြန်ဆိုရန် လိုအပ်ပါသည်။ ထို့ပြင် ရိုးရာ ပွဲတော်များတွင် ပူးပေါင်းပါဝင်ခြင်းသည်လည်း REDD+ လုပ်ငန်းများတွင် ပါဝင်လာစေ ခြင်းကို လွယ်ကူချောမွေ့စေလိမ့်မည် ဖြစ်ပါသည်။

REDD+ မှ ရရှိလာမည့် အကျိုးအမြတ်များကို မည်သူတို့မှ ရရှိလိမ့်မည်နည်း။ အစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူများအဖွဲ့သည် အကျိုးအမြတ် ခွဲဝေခြင်းအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ REDD+ မှရရှိသည့် အကျိုးအမြတ် ခွဲဝေခြင်းကို

ဆက်စပ်ပက်သူများအားလုံး သဘောတူလက်ခံနိုင် သည့် ဥပဒေတစ်ရပ် သတ်မှတ်ရလိမ့်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ အတားအဆီးများကဘာလဲ။ ပုဂ္ဂလိက အခန်းကဏ္ဍနှင့် အစိုးရသည် အစဉ်အလာ သို့မဟုတ် ရိုးရာ အစုအဖွဲ့ပိုင်မြေ ပိုင်ဆိုင်ခွင့်နှင့်ပက်သက်၍ ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ carbon rent ရှာဖွေမည်ဆိုလျှင် မြေသိမ်းဆည်းမှုများ ဖြစ်ပေါ်လာလိမ့်မည်ဖြစ်ပါသည်။ carbon rent သည် အိမ်ထောင်စု မဟာဗျူဟာ များ ဖွံ့ဖြိုးခြင်းနှင့် ပြောင်းလဲခြင်းအတွက် ထောက်ပံ့နိုင်ခြင်းမရှိလျှင် အခက်အခဲ အတားအဆီးများ ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။ REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်သည့် သူများထံ အကျိုးအမြတ်များ မရောက်ရှိခြင်းသည်လည်း အခက်အခဲအတားအဆီး တစ်ခုဖြစ်ပါသည်။

---

**REDD+ လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ ဒေသအဆင့် ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲ**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**
**(၂၀၁၃ ခုနှစ်၊ ဇွန်လ ၅) တက်ရောက်ဆွေးနွေးသူများ - (၇၁) ဦး**

**(က) အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်**

| | | |
|---|---|---|
| ဖွင့်ပွဲအခမ်းအနား | အဖွင့်အမှာစကားမြွက်ကြားခြင်း | ဦးစိုင်းအောင်မြတ်<br>ရှမ်းပြည်နယ်<br>ဝန်ကြီးချုပ်၊ |
| | **REDD+** ၏ သဘောသဘာဝများကို တင်ပြခြင်း | ဒေါက်တာသောင်းနိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန |
| အလုပ်ရုံဆွေးနွေးပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းများ | **REDD+** လမ်းပြမြေပုံ ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်နှင့်<br>**REDD+** အဆင်သင့်ဖြစ်စေရေး စီမံအုပ်ချုပ်မှု | ဒေါက်တာသောင်းနိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန |
| | **REDD+**နည်းဗျူဟာများဖွံ့ဖြိုးတိုးတက်မှုနှင့် ရွေးချယ်ခြင်း | ဒေါက်တာရိုစီနေဝင်း<br>ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန |
| | ဆက်နွယ်ပတ်သက်သူများ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း<br>**REDD+** မူဘောင်နှင့် **Safeguards** များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း | ဦးနန္ဒဝင်းအောင်<br>ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန |
| အုပ်စုဖွဲ့ဆွေးနွေးခြင်း | အုပ်စု(၁) သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းစေသည့် အချက်များ၊ သင့်တော်သည့် **REDD+** မဟာဗျူဟာများ နှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊<br>အုပ်စု(၂) ဆက်စပ်ပက်သက်သူများ ပူးပေါင်း ပါဝင်စေခြင်းနှင့် လုံခြုံမှုများ | |
| | ဆွေးနွေးမှုရလဒ်များအား ပြန်လည်တင်ပြခြင်း | |

| ပိတ်ပွဲအခမ်းအနား | နိဂုံးချုပ်အမှာစကား ပြောကြားခြင်း | ဦးဝင်းဇော်<br>ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန<br>ရှမ်းပြည်နယ် |
|---|---|---|

**(ခ) အဓိက အကြံပြုချက်များ/မေးခွန်းများနှင့် ဆွေးနွေးချက်များ**

*ရှမ်းပြည်နယ်၊ ဝန်ကြီးချုပ် ဦးစိုင်းအောင်မြတ်မှ အဖွင့် အမှာစကား မြွက်ကြားခြင်း*

- ရေဝေရေလဲဒေသ ထိန်းသိမ်းကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ခြင်း၊ မြေဆီလွှာ တိုက်စားမှ ထိန်းချုပ်ခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောများသည် အလွန်အရေး ကြီးပါသည်။
- မြန်မာနိုင်ငံ၏ ဒုတိယ အကြီးဆုံး ကုန်းတွင်းပိုင်း ရေကန်နှင့် အာဆီယံ အမွေအနှစ်ဖြစ်သည့် အင်းလေးကန် ရေရှည်တည်တံ့စေခြင်းသည် အင်းလေးကန် ရေဝေရေလဲဒေသများရှိ သစ်တော များအပေါ် လွန်စွာ မှီခိုနေပါသည်။
- ၂၀၁၀ ခုနှစ်တွင် ရှမ်းပြည်နယ်၌ ရှည်လျားစွာ မိုးခေါင်ရေရှားမှုဖြစ်ပေါ်ခြင်းသည် လူမှုစီးပွားရေး အပေါ် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများဖြစ်စေသော သစ်တောပြုန်းတီးခြင်း၊ သစ်တော အတန်းအစားကျဆင်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း ဖြစ်ပေါ်မှုများကို ပိုမို ဖြစ်စေခဲ့ပါသည်။

**<u>စာတမ်းများအလိုက် မေးခွန်းများနှင့် ပြန်လည် ဖြေကြားချက်များ</u>**

| စဉ် | မေးခွန်းများ |
|---|---|
| ၁။ | ပုဂ္ဂလိက ကဏ္ဍနှင့် ဒေသခံ အစုအဖွဲ့ ကဲ့သို့သော မတူကွဲပြားသည့် ဆက်စပ်ပက်သက်သူများ အားလုံးသည် carbon credit ကို မည်ကဲ့သို့ အကျိုးအမြတ် ရရှိနိုင်မည်နည်း။ မတူကွဲပြားသည့် ဆက်စပ်ပက်သက်သူများအတွက် ဥပဒေ သတ်မှတ်ပေးရမည်လား။ |
| ၂။ | တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုသည် နေရာဒေသ တစ်ခုနှင့် တစ်ခု ကွဲပြားသည့်အတွက် လုံခြုံမှုဆိုင်ရာ မဟာဗျူဟာများကို လိုက်လျောညီထွေစေရန်ဆောင်ရွက်ရလိမ့်မည်ဆိုလျှင် ကောင်းမွန်နိုင်မည်လား။ |
| ၃။ | REDD+ ဆောင်ရွက်မည့် နေရာများ ရွေးချယ်ခြင်းအတွက် မည်သည့် အညွှန်းများ အသုံးပြု မည်နည်း။ |
| ၄။ | သစ်တောပြုန်းတီးခြင်းကို ထိန်းချုပ်ရန် မူဝါဒ တစ်ခုတည်းဖြင့် မလုံလောက်သည့်အတွက် ဒေသခံ အစုအဖွဲ့များ၏ အသက်မွေးဝမ်းကြောင်းမှုကို စဉ်းစားရန် အရေးကြီးပါသည်။ ၎င်းတို့၏ |

| | |
|---|---|
| | စားဝတ်နေရေးနှင့် အိမ်ယာများသည့် အခြေခံ လိုအပ်ချက်များ ဖြစ်ပါသည်။ အခြား အိမ်နီးချင်း နိုင်ငံများတွင် အိမ်ထောင်စုတိုင်းသည် အစားအစာ ချက်ပြုတ်ရန်အတွက် ဓါတ်ငွေ့ ရရှိနိုင်ပါသည်။ ထို့ကြောင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် ဒေသခံ အစုအဖွဲ့များသို့ သင့်တော်သည့် ဈေးနှုန်းဖြင့် ဓါတ်ငွေ့ ထောက်ပံပေးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ |
| ၅။ | ကောင်းမွန် ထိရောက်စွာ ပူးပေါင်းပါဝင်စေခြင်းအတွက် ဆက်စပ်ပက်သက်သူများသည် မူဝါဒ ဆုံးဖြတ်ချက်များနှင့် အသုံးပြုမည့် စနစ် ပုံစံတို့တွင် ပါဝင်ဆောင်ရွက်ရလိမ့်မည်ဖြစ်ပါသည်။ ကိုယ်စားလှယ်ရွေးချယ်ခြင်းအတွက် top down ရွေးချယ်ခြင်းထက် အစုအဖွဲ့များမှ ကိုယ်တိုင်ရွေးချယ်ခြင်းသည် အကောင်းဆုံး ဖြစ်လိမ့်မည်ဖြစ်ပါသည်။ |

| စဉ် | ပြန်လည်ဖြေကြားချက်များ |
|---|---|
| ၁။ | အကျိုးအမြတ် ခွဲဝေခြင်း လုပ်ငန်းစဉ်သည် REDD+ ပြင်ဆင်ခြင်း၏ အရေးကြီးသည့် အစိတ်အပိုင်း တစ်ခု ဖြစ်လိမ့်မည် ဖြစ်ပါသည်။ အချိန်တိုအတွင်း ကောင်းမွန် မပြည့်စုံနိုင်သော်လည်း အဓိကအားဖြင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပါသည်။ ခွဲဝေပေးမည့် သူနှင့် ခွဲဝေပေးမှု တစ်ခုခြင်းစီကို ရရှိစေရန် ဆောင်ရွက်ရမည့်အချက်တို့ လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်ကို လက်ရှိ သို့မဟုတ် အစဉ်အလာများအပေါ် အခြေခံ၍ တည်ဆောက်ရမည် ဖြစ်ပါသည်။ |
| ၂။ | တောင်ငူတွင် စာသင်ကျောင်းများ ထောက်ပံ့ပေးခြင်းနှင့် ကျောင်းဥယျာဉ် အစီအစဉ်များ တည်ထောင်ခြင်းအားဖြင့် အစုအဖွဲ့ လူမှု လိုအပ်ချက်များ ပံ့ပိုးပေးခြင်းအတွက် သစ်တောဦးစီးဌာနအနေဖြင့် ရှေ့ပြေးလုပ်ငန်း အတွေ့အကြုံများရှိပါသည်။ သီးနှံ သစ်တော ရောနှောစိုက်ပျိုးခြင်းသည် ရွှေ့ပြောင်း တောင်ယာတည်ငြိမ်စေရန် အားပေးလိမ့်မည်ဖြစ်ပါသည်။ အစုအဖွဲ့များ သို့မဟုတ် အုပ်စုများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် လိုက်လျောညီထွေမှုရှိသည့် အကျိုးအမြတ်ခွဲဝေမှု ဥပမာ ပုံစံ အများအပြား ရှိပါသည်။ အကျိုးအမြတ်ခွဲဝေမှုဆိုင်ရာ ဥပမာ အများအပြားရှိပြီး အဆိုပါ ဥပမာများဖြင့် အစုအဖွဲ့များ သို့မဟုတ် အုပ်စုများအတွက် လိုက်လျော်ညီထွေဖြစ်စေရန် ဖြည့်ဆည်းပေးရလိမ့်မည်ဖြစ်သည်။ |
| ၃။ | သစ်တောပြုန်းတီးမှု မြင့်မားသည့် နေရာများတွင် အသုံးပြုသည့် အညွှန်းများရှိပါသည်။ ရွေးချယ်မှုဆိုင်ရာ နည်းလမ်းများနှင့် REDD+ ရှေ့ပြေး လုပ်ကိုင်ခြင်းကို အတည်ပြုရန် ဒေသအဆင့် နီးနွယ် ဆက်စပ်ပက်သက်သူများကို ဖိတ်ကြားရလိမ့်မည်ဖြစ်ပါသည်။ |
| ၄။ | စွမ်းအင်ဝန်ကြီးဌာနနှင့် သက်ဆိုင်ပါသည်။ ၎င်းတို့သည် လမ်းပြမြေပုံ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်တွင် ပါဝင် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ADB, WB, JICA, UN, MOEP ကဲ့သို့သော စွမ်းအင်ဆိုင်ရာ အချက်များကို ဆွေးနွေးမည့် အဖွဲ့အစည်းအများအပြား ရှိပါသည်။ ထို့ကြောင့် ပြန်လည် ပြည့်ဖြိုးမဲ့ စွမ်းအင်ကဏ္ဍ မြင့်တင်ရန် ပံ့ပိုး ကူညီရလိမ့်မည်ဖြစ်ပါသည်။ |
| ၅။ | REDD+ ရှေ့ပြေး ဆောင်ရွက်မည့် အစုအဖွဲ့များသို့ သတင်းအချက်အလက်နှင့် အသိပညာ လုံလောက်မှု ရှိပါသည်။ သစ်တောဦးစီးဌာန သာမက အစိုးရသည် အသိပညာ တိုးတက် မြင့်မားစေခြင်းအတွက် အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လိမ့်မည် ဖြစ်ပါ |

| | |
|---|---|
| | သည်။ ကိုယ်တိုင် ရွေးချယ်မှုဖြင့် ဆောင်ရွက်လိမ့်မည်ဖြစ်ပါသည်။ |

**<u>အုပ်စုဖွဲ့ ဆွေးနွေးခြင်း</u>**

တိုင်းရင်းသား လူမျိုးစုများနှင့် အမျိုးသမီးများ၏ ကောင်းမွန် ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းနှင့် ညှိနှိုင်းဆွေးနွေးစေခြင်းကို မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။ ဒေသဆိုင်ရာ ယဉ်ကျေးမှုနှင့် အစဉ်အလာများကို လေ့လာ လိုက်နာခြင်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ဒေသသုံး ဘာသာစကားများနှင့် စကားပုံများကို အသုံးပြုရမည် ဖြစ်ပါသည်။ အစားအစာ ချက်ပြုတ်ရန်အတွက် လောင်စာထောက်ပံ့ပေးခြင်းသည် အမျိုးသမီးများကို ဆွဲဆောင်နိုင်လိမ့်မည်ဖြစ်ပြီး ဦးစားပေး ဆောင်ရွက်ရလိမ့်မည်ဖြစ်ပါသည်။ အမျိုးသမီးများနှင့် တိုင်းရင်း သား လူမျိုးစုများကို အဆိုပါ ဆန်းသစ်သည့် အတွေးအခေါ်များကို နားလည်စေရန် လုံလောက်သည့် အချိန်ပေးရလိမ့်မည်ဖြစ်ပါသည်။

REDD+ မှ ရရှိလာမည့် အကျိုးအမြတ်များကို မည်သူတို့မှ ရရှိလိမ့်မည်နည်း။ သစ်တောအပေါ် မှီခိုနေသည့် အစုအဖွဲ့များနှင့် ဆက်စပ်ပက်သက်သူများသည် ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်မှု ဆိုင်ရာ အချက်များတွင် REDD+ မှ အကျိုးအမြတ်များ ရရှိလိမ့်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲအတား အဆီးများကဘာလဲ။ အကျိုးအမြတ် ချက်ချင်း မရရှိနိုင်သည် အခက်အခဲ အတားအဆီး တစ်ခုဖြစ်ပါ သည်။ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်မှု နည်းပါးလာစေလိမ့်မည် ဖြစ်ပါသည်။ သစ်တောထွက် ပစ္စည်း များသည် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည့်အတွက် သစ်တောထွက်ပစ္စည်း အထောက်အပံ့ပေးခြင်း အပေါ် ခက်ခဲသည့် သက်ရောက်မှုများ ဖြစ်ပေါ်လာလိမ့်မည်ဖြစ်ပါသည်။ REDD+ သည် အစုအဖွဲ့များ နှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍ တို့အကြား သံသယ ဖြစ်ပေါ်ခြင်းကို ပိုမိုဆိုးရွားလာစေခြင်းသည် လည်း အခက်အခဲ အတားအဆီး တစ်ခုဖြစ်ပါသည်။

**REDD+ လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ ဒေသအဆင့် ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲ**
**ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့**
**(၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၁) တက်ရောက်ဆွေးနွေးသူများ- (၆၅) ဦး**

(က) အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

| | | |
|---|---|---|
| ဖွင့်ပွဲအခမ်းအနား | အဖွင့်အမှာစကား မြွက်ကြားခြင်း | ဦးစိုးမြင့်<br>သတ္တုနှင့်သစ်တောဝန်ကြီး<br>ဧရာဝတီတိုင်းဒေသကြီး |
| | **REDD+** ၏ သဘောသဘာဝများကို တင်ပြခြင်း | ဒေါက်တာသောင်းနိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန |
| အလုပ်ရုံဆွေးနွေးပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းများ | **REDD+** လမ်းပြမြေပုံ ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်နှင့်<br>**REDD+** အဆင်သင့်ဖြစ်စေရေး စီမံအုပ်ချုပ်မှု | ဒေါက်တာသောင်းနိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန |
| | **REDD+**နည်းဗျူဟာများဖွံ့ဖြိုးတိုးတက်မှုနှင့် ရွေးချယ်ခြင်း | ဒေါက်တာရီစီနေဝင်း<br>ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန |
| | ဆက်နွယ်ပတ်သက်သူများ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း<br>**REDD+** မူဘောင်နှင့် **Safeguards** များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း | ဦးနန္ဒဝင်းအောင်<br>ဦးစီးအရာရှိ<br>သစ်တောဦးစီးဌာန |
| အုပ်စုဖွဲ့ဆွေးနွေးခြင်း | အုပ်စု(၁) သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းစေသည့် အချက်များ၊ သင့်တော်သည့် **REDD+** မဟာဗျူဟာများ နှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊<br>အုပ်စု(၂) ဆက်စပ်ပက်သက်သူများ ပူးပေါင်း ပါဝင်စေခြင်းနှင့် လုံခြုံမှုများ | |
| | ဆွေးနွေးမှုရလဒ်များအား | |

| | | |
|---|---|---|
| | ပြန်လည်တင်ပြခြင်း | |
| ပိတ်ပွဲအခမ်းအနား | နိဂုံးချုပ်အမှာစကား ပြောကြားခြင်း | ဦးဇော်ဝင်း(၅)၊ သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး |

**(ခ) အဓိက အကြံပြုချက်များ/မေးခွန်းများနှင့် ဆွေးနွေးချက်များ**

*ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုးမြင့်မှ အဖွင့် အမှာစကား မြွက်ကြားခြင်း*

- ဒီရေတောများသည် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးမှု ထိန်းချုပ်ခြင်း၊ အစာအာဟာရ စက်ဝန်း၊ အစားအစာ လုံခြုံမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ကာဗွန် စုပ်ယူခြင်းအပါအဝင် အခြား ဂေဟဗေဒစနစ် ဝန်ဆောင်မှုများအတွက် အလွန်အရေးကြီးပါသည်။
- ဧရာဝတီတိုင်းဒေသကြီးတွင် ဒီရေတောများ ပြုန်းတီးနှုန်းသည် ဒေသခံ အစုအဖွဲ့များ၏ စိုက်ပျိုးရေး ကဏ္ဍအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိပါသည်။
- REDD+ လုပ်ငန်းစဉ်သည် ပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် လက်ရှိ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရန်နှင့် အတန်းအစား ကျဆင်းနေသည့် ဒီရေတောများ ပြန်လည်ထူထောင်ရန် အခွင့်အလမ်း တစ်ရပ်လည်းဖြစ်ပါသည်။

**အုပ်စုဖွဲ့ဆွေးနွေးခြင်း**

တိုင်းရင်းသား လူမျိုးစုများနှင့် အမျိုးသမီးများ၏ ကောင်းမွန် ထိရောက်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်းနှင့် ညှိနှိုင်းဆွေးနွေးစေခြင်းကို မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။ အကျိုးအမြတ် ခွဲဝေခြင်းအပါအဝင် သတင်းအချက်အလက် ထောက်ပံ့ပေးခြင်းသည် ရှင်းလင်းပြီး အတည်ပြုချက်များ ဖြစ်ရလိမ့်မည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူလူထုသည် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ပါသည်။ အပင်များနှင့် သစ်တောများ၏ တန်ဖိုး၊ အရေးပါမှုနှင့်ပက်သက်၍ အသိပညာတိုးတက်မြင့်မားစေရန် လုပ်ဆောင်ရလိမ့်မည်ဖြစ်ပါသည်။

REDD+ မှ ရရှိလာမည့် အကျိုးအမြတ်များကို မည်သူတို့မှ ရရှိလိမ့်မည်နည်း။ REDD+ မှ ရရှိလာသည့် အကျိုးအမြတ်များကို သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း သို့မဟုတ် အပင်များ ပြန်လည် စိုက်ပျိုးသည့် လုပ်ငန်းများတွင် အသုံးပြုရလိမ့်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီပေးခြင်းသည် REDD+ ဆိုင်ရာ ချဉ်းကပ်မှုနှင့် အထောက်အပံ့ပေးမှုများ၏ အစိတ်အပိုင်း ဖြစ်ရလိမ့်မည်ဖြစ်ပါသည်။ အကျိုးအမြတ် ခွဲဝေခြင်း လုပ်ငန်းစဉ်သည် ထာဝစဉ်နှင့် တရားဝင်ဖြစ်စေရန် ထည့်သွင်း စဉ်းစားရလိမ့်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ အတား အဆီးများက ဘာလဲ။ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုနှင့် နေရာဒေသအလိုက် ဘာသာစကား ကွဲပြားမှု များသည် ကြုံတွေ့ရသည့် အခက်အခဲ အတားအဆီးများ ဖြစ်ပါသည်။ အကျိုးအမြတ်ခွဲဝေခြင်းအတွက် မည်သူမှ တာဝန်ယူမည်နည်းဆိုသည့် အချက်မှာလည်း

အခက်အခဲတစ်ခု ဖြစ်ပါသည်။ အကျိုးအမြတ် များသည် လျှင်မြန် လုံလောက်စွာ မရရှိနိုင်လျှင် ပူးပေါင်းပါဝင် ဆောင်ရွက်မှု မရှိခြင်းနှင့် တာဝန်ဝတ္တရား လစ်ဟင်းမှုများ ဖြစ်ပေါ်လာစေနိုင်သည့် အချက်သည်လည်း အခက်အခဲ တစ်ခုဖြစ်ပါသည်။

**REDD+ လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ ဒေသအဆင့် ညှိနှိုင်းမှုအလုပ်ရုံဆွေးနွေးပွဲ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့**
**(၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈) တက်ရောက်ဆွေးနွေးသူများ- (၇၁) ဦး**

**(က) အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်**

| | | |
|---|---|---|
| ဖွင့်ပွဲအခမ်းအနား | အဖွင့်အမှာစကား မြွက်ကြားခြင်း | ဦးသန်းထိုက် သတ္တုနှင့်သစ်တောဝန်ကြီး စစ်ကိုင်းတိုင်းဒေသကြီး |
| | REDD+ ၏ သဘောသဘာဝများကို တင်ပြခြင်း | ဒေါက်တာသောင်းနိုင်ဦး ဒုတိယညွှန်ကြားရေးမှူး သစ်တောဦးစီးဌာန |
| အလုပ်ရုံဆွေးနွေးပွဲတွင် ဖတ်ကြားခဲ့သည့် စာတမ်းများ | REDD+ လမ်းပြမြေပုံ ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်နှင့် REDD+ အဆင်သင့်ဖြစ်စေရေး စီမံအုပ်ချုပ်မှု | ဒေါက်တာသောင်းနိုင်ဦး ဒုတိယညွှန်ကြားရေးမှူး သစ်တောဦးစီးဌာန |
| | REDD+နည်းဗျူဟာများဖွံ့ဖြိုးတိုးတက်မှုနှင့် ရွေးချယ်ခြင်း | ဒေါက်တာရှိစ်နေဝင်း ဦးစီးအရာရှိ သစ်တောဦးစီးဌာန |
| | ဆက်နွယ်ပတ်သက်သူများ ညှိနှိုင်းခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း REDD+ မူဘောင်နှင့် Safeguards များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ဦးနန္ဒဝင်းအောင် ဦးစီးအရာရှိ သစ်တောဦးစီးဌာန |
| အုပ်စုဖွဲ့ဆွေးနွေးခြင်း | အုပ်စု(၁) သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းစေသည့် အချက်များ၊ သင့်တော်သည့် REDD+ မဟာဗျူဟာများ နှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ | |

| | | |
|---|---|---|
| | အုပ်စု(၂) ဆက်စပ်ပက်သက်သူများ ပူးပေါင်း ပါဝင်စေခြင်းနှင့် လုံခြုံမှုများ | |
| | ဆွေးနွေးမှုရလဒ်များအား ပြန်လည်တင်ပြခြင်း | |
| ပိတ်ပွဲအခမ်းအနား | နိဂုံးချုပ်အမှာစကား ပြောကြားခြင်း | ဦးညွန့်အောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး |

**(ခ) အဓိက အကြံပြုချက်များ/မေးခွန်းများနှင့် ဆွေးနွေးချက်များ**

*စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ဝန်ကြီး ဦးသန်းထိုက်မှ အဖွင့် အမှာစကား မြွက်ကြားခြင်း*

- မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် သစ်တော ဖုံးအုပ်မှု အလွန် ကောင်းမွန်ပြီး ဒေသခံ အစုအဖွဲ့များ၏ လူမှုစီပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက် စေရန် သိသာ ထင်ရှားစွာ ပံ့ပိုး ဖြည့်ဆည်းပေးနေပါသည်။
- ကြံစိုက်ခင်းများ၊ သတ္တုတူးဖော်ခြင်း၊ အခြား မြေအသုံးချမှု လုပ်ငန်းများနှင့် တရားမဝင် သစ်ထုတ်ခြင်းများအပါအဝင် စိုက်ပျိုးမြေချဲ့ထွင်မှုများသည် သစ်တောပြုန်းတီးမှုကို ဆိုးရွားစွာ ဖြစ်ပေါ်စေပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီးရှိ သစ်တောများသည် ရေဝေရေလဲဒေသ ထိန်းသိမ်းကာကွယ်ခြင်း၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ကမ်းပါးတလျှောက် မြေဆီလွှာ တိုက်စားမှု ကာကွယ်ခြင်းအတွက် အလွန်အရေးပါသည်။ အမြဲတမ်းသစ်တောနယ်မြေများတွင် မပါဝင်သည့် သစ်တောများကိုလည်း ထိန်းသိမ်းကာကွယ်ရန် အလွန်အရေးကြီးပါသည်။

**စာတမ်းများအလိုက် မေးခွန်းများနှင့် ပြန်လည် ဖြေကြားချက်များ**

| စဉ် | မေးခွန်းများ |
|---|---|
| ၁။ | မြန်မာနိုင်ငံတွင် REDD+ ကို မည်ကဲ့သို့ ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက် မည်နည်း။ |

| စဉ် | အဖြေများ |
|---|---|
| ၁။ | မြန်မာနိုင်ငံအစိုးရသည် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ EITI ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အစိုးရမှ သဘောတူ ကတိပေး ခြင်းသည် မြန်မာနိုင်ငံတွင် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် ကြိုးပမ်းအားထုတ်ခြင်း၏ |

| | |
|---|---|
| | ကောင်းမွန်သော ဥပမာ တစ်ခု ဖြစ်ပါသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း REDD+ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှု မြှင့်တင်ခြင်းကို အတူလက်တွဲ ဆောင်ရွက်ရန် CSOs အားကြိုဆိုပါသည်။ |

**အုပ်စုဖွဲ့ဆွေးနွေးခြင်း**

တိုင်းရင်းသား လူမျိုးစုများနှင့် အမျိုးသမီးများ၏ ကောင်းမွန် ထိရောက်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်းနှင့် ညှိနှိုင်းဆွေးနွေးစေခြင်းကို မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။ စစ်ကိုင်းတိုင်း ဒေသကြီးရှိ ကချင်နှင့် လီဆူး ကဲ့သို့သော တိုင်းရင်းသား လူမျိုးစုများသည် မြန်မာ ဘာသာစကားကို ကောင်းမွန်စွာ နားလည်ခြင်းမရှိကြပါ။ ထို့ပြင် ၎င်းတို့၏ ဘာသာစကားကို ကောင်းမွန်စွာ မပြောနိုင်သည့် သူများကိုလည်း ယုံကြည်မှု မရှိကြပါ။ ထို့ကြောင့် REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် ဒေသ သုံး ဘာသာစကားများ အသုံးပြုခြင်းနှင့် ဒေသသုံး ဘာသာစကားများအဖြစ် ဘာသာပြန်ဆိုမှုများသည် အလွန်အရေးပါသည်။ ဘာသာရေးသည် တိုင်းရင်းသား လူမျိုးစုများအတွက် အလွန်အရေးကြီးပြီး ဘာသာရေး ခေါင်းဆောင်များမှတဆင့် ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းသည် ထိရောက်သည့် ချဉ်းကပ် မှုပုံစံ တစ်ခု ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုများမှ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်သည့် ဥပမာ ကောင်းများရှိပြီး ၎င်းတို့အား ဆုလာဒ်ချီးမြှင့်ခြင်းသည် အခြားသူများအား သစ်တော စီမံအုပ်ချုပ်မှုတွင် ပါဝင်လာစေရန် အားပေးလာလိမ့်မည်ဖြစ်ပါသည်။ အဆိုပါ ကောင်းမွန်သည့် ဥပမာများကို စာအုပ်များ ထုတ်ဝေရန်နှင့် ကြော်ငြာရန်လည်း လိုအပ်ပါသည်။ လက်မှုပညာနှင့် အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်း များတွင် အသေးစား ငွေချေးခြင်း သို့မဟုတ် ငွေကြေး လှည့်ပတ်မှု လုပ်ငန်းများထောက်ပံ့ပေးခြင်းသည် အမျိုးသမီးများ ပါဝင်လာစေရန် ကောင်းမွန်သည့် ဆွဲဆောင်မှု တစ်ခု ဖြစ်ပါသည်။

REDD+ မှ ရရှိလာမည့် အကျိုးအမြတ်များကို မည်သူတို့မှ ရရှိလိမ့်မည်နည်း။ အကျိုးအမြတ်ခွဲ ဝေခြင်းသည် နိုင်ငံအဆင့်နှင့် ဒေသအဆင့်ရှိ အစိုးရ အဖွဲ့အစည်းများ အပါအဝင် တိုက်ရိုက် ပါဝင် ဆောင်ရွက်သော သူများ၏ တာဝန်ဝတ္တရားများနှင့် ခွဲဝေမှု ပုံစံများအပေါ် မူတည်ပါသည်။

မြန်မာနိုင်ငံ၌ REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ အတား အဆီးများက ဘာလဲ။ REDD+ ဆောင်ရွက်ခြင်းအားဖြင့် ပုဂ္ဂလိက ကုမ္ပဏီများမှ မြေသိမ်းဆည်းမှု များကို ပိုမို အားပေးလာလိမ့်မည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍသည် အခြား စီးပွားရေးဆိုင်ရာ လုပ်ငန်း များကို ကာမိစေရန်အတွက် REDD+ လုပ်ငန်းများကို အသုံးပြုလာနိုင်ပါသည်။ ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ဒေသခံတို့မှ ပြုလုပ်နိုင်လျှင် ဒေသခံ အစုအဖွဲ့များထံသို့ အကျိုးအမြတ်များ ပိုမိုရရှိလာစေ လိမ့်မည်ဖြစ်ပါသည်။ ဒေသဆိုင်ရာ REDD+ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များ ရှိရလိမ့်မည် ဖြစ်ပါသည်။

လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ နိုင်ငံအဆင့် အတည်ပြုခြင်း အလုပ်ရုံဆွေးနွေးပွဲ
နေပြည်တော်
၂၀၁၃ ခုနှစ်၊ ဇွန်လ (၂၅) ရက်
ဆွေးနွေးပွဲ တက်ရောက်သူ (၇၇) ဦး

(က) အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

| | | |
|---|---|---|
| ဖွင့်ပွဲအခမ်းအနား | အဖွင့်အမှာစကားမြွက်ကြားခြင်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် |
| | **UN-REDD Programme** ကိုယ်စား **RECOFTC Executive Director** မှ ကျေးဇူးတင်စကားပြောကြားခြင်း၊ | |
| အလုပ်ရုံဆွေးနွေး ပွဲတွင် ဖတ်ကြား ခဲ့သည့် စာတမ်း များ | **REDD+** ၏ သဘောသဘာဝနှင့် **Roadmap** အပါအဝင် **REDD+ Readiness** လုပ်ငန်းစဉ်များ<br>မြန်မာနိုင်ငံ၏ လမ်းပြမြေပုံ ရေးဆွဲ အတည်ပြုနိုင်ရေးအတွက် ဒေသအဆင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့မှုများအား ပြန်လည်တင်ပြခြင်း | ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း) သစ်တောဦးစီးဌာန |
| | သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်း ခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းဆိုင်ရာ နည်းဗျူဟာများ ရွေးချယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့အတွက် ဒေသအဆင့် ဆွေးနွေးတိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများမှ ရလဒ်များအား ပြန်လည်တင်ပြခြင်း | ဒေါက်တာရိုစီနေဝင်း၊ ဦးစီးအရာရှိ (စီမံကိန်း) သစ်တောဦးစီးဌာန |
| | ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်မည့် မူဘောင်များချမှတ်ခြင်း၊ ပတ်ဝန်း ကျင်နှင့် လူမှုစီးပွားရေး ထိခိုက်မှုများ | ဦးနန္ဒဝင်းအောင်၊ ဦးစီးအရာရှိ (ရေဝေရေလဲအုပ်ချုပ်ရေးဌာန) သစ်တောဦးစီးဌာန |

| | | |
|---|---|---|
| | လျော့ချခြင်းဆိုင်ရာ လုံခြုံမှုများ ရေးဆွဲခြင်းတို့အတွက် အဆင့် ဆွေးနွေး တိုင်ပင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများမှ ရလဒ်များအား ပြန်လည်တင်ပြခြင်း | |
| အုပ်စုဖွဲ့ဆွေးနွေးခြင်း | ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသည့် အကြံပြုချက်များအပေါ် အုပ်စုဖွဲ့ ဆွေးနွေးခြင်း | |
| | ဆွေးနွေးမှုရလဒ်များအား ပြန်လည်တင်ပြခြင်း | |
| ပိတ်ပွဲအခမ်းအနား | နိဂုံးချုပ်အမှာ စကားပြောကြား ခြင်း | ဒေါက်တာညီညီကျော် ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန |

**(ခ) အဓိက အကြံပြုချက်များ/မေးခွန်းများနှင့် ဆွေးနွေးချက်များ**

_ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် (သစ်တော) နှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင် (ပတ်ဝန်းကျင်) တို့မှ အဖွင့် အမှာစကား မြွက်ကြားခြင်း_

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ၏ Oslo တွင် နော်ဝေနိုင်ငံအစိုးရက လမ်းပြမြေပုံအကောင်အထည်ဖော်ခြင်းမှစ၍ REDD+ အသင့်ပြင်ဆင်မှု လုပ်ငန်းစဉ်တွင် ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက် ရှိကြောင်း ပြသခဲ့ပါသည်။
- လမ်းပြမြေပုံကို အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် CSO တို့မှ ကိုယ်စားလှယ်များ ပါဝင်သော နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (၃) ဖွဲ့မှ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည်။ နော်ဝေနိုင်ငံအစိုးရနှင့် UN-REDD တို့က ငွေကြေး ထောက်ပံ့ပြီး RECOFTC နှင့် UN-REDD တို့က နည်းပညာပံ့ပိုးမှုပေးပါသည်။
- လမ်းပြမြေပုံကို ကနဦး အမျိုးသားအလုပ်ရုံဆွေးနွေးပွဲ တစ်ခုပါဝင်သည့် အားလုံး ပါဝင်သော ဆွေးနွေးပွဲလုပ်ငန်းစဉ် အတောအတွင်း ပြန်လည်စစ်ဆေးသုံးသပ်ခဲ့ ပါသည်။ ၎င်းနောက်တွင် တိုင်းဒေသကြီး အလုပ်ရုံဆွေးနွေးပွဲ (၄) ခုကို ပဲခူးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ မေလနှင့်ဇွန်လများတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆက်စပ်ပက်သက်သူများပါဝင်

သည့် ဆွေးနွေးပွဲ လုပ်ငန်းစဉ်များသည် အနာဂတ်ပဋိပက္ခများကို တားဆီးရေး၊ လမ်းပြမြေပုံ အရည်အသွေးနှင့် ပိုင်ဆိုင်မှုတို့ကို မြှင့်တင်ရေးတွင် အလွန်အရေးကြီးပါသည်။

- အဆိုပါ လုပ်ငန်းစဉ်၏ ဖွင့်ပွဲအခမ်းအနားများသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရများဖြစ်သည့် သတ္တုနှင့်သစ်တောဝန်ကြီးများကဲ့သို့ အရေးပါသော ဆက်စပ်ပက်သက်သူများ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး နည်းပညာဆိုင်ရာ တင်ပြချက်များကို နားထောင်ခဲ့ကြရာ လမ်းပြမြေပုံ ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များသည် အာရုံစိုက်မှု ရရှိခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရဝန်ကြီးဌာနများအတွက် သီးသန့်ကန့်သတ် ထားခြင်းမရှိပဲ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ သစ်တောအသုံးချသူများ အဖွဲ့၊ ဒေသခံပြည်သူများ၊ မီဒီယာများ စသည်တို့က အလုပ်ရုံဆွေးနွေးပွဲများတွင် တက်တက်ကြွကြွ ပါဝင်ကူညီခဲ့ကြသည်။
- တိုင်းဒေသကြီး အလုပ်ရုံဆွေးနွေးပွဲများတွင် အများဆုံး ဆွေးနွေးသည့် အချက်များမှာ အကျိုးကျေးဇူးခွဲဝေခြင်းနှင့် သက်ဆိုင်သည့် အချက်များပင်ဖြစ်သည်။ ထို့ကြောင့် အသင့် ပြင်ဆင်ပြီး အဆင့်၃ ဤကိစ္စအပေါ် လိုအပ်သောအာရုံစိုက်မှုပေးရန် လိုအပ်ပါသည်။
- လမ်းပြမြေပုံနှင့် ၎င်းတွင်ပါဝင်သော အကြောင်းအရာများသည် စာရွက်ပေါ်မှာသာ ရှိမနေသင့်ပဲ မိမိနိုင်ငံနှင့် နိုင်ငံတကာမူဘောင်များနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

*<u>RECOFTC၊ အမှုဆောင်ညွှန်ကြားရေးမှူး၊ ဒေါက်တာတင့်လွင်သောင်းမှ ကျေးဇူးတင်စကား ပြောကြားခြင်း</u>*

ဒေါက်တာတင့်လွင်သောင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ REDD+ လမ်းပြမြေပုံရေးဆွဲခြင်းတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ပြုခဲ့ပါသည်။ REDD+ လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ထောက်ပံ့ရန်အတွက် နော်ဝေအစိုးရတွင် အပြုသဘောဆောင်သော တုန့်ပြန်မှုနှင့် စိတ်ဝင်စား မှုများစွာရှိကြောင်း ပြောခဲ့ပါသည်။ မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းစဉ်၊ အထူးသဖြင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတွင် RECOFTC ၏ ထောက်ပံ့မှု ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နိဂုံးချုပ်တွင် ၎င်းက REDD+ လမ်းပြမြေပုံရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် ပံ့ပိုးမှုနှင့် အားထုတ်မှုများစွာပြုလုပ်ခဲ့သော သစ်တောဦးစီး

ဌာနနှင့် REDD+ လမ်းပြမြေပုံရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့အား ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားခဲ့ပါသည်။

<u>**ဒေသအဆင့် ဆွေးနွေးပွဲများတွင် ဖတ်ကြားခဲ့သည့် စာတမ်းများမှ လမ်းပြမြေပုံ အခန်း ၂၊ ၃ နှင့် ၄ များတွင်ပါရှိသော အချက်များနှင့်ပက်သက်၍ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပြန်လည်ဖြေကြားချက်များ**</u>

| စဉ် | မေးခွန်းများ | မေးမြန်းသူ |
|---|---|---|
| ၁။ | REDD သည် ရွာသားများအား ဘာကို အထောက်အပံ့ ပေးနိုင်မည်နည်း။ ဘူတန်နိုင်ငံတွင် FAO မှ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသည့် အတွေ့အကြုံ အရ အစုအဖွဲ့များသို့ လောင်စာများ စနစ်တကျ ထောက်ပံ့ပေးရန် အကြံပြုခဲ့ပါသည်။ ရွာသားများမှ အပင်များခုတ်ထွင်းခြင်းအား ရပ်တံ့စေရန် မည်ကဲ့သို့ လုပ်ဆောင်နိုင်မည်နည်း။ | ဦးထွန်း<br>(မြန်မာ့သစ်လုပ်ငန်း) |
| ၂။ | ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဘယ်လို အဓိပ္ပာယ် ဖွင့်ဆိုမှာလဲ။ ဒါဟာကျေးလက် အဆင့် ထက်ပိုလုပ် ဆောင်နိုင်မှာလား။ မြေသိမ်းဆည်းမှုတွေ အများကြီး ရှိလာကတည်းက ဒေသခံ အစုအဖွဲ့တွေ မပိုင်ဆိုင်တော့သည့် မြေတွေအများကြီး ရှိပါတယ်။ အဲဒီဒေသခံ အစုအဖွဲ့တွေ မပိုင်ဆိုင်တဲ့မြေတွေမှာဆိုရင်REDD+ ကိုဘယ်လောက် အတိုင်းအတာထိ လုပ်နိုင်မှာလဲ။ | ဦးမောင်မောင်သိန်း<br>(Peရခိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့) |
| ၃။ | အနာဂတ်ထင်းလောင်စာသုံးစွဲမှုကို ဘယ်လို တွက်ချက် ခန့်မှန်းမှာလဲ။ မည်ကဲ့သို့ ထင်းလောင်စာ သုံးစွဲမှုကို လျှော့ချနိုင်မှာလဲ။ | ဦးရဲထွန်းထွန်း<br>(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) |
| ၄။ | ဒါဟာကောင်းမွန်ပြီး ခိုင်မာတဲ့လုပ်ငန်းစဉ်၊ ရည်ရွယ်ချက်တွေ ပါဝင်တဲ့စီမံကိန်းပဲဖြစ်တယ်။ REDD+ ကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ လုပ်ဆောင်နိုင်မှာလား။ ရည်ရွယ်ချက်တွေများ မနေဘူးလား။ REDD+ မှာ လုပ်ငန်းစဉ်တွေ အများကြီးပါဝင်ပေမဲ့ ကျယ်ကျယ် ပြန့်ပြန့်နှင့် ထိထိရောက်ရောက် လုပ်ဆောင်နိုင်မှာလား။ REDD+ ကို အလွယ်တကူလုပ်ဆောင်လာ | ဦးရဲထွန်းထွန်း<br>(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) |

| | | |
|---|---|---|
| | နိုင်ဖို့ရန်ပုံငွေနှင့် နှစ်တွေဘယ်လောက်များများ လိုအပ်မှာလဲ။ | |
| ၅။ | မြေတွေကို ပြည်နယ်ကပိုင်တဲ့အခါကတည်းက အဲဒီမြေတွေကို ဘယ်သူက အကျိုးအမြတ်ရှိနိုင်မှာလဲဆိုတာ ဆွေးနွေးခဲ့ကြပေမဲ့ ကျွန်တော်တို့တွေ ဘယ်သူ့ဆီ ဝေမျှပေးပြီး လက်တွေ့အကျိုးရှိအောင် ဘယ်လောက် လုပ်နိုင်ခဲ့သလဲ။ တောင်ကြီးဆွေးနွေးပွဲမှာ ဆွေးနွေးသလို နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ် ကင်းမဲ့ခြင်းဟာလည်း အခက်အခဲ တစ်ခုဖြစ်ပါတယ်။ နိုင်ငံမှာ တရားရေးစနစ်၊ ပါလီမန်စနစ်ကဲ့သို့သော နစ်နာမှု ဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အနာဂတ် ဆွေးနွေးမှုတွေ အမြဲတမ်းရှိပါတယ်။ | ဒေါက်တာမောင်မောင်သန်း |
| ၆။ | သစ်တောမှာပါဝင်တဲ့ တစ်ဦးချင်းစီ၏ အခွင့်အရေး ပါဝင်သည့် သစ်တောလုပ်ငန်းများကို မည်ကဲ့သို့ ဆောင်ရွက်မလဲ။ | ဦးထွန်း<br>(မြန်မာ့သစ်လုပ်ငန်း) |

| စဉ် | ပြန်လည် ဖြေကြားချက်များ | ပြန်လည်ဖြေကြားသူ |
|---|---|---|
| ၁။ | ဒေသအဆင့် ညှိနှိုင်းဆွေးနွေးမှုတွေအားလုံးဟာ ဒေသခံအစုအဖွဲ့တွေကို အကျိုးအမြတ်ရှိစေမဲ့ ဆွေးနွေးမှုတွေ အဖြစ်ဆွေးနွေးနိုင်ခဲ့သော်လည်း အကျိုးအမြတ်တွေဟာ ဒေသအလိုက် ကွဲပြားသွားနိုင်ပါတယ်။ REDD+ Task Force မှာ အကျိုးအမြတ် ခွဲဝေပေးဖို့ လုပ်ငန်း အဖွဲ့တစ်ခုရှိပါတယ်။ တောင်ငူခရိုင်မှာ ရွှေ့ပြောင်းလုပ်ဆောင်နေသော စီမံကိန်းတစ်ခုရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်ရဲ့ တိုးတက်မှုတွေ သုံးသပ် လေ့လာဖို့နှင့် အခြားအတွေးအခေါ် ယူဆချက်တွေ ပေးနိုင်ဖို့လည်း ကြိုဆိုပါတယ်။ လမ်းပြမြေပုံ အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း အကျိုးအမြတ်ခွဲဝေမှုဆိုင်ရာ ထိရောက်တဲ့ လေ့လာမှုတွေနှင့် ညှိနှိုင်းဆွေးနွေးချက်တွေရှိခဲ့ပါတယ်။ | ဒေါက်တာသောင်းနိုင်ဦး |

| | | |
|---|---|---|
| ၂။ | ပြည့်စုံကောင်းမွန်သည့် လမ်းပြမြေပုံဖြစ်လာအောင် သစ်တောဦးစီးဌာနက အစွမ်းကုန်ကြိုးစားနေပါတယ်။ လမ်းပြမြေပုံ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် timeframe နည်းပါးခဲ့သော်လည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရံပုံငွေထောက်ပံ့သူများက အထောက်အပံ့ပေးခဲ့ပါတယ်။ အလုပ်ရုံ ဆွေးနွေးပွဲတွေအားလုံးဟာ ဇွန်လကုန်မှာပြီးဆုံးခဲ့ပြီး ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲတွေကတော့ မေလအလယ်နှင့် ဇွန်လ အလယ်လောက် အပတ်စဉ်တိုင်း အနည်းနှင့်အများဆိုသလို ကျင်းပခဲ့ပါတယ်။ ဒေသ(၄)ခုကိုရွေးချယ်ရန် ရွေးချယ်ခြင်းဆိုင်ရာ အညွှန်းကိန်းတွေကို ရွေးချယ်ခဲ့ပြီး ရွေးချယ်ခြင်းကို ဆက်စပ်သူများ ညှိနှိုင်းဆွေးနွေးချက်များအပေါ်အခြေခံ၍ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များမှ ရွေးချယ်မှာ ဖြစ်ပါတယ်။ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများတွင် အစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူများနှင့် လယ်သမားအဖွဲ့အစည်းစတဲ့ မတူကွဲပြားခြားနားတဲ့ ဆက်စပ်သူများကို ဖိတ်ကြားခဲ့ပါတယ်။ ကျေးလက်အဆင့်ထိ သတင်းအချက်အလက်များရောက်ရှိဖို့အတွက် NGO အဖွဲ့များနှင့် Media များကိုလည်း ဖိတ်ကြားမှာဖြစ်ပါတယ်။ ဆက်စပ်သူများကလည်း ပါဝင်ဆွေးနွေးရန်နှင့် သူတို့ရဲ့အခန်းကဏ္ဍကိုတက်ကြွစွာလုပ်ဆောင်ရန် အလွန်အရေးကြီးပါတယ်။ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များသည် ရဲ့နည်းဗျူဟာများဟာ ဒေသခံပြည်သူများအတွက်သင့်တော်ပြီး အကျိုးရှိစေမဲ့ မူဝါဒများနှင့်အစီအစဉ်များကို ပြန်လှန်သုံးသပ်မည်ဖြစ်ပါတယ်။<br>REDD+ လုပ်ငန်းစဉ်များသည် ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ဖို့အတွက် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သစ်တောဦးစီးဌာနသည် UNFCC ကထုတ်ပြန်ထားတဲ့ သဘောတူညီချက်များအရ | ဒေါက်တာသောင်းနိုင်ဦးနှင့် ဦးဘိုနီ |

| | | |
|---|---|---|
| | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းကို တိုက်ဖျက်ရန်အတွက် အခြားလုပ်ဆောင်မှုတွေနှင့်အတူ အကောင်းဆုံးလုပ်ဆောင်နေပါတယ်။ | |
| ၃။ | ဆွေးနွေးတင်ပြချက်များသည် ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများမှ တုံ့ပြန်မှုများနှင့် အကြံပြုချက်များအပေါ်တွင် အခြေခံထားပါသည်။ ကျေးရွာသုံးအတွက် အစုအဖွဲ့ပိုင် ထင်းစိုက်ခင်း တည်ထောင်မည့်နေရာများ ဖွံ့စည်းခြင်းသည် ဖြစ်နိုင်သည့် ဖြေရှင်းချက် တစ်ခုဖြစ်ပါတယ်။ | ဒေါက်တာရိုစီနေဝင်း |
| ၄။ | ရံပုံငွေဆိုင်ရာ တိကျသေချာတဲ့ သဘောတူညီချက် မရှိပါ။ ကျွန်တော်တို့တွေဟာ အစိုးရနှင့် ရံပုံငွေ ထောက်ပံ့သူများဆီမှ လိုအပ်သည်များကို အထောက်အပံ့ရရှိစေရန် ကြိုးစားနေပါတယ်။ | ဒေါက်တာသောင်းနိုင်ဦး |
| ၅။ | ဒီနေရာမှာကျွန်တော်တို့ REDD+ လုပ်ငန်းစဉ်များအတွက် နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ် မရှိခြင်းသည် အခက်အခဲ အတားအဆီး တစ်ခုဖြစ်နေခြင်းကို ဆိုလိုပါသည်။ မြန်မာနိုင်ငံမှာ နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ် မရှိခြင်းကို ဆိုလိုတာ မဟုတ်ပါဘူး။ | ဦးနန္ဒဝင်းအောင် |
| ၆။ | အစုအဖွဲ့ပိုင်သစ်တောမှာ အစိတ်အပိုင်း နှစ်ခုရှိပါသည်။ ဒေသအဆင့်မှာ ယေဘူယျ အုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် အစုအဖွဲ့ တစ်ခုချင်းစီမှ (၅) ဧကနှင့်အထက်ကို အုပ်ချုပ်လုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ | ဦးနန္ဒဝင်းအောင် |

**<u>ဆွေးနွေးတင်ပြချက်များအပေါ်တွင် အကြံပြုချက်များ</u>**

*<u>ဒေါက်တာမောင်မောင်သန်း ( RECOFTC)</u>*

ကသာမှာဆွေးနွေးကတည်းက ကျွန်တော် စိတ်ဝင်စားခဲ့တာပါ။ ကျွန်တော်အမြင်ကတော့ သစ်တော ကျောင်းသားများကို လက်တွေ့ကွင်းဆင်း သင်တန်းပေးခြင်းသည် စဉ်ဆက်မပြတ် သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းအတွက် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်နိုင်ပြီး အလွန် အသုံးဝင် နိုင်ပါလိမ့်မည်။

*<u>ဦးအောင်သူရ (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်း ဝန်ကြီးဌာန)</u>*

သစ်ထုတ်လုပ်မှု အချိုးအစားများ မညီမျှဘူးဆိုတာကို သဘောတူညီဖို့ခက်ခဲကတည်းက နှစ်ပေါင်းများစွာ နေရာဒေသအသီးသီးမှာ သစ်ထုတ်လုပ်နေတာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ပြီးပါပြီ။ သစ်ထုတ်လုပ်ဖို့ ကျန်ရှိနေတဲ့ ခွင့်ပြုချက်တွေကိုတော့ အခြားပြည်နယ်တွေဖြစ်တဲ့ ကယား၊ ကရင်၊ ချင်းပြည်နယ်များသို့ ပြောင်းရွှေ့ထုတ်လုပ်ခဲ့ကြပါသည်။ အချို့နေရာဒေသမှာ သစ်ထုတ်လုပ်မှုနှုန်းကျဆင်းသွားပါတယ် (ဥပမာအားဖြင့် ချင်းပြည်နယ်သည် သစ်ထုတ်လုပ်မှု ကျဆင်းနှုန်း မြင့်တက်လာပါတယ်)။

*<u>ဒေါက်တာညီညီကျော်(ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)</u>*

မည်သည့်ဖွံ့ဖြိုးဆဲနိုင်ငံမှာမဆို နိုင်ငံဖွံ့ဖြိုးရန်အတွက် သဘာဝအရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း အဆိုပါ လမ်းစဉ်များသည် ရာသီဥတုပြောင်းလဲဆိုင်ရာ သဘောတူညီချက်များအရ အခုလိုအခြေနေမှာပြောင်းလဲနေပါပြီ။ ကျွန်တော်တို့နိုင်ငံသည် အဲဒါကိုတုံ့ပြန်ဖို့ အလွန်နောက်ကျနေပြီး လိုအပ်ချက်များအလိုက် ဆောင်ရွက်ရန်နှင့် အခြားနိုင်ငံများဆီက အတွေ့အကြုံ သင်ခန်းစာများ သင်ယူရန် အခွင့်အရေးလည်းဖြစ်ပါတယ်။

**<u>ဆက်စပ်ပက်သက်သူများ ညှိနှိုင်းဆွေးနွေးမှုနှင့်လုံခြုံမှုဆိုင်ရာ အုပ်စုဖွဲ့ဆွေးနွေးခြင်း</u>**

*<u>ဆက်စပ်ပက်သက်သူများ ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ</u>*

နာဂစ်ဆိုင်ကလုန်း အပြီး သန့်ရှင်းရေးနည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းသည် ကောင်းမွန်သော ဥပမာဖြစ်ပါသည်။ အဆိုပါ အဖွဲ့တွင် သက်ဆိုင်ရာ အစိုးအဖွဲ့အစည်း၊ INGOs၊ NGOs နှင့် ဒေသခံအဖွဲ့များပါဝင်ပြီး လစဉ်ပုံမှန်ဆွေးနွေးပွဲများ လုပ်ဆောင်နေကြပါသည်။ ထို့ကြောင့် REDD နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များသည် ဆက်စပ်ပက်သက်သူများ ပါဝင် သည့် ပုံမှန် အစည်းအဝေးများ ကျင်းပနိုင်ရမည်ဖြစ်သည်။ နိုင်ငံအဆင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ ကောင်းမွန်စွာချိတ်ဆက် လုပ်ဆောင်နိုင် ရန်အတွက် ဒေသအဆင့်တွင် REDD+ အဖွဲ့ငယ်များကို ဖန်တီးထားရှိရန် လိုအပ်ပါလိမ့်မည်။ ပူးပေါင်းပါဝင် ဆွေးနွေးခြင်းများတွင် မိမိသဘောဆန္ဒအရ သာမက မဖြစ်မနေ ပါဝင်

ဆွေးနွေးရန်လည်း လိုအပ်ပါလိမ့်မည်။ ဆွေးနွေးခြင်းကို အကျိုးရှိသော ညှိနှိုင်းဆွေးနွေးခြင်းကို အာမခံနိုင်ဖို့အတွက် ပုံမှန်လုပ်ဆောင်ဖို့ လိုအပ်ပါလိမ့်မည်။

*နိုင်ငံအဆင့် FPIC လမ်းညွှန်ချက်များ*

Facilitator များသည် အစုအဖွဲ့များကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်စေရန် အတွက် အရေးပါလှပါသည်။ ဒေသခံ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအတွက် ကောင်းမွန်ထိရောက်စွာ သတင်းပေးပို့နိုင်ရန်လည်း လိုအပ်ပါသည်။ RECOFTC သည် အဆင်ပြေစွာ လုပ်ဆောင်နိုင်ရန်အတွက် လမ်းညွှန်စာအုပ် ထုတ်ဝေပါလိမ့်မည်။ မြန်မာနိုင်ငံ အတွက် နည်းလမ်းအသစ်ဖြစ်နေသော်လည်း အခြားနိုင်ငံများမှ ဥပမာများ ရယူ၍ FPIC မှ ချမှတ်ထားသည့် အသေးစိတ်အချက်အလက်များကို ပြန်လည်ကြည့်ရှုစစ်ဆေးရန် လိုအပ်ပါသည်။ နိုင်ငံအဆင့် လမ်းညွှန်ချက်များ ဖွံ့ဖြိုးတိုးတက်မှုမတိုင်မီ အခြေအနေတစ်ခုကို အကဲဖြတ် သုံးသပ်ခြင်းပြည့်စုံစေရန် လိုအပ်ပါသည်။ FPIC လမ်းညွှန်ချက်များ မပြည့်စုံခင်မှာ သတင်း အချက်အလက်တွေ ပြည့်စုံတိကျဖို့လိုအပ်ပါသည်။ FPIC သည် ပြောင်းလဲခြင်းနှင့် ပြန်လည် ညှိနှိုင်းရမည့် အခြေနေများအတွက် လိုအပ်ချက်များအဖြစ် ဂရုတစိုက်လုပ်ဆောင်ရမည့် လုပ်ငန်း တစ်ခု မဟုတ်ပါ။

*REDD+ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးစနစ်နှင့် နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်စေခြင်း*

နိုင်ငံအဆင့် လုံခြုံရေးမူဘောင်သည် ဒေသအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်ရပါလိမ့်မည်။ လုံခြုံမှုများနှင့် နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး နည်းလမ်းများကို ထည့်သွင်း လုပ်ဆောင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံမှာ REDD+ ဆိုင်ရာ လုံခြုံမှုများသည် ground breaking တစ်ခုဖြစ်ပြီး ဥပမာတစ်ခုအဖြစ် အသုံးပြုနိုင်ပါ လိမ့်မည်။

*သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်မှ နိဂုံးချုပ် အမှာစကား ပြောကြားခြင်း*

နိဂုံးချုပ်တွင် REDD+ လမ်းပြမြေပုံကို အောင်မြင်စွာ ရေးဆွဲနိုင်ခြင်းအတွက် REDD+ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များကို ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပါသည်။ ရံပုံငွေနှင့် နည်းပညာ အထောက်အပံ့များပေးခဲ့သည့် နော်ဝေနိုင်ငံ အစိုးရ၊ RECOFTC နှင့် UN-REDD+ Programme တို့ကိုလည်း လွန်စွာကျေးဇူးတင်ရှိပါကြောင်း ပြောကြား ခဲ့ပါသည်။ MoECAF နှင့် ဆက်စပ်ပက်သက်သူများအားလည်း REDD+ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များတွင် စိတ်အား ထက်သန်စွာ ပူးပေါင်းပါဝင်ရန် တိုက်တွန်းခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဆက်စပ်သူများ ညှိနှိုင်းဆွေးနွေးခြင်းအတွက်လည်း လွန်စွာ ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပါသည်။ REDD+ လုပ်ငန်းများကို ဆက်လက်

ထောက်ပံ့နေမည် ဖြစ်ကြောင်းနှင့် လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အထောက်အပံ့ပေးနိုင်ရန် ရံပုံငွေဆိုင်ရာ အဆိုပြုလွှာ ပြင်ဆင်မှု လုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်း ပြောကြားခဲ့ပါသည်။ REDD+ လုပ်ငန်းစဉ်များကို MoECOF မှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် SFM အတွက် မြန်မာနိုင်ငံ၏ သစ်တောထိန်းသိမ်းခြင်း၊ အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုး တိုးတက်ခြင်း၊ ဆက်စပ်ပက်သက်သူများ ညှိနှိုင်းဆွေးနွေးခြင်း၊ E\SIA၊ FLEG-T၊ EITI နှင့် C&I စသည့် မူဝါဒများ ကောင်းမွန်စေရန် ဆောင်ရွက်မည်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ REDD+ လမ်းပြမြေပုံကို နိုင်ငံ၏ လက်ရှိမူဝါဒများ၊ ဥပဒေများနှင့် သင့်တော်သော လုပ်ငန်းစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။